မာဂဓီ (ကျ) ငွန်ပင်၊ ပိတ်ချင်းပင်
မာဂဓိက (ပ) သားမုဆိုး (သားကောင်ကို သတ်၍ အသက်မွေးကုန်သော

http://www.dhammadownload.com



သူတို့သည် "မာဂဓိက" မည်၏။)
မာဂဿိရ (ပ) နတ်တော်လ
မာဃ (ပ) ထပိုတွဲလ
မာဃျ (နှ) သင်းခွေပင်
မာဏဝ (တိ) လုလင်၊ လူပျို
မာဏဝ-** တရုဏ-နုပျိုသူ၊ သတ္တ-သတ္တ ဝါ။ စောရ-သူခိုး။ (အထောပိ တရုဏော သတ္တော၊ စောရေပိ မာဏဝေါ ဘဝေ။)
မာတင် (ပ) ဆင်၊ ဒွန်းစက္ကား
မာတင်-** သပစ-ဒွန်းစက္ကား၊ ဂဇ-ဆင်။ (မာတင်ေါ သပစေ ဂဇေ။)
မာတလိ (ပ) သိကြားမင်း၏ ရထားထိန်း
မာတာပိတု (ပ) အမိ,အဖ
မာတာမဟီ (ဣ) အဘွား (အဖွား)
မာတိကာ (ဣ) ရေမြောင်း
မာတိကာ- ** မူလပဒေပိ-ဝေဖန်ခြင်းငှာ အစဉ်ထားအပ်သော အကျဉ်းပုဒ်၊ ရေမြောင်း,စသည်။ (မူလပဒေပိ မာတိကာ။)
မာတု (ဣ) အမိ
မာတု- ** ပမာတရိပိ-နှိုင်းချိန်တတ်သူ၊ အမိ,စသည်။ (ပမာတရိပိ မာတာ ထ။)
မာတုဂါမ (ပ) မိန်းမ
မာတုစ္ဆ (ဣ) မိကြီး၊ မိထွေး (အမိ၏ အမ,ညီမသည် "မာတုစ္ဆာ" မည်၏။)
မာတုလ (ပ) ဦးကြီး၊ ဦးလေး (အမိ၏ မောင်သည် "မာတုလ" မည်၏။)
မာတုလာနီ (ဣ) အမိန် (ဦးဧနှ၏ မယား သည် "မာတုလာနီ" မည်၏။)
မာတုဘာတာ (ပ) အမိမောင်
မာတုလုဂ် (ပ) ရှောက်ကြီး
မာဒ (ပ) မူးယစ်ခြင်း
မာန (ပ) တက်ကြွခြင်း (မာန)
မာန (နှ) အချိန်၊ အချင့်၊ အတိုင်းအတာ
မာန-** (နုပုံလိင် မာန-သည်) ပမာဏ-နှိုင်းယှဉ်ခြင်း၊ ပတ္ထာဒိ-စလယ်တောင်း စသည်။ (ပုလ္လိင် မာန-သည်) ဝိမာ-မာန်မူခြင်း။ (မာနံ ပမာဏော ပတ္ထာဒေါ်မာနော ဝုတ္တော ဝိမာယစ)
မာနနာ (ဣ) ပူဇော်ခြင်း
မာနဝ (ပ) လူ
မာနသ (နှ) စိတ်
မာနသ-** (ပုလ္လိင် မာနသ-သည်) ရာဂ-တဏှာ၊ (နုပုံလိင် မာနသ-သည်) စိတ္တ-စိတ်၊ အရဟတ္တ-အရဟတ္တဖိုလ် (ရာဂေ တု မာနသော စိတ္တာ-ရဟတ္တေသုစ မာနသံ။)
မာနိတ (တိ) ပူဇော်အပ်သည်
မာနိကာ (တိ) တစ်တင်း၊ လေးစိတ်
မာနုသ (ပ) လူ
မာယာ (ဣ) မျက်လှည့်
မာယာကာရ (ပ) မျက်လှည့်သမား
မာယု (ပ) သည်းခြေ
မာရ (ပ) မာရ်နတ်
မာရဇိ (ပ) ဘုရား
မာရဏ (နှ) သတ်ခြင်း
မာရိသ (ပ) အရှင်၊ ဟင်းစကွဲပင်
မာရိသ-** တဏ္ဍုလေယျ-ဆူးပေါက်ပင်,

http://www.dhammadownload.com



ဟင်းစကွဲ၊ အယျ-အရှင်။
(မာရိသော တဏ္ဍုလေယျေ ယေျ။)
မာလတီ (ကဏ္ဍ) မြတ်လေးပန်း
မာလာ (ကဏ္ဍ) ပန်းကုံး၊ ပန်း
မာလာ- ** ပုပ္ဖ-ပန်းပွင့်၊ ပန္ထိ-အစဉ်။
(မာလာ ပုပ္ဖေစ ပန္ထိယံ။)
မာလာကာရ (ပ) ပန်းသည်
မာလိက (ပ) ပန်းသည်
မာလုတ (ပ) လေ
မာလူရ (ပ) ဥသျစ်ပင်
မာလျ (နှ) ပန်းကုံး
မာလျ- ** ပုပ္ဖ-ပန်း၊ တဒ္ဓါမ-ပန်းကုံး။
(မာလံ့ တု ပုပ္ဖေ တဒ္ဓါမေ။)
မာသ (ပ) လ (တစ်လ)
မာသ -** အပရဏ္ဏ-မတ်ပဲ၊ ကာလ-ရက်သုံးဆယ်ရှိသော တစ်လ။
(မာသော ပရဏ္ဏကာလေသု။)
မာသက (ပ) တစ်မာသက (နှစ်ချင်းခွေး)
မာသာ ဒွါဒသ ကတ္ထိကော -အရ- *
(စိတ္တ-တန်ဆူးလ၊ ဝေသာခ-ကဆုန်လ ဇေဋ္ဌ-နယုန်လ၊ အာသဠှ-ဝါဆိုလ၊ သာဝဏ-ဝါခေါင်လ၊ ပေါဋ္ဌပါဒ-တော်သလင်းလ၊ အဿယုဇ-သီတင်းကျွတ်လ၊ ကတ္တိက-တန်ဆောင်မုန်းလ၊ မာဂသိရ-နတ်တော်လ၊ဖုဿ-ပြာသိုလ၊ မာဃ-တပိုတ်လ၊ ဖဂ္ဂုန-တပေါင်းလ။ ၇၅/၇၆- )
မာဠ (ပ) တန်ဆောင်း
(အထွတ်တစ်ခု တပ်သော တန်ဆောင်းသည် "မာဠ" မည်၏။)
မိဂ (ပ) သမင် (ခြင်္သေ့,အစရှိကုန်သော အလုံးစုံ ခြေလေးချောင်းရှိသော သတ္တဝါတို့သည် "မိဂ" မည်၏။)
မိဂ- ** ပသု-နွား,စ်သော သားကောင်၊ ကုရုဂ်-ဂေါကဏ္ဏ,စသော သမင်မျိုး။
(မိဂေါ ပသု ကုရုဂေ်သု။)
မိဂတဏှိကာ (ကဏ္ဍ) တံလျှပ်
မိဂဗန္ဓနီ (ကဏ္ဍ) ပိုက်
မိဂဗျ (ပ) သားလိုက်,မုဆိုး
မိဂမဒ (ပ) ကတိုး
မိဂမာတုကာ (ကဏ္ဍ) ဆတ်
မိဂဝ (ပ) သားလိုက်မုဆိုး
မိဂသိရာ (နှ) မိဂသိနက္ခတ်
မိဂါဒါန (ပ) သစ်ကျွတ် (ဝက်ဝံအထူး)
မိဂါရမာတု (ကဏ္ဍ) ဝိသာခါ
မိဂိန္ဒ (ပ) ခြင်္သေ့
မိဇ္ဇာ (ကဏ္ဍ) မမှန်သောစကား
မိဇ္ဇာ (ဗျ) အမှား
မိဇ္ဇာ (ကဏ္ဍ) အနှစ် (အဆန်)
မိတ (တိ) ရေတွက်အပ်သည်
မိတိ ဝေဒါ တယော သိယုံ- အရ -*
(ဗေဒ (၃)မျိုး -ရှု )
မိတ္တ (ပ-နှ) မိတ်ဆွေ (မဟာမိတ်ဘုရင်)
(အခြားမဲ့နိုင်ငံမှ နိုင်ငံခြားတစ်ပါး မင်းသည် "မိတ္တ' မည်၏။)
မိထိလာ (ကဏ္ဍ) မိထိလာပြည်
မိထုန (နှ) ဖိုမအစုံ
မိထော (နိ) အချင်းချင်း
မိထော- ** အညောညာ-အချင်းချင်း၊ ရဟ-ဆိတ်ကွယ်ရာ။

http://www.dhammadownload.com



(အညောညေ တု ရဟော မိထော။)

မိဒ္ဓ (နာ) ဝိုက်မျှဉ်းခြင်း

မိလက္ခတိ (ပ) တောသား၊ တောင်သူ၊ လူရိုင်း

မိလက္ခဒေသ (ပ) ပစ္စန္တအရပ်

မိဿက (နာ) မိဿကဥယျာဉ်၊ သိကြားဥယျာဉ်

မိဟိတ (နာ) ပြုံးခြင်း (ဖြည်းညင်းစွာ ရယ်ခြင်းသည် "မိဟိတ" မည်၏။)

မိန (ပ) ငါး

မိဠ (နာ) ကျင်ကြီး

မုခ နာ) ခံတွင်း

မုခ- ** မုခ-ပြဌာန်းခြင်း၊ ဥပါယ-အကြောင်း။ ဝဒန-ခံတွင်းနှုတ်သီး၊ အာဒိ-အဦးအစ။ (မုချောပါယေသု ဝဒနေ၊ အာဒိသ္မိ မုခ မိရိတံ။)

မုခဖုလ္လ (နာ) မှန်ကူခြင်း၊ နှံ့သာပြောက်ထိုးခြင်း

မုခရ (ပ) နှုတ်ကြမ်းသူ

မုခါဓာန (နာ) မြင်းဆက်

မုချ (တိ) မြတ်သည်၊ ပြဌာန်းသည်

မုဂ္ဂရ (ပ) ဆောက်ပုတ်၊ ဝါးရင်းတုတ်

မုစလိန္ဒ (ပ) ကျည်းပင်

မုဋ္ဌနာ (နာ) အသံနိမ့်မြင့် သီဆိုတီးမှုတ်ခြင်း

မုဋ္ဌာ (ကာ) တွေဝေမိန်းမောခြင်း

မုဋ္ဌ (ပ) ငါးရံ့

မုဋ္ဌိ (ပ-ကာ) လက်ဆုပ်၊ သံတူ

မုဋ္ဌိ-** ကမ္မာရဘဏ္ဍဘေဒ-ပန်းပဲသမား တို့၏ တူ၊ ခဒက-လက်ဆုပ်။(ပုလ္လိင် နပုံလိင်) (ကမ္မာရဘဏ္ဍဘေဒေ၊ ခဒကေ မုဋ္ဌိစ ဒ္ဝိသု။)

မုဏ္ဍ (ပ) ခေါင်းတုံးသူ

မုဏ္ဍစ္ဆဒ (ပ) အုတ်တိုက်ကတုံး (လသာခန်း၊ လသာဆောင်နှင့်တကွ သော အိမ်သည် "မုဏ္ဍစ္ဆဒ" မည်၏)

မုဏ္ဍိက (ပ) ခေါင်းတုံးသူ

မုတိ (ကာ) ဉာဏ်၊ ပညာ

မုတ္တ (နာ) ကျင်ငယ်

မုတ္ထ-** (ကာ)ထိလိင် မုတ္တာ-သည်) မုတ္တိက-ပုလဲ၊ (နပုံလိင် မုတ္တ-သည်)ပဿာဝ-ကျင်ငယ်၊ (သုံးလိန် မုတ္တ-သည်) မုစ္ဆိတ-လွတ်သည်။ (မုတ္တာ တု မုတ္တိကေ မုတ္တံ၊ ပဿာဝေ မုစ္ဆိတေ တိသု။)

မုတ္တာ (ကာ) ပုလဲ

မုတ္တာမုတ္တ (နာ) တုတ်, တင်းပုတ်,စသော လက်နက်

မုတ္တာဝလိ (ကာ) ပုလဲသွယ်၊ ပုလဲကုံး

မုတ္တိ (ကာ) နိဗ္ဗာန်

မုတ္ထိ-(ကာ)* မောစန-လွတ်ခြင်း၊ မောက္ခ-နိဗ္ဗာန်။(မုတ္တိတ္ထိ မောစနေ မောက္ခေ)

မုတ္တိက (နာ) ပုလဲ

မုဒိင် (ပ) မရိုးစည်၊ ဗိုးပတ်

မုဒု (တိ) နူးညံ့သည်

မုဒု-** ကောမလ-နူးညံ့သည်၊ အတိဒ္ဓက-မထက်သည်။ (ကောမလာတိဒ္ဓေ မုဒု။)

မုဒ္ဓိကာ (ကာ) အမှတ်တံဆိပ်ပါလက်စွပ်၊ စပြစ်,မုဒရက်(သပြက်ပင်) (အမှတ်အသား အက္ခရာတံဆိပ်နှင့်

http://www.dhammadownload.com



တကွဖြစ်သော လက်စွပ်သည် "မုဒ္ဓိကာ" မည်၏။)
မုဒ္ဓ (ပ) ဦးခေါင်း
မုဒ္ဓ-** (ပုလ္လိင် မုဒ္ဓ-သည်) ဥတ္တမင်္ဂ-ဦးခေါင်း။ (သုံးလိင်ဆဲသော မုဒ္ဓ-သည်) မူဋ္ဌ-မိုက်သူ။(ဥတ္တမင်္ဂ၌ ပုမေ မုဒ္ဓါ၊ မုဒ္ဓေါ မူဋ္ဌေ တိလိင်္ဂကောဟု။)
မုဒ္ဓဇ (ပ) ဆံပင်
မုဒ္ဓမာလျ (နာ) ဦးဆောက်ပန်း
မုဒ္ဓါ (တိ) ဦးခေါင်း
မုဒ္ဓါဘိသိတ္တ (ပ) မင်းမျိုး၊ ခတ္တိယမျိုး
မုဓာ (ဗျ) အကျိုးမရှိ
မုနိ (ပ) ဘုရား၊ စကားစောင့်စည်းသူ
မုနိန္ဒ (ပ) ဘုရား
မုဗ္ဘာ (ကြ) စိနာရုမည်သောနွယ်
မုရဇ (ပ) မရိုးစည်၊ ဒိုးပတ်
မုသလ (ပ-နာ) ကျည်ပွေ့
မုသာ (နိ) မမှန်သောစကား
မုသာတ္ထက (တိ) အလွန်မှားသောစကား
မုဟုံ (ဗျ) မပြတ်
မုဟုံဘာသာ (ကြ) အထပ်ထပ်ပြောစကား
မုဟုတ္တ (ပ) တစ်မုဟုတ်
မုဟုတ္တိက (ပ) ဗေဒင်ဆရာ
မူဋ္ဌာလ (ပ-နာ) ကြောစွယ်
မူဋ္ဌာလပုပ္ဖ (နာ) ကြာ
မူဂ (ပ) အ,သူ
မူလ (နာ) အဖြူ၊ အရင်းအနှီး၊ သစ်မြစ်၊ အမြစ်
မူလ- ** ဘ-မူလနက္ခတ်၊ သင်္ကြန-အနှီး၊ မူလမူလ-သစ်မြစ်၊ ဟေတု-လောဘ စသောဟိတ်၊ ပါဘတ-အရင်းအနှီး အဖိုးအခ, ဥစ္စာ။(မူလံ ဘေ သင်္ကိလေ မူလ-မူလေ ဟေတုမ္ပိ ပါဘဓေး)
မူလက (ပ-နာ) မုန်လာပင်
မူလပုရ (နာ) အချက်အချာကျသော မြို့တော်
မူလာ (ကြ) မူလနက္ခတ်
မူလျ (နာ) အခ၊ ကူလိခ
မူသာ (ကြ) မိုက်ခွက် (ရွှေစသည်ကို ကျင်ရာခွက်သည် "မူသာ" မည်၏။)
မူသိက (ပ) ကြွက်
မူဋ္ဌ (တိ) မိုက်သူ
မေခလာ (ကြ) ခါးပတ်
မေဃ (ပ) မိုးတိမ်
မေဃဿရာဟ (နာ) မိုးတံသောနေ့
မေဃနာဒ (နာ) မိုးချုန်းသံ
မေဃပဋလ (နာ)မိုးတိမ်အုပ်ခြင်း(မိုးမှောင်)
မေစက (ပ) အမည်းအနက်၊ဆင်မြီးထူး မြီးမျက်ကွက်
မေစက- ** (ပုလ္လိင် မေစက-သည်) ပုစ္ဆ မူလ-မြီးထူး။ (သုံးလိင် မေစက-သည်) ကဏှ-အမည်းအနက်။ (မေစကော ပုစ္ဆမူလမ္ပိ၊ ကဏှောပိ မေစကော တိသု။)
မေဒ္ဓ (တိ) ဖြူစင်သည်
မေဏ္ဍ (ပ) သိုး
မေတ္တာ (ကြ) ချစ်ခြင်း
မေတ္တိ (ကြ) ချစ်ခြင်း
မေထုန (နာ) မေထုန်
မေထုန-** သင်္ဂမ-ပေါင်းသင်းခြင်း(မယား

http://www.dhammadownload.com



စသည်နှင့်စပ်ခြင်း)၊ ရတ၊-မေထုန်
အကျင့်။(မေထုန် သင်္ဂမေ ရတေ။)
မေဒ (ပ) အဆီခဲ
မေဒနီ (ဣ) မြေ
မေဓ (ပ) ငြင်းခုံခိုက်ရန်ဖြစ်ခြင်း
မေဓာ (ဣ) ဉာဏ်, ပညာ
မေဓာဝိ (ဣ) ပညာရှိ
မေရယ (နာ) အရက်
မေရု (ပ) မြင်းမိုရ်တောင်
မေလက (နာ) ပေါင်းဆုံခြင်း
မေသ (ပ) သိုး၊ မိဿရာသီ
မေဟ (ပ) ဆီးလွန်နာ
မေဟန (နာ) အဝိဇ္ဇာတ်
မောက္ခ (ပ) နိဗ္ဗာန်၊
မြတ်သည်,ပြဌာန်းသည်
မောက္ခ-** နိဗ္ဗာန-နိဗ္ဗာန်၊
မုတ္တိ-လွတ်မြောက်ခြင်း။
(မောက္ခော နိဗ္ဗာန မုတ္တိသု။)
မော၇္ဂလ္လာန (ပ) အရှင်မော၇္ဂလာန်
မောဃ (တိ) အချည်းနှီး
မောစ (ပ) ငှက်ပျော
မောဒက- ** ခဇ္ဇဘောဒေဝိ-လသွားမုန့်၊
ဝမ်းမြောက်သူ၊ သေမျိုးစေ့။
(မောဒကော ခဇ္ဇဘောဒေပိ။)
မောန (နာ) ဆိတ်ဆိတ်နေခြင်း
မောရ (ပ) ဥဒေါင်းငှက်
မောသ (ပ) ခိုးမှု
မောသ်က (ပ) သူခိုး
မောဟ (ပ) မသိ,မမြင်ခြင်း၊ (မောဟ)၊
တွေဝေမိန်းမောခြင်း
မောဟ- ** အဝိဇ္ဇာ-အဝိဇ္ဇာ၊
မုဋ္ဌန-တွေဝေ မိန်းမောခြင်း။
(မောဟော ဝိဇ္ဇာယ မုဋ္ဌနေ။)
မောဠီ (ပ-က္က) ဦးစွန်း
မောဠီ-** စူဠာ-ဦးစွန်း၊ သံယတကေသ-
ထုံးဖွဲ့အပ်သော် ဆံထုံး၊ မကုဋ-
မကိုင်္ဂ။(က္ကတ္တိလိင်,ပုလ္လိင်)
(စူဠာ သံယတကေသေသု၊
မကုဋေ မောဠိစ ဒ္ဝိသု။)
ယံ (ဗျ) အကြောင်း
ယက္ခ (ပ) ယက္ခမည်သောနတ်မျိုး၊ ဘီလူး
ယက္ခ-** ဒေဝ-နတ်သာမန်၊ မဟာရာဇ-
သိကြားမင်း, စတုမဟာရာဇ်နတ်မင်း၏
နောက်လိုက်ခြွေရံ (ဘီလူး)၊ နရ-
သတ္တဝါ။ (ယက္ခော ဒေဝေ
မဟာရာဇေ၊ ကုဝေရာနုစရေ နရေ)
ယက္ခဓူပ (ပ) ပွဲရက်
ယက္ခာဓိပ (ပ) ဝေဿဝဏ်နတ်
ယဂ္ဃေ (ဗျ) ပုစ္ဆာပြည့်ကာမှ
ယဇု (နာ) ယဇုဗေဒကျမ်း
ယည (ပ) ယဇ်
ယညဂ် (ပ) ရေသဖန်းပင်
ယဋ္ဌိ (ပ-က္က) တစ်တာ
ယဋ္ဌိမဓုက (က္က) နွယ်ချိုပင်
ယတိ (ပ) က္ကန္ဒြေစောင့်သူ
(စောင့်စည်းအပ်သော ကျန္ဒြေ အ
ပေါင်းရှိသူတို့သည် "ယတိ" မည်၏)
ယတော (နိ) အကြောင်း
ယတ္တ (နိ) အကြင်၌

http://www.dhammadownload.com



ယတြ (နို) အကြောင်၌
ယထာတ္တံ (နို) ဟုတ်မှန်တိုင်း
ယထရိဝ (ဗျ) ဥပမာအနက်
ယထာ (ဗျ) ဥပမာအနက်
ယထာစ (ဗျ) ဥပမာအနက်
ယထာတထံ (နို) ဟုတ်မှန်တိုင်း
ယထာတထ (န) မှန်သောစကား
ယထာနာမ (ဗျ) ဥပမာအနက်
ယထာပိ (ဗျ) ဥပမာအနက်
ယထာဟိ (ဗျ) ဥပမာအနက်
ယထိစ္ဆိတ (န) အလို
ယထေဝ (ဗျ) ဥပမာအနက်
ယဒိ (ဗျ) အကယ်၍
ယဒိစ္ဆာ (ကြ) အလိုအလျောက်ဖြစ်ခြင်း
ယန္တမုတ္တ (န) ယန္တရားစက်ဖြင့် လွတ်အပ်သော လက်နက်မျိုး
ယမ (ပ) ယမမင်း၊ ယမသီလ(ငါးပါးသီလ) အစုံ၊ စောင့်စည်းခြင်း။ (အမြဲကိုယ်ဖြင့် ပြီးသည်ကို ငဲ့ခြင်းရှိသော ပါဏာတိပါတ,စသည်မှ ကြဉ်ခြင်းအမှုသည် "ယမသီလ" မည်၏။)
ယမ-** ယမရာဇ-ယမမင်း၊ ယုဂဋ္ဌ-အစုံ၊ သံယမ-စောင့်စည်းခြင်း။ (ယမရာဇေ တု ယုဂဋ္ဌေ၊ သံယမေစ ယမော ဘဝေ။)
ယမက (န) အစုံ
ယမဒဂ္ဂိ (ပ) ယမဒဂ္ဂိရသော့
ယမရာဇ (ပ) ယမမင်း
ယမလ (ပ) အစုံ
ယမုနာ (ကြ) ယမုနာမြစ်
ယဝ (ပ) မုယောစပါး
ယဝနုပ္ပဗ္ဗ (န) လေးညှင်းပွင့်
ယဝသဿ (ပ) နွားစားမြက်
ယသ (ပ) ကျော်စောခြင်း
ယသောဓရာ (ကြ) ယသောဓရာမိဖုရား
ယဟိ (နို) အကြောင်၌
ယာဂ (ပ) ယဇ်
ယာဂု (ကြ) ယက်မန်း (ဆန်ပြုတ်)
ယာဒက (တိ) တောင်းစားတတ်သူ
ယာဒနက (တိ) တောင်းစားတတ်သူ
ယာစနာ (ကြ) တောင်းခြင်း
ယာဇက (ပ) ယဇ်ပူဇော်သူ
ယာတနာ (ကြ) ညှဉ်းဆဲခြင်း
ယာတြာ (ကြ) စစ်ထွက်ခြင်း
ယာတြာ-** ဂမန-သွားခြင်း၊ ဝုတ္တိ-အသက်မွေးခြင်း။ (ယာတြာ ဂမနဝုတ္တိ။)
ယာန (နှ) ယာဉ်၊ ဖိနပ်
ယာန-** ရထာဒိ-ရထား,စသည်၊ ဂမန-သွားခြင်း။(ယာနံ ရထာဒေါ် ဂမနေ)
ယာပျယာန (နှ) ထမ်းစင်
ယာမ (ပ) စောင့်စည်းခြင်း
ယာဝ (နို) ပိုင်းခြားခြင်း
ယာဝ- ** သာကလျ-အလုံးစုံ၏အဖြစ်၊ မာန-နှိုင်းချိန်ခြင်း၊ အဝဓိ-ပိုင်းခြားခြင်း၊ အဝဓာရဏ-ဆုံးဖြတ်ခြင်း။ (ယာဝ တု တာဝ သာကလျ-မာနာ ဝမျ ဝဓာရဏော။)
ယာဝက (ပ) ချိပ်
ယာဝတာ (နို) ပိုင်းခြားခြင်း
ယုဂ (နှ) အစုံ

http://www.dhammadownload.com



**ယုဝ-** ** (ပုလ္လိင် ယုဂ-သည်) ရထာဒျဂ်-ရထား,စသည်တို့၏ ထမ်းပိုး၊ (နပုံလိင် ယုဂ-သည်) ကပ္ပ-ကတ,စသော ယုဂ်လေးပါး၊ ယုဂလ-အစုံ။ (ရထာဒျဂ်ဂေ် တုစ ယုဂေါ၊ ကပ္ပမှိ ယုဂလေ ယုဝံ။)

**ယုဂကီလ** (ပ) ထမ်းပိုးကျည်

**ယုဂန္ဓ** (ပ) ကမ္ဘာပျက်ခြင်း။ ပျက်ဆဲကပ်

**ယုဂန္ဓရ** (ပ) ယုဂန္ဓရတောင်၊ လှည်းရထားအုပ်ဆုံ

**ယုဂပတ္တ** (ပ) စွယ်တော်ပင်

**ယုဂလ** (နှ) အစုံ

**ယုတ္တ** (တိ) သင့်တင့်သောအမှု

**ယုဒ္ဓ** (နှ) စစ်ထိုးခြင်း၊ စစ်တိုက်ခြင်း

**ယုဝ** (တိ) လူလင်၊ လူပျို

**ယုဝတီ** (ဣ) အပျို

**ယူထ** (ပ) ဇာတ်တူတိရစ္ဆာန်အဖေါင်း

**ယူထဇေ္ဌ** (ပ) ဆင်မင်း

**ယူထပ** (ပ) ဆင်မင်း

**ယူထိကာ** (ဣ) ဂွန်ပင်

**ယူပ** (ပ) ပြာသာဒ်၊ယဇ်တိုင်၊ပိုးစာပင်

**ယူပ-** ** ထမ္ဘ-ယဇ်တိုင်၊ ပါသာဒ-ပြာသာဒ် (ယူပေါ ထမ္ဘေစ ပါသာဒေ။)

**ယေဘုယျ** (တိ) များသည်

**ယောဂ** (ပ) ယှဉ်ခြင်း

**ယောဂ-** ** သင်္ဂတိ-ငြိကပ်ပေါင်းဆုံခြင်း၊ ကာမာဒိ-ကာမယောဂ,စသည်၊ ဈာန-ဈာန်၊ ဥပါယ-သာမ,စသောဥပါယ်၊ ယုတ္တိ-ယှဉ်ခြင်း။ (ယောဂေါ သင်္ဂတိ ကာမာဒေါ၊ ဈာနောပါယေသု ယုတ္တိယံ။)

**ယောဂက္ခေမ** (ပ) နိဗ္ဗာန်

**ယောဂ္ဂ** (နှ) ယာဉ်

**ယောဂ္ဂ-** ** (နပုံလိင် ယောဂ္ဂ-သည်) ယာန-လှည်းယာဉ်၊ (ပုလ္လိင် ယောဂ္ဂ-သည်) ခမ-စွမ်းနိုင်သူ။ (ယောဂ္ဂံ ယာနေ ခမေ ယောဂ္ဂေါ။)

**ယောဇန** (နှ) တစ်ယူဇနာ

**ယောတ္တ** (နှ) ကြိုး

**ယောဓ** (ပ) သူရဲ၊ စစ်သား

**ယောနိ** (နှ) ဥာဏ်, ပညာ

**ယောနိ** (ပ-ဣ) မိန်းမအင်္ဂါဇာတ်

**ယောနိ-** ** ခန္ဓကောဌာသ-ခန္ဓာတို့၏ အဖို့အစု၊ ပဿာဝမဂ္ဂ-ပဿာဝမဂ်၊ ဟေတု-အကြောင်း။ (ဣဒ္ဓတ္ထိလိင်) (ခန္ဓကောဌာသ ပဿာဝ-မဂ္ဂဟေတူသု ယောနိ သာ။)

**ယောဗ္ဗည** (နှ) ပျိုနုသည်၏အဖြစ်

**ယောဗ္ဗန** (နှ) ပျိုနုသည်၏အဖြစ်

**ရံသိ** (ဣ) အရောင်

**ရံသိမန္တ** (ဣ) နေ

**ရက္ခဏ** (နှ) စောင့်ရှောက်ခြင်း

**ရက္ခသ** (ပ) ရက္ခိုသ်နတ်မျိုး

**ရက္ခိတ** (တိ) စောင့်ရှောက်အပ်သည်

**ရဂါ** (ဣ) ရဂါမည်သော မာရ်နတ်သမီး

**ရကုံ** (ပ) သမင်ဆီးစောက်

**ရဂ်** (ပ) က,ရာအရပ်

**ရုစ်-** ** ရာဂ-ဆိုးရေတပ်စွဲခြင်း။ နစ္စဌာန-ကရာအရပ်(ရာဂေ ရဂေါ် နစ္စဌာနေ)

**ရဂီဇ်ဝ** (ပ) ပန်းချီသမား

http://www.dhammadownload.com



ရဏ္ဍာ (က္ဂ) မြို့တွင်း, ရွာတွင်းလမ်း
ရဒ (ပ) ရာသီပန်း၊ မြူမှုန်၊ ဝတ်မှုန်
ရဒ- ** က္ကတ္ထိပုပ္ဖ-မိန်းမတို့၏ ရာသီပန်း၊ ရေကဲ့-မြူ။ ပကတိဇ ဂုဏ-ပကတိမှ ဖြစ်သော ရဇဂုဏ်။ (က္ကတ္ထိပုပ္ဖေစ ရေကဲ့မှိ၊ ရဇော ပကတိဇေ ဂုဏော။)
ရဇက (ပ) ခဝါသည်
ရဇတ (နာ) ငွေ
ရဇနီ (က္ဂ) ညဉ့်
ရဇဿလာ (က္ဂ) ဥတုပန်းပွင့်သော မိန်းမ
ရဇဂိါနီတိ သတ္ထေတေ -အရ-*
ရဇ္ဇဝ် (နာ) ပြည်အဂါ (၇)ပါး (သာမိ-ပြည့်ရှင်မင်း၊ အမစ္စ-အမတ်၊ သခ-အဆွေခင်ပွန်း၊ ကောသ-ကျီကြ၊ ဒုဂ္ဂ-ခဲယဉ်းသောမြို့၊ ဝိဇိတ-နိုင်ငံ၊ ဗလ-စည်းစိမ်အား၊ ၃၅၀-)
ရဇ္ဇု (က္ဂ) ကြိုး
ရဇ္ဇန (နာ) စန္ဒကူးနီ
ရဇ္ဇ (ပ-နာ) တိုင်းနိုင်ငံ
ရဇ္ဇာဓိပ (ပ) မင်း
ရဏ (ပ-နာ) စစ်ထိုးခြင်း၊ အသံပြုခြင်း
ရဏ- ** ပါပ-မကောင်းမှု၊ ယုဒ္ဓ-စစ်ထိုးခြင်း၊ ရဝ-အသံ။ (ပါပေ ယုဒ္ဓေ ရဝေ ရဏော။)
ရတန (နာ) တစ်တောင်၊အတောင်၊ရတနာ
ရတန-** မဏိ-ပတ္တမြားကျောက်၊ သေဋ္ဌ-မြတ်သည် (ရတနံ မဏိသေဋ္ဌေသု။)
ရတနာကာရ (ပ) သမုဒ္ဂရာ
ရတိ (က္ဂ) မေထုန်
ရတိ- ** ရဉ္ဇန-တပ်စွန်းခြင်း၊ သုရတ-မေထုန်။ (ရဉ္ဇနေ သုရတေ ရတိ။)
ရတ္တံ (ဗျ) ညဉ့်
ရတ္တ (ပ) အနီ၊ သွေး
ရတ္တ-** (နုပုံလိင် ရတ္တ-သည်)သောကိတ-သွေး၊ (သုံးလိင်ဆံသော ရတ္တ-သည်) တမ္ဗ-နီသောအဆင်း၊ အနုရတ္တ-တပ်စွန်းသူ၊ ရဋ္ဌိတ-တပ်ဆိုးအပ်သော ဝတ္ထု။(ရတ္တံ တု သောကိတေ တမ္ဗာ-နုရတ္တရဋ္ဌိတေ တိသု။)
ရတ္တဂါဠိ (က္ဂ) နွားမနီ
ရတ္တစန္ဒန (နာ) စန္ဒကူးနီ
ရတ္တပါ (က္ဂ) မြေ့
ရတ္တဖလာ (က္ဂ) ကိုးအာပင်
ရတ္တမဏိ (ပ) ပတ္တမြား (ကျောက်နီ)
ရတ္တာတိသာရ(ပ)ဝမ်းသွေးသွန်သောအနာ
ရတ္တိ (က္ဂ) ညဉ့်
ရထ (ပ) စစ်ရထား
ရထကာရ (ပ) လက်သမား၊ သားရေနယ်သမား
ရထကာရက (ပ) ရထကာရအိုင်
ရထဂုတ္တိ (က္ဂ) ခဲတိုင်(ဝါ) လက်နက်အကွယ်အကာ
ရထဂံ (နာ) လှည်းဘီး
ရထစာရီ (ပ) ရထားထိန်း
ရထရေကဲ့ (ပ) ရထရေကဲ့မြူတစ်ခု
ရထာနီက (နာ) သုံးစီးသုံးစီးသော ရထား
ရထာရောဟ (ပ) ရထားစီးသူရဲ
ရထိက (ပ) ရထားစီးသူရဲ
ရထိကာ (က္ဂ) မြို့တွင်း, ရွာတွင်းလမ်း

http://www.dhammadownload.com



ရထီ (ပ) ရထားစီးသူရဲ
ရဒ (ပ) သွား
ရဒန (ပ) သွား
ရန္ဓ (နာ) အပေါက်, အခေါင်း
ရန္ဓ- ** သုသိရ-အခေါင်း,အပေါက်၊ ဒူသန-အပြစ်။ (ဆီဒွံ့ ရန္ဓဥ္စ ဝိဝရံ၊ သုသိရေ ဒူသနေဝိစ။)
ရမဏီ (ကဏ္ဍ) မိန်းမ
ရမ္ဘာ (ကဏ္ဍ) ရမ္ဘာနတ်သမီး၊ ငှက်ပျောပင်
ရမ္မက (ပ) တန်ခူးလ
ရယ (ပ) အဟုန်
ရဝ (ပ) အသံ၊ အသံပြုခြင်း
ရဝိ (ပ) နေ
ရဝိဟံသ (ပ) ဟသ်ာငှက်၊ ဝမ်းဘဲငှက်
ရသ (ပ) အရသာ၊ အရသားရည်၊ ပြဒါး
ရသ-** ဒြဝ-အရည်၊ အာစာရ-အကျင့်၊ ဝိရိယ-လုံ့လ၊ မဓုရာဒိ-အချို,စသော အရသာ(၆)ပါး၊ပါရဒ-ပြဒါး၊ သိင်္ဂီရာဒိ-သိင်္ဂီရန့စသော ရသ(၉)ပါး၊ ဓာတု ဘေဒ-ရသ,ရုဟ,မံသ,စသော ဓာတ် (၇)ပါးတို့၏ အထူးဖြစ်သော ရသ ဓာတ်၊ ကိစ္စ-သံယဋ္ဌန,စသော ကိစ္စ၊ သမ္ဘတ္တိ-သံယဋ္ဌန,စသည်တို့၏ ပြည့်စုံခြင်း။
(ဒြဝါစာရေသု ဝိရိယေ၊ မဓုရာဒိသု ပါရဒေ။ သိင်္ဂီရာဒေါ ဓာတုဘေဒေ၊ ကိစ္စေ သမ္ဘတ္တိယံ ရသော။)
ရသက (ပ) စဖိုသည်
ရသဂ္ဂ (ပ) ရသာဦးရည်
ရသဂ္ဂသာ (ကဏ္ဍ) ရသာကြော
ရသန (နာ) သာယာခြင်း
ရသန-** အဿာဒန-သာယာခြင်း၊ ဇိဂ္ဂါ-လျှာ၊ ဓနိ-အသံ။ (အဿာဒနေ တု ရသနံ၊ ဇိဂ္ဂါယဉ္စ ဓနိမ်ိဳစ။)
ရသနာ (ကဏ္ဍ) လျှာ၊ ခါးပတ်
ရသဝတီ (ကဏ္ဍ) စဖိုအိမ်
ရသဟရဏီ (ကဏ္ဍ) ရသာကြော
ရသာတလ (နာ) နဂါးပြည်
ရသာလ (ပ) ကြဲပင်
ရသိတ (နာ) မိုးချုန်းသံ
ရသ္မိ (ကဏ္ဍ) ကြိုး
ရသ္မိ-(ကဏ္ဍ) ** ဒုတိ-အရောင်၊ ရဇ္ဇု-ကြိုး။ (ရသ္မိ တ္ထိ ဒုတိရဇ္ဇုသု။ )
ရဿ (ပ) ပုကွသူ၊ နိမ့်သည်၊ (ကွသည်)
ရဟဒ (ပ) အိုင်ကြီး
ရဟဿ (နာ) လျှို့ဝှက်အပ်သောအရာ
ရဟဿဂ် (နာ) အင်္ဂါဇာတ်
ရဟော (နာ) ဆိတ်ကွယ်ရာ
ရာဂ (ပ) တဏှာ
ရာဂ- ** လောဟိတာဒိ-နီသောအဆင်း, စသည်၊ လောဘ-တပ်မက်ခြင်း တဏှာ၊ ရဉ္ဇန-အရောင်ဆိုးခြင်း။ (လောဟိတာဒိမှိ လောဘေစ၊ ရာဂေါစ ရဉ္ဇနေ မတော။)
ရာဇ (ပ) မင်း
ရာဇ- ** ခတ္တိယ-ခတ္တိယမျိုး(မင်းမျိုး)၊ နာရုနာထ-ရှင်ဘုရင်၊ ပဘု-အရှင်သခင်။(ရာဇာ တု ခတ္တိယေ ဝုတ္တော၊ နာရုနာထေ ပဘုမ်ိဳစ။)
ရာဇဟ (နာ) ရာဇဗြိုဟ်ပြည်

http://www.dhammadownload.com



ရာဇည (ပ) မင်းမျိုး၊ ခတ္တိယမျိုး
ရာဇာနိ (ဣ) မြို့တော်၊ မင်းနေပြည်
ရာဇရုက္ခ (ပ) ငုပင်
ရာဇဝယ့ (ပ) မင်းစီးဆင်
ရာဇာဿ (ပ) နိကုန်သောခြေ,နှုတ်သီး တို့ဖြင့် တင့်တယ်တောက်ပ၍ ကိုယ် အဆင်းဖြူသော ဟင်္သာ
ရာဇာယတန (နှ) လင်းလွန်းပင်
ရာဇိ (ဣ) အရေးအကြောင်း
ရာဇုလ (ပ) ရေမွှေ
ရာဓိတ (တိ) ပြီးစေအပ်သည်
ရာဝ (ပ) အသံ
ရာသိ (ပ) မိဿ,စသော ရာသီ၊အစုအပုံ
ရာသိ- ** ပုဗ္ဗ-အစုအပုံ၊ မေသာဒိ-မိဿရာသီ,စသည်။ (ရာသိ ပုဗ္ဗေစ မေသာဒေါ်။)
ရာဟု (ပ) ရာဟုအသုရိန်
ရာဟုလမာတု (ဣ) ယသောဓရာမိဖုရား
ရိဋ္ဌ- ** ပါပ-မကောင်းမှု၊ အသုဘ-အမင်္ဂလာ။(ရိဋ္ဌံ ပါပါ သုဘေသုစ)
ရိတေ (နှိ) ကြဉ်ခြင်း
ရိတ္တလ (တိ) အချည်းနှီး
ရိပု (ပ) ရန်သူ
ရီတိ (ဣ) ကြေးဝါ
ရုက္ခ (ပ) သစ်ပင်
ရုက္ခ-** (ပုလ္လိင် ရုက္ခ-သည်) ဒုမ-သစ်ပင်၊ (လိင်သုံးပါး ရုက္ခ-သည်) ဖရုသ-ကြမ်းတမ်းသောဝတ္ထု၊ အသိနိဒ္ဓ-အဆီအစေးကင်းပြတ် ခြောက်ကပ်သော ဝတ္ထု။(ရုက္ခော ဒုမမှိ ဖရုသာသိနိဒ္ဓေသုစ သော တိသု။)
ရုက္ခာဒနိ (ဣ) ကျီးပေါင်းပင်
ရုစိ (ဣ) အရောင်၊ တဏှာ
ရုစိ-(ဣ) * အဘိလာသ-အလို၊ ကိရဏ-အရောင်၊ အဘိသင်္ဂ-ငြိကပ်တွယ်တာခြင်း။ (အဘိလာသေ တု ကိရဏေ၊ အဘိသင်္ဂေ ရုစိတ္ထိယံ။)
ရုစိရ (တိ) ကောင်းသည်,တင့်တယ်သည်
ရုဇာ (ဣ) အနာ
ရုဇ္ဇာ (နှ) ငိုကြွေးခြင်း
ရုတ (နှ) တွန်သံ၊ မြည်သံ
ရုဒ္ဒ (နှ) ကြမ်းကြုတ်ခြင်း
ရုဒ္ဒ (တိ) ရစ်ပတ်အပ်သည်
ရုဓိရ (နှ) သွေး
ရုရု (ပ) ပြောင်
ရုပ (နှ) အဆင်း၊ ရူပါရုံ
ရုပ-** ခန္ဓ-ရူပက္ခန္ဓာ၊ ဘဝ-ရူပဘဝ၊နိမိတ္တ-အကြောင်း၊ ဝဏ္ဏ-အဆင်း၊ ပစ္စယ-ဝိဘတ်,ပစ္စည်း သဘာဝ-သဘော၊ သဒ္ဒ-သဒ္ဒါ၊ သဏ္ဌာန-သဏ္ဌာန်၊ ရူပဇ္ဈာန-ရူပစ္ဈာန်၊ ဝပု-ကိုယ်။ (ခန္ဓေ ဘဝေ နိမိတ္တမှိ၊ ရူပံ ဝဏ္ဏေစ ပစ္စယေ။ သဘာဝ သဒ္ဒ သဏ္ဌာန-ရူပဇ္ဈာန ဝပူသုစ။)
ရူပိယ (နှ) ပိုက်ဆံဒင်္ဂါး၊ ငွေ (အရူပ်တံဆိပ် ခပ်နှိပ်အပ်သော ဟိရညကဟပဏ်ပါးသည် "ရူပိယ")
ရူပိယ-** အာဟတ ဟေမရဇတ-အမှတ်တံဆိပ် ထုနှိပ်အပ်သော ရွှေဒင်္ဂါး, ငွေဒင်္ဂါး၊ ရဇတ-ငွေသာမန်။

http://www.dhammadownload.com



(အာဟတေ ဟေမရဇတေ၊
ရူပိယံ ရဇတေပိစ။)
ရူပိ (နာ) ငွေ
ရူပူပဇီဝိနီ (ကွ) ပြည့်တန်ဆာမ
ရေ (နိ) ခေါ်ဝေါ်ခြင်း
ရေကု (ပ-ကွ) မြူမှုန်
ရေကုကာ (ကွ) ရေကုပင်
ရေဝတီ (ကွ) ရေဝတီနက္ခတ်
ရောဂ (ပ) အနာ
ရောဂဟာရိ (ပ) ဆေးသမား
ရောစန (ပ) ကုတ်ဟည်း(သင်္ဘောလဲပင်)
ရောစနပွဘာ (ကွ) ပြိုးပြိုးပြက်
အရောင်အဆင်း
ရောဒိတ (နာ) ငိုကြွေးခြင်း
ရောဓ (နာ) ကမ်း
ရောမ (နာ) အမွေး
ရောမဠ (ပ) ကြက်သီးမွေးညှင်းထခြင်း
ရောရုဝ (ပ) ရောရုဝငရဲ
ရောသ (ပ) အမျက်ဒေါသ
ရောဟိဏီ (ကွ) ရောဟိနီနက္ခတ်၊နွားမနီ
ရောဟိဏီ-(ကွ) * ဘ-ရောဟဏီနက္ခတ်၊
ဓေနု-နွားမ။
(ဘေ ဓေနုယံ ရောဟိဏီတ္ထိ။)
ရောဟိတ (ပ) အနီ၊ သမင်နီ၊ (သမင်ဖား)
ငါးကြင်း၊ သွေး၊ စိုင်
ရောဟိတ-** လောဟိတ-သွေး၊ မစ္ဆဘေဒ
-ငါးကြင်း၊ မိဂန္တရ-စိုင်။
(ရောဟိတော လောဟိတေ မစ္ဆ-
ဘေဒေစေဝ မိဂန္တရေ။)
ရောဟိတက (ပ) သင်းဝင်နီပင်
ရောဟိသ (ပ) သမင်နီ (သမင်ဖား)
ရောဟီ (ပ) သင်းဝင်နီပင်
လကုဏ္ဍက (ပ) ပုကွသောသူ
လက္ခ (နာ) အမှတ်အသားတံဆိပ်၊
မှတ်တိုင်(စက်တိုင်)၊ တစ်သိန်း
လက္ခ-** သဒ္ဒါဘေဒ-တစ်သိန်းဟူသော
သဒ္ဒါထူး၊ သရဗျ-မှတ်တိုင်စက်ဝန်း၊
စိဟဏ-တံဆိပ်။
(သဒ္ဒါဘေဒေ သရဗျေစ၊
စိဟနေ လက္ခ မုစ္စတေ။)
လက္ခဏ (နာ) အမှတ်အသားတံဆိပ်၊
သဘော
လက္ခဏ -** သဘာဝ-သဘောတရား၊
အက်-အမှတ်။
(သဘာဝကေသု လက္ခဏံ။)
လက္ခီ (ကွ) ကျက်သရေ၊ ပြည့်စုံခြင်း
လက္ခီ-(ကွ) ** သောဘာ-တင့်တယ်ခြင်း၊
သမ္ပတ္တိ-ပြည့်စုံခြင်း၊ ဒေဝတာ-သိရီ
နတ်သမီး။ (သောဘာသမ္ပတ္တိသု
သိရီ၊ လက္ခီတ္ထိ ဒေဝတာယစ။)
လဂုဠ (ပ) ဆောက်ပုတ်၊ ဝါးရင်းတုတ်
လင်္ကာရ (ပ) ရွက်
လင်္ဂီ (ကွ) တံခါးကျည်၊ မင်းတုပ်
လင်္ဃဝန္တ (နာ) ရှက်ခြင်းရှိသူ
လင်္ဃာ (ကွ) ရှက်ခြင်း
လင်္ဃာလု (နာ) ရှက်ခြင်းရှိသူ
လင်္ဃိတ (တိ) ရှက်ခြင်းရှိသည်
လင်္ဃန (နာ) အမှတ်အသားတံဆိပ်
လဋုကိကာ (ကွ) ဗီလုံးငှက်
လတာ (ကွ) နွယ် ၊ သစ်ခက်

http://www.dhammadownload.com



လတာ-** သာခါ-သစ်ခက်၊ ဝလ္လိ-နွယ်။ (လတာ သာခါယ ဝလ္လိယံ။)
လဒ္ဓ (တိ) ရအပ်သည်
လဒ္ဓက (တိ) ကောင်းသည်,တင့်တယ်သည်
လဒ္ဓိ (ဣ) အယူ
လပန (နွ) ခံတွင်း
လပနဋ (ပ) သွား
လပိတ (နွ) စကား၊ ဆိုအပ်သည်, ဟောအပ်သည်
လပုဋ (ပ) တောင်ပိန္ဒဲပင်
လဗ္ဘ (တိ) ရအပ်သော ဝတ္ထု
လဗ္ဘ-** ယုတ္တ-အသင့်၊ လဒ္ဓဗ္ဗ-ရအပ်သော ဝတ္ထု။ (လဗ္ဘံ ယုတ္တေစ လဒ္ဓမ္မေ။)
လယ (ပ) လယ၊ သီဆိုတီးမှုတ်ခြင်း (သီခြင်း,တီးမှုတ်ခြင်း,စသော အမှုအရာတို့၏ သင့်လျော်ညီမျှသည်၏ အဖြစ်သည် "လယ" မည်၏။)
လလနာ (ဣ) မိန်းမ
လလိတ (နွ) မိန်းမတို့၏အမူအရာ
လဝ (ပ) နှည်းသည်၊ ရိတ်ဖြတ်ခြင်း
လဝ- ** ဝိန္ဒု-အနှည်းငယ်၊ ဆေဒ-ရိတ်ဖြတ်ခြင်း။(လဝေါ တု ဝိန္ဒုစ္ဆေဒေသု)
လဝဏ် (နွ) လေးညှင်း
လဝဏ (ပ) အငန်၊ ဆား
လဝန (ပ) ရိတ်ဖြတ်ခြင်း
လဝိတ္တ (နွ) တံစဉ်
လသုဏ (ပ-နွ) ကြက်သွန်ဖြူ
လဟု (နွ) အလျင်အမြန်၊ ပေါ့သည်
လဟု- ** (နဝံလိင် လဟု-သည်) သီယ-လျင်မြန်ခြင်း၊ (လိင်သုံးပါးတို့၌ဖြစ်သော လဟု-သည်) ဣဋ္ဌ-အလိုရှိအပ်သည်၊ နိဿာရ-အနှစ်မရှိသည်၊ အဂရု-မလေးသည်။ (သီယမှိ လဟု တံ ဣဋ္ဌ-နိဿာရာ ဂရုသု တ္တိသု။)
လာခါ (ဣ) ချိပ်
လာခါပသာဒန (ပ) ကြပိုင်ပင် (တောက်ရပ်)
လာဂံလိ (ဣ) ရေညောင်ပင်
လာဇာ (ဣ) ပေါက်ပေါက်
လာပ (ပ) ဗီလုံးငှက်
လာပု (ဣ) ဘူးပင်
လာမက (တိ) ယုတ်ညံ့သည်
လာလသာ (ပ-ဣ) လွန်ကဲသောတဏှာ
လာလာ (ဣ) တံတွေး
လာသန (နွ) ကခြင်း
လိကုစ (ပ) တောင်ပိန္ဒဲပင်
လိကောစက (ပ) စက်ကတုံးပင်
လိက္ခာ (ဣ) တစ်လိက္ခာ
လိဂ် (နွ) အဂိါဇာတ်
လိင်္ဂ-** အင်္ဂဇာတ-အင်္ဂါဇာတ်၊ ပုမတ္ထာဒိ-ယောက်္ခ်ား၏အဖြစ် ပုဗ္ဗော,စသည် လက္ခဏ-အမှတ်တံဆိပ်။ (လိင်္ဂံ တု အင်္ဂဇာတသ္မိံ၊ ပုမတ္ထာဒိမှိ လက္ခဏော။)
လိဒ္ဓဝိ (ပ) လိဒ္ဓဝိမင်း
လိတ္တ (တိ) လိမ်းကျံအပ်သည်
လိပိကာရ (ပ) စာရေး
လိလာ (ဣ) မိန်းမတို့၏အမူအရာ
လိလာ- ** ကြိယာ-မိန်းမတို့၏ အမူ

http://www.dhammadownload.com



အရာ၊ ဝိလာသ-တင့်တယ်စံပယ်ခြင်း (လီလာ ကြိယာဝိလာသေသု။)

လုဒ္ဓ (တိ) ကြမ်းကြုတ်သူ၊ မုဆိုး

လုဒ္ဓ- ** (သုံးလိင် လုဒ္ဓ-သည်) ကုရ္ဍရ-ကြမ်းကြုတ်သူ၊ (ပုလ္လိင် လုဒ္ဓ-သည်) နေသာဒ-မုဆိုး။ (တီသု လုဒ္ဓေါ ကုရ္ဍရေစ၊ နေသာဒမှိ ပုမေ သိယာ။)

လုဒ္ဓက (ပ) မုဆိုး

လုဒ္ဓ (တိ) တပ်မက်မောသူ

လုဒ္ဓ- ** လုဒ္ဓကေဝိ-မုဆိုး၊ မက်မောသူ။ (လုဒ္ဓေါ တု လုဒ္ဓကေဝိစ။)

လုလာယ (ပ) ကျွဲ

လူတာ (ဣ) ပင့်ကူ

လူတိကာ (ဣ) ပင့်ကူ

လူန (တိ) ဖြတ်ရိတ်အပ်သည်

လေခ (ပ) ရေးအပ်သော အက္ခရာ

လေခ-** (ပုလ္လိင် လေခ-သည်) လေခ္ယ-ရေးအပ်သော အက္ခရာ၊ (ဣတ္ထိလိင် လေခါ-သည်) ရာဇိ-အရေး။ (လေချေ လေခေါ ရာဇိ လေခါ။)

လေခက (ပ) စာရေး

လေခါ (ဣ) အရေး,အကြောင်း

လေဋ္ဌု (ပ) မြေစိုင်ခဲ

လေဏ (ပ) နိဗ္ဗာန်၊ လိုဏ်ဂူ

လေယျ (ပ) လျက်ဖွယ်

လေသ (ပ) နည်းသည်၊ အမြွက်

လောက (ပ) သတ္တဝါ၊ လောက

လောတ-** ဘုဝန-ဘုံသုံးပါး၊ ဇန-သတ္တဝါ (ဘုဝနေစ ဇနေ လောကော။)

လောကဝုဠ (ပ) ဘုရား

လောကနာထ (ပ) ဘုရား

လောကာယတ (န) လောကာယတကျမ်း (ဝိတဏ္ဍာကျမ်းကို "လောကာယတ")

လောကေသ (ပ) ဗြဟ္မာ

လောစန (နှ) မျက်စိ

လောဏ (နှ) ဆား

လောဒ္ဓ (ပ) တောက်ရပ်ပင်

လောဘ (ပ) တဏှာ

လောမ (နှ) အမွေး

လောမသပါဏက (ပ) ခွေးသတ္တဝါ

လောမဟံသန (နှ) ကြက်သီးမွေးညင်း ထခြင်း

လောလ (တိ) တုန်လှုပ်တတ်သည်၊ (လော်လီ)၊ တပ်မက်မောသူ

လောလ- ** လောလုပ-အလွန်တပ်စွဲတတ်သူ၊ စလ-တုန်လှုပ်သူ။ (လောလော တု လောလုပေ စလေ)

လောလုပ (ပ) အလွန်တပ်မက်မောသူ

လောဟ (ပ) အကျော်၊ သံ

လောဟကာရက (ပ) ပန်းပဲသမား

လောဟကုဇ္ဈိ (ဣ) လောဟကုဇ္ဈိရဲ

လောဟပိဋ္ဌ (ပ) ဌက်ကြီးတုံးစပ် (သင်တိုင်းဝတ်ဌက်)

လောဟိတ (နှ) သွေး၊ အနီ

လောဟိတ- ** (နပုလ္လိင် လောဟိတ-သည်) ရုဓိရ-သွေး။ (သုံးလိင် လောဟိတ-သည်) ရတ္တ-အနီ။ (ရုဓိရေ လောဟိတံ ဝုတ္တံ၊ ရတ္တမှိ လောဟိတော တိသုံ။)

http://www.dhammadownload.com



လောဟိတက် (ပ) ပတ္တမြား (ကျောက်နီ)
ဝံသ (ပ) အမျိုးအနွယ်၊ ဝါး
ဝံသ- ** အနွယ်-အမျိုးအနွယ်၊ ဝေဏု-ဝါး။ (ဝံသော တွ နွယဝေဏုသူ။)
ဝံသဝဏ္ဏ (ပ) ကြောင်မျက်ခွံ
ဝက (ပ) ဝံပုလွေ
ဝကုလ (ပ) ခရေပင်
ဝက္က (တိ) အညှို့
ဝက္ကာ-** (နပုံလိင် ဝက္က-သည်)ကောဋ္ဌာသ ဘေဒ-အညှို့၊ (သုံးလိင် ဝက္က-သည်) ဝက်-ကောက်သည်။ (ဝက္ကံ ကောဋ္ဌာသဘေဒသို့၊ ဝက္ကော ဝကေ် တိသုစ္စတေ။)
ဝက္ကင် (ပ) ငှက်
ဝက္ကလ (ပ) လျှော်တေ
ဝဂ္ဂ (ပ) ဇာတ်တူအပေါင်း (ဇာတ်,စသည် တူသော သတ္တဝါ၊ စတ္တုတို့၏ အပေါင်းသည် "ဝဂ္ဂ" မည်၏။)
ဝဂ္ဂု (တိ) ကောင်းသည်,တင့်တယ်သည်
ဝက် (ပ) ဝက်တောင်၊ တောင်ဖထူး၊ ငါးမျှားချိတ်၊ ကောက်သည်, ကွေးသည်
ဝက်- ** (ပုလ္လိင် ဝက်-သည်) ဗဠိသ-ငါးမျှားချိတ်၊ သေလဘေဒ-ဝက်တောင်၊ (လိင်သုံးပါးတို့၌ဖြစ်သော ဝက်-သည်) ကုဋိလ-ကောက်ကွေးသည်။ (ဗဠိသေ သေလဘေဒေ၊ ဝကော သော ကုဋိလေ တိသု။)
ဝဂ် (ပ) ဝဂ်တိုင်း
ဝဂ်- ** (ပုလ္လိင် ဝဂ်-သည်) လောဟန္တရ-ခဲမဖြူ။ (ပုလ္လိင် ဗဟုဝုစ် ဝဂ်-သည်) ဒေသ-ဝဂ်တိုင်း။(ဝဂေါ် လောဟန္တရေ ဝဂေါ် ဒေသေ ပုမေ ဗဟုမ္မိစ။)
ဝစ (ပ) စကား
ဝစန (နှ) စကား
ဝစာ (ဣ) လင်းလေပင်
ဝစီ (ဣ) စကား
ဝစီမုခ (နှ) စကားဦး၊ စကားစ
ဝစ္ဆ (ပ-နှ) ကျင်ကြီး
ဝစ္ဆ- ** ရှေ-အဆင်း၊ ကရီသ-ကျင်ကြီး။ (ဝစ္ဆော ရှေ ကရီသေ ထ။)
ဝစ္ဆကုဋိ (ဣ) အိမ်သာ
ဝစ္ဆဌာန (နှ) အိမ်သာ
ဝစ္ဆကာမာ (ဣ) သားခင်သောနွားမ
ဝစ္ဆတရ (ပ) နွားပေါက်
ဝစ္ဆလ (တိ) ချစ်ခင်တတ်သူ
ဝစ္ဆလာ (ဣ) သားခင်သောနွားမ
ဝဇ (ပ) နွားခြံ
ဝဇိရ (ပ-နှ) ဝရဇိန်လက်နက်၊ မိုးကြိုး
ဝဇိရ- ** ရတန-စိန်ရတနာ၊ မဏိဝေဓ-ပတ္တမြားထွင်းစူး၊ ဣန္ဒဟေတိ-သိကြားလက်နက်။(ရတနေ ဝဇိရော နိတ္ထိ၊ မဏိဝေဓိန္ဒ ဟေတိသု။)
ဝဇိရပါဏိ (ပ) သိကြားနတ်မင်း
ဝဇိရဟတ္ထ (ပ) သိကြားနတ်မင်း
ဝဇိရာဝုဓ (ပ) သိကြားနတ်မင်း
ဝဇ္ဇ (ပ) တီးမှုတ်ခြင်း
ဝဇ္ဇ- ** ဒေါသ-အပြစ်၊ ဘေရိ-စည်။ (ဝဇ္ဇံ ဒေါသေစ ဘေရိယံ။)
ဝဇ္ဇီ (ပ) ဝဇ္ဇီတိုင်း၊ လိစ္ဆဝိမင်း

http://www.dhammadownload.com



**ဝ**ဿ (ပ) ဦးခေါင်းဖြတ်ထိုက်သူ
**ဝ**ဓက (တိ) လိမ်လည်လှည့်ဖြိတ်တတ်သူ
**ဝ**ဓူလ (ပ) ကုန်းကြြိမ်ပင်, အသောကပင်(သော်ကပင်)
**ဝ**ဓ္ဘာ (ဣ) နွားမြို့မ, အဖိုပင်
**ဝ**ဒံသက (ပ) ဦးဆောက်ပန်း
**ဝ**ဒ (ပ) ပင်ညောင်(ညောင်ဝိန္ဒ)
**ဝ**ဒာကာရ (ပ)ရွက်ကြီး, လေ့အစိတ်အပိုင်း
**ဝ**ဒျမ (နာ) ခရီး
**ဝ**ဒ္ဓ (တိ) အဝိုင်း (အလုံး)
**ဝ**ဒ္ဓ * (ပုလ္လိင် ဝဒ္ဓ-သဒ္ဒါသည်) ပရိဗ္ဗယ-လခရိက္ခာ၊ ကမ္မာဒိက-ကမ္မဝဋ်,စသည် (လိင်သုံးပါးတို့၌ဖြစ်သော ဝဒ္ဓ-သဒ္ဒါသည်) ဝဋ္ဋလ-လုံးသည်။ | ဝဒ္ဓော ပရိဗ္ဗယေ ကမ္မာဒိကေ သော ဝဋ္ဋလေ တိသု။|
**ဝ**ဒ္ဓကာ (ဣ) ငုံး
**ဝ**ဒ္ဓုလ (တိ) အဝိုင်း (အလုံး)
**ဝ**ဒ္ဓရ (တိ) ဝသည်
**ဝ**ဓူကီ (ပ) လက်သမား
**ဝ**ဏ (ပ-နာ) ပေါက်သောအနာ
**ဝ**ဏိဇ္ဇာ (ဣ) ကုန်သွယ်ခြင်း
**ဝ**ဏေ (နာ) အညာ | အပွင့်,စသည်တို့၏ အညာသည် "ဝဏ္ဏ" မည်ပါသည်။|
**ဝ**ဏ္ဏ (ပ) အမျိုးကြီး, စာလုံး, သဲ
**ဝ**ဏ္ဏ * သဏ္ဌာန-အနိမ့်အမြင့်,စသော သဏ္ဌာန်၊ ရူပ-အမည်း,အဖြူ,စသော အဆင်း၊ ဇာတိ-အမျိုး၊ ဆဝိ-အရေကာရဏ-အကြောင်း၊ ပမာဏ-အတိုင်းအရှည်၊ ပသံသာ-ချီးမွမ်းခြင်း၊ အက္ခရ - အက္ခရာ၊ ယသ-အကျော်အစော၊ ဂုဏ-ကျေးဇူး။ | ဝဏ္ဏော သဏ္ဌာန ရူပေသု၊ ဇာတိစ္ဆဝိသု ကာရဏေ။ ပမာဏေစ ပသံသာယံ၊ အက္ခရေစ ယသေ ဂုဏေ။|
**ဝ**ဏ္ဏက (နာ) နံ့သာပျောင်း, အရောင်တင်
**ဝ**ဏ္ဏဒါသီ (ဣ) ပြည့်တန်ဆာမ
**ဝ**ဏ္ဏနာ (ဣ) ချီးမွမ်းခြင်း
**ဝ**ဏ္ဏိတ (တိ) ချီးမွမ်းအပ်သည်
**ဝ**ဏ္ဏု (ပ) သဲ
**ဝ**တ (ပ-နာ) ဝတ်အကျင့်
**ဝ**တ * ဒကံသ-စင်စစ်၊ ဒယာ-သနားခြင်း၊ ဟာသ-ရွှင်ခြင်း၊ ခေဒ-ပင်ပန်းခြင်း၊ အာလပန-ခေါ်ဝင်ခြင်း၊ ဝိမ္ဘယ-အုံသြခြင်း။ | ဝတေ ကံသေ ဒယာ ဟာသ ခေဒါလပန ဝိမ္ဘယေ။|
**ဝ**တ္တ (နာ) ခံတွင်း, ကျင့်ဝတ်ပဋိပတ်
**ဝ**တ္တ * ပဇ္ဇ-ဂါထာ၊ အာနုနှ-မျက်နှာ၊ အာစာရ-ဝတ်အကျင့်။ | ဝတ္တံ ပဇ္ဇာ နုနာစာရေ။|
**ဝ**တ္တန (နာ) အသက်မွေးမှု
**ဝ**တ္တနီ (ဣ) ခရီး
**ဝ**တ္တနီ * မဂ္ဂ-ခရီးလမ်း၊ ဝုတ္တိ-ဖြစ်ခြင်း။ | မဂ္ဂ ဝုတ္တိသု ဝတ္တနီ။|
**ဝ**တ္တု (တိ) ပြောဆိုတတ်သူ
**ဝ**တ္ထ (နာ) အဝတ်အထည် (ပုဆိုး)
**ဝ**တ္ထဂုယှ (နာ) အင်္ဂါဇာတ်
**ဝ**တ္ထိ (ပ-ဣ) စည်ပေါင်း (ဆီးခုံ) |ဃ္ဂ်၏ အောက်အဖို့သည် "ဝတ္ထိ"|
**ဝ**တ္ထု (နာ) အိမ်ရာ,စသောမြေ

http://www.dhammadownload.com



ဝတ္ထု- ** ကာရဏ-အကြောင်း၊ ဒဗ္ဗ-အထည်ဝတ္ထုခြင်း၊ဘူဘေဒ-လယ်ယာရတနဝတ္ထယ-ရတနာသုံးပါး။ (ဝတ္ထုတွဲ ကာရဏော ဒဗ္ဗေ၊ ဘူဘေဒေ ရတနဝတ္ထယော။)

ဝတ္ထုက (နာ) မြူပင်

ဝတ္ထုလေယျက (ပ) မြူပင်

ဝတြဘူ (ပ) သိကြားနတ်မင်း

ဝဒ (တိ) ပြောဆိုတတ်သူ

ဝဒညူ (တိ) အပေးအကမ်းရက်ရောသူ

ဝဒညူ- ** ဒါနသီလ-ပေးကမ်းစွန့်ကြဲလေ့ရှိသူ၊ ဝဂ္ဂဝါဒိ-ချိုသောစကားကိုဆိုတတ်သူ။(တိသွိရိတော ဒါနသီလေ ဝဒညူ ဝဂ္ဂဝါဒိနိ။)

ဝဒန (နာ) ခံတွင်း

ဝဒါနိယ (တိ) အပေးအကမ်းရက်ရောသူ

ဝဓ (ပ) သတ်ခြင်း

ဝဓဌာန (နာ) သတ်ရာအရပ်

ဝဓိကာ (ကွ) သားရေလွန်ကြိုး

ဝဓုဒ္ဓတ (တိ) သတ်ခြင်းဌာ အားထုတ်သူ

ဝဓူ (ကွ) မိန်းမ၊ ခွေးမ

ဝဓူ- ** သုဏိသာ-ခွေးမ၊ ကညာ-ပဌမအရွယ် သတို့သမီးငယ်၊ ဇာယာ-မယား။(သုဏိသာယံ တု ကညာယ၊ ဇာယာယစ ဝဓူ မတာ။)

ဝန (နာ) တော၊ ရေ

ဝန- ** အရည-တော၊ ဝါရိ-ရေ။ (ဝနံ အရညဝါရိသု။ )

ဝနကာက (ပ) တောကျီး

ဝနကုက္ကုဋ (ပ) တောကြက်

ဝနထ (ပ) တဏှာ

ဝနပ္ပတိ (ပ) တောစိုးသစ်ပင် (အပွင့်နှင့်ကင်း၍ အသီးသီးသောသစ်ပင်တို့ကို "ဝနပ္ပတိ"ဟုခေါ်သည်)

ဝနပ္ပတိ- ** ဝိနာ ပုပ္ပ ဖလဂ္ဂါဟိရုက္ခ-အပွင့်ကိုကင်း၍ အသီးသီးသောသစ်ပင်၊ ရုက္ခ-သစ်ပင်သာမန်။ (ဝိနာ ပုပ္ပံ ဖလဂ္ဂါဟိ-ရုက္ခေ ရုက္ခေ ဝနပ္ပတိ။)

ဝနမလ္လိကာ (ကွ) တောစံပယ်

ဝနသဏ္ဍ (နာ) တောအုပ်, တောနက်

ဝနိတာ (ကွ) မိန်းမ

ဝနိပ္ပက (တိ) တောင်းစားတတ်သူ

ဝန္ဒနာ (ကွ) ရှိခိုးခြင်း

ဝန္ဒာကာ (ကွ) ကျီးပေါင်းပင်

ဝန္ဒီ (ပ) စာဆိုတော်

ဝန္ဒီ (ကွ) သုံ့ပန်း (သုံ့ရသူ)

ဝပါ (ကွ) အဆီခဲ

ဝပု (နာ) ကိုယ်

ဝပ္ပ (တိ) စိုက်ပျိုးခြင်း

ဝပ္ပ- ** ခေတ္တ-စိုက်ပျိုးခြင်းလယ်ယာ၊ တဋ္ဌ-ကမ်းပါး။ (ခေတ္တေ ဝပ္ပေါ တဋ္ဌေပိစ။)

ဝမထု (ပ) အော့အန်နာ

ဝမု (နှ) ချပ်ဝတ်၊ စစ်ဝတ်

ဝမ္မိတ (တိ) ချပ်ဝတ်၊ စစ်ဝတ်

ဝယ (ပ) ပျက်စီးခြင်း

ဝယ- ** ဗာလျာဒိ-ဗာလအရွယ်,စသည်၊ ခယ-ကုန်ခြင်း,ပျက်ခြင်း။ (ဗာလျာဒေါ တု ခယေ ဝယော။)

http://www.dhammadownload.com



ဝယဌ (တိ) လုလင်၊ လူပျို
ဝယဿ (ပ) မိတ်ဆွေ
ဝယဿာ (ဣ) မိတ်ဆွေမ
ဝရ (ပ) လင်၊ မြတ်သည့်ပြဋ္ဌာန်းသည်၊ ရစ်ပတ်ခြင်း
ဝရ- ** (ပုလ္လိင် ဝရ-သည်) ဒေဝါဒိက ဣဋ္ဌ-နတ်,စသည်အထံမှ အလိုရှိအပ်သော ဆု၊ ဇာမာတရိ-သားမက်၊ ပတိ-လင်၊ (ဝါစွလိင်သို့လိုက်သော ဝရ-သည်) ဥတ္တမ-မြတ်သည်၊ (နိပါတ်ဖြစ်သော နပုံလိင် ဝရ-သည်) မနှစ်ပြိယ-စဉ်းငယ်ချစ်အပ်သည်။ (ဝရော ဒေဝါဒိကေ ဣဋ္ဌေ၊ ဇာမာတရိ ပတိမှိစ။ ဥတ္တမေ ဝါစွလိင်္ဂေါ သော၊ ဝရံ မနှပြိယေ ဗျယံ။)
ဝရက (ပ) ပြောင်း
ဝရဂ် (နှ) အဂ်ါဇာတ်
ဝရဂ်-** ယောနိ-မိန်းမအဂ်ါဇာတ်၊ သိရဉီးခေါင်း။(ဝရဂီ ယောနိယံ သိရေ)
ဝရဏ (ပ) ခတက်၊ မြို့ရိုး၊ တံတိုင်း
ဝရတ္တာ (ဣ) သားရေလွန်ကြိုး
ဝရပဉ (ပ) ဘုရား
ဝရဝဏ္ဏိနီ (ဣ) မိန်းမမြတ်
ဝရဟ (နှ) မြီးဆံ
ဝရဟိသ (နှ) သမန်းမြက်
ဝရဟီ (ပ) ဥဒေါင်းငှက်
ဝရာရော၊ာ (ဣ) မိန်းမမြတ်
ဝရာဟ (ပ) ဝက်
ဝရာဟ- ** သူကရ-ဝက်၊ ဂဇ-ဆင်။ (ဝရာဟော သူကရေ၊ ဂဇေ။)
ဝရူဏ (ပ) ရံတိုင် (ဝါ) လက်နက်-အကွယ်အကာ
ဝလဘီ (ဣ) ခေါင်
ဝလယ (ပ-နှ) လက်ကောက်
ဝလယိတ (တိ) ရစ်ပတ်အပ်သည်
ဝလာဟက (ပ) ဖိုးတိမ်
ဝလိ (ဣ) အရေ
ဝလိ-** ဇရာသိထိလစမှ-အိုသဖြင့် တွန့်သော အရေ၊ ဥဒရဂ်-ဝမ်းပျဉ်း။ (ဇရာသိထိလစမှသို့၊ ဥဒရဂေ် မတာ ဝလိ။)
ဝလိတ္တစ (တိ) အရေတွန့်သူ
ဝလိန (တိ) အရေတွန့်သူ
ဝလိရ (ပ) မျက်စိစွေသူ
ဝလိမုခ (ပ) မျောက်
ဝလ္လကီ (ဣ) စောင်း
ဝလ္လဘ (တိ) နှစ်သက်အပ်သည်
ဝလ္လဘ-** ဒယိတ-ချစ်ခင်အပ်သူ(လင်)၊ အဗ္ဘက္ခ-အကြီးအကဲ။ (ဝလ္လဘော ဒယိတေ ဗ္ဘက္ခေ။)
ဝလ္လရီ (ဣ) ပွင့်တံအခိုင်
ဝလ္လိဘ (ပ) ကျောက်ဖရုံပင်
ဝလ္လီ (ဣ) နွယ်
ဝလ္လူရ (တိ) အသားခြောက်
ဝသ (ပ) အလိုအာသာ
ဝသ-** ပဘုတ္တ-အစိုးရသောသူ၏အဖြစ်၊ အာယတ္တာ-သူတစ်ပါးနှင့်စပ်သည်၏ အဖြစ်၊ အာယတ္တ-သူတစ်ပါးနှင့်စပ်သူ၊ အဘိလာသ-အလို။ (ပဘုတ္တာ သတ္တတာ ယတ္တာ-

http://www.dhammadownload.com



ဘိလာသေသူ ဝသော ဘဝေ။]

၁သတိ (ဣ) အိမ်

၂သတိ * ဂေဟ-အိမ်၊ ဝါသ-နေခြင်း။ | ဂေဟေ ဝသတိ ဝါသေ ထ။]

ဝသန (ပ) အဝတ်အထည်

ဝသန္တ (ပ) ဝသန္တဥတု

ဝသဘ (ပ) နွားလား, နွားထီး

ဝသလ (ပ) သုဒ္ဒမျိုး, သူယုတ်မျိုး

ဝသဝတ္တီ (ပ) မာရ်နတ်

ဝသဝတ္တိ * (ပုလ္လိင် ဝသဝတ္တီ-သဒ္ဒါသည်) မာရ-မာရ်နတ်၊ (သုံးလိင် ဝသဝတ္တိ-သဒ္ဒါသည်) ဝသဝတ္တာပက-မိမိအလိုသို့ လိုက်စေတတ်သူ (အစိုးရသူ)။ | ဝသဝတ္တီ ပုမေ မာရေ၊ ဝသဝတ္တာပကေ တီသု။]

ဝသာ (ဣ) ဆီကြည်, နွားမမြို့

ဝသာ * ဝိလီနတေလ-ဆီကြည်၊ ဝသဂါ-အလိုသို့လိုက်တတ်သော မိန်းမ၊ ဝဏ္ဏဂါဝီ-နွားမမြို့။ | ဝသာ ဝိလီနတေလသို့၊ ဝသဂါ ဝဏ္ဏဂါဝီသု။]

ဝသာ တိဧသော ဟိ သဒ္ဓိဧယော-ဒ္ဓ တိဧသော-ဧရ ပဘုသတ္တိ-ဥစ္စာအင်အား ဒဏ်ထားခြင်းကြောင့်ဖြစ်သော တန်ခိုး၊ ဥဿာဟ သတ္တိ-လုံ့လစွမ်းပကားကြောင့် ဖြစ်သော တန်ခိုး၊ မန္တသတ္တိ-အတိုင်ပင်ကြံစည်ဉာဏ်ကြောင့် ဖြစ်သောတန်ခိုး

ဝသိ (ပ) ဣန္ဒြေစောင့်စည်းသူ

ဝသု (နှ) ဥစ္စာ, ရတနာ

ဝသု * (ပုလ္လိင် ဝသု-သဒ္ဒါသည်) ဒေဝဒေဒ-ဝသုနတ်မျိုး၊ (နပုံလိင် ဝသု-သဒ္ဒါသည်) ရတန-ရတနာ၊ ဓန-ဥစ္စာ | ဒေဝဒေဒေ ဝသု ပုမေ၊ ပဏ္ဍကံ ရတနေ ဓနေ။]

ဝသုဓာ (ဣ) မြေ

ဝသုန္ဓရာ (ဣ) မြေ

ဝသုမတီ (ဣ) မြေ

ဝသ (ပ-နှ) မိုးရွာခြင်း, မိုးဥတု, နှစ်

ဝဿ * ဟာယန-နှစ်၊ ဝုဋ္ဌ-မိုးရွာခြင်း။ | ဝဿံ ဟာယန ဝုဋ္ဌသု။]

ဝဿန (နှ) မိုးရွာခြင်း

ဝဿဝရ (ပ) နပုံးပဏ္ဏက်

ဝဿ (ပ) ဆိတ်

ဝဿာန (ပ) မိုးဥတု

ဝဿိကီ (ဣ) မြတ်လေးပန်း

ဝဿိတ(နှ) တိရစ္ဆာန်တို့၏ တွန်သံမြည်သံ

ဝဿောကသာရာ (ဣ) သိကြားမင်း၏ မြို့တော်

ဝဟ (ပ) နွားပခုံး [ပခုံးအရပ်သည် "ဝဟ" မည်ပါသည်။]

ဝဠဝါ (ဣ) မြင်းမ

ဝါ * သမုစ္စယ-ပေါင်းဆည်းခြင်း၊ ဥပမာ-ဥပမာအနက်၊ သံသယ-ယုံမှားခြင်း၊ ပဒပူရဏ-ပုဒ်ပြည့်ကာမျှ၊ ဝဝတ္ထိတ ဝိဘာသာ-ရုပ်အထူးကို ပိုင်းခြားခြင်း၊ အဝဿဂ္ဂ-ဆုံးဖြတ်ခြင်း၊ ဝိကပ္ပန-အထူးကြဲခြင်း။ [သမုစ္စယေ စောပနာယံ၊ သံသယ ပဒပူရဏေ။ ဝဝတ္ထိတ ဝိဘာသာယံ၊ ဝါ ဝဿဂ္ဂေ ဝိကပ္ပနေ]

ဝါကျ (နှ) အာချာတ်ပုဒ် တစ်ခုရှိသော

http://www.dhammadownload.com



ကာရကနှင့်တကွဖြစ်သော ပုဒ်အပေါင်း

ဝါဂုရာ (ဣ) ပိုက်
ဝါဂုရိက (ပ) ပိုက်ကွန်သမား
ဝါစံယမ (ပ) စကားစောင့်စည်းသူ
ဝါစာ (ဣ) စကား
ဝါစာလ (တိ) ကဲ့ရဲ့ဖွယ်စကားများသူ
ဝါစိက (န) သံန္ဒေသစကား(အမှာစကား)
ဝါဇ (ပ) မြားရွက်
ဝါဇပေယျ (န) ဝါဇပေယျယဇ်
ဝါဏ (ပ) မြား
ဝါဏဓိ (ပ) တောင့် (ကျည်တောင့်)
ဝါဏိဇ (ပ) ကုန်သည်
ဝါဏိဇ္ဇ (နာ) ကုန်သွယ်ခြင်း
ဝါဏီ (ဣ) စကား
ဝါတ (ပ) လေ
ဝါတကိဋ္ဌမ္ဗု (ပ) မိုးပေါက်
ဝါတယာတက (ပ) ငုပင်
ဝါတဏှာ (နာ) မှတ္တနာ (လိင်ဥရောင်သောအနာ)
ဝါတပါန (နာ) လေသာပြူတင်း
ဝါတမိဂ (ပ) သမင်ပျံ
ဝါတိင်္ဂဏ (ပ) ခရမ်းကြီးပင်
ဝါတ္တာကီ (ဣ) ခရမ်းကစော့ပင်
ဝါဒိတ (နာ) တီးမှုတ်ခြင်း, သဘင်အမှု
ဝါဒိတ္တ (နာ) တီးမှုတ်ခြင်း
ဝါန (နာ) တဏှာ
**ဝါန-**** တဏှာ-တဏှာ၊ သိဒ္ဓန-ချုပ်စပ်ခြင်း။ (ဝါနံ တဏှာယ သိဒ္ဓနေ။)
ဝါနပတ္တ (ပ) တောင်၏အစိတ် လူသူဆိတ်ရာ၌နေလျက်ကျင့်သူ
ဝါနရ (ပ) မျောက်
ဝါနေယျ (နာ) နွားမြေရင်းသိမ်
ဝါဝီ (ဣ) တစ်ဘက်ဆည်ကန်
ဝါမ (တိ) ကောင်းသည်, တင့်တယ်သည်
**ဝါမ-**** (နပုံလိင် ဝါမ-သည်) သဗ္ဗ-လက်ဝဲ၊ (လိင်သုံးပါး ဝါမ-သည်) စာရှ-တင့်တယ်သည်၊ ဝိပရီတ-ဖောက်ပြန်သည်။ (ဝါမံ သဗ္ဗမှိ တံ စာရှ-ဝိပရီတေသု တီသွထ။)
ဝါမက (ပ) ဝါမကရသေ့
ဝါမဒေဝ (ပ) ဝါမဒေဝရသေ့
ဝါမန (ပ) အရပ်မျက်နှာစောင့်ဆင်၊ (ဝါမနဆင်)၊ ပုက္ခသည်၊ နိမ့်သည်
ဝါယ (ပ) လေ
ဝါယနဒဏ္ဍက (ပ) ရက်ကန်းလက်ခတ်
ဝါယသ (ပ) ကျီး
ဝါယသာရိ (ပ) ဇီးကွက် (ဒီးဒုတ်၊ ခင်ပုပ်၊ ကုပ်ကလူငှက်)
ဝါယာမ (ပ) အားထုတ်ခြင်း, လုံ့လ
**ဝါယာမ-**** ပရိဿမ-ပင်ပန်းခြင်း၊ ဝိရိယ-လုံ့လ။ (အထော ပရိဿမေ ဝုတ္တော၊ ဝါယာမော ဝိရိယေဝိစ။ )
ဝါယု (ပ) လေ
**ဝါယုဘေဒါ ဣမေ ဆဒ္ဓ -အရ -**** (လေအထူး (၆)ပါး-ရှိ )
ဝါယုသခ (ပ) မီး
ဝါရ (နာ) အခွင့်၊ နေ့ရက်
**ဝါရ-**** အဝသရ-အခွင့်၊ အဟ-နေ့ရက်။ (ဝါရော တွ ဝသရာဟေသု။)

http://www.dhammadownload.com



ဝါရက (ပ) ရေအိုး
ဝါရဏ (ပ) ဆင်, ဌက်ဆင်
ဝါရဏ * (နပုံလိင် ဝါရဏ-သဒ္ဒါသည်) နိသေဓ-တားမြစ်ခြင်း။ (ပုလ္လိင် ဝါရဏ သဒ္ဒါသည်) ဟတ္ထိလိင်-ဌက်ဆင်၊ ဟတ္ထိ-ပကတိဆင်။ | နိသေဓေ ဝါရဏံ ဟတ္ထိ-လိင် ဟတ္ထိသု ဝါရဏော။|
ဝါရဝါဏ (ပ-နှ) အာကြီသင်တိုင်း
ဝါရိ (နှ) ရေ
ဝါရိဇ (နှ) ကြာ
ဝါရိမဂ္ဂ (ပ) ရေထွက်ရာလမ်းကြောင်း ရေမြောင်း, ရေတံခါး
ဝါရိဝဟ (ပ) မိုးတိမ်
ဝါရုဏီ (ဣ) နတ်ကတော်, သေ
ဝါရုဏီ * နဒ္ဒကီ-ကချေသည်, နတ်ဝင်မ၊ မဒိရာဒီ-သေ့အရက်, စသည်။ (ဣတ္ထိလိင်) | ဝါရုဏီ တိတ္ထိယံ ဝုတ္တာ၊ နဒ္ဒကီ မဒိရာဒီသု။|
ဝါလ (ပ) ဆံပင်, ပန်းမ, ရေ
ဝါလ * ကေသ-ဆံပင်၊ အဿာဒိလောမ-မြင်း,စသည်တို့၏ အမွေး။ | ဝါလော ကေသေ ဿာဒိလောမေ|
ဝါလဓိ (ပ) မြီးဖျား
ဝါလဓိနီ (ဣ) စာမရီသားမြီးယပ်
ဝါလဟတ္ထ (ပ) မြီးဖျား
ဝါလုကာ (ဣ) သဲ
ဝါသ (ပ) အိမ်, အဝတ်အထည် (ပုဆိုး)
ဝါသ * ဝတ္ထ-အဝတ်၊ ဂန္ဓ-အထုံနံ့သာ၊ ယရ-အိမ်။ | ဝတ္ထေ ဂန္ဓေ ယရေ ဝါသော။|
ဝါသစုဏ္ဏ (နှ) နံ့သာမှုန့်
ဝါသန (နှ) ထုံခြင်း | နံ့သာပန်း,စသည် ဖြင့် ပြုပြင်စီရင်ခြင်းကို "ဝါသန" |
ဝါသနာ (ဣ) ထုံခြင်း
ဝါသန္ဓီ (ဣ) ဘိန်းနွယ် (ကင်ပွန်း)
ဝါသယောဂ (ပ) နံ့သာမှုန့်
ဝါသဝ (ပ) သိကြားနတ်မင်း
ဝါသာဂါရ (နှ) အိပ်ခန်း
ဝါသိ (ဣ) ပဲခွပ်
ဝါသိဋ္ဌ (ပ) ဝါသိဋ္ဌရသေ့
ဝါသိတ (တိ) ထုံအပ်သော ဝတ္ထု
ဝါသီ (ဣ) ပဲခွပ်
ဝါသုကီ (ပ) ဝါသုကီမြွေမင်း
ဝါသုဒေဝ (ပ) ဗိဿနိုး
ဝါဟ (ပ) မြင်း, တစ်ဝါဟ
ဝါဟ * သကဋ-လှည်းတစ်စီးဝန် (တစ်ဝါဟ)၊ ဟယ-မြင်း။ | ဝါဟော တု သကဋေ ဟယေ။|
ဝါဟန (နှ) ယာဉ်
ဝါဟသ (ပ) စပါးကြီးမြွေ
ဝါဟိနီ (ဣ) စစ်တပ်
ဝါဟိနီ * နဒီ-မြစ်၊ သေနာ-စစ်သည်။ | နဒီ သေနာသု ဝါဟိနီ။|
ဝါဠ (ပ) မြွေ, သားရဲ
ဝါဠ * သာပဒ-သားရဲ၊ သပ္ပ-မြွေ၊ ကုရ္ဆရ-ကြမ်းတမ်းသူ။ (တိလိင်) | ဝါဠော တု သာပဒေ သပ္ပေ၊ ကုရ္ဆရေ သော တိလိင်္ဂေကော။|
ဝါဠဂ္ဂါဟီ (ပ) အလမ္ဘယ်သမား
ဝါဠဓိနီ (ဣ) စာမရီသားမြီးယပ်
ဝါဠမိဂ (ပ) သားရဲ
ဝိ (ပ) ငှက်

http://www.dhammadownload.com



ဝိ -** ဝိဝိဓာ-အထူးထူးအပြားပြား၊ အတိသယ-လွန်ကဲခြင်း၊အဘာဝ-မရှိခြင်း၊ ဘုသတ္ထ-ပြင်းထန်ခြင်း၊ ဣဿရိယ-အစိုးရခြင်း၊ အစ္ဆယ-လွန်သွားခြင်း၊ ဝိယောဂ-မယှဉ်ခြင်း၊ ကလဟ-ငြင်းခုံခြင်း၊ ပါတုဘာဝ-ထင်ရှားဖြစ်ခြင်း၊ ဘာသ-အရောင်အလင်း၊ ကုစ္ဆန-စက်ဆုပ်ခြင်း၊ ဒုရ-ဝေးသည်၊ အနဘိမုခတ္တ-ရှေးရှုမဟုတ်သည်ဟူသော အနက်၊ မောဟ-တွေဝေခြင်း၊ အနဝဋ္ဌိတိ-မတည်တံ့ခြင်း၊ ပဓာန-ပြဋ္ဌာန်းခြင်း၊ ဒက္ခတာ-လိမ္မာခြင်း၊ ခေဒ-ပင်ပန်းခြင်း၊ သဟတ္ထာဒိ-တကွ အနက်,စသည်။
(ဝိဝိဓာတိသယာဘာဝ-ဘုသတ္ထိဿရိယာစ္ဆယေ။ ဝိယောဂေ ကလဟေ ပါတု-ဘာဝေ ဘာသေစ ကုစ္ဆနေ။ ဒုရာနဘိမုခတ္တေသု၊ မောဟာနဝဋ္ဌိတီသုစ။ ပဓာနဒက္ခတာခေဒ-သဟတ္ထာဒေါ ဝိ ဒိဿတိ။)

ဝိကက်တ (ပ) နုန့ဲပင်

ဝိကစ (ပ) အပွင့်ရှိသောသစ်ပင်

ဝိကဋ (တိ) ဖောက်ပြန်သည်

ဝိကဋ -** (နပုံလိင် ဝိကဋ-သည်) ဂူထမုတ္တာဒိ-ကျင်ကြီး,ကျင်ငယ်,စသော ဝိကဋဆေးကြီး၊ (သုံးလိင် ဝိကဋ-သည်) ဝိကတ-ဖောက်ပြန်သည်။
(ဝိကဋံ ဂူထ မုတ္တာဒေါ၊ ဝိကဋော ဝိကတေ တိသု။)

ဝိကတိ (ဣ) ဖောက်ပြန်ခြင်း

ဝိကတိကာ (ဣ) ခြသေ့,ကျား,စသော အရုပ်တို့ဖြင့်ဆန်းကြယ်သော အခင်း

ဝိကသာ (ဣ) ထန်းကျင့်

ဝိကသိတ (ပ) အပွင့်ရှိသောသစ်ပင်

ဝိကာရ (ပ) ဖောက်ပြန်ခြင်း

ဝိကီရဏ (ပ) မနှံ့ပင်

ဝိကုဋ္ဋ (တိ) ရဲရင့်သူ

ဝိကုဋ္ဌ (ပ) အလွန်ရဲရင့်သူ (အလွန်ရဲရင့်သူ၏အဖြစ်သည် "ဝိကုဋ္ဌမ" မည်၏။)

ဝိကုဋ္ဌမ -** သတ္တိသမွတ္တိ-အစွမ်းသတ္တိနှင့်ပြည့်စုံခြင်း၊ ကန္တိမတ္တ-ခြေလှမ်းခြင်း, သွားခြင်းမျှ။ (သတ္တိသမွတ္တိယံ ဝုတ္တော၊ ကန္တိမတ္တေစ ဝိကုဋ္ဌမော။)

ဝိကုဋိက (ပ) ရောင်းသူ

ဝိကြေတု (ပ) ရောင်းသူ

ဝိကြေယျ (နှ) ရောင်းကုန်

ဝိဂုဟ (ပ) ကိုယ်၊ ငြင်းခုံခိုက်ရန်ဖြစ်ခြင်း

ဝိဂ္ဂဟ- ** ကလဟ-ငြင်းခုံခြင်း၊ ကာယ-ကိုယ်။(ဝိဂ္ဂဟော ကလဟေ ကာယေ)

ဝိဃာသ (ပ) စားကြွင်း

ဝိဃာသာဒ (ပ) စားကြွင်းစားသူ

ဝိစက္ခဏ (ပ) ပညာရှိ

ဝိစယ (ပ) စုံစမ်းရှာဖွေခြင်း

ဝိစာရဏာ (ဣ) စူးစမ်းဆင်ခြင်နိုင်သော ပညာ

ဝိစိကိစ္ဆာ (ဣ) ယုံမှားတွေးတောခြင်း

ဝိဆိုက (ပ) ကင်းမြီးကောက်

ဝိဇန (တိ) ဆိတ်ကွယ်ရာ

ဝိဇယ (ပ) အောင်နိုင်ခြင်း

ဝိဇာတာ (ဣ) သားဖွားသောမိန်းမ

http://www.dhammadownload.com



ဝိဇိတ (နာ) တိုင်းနိုင်ငံ၊ နိုင်ငံနယ်ပယ်
ဝိဇိတ- ** (နာပုံလိင် ဝိဇိတ-သည်) ရဋ္ဌ-တိုင်းနိုင်ငံ၊ (သုံးလိင် ဝိဇိတ-သည်) ဇိတ-အောင်နိုင်အပ်သည်။ (ရဋ္ဌမှိ ဝိဇိတံ ဝုတ္တံ၊ ဇိတေစ ဝိဇိတော တိသု။)
ဝိဇ္ဇာ (ကဋ) ဉာဏ်, ပညာ
ဝိဇ္ဇာ-** ဝေဒ-ဗေဒကျမ်း၊ သိပ္ပ-ဓာတတ်၊ တိဝိဇ္ဇာဒိ-ဝိဇ္ဇာသုံးပါး,စသည်၊ ဗုဒ္ဓိ-ပညာ။ (ဝိဇ္ဇာ ဝေဒေစ သိပ္ပေစ၊ တိဝိဇ္ဇာဒေါစ ဗုဒ္ဓိယံ။)
ဝိဇ္ဈ (ကဋ) လျှပ်စစ်
ဝိဇ္ဈတာ (ကဋ) လျှပ်စစ်
ဝိဇ္ဈု (ပ) ဝိဇ္ဈတောင်
ဝိဇ္ဈ (ပ) ဝိဇ္ဈတောင်
ဝိညတ္တိ (ကဋ) တောင်းခြင်း
ဝိညတ္တိ- ** ယာစ-တောင်းခြင်း၊ ဉာပန-သိစေခြင်း(ယာစေ ဝိညတ္တိ ဉာပနေ)
ဝိညာဏ (နာ) စိတ်
ဝိညူ (ပ) ပညာရှိ
ဝိညေယျာ (တိ) သိလွယ်သည်
ဝိဋက် (ပ-နာ) ခိုစင်
ဝိဋပ (ပ) သစ်ခွ
ဝိဋပ -** သာခါ-သစ်ခွ၊ ထမ္ဘ-မြက်ဖုတ်, ချုံဖုတ်။(သာခါယံ ဝိဋပေါ ထမ္ဘေ )
ဝိဋပိ (ပ) သစ်ပင်
ဝိဋဘိ (ကဋ) သစ်ခွ
ဝိဍောဇ (ပ) သိကြားနတ်မင်း
ဝိတက္က (ပ) အကြံ၊ ဝိတက်
ဝိတင်္ဆိကာ (ကဋ) ယားနာ
ဝိတက္ကာသတ္ထ (တိ) ဝိတက္ကကျမ်း
ဝိတတ (နာ) ဝိတတစည်၊ နှစ်ဘက်စည် (မျက်နှာဝန္ဓစ်ဘက်ပိတ်သော မရိုးစည်,အစရှိသော စည်မျိုးသည် "ဝိတတ" မည်၏။)
ဝိတတ- ** (နာပုံလိင် ဝိတတ-သည်) ဝဇ္ဇ-ဘေဒ-နှစ်ဘက်ပိတ်စည်၊ (လိင်သုံး ပါးနှင့်ယှဉ်သော ဝိတတ-သည်) ဝိတ္ထာရ-ကျယ်ပြန့်သည်။ (ဝဇ္ဇဘေဒေစ ဝိတတံ၊ တံ ဝိတ္ထာရေ တိလိင်္ဂိကံ။)
ဝိတထ (နာ) မှားသောစကား
ဝိတရဏ (နာ) ပေးကမ်းစွန့်ကြဲခြင်း
ဝိတာန (ပ-နာ) ဗိမာန်၊ မျက်နှာကြက်၊ အပေါင်း
ဝိတာန- ** ဥလ္လောစ-မျက်နှာကြက်၊ ဝိတ္ထာရ-အကျယ်။(ပုလ္လိင်,နာပုံလိင်) (ဥလ္လောစေ တုစ ဝိတ္ထာရေ၊ ဝိတာနံ ပုန္နပုံသကေ။)
ဝိတုန္ဒ (နာ) မြို့နတိုဆို့
ဝိတ္တ (နာ) ဥစ္စာ
ဝိတ္တိ (ကဋ) နှစ်သက်ဝမ်းမြောက်ခြင်း
ဝိတ္ထိ-** တောသ-နှစ်သက်ခြင်း၊ ဝေဒနာ-ခံစားခြင်း။ (ဝိတ္တိ တောသေ ဝေဒနာယံ။)
ဝိတ္ထတ (တိ) ဖြန့်အပ်သည်
ဝိတ္ထာရ (ပ) အကျယ်ချဲ့ခြင်း
ဝိတ္ထိဏ္ဏ (တိ) ပြန့်ကျယ်သည်
ဝိဒတ္တိ (ကဋ) တစ်ထွာ၊ လက်သန်းထွာ
ဝိဒါရ (ပ) ခွဲစိတ်ခြင်း

http://www.dhammadownload.com



ဝိဒိတ (တိ) ထင်ရှားသူ၊ သိအပ်သည်
ဝိဒိသာ (ဣ) အထောင့်၊ အရပ်
ဝိဒုရ (ပ) ပညာရှိ
ဝိဒူ (ပ) ပညာရှိ
ဝိဒေဟ (ပ) ဝိဒေဟတိုင်း
ဝိဒ္ဒသု (ပ) ပညာရှိ
ဝိဒ္ဓမ (ပ) သန္ဓာ
ဝိဒ္ဒေသ (ပ) အမျက်ဒေါသ
ဝိဒ္ဒေသီ (ပ) ရန်သူ
ဝိဒ္ဓ ~ (တိ) ဖောက်ထွင်းအပ်သည်
ဝိဒ္ဓါ (ပ) ပညာရှိ
ဝိဒ္ဓန္တ (ပ) ပညာရှိ
ဝိဓ (ပ-ဣ) မာန်မာန
ဝိဓ -(ပ-နှ) ** မာန-မာန်မာန၊ ပကာရ-အခြင်းအရာပုံသဏ္ဌာန်၊ ကောဋ္ဌာသ-အဖို့ (အထော မာနေ ပကာရေစ၊ ကောဋ္ဌာသေစ ဝိဓော ဒွိသု။)
ဝိဓဝါ (ဣ) မုဆိုးမ
ဝိဓာ (ဣ) တက်ကြွခြင်း (မာန)
ဝိဓိ (ပ) ရှေးကံကြမ္မာ
ဝိဓိ -** (ဘာဂျ-ရှေးကံကြမ္မာ၊ ဝိဓာန-ပြုပြင်စီရင်ခြင်း။ (ဘာဂျေ ဝိဓိ ဝိဓာနေစ။)
ဝိဓုရ (နှ) စင်စစ်ကွေကွင်းခြင်း
ဝိဓေယျ (တိ) ဆိုဆုံးမလွယ်သူ
ဝိနတက (ပ) ဝိနတကတောင်၊ တောင်ရံ
ဝိနတာ (ဣ) ဂဠုန်တို့၏အမိ
ဝိနာ (နိ) ကြဉ်ခြင်း
ဝိနာယက (ပ) ဘုရား
ဝိနာသ (ပ) ပျက်စီးခြင်း
ဝိနိတ (ပ) ကျင့်ကြံခြင်း (အရှင်ကို ကောင်းစွာ ဆောင်ယူသောမြင်း သည် "ဝိနိတ" မည်၏။)
ဝိနျာသ (ပ) စစ်ရေးပြခြင်း၊ (စစ်ဆင်ခြင်း၊စစ်ခင်းခြင်း)
ဝိပက္ခ (ပ) ရန်သူ
ဝိပတ္တိ (ဣ) ပျက်စီးခြင်း
ဝိပရိယယ (ပ) ဖောက်ပြန်ခြင်း
ဝိပရိယာသ (ပ) ဖောက်ပြန်ခြင်း
ဝိပလ္လာသ (ပ) ဖောက်ပြန်ခြင်း
ဝိပဿနာ (ဣ) ဝိပဿနာပညာ
ဝိပဿီ (ပ) ပညာရှိ
ဝိပါက (ပ) အကျိုး
ဝိပါဒိကာ (ဣ) ခြေကွဲသောအနာ
ဝိပိန (နှ) တော
ဝိပုလ (တိ) ကျယ်ပြန့်သည်
ဝိပ္ပ (ပ) ပုဏ္ဏား
ဝိပ္ပကဋ္ဌက (တိ) ဝေးသည်
ဝိပ္ပဋိသာရ (ပ) နောင်တပူပန်ခြင်း
ဝိပ္ပလာပ (ပ) ဆန့်ကျင်ဘက်စကား
ဝိပ္ပလိဂ် (နှ) မီးပွား
ဝိပုဓ (ပ) နတ်
ဝိပ္ပမ (ပ) မိန်းမတို့၏ အမူအရာ
ဝိပ္ပမ-** ဘန္ဓတ္တ-တုန်လှုပ်သည်၏အဖြစ်၊ ဟာဝ-မိန်းမတို့၏ မူယာ,မာယာ။ (ဘန္ဓတ္တေ ဝိပ္ပမော ဟာဝေ။)
ဝိဘပ (ပ) ဥစ္စာ
ဝိဘာတ (နှ) မိုးသောက်,မိုးလင်း
ဝိဘာဝီ (ဖ) ပညာရှိ
ဝိဘိတက (တိ) သစ်ဆီခဲ့ပင်

http://www.dhammadownload.com



ဝိဘူ (ပ) အစိုးရသူ
ဝိဘူ- ** နိစ္စ-မြဲသည်၊ ပဘူ-အစိုးရသူ (ဝါ) စွမ်းနိုင်သူ။ (ပုလ္လိင်) (ဝိဘူ နိစ္စပွဘူသု သော။)
ဝိဘူသန (နာ) အဆင်းတန်ဆာ
ဝိဘေဒိကာ (ကြ) ထန်းပင်
ဝိမတိ (ကြ) ယုံမှားတွေးတောခြင်း
ဝိမန (တိ) နှလုံးမသာသူ
ဝိမလ (တိ) ကြည်သည်
ဝိမာန (ပ-နာ) ဗိမာန်
ဝိမာန- ** ဒေဝတာဝါသ-နတ်ဗိမာန်၊ သတ္တဘူမိယရ-ဘုံ(၇)ဆင့်ရှိသော တိုက်အိမ်။(ဝိမာနံ ဒေဝတာဝါသေ၊ သတ္တဘူမိ ယရမ္ပိစ။)
ဝိမုတ္တိ (ကြ) နိဗ္ဗာန်
ဝိမှယ (တိ) ဈံသြအပ်သည်
ဝိယ (ဗျ) ဥပမာအနက်
ဝိယောဂ (ပ) ကွေကွင်းခြင်း
ဝိရတိ (ကြ) ရှောင်ကြဉ်ခြင်း
ဝိရဠ (တိ) ကျဲသည်၊ ပါးသည်
ဝိရာဂ (နာ) နိဗ္ဗာန်
ဝိရာဝ (ပ) အသံ
ဝိရိယ် (နာ) အားထုတ်ခြင်း, လုံ့လ
ဝိရိယ- ** ဗလ-အားအစွမ်း၊ ပဘာဝ-တန်ခိုး။ (ဗလေ ပဘာဝေ ဝိရိယံ)
ဝိရိယင် (နာ) ဝိရိယ၏ အင်္ဂါ-၄ပါး (တစအဝသိသန-အရေမျှကြွင်းခြင်း နဟာရူအဝသိသန-အကြောမျှကြွင်းခြင်း၊ အဋ္ဌအဝသိသန-အရိုး၏ကြွင်းခြင်း၊ မံသလောဟိတအဝသုသန-အသားအသွေး၏ ခန်းခြောက်ခြင်း။ )
ဝိရူပက္ခ (ပ) ဝိရူပက္ခနတ်မင်း
ဝိရူဠက (ပ) ဝိရူဠကနတ်မင်း
ဝိရောဓ (ပ) အမျက်ဒေါသ
ဝိရောဓိ (ပ) ရန်သူ
ဝိရောမောတ္တိ (ကြ) ဆန့်ကျင်ဘက်စကား
ဝိလဂ္ဂ (ပ) ခါးလယ်
ဝိလဂ္ဂ-** (သုံးလိင် ဝိလဂ္ဂ-သည်) လဂ္ဂ-ငြိကပ်သောအရာဝတ္ထု၊ (ပုလ္လိင် ဝိလဂ္ဂ-သည်) မဂ္ဂ-ခါး။ (ဝိလဂ္ဂေါ တီသု လဂ္ဂသ္မိ်ပုမေ မဂ္ဂမ္ပိ ဒိဿတိ)
ဝိလာပ (ပ) ငိုကြွေးမြည်တမ်းခြင်း (အထူးထူး အပြားပြား ပြောကြားငိုကြွေးခြင်းသည် "ဝိလာပ" မည်၏)
ဝိလာသ (ပ) မိန်းမတို့၏ အမူအရာ
ဝိလီနသ္နေဟ (ပ) ဆီကြည်
ဝိလီဝကာရ (ပ) နှီးသမား
ဝိလေပန (နာ) နံ့သာပျော်း အရောင်တင်
ဝိဝဋ္ဋ (နာ)နိဗ္ဗာန်၊သင်္ကန်းအစိတ်၊(ခေါင်စပ်)
ဝိဝရ (နာ) အပေါက်, အခေါင်း
ဝိဝရ- ** သုသိရ-အခေါင်း,အပေါက်၊ ဒုသန-အပြစ်။ (ဆိဒ္ဓံ ရန္ဓဉ္စ ဝိဝရံ၊ သုသိရေ ဒုသနေပိစ။)
ဝိဝသ (တိ) သေခါနီး၍ ဉာဏ်ပျက်စီးသူ (အလိုမကျသည်)
ဝိဝါဒ (ပ) ငြင်းခုံခြင်း၊ ငြင်းခုံခိုက်ရန်ဖြစ်ခြင်း
ဝိဝါဟ (ပ) ထိမ်းမြားလက်ထပ်ခြင်း

http://www.dhammadownload.com



ဝိဝိတ္တ (တိ) ဆိတ်ကွယ်ရာ
ဝိဝိဓ (ပ) အထူးထူး အပြားပြား
ဝိဝေက (ပ) ဆိတ်ငြိမ်ခြင်း
ဝိဝေတ-** ဝိစာရေဝိ-ဆင်ခြင်ခြင်း၊ ကင်း ဆိတ်ခြင်း၊ ရေစကျင်း။ (ဝိစာရေဝိ ဝိဝေကော ထ။)
ဝိသ (နာ) အဆိပ်
ဝိသကက္ခက (နာ) ထန်းလျက် (တင်လဲခဲ)
ဝိသကဏ္ဍိကာ (ကျ) ဗျိုင်းအောက်
ဝိသင်္ခန (နာ) ပေးကမ်းစွန့်ကြဲခြင်း
ဝိသညိတာ (ကျ) မိန်းမောတွေဝေခြင်း
ဝိသဒ္ဓ (တိ) ဖြန့်.အပ်သည်
ဝိသဒ္ဓ (တိ) သန့်.ရှင်းသည်
ဝိသဏ္ဍိကာ (ကျ) တဏှာ
ဝိသဒ (တိ) လိမ္မာသူ
ဝိသဒ-** ဗျတ္တ-လိမ္မာသောသူ၊ သေတ-ဖြူသောဝတ္ထု။ (ဝိသဒေါ ဗျတ္တသေတေသု။)
ဝိသဓရ (ပ) မြေ
ဝိသပ္ပန (နာ) ပြန့်.ပွားခြင်း
ဝိသယ (ပ) အာရုံ၊ အရပ်
ဝိသယ-** သေဝိတော ယေန ယော နိစ္စံ တတ္ထ-ငါး,စသော သတ္တဝါသည် ရေ အစရှိသည်တို့.ကို အမြဲမှီဝဲအပ်၏ဟူသော နိစ္စသေဝိတ ဝိသယာဓာရ၊ ရူပါဒိက-ရူပါရုံ,စသည်၊ ဇနပဒံ ဇနပုဒ်၊ ဒေသ-အရပ်၊ ဂေါစရ-ကျက်စားရာ (စားကျက်)။ (သေဝိတော ယေန ယော နိစ္စံ၊ တတ္ထာပိ ဝိသယော သိယာ။ ရူပါဒိကေ ဇနပဒေ၊ တထာ ဒေသေစ ဂေါစရေ။)
ဝိသယီ (နာ) ဣန္ဒြေ
ဝိသရ (ပ) အပေါင်း
ဝိသာခါ (ကျ) ဝိသာခါနက္ခတ်၊ ဝိသာခါ
ဝိသာဏ (နာ) ဦးချို
ဝိသာဏ-** မာတင်္ဂန္တ-ဆင်စွယ်၊ ပသုသိင်္ဂ-သားချို။(လိင်သုံးပါး) (ဝိသာဏံ တိသု မာတင်္ဂ-ဒန္တေစ ပသုသိင်္ဂကေ။)
ဝိသာဒရ (ပ) ပညာရှိ
ဝိသာဒရ-(တိ) သုပွဂဒ္ဒ-အပြောအဆိုရဲသူ၊ သွက်လက်သူ၊ ပဏ္ဍိတ-ပညာရှိ။ (ဝုတ္တော ဝိသာရဒေါ တိသု၊ သုပွဂဒ္ဒေစ ပဏ္ဍိတေ။)
ဝိသာလ (ပ) ပြန့်.ကျယ်သည်
ဝိသာလတာ (ကျ) အနံ
ဝိသာလာ (ကျ) ဖရဲခါးပင်
ဝိသိခါ (ကျ) မြို့.တွင်း, ရွာတွင်းလမ်း
ဝိသိဋ္ဌ (တိ) မြတ်သည်, ပြဋ္ဌာန်းသည်
ဝိသုဒ္ဓိ (ကျ) နိဗ္ဗာန်
ဝိသူစိကာ (ကျ) ဝမ်းကျရောဂါ
ဝိသေသက (ပ) မှန်ကူခြင်း
ဝိဿ (တိ) ညီဟောက်သောအနံ့. (စိမ်းစော် ညီဟောက်သော အနံ့.သည် "ဝိဿ" မည်၏။)
ဝိဿဇ္ဇန (ပ) ယုံကြည်ခြင်း
ဝိဿာနဏ (နာ) ပေးကမ်းစွန့်ကြဲခြင်း
ဝိဿာသ (ပ) ယုံကြည်ခြင်း
ဝိဿုတ (တိ) ထင်ရှားသူ
ဝိဟဂ (ပ) ငှက်

http://www.dhammadownload.com



ဝိဟဂါဓိပ (ပ) ဂဠုန်ငှက်
ဝိဟင် (ပ) ငှက်
ဝိဟင်မ (ပ) ငှက်
ဝိဟတ္ထ (ပ) မြို့ငြိတွေသူ
ဝိဟာယိတ (နာ) ပေးကမ်းစွန့်ကြဲခြင်း
ဝိဟာရ (ပ) ကျောင်း
ဝိဟာရ- ** ကီဠာ-ကစားမြူးတူးခြင်း၊ ဒိဗ္ဗဝိဟာရာဒိ-ဒိဗ္ဗဝိဟာရ,စသည်။ သုဂတာလယ-ကျောင်းတော်ရာ။ (ကီဠာ ဒိဗ္ဗဝိဟာရာဒေါ် ဝိဟာရော သုဂတာလယေ။)
ဝီစိ (ပ-ဂ္ဂ) လှိုင်းတံပိုး
ဝီစိ - ** တရင်-လှိုင်း၊ အန္တရ-အပေါက်အကြား။(တရင်၏ စာန္တရေ ဝီစိ။)
ဝီဏာ (ဂ္ဂ) စောင်း
ဝီဏာဓါဒိ (ပ) စောင်းတီးသမား
ဝီတ (တိ) ကင်းသည်
ဝီတ -** ဝိဂတ-ကင်းသည်၊ ဝါယိတ-ရက်အပ်သည်။ (ဝိဂတေ ဝါယိတေ ဝီတံ။)
ဝီတရာဂ (ပ) ရဟန္တာ
ဝီတိက္ကမ (ပ) ကျူးလွန်ခြင်း
ဝီထိ (ဂ္ဂ) မြို့တွင်း,ရွာတွင်းလမ်း၊ အစဉ်အတန်း
ဝီထိ -** အဂ္ဂသ-ခရီးလမ်းသာမန်၊ ဝိသိခါ-လမ်းမ,လမ်းကျယ်၊ ပန္တိ-အစဉ်။ (အဂ္ဂသေ ဝိသိခါယဉ္စ၊ ပန္တိယံ ဝီထိ နာရိယံ။)
ဝီမံသာ(ဂ္ဂ)စူးစမ်းဆင်ခြင်နိုင်သောပညာ
ဝီရ (ပ) ရဲရင့်သူ၊ ဓမ္မဒါနယုဒ္ဓတို့၌ ရဲရင့်ခြင်း
ဝီရိယ (နာ) အားထုတ်ခြင်း, လုံ့လ
ဝီရိယ- ** ဗလ-အားအစွမ်း၊ ပဘာဝ-တန်ခိုး။(ဗလေ ပဘာဝေ ဝီရိယံ။)
ဝီရိယဝ် (နာ) ဝီရိယအင်္ဂါ (၄)ပါး (တစအဝသိဿန-အရေမွှကြွင်းခြင်း နဟာရုအဝသိဿန-အကြောမျှကြွင်းခြင်း၊ အဋ္ဌိအဝသိဿန-အရိုးဇီးကြွင်းခြင်း၊ မံသလောဟိတအဝသုဿန-အသားအသွေး၏ ခန်းခြောက်ခြင်း။ )
ဝီရှ (ဂ္ဂ) စိပ်သောနွယ် (အခက်အရွက် အယှက်ယှက်တည်သော ကွမ်း, စသောနွယ်သည် "ဝီရှ" မည်၏။)
ဝီဟိ (ပ) ကောက်လတ် (ကောက်ကြမ်း) ကောက်ပဲ,စသည်
ဝုဋ္ဌ (ဂ္ဂ) မိုးရွာခြင်း
ဝုတိ (ဂ္ဂ) ရစ်ပတ်ခြင်း
ဝုတ္ထ (တိ) ဆိုအပ်သည်
ဝုတ္ထ-** ကေသောဟာရဏ-ဆံခွ,ဆံရိတ်ခြင်း၊ ဇိဝိတဝုတ္ထိ-အသက်မွေးခြင်း၊ ဝပန-စိုက်ပျိုးခြင်း၊ ဝါဟသမကရဏ-စိုက်ပျိုးအပ်သော မျိုးစေ့ကို အညီအညွတ်ပြုခြင်း၊ (ဖုံးခြင်း,မှုန်းခြင်း)၊ ကထန-ပြောဆိုခြင်း၊ ပဝုတ္ထဘာဝ-အညာအဖွဲ့မှ လွတ်ခြင်း (ကြွေကျခြင်း)၊ အဗ္ဗောနာဒိ-ခွတ်ဖတ် သရဗ္ဗာယ်ခြင်း,စသည်၊ (လိင်သုံးပါး) (ကေသောဟာရဏာ ဇိဝိတ-ဝုတ္ထိသု ဝပနေစ ဝါဟသမကရဏေ။ ကထနေ

http://www.dhammadownload.com



ပဝုတ္ထဘာဝ-ဗျေနာဒေါ ဝုတ္ထမပိတိသု
ဝုတ္ထဿ (ပ) သတင်းစကား
ဝုတ္ထိ (ကွ) အသက်မွေးမှု
ဝုတ္ထိ-(ကွ) ** ဇီဝိကာ-အသက်မွေးခြင်း၊ ဇီဝရဏ-အကျယ်ဖွင့်ခြင်း၊ ဝတ္ထန-ဖြစ်ခြင်း။ (ဇီဝိကာယံ ဇီဝရဏေ၊ ဝတ္ထနေ ဝုတ္ထိ နာရိယံ။)
ဝုဒ္ဓ-ဝုဗ္ဘ (ပ) လူအို၊ နွားအို
ဝုဒ္ဓ- ** ထေရ-ကြီးသူ၊ ပဏ္ဍိတ-ပညာရှိ။ (ဝုဒ္ဓါ ထေရေစ ပဏ္ဍိတေ။)
ဝုဒ္ဓိ-ဝုဗ္ဘိ (ကွ) ကြီးပွားခြင်း
ဝုဒ္ဓိရောဂ (ပ) မုတ္တနာ (လိင်ဥရောင်သော အနာ)
ဝုသ (ပ) နွားလား၊ နွားထီး
ဝေ (နိ) စင်စစ်
ဝေဂ (ပ) အဟုန်
ဝေဂ-** ဇဝ-အဟုန်၊ ပဝါဟ-ရေအလျဉ်၊ (ဝေဂေါ ဇဝေ ပဝါဟေစ။)
ဝေဂိ (တိ) အလျင်အမြန်သွားသူ
ဝေဇယန္တ (ပ) ဝေဇယန္တာပြာသာဒ်၊ ဝေဇယန္တာရထား (သိကြားမင်း၏ ပြာသာဒ်သည် "ဝေဇယန္တ" မည်၏။ (တနည်း)သိကြားမင်း၏ ရထားသည် "ဝေဇယန္တ" မည်၏။)
ဝေဇယန္တိကာ (ကွ) ရေသကျည်းပင်
ဝေဠ (ပ) ဆေးသမား
ဝေဠု ( နှ) မှတ်တိုင်၊ (စက်တိုင်)
ဝေဠက (ပ) စောင်းကြက်သော သားရေ
ဝေဠန (နှ) ခေါင်းပေါင်း, ဦးရစ်
ဝေဠန -** ဝေဠ-ခေါင်းပေါင်း,ဦးရစ်၊ ဥဏှိသ-သင်းကျစ်။ (ဝေဠုကိုသေသု ဝေဠနံ။)
ဝေဠိတ (တိ) ရစ်ပတ်အပ်သည်
ဝေဏဝိက (ပ) နဲ့ပုလွေမှုတ်သူ
ဝေဏိက (ပ) စောင်းတီးသမား
ဝေဏီ (ကွ) မဖီး,မလိမ်းသော ဆံထုံး
ဝေဏု (ပ) ဝါး
ဝေဏုဝမ (ပ) နဲ့ပုလွေမှုတ်သူ
ဝေတန (နှ) အခ
ဝေတနိက (ပ) ကူလီ၊ အခစား
ဝေတရဏီ (ကွ) ဝေတရဏီငရဲ
ဝေတသ (ပ) ကုန်းကြိမ်
ဝေတာဠိက (ပ) အန်ိုးတော်
ဝေဒ (ပ) ဗေဒင်ကျမ်း၊ ဖောက်ထွင်းခြင်း
ဝေဒ- ** ဉာဏ-ဉာဏ်ပညာ၊ သောမနဿ-ဝမ်းမြောက်ခြင်း၊ ဆန္ဒ-ဗေဒကျမ်း။ (ဉာဏေစ သောမနဿေစ ဝေဒေါ ဆန္ဒသိ စောစွတေ။)
ဝေဒဂ် (ကွ) ဗေဒင်၏အစိတ်
ဝေဒဗိါနီ ဝဒန္တိ ဆ -အရ -** (ဗေဒ၏အစိတ်(ဗေဒင်) ၆-ပါး -ရှ )
ဝေဒနာ (ကွ) ခံစားခြင်း
ဝေဒနာ- ** ဝိတ္တိ-နှစ်သက်ခြင်း၊ ပီဍာ-နာကျင်ခြင်း။ (ဝိတ္တိ ပီဍာသု ဝေဒနာ။)
ဝေဒယိတ (နှ) ခံစားခြင်း
ဝေဒိ (ကွ) ဝရုန်တာ
ဝေဒိကာ (ကွ) ဝရုန်တာ
ဝေဒီ (ကွ) မန္တာန်,စသည်ဖြင့် စီရင်အပ်သော မြေ

http://www.dhammadownload.com



ဝေ (တိ) ဖောက်ထွင်းခြင်း
ဝေဓိတ (တိ) ဖောက်ထွင်းအပ်သည်
ဝေန (ပ) နှီးသမား
ဝေနတေယျ (ပ) ဂဠုန်ဌက်
ဝေပစိတ္တိ (ပ) ဝေပစိတ္တိအသုရာ
ဝေပုလ္လ (ပ) ဝေပုလ္လတောင်
ဝေဘာရ (ပ) ဝေဘာရတောင်
ဝေမ (ပ) ရက်ကန်းလက်ခတ်
ဝေမဇ္ဈ (နှ) အလယ်
ဝေမတ္တ (နှ) ထူးသည်၏အဖြစ်
ဝေယ္ယ (နှ) ကျားရေကွပ်ရထား (ကျား၏ အရေဖြင့် ကွပ်သော ရထားသည် "ဝေယ္ယ" မည်၏။)
ဝေရ (နှ) မကောင်းမှု, အကုသိုလ်, အမျက်ဒေါသ
ဝေရ-** ပါပ-မကောင်းမှု၊ ပဋိယ-အမျက်၊ (ဝေရံ ပါပေစ ပဋိယေ။)
ဝေရမကို (ဣ) ရှောင်ကြဉ်ခြင်း
ဝေရီ (ပ) ရန်သူ
ဝေရောစန (ပ) နေ
ဝေလာ (ဣ) အခါ၊ ကမ်း (သမုဒ္ဒရာ၏ ကမ်းအရပ်သည် "ဝေလာ" မည်၏)
ဝေလာ- ** ကာလ-အခါ၊ ကူလ-ကမ်း၊ သီမာ-အပိုင်းအခြား၊ ရာသိ-အစု။ (ကာလေ တု ကူလေ သီမာယံ၊ ဝေလာ ရာသိမှိ ဘာသိတာ။)
ဝေလ္လိတ (တိ) ကွေးသည်, ကောက်သည်
ဝေလ္လိတ-** ကုဋိလ-ကောက်ကွေးသည်၊ ဓုတ-တုန်လှုပ်သည်။ (ဝေလ္လိတံ ကုဋိလေ ဓုတေ။)
ဝေဝစန (နှ) ပရိယာယ်
ဝေသ (ပ) အသွင်အပြင်
ဝေသာခ (ပ) ကဆုန်လ
ဝေသာယီ (ပ) ယမမင်း
ဝေသာလီ (ဣ) ဝေသာလီပြည်
ဝေသိယာ (ဣ) ပြည့်တန်ဆာမ
ဝေသိယာန (ပ) သူကြွယ်မျိုး
ဝေသီ (ဣ) ပြည့်တန်ဆာမ
ဝေသ္မ (နှ) အိမ်
ဝေဿ (ပ) ဝေဿမျိုးဖြစ်သူ (အသည်, သူကြွယ်မျိုး)
ဝေဿဝဏ (ပ) ဝေဿဝဏ်နတ်မင်း
ဝေဿာနရ (ပ) မီး
ဝေဿာမိတ္တ (ပ) ဝေဿာမိတ္တရသေ့
ဝေဟာယသ (နှ) ကောင်းကင်
ဝေဟာသ (ပ) ကောင်းကင်
ဝေဠု (ပ) ဝါး
ဝေဠုရိယ (နှ) ကြောင်မျက်ရွဲ
ဝေါကာရ (ပ) အယုတ်
ဝေါကာရ- ** လာမက-အယုတ်၊ ခန္ဓ-ရူပက္ခန္ဓာ,စသော ခန္ဓာ။ (ဝေါကာရော လာမကော ခန္ဓေ။)
ဝေါဿဂ္ဂ (ပ) ပေးကမ်းစွန့်ကြဲခြင်း
ဝေါဟာရ (ပ) စကားပြောခုံခြင်း
ဝေါဟာရ-** သဒ္ဒ-သဒ္ဒါ၊ ပဏ္ဏတ္တိ-ပညတ်၊ ဝဏ္ဏာ-ကုန်သွယ်ခြင်း၊ စေတနာ-စေတနာ။ (ဝေါဟာရော သဒ္ဒ ပဏ္ဏတ္တိ၊ ဝဏ္ဏာ စေတနာသုစ။)
သ (ပ) ဥစ္စာ
သ -** (ပုလ္လိင် သ-သည်) ဗန္ဓ-အဆွေ

http://www.dhammadownload.com



ခင်ပွန်း၊ (နပုံလိင် သ-သည်) အတ္တ-
ဓိဓိ၊ (ပုလ္လိင်,နပုံလိင် သ-သည်) ဓန-
ဥစ္စာ၊ (ပုလ္လိင် သာ-သည်) သုနခ-
ခွေး၊ (လိင်သုံးပါးနှင့်ယှဉ်သော သ-
သည်) အတ္တနိယ-ဓိဓိဥစ္စာ။
(သော ဗန္ဓဝေ တ္တနိစ သံ၊
သော ဓနသို့ မနိတ္တိယ်။
သာ ပုမေ သုနခေ ဝုတ္တော၊
တ္တနိယေ သော တိလိဂိကော။)

သံ (က) ကိုယ်တိုင်

သံ -** သမောဓာန-ပေါင်းခြင်း၊ သခ်ိပ
-အကျဉ်းချုံးခြင်း၊ သမန္တတ္တ-ထက်ဝန်း
ကျင်အဖြစ်၊ သမိဒ္ဓိ-ပြည့်စုံခြင်း၊
သမွာ-ကောင်းခြင်း(ဝါ) မဖောက်မ
ပြန်ခြင်း၊ ဘုသ-ပြင်းထန်ခြင်း၊ သဟ
-တကွအနက်၊ အပ္ပတ္တ-အနည်းငယ်
အနက်၊ အဘိမုခတ္တ-ရှေးရှုခြင်း
အနက်၊ သဂ်တ-ပေါင်းဆုံခြင်း၊ ဝိဓာ
န-စီရင်ခြင်း၊ ပဘဝ-အမွန်အစ၊ ပူဇ
-ပူဇော်ခြင်း၊ ပုနပ္ပုနကြိယာဒိ-အဖန်
ဖန်ပြုခြင်း,စသည်။(၁၄-နက်)
(ဆံ သမောဓာန သခ်ိပ-သမန္တတ္တ
သမိဒ္ဓိသု။ သမွာ ဘုသ သဟပ္ပတ္တာ-
ဘိမုခတ္တေသု သဂ်တေ။ ဝိဓာနေ
ပဘဝေ ပူဇာ-ပုနပ္ပုနကြိယာဒိသု။)

သံကဒ် (တိ)ကျဉ်းမြောင်းသည်

သံကထာ (ဣ) ဆွေးနွေးတိုင်ပင်ခြင်း

သံကိဏ္ဏ (ပ) ရောစပ်သောအဖျိုး၊
ရောပြွမ်းသည်

သံကိဏ္ဏ- ** ဗျာပ-ပျံ့နှံ့သည်၊ အသွဒ-
မစင်ကြယ်သည်။
(ဗျာမေ အသုဒ္ဓေ သံကိလ္လော။)

သံကုလ (တိ) ရှေ့နောက်ဆန့်ကျင်သော
စကား၊ ရောပြွမ်းသည်

သံယ (ပ) သတ္တဝါအပေါင်း
(ဇာတ်တူ, မတူသော သတ္တဝါတို့၏
အပေါင်းသည် "သံယ" မည်၏။)

သံယာတ (ပ) အပေါင်း၊ သံယာတဝေ့

သံယာတ-** ယာတ-သတ်ခြင်း၊ ရာသိ-
အစု။(သံယာတော ယာတရာသိသု )

သံယတ (တိ) တံကျင်လျှိုအပ်သူ

သံယတ္တိကာ (ပ) လေ့ကုန်သည် (သဘော်
ကုန်သည်) (လေ့သဘော်ဖြင့် ကုန်
သွယ်ခြင်းကို ပြုကုန်သောသူတို့
သည် "သံယတ္တိကာ" မည်၏။)

သံယမ (ပ) စောင့်စည်းခြင်း၊အကျင့်သိလ

သံယုဂ (နှ) စစ်ထိုးခြင်း၊စစ်တိုက်ခြင်း

သံရာဝ (ပ) အသံ

သံဝစ္ဆရ (ပ-နှ) နှစ်

သံဝဋ္ဋ (ပ) ကမ္ဘာပျက်ခြင်း၊ ပျက်ဆဲကမ္ဘာ

သံဝရီ (ဣ) ညည့်

သံဝသထ (ဒွ) နှစ်

သံဝုတ (တိ) ဖုံးလွှမ်းအပ်သည်

သံသဒ္ဒ (ပ) သဘင်၊ အစည်းအဝေး

သံသယ (ပ) ယုံမှားတွေးတောခြင်း

သံဟတိ (ဣ) အပေါင်း

သံဟာရ (ပ) အကျဉ်း

သကဋ္ဌ (ပ-နှ) လှည်း၊တစ်ဝိုဟ္ဒ

သကဋမဂ္ဂ (ပ) လှည်းကြောင်းခရီး

သကလ (ပ) အစိတ်၊ အလုံးစုံ

http://www.dhammadownload.com



သတလ- ** (သုံးလိင် သကလ-သည်) သဗ္ဗ-အလုံးစုံ၊ (ပုလ္လိင် သကလ-သည် အဒ္ဓ-ထက်ဝက်အစိတ်။ (သဗ္ဗသို့ သကလော တီသု၊ အဒ္ဓမို့ ပုရိသေ သိယာ။)

သကာသ (ပ) အနီး

သကုဏ (ပ) ငှက်

သကုဏဂ္ဂိ (ဣ) သိမ်းငှက်

သကုဏီ (ပ) ငှက်

သကုန္တ (ပ) ငှက်၊ ငှက်တော်

သတုန္တ- ** ဘာသပက္ခိ-တောကြက်၊ ပက္ခိ-ငှက်သာမန်။ (သကုန္တော ဘာသပက္ခိသု။)

သတ္တ (ပ) ဂေါတမဘုရား၊ သိကြားနတ်မင်း၊ သတ္တတိုင်း

သတ္တ- ** (ပုလ္လိင် သတ္တ-သည်) ဣန္ဒ-သိကြားမင်း၊ ဇနပဒ-သတ္တတိုင်း၊ သာကိယ-သာကီဝင်၊ (လိင်သုံးပါး တို့၌ဖြစ်သော သတ္တ-သည်) ခမ-ခွဲမြားနိုင်သည်။ (သတ္တော ဣန္ဒေ ဇနပဒေ၊ သာကိယေ ဟော ခမေ တီသု။)

သတ္ထရာ (ဣ) သကြားမြှား၊ သကြားမှုန့်

သတ္ထရာ-** ဂုဠဖဏ္ဍဒ-သကြားကထလ-အိုးခြမ်းကွဲ။ (သတ္ထရာ ဂုဠဘောဒေ စ၊ ကထလေ လပိတ္ထ ဒီဿတိ။)

သဒ္ဒ (ပ) သာကီဝင်မင်း

သဒ္ဒမုနိ (ပ) ဂေါတမဘုရား

သဒ္ဒသီဟ (ပ) ဂေါတမဘုရား

သဓ (ပ) မိတ်ဆွေ၊ မဟာမိတ်မင်း

သဓါ-** မိတ္တ-မိတ်ဆွေခင်ပွန်း၊ သဟာယ-မိမိအကျိုးစီးပွားကို ပြုကျင့်ထောက်ပင့် ကူညီသူ။ (မိတ္တော သဟာယေစ သဓါ။)

သဓီ (ဣ) မိတ်ဆွေမ

သဂဿ (ပ) မွေးချင်းသားချင်း

သဂေါတ္တ (ပ) ဆွေမျိုး

သဂ္ဂ (ပ) နတ်ပြည်

သဂ္ဂ -** စာဂ-စွန့်ပစ်ခြင်း၊ သဘာဝ-သဘော၊ နိမ္မာန-ဖန်ဆင်းခြင်း၊ အလ္လာယ-ကျမ်း၏ အပိုင်းအခြား၊ ဒိဝ-နတ်ပြည်။ (စာဂေ သဘာဝေ နိမ္မာနေ၊ သဂ္ဂေါ လ္လာယေ ဒိဝေပျထ။)

သဂ္ဂဝါသီ (ပ) နတ်

သင်္ကိုရ (နာ) အမှိုက်ပုံ

သင်္ဃ (ပ) အကြံ၊ ဝိတက်

သင်္ဃ (ပ) ခက်ခဲသောခရိန်

သင်္ဃသ (နာ) သင်္ဃသနဝိုရ်ပြည်

သင်္ကာ (ဣ) ယုံမှားတွေးတောခြင်း

သင်္ကာရ (ပ) အမှိုက်

သင်္ကာရကူဋက (တိ) အမှိုက်ပုံ

သင်္ကာရဋ္ဌာန (နာ) အမှိုက်ပုံ

သင်္ကာသ (နာ) အတူ

သင်္ကို (ပ) ငုတ်၊ သစ်ငုတ်

သင်္ကို-** ခီလ-ငြောင့်၊ ဟေတိ-လက်နက်၊ (သင်္ကို တု ခီလဟေတိသု။)

သခီ (ပ) ခရုသင်းကြိုး၊ မှော်ကြိုး

သခီ -(ပ-နာ) ** ကမ္မ-ခရုသင်းနှလာဋ္ဌဋ္ဌ-နဖူးရိုး၊ ဂေါပ္ပက-ခြေဖမျက်။

http://www.dhammadownload.com



(သခ်ါ တွ နိတ္ထိယဲ ကမ္မု-
နလာဌဋ္ဌိသု ဂေါပွကေ။)

သခ်နခ (ပ) ခရုသင်းငယ်

သခ်လ (တိ) ဆင်ထူး

သခ်ါ (ကြ) ရေတွက်ခြင်း

သခ်ါ -** ဉာဏ-ဉာဏ်၊ ကောဋ္ဌာသ-
အဖို့အစု၊ ပညတ္တိ-ပညတ်၊ ဂဏန-
ရေတွက်ခြင်း။ (သခ်ါ တု ဉာဏေ
ကောဋ္ဌာသ-ပညတ္တိဂဏနေသုစ။)

သခ်ါရ (ပ) ထုံခြင်း

သခ်ါရ-** သခ်တ-သခ်ါရတရား၊ ပုဉ္ဉာ
ဘိသခ်ါရာဒိက-ပုဉ္ဉာဘိသခ်ါရ,
စသည်၊ ပယောဂ-အားထုတ်ခြင်း,
လုံ့လ၊ ကာယသခ်ါရာဒိ-ကာယ
သခ်ါရ,စသည်၊ အာဘိသခ်ရဏ-
ပြုပြင်စီရင်ခြင်း။
(သခ်ါရော သခ်တေ ပုဉ္ဉာ-ဘိသခ်ါ
ရာဒိကေဝိစ။ ပယောဂေ ကာယ
သခ်ါရာ-ဒျဘိသခ်ရဏေသုစ။)

သခ်ေပ (ပ) အကျဉ်း

သင်္ခါတ (တိ) ရေတွက်အပ်သည်

သင် (ပ) ပေါင်းဆုံခြင်း

သင်မ (ပ) ပေါင်းဆုံခြင်း

သင်ရ (ပ) အဆွေခင်ပွန်းဖွဲ့ခြင်း

သင်ရ-* မိတ္တကာရ-အဆွေခင်ပွန်းဖွဲ့ခြင်း
လဋ္ဌဒါန-တံဆိုး လက်ဆောင်ပေးခြင်း၊
ဗလရာသိ-ဝိုလ်အစု၊ ဝိပတ္တိ-ပျက်စီး
ခြင်း။ ယုဒ္ဓ-စစ်ထိုးခြင်း၊ ပဋိညာ-
ဝန်ခံခြင်း။
(မိတ္တာကာရေ လဋ္ဌဒါနေ၊ ဗလရာသိ
ဝိပတ္တိသု။ ယုဒ္ဓေစေဝ ပဋိညာယ၊
သင်္ဂရော သမ္ဘကာသိတောဝ။)

သင်္ဂဟ (ပ) အကျဉ်း

သင်္ဂဟ- ** အနုဂ္ဂဟ-ခွီးမြှောက်ခြင်း၊
သခ်ေပ-အကျဉ်း၊ ဂဟဏ-ယူခြင်း။
(အနုဂ္ဂဟေ တု သခ်ေပေ၊
ဂဟဏေ သင်္ဂဟော မတောဝ။)

သင်္ဂါမ (ပ) စစ်ထိုးခြင်း၊ စစ်တိုက်ခြင်း

သဃ်တ (ပ) လျှော်က်
(ယောက်,ယောက်ပတ်)

သဃ်တ-** ယုဂဧဟင်-အစုံဖြစ်သော
အိမ်အစိတ် လျှောက်(ယောက်)၊
ပေါင်းစုအပ်သောဝတ္ထု။
(သဃ်တော ယုဂဧဟင်ေ။)

သစိဝ (ပ) အမှုဆောင်အမတ်

သစေ (နိ) အကယ်၍

သစ္စ (နှ) နိဗ္ဗာန်၊ မှန်သောစကား

သစ္စ -** နိဗ္ဗာန-နိဗ္ဗာန်၊ မဂ္ဂ-အရိယမဂ်၊
ဝိရတိ-ဝိရတိသစ္စာ၊ သပထ-ကျိန်
သစ္စာ၊ သစ္စဘာသိတ-အမှန်ပြောဆို
ခြင်း(ဝစီသစ္စာ)၊ တစ္ဆ-မှန်ကန်သည်၊
အရိယသစ္စ-အရိယသစ္စာ၊ ဒ္ဝိဒ္ဒ-ဒ္ဝိဒ္ဒ
သစ္စာ။(နိဗ္ဗာန မဂ္ဂဝိရတိ-သပထေ
သစ္စဘာသိတေ။ တစ္ဆေ စာရိယ
သစ္စဒ္ဝိ၊ ဒ္ဝိဒ္ဒယဲ သစ္စ မိရိတံ။)

သစ္စကာရ (နှ) ကတိထားခြင်း၊
(စရန်ပေးခြင်း)

သစ္စာပန (နှ) ကတိထားခြင်း
(စရန်ပေးခြင်း)

သစ္ဆန္ဒ (ပ) မိမိအလိုတူတိုင်းနေသူ

http://www.dhammadownload.com



သစ္ဆိ (ဖို) မျက်မှောက်ပြုခြင်း
သဇန (ပ) ဆွေမျိုး
သဇိဝ (ပ) အမှုဆောင်အမတ်
သဇု အင်ကြင်း (ပ) ချပ်ဝတ် ဝတ်သောစစ်သား၊
သဇုန (ပ) အမျိုးမြတ်သူ
သဇုန- ** (ပုလ္လိင် သဇုန-သည်) သာဓု-သူတော်ကောင်း၊ (နပုံလိင် သဇုန-သည်) ကပွန-အသင့်ပြင်ဆင် စီရင်ခြင်း။ (သဇုနော သာဓု ပုရိသေ၊ သဇုနံ ကပွနေ ပျထ။)
သဇိတ (ပ) ကကြိုးတင်ပြီးဆင်
သဇ္ဈ (ဗျ) ထိုဓဏ (လောလောဆယ်)
သဇ္ဈလသ (ပ) ပွဲရက်
သဇ္ဈ (နာ) ငွေ
သဇ္ဈု (နာ) ငွေ
သဇ္ဈယ (ပ) အပေါင်း
သဇ္ဈာရိကာ(ဣ) အောင်သွယ်မ
သဇ္ဈိန္ဒ (တိ) ဖြတ်ရိတ်အပ်သည်
သဇ္ဈိဝ (ပ) သိဒ္ဓိုးငရဲ
သဇ္ဈာ (ဣ) ညနေချမ်း (ဆည်းဆာ)
သညာ (ဣ) အမည်
သညာ-** သဇ္ဈာနန-သိခြင်း၊ နာမ-အမည်၊ စေတနာ-စေ့ဆော်ခြင်း။ (သညာ သဇ္ဈာနနေ နာမေ၊ စေတနာယဉ္စ ဒိဿတိ။)
သဒ္ဒ (တိ) ကောက်ကျစ်စဉ်းလဲသူ
သဏိက (နိ) ဖြည်းနှေးသည်
သဏ္ဌာန (နာ) စုဝေး၍တည်ခြင်း
သဏ္ဌာန- ** အင်္ဂ-အမှတ်၊ အာကာရ-အခြင်းအရာ။ (အင်္ဂေ သဏ္ဌာန မာကာရေ။)
သဏ္ဌ (ပ-နာ) ပဒုမ္မာကြာ,စသည်အပေါင်း
သဏ္ဌာသ (ပ) ညှပ်
သတ (နာ) တစ်ရာ
သတတ (နာ) အမြဲ
သတပတ္တ (ပ) ခေါက်ရာငှက်၊ ကြာ
သတ္ထပတ္တ-** (နပုံလိင် သတပတ္တ-သည်) သရောရုဟ-ကြာ၊ (ပုလ္လိင် သတ္တပတ္တ သည်) ခဂန္ဓရ-သာရသ (ကြိုးကြာငှက်) အထူး။(သရောရုဟေ သတပတ္တံ၊ သတပတ္တော ခဂန္ဓရေ။)
သတပဒီ (ဣ) ကင်းခြေများ
သတိဘိသဇာ (ဣ) သတဘိသျှနက္ခတ်
သတမူလီ (ဣ) ကြံညွတ်ပင် (ရှည့်မတက်ပင်)
သတရံသီ (ဣ) နေ
သတာဝရီ (ဣ) ကြံညွတ်ပင် (ရှည့်မတက်ပင်)
သတိ (ဣ) အောက်မေ့ခြင်း
သတိဝေါသဂ္ဂ (ပ) မေ့လျော့ခြင်း
သတီ (ဣ) သူတော်ကောင်းမ
သတေရတာ (ဣ) လျှပ်စစ်
သတ္တ (ပ) သတ္တဝါ
သတ္တ- ** (နပုံလိင် သတ္တ-သည်) ဒဋ္ဌဉ္စ၊ အတ္တဘာဝ-အတ္တဘော၊ ပါဏ-ဇီဝိတိန္ဒြေ၊ ဗလ-အစွမ်း၊ သတ္တာ-ထင်ရှားဖြစ်ရှိသည်၏အဖြစ်၊ (ပုလ္လိင် သတ္တ-သည်) ဇန-သတ္တဝါ၊ (လိင်သုံးနှင့်ယှဉ်သော သတ္တ-သည်)အာသတ္တ

http://www.dhammadownload.com



-ကပ်ငြိခြင်း။ [သတ္တံ ဒဗ္ဗတ္တ ဘာဝေသု၊ ပါဏေသုစ ဗလေ သိယာ သတ္တာယဉ္စ ဇနေ သတ္တော၊ အာသတ္တေ သော တိလိဝိကောဟ။]

**သတ္တခေည** (တိ) စပါး (၇) မျိုး [ သာလိ-သလေး(ကောက်ကြီး) ဝိဟိ-ကောက်လတ် (ကောက်ကြမ်း)၊ ကုဒြူသ-လူး၊ ဂေါခုမ-ဂျုံ၊ ဝရက-ပြောင်း၊ ယဝ-မုယော၊ ကင်္ဂု-ဆပ်]

**သတ္တပဏ္ဏိ** (ပ) စရဏ်းပင် (တောင်မနီးပင်)

**သတ္တမ** (တိ) မြတ်သည်, ပြဋ္ဌာန်းသည်

**သတ္တမ** * သတ္တပူရဏ-ခုနစ်ခုတို့၏ ပြည့်ကြောင်း၊ သေဋ္ဌ-မြတ်သည်၊ အတိသန္တ-အလွန်ငြိမ်သက်သည်။ [ သတ္တန်ဖူရဏော သေဋ္ဌေ-တိသန္တေ သတ္တမော တိသု။]

**သတ္တမဟာသာရ** (ပ) အိုင်ကြီး(၇)အိုင် [အနဝတတ်အိုင်၊ ကဏ္ဏမုဏ္ဍာအိုင်၊ ရထကာရကအိုင်၊ ဆဒ္ဒန်အိုင်၊ ကုဏာလအိုင်၊ မန္ဒာကိနီအိုင်၊ သီဟပ္ပပါတအိုင်။ (၆၇၉/၆၈၀)

**သတ္တာဟ ရတနာနိဗမ-ဠ်** သတ္တ-အရ/

**သတ္တာရတန** (နဂ) ရတနာ (၇) ပါး [ သုဝဏ္ဏ-ရွှေ၊ ရဇတ-ငွေ၊ မုတ္တာ-ပုလဲ၊ မဏိ-ပတ္တမြား၊ ဝေဠုရိယ-ကြောင်မျက်ရွဲ၊ ဝဇိရ-စိန်၊ ပဝါဠ-သန္လာ။] (သုဝဏ္ဏံ ဂုဇော် မုတ္တာ၊ မဏိ ဝေဠုရိယာနိုဂ၊ ဝဇိရံ ပဝါဠဉ္စိ၊ သတ္တာဟု ရုတနာနိုဂေ။)

**သတ္တလာ** (ဣ) ကြက်နဲပင်

**သတ္တဝက်** (ပ) ငါးရှဉ့်

**သတ္တာဒိက ဒိသတိ နက္ခတ္တာ-အရ/**

**သတ္တာဒိသတိနက္ခတ္တ** (တိ) နက္ခတ် (၂၇)လုံး [၁။ အသဝနီနက္ခတ်၊ ၂။ ဘရဏီ၊ ၃။ ကြတ္တိကာ၊ ၄။ ရောဟဏီ၊ ၅။ မိဂသီ၊ ၆။ အဒ္ဒြ၊ ၇။ ပုန္နဖုသ္သ၊ ၈။ ဖုဿ၊ ၉။ အသလိဿ၊ ၁၀။ မာဃ၊ ၁၁။ ပြုဗ္ဗ ဖလဂုနီ၊ ၁၂။ ဥတ္တရဖလဂုနီ၊ ၁၃။ ဟသတ၊ ၁၄။ စိတြ၊ ၁၅။ သွာတိ၊ ၁၆။ ဝိသာခါ၊ ၁၇။ အနုရာဓ၊ ၁၈။ ဇေဋ္ဌ၊ ၁၉။ မူလ၊ ၂၀။ ပြုဗ္ဗာသင်္ဃ၊ ၂၁။ ဥတ္တရာသင်္ဃ၊ ၂၂။ သရဝဏ်၊ ၂၃။ ဓန သိဋ္ဌ၊ ၂၄။ သတဘိသ္ဘ၊ ၂၅။ ပြုဗ္ဗဘဒ္ဒ ပုံဝ်၊ ၂၆။ ဥတ္တရဘဒ္ဒပုံဝ်၊ ၂၇။ ရေဝတီ နက္ခတ်။] (ဂါထာ-၅၈/၅၉)

**သတ္တဿရ** (တိ) စောင်းသံ လည်ချောင်းသံ (၇)မျိုး [ ဥသဘအသံ၊ ဓေဝတအသံ၊ ဆဇ္ဇ အသံ၊ ဂန္ဓာရအသံ၊ မဇ္ဈိမအသံ၊ ပဉ္စမအသံ၊ နိသာဒအသံ။၁၃၂၂)

**သတ္တာ** (ဣ) ထင်ရှားဖြစ်ခြင်း

**သတ္တိ** (ဣ) လုံ့, အား

**သတ္တိ** * သာမတ္ထိယ-အစွမ်းသတ္တိ၊ သတ္တ-လုံ့ဇိုးရှည် (လုံ့မ)။ [ သတ္တိ သာမတ္ထိယေ သတ္တော။]

**သတ္တိဓရ** (ပ) ခန္ဓနတ် (ကဒဲနတ်)

**သတ္တိ** (ဣ) ဓားမြှောင်

**သတ္တု** (ပ) ရန်သူမင်း, ရန်သူ, မုန့်ညက် [ မိမိနိုင်ငံ၏ အခြားမဲ့၌တည်သော မင်းသည် "သတ္တု" မည်ပါသည်။]

**သတ္တု** * ခဇ္ဇန္တရ-လျော်ပြီးဆန်မှုန့်(ဆတ္တုဝါး)

http://www.dhammadownload.com



(ဆတ္တုဝါး)၊ ဒိသ-ရုန်သူ။
(သတ္တု ခတ္တရေ ဒိသေ။)
သတ္တုဖလာ (ဣ) ပျဉ်းကြီး
သတ္တေတေ ဂဒိတာ သရာ-၌သတ္တ-အရ
(စောင်းသံ လည်ချောင်းသံ ၇-ပါးရှိ
သတ္တ (နာ) လက်နက်၊ သင်တုန်းဓား၊
သတ္တဝါအပေါင်း။ (ဇာတ်တူ,မတူ
သော သတ္တဝါတို့၏အပေါင်းသည်
"သတ္တ" မည်၏။)
သတ္ထ-** (နုပုံလိင် သတ္ထ-သည်) အာယုဓ
-လက်နက်၊ ဂန္ထ-ကျမ်းဂန်၊ လောဟ-
သံ၊ (ပုလ္လိင် သတ္ထ-သည်) သဒ္ဒယ-
အပေါင်း။ (သတ္ထံ အာယုဓ ဂန္ထေသု၊
လောဟေ သံတေ္ထာစ သဒ္ဒယေ။)
သတ္ထဝါဟ (ပ) ကုန်သည်
သတ္ထိ (ပ) ပေါင်
သတ္ထု (ပ) ဘုရား
သတ္ထုဝဏ္ဏ (ပ) ရွှေ
သတြ (နာ) ယင်ပူဇော်ခြင်း
သတြ- ** ယာဂ-ယဇ်နတ်ပူဇော်ခြင်း၊
သဒါဒါန-အမြဲပေးလှူခြင်း။
(သတြံ ယာဂေ သဒါဒါနေ။)
သဒန (နာ) အိမ်
သဒါ (နိ) မြဲသည်
သဒါဂတိ (ပ) လေ
သဒါတန (တိ) မြဲသည်
သဒိသ (နာ) အတူ
သဒုမ (ပ-နာ) အိမ်
သဒ္ဒ (ပ) အသံ၊ သဒ္ဒါရုံ
သဒ္ဒဂုဟ (ပ) နား
သဒ္ဒလ (ပ) မြေနုကျွန်းပေါ်၊ မြေဇာမြက်
(ပေါက်သစ်စ မြက်ဖြင့် မှတ်အပ်
သော စိမ်းစိုသောအရပ်သည်
"သဒ္ဒလ" မည်၏။)
သဒ္ဒူလ (ပ) ကျားသစ်၊
မြတ်သည်, ပြဋ္ဌာန်းသည်
သဒ္ဓံ (နာ) သင့်လျော်လျောက်ပတ်သည်
သဒ္ဓ (နာ) မသာထမင်း၊ (ကုဋ္ဌီးထမင်း)
(ဇောတိသတ္ထရာဇမတ္တဏ်,စသော
ကြိယာတို့ စီရင်သော ကျမ်းဂန် အစီ
အရင်ဖြင့် စီရင်အပ်သော ပိတုဓါန
သည် "သဒ္ဓ" မည်၏။)
သဒ္ဓ - ** (လိင်သုံးပါးတို့၌ဖြစ်သော
သဒ္ဓ-သည်) သသဒ္ဓ-ယုံကြည်ခြင်းရှိ
သူ၊ (နုပုံလိင် သဒ္ဓ-သည်) နိဝါပ-
ကုဋ္ဌီးထမင်း၊ (ဣတ္ထိလိင် သဒ္ဓါ-
သည်) ပစ္စယ-ယုံကြည်ခြင်း။
(ဆသဒ္ဓေ တီသု နိဝါပေ၊
သဒ္ဓံ သဒ္ဓါစ ပစ္စယေ။)
သဒ္ဓါ (ဣ) ယုံကြည်ခြင်း
သဒ္ဓါယုတ္တ (တိ) ယုံကြည်ခြင်းရှိသူ
သဒ္ဓါလု (တိ) ယုံကြည်ခြင်းရှိသူ
သဒ္ဓိ (ဗျ) တကွ
သနန္တန (တိ) မြဲသည်၊ အဟောင်း
သနံ-သနာ (နိ) မြဲသည်
သနိတ (တိ) အသံပြုအပ်သည်
သန္ဓ (တိ) နိဗ္ဗာန်၊ ငြိမ်သက်ခြင်း၊
ပညာရှိ၊ ငြိမ်သက်သည်
သန္ဓ - ** (အဘိဓေယျသို့ လိုက်သော
သန္ဓ-သည်) အစွိတ-ပူဇော်အပ်သည်၊

http://www.dhammadownload.com



ဝိဇ္ဇမာန-ထင်ရှားရှိသည်၊ ပသတ္ထ-ချီးမွမ်းအပ်သည်၊ သစ္စ-မှန်ကန်ခြင်း၊ သာဓု-သူတော်ကောင်း၊ ဒိန္န-ပင်ပန်းခြင်း၊ သမိတ-ငြိမ်းအေးသည်။ (အစ္စိတေ ဝိဇ္ဇမာနေစ၊ ပသတ္ထေ သစ္စသာဓုသု။ ဒိန္နေစ သမိတေစေဝ၊ သန္တော ဘိဝေယျလိင်္ဂကော။)

သန္တက (ပ) စပ်ဆိုင်သောအရာ

သန္တတ (နှ) အမြဲ

သန္တတိ (ကျ) အမျိုးအနွယ်

သန္ထတ္ထ (တ) ပူလောင်အပ်သည်

သန္ထာန (ပ) ကုက္ကိုပင်၊ အမျိုးအနွယ်

သန္ထာန-** ဒေဝရုက္ခ-ကုက္ကိုပင်၊ သန္တတိ-အနွယ်။ (သန္ထာနော ဒေဝရုက္ခေစ၊ ဝုတ္တော သန္တတိယံ ပျထ။)

သန္ဓိ (ကျ) နိဗ္ဗာန်၊ စိတ်၏ငြိမ်သက်ခြင်း

သန္ဓိ -** မောက္ခ-နိဗ္ဗာန်၊ သိဝ-ကောင်းသည်၊ သမ-ဒုက္ခ,စသည်ငြိမ်းခြင်း။ (မောက္ခေ သိဝေ သမေ သန္ဓိ။ )

သန္ဓိက (တ) နီးသည်

သန္ဓောသ (ပ) နှစ်သက်ဝမ်းမြောက်ခြင်း

သန္ဓဝ (ပ) လေ့ကျင့်ခြင်း

သန္ဓ (တ) ထူထပ်သည်

သန္ဓန (ပ) စစ်ရထား

သန္ဓာန (နှ) နွားချည်ကြိုး

သန္ဓာနိတ (တ) နှောင်ဖွဲ့အပ်သည်

သန္ဓိဋ္ဌ (ပ) မြင်ဖူး တွေ့ဖူးကာမျှမိတ်ဆွေ

သန္ဓိဋ္ဌက (နှ) မျက်မှောက်၌ဖြစ်သော အကျိုး

သန္ဓေသဟရ (ပ) တမန်

သန္ဓေသောတ္တိ (ကျ) အမှာစကား

သန္ဓေဟ (ပ) ယုံမှားတွေးတောခြင်း

သန္ဓောဟ (ပ) အပေါင်း

သန္ဓိ (ကျ) စပ်ခြင်း

သန္ဓိ -** (ပုလ္လိင် သန္ဓိ-သည်) သံယဉ်ရန်-စပ်ခြင်း၊ (ကျတ္ထိလိင် သန္ဓိ-သည်) ပဋိသန္ဓိ-ပဋိသန္ဓေ။(သန္ဓိ သံယဉ်ရန်ေ ဝုတ္တော၊ သန္ဓိတ္ထိ ပဋိသန္ဓိယံ။)

သန္နကဿု (ပ) လွန်ပင်

သန္နဒ္ဓ (တ) ချပ်ဝတ် ဝတ်သောစစ်သား

သန္နဟ (ပ) စစ်ဝတ်

သန္နိကဋ္ဌ (တ) နီးသည်၊ နီးကပ်ခြင်း

သန္နိကာသ (တ) အတူ

သန္နိဓိ (တ) နီးကပ်ခြင်း

သန္နိဓိ -“ ပစ္စက္ခ-မျက်မှောက်၊ သန္နိဓာန-နီးကပ်ခြင်း(ဝါ)သိုမှီးခြင်း။ (ပစ္စက္ခေ သန္နိဓာနေစ၊ သန္နိဓိ ပရိကိတ္တိတော။)

သန္နိဘ (တ) အတူ

သန္နိဝေသ (ပ) စုဝေးရပ်တည်ခြင်း

သပစ (ပ) ဒွန်းစဏ္ဍား

သပတ္တ (ပ) ရန်သူ

သပထ (ပ) ကျိန်ဆိုခြင်း

သပဒိ (နှ) ထိုခဏ

သပန (နှ) ကျိန်ဆိုခြင်း

သပါက (ပ) ဒွန်းစဏ္ဍား

သပိဏ္ဍ (ပ) သားချင်း

သပု (ပ) မြေ

သပုဉ (ပ) ပညာရှိ

သပုဒါဌာ (ကျ) မြေစွယ်

http://www.dhammadownload.com



သပ္ပရာဇ (ပ) ဝါသုကီမြွေမင်း
သပ္ပိ (နာ) ထောပတ်
သဖ (နာ) ခွါ
သဖရီ (ဣ) ငါးခုံးမ
သဗလ (ပ) ပြောက်ကြားဆောဆင်
သဗ္ဗ (တိ) အလုံးစုံ
သဗ္ဗညူ (ပ) ဘုရား
သဗ္ဗတော (နိ) ထက်ဝန်းကျင်
သဗ္ဗတြ (နိ) ခပ်သိမ်း
သဗ္ဗဓိ (နိ) ခပ်သိမ်း
သဗ္ဗဘူမ္မ (ပ) အရပ်မျက်နှာစောင့်ဆင်၊ သဗ္ဗဘူမ္မဆင်၊ စကြဝတေးမင်း
သဗျ (တိ) လက်ဝဲဘက်ကိုယ်
သဗြဟ္မစာရီ (ဣ) သီတင်းသုံးဖော် (အချင်းချင်း အတူတကွ သီလ, စသော သီကွာသုံးပါးတို့ကို ဖြည့်ကျင့်ကုန်သော သူတို့သည် "သဗြဟ္မစာရီ" မည်၏။)
သဘာ (ဣ) သဘင်၊ (အစည်းအဝေး)၊ အစည်းအဝေး (သဘင်)
သဘာ -** ဂေဟ-အိမ်၊ သံသဒ-အစည်းအဝေး။(သဘာ ဂေဟေစ သံသဒေ)
သဘာဇန (နာ) နှစ်သက်ဝမ်းမြောက်စွာ နှုတ်ဆက်ခြင်း
သဘာယ (နာ) သဘင် (အစည်းအဝေး)
သဘာဝ (ပ) သဘော
သဘျ (ပ) အမျိုးမြတ်သူ၊ အစည်းအဝေးတက်သူ
သမ (တိ) အတူ၊ စိတ်၏ငြိမ်သက်ခြင်း
သမ -** (ဣတ္ထိလိင် သမာ-သည်) ဝသ-နှစ်၊ (ပုလ္လိင် သမ-သည်) ခေဒ-ပင်ပန်းခြင်း၊ သန္တိ-ငြိမ်းအေးခြင်း၊ (လိင်သုံးပါးတို့၌ဖြစ်သော သမ-သည်) နိဘ- ဘူသည်။(သမာ ဝသေ သမော ခေဒ-သန္တိသု သောနိဘေ တီသု။)
သမံ (ဗျ) တကွ
သမဂ္ဂ (တိ) အလုံးစုံ
သမဇ္ဈ (ဣ) သဘင် (အစည်းအဝေး)
သမညာ (ဣ) အမည်
သမဏ (ပ) ရဟန်း
သမဏုဒ္ဒေသ (ပ) သာမဏေ
သမံတ္ထ (တိ) ပြီးဆုံးသည်
သမတ္ထ -** နိဋ္ဌိတာ-ပြီးဆုံးသည်၊ ခီလ-ာလုံးစုံ။(သမတ္ထံ နိဋ္ဌိတာ ခီလေ။)
သမတ္ထ (တိ) စွမ်းနိုင်သူ
သမတ္ထ-** သဏ္ဌ-စွမ်းနိုင်သူ၊သမ္မန္ဒ-စပ်သည်။(သဏ္ဌေ သမတ္ထော သမ္မန္ဒေ)
သမထ (ပ) တည်ကြည်ခြင်း၊ စိတ်၏ငြိမ်သက်ခြင်း
သမန္တစက္ခု (ပ) ဘုရား
သမန္တတော (နိ) ထက်ဝန်းကျင်
သမန္တာ (နိ) ထက်ဝန်းကျင်
သမယ (ပ) အခါ၊ အယူ
သမယ-** သမဝါယ-အကြောင်းတို့၏ ညီညွတ်ခြင်း၊ သမူဟ-အပေါင်း၊ ကာရဏ-အကြောင်း၊ ခဏ-အခွင့်၊ ပဋိဝေဓ-ထိုးထွင်း၍သိခြင်း၊ ကာလ-အခါ၊ ပဟာန-ပယ်ခြင်း၊ လာဘ-ရခြင်း၊ ဒိဋ္ဌ-အယူ။ (သမယော သမဝါယေစ၊ သမူဟေ

http://www.dhammadownload.com



ကာရဏော ခဏော။ ပဋိဝေဓေ သိယာ ကာလေ၊ ပဟာနေ လာဘ ဒိဋ္ဌသု။]

သမရ (ပ-နှ) စစ်ထိုးခြင်း

သမဝါယ (ပ) အပေါင်း

သမာ (တိ) နှစ်

သမာဓိ (ပ) တည်ကြည်ခြင်း

**သမာဓိ** * သမတ္ထနှ-ဤသည်ပင်တည်းဟု ဆုံးဖြတ်ခြင်း၊ စိတ္တေကဂ္ဂတာ-စိတ်၏ တည်ကြည်ခြင်း။ [သမတ္ထနေ မတော စိတ္တေ-ကဂ္ဂတာယံ သမာဓိစ။]

သမာန (တိ) အတူ

**သမာန** * (ဝါစွလိင်သို့ လိုက်သော သမာန သဒ္ဒါသည်) ဧက-တစ်ခုတည်း၊ သဒိသ-တူသည်၊ သန္တ-ထင်ရှားရှိသည်။ [ ဧကသ္မိ သဒိသေ သန္တေ၊ သမာနံ ဝါစွလိင်္ဂကံ။]

သမာသ (ပ) အကျဉ်း

သမိတ (တိ) ငြိမ်သက်သည်

သမိတိ (ကွ) သဘင် (အစည်းအဝေး) အပေါင်း

**သမိတီ** * ဂဏ-အပေါင်း၊ သင်္မ-အစည်း အဝေး (ပေါင်းဆုံခြင်း)။ [ ဂဏော သမိတိ သင်္ဃေ။]

သမိဓာ (ကွ) ထင်းမီးစာ

သမိ (ကွ) ပျဉ်ကြီးပင်

သမိပ (တိ) နီးသည်

သမိရ (ပ) လေ

သမိရဏ (ပ) လေ, ပင်စိမ်းရိုင်း (တောရုံးပတီ)

သမုဂ္ဂ (ပ) သေတ္တာ

သမုဇ္ဇိတ (တိ) စွန့်အပ်သည့်

သမုဒယ (ပ) အပေါင်း

**သမုဒယ** * ဥပ္ပါဒ-ဖြစ်ခြင်း၊ သမူဟ-အပေါင်း၊ ပစ္စယ-အကြောင်း။ [ အထုပ္ပါဒေ သမုဒယော၊ သမူဟေ ပစ္စယေဝိစ။]

သမုဒါယ (ပ) အပေါင်း

သမုဒ္ဒ (ပ) သမုဒ္ဒရာ

သမုဿယ (ပ) အပေါင်း

**သမုဿယ** * စယ-အပေါင်း၊ ဒေဟ ကိုယ်။ [စယေ ဒေဟေ သမုဿယေ

သမူဟ (ပ) အပေါင်း

သမွဇည (နှ) သတိပြဋ္ဌာန်းသော ပညာ

သမွတိ (နိ) ယခုအခါ

သမွတ္တိ (ကွ) ပြည့်စုံခြင်း

**သမွတ္တိ** * ဂုဏ္ဂတ်သ-ဂုဏ်လွန်ကဲခြင်း ဝိဘဝ-စည်းစိမ်။ [ ဂုဏ္ဂတ်သေစ ဝိဘဝေ၊ သမွတ္တိစေဝ သမွဒါ။]

သမွဒါ (ကွ) ပြည့်စုံခြင်း

**သမွဒါ** * ဂုဏ္ဂတ်သ-ဂုဏ်လွန်ကဲခြင်း ဝိဘဝ-စည်းစိမ်။ [ ဂုဏ္ဂတ်သေစ ဝိဘဝေ၊ သမွတ္တိစေဝ သမွဒါ။]

သမွန္ဒ (တိ) ပြည့်စုံခြင်း

**သမွန္ဒ** * (တိ) သမွုဂ္ဂ-ပြည့်စုံသည်၊ မဓု-ချိုသည်၊ သမ္မဒ်-တကွဖြစ်သည်။ [သမွန္ဒော တိသု သမွုဂ္ဂေ၊ မဓုရေစ သမ္မဒ်နိ။]

သမွရာယိက (နှ) ကာလပြည့်ဖြစ်သော ဘဏ္ဍာ

သမွဟာရ (ပ) စစ်ထိုးခြင်း

သမွာတ (ပ) မိုးရေအယဉ်

http://www.dhammadownload.com



သမ္ဘုဇ (ပ) သေတ္တာ
သမ္ဘုလ္လိတ (ပ) အပွင့်ရှိသောသစ်ပင်
သမ္ဘရ (ပ) သမ္ဘရမည်သော အသုရာ
သမ္ဘရီ (ဣ) မျက်လှည့်
သမ္ဘလ (ပ-နှ) ရိက္ခာ (စရိတ်)
သမ္ဘဟုလ (တိ) များသည်
သမ္ဘာဝ (တိ) ကျဉ်းမြောင်းသည်
သမ္ဘာဝ- ** သက်တ-ကျဉ်းမြောင်းသည်၊ ဝုယ့-လျှို့ဝှက်အပ်သောအရပ်။ (သမ္ဘာဝေ သက်တေ ဝုယ္ဟေ။)
သမ္ဘာဟန (တိ) နင်းနှိပ်ဆုပ်နယ်ခြင်း
သမ္ဘိက (ပ) ယောက်သွား
သမ္ဘိတ္တ (ပ) မိတ်ဆွေချစ် (မြဲမြံသော မိတ်ဆွေသည် "သမ္ဘတ္တ" မည်၏။)
သမ္ဘမ (ပ) ရှိသေခြင်း
သမ္ဘမ - ** ဂါရဝ-ရှိသေခြင်း၊ ဘီတိ-ကြောက်ရွံ့ခြင်း၊ သံဝေဂ-ထိတ်လန့်ခြင်း။ (အထော ဂါရဝ ဘီတီသု၊ သံဝေဂေ သမ္ဘမော မတော။)
သမ္ဘဝ (ပ) အကြောင်း၊ သုက်
သမ္ဘဝ - ** ဥပ္ပတ္တိ-ဖြစ်ခြင်း၊ ဟေတု-အကြောင်း၊ သင်္ဂ-စပ်လျဉ်းငြိကပ်ခြင်း၊ သုက္က-သုက်။ (ဥပ္ပတ္တိယံ တု ဟေတုမ္ဒိ၊ သင်္ဂေ သုက္ကေစ သမ္ဘဝေါ။)
သမ္ဘာသန (နှ) အညီအညွတ်ပြောသောစကား
သမ္ဘေဒ (ပ) မြစ်ဆုံ
သမ္ဘောဂ (ပ) ပေါင်းဆုံနှီးနှောခြင်း
သမ္ဘဋ္ဌီ (ဣ) တံမြက်စည်း
သမ္ဘတာဋ္ဌ (ပ) ခွက်ခွင်း၊ ကြေးနင်းမောင်း
သမ္ဘဒ (ပ) နှစ်သက်ဝမ်းမြောက်ခြင်း
သမ္ဘာ (နှ) မှန်သောစကား
သမ္ဘာ (ဣ) ထမ်းပိုးကျည်
သမ္ဘာ (နှိ) ချီးမွမ်းခြင်း
သမ္ဘာဝိဠ္ဍ (ဣ) သမ္ဘာဝိဠ္ဍပညာ
သမ္ဘာပါသ (ပ) သမ္ဘာပါသဖန်
သမ္ဘာသပ္ပုရိ (ပ) ဘုရား
သမ္ဘုခါ (နှိ) မျက်မှောက်
သမ္ဘုဇ္ဈနီ (ဣ) တံမြက်စည်း
သမ္ဘုတိ (ဣ) သမုတ်ခြင်း
သမ္ဘုတိ -** အနုညာ-ခွင့်ပြုခြင်း၊ ဝေါဟာရ-ခေါ်ဝေါ် သမုတ်ခြင်း။ (သမ္ဘုတ္ဟု နုညာဝေါဟာရေ။)
သယံ (နှိ) ကိုယ်တိုင်
သယံဒါသတ္ထု(ဏ္ဍ)အလိုအလျောက်ကျွန်ခံသူ
သယထု (ပ) ကိုယ်ရောင်နှာ
သယန (နှ) အိပ်ရာ
သယနိဂ္ဂဟ (နှ) အိပ်ခန်း
သယမ္ဘုရာ (ဣ) မိမိအလိုအတိုင်း လက်ထပ်သောမိန်းမ
သယမ္ဘူ (ပ) ဘုရား
သရ (ပ) အသံ၊ မြား၊ မြားမြက်၊ ရေတိုင်
သရ -** ကဏ္ဌ-မြား၊ အကာရာဒိ-အ, အက္ခရာ စသော သရ၊ သဒ္ဒ-အသံ၊ ဝါဒိ-တစ်ဘက်ဆည်ကန်။(ပုလ္လိင်, နပုံလိင်) (သရော ကဏ္ဌေ အကာရာဒေါ် သဒ္ဒေ ဝါဝိမှိ နိတ္ထိယံ။)
သရက (ပ-နှ) သေသောက်ခွက်
သရဋ္ဌ (ပ) ပုတ်သင်

http://www.dhammadownload.com



သရဏာ (နာ) နိဗ္ဗာန်၊ အိမ်၊ သတ်ခြင်း
သရဏာ -** ဝဓ-သတ်ခြင်း၊ ဂေဟ-အိမ်၊ ရက္ခိတ-စောင့်ရှောက်တတ်သူ၊ (ကိုးကွယ်ရာ)၊ ရက္ခဏ-စောင့်ရှောက်ခြင်း။ (သရဏံ တု ဝဓေ ဂေဟေ၊ ရက္ခိတသ္မိံ စ ရက္ခဏေ။)
သရဒ (ပ) နှစ်၊ သရဒဥတု
သရဒ-** ဟာယန-နှစ်၊ ဥတု-သရဒဥတု၊ (သရဒေါ ဟာယနောတုသု။)
သရဋု (ကု) အိမ်မြောင် (တက်တူ)
သရဏ္ဍ (နာ) မှတ်တိုင် (စက်တိုင်)
သရဘ (ပ) သရဘာသား
သရဘူ-ဋူ (ကု) သရဘူမြစ်
သရမဏ္ဍလ (နာ) အသံဝန်း (သီဆိုတီမှုတ်သံ ခုနစ်ပါး, အသံအပေါင်းသုံးပါး, အသံနိမ့်မြင့် သီဆိုတီးမှုတ်ခြင်း နှစ်ဆယ့်တစ်ပါး, အသံကို အမျိုးမျိုးပြောင်းလဲခဲ့ထွင် သီဆိုတီးမှုတ်ခြင်း(၄၉)ပါးဟု ဆိုအပ်သော အသံအပေါင်းသည် "သရမဏ္ဍလ")
သရလ (ပ) ထင်းရှူးပင်
သရလဒ္ဒဝ (ပ) ထင်းရှူးစေး
သရသီ (ကု) တဘက်ဆည်ကန်
သရဿတီ (ကု) သရဿတီမြစ်
သရဘ္ဘာသ (ပ) မြားပစ်လေ့ကျင့်ခြင်း
သရာဝ (ပ) စလောင်း (ရေသောက်ခွက်)
သရာသန (နာ) လေး
သရိက္ခက (ပ) ကစားသမား
သရိတာ (ကု) မြစ်
သရိရ (နာ) ကိုယ်
သရိရိ (ပ) သတ္တဝါ
သရိသပ (ပ) မွေး
သရူပ (နာ) သဘော
သရောရုဟ (နာ) ကြာ
သလ (နာ) ဖြူးစူး
သလဘ (ပ) နှံ (ပိုးပရဲ)
သလလ (ပ) ဖြူးစူး
သလာဋု (ပ) အသီးစိမ်း
သလိလ (နာ) ရေ
သလိလပ္ပါဃ (ပ) စိမ့်မြေ
သလိလဘ္ဘမ (ပ) ရေဝဲ
သလ္လ (ပ-နာ) ငုတ်၊ သမင်စာ၊ ဖြူ
သလ္လ -** ကဏ္ဍ-မြား၊ သလာကာ-အချွန်(ငြောင့်)။ (သလ္လံ ကဏ္ဍေ သလာကာယံ။)
သလ္လက (ပ) ဖြူ
သလ္လကတ္တ (ပ) ခွဲစိပ်ကုသဆရာ
သလ္လကီ (ကု) နှံပဲပင်
သလ္လဝဒ္ဓ (ပ) ခွဲစိပ်ကုသဆရာ
သလ္လဟုက (တိ) ပေါ့သည်
သလ္လာပ (ပ) အမှာစကား (အချင်းချင်း ဆန့်ကျင်ဘက်ကင်းသော အသင့်အတင့် အညီအညွတ် ပြောသော စကားသည် "သလ္လာပ" မည်၏။)
သဝက် (ပ) ငါးမြွေ
သဝဏ (ပ) သရဝဏ်နက္ခတ်
သဝန (နာ) နား
သဝန- ** သောတ-နား၊ ယဇန-ပူဇော်ခြင်း၊သုတိ-နာကြားခြင်း။ (သောတေ တု သဝနံ ဝုတ္တံ၊

http://www.dhammadownload.com



ယဇနေ သုတိယမ္ပိစ။)
သဝန်္ဆိ (ဣ) မြစ်
သဝနိယ (နု-ဣ) နာချင်ဖွယ်ရှိသူ
သဝရ (ပ) တောင်သူ၊ လူရိုင်း
သသ (ပ) ယုန်
သသင်္ကံ (နိ) စင်စစ်
သသင်္ကဿ (ပ) လ (လဗိမာန်)
သသန (နု) သတ်ခြင်း
သသီ (ဣ) လ (လဗိမာန်)
သသုရ (ပ) ယောက္ခမ(ယောက်ဖ်ားသူ)
(သမီးခင်ပွန်းတို့၏ အဘကို "သသုရ" ဟု ခေါ်သည်။)
သသုရာ (ဣ) ယောက္ခမအစုံ
(ယောက္ခမမိန်းမ,ယောက်ဖ်ားတို့သည် "သသုရာ" မည်၏။)
သဿ (နု) ကောက်ပဲ့,စသည်
သဿတ (တိ) မြဲသည်
သဿတိ (ပ) ထာဝရဝတ္ထု
သဿရောဂ (ပ) ကောက်နာ
(ဖလံဖြူ၊ ဆစ်ပိုး)
သဿု (ဣ) ယောက္ခမ (မိန်းမသူ)
သဟ (နု) အား၊ အနံ့ကောင်းသောသရက်
သဟ (နိ) တကွ
သဟကာရ (ပ) အနံ့ကောင်းသောသရက်
သဟဂတ (တိ) အာရုံ
သဟဂတ -** (အဘိဓေယျလိင်ရှိသော သဟဂတ-သည်) အာရမ္မဏ-အာရုံ၊ သံသဋ္ဌ-နှီးနှောခြင်း၊ ဝေါကိဏ္ဏ-ပြွမ်းခြင်း၊နိဿယ-မှီရာ၊တဒ္ဓာဝ-တဇ္ဇော၊ (အာရမ္မဏောစ သံသဋ္ဌော ဝေါကိဏ္ဏော နိဿယော တထာ။ တဒ္ဓာဝေစာပျ ဘိဓေယျ-လိင်္ဂေါ သဟဂတော ဘဝေ။)
သဟဇ (ပ) မွေးချင်းသားချင်း
သဟန (တိ) သည်းခံတတ်သူ
သဟဿ (နု) တစ်ထောင်
သဟဿက္ခ (ပ) သိကြားနတ်မင်း
သဟဿရံသီ (ပ) နေ
သဟဿာ (နိ) မကြံမစည်
သဟာယ (ပ) မိတ်ဆွေ၊ ရဲဘော် (နောက်လိုက်)
သာ (ပ) ခွေး
သာက (ပ-နု) ဟင်းရွက်
သာကံ ဒသဝိဓံ မတံ-ဌဒသ-အရ (ဟင်းရွက်မျိုး ၁၀-ပါး ရှိ)
သာကစ္ဆာ (ဣ) ဆွေးနွေးတိုင်ပင်ခြင်း
သာကိယ (ပ) သာကီဝင်မင်း
သာကုဏိက (ပ) ငှက်မုဆိုး (ငှက်တို့ကို သတ်၍ အသက်မွေးသူတို့သည် "သာကုဏိက" မည်၏။)
သာကေတ (နု) သာကေတပြည်
သာခါ (ဣ) သစ်ခက်
သာခါနဂရ (နု) မြို့လက်
(မြို့မ, မြို့တော်မှ တစ်ပါးသော အရပ်၌ရှိသော မြို့လက်သည် "သာခါနဂရ" မည်၏။)
သာခါမိဂ (ပ) မျောက်
သာခီ (ပ) သစ်ပင်
သာဂရ (ပ) သမုဒ္ဒရာ
သာဂလ (နု) သာဂလပြည်

http://www.dhammadownload.com



သာဌက (ပ) အဝတ်အထည်
သာဋ္ဌ (တိ) စဉ်းလဲခြင်း
သာဏ (ပ-န) သျှမ်ချည်အဝတ် (ပိုက်ဆံလျှော်ချည်အဝတ်)၊ မှတ်ကျောက်
သာတ (န) ချမ်းသာခြင်း
သာတကုမ္ဘ (န) နိုတုံရွှေ
သာဒု (တိ) ကောင်းသည်၊ ချိုသည်
သာဒု -** ကွဋ္ဌ-ကောင်းသည်၊ မရဲရင်ချိုသည်။(ကွဋ္ဌေစ မရဲရေ သာဒု။)
သာဒုကဏ္ဌ (ပ) နန်းပင်
သာဓန (န) ပြီးခြင်း
သာဓန- ** ပကရဏ-အဆောက်အဦး၊ သိဒ္ဓိ-ပြီးခြင်း။ကာရက-သာဓန(ဂ္)ပါး (အထော ပကရဏော သိဒ္ဓိ၊ ကာရကေသုစ သာဓနံ။)
သာဓာရဏ (တိ) ဆက်ဆံသည်
သာဓာရဏဂါမ (ပ) အသံအပေါင်း (သာဓာရဏဂါမ)
သာဓိတ (တိ) ပြီးစေအပ်သည်
သာဓု (ပ) အမျိုးမြတ်သူ၊ ကောင်းသည်, တင့်တယ်သည်
သာဓု -** သုန္ဒရ-ကောင်းသည်၊ ဒဋ္ဌကမ္မ-မြဲမြံစွာပြုခြင်း။ ယာစန-တောင်းပန်ခြင်း။ သမ္မဒိစ္ဆန-ဝန်ခံခြင်း။ သင္ခန-သူတော်ကောင်း၊ သမ္မဟံသာ-ရွှင်ခြင်း။(အဘိဓေယျသို့လိုက်သော လိင်ရှိ၏။) (သုန္ဒရေ ဒဋ္ဌကမ္မေစာ-ယာစနေ သမ္မဒိစ္ဆနေ။ သင္ခနေ သမ္မဟံသာယံ၊ သာဓွာ ဘိဓေယျလိင်္ဂိက်)
သာန (ပ့) ခွေး
သာန (ပ-န) တောင်ဝှမ်း
သာပ (ပ) ဆဲရေးခြင်း
သာပ-** အက္ကောသ-ဆဲရေးခြင်း၊ သပထ-ယုံကြည်စေလို သစ္စာဆိုခြင်း။ (အက္ကောသေ သပထေ သာပေါ။)
သာပတေယျ (န) ဥစ္စာ
သာပဒ (ပ) သားရဲ
သာမ (န) သာမဗေဒင်၊ အမည်းအနက်၊ ဥပါယ်
သာမ -** (နပုံလိင် သာမ-သည်) ဝေဒန္တရ-သာမဗေဒ၊ သန္တ-စကားပြေပြော၍ ညီညွတ်စေစပ်ခြင်း။ (လိင်သုံးပါးတို့၌ဖြစ်သော သာမ-သည်) ပီတ-အဝါ၊ သာမလ-အညို၊ (နိပါတ်) သာမံ-သည်) သယံ-ကိုယ်တိုင်ဟူသော အနက်၊ (ကွတ္ထိလိင် သာမာ-သည်) သာရိဝါ-ဥပါသကာပင်။ (သာမံ ဝေဒန္တရေ သန္တေ၊ တံ ပီတေ သာမလေ တိသု။ သယမတ္ထေ ဗျယံ သာမံ၊ သာမာစ သာရိဝါယပိ။)
သာမံ (နို) ကိုယ်တိုင်
သာမည (တိ) ဆက်ဆံသည်
သာမဏေရ (ပ) သာမဏေ
သာမဏေရီ (ကွ) သာမဏေမ
သာမန္တ (တိ) နီးသည်
သာမလ (ပ) အမည်း, အနက်
သာမာ (ကွ) ဥပါသကာပင်၊ ကြံဟင်းညှိပင်
သာမာဒိက (ပ) အစည်းအဝေးတက်သူ
သာမိ (နို) ထက်ဝက်၊ စက်ဆုပ်ခြင်း

http://www.dhammadownload.com



သာမိ -** အဒွ-ထက်ဝက်၊ ဇိဂုစ္ဆန-စက်ဆုပ်ခြင်း။ (သာမိ တွဒွေ ဇိဂုစ္ဆနေ။)

သာမိက (ပ) လင်၊ အရှင်

သာမိက- ** ပတိ-လင်၊ အရိယ-အရှင်။ (သာမိကော ပတိရိယေသု။)

သာမိ (ပ) ပြည့်ရှင်မင်း၊ အစိုးရသူ

သာမုဒ္ဒ (နှ) သမုဒ္ဒရာရေမှဖြစ်သောဆား

သာယ (ပ) ညနေချမ်း (ဆည်းဆာ)

သာယံ (နိ) ညချမ်း

သာယက (ပ) မြား၊ သန်လျက်

သာယက- ** သရ-မြား၊ ခဂ္ဂ-သန်လျက် (ဓားလွယ်)။ သရေ ခဂ္ဂေစ သာယကော။)

သာရ (ပ) ခွန်အား၊ မြတ်သည်

သာရ- ** (ပုလ္လိင် သာရ-သည်) ဗလ-ခွန်အား၊ ထိရံသ-သစ်သားအနှစ်၊ (လိင်သုံးနှင့်ယှဉ်သော သာရ-သည်) ဥတ္တမ-မြတ်သည်။ (သာရော ဗလေ ထိရံသေစ၊ ဥတ္တမေ သော တိလိင်္ဂကော။)

သာရဂ် (ပ) သမင်၊ ပျံလွှား၊ မိုးစွေငှက်

သာရဓံ- ** စာတက-ပျံလွှားငှက်၊ ဇော-ဇော်သား (တောဆိတ်နက်)။ သာရဂေါ စာတကေ ဇောေ။)

သာရထိ (ပ) ရထားထိန်း

သာရဒ-(တိ) * သရဒဿုတ-သရဒဥတုဌ ဖြစ်သော အရာဝတ္ထု၊အပွဂဇ္ဇေမတ-အပြောအဆို မရဲရင့်သူ မသွက်လက်သူ။ (သာရဒေါ သရဒဿုတော၊ အပွဂဇ္ဇေမတော တိသု။)

သာရဒီ (ကဏ္ဍ) ရေညောင်ပင်

သာရမေယျ (ပ) ခွေး

သာရသ (ပ) ခေါက်ရှာငှက်

သာရိပုတ္တ (ပ) အရှင်သာရိပုတြာ

သာရိဖလက (ပ) အန်စာပျဉ်

သာလ (ပ) ယောက်ဖ၊ (မယား၏မောင်)၊ သစ်ပင်၊ အင်ကြင်းပင်

သာလ -** ပုလ္လိင် သာလ-သည်) သဒ္ဒဒုမ-အင်ကြင်းပင်၊ ရုက္ခ-သစ်ပင်သာမန်၊ (ဏ္ဍုတ္ထိလိင် သာလာ-သည်) ဂေဟ-အိမ်။ (သာလော သဒ္ဒဒုမေ ရုက္ခေ၊ သာလာ ဂေဟေစ ဒိဿတိ။)

သာလပဏ္ဏီ (ကဏ္ဍ) သာလပြဂီ

သာလဝ (ပ) တောက်ရပ်ပင်

သာလာ (ကဏ္ဍ) အိမ်

သာလိ (ပ) သလေး၊ ကောက်ကြီး

သာလုက (နှ) ကြာဥ

သာလောဟိတ (ပ) သားချင်း

သာဝ (ပ) တိမ်ဝါရောင်အဆင်း

သာဝဏ (ပ) ဝါခေါင်လ

သာဝတ္ထီ (ကဏ္ဍ) သာဝတ္ထိပြည်

သာဝိတ္ထီ (ကဏ္ဍ) သာဝိတ္ထိပြည်သောဆန်း (အကြင်ဆန်းသည် အက္ခရာ(၂၄)လုံးရှိ၏၊ ဗေဒတို့၏အစဖြစ်၏၊ ထိုဆန်းသည် "သာဝိတ္ထိ" မည်၏။(သုံးပဒရှိ၏။)

သာသ (ပ) ပန်းနာ

သာသန (နှ) အမိန့်အာဏာ

သာသန -** အာဏာ-အာဏာ(စေခိုင်း

http://www.dhammadownload.com



ခြင်း)၊ အာဂမ-ဘုရားစကားတော်၊ လေခ-ကမ္မည်းမှာစာ၊ အနုသာသန-ဆုံးမခြင်း။ (အာဏာယ မာဂမေ လေခေ၊ သာသနံ အနုသာသနေ။)

သာသပ (ပ) မုန်ညင်းပင်

သာဟသ (နှ) ဒဏ္ဍာဥပါယ်

သာဟသ -** ဗလတ္ထာရေပိ-နိုင်ထက်မူခြင်း၊ အရမ်းလုသောအမှု၊ ဒဏ်။ (ဗလတ္ထာရေပိ သာဟသံ။)

သာဟု (နို) ဝန်ခံခြင်း

သာဠိကာ (ဣ) သာလိကာငှက်

သာဠုရ (ပ) ခွေး

သိသပါ (ဣ) သင်္ဘောပိတောက်

သိကတာ (ဣ) သဲ (သလဲ)

သိက္ခာ (ဣ) ဆိုင်း (ထမ်းပိုးခ်၍ဆွဲအပ်သော ကြိုးကြိမ်အထူးသည် "သိက္ခာ" မည်၏။)

သိက္ခမာနာ (ဣ) သိက္ခမာန်

သိက္ခာ (ဣ) သိက္ခာကျံမ်း

သိင်္ဂိတ (တိ) လိမ္မာသူ

သိခဏ္ဍ (ပ) မြီးဆံ

သိခဏ္ဍ -** သိခါ-ဦးစွန်း၊ ဝိဿ-ဒေါင်းမြီးစည်း။ (သိခါဝိဿေသု သိခဏ္ဍော။)

သိခဏ္ဍက (ပ) ကြက်တောင်စည်း

သိခဏ္ဍီ (ပ) ဥဒေါင်း

သိခရ (ပ) သစ်ပင်ဖျား၊ အထွတ်

သိခရ -* အဂ္ဂ-အဖျား၊ အယောမယဝိဇ္ဈန ကဏ္ဍက-ဖောက်ထွင်းသော သံစူး။ (အဂ္ဂေ တု သိခရဿာယော-မယဝိဇ္ဈန ကဏ္ဍကေ။)

သိခရီ (ပ) တောင်

သိခရီ -** ပဗ္ဗတ-တောင်၊ ဒုမ-သစ်ပင်။ (သိခရီ ပဗ္ဗတေ ဒုမေ။)

သိခါ (ဣ) မီးတောက်မီးလျှံ၊ ဦးစွန်းဖုတ်၊ ဦးစွန်း။ (အမောက်)

သိခါ (ဣ) * စူဠာ-ဦးစွန်း၊ ဇာလာ-မီးလျှံ၊ ပဓာန-အမြတ်၊ အဂ္ဂ-အဖျား၊ မောရ စူဠာ-ဥဒေါင်း၏အမောက်။ (စူဠာ ဇာလာ ပဓာနဂ္ဂ-မောရစူဠာသု သာ သိခါ။)

သိခိ (ပ) မီး၊ ဥဒေါင်း

သိခိ (ပ) -** မောရ-ဥဒေါင်း၊ အဂ္ဂိ-မီး။ (မောရေ တွဂ္ဂိမှိ သော သိခိ။)

သိဂ္ဂု (ပ) ဝန်.သလွန်ပင်

သိဂ် (နှ) ဦးချို၊ အထွတ်

သိဂ် -** ပဓာန-အစိုးရသည်၏အဖြစ်၊ သာနု-တောင်ထွတ်၊ ဝိသာဏ-သားချို။ (ပဓာနေ တုစ သာနုမှိ၊ ဝိသာဏေ သိဂ် မုစ္စတေ။)

သိဂါရ (နှ) ချစ်ကြိုက်ခြင်း၊ နှစ်ဦးသဘောတူ ချစ်သွေးမြူခြင်း (ယောကျ်ား၏ မိန်းမ၌ မိန်းမ၏ယောကျ်ား၌ ပေါင်းဆုံဖို့နှောရခြင်းကို စွဲ၍ ပျော်မွေ့ခြင်း ကစားမြူးတူးခြင်း,စသည် တို့.လျှင် အကြောင်းရှိသော ချစ်ကြိုက်ခြင်းသည် "သိဂါရ" မည်၏။)

သိဂါရဘာဝဇကြိယာ (ဣ) သိဂါရအလို ကြောင့်ဖြစ်သော အမူအရာ

သိဂါလ (ပ) မြေခွေး

သိင်္ဃာနိ (ဣ) နွားမ

http://www.dhammadownload.com



သိုက် (ဣ) သိုကိနိက်ရွှေ့၊ ကြက်တက်ပင်၊ ငါးကျွဲ

သိုက်ဝေရ (နာ) ချင်း (ဂျင်း)

သိယ်ဒ္ဓ (ပ) ဆူးလေပင်

သိယ်ဒ္ဓက (နာ) ခရီးလေးခုအဆုံ

သိယ်ဒ္ဓက -** ကသေရုဿဖလ-ကျွဲခေါင်းသီး၊ မဂ္ဂသမာဂမ-ခရီးလမ်းဆုံ (သိယ်ဒ္ဓကံ ကသေရုဿ-ဖလေ မဂ္ဂသမာဂမေ။ )

သိယ်ကိကာ (ဣ) နှပ် (နှာခေါင်း၌ အရည်သည် "သိယ်ကိကာ"မည်၏)

သိတ (ပ-နာ) အဖြူ၊ ပြုံးခြင်း၊ နှောင်ဖွဲ့အပ်သည်

သိတ - ** (သုံလိင် သိတ-သည်) ဗန္ဓ-နှောင်ဖွဲ့အပ်သည်၊ နိဿိတ-မှီအပ်သည်၊ သေတ-ဖြူသောဝတ္ထု၊ (နပုံလိင် သိတ-သည်) မိဟိတ-ပြုံးခြင်း။ (ဗန္ဓနိဿိတ သေတေသု၊ တီသု တံ မိဟိတေ သိတံ။)

သိတပဏ္ဏာသ (ပ) ပင်စိမ်းဖြူ

သိတဿ (ပ) ပရုပ်

သိတာ (ဣ) ထွန်ကြောင်း

သိတ္ထ (နာ) ပျားဖယောင်း

သိတ္ထ -** မဓုစ္ဆိဒ္ဒ-ပျားဖယောင်း၊ ဩဒန သမ္ဘဝ-စားသောက်ရာကျသော ထမင်းလုံး။ (အထ သိတ္ထံ မဓုစ္ဆိဒ္ဒေ၊ ဝုတ္တံ ဩဒနသမ္ဘဝေ။)

သိတ္ထက (နာ) ပျားဖယောင်း

သိဒ္ဓ (ပ) သိဒ္ဓမည်သောနတ်မျိုး၊ ပြီးစီးသည်

သိဒ္ဓတ္ထ (ပ) ဂေါတမဘုရား၊ မုနိညင်း

သိဒ္ဓတ္ထ -** သာသပ-မုနိညင်း၊ ဇိန-သိဒ္ဓတ္ထဘုရား။ (သိဒ္ဓတ္ထော သာသပေ ဇိနေ။)

သိဒ္ဓန္တ (ပ) အယူ

သိနာန (နာ) ရေချိုးခြင်း

သိနိဒ္ဓ (တိ) ချစ်ခင်တတ်သူ

သိနေရု (ပ) မြင်းမိုရ်တောင်၊ တောင်ရံ

သိနေဟ (ပ) ချစ်ခြင်း

သိန္ဒီ (ဣ) စွန်ပလွန်ပင် (သင်ပေါင်းပင်)

သိန္ဓဝါရ (ပ) ကြောင်ပန်းပင်

သိန္ဓုရ (နာ) ဟင်းသပြဒါး

သိန္ဓဝ (ပ) မြင်း၊ သိန္ဓောဆား

သိန္ဓဝ -** အဿ-သိန္ဓောမြင်း၊ လောဏ-သိန္ဓောဆား။ (အဿေ လောဏေစ သိန္ဓဝေါ။)

သိန္ဓု (ပ-ဣ) သမုဒ္ဒရာ၊ မြစ်

သိန္ဓု - ** (ပုလ္လိင် သိန္ဓု-သည်) ဒေသ-သိန္ဓုအရပ်၊ အဏ္ဏဝ-သမုဒ္ဒရာ၊ (ဣတ္ထိလိင် သိန္ဓု-သည်) သရိတာ-သိန္ဓုမြစ်။(ဒေသဏ္ဏဝေ ပုမေ သိန္ဓု၊ သရိတာယံ သနာရိယံ။)

သိန္ဓုသဂ်မ (ပ) မြစ်ဆုံ

သိပ္ပ (နာ) ကလာ,စသောအဝတ် (ကလာ,စသော(ဝါ) ဝတ္ထာယနကျမ်း လာ နုစ္စ,ဝါဒန,စသော (၆၄)ပါသော ဗာဟိယအမူအရာ လည်ဖက်ခြင်း, နမ်းစုပ်ခြင်း,စသော (၆၄)ပါးသော အဘ္ဗန္တရအမူအရာ,စသော အမူသည် "သိပ္ပ" မည်၏။)

http://www.dhammadownload.com



သိပ္ပသာလာ (ကဏ္ဍ) အလုပ်ရုံ
သိမ္မလီ[သိပ္ပလီ] (ပ-ကဏ္ဍ) လက်ပံပင်
သိပ္ပိက (ပ) အတတ်သည်
သိပ္ပီ (ကဏ္ဍ) ကနုကမာ (ယောက်သွား)
သိပ္ပိနီ (ကဏ္ဍ) တဏှာ, ဦးခေါင်း, သစ်ပင်ဖျား
**သိရ** * သေဋ-မြတ်သည်၊ မုဒ္ဓ-ဦးခေါင်း။ [ သိရော သေဋ္ဌေစ မုဒ္ဓနိ။]
သိရာ (ကဏ္ဍ) အကြောာ
သိရိဝါသ (ပ) ထင်းရှူးစေး
သိရီ (ကဏ္ဍ) ကျက်သရေ, ပြည့်စုံခြင်း
**သိရီ** * (ကဏ္ဍ) သောဘာ-တင့်တယ်ခြင်း၊ သမ္ပတ္တိ-ပြည့်စုံခြင်း၊ ဒေဝတာ-သိရီနတ်သမီး။ [ သောဘာသမ္ပတ္တိသု သိရီ၊ လက္ခိတ္ထိ ဒေဝတာယစ။]
သိရီသ (ပ) ကုက္ကိုပင်
သိရောရော (ကဏ္ဍ) လည်ပင်း (လည်တိုင်)
သိရောမဏိ (ပ) မကိုဠ်ထွတ်, ကျောက်
သိရောဝေဒန (နာ) သင်းကျစ်
သိလာ (ကဏ္ဍ) ကျောက်
သိလာဃာ (ကဏ္ဍ) ခိုးမွမ်းခြင်း
သိလာပေါက္ခရဏီ (ကဏ္ဍ) ကျောက်ရေကန်
သိလာဘု (ပ) မြွေစိမ်း
သိလုစ္စယ (ပ) တောင်
သိလုတ္တ (ပ) လင်းမြွေ
သိလေသ (ပ) စပ်ခြင်း, ပွေ့ဝိုက်ခြင်း
သိလေသုမ (ပ) သလိပ်
သိလောက (ပ) ကျော်စောခြင်း
**သိလောက** * ယသ-အကျော်အစော၊ ပဇ္ဇ-ဂါထာ။ [ သိလောကော တု ယသေ ပဇ္ဇေ။]
သိဝ (နာ) နိဗ္ဗာန်, သိဝနတ်, ကောင်းခြင်းမင်္ဂလာ, မြေခွေး (ခွေးအ)
**သိဝ** * (ပုလ္လိင် သိဝ-သဒ္ဒါသည်) ဟရ-ပရမိသွာ(မဟာဒေဝ)၊ (နပုံလိင် သိဝ သဒ္ဒါသည်) ဘဒ္ဒ-ကောင်းခြင်း၊ မောက္ခ-နိဗ္ဗာန်၊ (ကဏ္ဍတ္တိလိင် သိဝါ-သဒ္ဒါသည်) ဇမ္ဗုက-တောခွေး။ [ ဟရေ သိဝေါ သိဝံ ဘဒ္ဒ-မောက္ခေသု ဇမ္ဗုကေ သိဝါ]
သိဝထိကာ (ကဏ္ဍ) သူသေစိမ်းပစ်ရာသချိုင်း
သိဝါ (ကဏ္ဍ) မြေခွေး (ခွေးအ)
သိဝိ (ပ) သိဝိတိုင်း
သိဝိကာ (ကဏ္ဍ) ထမ်းစင်
သိသိရ (နာ) ချမ်းအေးသော ဝတ္ထု၊ သိသိရာတု
**သိသိရ** * ( တိလိင် သိသိရ-သဒ္ဒါသည်) ဥတုဘေဒ-သိသိရာတု၊ ဟိမ-ဆီးနှင်း၊ သီတလ-ချမ်းအေးသည်။ [ ဥတုဘေဒေ တု သိသိရော၊ ဟိမေ သော သီတလေ တိသု။]
သိသ (ပ) တပည့်
**သိက္ခရ** (ပ) မိုးပေါက် [ လေသည် လွှင့်အပ်သော မိုးရေပေါက်သည် "သိကရ" မည်ပါသည်။]
သိကာရ (ပ) ဝန်ခံခြင်း
သိယ (နာ) အလျင်အမြန်
သိတ (နာ) ချမ်းအေးသော ဝတ္ထု
သိတရံသိ (ပ) လ (လဗိမာန်)
သိတလ (နာ) ချမ်းအေးသော ဝတ္ထု
သိတာ (ကဏ္ဍ) ထွန်ကြောင်း
သိပဒ (နာ) ခြေထိုင်းသော အနာ

http://www.dhammadownload.com



သိမန္တ (ပ) ထိပ်လည်ဆံရေးကြောင်း (မိန်းမတို့၏ ဆံပင်အလယ်၌ဖြောင့်ဖြောင့်သွားသော အရေးအကြောင်းကို "သိမန္တ" ဟု ခေါ်သည်။)

သိမန္တိနီ (ကဏ္ဍ) မိန်းမ

သိမာ (ကဏ္ဍ) အပိုင်းအခြား

**သိမာ** -** အဝမိ-အပိုင်းအခြား၊ ဌိတိ-ရပ်တည်ခြင်း။ (သိမာ ဝမိဋ္ဌိတီသုစ။)

သိရ (ပ) ထွန်းတုံး

သိလ (နာ) သဘောတရား၊အကျင့်သိလ

**သီလ** -** သဘာဝ-ပကတိသဘော၊ သုဗ္ဗတ-ကောင်းသောအကျင့်။ (သီလံ သဘာဝေ သုဗ္ဗတေ။)

သိဝထိကာ(ကဏ္ဍ) သူသေစိမ်းပစ်ရာသင်္ချိုင်း

သိသ (နာ) ဦခေါင်း၊ခဲ

**သီသ** -** သိရ-ဦးခေါင်း၊ တိပု-သလွဲမည်း (ခဲ)။ (သိရေ သီသံ တိပုမ္ပိစ။)

သိသစ္ဆေဒ္ဒ (တိ) ဦးခေါင်းဖြတ်ထိုက်သူ

သိဟ (ပ) ခြင်္သေ့၊မြတ်သည်,ပြဋ္ဌာန်းသည်

သိဟပဉ္ဇရ (နာ) လေသာပြူတင်း

သိဟပုဋ္ဌိ (ကဏ္ဍ) ပြိုသပြဂါ

သိဟပွပါတ (ပ) သိဟပွပါတအိုင်

သိဟဠ (ပ) သိဟဠအိုင်

သိဟာသန (နာ) ရာဇလွှဲင်(မင်းတို့၏ ခွေဖြင့်ပြီးသော နေရာသည် "သိဟာသန" မည်၏။)

သု (နိ) လွန်သော

**သု** -** သောဘန-တင့်တယ်ခြင်း၊ သုခ-ချမ်းသာခြင်း၊သမ္မာ-မဖောက်မပြန်ခြင်း၊ ဘုသ-ပြင်းထန်ခြင်း၊ သုဋ္ဌ-ကောင်းခြင်း၊ သမိဒ္ဓိ-ပြည့်စုံခြင်း။ (သု သောဘနေ သုခေ သမ္မာ-ဘုသသုဋ္ဌ သမိဒ္ဓိသု။)

သုက် (နာ) အကောက်ခွန် (ရေဆိပ်,ကုန်းဆိပ်, စသော သုက်ဌာန၌ပေးအပ်သော အခွန်သည် "သုက်" မည်၏။)

သုက (ပ) ကြက်တူရွေး

သုကတ (နာ) ကောင်းမှုကုသိုလ်

**သုကတ** -** (နပုံလိင် သုကတ-သည်) ကုသလ-ကောင်းမှုကုသိုလ်၊ (လိင်သုံးပါး၌ဖြစ်သော သုကတ-သည်) သုဋ္ဌက်တ-ကောင်းစွာပြုအပ်သော အရာဝတ္ထု။ (ကုသလေ သုကတံ သုဋ္ဌ- ကတေစ သုကတော တိသု)

သုကတိ (တိ) ကံရှိသူ

သုကန္ဓက (ပ) ကြက်သွန်နီ

သုကုမာရ (ပ) ချမ်းသာသဖြင့် ကြီးပွါးသူ၊ နူးညံ့သည်

သုက္က (ပ-နာ) ကောင်းမှုကုသိုလ်၊ အဖြူ၊ သုက်။

**သုက္က** -** (နပုံလိင် သုက္က-သည်) သမ္ဘဝ-သုက်၊ (ပုလ္လိင် သုက္က-သည် ဓဝလ-အဖြူ။ (သုံးလိင်ဆံသော သုက္က-သည်) ကုသလ-ကုသိုလ်။ (သုက္ကံ တု သမ္ဘဝေ သုက္ကော၊ ဓဝလေ ကုသလေ တီသု။)

သုက္ကကာက (ပ) ဗျိုင်းဖြူ

သုက္ကပက္ခ (ပ) လဆန်းပက္ခ

http://www.dhammadownload.com



သုခ (နာ) ချမ်းသာခြင်း
သုခုမ (တိ) နည်းသည်
သုခုမ -** အပွက-နည်းသည်၊ အဏု-ငယ်သည်။(သုခုမော အပွကာဏူသု)
သုခေဓိတ (တိ) ချမ်းသာသဖြင့်ကြီးပွါးသူ
သုဂတ (ပ) ဘုရား
သုဂန္ဓ (တိ) ကောင်းသောအနံ့
သုဂန္ဓိ (တိ) ကောင်းသောအနံ့
သုက် (နာ) အကောက်ခွန်
သုစရိတ (နာ) ကောင်းမှုကုသိုလ်
သုစိ (တိ) စင်ကြယ်သောစိတ်ရှိသူ
သုစိ -** သုဒ္ဓ-စင်ကြယ်သော စိတ်ရှိသူ၊ သိတ-အဖြူ၊ ပူတ-အပြစ်မတင် ဖြူစင်သည်(သုစိ သုဒ္ဓေ သိတေ ပူတေ)
သုဇမ္ပတိ (ပ) သိကြားနတ်မင်း
သုဇာ (ဣ) သိကြားမယား သုဇာ၊ ယဇ်စာခံသော ဇွန်း (သိကြားမင်း၏ မဟားသည် "သုဇာ" မည်၏။ ယဇ်စာခံလောက်သော ယောက်ချိုဇွန်းသည် "သုဇာ"မည်၏)
သုဇာ -** ဒဠ္ဍိ-ဇွန်း,,ယောက်ချို၊ ဣန္ဒဇာယာ-သုဇာမည်သောနတ်, မိဖုရား။ (ဒဠ္ဍိန္ဒဇာယာသု သုဇာ။)
သုဉ (တိ) အချည်းနှီး
သုဉဝစ (ပ) အ,သောသူ
သုဒ္ဓ (နိ) လွန်ကဲခြင်း
သုဏိသာ (ဣ) ဆွေးမ
သုဏှာ (ဣ) ဆွေးမ
သုတ (ပ) မယား၊ ထင်ရှားသူ
သုတ -** (အဘိဓေယျသို့ လိုက်သော လိင်ရှိသော သုတ-သည်) ဂမန-သွားခြင်း၊ ဝိသုတ-ကျော်စောထင်ရှားခြင်း၊ အဝဓာရိတ-မှတ်နာအပ်သည်၊ ဥပစိတ-ဆည်းပူးအပ်သည်၊ အနုယောဂ-မေးစိစစ်ခြင်း၊ ကိလိန္ဒ-စိုစွတ်သည်၊ (နပုံလိင် သုတ-သည်) သောတဝိညေယျ-သောတဝိညာဉ်သည် သိအပ်သော သဒ္ဒါရုံ၊ သတ္တ-ကျမ်းဂန်၊ (ပုလ္လိင် သုတ-သည်) ပုတ္တ-သား။ (ဂမနေ ဝိသုတေ စာဝဓာရိတော ပစိတေသုစ။ အနုယောဂေ ကိလိန္ဒေစ၊ သုတော ဘိဓေယျလိင်္ဂကော။ သောတဝိညေယျေ သဒ္ထေသု၊ သုတံ ပုတ္တေ သုတော သိယာ။)
သုတိ (ဣ) ဗေဒင်ကျမ်း၊ အသံ၊ နား
သုတိ -** သဒ္ဒ-သဒ္ဒါ(ဝါ) အသံ၊ ဝေဒ-ဗေဒကျမ်း၊ သဝ-နားကြားခြင်း။ (သဒ္ဒေ ဝေဒေ သဝေ သုတိ။)
သုတိဟန (ပ) နားထိုင်းသူ
သုတ္တ (နာ) ချည်
သုတ္တ -** (နပုံလိင် သုတ္တ-သည်) ပါဝစန-ပြဋ္ဌာန်းမြင့်မြတ်သောစကား၊အရိဋ္ဌ-အရိဋ္ဌဆေးရည် (ရှလကာရည်)၊ တန္တ-ချည်၊ (လိင်သုံးပါးတို့ ဦဖြစ်သော သုတ္တ-သည်) သုပိတ-အိပ်သူ (သုတ္တံ ပါဝစနေ ရိဋ္ဌေ၊ တန္တေ တံ သုပိတေ တိသု။)
သုတ္တဝေဋန (နာ) ရက်ဖောက်
သုတ္တိ (ဣ) ကနုကမာ (ယောက်သွား)

http://www.dhammadownload.com



သုဒံ (နိ) ပုဒ်ပြည့်ကာမျှ
သုဒတ္တ (ပ) အနာထပိဏ်
သုဒဿန (ပ) သုဒဿနတောင်
(တောင်ရဲ့)၊ သုဒဿနမြို့တော်
သုဒဿန -** (နပုံလိင် သုဒဿန-သည်)
သက္ကပူရ-သိကြားစံပျော် သုဒဿန
မြို့တော်၊ (လိင်သုံးပါးတို့၌ဖြစ်သော
သုဒဿန-သည်) ဒုဒ္ဒသေတရ-ရှုချင်
ဖွယ် ဝတ္ထု။ (သုဒဿနံ သက္ကပူရေ
တီသု တံ ဒုဒ္ဒသေတရေ။)
သုဒုဒ္ဒသ (နာ) နိဗ္ဗာန်
သုဒ္ဓ (ပ) သုဒ္ဓမျိုး၊ သူယုတ်မျိုး
သုဒ္ဓ (တိ) စင်ကြယ်သည်
သုဒ္ဓ -** ကေဝလ-မရောနှောသည်၊
ပူတ-စင်ကြယ်သည်။
(သုဒ္ဓေါ၊ ကေဝလပူတောသု။)
သုဒ္ဓကမ္မ (နာ) စင်ကြယ်သောအမှု၊
ကျင့်ဝတ်ပဋိပတ်
သုဒ္ဓန္တ (ပ) မောင်းမဆောင်
သုဒ္ဓိ (ဣ) နိဗ္ဗာန်
သုဒ္ဓေါဒနိ (ပ) ဂေါတမဘုရား
သုမ္မာ (ဣ) နတ်တို့စည်းဝေရာဇရပ်
သုမာ (ဣ) နတ်သြဇာ (နတ်ထမင်း)
သုမာ -** အမတ-နတ်သြဇာ၊
လေပ-အင်္ဂတေ။
(အမတေ တု သုမာ လေပေ။)
သုမာသီ (ပ) နတ်
သုမိ (ပ) ပညာရှိ
သုန (ပ) ခွေး
သုနခ (ပ) ခွေး
သုနိသဏ္ဌက (နာ) မြို့နတ်ချိုပင်
သုန္ဒရ (တိ) ကောင်းသည်,တင့်တယ်သည်
သုန္ဒရီ (ဣ) မိန်းမ
သုပဏ္ဏ (ပ) ဂဠုန်ငှက်
သုပဏ္ဏမာတု (ဣ) ဂဠုန်တို့၏အမိ
သုပဏ္ဏဝက်ဆဒန (နာ) ဂဠုန်တောင်မိုးအိမ်
သုပန္ထ (ပ) လမ်းကောင်း
သုပိန (နာ) အိပ်ခြင်း
သုပိန -** (နပုံလိင် သုပိန-သည်) သုပိန
-အိပ်ခြင်း၊ (ပုံးနပုံး၌ဖြစ်သော သုပိန
-သည်)သုတ္တဝိညာဏ-အိပ်ပျော်သူ၏
ဝိညာဉ်။(ဝါ) အိပ်မက်။
(သုပိနံ သုပနေ သုတ္တေ၊
ဝိညာဏော တ' မနိတ္ထိယံ။)
သုပ္ပ (နာ) ဗန်း၊ စကော
သုပ္ပတိက (ပ) သုပ္ပတိကဆင်
အရပ်မျက်နှာစောင့်ဆင်
သုပ္ပထ (ပ) လမ်းကောင်း
သုဗ္ဗစ (တိ) ဆိုဆုံးမလွယ်သူ
သုဘ (နာ) ကောင်းခြင်းမင်္ဂလာ၊
ကောင်းသည်, တင့်တယ်သည်
သုဘဂ (နာ) နှစ်သက်အပ်သည်
သုမန (တိ) ဝမ်းမြောက်သူ
သုမနာ (ဣ) မြာ်လေးပန်း
သုမေရု (ပ) မြင့်မိုရ်တောင် (တောင်ရဲ့)
သုရ (ပ) နတ်
သုရဇေဋ (ပ) မြဟ္မာ
သုရနဒီ (ဣ) နတ်မြစ်
သုရနာထ (ပ) သိကြားနတ်မင်း
သုရပထ (ပ) ကောင်းကင်

http://www.dhammadownload.com



သုရဘိ (နာ) ကောင်းသောအနံ့
သုရရိပု (ပ) အသုရာ
သုရာ (ကာ) သေ
သုဝ (ပ) ကြက်တူရွေး
သုဝဏ္ဏ (ပ) တသုဝဏ်၊ ရွှေ
သုဝဏ္ဏ -** (နပုံလိင် သုဝဏ္ဏ-သည်) ကနက-ရွှေ၊ (ပုလ္လိင် သုဝဏ္ဏ-သည်) ဂရုဠ-ဂဠုန်ငှက်၊ ပဌ ဓရဏမတ္တ-ငါးဓရဏာ အတိုင်းအရှည်၊ ဆဝိ သမ္မတ္တိ-အရေအဆင်း၏ ပြည့်စုံခြင်း။ (သုဝဏ္ဏံ ကနကေ ဝုတ္တံ၊ သုဝဏ္ဏော ဂရုဠေ တထာ။ ပဌ ဓရဏာ မတ္တေစ၊ ဆဝိ သမ္မတ္တိယမ်ိဳစ။)
သုဝဏ္ဏကာရ (ပ) ရွှေပန်းထိမ်သည်
သုဝတ္ထိ (ကာ) တောင့်တခြင်း
သုဝါန (ပ) ခွေး
သုဝီရ (ပ) သိကြားသားတော်
သုဝေ (နိ) နက်ဖန်နေ့
သုသမာ (ကာ) လွန်မြတ်သော တင့်တယ်ခြင်း
သုသဝီ (ကာ) ကြက်ဟင်းခါး
သုသာန (ပ-န) သချိုင်း
သုသိ (ကာ) အပေါက်
သုသိရ (နာ) သုသိရစည်(အခေါင်းရှိသော စည်)၊ အပေါက်၊ အခေါင်းရှိသော ဝတ္ထု
သုသိရ -** ဆိဒ္ဓ-အပေါက်၊ ဆိဒ္ဓဝန္တ-အပေါက်ရှိသော ဝတ္ထု၊ တူရိယန္တရ-နဲ့ ပုလ္လေး (ဆိဒ္ဓေ တု ဆိဒ္ဓဝန္တေစ၊ သုသိရံ တူရိယန္တရေ။)
သုသု (တိ) လုလင်၊ လူပျို
သုသုက (ပ) မိကျောင်း
သုသုက -** သုသုမာရ-မိကျောင်း၊ ဗာလက-သူငယ်၊ ဥလူပိ-လင်းပိုင် (ဝါ) ငါးပူတင်း။ (သုသုကော သုသုမာရေစ၊ ဗာလကေစ ဥလူပိနိ။)
သုကုမာရ (ပ) မိကျောင်း
သုကုမာရရိရ (တိ) သုကုမာရရိရပြည်
သုသုကာ (ကာ) ငါးပူတင်း
သုသေန (ပ) ခံပင်
သုသူသာ (ကာ) ဆည်းကပ်ခြင်း
သုသူသာ(ကာ)* သောတုမိစ္ဆာ-နားထောင်လိုခြင်း၊ ပါရိစရိယာ-ခစားလုပ်ကျွေးခြင်း။(သုသူသာ သောတုမိစ္ဆာယ၊ သာ ပါရိစရိယာယစ။)
သုဟဒ (ပ) မိတ်ဆွေ (ခင်ပွန်း)
သုဟဒ္ဒ (ပ) မိတ်ဆွေ (ခင်ပွန်း)
သူကရ (ပ) ဝက်
သူကရိက (ပ) ဝက်ထိုးသမား (ဝက်တို့ကို သတ်၍ အသက်မွေးသူသည် "သူကရိက" မည်၏။)
သူစက (တိ) ကုန်းတိုက်သူ
သူစိ (ကာ) အပ်
သူစိက (ပ) အပ်ချုပ်သည်
သူစိမုခ (ပ) ခြင်ကောင်
သူစိဝိဒ္ဓန (နာ) အပ်နဖားထွင်းစူး
သူတ (ပ) ရထားထိန်း၊ သူတမျိုး (ငြာဟ္မဏမျိုးမိန်းမမှ မင်းမျိုးယောကျ်ားကြောင့် ဖွားသောသားသည် "သူတ" မည်၏။)

http://www.dhammadownload.com


သူတ -** သာရထိ-ရထားထိန်း၊ ဝန္ဒိ-ခီးမွမ်းစကား ပြောကြားတတ်သူ။ (သူတော သာရထိဝန္ဒိသူ။)
သူဒ (ပ) စဖို့သည်
သူန (ပ) ခွေး
သူနာ (ဣ) စဉ်းတီတုံး
သူနု (ပ) သား
သူပ (ပ) ဟင်း
သူပ -** ကုမ္မာသ-မုယောမုန့်၊ ဗျဉ်ဇန-ဟင်းလျာ။(သူပေါ ကုမ္မာသ ဗျဉ်ဇနေ)
သူပကာရ (ပ) စဖို့သည်
သူရ (ပ) နေ၊ ရဲရင့်သူ
သူရ -** ဝီရ-ရဲရင့်သူ၊ ရဝိသူရ-နေ။ (သူရော ဝီရေ ရဝိသူရေ။)
သူရိယ (ပ) နေ
သူရတ (တိ) သနားကြင်နာတတ်သူ
သူလ (ဣ) ကိုက်ခဲသောအနာ
သူလ -** ဟေတိဘေဒ-လှံတံကျင်ဟူသော လက်နက်အထူး၊ သက်-ငြောင့်၊ ရူဇာ-ဝမ်းကိုက်နာ။(ပ-နှ) (သူလံ တု နိတ္တိယံ ဟေတိ၊ ဘေဒေ သက်ံရူဇာသုစ။)
သူလီ (ပ) သိဝနတ်
သေခ (ပ) သေကွ (သောတာပန်,စသော အရိယာ(၇) ယောက်တို့သည် "သေခ" မည်၏)
သေခရ (ပ) ဦးဆောက်ပန်း
သေခရိက (ပ) တောကြက်မောက်
သေဌ (တိ) မြတ်သည်, ပြဋ္ဌာန်းသည်
သေဋ္ဌိ (ဣ) ပြာ
သေဏိ (ပ-ဣ) ဇာတ်တူ အတတ်သည် အပေါင်း၊ အဖြူ (အမျိုးတူဖြစ်ကုန်သော အတတ်သည်တို့၏ အပေါင်းကို "သေဏိ")
သေဏီ (ဣ) -** သမသီပွဂဏ-တူသော အတတ်ရှိကုန်သူတို့၏အပေါင်း၊ အာဝလိ-အစဉ်။ (သေဏီ တ္ထိ သမသီပွိန်၊ ဂဏော စာဝလိယမ္ပိစ။)
သေတ (ပ) အဖြူ
သေတစ္ဆဒ (ပ) ဟသ်ာ
သေတဋ္ဌိကာ (ဣ) ကောက်နာ (ဖလံဖြူ၊ ဆစ်ပိုး)
သေတမ္ဗ (ပ) သရက်ဖြူပင်
သေတု (ပ) အကြောင်း၊ ကန်သင်းပေါင်
သေတု -** အာလိ-ကန်သင်း,ကန်ပေါင်၊ ကာရဏ-အကြောင်း။ (အာလိယံ သေတု ကာရဏော။)
သေဒ (တိ) ချွေး
သေဒ -** ယမ္မဇလ-ချွေး၊ ပါက-ချက်ပြုတ်ခြင်း။ (သေဒေါ ယမ္မဇလေ ပါကေ။)
သေဒဇ (တိ) အညှိခွဲခွဲ၍ဖြစ်သော သတ္တဝါ (ပိုးကောင် မှက်,စသော သတ္တဝါတို့သည် "သေဒဇ" မည်၏)
သေန (ပ) အိပ်ရာ၊ လင်းယုန်
သေနာ (ဣ) စစ်တပ်
သေနာနီ (ပ) စစ်သူကြီး
သေနာ ဟိ စတုရင်္ဂိနီ-၌စတု-အရ (စစ်အင်္ဂါ ၄-ပါး ရှိ)

http://www.dhammadownload.com



သေပဏ္ဏီ (ဣ) ယမနေပင်
သေဖာလိကာ(ဣ) ဆိပ်ဖလူးပင်
သေမှ (ပ-န) သလိပ်
သေယျ (တိ) ကောင်းခြင်းမင်္ဂလာ, မြတ်သည်, ပြဋ္ဌာန်းသည်
**သေယျ** * (ပုလ္လိင် သေယျ-သဒ္ဒါသည်) ဓမ္မ-လောကုတ္တရာတရားကိုးပါး၊ မင်္ဂလ-ဣဋ္ဌမင်္ဂလာ၊ (လိင်သုံးပါးတို့၌ ဖြစ်သော သေယျ-သဒ္ဒါသည်) ပသတ္ထတရ-အလွန်ချီးမွမ်းအပ်သည်။
| ဓမ္မေစ မင်္ဂလေ သေယ္ယော၊ သော ပသတ္ထတရေ တိသူ။|
သေယျာ (ဣ) အိပ်ရာ
**သေယ္ယာ** * သေနာသန-ကျောင်းအိပ်ရာ, နေရာ၊ သေန-အိပ်ခြင်း။
| သေယ္ယော သေနာသနေ သေနေ|
သေရီ (တိ) မိမိအလိုအတိုင်းနေသူ
သေရေယျက (ပ) လိပ်ဆူးရွေပင်
သေလ (ပ) တောင်
သေလု (ပ) သနပ်ပင်
သေလေယျ (န) ကျောက်ပန်း
သေဝက (ပ) အမှုထမ်း
သေဝါလ (ပ) မှော်
သေဋ္ဌန (န) အသံသာမန်
**သေဋ္ဌန** * (သေဋ္ဌန-သဒ္ဒါသည်) ဓနိ-အသံသာမာန်၊ ယောဓသီဟနာဒ-သူရဲတို့၏ မကြောက်မရွံ့ဟစ်အော်သံ
| ဓနိမ္မိ သေဋ္ဌန် ယောဓ -သီဟ နာဒမ္ပိ ဒိဿတိ။|
သောက (ပ) စိုးရိမ်ခြင်း
သောဂန္ဓိက (န) သောဂန္ဓိကသစ်ခွာ, ကြာသိမ် (ကြာဖြူ, ကြာတံဆိပ်)
သောစန (န) စိုးရိမ်ခြင်း
သောစိက (ပ) အပ်ချုပ်သည်
သောဏ (ပ) အနီ, ခွေး
**သောဏ** * (သောဏ-သဒ္ဒါသည်) ရုက္ခ-ကြောင်လျှာပင်၊ ဝဏ္ဏ-နီသောအဆင်း၊ သုန-ခွေး။
| ရုက္ခေ ဝဏ္ဏေ သုနေ သောဏော|
သောဏက (ပ) ကြောင်လျှာ
သောဏိတ (န) သွေး
သောဏီ (ဣ) တင်ပါး
သောဏ္ဍ (ပ-ဣ)ဆင်နှာမောင်း, မူးယစ်သူ
**သောဏ္ဍ** * (သုံးလိင်ဆံသော သောဏ္ဍ-သဒ္ဒါသည်) သုရာဒီလောလ-သေအရက်, ကြွေအန်ကြူးခြင်း,စသည်ဖြင့် လျှပ်ပေါ်သူ၊ ( ဣတ္ထိလိင်, ပုလ္လိင်တို့၌ ဖြစ်သော သောဏ္ဍ-သဒ္ဒါသည်) ဟတ္ထိ ကရ-ဆင်နှာမောင်း။
| တီသု သုရာဒိ လောလသ္မိ၊ သောဏ္ဍော ဟတ္ထိကရေ ဒ္ဝိသု။|
သောဏ္ဍာ (ဣ) ဘုံဆိုင် (သေတင်းကုပ်)
သောဏ္ဍိက (ပ) အရက်ရောင်းသူ
သောဏ္ဍီ (ဣ) ကျောက်ရေကန်
သောဏ္ဏ (န) ရွှေ
သောတ (န) နား
**သောတ** * (သောတ-သဒ္ဒါသည်) ကဏ္ဏ-နား၊ ပယောဝေဂ-ရေအလျင်။
| သောတံ ကဏ္ဏေ ပယောဝေဂေ။|
သောတာပန္န (ပ-န) သောတာပန်

http://www.dhammadownload.com



သောတ္ထိယ (ပ) ဗေဒင်သင်အံ့သော ပုဏ္ဏား
သောထ (ပ) ကိုယ်ရောင်နာ
သောထယာတိ (ကြ) ပရန္တပါပင် (ဆင်ပြာပင်)
သောဒရ (ပ) မွေးချင်းသားချင်း
သောဒရိယ (ပ) မွေးချင်းသားချင်း
သောဓနိ (ကြ) တံမြက်စည်း
သောပါန (ပ) အုတ်လှေကား
သောပု (န) အိပ်ခြင်း
သောဗ္ဘ (န) အပေါက်
သောဗ္ဘာနု (ပ) အသူရိန်ရာဟု
သောဘဂ္ဂန (ပ) ဒန့်သလွန်ပင်
သောဘန (တိ) ကောင်းသည်, တင့်တယ်သည်
သောဘာ (ကြ) တင့်တယ်ခြင်း
သောမ (ပ) လ (လဒိမာန်)
သောမ -** သြသဓိ-ဆေးအထူး၊ (သောမန္တယ်)၊ ကြန္တု-လမင်း။ (သောမော တု သြသဓိန္တုသု။)
သောမဝတ္ထ (ပ) ရှားဖြူပင်
သောမဝလ္လိကာ (ကြ) ကန့်ကလာပင်
သောဝီရလ္လ (ပ) မိန်းမစိုး
သောဝီရ (န) ပုံးရည်
သောသ (ပ) အဆုတ်နာ
သောဟိစ္စ (န) ရောင့်ရဲခြင်း
သ္မေဟ (ပ) ချစ်ခြင်း
သ္မေဟ -** တေလ-ဆီ၊ အဓိကပ္ပေမ-အလွန်ချစ်ခြင်း။ (သ္မေဟော တေလေ ဓိကပ္ပေမေ။)
သ္မာတိ (ကြ) သ္မာတိနက္ခတ်
သ္မာန (ပ) ခွေး
သ္မေ (ဗျ) နက်ဖြန်
ဟံသ (ပ) ဟင်္သာ
ဟဇ္ဇ (တိ) နှစ်သက်အပ်သည်
ဟဋ္ဌ (တိ) နှစ်သက် ဝမ်းမြောက်သည်
ဟဋ္ဌစိတ္တ (ပ) ဝမ်းမြောက်သူ
ဟဋ္ဌ (ပ) နိုင်ထက်မူခြင်း
ဟတ္ထ (ပ) ဆံစု၊ လက်၊အတောင်၊နှာမောင်း
ဟတ္ထ -** ပါဏိ-လက်၊ ရတန-တတောင်၊ ဂဏ-အပေါင်း၊ သောဏ္ဍာ-ဆင်နှာမောင်း၊ ဘန္ဆရ-ဟဿတနက္ခတ်။ (ဟတ္ထော ပါဏိမှိ ရတနေ၊ ဂဏော သောဏ္ဍာယ ဘန္ဆရေ။)
ဟတ္ထာ (ကြ) ဟဿတနက္ခတ်
ဟတ္ထာနီက (န) သုံးစီး သုံးစီးသော ဆင်
ဟတ္ထာရောဟ (ပ) ဆင်ဦးစီး
ဟတ္ထိဂေါပက (ပ) ဆင်ဦးစီး
ဟတ္ထိယဋ္ဌာ (ကြ) ဆင်အုပ်
ဟတ္ထိနခ (ပ) ဆင်ခြေလျှောမြေ၌ တည်သော အိမ်(ပြာသာဒ်)
ဟတ္ထိနီ (ကြ) ဆင်မ
ဟတ္ထိပ (ပ) ဆင်ဦးစီး
ဟတ္ထိမေဇ္ဈာ (ပ) ဆင်ဦးစီး
ဟတ္ထိလိင် (ပ) ဌက်ဆင်
ဟတ္ထိသောဏ္ဍဝိဟင်္ဂမ (ပ) ဌက်ဆင်
ဟတ္ထီ (ပ) ဆင်
ဟဒယ (နှ) စိတ်၊ ရင်ဘတ်
ဟဒယ -** ဟဒယဝတ္ထု-ဟဒယဝတ္ထု၊ စိတ္တ-စိတ်၊ ဥရ-ရင်။

http://www.dhammadownload.com



(အထော ဟဒယ ဝတ္ထုမှိ၊
စိတ္တေစ ဟဒယံ ဥရေ။)
ဟဒယင်္ဂမ (နာ) ကြင်နာစကား
(စိတ်နှလုံးသို့ ဝင်သောစကား
သည် "ဟဒယင်္ဂမ" မည်၏။)
ဟဒယဝတ္ထု (နာ) နှလုံး
ဟဒယာလု (တိ) စိတ်နှလုံးကောင်းသူ
ဟဒယီ (တိ) စိတ်နှလုံးကောင်းသူ
ဟနန (နာ) သတ်ခြင်း
ဟနု (ဣ) မေး
ဟန္ဒ (နိ) တိုက်တွန်းခြင်း
ဟန္ဒ -** ဝါကျာရမ္ဘ-စကားသစ်ကို အား
ထုတ်ခြင်း၊ ဝိသာဒ-ပင်ပန်းခြင်း၊
ဟာသ-ရွှင်ခြင်း၊ အနုကမ္ပန-အစဉ်
သနားခြင်း။ (ဝါကျာရမ္ဘ ဝိသာဒေသု
ဟန္ဒ ဟာသေ နုကမ္ပနေ။)
ဟဗျ (နာ) ယဇ်၊ ထောပတ်
ဟဗျပါက (ပ) ယဇ်စာထမင်း
ဟမ္မော (နိ) ခေါ်ဝေါ်ခြင်း
ဟမ္မိယ (နာ) အုတ်တိုက်ကတုံး
ဟယ (ပ) မြင်း
ဟယပေါတက (ပ) မြင်းကလေး
ဟယာနိက (နာ) သုံးစီး သုံးစီးသောမြင်း
ဟရ (ပ) သီဝနတ်
ဟရိ (ပ) ဗိဿနိုး၊ စိမ်းသောအဆင်း
ဟရိ -** ဟရိတ-စိမ်းသောအဆင်း၊
သုဝဏ္ဏ-ရွှေ၊ ဝါသုဒေဝ-ဗိသကိုး။
(ဟရိတေ တု သုဝဏ္ဏေစ၊
ဝါသုဒေဝေ ဟရီ ရိတော။)
ဟရိစန္ဒန (ပ-နာ) စန္ဒကူးရွှေ
ဟရိဏ (ပ) သမင်
ဟရိတ (ပ) စိမ်းသောအဆင်း
ဟရိတာလ (နာ) ဆေးဒန်း
ဟရိတကီ (ဣ) ဖန်ခါး
ဟရီ (ပ) ရွှေ
ဟရေ (နိ) ခေါ်ဝေါ်ခြင်း
ဟလ (နာ) ထွန်တုံး
ဟလပဒ္ဓတိ (ဣ) ထွန်ကြောင်း
ဟလာဟလ (ပ-နာ) ဟလာဟလအဆိပ်
ဟလိဒ္ဒာဘ (ပ) ဝါသောအဆင်း
ဟဝ (ပ) ခေါ်ဝင်ခြင်း
ဟဝိ (ပ) ယဇ်ထောပတ်
ဟဝိ -** သပွိ-ထောပတ်၊
ဟောတဗ္ဗ-ယဇ်ထမင်း။
(ဟဝိ သပွိမှိ ဟောတဗ္ဗေ။)
ဟဝေ (နိ) စင်စစ်
ဟသန (နာ) ရယ်ခြင်း
ဟသိတ (နာ) ရယ်ခြင်း
ဟဿ (ပ) ရယ်ခွင်ခြင်း
ဟာ (နိ) ပင်ပန်းခြင်း
ဟာ -** ခေဒ-ပင်ပန်းခြင်း၊ သောက-ဝိုး
ရိမ်ခြင်း၊ ဒုက္ခ-ဆင်းရဲခြင်း။
(ဟာ ခေဒသောကဒုက္ခေသု။)
ဟာဎက (နာ) ရွှေ
ဟာယန (ပ) နှစ်
ဟာရ (ပ) ပုလဲသွယ်
ဟာရ -** မုတ္တာဒုဏ-ပုလဲသွယ်၊
ဂါဟ-ဆောင်ယူခြင်း။
(ဟာရော မုတ္တာဒုဏော ဂါဟော။)
ဟာရီ (နာ) ကောင်းသည်,တင့်တယ်သည်

http://www.dhammadownload.com



ဟာဝ (ပ) မိန်းမတို့၏အမူအရာ
ဟာသ (ပ) နှစ်သက်ဝမ်းမြောက်ခြင်း၊ ရယ်ခြင်း
**ဟိ** -** ကာရဏ-အကြောင်း၊ ဝိသေသ-အထူး၊ အဝဓာရဏ-ပိုင်းခြားခြင်း၊ ပဒပူရဏ-ပုဒ်ပြည့်ကာမျှ။ (ဟိ ကာရဏေ ဝိသေသာဝဓာရဏေ ပဒပူရဏေ။)
ဟိသန (နာ) သတ်ခြင်း
ဟိသာ (ကာ) သတ်ခြင်း
ဟိသာသီလ (တိ) ညှဉ်းဆဲတတ်သူ
ဟိန္တာလ (ပ) မင်းဘောပင်
ဟိမ (နာ) ဆီးနှင်း
**ဟိမ** -** သီတလေပိ-ချမ်းအေးသည်၊ ဆီးနှင်း။(ဟိမော တု သီတလေပိစ)
ဟိမရဲသိ (ပ) လ (လဒိမာန်)
ဟိမဝန္တ (ပ) ဟိမဝန္တာတောင်
ဟိမာစလ (ပ) ဟိမဝန္တာတောင်
ဟိယျော (ဗျ) ယမန်နေ့
ဟိရည (နာ) အယဉ်အရိုင်း ရွှေငွေ၊ ရွှေ။ (ခုတ်ပြီး မခုတ်သေးသော(ဝါ) အထည်ဝတ္ထု လုပ်ပြီး မလုပ်သေးသော ရွှေငွေသည် "ဟိရည" မည်၏)
**ဟိရည** -** ဟေမ-ရွှေ ဝိတ္တ-ဥစ္စာ။ (ဟေမေ ဝိတ္တေ ဟိရညဉ္စ။)
ဟိရညဂ္ဃ (ပ) ငြဟ္မာ

ဟိရီ (ကာ) ရှက်ခြင်း
ဟိရီဝေရ (နာ) ပန်းမပင်
ဟိဠိတ (တိ) ရှက်ခြင်းရှိသည်
ဟီ (ကာ) ဘုံသြခြင်း
ဟီန (တိ) ယုတ်ညံ့သည်၊ စွန့်အပ်သည်
ဟုတာဝဟ (ပ) မီး
ဟုတာသ (ပ) မီး
ဟုသာ (ကာ) ချွေးမ
ဟုတိ (ကာ) ပူဇော်ခြင်း
ဟေ (နိ) ခေါ်ငင်ခြင်း
ဟေဌာ (နိ) အောက်
ဟေတိ (ကာ) လက်နက်
ဟေတု (ပ) အကြောင်း
**ဟေတု** -** ဝစနာဝယဝ-ပဋိညာ,ဟေတု စသော သမ္မုဇ္ဇာဝါကျ အစိတ်ဟိတ်၊ မူလ-လောဘ,စသောဟိတ်၊ ကာရဏ-အကြောင်း။ (ဝစနာဝယဝေ မူလေ၊ ကထိတော ဟေတု ကာရဏေ။)
ဟေမ (ပ) ဟေမဆင်မျိုး၊ ရွှေ
ဟေမန္တ (ပ) ဆောင်းဥတု
ဟေရညိက (ပ) ငွေတိုက်စိုး
ဟေလာ (ကာ) မိန်းမတို့၏အမူအရာ
ဟေသာ (ကာ) မြင်းဟီသံ
ဟေဠာ (ကာ) မိန်းမတို့၏အမူအရာ
ဟောမဒွိ (နာ) ယင်္ကာခပ်သောဇွန်း

ပါဠိ - မြန်မာ အဘိဓာန် ပြီး၏။

http://www.dhammadownload.com



# မြန်မာ – ပါဠိ – အဘိဓာန်

အဉ ▪ ကရဟာဋ္ဌ, ကန္ဒ (၂)
အဉ္ဇန် ဖြစ်သော သတ္တဝါ ▪ အဏ္ဏဇ
အအိပ်ကြီးသူ ▪ နိဒ္ဒါလု, နိဒ္ဒါသီလ (၂)
အကာ ▪ အသာရ, ဖေဂ္ဂု (၂)
အကို ▪ အဂ္ဂဇ, ပုဗ္ဗဇ, ဇေဋ္ဌ (၃)
အကောက်ခွန် ▪ သုင်္ကံ
အကျော် ▪ လောဟ, အဂရု, အဂဋ္ဌ (၃)
အကျော်နက် ▪ ကာဠာဂရု
အကျီသင်တိုင်း ▪ ကဋ္ဌက, ဝါရဝါဏ (၂)
အကျင့်တူသူအပေါင်း ▪ နိကာယ
အကျင့်သီလ ▪ တပ, သံယမ, သီလ (၃)
အကျင့်ဖြူစင်သူ ▪ ပဝိတ္တ, ပယတ, ပူတ ။
အကျဉ်း ▪ သခ်ေပ, သံဟာရ, သမာသ, သင်္ဂဟ (၄)
အကျယ်ချဲ့ခြင်း ▪ ဗျာသ, ပပဉ္စ, ဝိတ္ထာရ ။
အကျိုး ▪ အာနိသံသ, ဂုဏ (၂)
အကျိုးမရှိသည် ▪ မုစာ
အကျိုးဝင်သည် ▪ အန္တဂ္ဂတ, ပရိယာပန္န, အန္တောဂဓ, သြဂဓ (၄)
အကျွမ်းဝင်ခြင်း ▪ ဝိဿာသ, ဝိဿမ္ဘ (၂)
အကယ်၍ ▪ စေ, သစေ, ယဒိ
အကွာရာ (စာလုံး) ▪ ဝဏ္ဏ, အက္ခရ (၂)
အကွပ် (တကူ) ▪ နေမိ (လှည်းဘီး၏အဆုံး သည် "အကွပ် (တကူ)" မည်၏။)
အကြီးအကဲ ▪ အဇ္ဈက္ခ, အဓိကတ (၂)
အကြောင် ▪ နှာရု, သိရာ, ဓမနီ (၃)
အကြောမ ▪ ကဏ္ဍရာ, မဟာသိရာ (၂)
အကြံ,ဝိတက် ▪ တက္က, ဝိတက္က, သင်္ကပ္ပ, အပ္ပနာ, ဉိဟာ (၅)
အကြောင်း ▪ နိမိတ္တ, ကာရဏ, ဌာန, ပဒ, ဗီဇ, နိဗန္ဓန, နိဒါန, ပဘဝ, ဟေတု, သဒ္ဒဝ, သေတု, ပစ္စယ (၁၂)
အကြွင်းမဲ့အကုန် ▪ သဗ္ဗ, သမတ္တ, အခိလ
အခ (လခ, ကူလိခ) ▪ ဘတိ, နိဗ္ဗေသ, ဝေတန, မူလျ (၄)
အခစားလုပ်သူ ▪ ဝေတနိက, ဘတက, ကမ္မကာရ (၃)
အခါ ▪ကာလ, အဒ္ဓါ, သမယ, ဝေလာ။
အခါး ▪ တိတ္တ
အခေါင်းရှိသော ဝတ္ထု ▪ သုသိရ
အခွံ အခေါက် ▪ တစ
အခိုင် ▪ ထဝက, ဂေါစ္ဆက (၂)
အချို ▪ မဓုရ
အချဉ် ▪ အမ္ဗိလ
အခြင်, ရနယ်, ဒိုင်း, မြား ▪ ဂေါပါနသီ
အခြင်းအရာ ▪ အာကာရ, ဣရိယာ, ဣရိယာပထ ။
အချင်းချင်း ကြုံးဝါးခြင်း ▪ အဟမဟမိကာ
အချင်း(သူငယ်အိမ်) ▪ ဂဗ္ဘာသယ, ဇလာဝု
အချက် ▪ ဗီဇကောသ, ကဏ္ဍိကာ
အချက်, ကြာခွက် ▪ဗီဇကောသ,ကဏ္ဍိကာ
အချည်နှီး ▪ တုန္နာ, ရိတ္တက, သုည (၃)
အချည်းစည်းနေသူ ▪ နဂ္ဂ, ဒိဂမ္ဗရ, အဝတ္ထ
အခွင့်ရောက်ခြင်း ▪ ပတ္တာဝ, အဝသရ။
အခွန်တော် ▪ ကရ, ဗလိ (၂)

http://www.dhammadownload.com



**အင်္ဂါဇာတ်** ။ အင်္ဂဇာတ, ရဟာသင်္, ဝတ္ထုဂုယ့, မေဟန, နိမိတ္တ, ဝရင်္, ဗီဇ, ဖလ, လိင်္ဂ (၉)

**အင်္ဂါလေးပါးရှိသော အမိုက်မှောင်** ။ စတုရင်္ဂတမ၊ (၁။လဆုတ်ပက္ခ လကွယ်နေ့၊ ၂။တခဲနက်သော တော အုပ်,တောနက်၊ ၃။မိုးတိမ်အုပ်ခြင်း၊ ၄။ သန်းခေါင်။)

**အင်္ဂန်** ။ လဝဏ

**အစာ** ။ အသန, အာဟာရ, ဘောဇန, ယာသ (၄)

**အစာ(၄)မျိုး** ။ ။ ၁။ခဇ္ဇ-ခဲဖွယ်၊ ၂။ဘောဇ္ဇ-စားဖွယ်၊ ၃။လေယျ-လျက်ဖွယ်၊ ၄။ ပေယျ-သောက်ဖွယ်။

**အစပ်** ။ ကဋုက

**အစွမ်းသတ္တိညဉ်သူ** ။ ကုဏ္ဍ (အမှုတို့၌ ပျင်းရိထိုင်းမှိုင်းသောသူသည် "အစွမ်းသတ္တိညဉ်တုံးသူ" မည်၏။)

**အစွယ်** ။ ဒါဌာ

**အစဉ်** ။ ပဋိပါဋိ, အနုက္ကမ, ပရိယာယ, အနုပုဗ္ဗီ, ကမ (၅)

**အစဉ်အတန်း** ။ ပန္တိ, ဝီထိ, အာဝလိ, သေဏီ, ပါလိ (၅)

**အစည်းအဝေး (သဘင်)** ။ ပရိသာ, သဘာ, သမဇ္ဇာ, သမိတိ, သံသဒ (၅)

**အစည်းအဝေးတက်သူ** ။ သဘျ, သာမာဒိက

**အစိတ်(အဗျယအနက်)** ။ စန, စိ (၂)

**အစိတ်** ။ အဗု, အဒ္ဓ, ဥပဗု, ခဏ္ဍ, သကလ

**အစိတ်ထက်ဝက်** ။ အဒ္ဓ

**အစအဦး** ။ ပုဗ္ဗ, အဂ္ဂ, ပဌမ, အာဒိ (၄)

**အစားပေးခြင်း** ။ ပဋိဒါန, ပဋိဝတ္တ (၂)

**အစားကြူးသူ** ။ ဃသ္မရ, ဘက္ခက (၂)

**အစားကြီးသူ** ။ ဃသ္မရ, ဘက္ခက (၂)

**အစားစား** ။ ဗဟုဝိဓ, နာနာရူပ, ဝိဝိဓ (၃)

**အစဉ်အတန်း** ။ ပန္တိ, ဝီထိ, အာဝလိ, သေဏီ, ပါလိ (၅)

**အစုံ** ။ ယုဂ, ယုဂဉ္ဇ, ဒွန္ဒ, ယမက, ယမလ, ယမ (၆)

**အစိုးရသူ** ။ ဣဿရ, နာယက, သာမိ, ပတိ, ဤသ, အဓိပတိ, ပဘု, အယျ, အဓိပ, အဓိဘူ, နေတု (၁၁)

**အဆာအမြိတ်** ။ ဒသာ

**အဆီခဲ** ။ မေဒ, ဝပါ (၂)

**အဆင်တန်ဆာ** ။ မဏ္ဍန, ပသာဓန, ဝိဘူသန, အာဘရဏ, အလင်္ကာရ, ပိလန္ဓန (၆)

**အဆစ်** ။ ပဗ္ဗ, ဖလု, ဂဏ္ဌိ (၃)

**အဆိပ်** ။ ဝိသ, ဂရဟ (၂)

**အဆိပ်အထူး** ။ ကာဠကူဋ (ဟလာဟလ အဆိပ်, ကာဠကူဋအဆိပ်)

**အဆုပ်နှာ** ။သောသ, ခယ (၂)

**အဆုံး** ။ အန္တ, ပရိယန္တ, ပန္တ, ပစ္ဆိမ, အန္တိမ, ဇိယည, စရိမ (၇)

**အဆီးအတား မရှိသည်** ။အဗာဓ, နိရဂ္ဂလ

**အညောက်** ။ ကဋိရ, မတ္ထက (၂)

**အည်ာ** ။ ဝဏ္ဏ

**အညွန့်** ။ အင်္ကုရ

**အညိုဒ်ခဲ့ စွဲ၍ဖြစ်သော သတ္တဝါ** ။ သေဒဇ

**အတူ** ။သမ, ပဋိဘာဂ, သန္နိကာသ, သရိက္ခက, သမာန, သဒိသ, တုလျ,

http://www.dhammadownload.com



သံကာသ, သန္ဓိဘ, နိဘ (၁၀)
အတွေ့ ။ ဖဿ, ဖောဋ္ဌဗ္ဗ
အတတ်သည် ။ ကာရ, သိပ္ပိက (၂)
အတတ်သည် (၅)မျိုး ။ ၁။တစ္ဆက-လက်သမား၊ ၂။တန္တဝါယ-ရက်ကန်းသည်၊ ၃။ရဇက-ခဝါသည်၊ ၄-နဟာပိတ-ဆတ္တာသည်၊ ၅။စမ္မကာရ-ဖိနပ်ချုပ်သမား။
အတတ်သည်မျိုး ။ကာရဝ
အတောင် (၄၇်တောင်) ။ ပတတ္တ, ပေခုဏ, ပတ္တ, ပက္ခ, ပိဋ္ဌ, ဆဒ, ဂရု (၇)
အတောင် ။ ရတန, ကုက္ကု, ဟတ္ထ (၃)
အတိုးအပွား ။ အာယ, ဓနာဂမ (၂)
အတွင်း ။ အဇ္ဈတ္တ, အန္တရ (၂)
အတွင်းဝင်သည် ။ အန္တရဂတ, ပရိယာပန္န, အန္တောဂဓ, သြဂဓ (၄)
အတ္တ, အသက်, လိပ်ပြာ ။ ဇီဝ, ပုရိသ, အတ္တ
အထပ်ထပ်ပြောစကား ။အနုလာပ
အထွဋ် (အထွတ်) ။ကူဋ, ကဏ္ဍိကာ (၂)
အဏ္ဏဖွတ် ။ အာချာယိကာ
အထူးအဆန်းကို ကြည့်လိုခြင်း ။ ကောတူဟလ
အထူးကြံစည်ခြင်း ။ အဟော, ကီ, ကိမု, ဥဒါဟု, ကိမုတ, ဥဒ (၆)
အထူးထူး အပြားပြား ။ ဗဟုဝိဓ, နာနာရူပ, ဝိဝိဓ (၃)
အထက် ။ ဥဒ္ဓံ, ဥပရိ (၂)
အထိန်း ။ ဥပမဉ္ဇာတု
အထောင့်အရပ် ။ ဝိဒိသာ, အနုဒိသာ (၂)
အနာထပိဏ် ။ သုဒတ္တ, အနာထပိဏ္ဍိက
အနာရောဂါ ။ အာတင်္က, အာမယ, ဗျာဓိ, ဂဒ, ရောဂ, ရုဇာ, ဂေလည, အကလ္လ, အာဗာဓ (၉)
အနာ ။ အာတင်္က,-- အာဗာဓ (၉)
အနာရောဂါအထူး ။ အာမယန္တရာ (၁။ဘဂန္ဒရ-ဘဂန္ဒိရ်နာ (ဂရင်ဂျိနာ)၊ ၂။မေဟ-ဆီးလွန်နာ၊ ၃။ကာသ-ချောင်းဆိုးနာ၊ ၅။သာသ-ပန်းနာ၊ ၆။ကုဋ္ဌ-ဆူနာ၊ ၇။သူလ-ကိုက်ခဲသော အနာ။)
အနာကင်းသူ ။ ကလ္လ, နိရာမယ (၂)
အနာတင်းခြင်း ။ ကုသလ, အနာမယ, အာရောဂျ (၃)
အန္ဒစ် ။ မိဠာ
အနီ ။ သောဏ, လောဟိတ, ရတ္တ, တမ္ဗ, မဇ္ဇေဋ္ဌ, ရောဟိတ (၆)
အနီး ။ သမီပ, နိကဋ္ဌ, အာသန္န, ဥပကဋ္ဌ, အာဘာသ, သန္တိက, အဝိဒူရ, သာမန္တ, သန္နိကဋ္ဌ, ဥပန္တိက, သကာသ, အန္တိက, ဥတ္တ (၁၃)
အနောတတ်အိုင် ။ အနောတတ္တ
အနံ ။ပရိဏာဟ, ဝိသာလတာ (၂)
အနံ့ကောင်းသော သရက် ။သဟ, သဟကာရ (၂)
အနဲ ။ပရိတ္တ, သုခုမ, ခုဒ္ဒ, ထောက, အပ္ပ, ကိသ, တနု, စုလ္လ, ။ တ္တာ, လေသ, လဝ, အဏု, ကဏ (၁၃)
အနည်းငယ် ။ ဤသံ, ကိဉ္စိ, မန (၃)
အနှစ်နဂါးမင်း ။ အနန္တ, နာဂရာဇ (၂)
အနောက်အရပ် ။ ပတိစီ

http://www.dhammadownload.com



အနောက်ကျွန်း ▪ အပရဂေါယာန
အန္ဒီးတော် ▪ ဝေတာဠိက, ဟောဓကရ (၂)
အပမြင်ပ ▪ ဗာဟိရ, ပရိဗာဟိရ (၂)
အပေးအကမ်း ရက်ရောသူ▪ ဝဒါနိယ, ဝဒညူ, ဒါနသောဏ္ဍ, ဗဟုပ္ပဒ (၄)
အပိတ်, အဖုံး ▪ ပိဓာန, အပဓာရဏ, တိရောဓာန, အန္တရဓာန, အပဓာန, ဆာဒန (၆)
အပေါက်,အခေါင်း▪ရန္ဓ, ဝိဝရ, ဆိဒ္ဒ, ကုဟရ, သုသိရ, ဗိလ, သုသိ, ဆိဂ္ဂလ, သောဒ္ဓ
အပေါက် ▪ ရန္ဓ, ဝိဝရ
အပေါင် ▪ ဥပကရ
အပေါင်း ▪သမူဟ, ဂဏ, သံဃာတ, သမုဒါယ, သဂ္ဃ, သန္နောဟ, နိဝဟ, ဩဃ, ဝိသရ, နိကရ, စယ, ကာယ, ခန္ဓ, သမုဒယ, ဃဋ္ဋာ, သမိတိ, သံဟတိ, ရာသိ, ပုဉ္ဇ, သမဝါယ, ပူဂ, ဇာတ, ကဒမ္ဗက, ဗျူဟ, ဝိတာန, ဂုမ္ဗ, ကလာပ ဇာလ, မဏ္ဍလ (၂၉)
အပွင့် ▪ ပုပ္ဖ
အပွင့်ရှိသောသစ်ပင် ▪သမ္ပုလ္လိတ, ဝိကစ, ဖုလ္လ, ဝိကသိတ (၄)
အပေါ့ ▪ လဟု, သလ္လဟုက (၂)
အပျို ▪ ယုဝတိ, တရုဏီ (၂)
အပျိုတော်စောင့်လူအို ▪ ကဉ္စုကီ
အပိုင်းအခြား ▪ ဩမိ, သီမာ, မရိယာဒ။
အပုပ်နံ့ ▪ ပူတိဂန္ဓိ, ဒုဂ္ဂန္ဓ (၂)
အပေါ်ရုံတဘက် ▪ ပါဝါရ, ဥတ္တရာသင်္ဂ, ဥပသံဗျာန, ဥတ္တရ, ဥတ္တရီယ▪(၅)
အပြွတ် ▪ ထဝက, ဂေါစ္ဆက (၂)
အပြစ် ▪ အာဂု, မန္တု, အပရာဓ (၃)
အပြစ်မထင်စင်ကြယ်သည် ▪ မေဇ္ဈ, ပူတ
အပြန် ▪ ပဋိကူလ, အပသဗ္ဗ (၂)
အပြေးမြန်သောသမင် ▪ ဝါတမိဂ, စလနီ။
အပင်ပေါက် ▪ ကဋ္ဌရ, မတ္ထက (၂)
အပ်နှံခြင်း, ပေါင်နှံခြင်း ▪ ဏာသ, ဥပနိဓိ။
အပိတ်အပင် မရှိသည် ▪ အဘဓ, နိရဂ္ဂလ
အဖ ▪ တာတ, ဇနက, ဝိတု (၃)
အဖိုပင် ▪ ဝဏ္ဏ, အဖလာ (၂)
အဖို့,အစု ▪ ပဋိဝိသ, ကောဋ္ဌာသ, အံသ, ဘာဂ (၄)
အဖိုး ▪ အယျက, ဝိတာမဟ (၂)
အဖိုး (အရင်းအနှီး)▪ မူလ, ပါဘတ (၂)
အဖိုး၏အဖ ▪ ပဝိတာမဟ, ပယျက။
အဖွား ▪ မာတာမဟီ, အယျိကာ (၂)
အဖု ▪ ကန္ဒ
အဖန် ▪ ကသာဝ
အဖြောင့် ▪ အဇိမှ, ပဂုဏ, ဥဇု (၃)
အဖြူ ▪ သုက္က, ဂေါရ, သိတ, ဩဒါတ, ဓဝလ, သေတ, ပဏ္ဍရ (၇)
အဖြူထည်သားမွေးအခင်း ▪ ပဋိကာ
အဖြေ ▪ ပဋိဝါကျ, ဥတ္တရ (၂)
အဘ ▪ တာတ, ဇနက, ဝိတု (၃)
အဘိဓာန် ▪ နိယဏ္ဍု (သစ်ပင်,စသည်တို့၏ အမည်ပညတ်ကို ပြတတ်သောကျမ်း သည် "အဘိဓာန်ကျမ်း" မည်၏။)
အဘယ်၌ ▪ ကုဟိဿနံ, ကုဟိ, ကုတြ, ကုတ္ထ, ကတ္ထ, ကဟံ, ကွ (၇)
အဘယ်အခါ ▪ ကဒါ, ကုဒါစနံ (၂)
အဘေး ▪ ပဝိတာမဟ, ပယျက (၂)

http://www.dhammadownload.com



**အဘွား** ။ မာတာမဟီ, အယျိကာ (၂)
**အဘို့အစု** ။ ပဋိဝိသ, ကောဋ္ဌာသ, အံသ, ဘာဂ (၄)
**အဘိုး** ။ အယျက, ပိတာမဟ (၂)
**အဘိုး (အရင်းအနှီး)** ။ မူလ, ပါဘတ (၂)
**အဘြိုက်နက်** ။ အမလ, အဇ္ဇက (၂)
**အမွှေး** ။ အမွဏ (တစ်ဆယ့်တစ်စိတ်သည် "အမွဏ" ဖြစ်သည်။)
**အမိ** ။ အမွာ, အမွာ, ဇနီ, မာတု, ဇနေတ္တိ, ဇနီကာ (၆)
**အမည်** ။ သညာ, အာချာ, အဝှါ, သမညာ, အဘိဓာန, နာမ, အဝုယ, နာမဓေယျ, အဓိဝစန (၉)
**အမည်း, အနက်** ။ နီလ, ကဏှ, အသိတ, ကာဠ, မေစက, သာမ, သာမလ (၇)
**အများ** ။ ဘူရိ, ပဟူတ, ပစုရ, ဘိယျ, သမ္ဗဟုလ, ဗဟု, ယေဘုယျ, ဗဟုလ။
**အများ အပြား** ။ ဥစ္စာဝစ, ဗဟုဘေဒ (၂)
**အများနှင့်ဆိုင်သည်** ။ သာဓာရဏ, သာမည
**အမျက်ဒေါသ** ။ ဝေရ, ဝိရောဓ, ဝိဒ္ဒေသ, ဒေါသ, ပဋိဃ, ကောဓ, အာဃာတ, ကောပ, ရောသ (၉)
**အမျက်ထွက်လေ့ရှိသူ** ။ ကောဓန, ဒေါသန, ကောပီ (၃)
**အမျက်ထွက်တတ်သူ** ။ ကောဓန, ဒေါသန, ကောပီ (၃)
**အမတ်ချုပ်ကြီး** ။ မဟာမတ္တ, ပဓာန (၂)
**အမောက်** ။ စူဠာ, သိခါ (၂)
**အမှိုက်** ။ ကစဝရ, ဥက္ကာပ, သင်္ကာရ, ကသမ္ဗု (၄)
**အမှိုက်ပုံ** ။ သင်္ကိဏ္ဏ, သင်္ကာရဋ္ဌာန, သဃ်ာရကူဋ္ဌက (၃)
**အမှိုက်စွန့်ရာအရပ်** ။ သင်္ကိဏ္ဏ, သင်္ကာရဋ္ဌာန
**အမွေး** ။ လောမ, တနူရုဟ, ရောမ။
**အမေး** ။ ပဉ္ဉ, အနုယောဂ, ပုစ္ဆာ (၃)
**အမှာစကား** ။ သန္ဒေသောတ္တိ, ဝါစိက
**အမှား** ။ မိစ္ဆာ, မုသာ (၂)
**အမှတ်တဆိပ်** ။ ကလင်္ကံ, လဉ္ဆန, လက္ခ, အင်္ကံ, အဘိညာန, လက္ခဏ, စိဟန, အမှတ်အသား, တဆိပ်။ ကလင်္ကံ--စိဟန်။
**အမှတ်တဆိပ်ပါ လက်စွပ်** ။ မုဒ္ဒိကာ, အင်္ဂုလိမုဒ္ဒိကာ (၂)
**အမှတ်အသားပါသော လက်စွပ်** ။ မုဒ္ဒိကာ
**အမှတ်ရခြင်း** ။ သတိ, အနုဿတိ (၂)
**အမိန့် အာဏာ** ။ အာဏာ, သာသန (၂)
**အမိုက်မှောင်** ။ အန္ဓကာရ, တမ, တိမိသ, တိမိရ (၄)
**အမိုး** ။ ဆဒန, ပဋ္ဌလ, ဆဒ္ဒ (၃)
**အမိုးစွန်း** ။ နိပ္ပ
**အမျိုး, အနွယ်** ။ ကုလ, ဝံသ, သန္တာန, အဘိဇန, ဂေါတ္တ, အန္ဝယ, သန္တတိ။
**အမျိုးမြတ်သူ** ။ ကုလိန, သဇ္ဇန, သာဓု, သဘျ, အယျ, မဟာကုလ (၆)
**အမျိုးကောင်းသား** ။ ကုလိန, သဇ္ဇန, သာဓု, သဘျ, အယျ, မဟာကုလ (၆)
**အမျိုးကိုစောင့်သောမိန်းမ** ။ ကုလိတ္ထီ, ကုလပါလိကာ (၂)
**အမျိုးကြီး ၄-မျိုး** ** ၁။ခတ္တိယ-မင်းမျိုး၊ ၂။ပြာဟ္မဏ-ပုဏ္ဏားမျိုး။ ၃။ဝေဿ-ကုန်သည်မျိုး၊ ၄။သုဒ္ဒ-သူဆင်းရဲမျိုး။

http://www.dhammadownload.com



အမှုဋ္ဌ စွဲလမ်းသူ ။ အာသတ္တ, တပ္ပရ (၂)
အမှုဋ္ဌ ကပ်ငြိစွဲလမ်းသူ ။ အာသတ္တ
အမှုထမ်း ။အနုဇီဝီ, သေဝက (၂)
အမှုဆောင်အမတ် ။ သဇီဝ, သစိဝ, အမစ္စ
အမြစ် ။ မူလ
အမြစ်ဖု ။ ကရဟာဋ, ကန္ဒ (၂)
အမြီး ။ ပုစ္ဆ, နင်္ဂုဋ္ဌ (၂)
အမြဲ ။ သတတ, နိစ္စ, အဝိရတ, အနာရတ, သန္တတ, အနဝရတ, ဓုဝ။
အမြင့် ။ ဥစ္စ, ဥန္နတ, တုဂ်, ဥဒ္ဂဂ,ဥဿိတ
အမြတ်အစွန်း ။ အာယ, ဓနာဂမ (၂)
အယူ ။ ဒဿန, ဒိဋ္ဌိ, လဒ္ဓိ, သိဒ္ဓန္တ, သမယ (၅)
အယဉ် ၂-ပါး ** ၁။ဒက္ခိဏာယဉ် ၂။ဥတ္တရာယဉ်။
အယဉ် ၂-ပါးတို့ကို ၁၂-လရာသီ, ဥတု ၆-လီတို့ဖြင့် ပိုင်းခြားပုံ
ဝါဆိုလဆုတ်တစ်ရက်နေ့မှ ပြာသိုလ ပြည့်နေ့အထိသည် ဝဿာနဥတု, သရဒဥတု, ဟေမန္တဥတု။ ဒက္ခိဏာယဉ် ပြာသိုလဆုတ်တစ်ရက်နေ့မှ ဝါဆိုလ ပြည့်နေ့အထိသည် သိသိရဥတု,ဝသန္တ ဥတု, ဂိမှဥတု ။ ဥတ္တရာယဉ်။
အယဉ်အရိုင်း ရွှေငွေ ။ ကောသ, ဟိရည
အယားဖျောက်ခြင်း ။ ကဏ္ဏ, ကဏ္ဏတိ, ကဏ္ဏာယာ, ခဇ္ဇ, ကဏ္ဏဝဓန (၅)
အရသာ(၆)ပါး ။ ၁။ကာသာဝ-အဖန်၊ ၂။တိတ္တ-အခါး၊ ၃။မဓုရ-အချို၊ ၄။လဝဏ-အငန်၊ ၅။အမ္ဗိလ-အချဉ်၊ ၆။ကဋုက-အစပ်။
အရဟတ္တဖိုလ် ။ အညာ, အရဟတ္တ (၂)
အရာရှိ အရာခံ ။ အဗ္ဘက္ခ, အဓိကတ (၂)
အရိယာ ။ အရိယ (ရအပ်ပြီးသော လောကုတ္တရာ တရားရှိကုန်သော ပုဂ္ဂိုလ်တို့သည် "အရိယာ" မည်၏။)
အရီး ။ မာတုလာနီ, ဝိတုဇ္ဇာ (၂) (ဦးကြီး၏ မယားသည် "အရီး" မည်၏။ အဖ၏ အစ်မ,နှမသည် "အရီး"မည်၏)
အရှူး ။ ဥမ္မာဒဝန္တ, ဥမ္မတ္တ (၂)
အရှူးစကား ။ ပလာပ (အနက်မရှိသော စကားသည် "အရှူးစကား" မည်၏။)
အရေတွန့်သူ ။ ဝလိတ္တစ, ဝလိန္ဒ (၂)
အရေးအကြောင်း ။ လေခါ, ရာဇိ (၂)
အရွှင်သခင် ။ ဣဿရ, နာယက, သာမိ, ပတိ, ဤသ, အဓိပတိ, ပဘု, အယျ, အဓိပ, အဓိဘူ, နေတု (၁၁)
အရင်းအနှီး ။ မူလ, ပါဘတ (၂)
အရာမ်, ခြံ, ဥယျာဉ် ။ အာရာမ, ဥပဝန
အရက် ။ အာသဝ, မေရယ (၂)
အရက်ရောင်းသူ ။ သောဏ္ဍိက, မဒ္ဒဝိက္ကယိ
အရက်သည် ။ သောဏ္ဍိက, မဒ္ဒဝိက္ကယိ
အရက်ဝိုင်း ။အာပါန, ပါဏမဏ္ဍလ
အရပ် ။ ဒေသ, ဝိသယ (၂)
အရပ်မျက်နှာ ။ပါစီ, ပတိစီ, ဥဒီစီ
အရပ်မျက်နှာစောင့်ဆင် ။ ဒိသာဂဇ (၁။ဧရာဝဏဆင်၊ ၂။ပုဏ္ဍရိက်ဆင်၊ ၃။ဝါမနဆင်၊ ၄။ကုမုဒဆင်၊ ၅။အဉ္ဇနဆင်၊ ၆။ပုပ္ပဒန္တဆင်၊ ၇။သဗ္ဗဘူမ္မဆင်၊ ၈။သုပ္ပတိကဆင် )
အရုပ် ။ ပဋိမာ, ပဋိဝိမ္ဗ, ဝိမ္ဗ, ပဋိနိဓိ

http://www.dhammadownload.com



**အရှေ့အရပ်** ။ ပါစီ
**အရှေ့ကျွန်း** ။ ပုဗ္ဗဝိဒေဟ
**အရှည်,အလျား** ။ အာယတ, ဒီဃ (၂)
**အရှဏ်** ။ အရှဏ (နေ၏ ရှေးဦးစွာ တက်သော အရောင်သည် "အရှဏ်" မည်၏။)
**အရှဏ်အဆင်း** ။ အရှဏ (စဉ်းငယ်နီသော အဆင်းသည် "အရှဏ်အဆင်း"မည်၏
**အရောင်** ။ ရံသိ, အာဘာ, ပဘာ, ဒိတ္တိ, ရူစိ, ဘာ, ဇုတိ, ဒီဓိတိ, မရီစိ, ဘာနု, အံသု, မယူခ, ကိရဏ, ကရ (၁၄)
**အရိုး** ။ အဋ္ဌိ, ဓာတု (၂)
**အရိုတံ** ။ ကဏ္ဏ, နာလ (၂)
**အရိုးပင်** ။ ကရီရ, ကကစ (၂)
**အရွက်** ။ ပတ္တ
**အရွက်မရှိသော သစ်ပင်** ။ ကရီရ, ကကစ
**အလံ** ။ ဓျာမ (နံပါးနှစ်ဖက်သို့ ဖြန့်အပ်ကုန်သော လက်နှင့်တကွ လက်မောင်းနှစ်ခုတို့သည် "အလံ" မည်၏။)
**အလံ,တံခွန်** ။ ကေတု, ဓဇ, ပဋာကာ, ကဒလိ, ကေတန (၅)
**အလမ္ဘာယ်သမား** ။ ဝါဠဂ္ဂါဟီ, အဟိတုဏ္ဍိက (၂)
**အလယ်** ။ မဇ္ဈ, ဝေမဇ္ဈ (၂)
**အလုံးစုံ** ။ သဗ္ဗ, သမတ္တ, အခိလ, နိခိလ, သကလ, နိသေသ, ကသိဏ, အသေသ, သမဂ္ဂ, အနူနက (၁၀)
**အလင်္ကာကျမ်း** ။ ကေဋ္ဌဘ (ပညာရှိတို့၏ အစီးအပွားဖြစ်သော, ပညာရှိတို့၏ အမူအရာဟုဆိုအပ်သော ကဗျာဖွဲ့ခြင်း အစီအရင်ကို အထူးကြဲရာကျမ်း သည် "အလင်္ကာကျမ်း" မည်၏။)
**အလင်း** ။ ဩဘာသ, ပကာသ, အာလောက, ဥဇ္ဇောတ, အာတပ (၅)
**အလျှံခံထိုက်သူ** ။ ဒါနာရဟ, ဒက္ခိဏေယျ
**အလျှူပေးကြူးသူ** ။ ဝဒါနိုယ, ဝဒညူ, ဒါနသောဏ္ဍ, ဗဟုပ္ပဒ (၄)
**အလုပ်ရုံ** ။ အာဝေသန, သိပ္ပသာလာ။
**အလို** ။ ကာမ, ဣစ္ဆာ, နိကာမ, ပရိယတ္တ ယဒိစ္ဆိတ (၅)
**အလို (ထင်မြင်ချက်)** ။ အဇ္ဈာသယ, အဓိပ္ပါယ, အာသယ, အဘိသန္ဓိ, ဘာဝ အဓိမုတ္တိ, ဆန္ဒ (၇)
**အလိုအာသာ** ။ ဝသ, ကန္တိ (၂)
**အလိုအလျောက်ကျွန်ခံသူ** ။ သယံဒါသဗျောပဂတ
**အလိုအလျောက်ဖြစ်ခြင်း** ။ ယဒိစ္ဆာ
**အလိုကြီးသူ** ။ မဟာတဏှ, မဟိစ္ဆ (၂)
**အလိုကျ** ။ နဋ္ဌ, ဓမန (၂)
**အလိုရှိသူ** ။ ကာမယိတု, ကမိတု, ကာမန, ကာမီ, ကာမုက (၅)
**အလိုရှိအပ် နှစ်သက်အပ်သည်** ။ ဣဋ္ဌ, သုဘဂ, ဟဇ္ဇ, ဒယိတ, ဝလ္လဘ, ပိယ။
**အလိုရှိသည်ကို မေးခြင်း** ။ ကစ္ဆိ
**အလွန်အကဲ** ။ ဥက္ကံသ, အတိသယ (၂)
**အလွန်အကဲ အပြင်းအထန်** ။ ဘုသ, အတိသယ, ဒဠှ, တိဗ္ဗ, ကေန္ဒ, အတိမတ္တ, တာဠှ (၇)
**အလွန်ရဲရင့်သူ** ။ ဝိဏ္ဏမ
**အလွန်မှားသော စကား** ။ ဝိတထ

http://www.dhammadownload.com



**အလွန်တပ်မက်မောသူ** ။ အတိတဏှ, လောလုပ (၂)

**အလွန်နက်သည်** ။ အဂါဓ, အတလမ္မသ

**အလွန်မှောင်သောညည့်** ။ တိမိသိကာ

**အလွန်နှစ်သက်ခြင်း** ။ သံ, ဒိဋ္ဌာ (၂)

**အလွန်ကြိုးစားသူ** ။ မဟုဿာဟ,ဒဟာမိတိ

**အလျား** ။ အာယာမ, ဒီဃတာ, အာရောဟ (၃)

**အလျားအနံရှည်သော** ကော်ဇောနက်-ဂေါနက

**အလျင်အမြန်** ။ ခိပ္ပ, သီဃ, တုရိတ, လဟု, အာသု, တုဏ္ဏ, အရ, အဝိလမ္ဗိတ, တုဝဋ (၉)

**အလျင်အမြန်သွားသူ** ။ ဇဝန, တုရိတ, ဝေဂီ (၃)

**အလျှဉ်းသင့်ခြင်း** ။ ပတ္တာဝ, အဝသရ (၂)

**အဝေး** ။ ဒူရ, ဝိပ္ပကဋ္ဌ (၂)

**အဝေး** ။ အာရာ, ဒူရာ, အာရကာ (၃)

**အဝိုင်း (အလုံး)** ။ နိဋ္ဌာလ, ဝဋ္ဋ, ဝဋ္ဋလ။

**အဝတ်အထူး** ။ ဝတ္ထန္တရ

(၁။ခေါမ-ခဲ့ချည်အဝတ်၊ ၂။ဒုကူလ-လျော်ချည်အဝတ်၊ ၃။ကောသေယျ-ပိုးချည်အဝတ်၊ ၄။ပတ္တုဏ္ဏ-ဖွပ်လျော်ပြီးသော ပိုးချည်အဝတ်၊ ၅။ကမ္မလ-သိုးမွေးချည်အဝတ်၊ ၆။သာဏ-သျှမ်ချည်အဝတ်၊ ၇။ကောဋ္ဌမ္ဗရ-ကောဋ္ဌမ္ဗရတိုင်းဖြစ်အဝတ်၊ ၈။ဘင်္ဂ-ဘန်ချည်အဝတ် (၀၊)ချည်အမျိုးမျိုးရောသောအဝတ်။)

**အဝတ်အစား (၄)မျိုးအထူး** **

၁။ ဝါချည်အထည်အဝတ်သည် အသီးမှ ဖြစ်သည်။ ၂။ခဲ့ချည်အဝတ်,စသည်တို့သည် သစ်ခွံ (လျှော်)မှ ဖြစ်သည်။ ၃။ပိုးချည်အဝတ်အထည်သည် ပိုးကောင်မှ ဖြစ်သည်၊ ၄။ကမ္မလ(သကလပ်)ထည်သည် သားမွေးဖြင့် ပြီးသည်

**အဝတ်အထည်** ။စေလ, အစ္ဆာဒန, ဝတ္ထ, ဝါသ, ဝသန, အံသုက, အမ္ဗရ, ပဋ, ဒုဿ, စောလ, သာဋက (၁၁)

**အဝတ် မဝတ်သူ** ။ နဂ္ဂ, ဒိဂမ္ဗရ, အဝတ္ထ။

**အဝတ်ဆွေး** ။ ဇိဏ္ဏဝသန, ပဋ္ဋစ္ဆရ (၂)

**အဝတ်သစ်** ။ အဟတ

**အဝတ်စုတ်** ။ နန္တက, ကပ္ပဋ္ဋ (၂)

**အသပြာဒင်္ဂါး** ။ ကဟာပဏ, ကရီသာပဏ

**အသရေ** ။ လက္ခီ, သိရီ (၂)

**အသီးရှိသော အပင်** ။ ဖလိန, ဖလဝန္တ, ဖလီ (၃)

**အသီး.မသီးသောအပင်** ။ ဝဏ္ဏ, အဖလာ

**အသီး** ။ ဖလ

**အသီးမှည့်** ။ ဖလ

**အသီးစိမ်း** ။ သလာဋု

**အသုရာ** ။ ပုဗ္ဗဒေဝ, သုရရိပု, အသုရ, ဒါနဝ (၄)

**အသုရာအမိ** ။ ဒနု

**အသုရာအထူး (၃)ပါး** ။ ၁။ပဟာရာဒ-ပဟာရာဒအသုရာ၊ ၂။သမ္ဗရ-သမ္ဗရအသုရာ၊ ၃။ဗလိ-ဗလိအသုရာ။

**အသူရိန်** ။ သောဇ္ဈာနု, ရာဟု (၂)

**အ,သောသူ** ။မူဂ, သုညဝစ (၂)

http://www.dhammadownload.com



အသောကပင် ▪ အသောက, ဝဠုလ (၂)
အသံ ▪ ရဝ, နိနာဒ, နိနဒ, သဒ္ဒ, နိဂ္ဃောသ, နာဒ, ဓနိ, ရာဝ, အာရာဝ, သံရာဝ, ဝိရာဝ, ဃောသ, အာရဝ, သုတိ, သရ, နိဿန (၁၆)
အသံအပေါင်း ▪ သရမဏ္ဍလ
အသံအပေါင်း(၃)ပါး- ၁။ဆဇ္ဇ-ဆဇ္ဇဂါမ၊ ၂။ မဇ္ဈိမ-မဇ္ဈိမဂါမ၊ ၃။သာဓာရဏ-သာဓာရဏဂါမ။
အသံ(၇)ပါးနှင့် မည်သောသတ္တဝါ- ၁။နွားတို့သည် ဥသဘအသံ၊ ၂။မြင်းတို့သည် ဓေဝတအသံ၊ ၃။ဥဒေါင်းတို့သည် ဆဇ္ဇအသံ၊ ၄။ဆိတ်တို့သည်-ဂန္ဓာရအသံ၊ ၅။ကြိုးကြာတို့သည် မဇ္ဈိမအသံ၊ ၆။ ဥသြ,စသည်တို့သည် ပဉ္စမအသံ၊ ၇။ ဆင်တို့သည် နိသာဒအသံ-ကို မြည်ကြပါသည်။
အသံအဂိ(၈)ပါး- ၁။ဝိဿဋ္ဌ-သန့်ရှင်းသည် ၂။မဋ္ဌ-သာယာသည်,၃။ဝိညေယျ-သိလွယ်သည်၊ ၄။သဝနီယ-နာချင်ဖွယ်ရှိသည်၊ ၅။အဝိသာရိ-ဖရိုဖရဲမကွဲသည်၊ ၆။ဓိန္န-လုံးသည်၊ ၇။ဂမ္ဘီရ-နက်သည်၊ ၈။နိန္နာဒီ-ပဲ့တင်ထပ်သည်။
အသံပြုအပ်သည် ▪ သနိတ, ဓနိတ (၂)
အသံနှင့်ယှဉ်သည် ▪ သနိတ, ဓနိတ (၂)
အသံပြုခြင်း ▪ ရဝ, ရဏ (၂)
အသံဝန်း ▪ သရမဏ္ဍလ
အသွင်သဏ္ဌာန် ▪ သန္နိဝေသ, သဏ္ဌာန
အသား . ▪ မံသ, အာမိသ, ဝိသိတ (၃)
အသားမြတ် ▪ ထန, ကုစ, ပယောဓရ
အသားရည် ▪ ပဋိဆ္ဆာဒနိယ
အသားခြောက် ▪ ဝလ္လူရ, ဥတ္တတ္တ (၂)
အသုံးမကျ အလဟဿ ▪ တုစ္ဆ
အသက် ▪ အာယု, ဇီဝိတ (၂)
အသက်ကြီးသူ ▪ မဟလ္လက, ဝုဒ္ဓ, ထေရ, ဇိဏ္ဏ, ဇိဏ္ဏက (၅)
အသက်မွေးမှု ▪ ဇီဝန, ဝုတ္တိ, ဇီဝိကာ, အာဇီဝ, ဝုတ္တန (၅)
အသစ်, လက်သစ် ▪ ပစ္စဂ္ဃ, နူတန, အဘိနဝ, နဝ (၄)
အသည်, သူကြွယ် ▪ ဝေဿ, ဝေသိယာန
အဿတိုရ်မြင်း ▪ အဿတရ
အဿမ (ဗိုဇ္ဈာအတျင့် တရားရှိသူ)၄-ဦး ၁။ပြဟ္မစာရီ-ဗေဒကို သရဇ္ဈာယ်လျက် မြတ်သောအကျင့်ရှိသူ၊ ၂။ဂဟဋ္ဌ-ခမ္မ, အတ္တ,ကာမတို့၌တည်လျက် ယင်ပူဇော်သူ၊ ၃။ဝနပ္ပတ္ထ-တောဂါ အစိတ်လူသူဆိတ်ရာ၌ နေလျက်ကျင့်သူ၊ ၄။ ဘိက္ခု-ဖန်ရည်ဆိုးအဝတ်ကို ဝတ်လျက် ဆွမ်းခံခြင်း ဈာန်ဝင်စားခြင်း အကျင့်ရှိသူ။ (၄၀၉)
အသွင်အပြင် ▪ အာကပ္ပ, ဝေသ, နေပဿ
အသိုက် ▪ နိဋ္ဌ, ကုလာဝက (၂)
အဟုန် ▪ ဝေဂ, ဇဝ, ရယ (၃)
အဟောင်း ▪ ပုရာဏ, ပုရာတန, သနန္တန။
အဟောင်း,လက်ဟောင်း ▪ ပုရာဏ
အာဂန္တုကဝတ်ပြုခြင်း ▪ အဂ္ဃ, အဋ္ဌိယ (၂)
အာဇာနည်မြင်း- အာဇာနိယ, ကုလိနက (မြင်းမျိုးကောင်းသည် "အာဇာနည်မြင်း" မည်၏။)

http://www.dhammadownloaq.com



**အာဒိဗြဟ္မစရိယသီလ** - အာဒိဗြဟ္မစရိယ (ခုဒ္ဒါနုခုဒ္ဒကမှ တစ်ပါးသော သိက္ခာပဒသီလကို "အာဒိဗြဟ္မစရိယသီလ" ဟု ဆိုသည်။)

**အာနန္ဒာ** - ဓမ္မဘဏ္ဍာဂါရိက, အာနန္ဒ။

**အာဘိသမာစာရိကသီလ** - အာဘိသမာစာရိက (ခုဒ္ဒ, အနုခုဒ္ဒကဖြစ်သော စာရိတ္တသီလကို "အာဘိသမာစာရိကသီလ"ဟု ဆိုသည်။)

**အာမခံသူ** - ပါဠိဘောဂ, ပတိဘူ (၂)

**အာမေဍိတ်** - အာမေဍိတ၊ (နှစ်ကြိမ် သုံးကြိမ်ရွတ်ဆိုခြင်းကို "အာမေဍိတ်"ဟု ခေါ်သည်။)

**အာမေဍိတ်အပြား(၉)ပါး** ** (၁။ဘယ-ကြောက်သောအခါ၊ ၂။ကောဓ-အမျက်ထွက်သောအခါ၊ ၃။ပသံသာ-ခိုးမှမ်းသောအခါ၊ ၄။တုရိတ-အဆောတလျင်ပြုသောအခါ၊ ၅။ကောတူဟလ-အသစ်အဆန်းကို တွေ့မြင်သောအခါ၊ ၆။အုစ္စရ-အံ့သြသောအခါ၊ ၇။ဟာသ-ရွှင်လန်းသောအခါ၊ ၈။သောက-စိုးရိမ်သောအခါ၊ ၉။ပသာဒ-ကြည်ညိုသောအခါ။ (၁၀၇)

**အာရုံ** - ဂေါစရ, အာလမ္ဗ, ဝိသယ, အာရမ္မဏ, အာလမ္ဗန (၅)

**အာရုံ ၆-ပါး** ** ၁။ရူပ-အဆင်း၊ ၂။သဒ္ဒ-အသံ၊ ၃။ဂန္ဓ-အနံ့၊ ၄။ရသ-အရသာ၊ ၅။ဖဿ-အတွေ့၊ ၆။ဓမ္မ-သဘောတရား

**အား** - ဗလ, ထာမ, သဟ,သတ္တိ (၄)

**အားအစွမ်းသတ္တိ** - ဗလ, ထာမ, သဟ,သတ္တိ

**အားထုတ်သူ** - ဥဿုက

**အားထုတ်ခြင်း** - ပဏ္ဍမ, ဥပဏ္ဍမ (၂)

**အားထုတ်ခြင်း, လှုံ့လ** - ဥဿာဟ, အာတပ္ပ ပဂ္ဂဟ, ဝါယာမ, ပရက္ကမ, ပဓာန, ဝီရိယ, ဣဿာ, ဥယျာမ, စိတိ (၁၀)

**အားရှိ အားမဲ့ပြုခြင်း** - ပသယ္ဟ, ဗလက္ကာရ

**အော့အန်နာ** - ဆဒ္ဒိက, ဝမထု (၂)

**အံ့ဩအပ်သည်** - ဝိမ္ဟယ, အစ္ဆရိယ, အဿုတ

**အံ့ဩခြင်း** - အဟော, ဟီ (၂)

**အံ့ဖွယ်** - ဝိမ္ဟယ, အစ္ဆရိယ, အဿုတ

**အင်္ကော်လပင်** - လိင်္ကောစက, အင်္ကော်လ

**အင်ကြင်း** - သာလ, အဿကဏ္ဏ, သင္ခ။

**အင်းပျဉ်အထူး** - အာသန္ဒီ

၃၈၄။ သဒ္ဒိဝံသကလာပေသု၊ ပစ္စေကံ သဒ္ဒိဒဏ္ဍိသု။
ဓူလိကတေသု သေနာယ၊ယန္တိယာ ကွောဘနီ ထ္ထိယံ။

၃၈၄။ ပစ္စေကံ၊အသီး အသီး (ဝါ) ဝါးစည်းတိုင်း ဝါးစည်းတိုင်း။သဒ္ဒိဒဏ္ဍိသု၊ဝါးအလုံး ခြောက်ဆယ်ရှိကုန်သော။သဒ္ဒိဝံသကလာပေသု၊ဝါးအစည်း ခြောက်ဆယ်တို့ကို။ယံန္တိယာ၊ သွားသော။သေနာယ၊စစ်တပ်သည်။ဓူလိကတေသု၊မှူန့်မှုန့်ညက်ညက် ပြုအပ်ကုန်သည် ရှိ သော်။အကွောဘနီ၊အကွောဘနီမည်၏။ဣတ္ထိယံ၊ထီ၌ ဖြစ်၏။

## လက်နက် ၄-မျိုး

၃၈၆။ မုတ္တာမုတ္တ မမုတ္တံစ၊ ပါဏိတောမုတ္တမေဝ စ။
ယန္တမုတ္တန္တိ သကလံ၊ အာယုဓံ တံ စတုဗ္ဗိဓံ။

၃၈၆။ မုတ္တာမုတ္တံ၊လက်မှ လွှတ်လိုလျှင် လွှတ်ရ, မလွှတ်လိုလျှင် မလွှတ်ရသောလက် နက်မျိုးလည်းကောင်း။အမုတ္တဉ္စ၊မလွှတ်အပ်သည်သာလျှင်ဖြစ်သော လက်နက်မျိုးလည်း ကောင်း။ပါဏိတော၊လက်မှ။မုတ္တမေဝစ၊လွှတ်အပ်သည်သာလျှင်ဖြစ်သော လက်နက်မျိုး လည်းကောင်း။ယန္တမုတ္တံ၊ယန္တရားစက်မောင်းဖြင့် လွှတ်အပ်သော လက်နက်မျိုးလည်း ကောင်း။ဣတိ၊ဤသို့။သကလံ၊အလုံးစုံသော။တံ အာယုဓံ၊ထိုလက်နက်မျိုးသည်။စတုဗ္ဗိဓံ၊ လေးပါးအပြားရှိ၏။

## လက်နက်လေးမျိုး အကျယ်

၃၈၇။ မုတ္တာမုတ္တံစ ယဋ္ဌာဒိ၊ အမုတ္တံ ဆုရိကာဒိကံ။
ပါဏိမုတ္တံ တု သတ္တာဒိ၊ ယန္တမုတ္တံ သရာဒိကံ။

၃၈၇။ ယဋ္ဌာဒိ၊တုတ်, တင်းပုတ်,စသော လက်နက်မျိုးသည်။မုတ္တာမုတ္တံ၊မုတ္တာမုတ္တ မည် ၏။ဆုရိကာဒိကံ၊သန်လျက်,ဓားမြောင်,စသော လက်နက်မျိုးသည်။အမုတ္တံ၊အမုတ္တမည်၏။ သတ္တာဒိတု၊လှံ,စသော လက်နက်မျိုးသည်ကား။ပါဏိမုတ္တံ၊ပါဏိမုတ္တမည်၏။သရာဒိကံ၊မြား, စသော လက်နက်မျိုးသည်။ယန္တမုတ္တံ၊ယန္တမုတ္တ မည်၏။

## ဗိုဇ္ဈာအတျင့် တရားရှိသူ အဿမ ၄-ဦး

၄၀၉။ ပြဟ္မစာရီ ဂဟဋ္ဌောစ၊ ဝနပ္ပတ္ထော စ ဘိက္ခုတိ။
ဘဝန္တိ စတ္တာရော ဇတေ၊ အဿမာ ပုန္နပုံသကေ။

http://www.dhammadownload.com



၄၀၉။ ပြဟ္မစာရီဗေဒကို သရဏ္ဂာယ်လျက် မြတ်သောအကျင့်ရှိသူ။ဂဟဋ္ဌော၊ခမ္မ, အတ္ထ ကာမတို့၌ တည်လျက် ယဇ်ပူဇော်သူ။ဝနပ္ပတ္ထော၊တောင်၏အစိတ် လူသူဆိတ်ရာ၌ နေလျက် ကျင့်သူ။ဘိက္ခု။ဖန်ရည်ဆိုးအဝတ်ကို ဝတ်လျက် ဆွမ်းခံခြင်း ဈာန်ဝင်စားခြင်း အကျင့်ရှိ သူ။ကွတိ၊ဤသို့။ဧတေ စတ္တာရော၊ဤသူလေးယောက်တို့သည်။(ဝါ) ဤတရားလေးပါးတို့ သည်။အဿမာ၊အဿမ (မိုရာအကျင့်တရား)တို့ မည်ကုန်သည်။ဘဝန္တိ၊ဖြစ်ကုန်၏။ပုန ပုံသကေ၊အဿမ,သဒ္ဒါ ပုံး နပုံး၌ ဖြစ်၏။

**လောကီဆရာ**

၄၁၁။ ဥပနိယာ ထဝါ ပုဗ္ဗံ၊ ဝေဒမဇ္ဈာပယေ ဒ္ဝိဇော။
ယော သာဂိ သရဟသ်ဆ- စရိယော ဗြာဟ္မဏောသု သော။

၄၁၁။ အထဝါ၊တစ်နည်းကား။ယောဒ္ဝိဇော၊အကြင်ပုဏ္ဏားသည်။ပုဗ္ဗံ၊ရှေးဦးစွာ။ဥပနိယ၊ ဥပနယနအမှုကိုပြု၍။သာဂိ၊ကပ္ပ,စသော (၆)ပါးသော အစိတ်နှင့်တကွသော။သရဟသ်၊ ခံရာ ခဲဆစ်နှင့်တကွသော။ဝေဒံ၊ဗေဒကျမ်းကို။အဇ္ဈာပယေ၊သင်ပြ၏။သော၊ထိုပုဏ္ဏားသည် ဗြာဟ္မဏောသု၊ပုဏ္ဏားတို့၌ (ဝါ) ဗြာဟ္မဏအယ္ဟတို့၌။အာစရိယော၊အာစရိယမည်၏။

**စွန့်ခြင်းကြီး ၅-ပါး**

၄၂၁။ ပဠ မဟာပရိစ္စာဂေါ၊ ဝုတ္တော သေဋ္ဌ ဓနသစ။
ဝသေန ပုတ္တ ဒါရာနံ၊ ရဇ္ဇသဂ်ိန မေဝစ။

၄၂၁။ သေဋ္ဌဓနသစ၊မြတ်သော ဥစ္စာ၏လည်းကောင်း။ပုတ္တဒါရာနံ၊သားမယားတို့၏ လည်းကောင်း။ရဇ္ဇသ၊တိုင်းပြည်၏လည်းကောင်း။အဂ်ါနမေဝစလက်ခြေ,စသော အင်္ဂါကြီး ငယ်တို့၏လည်းကောင်း။ဝသေန၊အစွမ်းဖြင့်။ပဠမဟာပရိစ္စာဂေါ၊ငါးပါးသော စွန့်ခြင်းကြီးကို။ ဝုတ္တော၊ဆိုအပ်၏။

**ဒါနဝတ္ထု ၁၀- ပါး**

၄၂၂။ အန္နံ ပါနံ ဃရံ ဝတ္ထံ၊ ယာနံ မာလာ ဝိလေပနံ။
ဂန္ဓော သေယ္ယော ပဒီပေယ္ယံ၊ ဒါနဝတ္ထူ သိယုံ ဒသ။

၄၂၂။ အန္နံ၊ထမင်း။ပါနံ၊အဖျော်။ဃရံ၊ကျောင်း၇ရပ်။ဝတ္ထံ၊အဝတ်သင်္ကန်း။ယာနံ၊ယာဉ် ဖိနပ်။မာလာ၊ပန်း။ဝိလေပနံ၊နံ့သာပျောင်း နံ့သာရည်။(ဝါ)ဆေးဒါန်း မြင်းသီလာ,စသော အလိမ်းအကျံ။ဂန္ဓော၊နံ့သာခဲ နံ့သာတုံး။သေယ္ယော၊ညောင်စောင်း အင်းပျဉ် အိပ်ရာနေရာ။ ပဒီပေယ္ယံ၊မီးထွန်းရန်ဆီ ဆီမီးခွက် စသည်။ကွမေ၊ဤသည်တို့ကား။ဒသ၊ဆယ်ပါးကုန်သော။ ဒါနဝတ္ထူ၊ဒါနဝတ္ထု (လှူဖွယ်ပစ္စည်း)တို့သည်။သိယုံ၊ဖြစ်ကုန်၏။

၄၂၃။ **မတတ္ထံ တဒဟေ ဒါနံ၊ တီသွေတမုဒ္ဒဒေဟိတံ။**
**ဝိတုဒါနံ တု နိဝါပေါ၊ သဒ္ဓံ တု တံဝ သတ္ထာတော။**

http://www.dhammadownload.com



၄၂၃။ မတတ္ထ၊သေသူ၏အကျိုးငှာ။တဒဟေ၊ထိုသေသောနေ့၌။ယဒါနိ၊အကြင်ထမင်းဆုပ် ပေးခြင်းသည်။အတ္ထိ၊ရှိ၏။ဧတံ၊ထိုထမင်းဆုပ်ပေးခြင်းသည်။ဥဒ္ဒဒေဟိက၊မည်၏။တီသု၊ သုံးလိင်တို့၌ဖြစ်၏။ဥဒ္ဒဒေဟိက၊သေသူအတွက် သေသည့်နေ့မှစ၍ ဆယ်ရက်အတွင်း ထမင်းဆုပ်ပေးခြင်း။တုံ၊ပရိယာယ်တစ်ပါး၊ကား။ပိတုဒါနံ၊သေလေသော မိ,ဘ စသည်တို့ကို ရည်ညွှန်းလျှဒါန်းအပ်သော အလှူသည်။နိဝါပေါ်နိဝါပမည်၏။တုံ၊ကား။သာတ္ထတော၊ဇောတိ သတ္ထ,ရာဇမတ္တဏ်စသော ကြိယာကို စီရင်သော ကျမ်းဂန်အစီအရင်ဖြင့်။(ဝိဟိတံ၊စီရင်အပ်သော။)တံဝ၊ထိုပိတုဒါနသည်ပင်လျှင်။သဒ္ဒံ၊ကုဋ္ဌိုး(ကဗျ)ထမင်းမည်၏။

## ဥပုသ်သုံးခြင်း

၄၃၂။ ယော ပါပေဟိ ဥပါဝတ္တော၊ ဝါသော သဒ္ဓိ ဂုဏေဟိ သော။
ဥပဝါသောတိ ဝိညေယျော၊ သဗ္ဗဘောဂ ဝိဝဇ္ဇိတော။

၄၃၂။ ပါပေဟိ၊မကောင်းမှုတို့မှ။ဥပါဝတ္တော၊ကင်းသည်။သဗ္ဗဘောဂဝိဝဇ္ဇိတော၊အလုံးစုံသော စည်းစိမ်တို့ကို ကြဉ်သည်။ဟုတ္တာ၊ဖြစ်၍။ဂုဏေဟိ၊သီလ,စသော ဂုဏ်တို့နှင့်။သဒ္ဓိ၊ တကွ။ယော၀၊သော၊အကြင်နေခြင်းသည်။အတ္ထိ၊ရှိ၏။သော၊ထိုနေခြင်းကို။ဥပဝါသောတိ၊ဥပဝါသဟူ၍။ဝိညေယျော၊သိအပ်၏။

## တဏှာဒိဋ္ဌိ ကျော့ကွင်းကို ဖြစ်စေသော ပါသဏ္ဍအယူ

၄၄၁။ ကုဋိသကာဒိကာ စတူ- တ္တိသ ဒွါသဋ္ဌိ ဒိဋ္ဌိယော။
ဣတိ ဆန္နဝုတိ ဧတေ၊ ပါသဏ္ဍာ သမ္မကာသိတာ။

၄၄၁။ ကုဋိသကာဒိကာ၊ကုဋိသက, အစရှိကုန်သော။စတုတ္တိံသ၊၃၄-ပါးသော အယူတို့ လည်းကောင်း။ဒွါသဋ္ဌိဒိဋ္ဌိယော၊၆၂-ပါးသော အယူတို့လည်းကောင်း။ဣတိ၊ဤသို့။ဧတေ၊ ဤအယူတို့ကို။ဆန္နဝုတိပါသဏ္ဍာ၊၉၆-ပါးသော ပါသဏ္ဍအယူတို့ဟူ၍။သမ္မကာသိတာ၊ ကောင်းစွာ ပြအပ်ကုန်၏။

## ယမ (ငါးပါးသီလ) နှင့် နိယမ (ဥပုသ်သီလ)

၄၄၄။ ယံ ဒေဟသာဓနာပေက္ခံ၊ နိစ္စံ ကမ္မမယံ ယမော
အာဂန္တွသာဓနံ ကမ္မံ၊ အနိစ္စံ နိယမော ဘဝေ။

၄၄၄။ နိစ္စံ၊အမြဲ။ဒေဟသာဓနာပေက္ခံ၊ကိုယ်ဖြင့် ပြီးသည်ကို ငဲ့ခြင်းရှိသော။ယံကမ္မံ၊ အကြင်ပါဏာတိပါတ စသည်မှ ကြဉ်ခြင်းအမှုသည်။အတ္ထိ၊ရှိ၏။အယံ၊ဤပါဏာတိပါတ စသည်မှ ကြဉ်ခြင်းအမှုသည်။ယမော၊ယမသီလ (ငါးပါးသီလ) မည်၏။ အနိစ္စံ၊အမြဲမဟုတ် ရံခါ။အာဂန္တွသာဓနံ၊အခိုက်အတန့်ဖြင့် ပြီးစေအပ်သော။ကမ္မံ၊ဥပုသ်သုံးခြင်း,စသော အမှု သည်။နိယမော၊နိယမသီလ (ဥပုသ်သီလ)မည်သည်။ဘဝေ၊ဖြစ်၏။

http://www.dhammadownload.com



၆၁၉။ စမရော ပသဒေါ စေဝ၊ ကုရုဂေါ မိဂမာတုကာ။
ရုရု ရက္ခံစ နိကောစ၊ သရဘာဒီ မိဂန္တရာ။

၆၁၉။ စမရော၊စာမရီ။ပသဒေါ၊သမင်ပြောက်။ကုရုဂေါ၊ဒရယ်။မိဂမာတုကာ၊ဆတ်။ ရုရုပြောင်။ရက္ခံ၊သမင်ဆီးစောက်။နိကာ၊ချိုများသော သမင်။သရဘာဒီ၊သရဘာသား စသည် တို့သည်။မိဂန္တရာ၊သားကောင်အထူးတို့တည်း။

၆၂၀။ **ဝိယကော စမ္မရူ တဒလီ- မိဂါဒီ စမ္မယောနယော။**
**မိဂါ တု ပသဝေါ သီဟာ-ဒယော သဗ္ဗစတုပ္ပဒါ။**

၆၂၀။ ဝိယကော၊ဝိယကမည်သောသား။စမ္မရူစမ္မရုမည်သောသား။ကဒလိမိဂါဒီ၊ကဒ လိမိဂမည်သောသား စသည်တို့သည်။စမ္မယောနယော၊စမ္မယောနိ (အရေ၏ အကြောင်း ဖြစ်သော သားမျိုး )မည်ကုန်၏။တုပရိယာယ်ဟစ်ပါ။ကား။သီဟာဒယော၊ခြေသေ့ အစရှိ ကုန်သော။သဗ္ဗစတုပ္ပဒါ၊အလုံးစုံ ခြေလေးချောင်းရှိသော သတ္တဝါတို့သည်။မိဂါ၊မိဂမည်ကုန် ၏။ပသဝေါ၊ပသုလည်း မည်ကုန်၏။

၆၄၇။ (ဟသ်ာ ၃-မျိုး )တေ ရာဇဟံသာ ရတ္တေဟိ၊ ပါဒတုဏ္ဍေဟိ ဘာ သိတာ။
မလ္လိကာဒ်ာ ဓတရဋ္ဌာ၊ မလိနေဟျ' သိတေဟိ စ။

၆၄၇။ ယေ။အကြင် ဟသ်ာတို့သည်။ရတ္တေဟိ၊နီကုန်သော။ပါဒတုဏ္ဍေဟိ၊ခြေ, နှုတ်သီး တို့ဖြင့်။ဘာ၊တင့်တယ်တော်ကုန်၏။သိတာ၊ကိုယ်အဆင်းဖြူကုန်၏။တေ၊ထိုဟသ်ာတို့ သည်။ရာဇဟံသာ၊ရာဇဟံသမည်ကုန်၏။ယေ၊အကြင်ဟသ်ာတို့သည်။မလိနေဟိ၊စိမ်းညစ် ကုန်သော။ပါဒတုဏ္ဍေဟိ၊ခြေ,နှုတ်သီးတို့ဖြင့်။ဘာ၊၏။သိတာ၊၏။တေ၊ထိုဟသ်ာတို့သည်။ မလ္လိကာဒ်ာ၊မလ္လိကာ မည်ကုန်၏။ယေ၊အကြင်ဟသ်ာတို့သည်။အသိတေဟိ၊မည်းနက်ကုန် သော။ပါဒတုဏ္ဍေဟိ၊တို့ဖြင့်။ဘာ၊၏။သိတာ၊၏။တေ၊ထိုဟသ်ာတို့သည်။တေရဋ္ဌာ၊ဓတရဋ္ဌ မည်ကုန်၏။(ငန်းဝမ်းဘဲသည် ဟသ်ာ မည်၏။ကသဲဝမ်းဘဲ မန္ဒီလာဝမ်းဘဲ တောဝမ်းဘဲ စသည်တို့သည် ဝမ်းဘဲ မည်၏။)

**မဆင်ခြင်ဘဲ ညှဉ်းဆဲတတ်သူ လျှပ်ပေါ်လော်လည် မတည်ကြည်သူ**

၇၃၈။ အနိသမ္မ ဟိ ယော ကိစ္စံ၊ ပုရိသော ဝဓဗန္ဓနာဒိ' မာစရတိ။
အဝိနိစ္ဆိတကာရိတ္တာ၊ သော ခလု စပလောတိ ဝိညေယျော။

၇၃၈။ ယောပုရိသော၊အကြင်ယောကျ်ားသည်။အနိသမ္မ၊မစူးစမ်း မဆင်ခြင်မူ၍။ဝဓ ဗန္ဓနာဒီ၊သတ်ခြင်း, နှောင်ဖွဲ့ခြင်း,စသော။ကိစ္စံ၊ကိစ္စကို။အာစရတိ၊ပြုကျင့်၏။သော့၊ထို ယောကျ်ားကို။အဝိနိစ္ဆိတကာရိတ္တာ၊မဆုံးဖြတ်အပ်သော ဒဿနကို ပြုလေ့ရှိသည်၏ အဖြစ် ကြောင့်။ခလု၊စင်စစ်။စပလောတိ၊စပလဟူ၍။ဝိညေယျော၊သိအပ်၏။

အဘိဓာန် ဂါထာထူးများအနက် ပြီး၏။

http://www.dhammadownload.com



# အလင်္ကာ ပါဠိ နိဿယ အဓိပ္ပါယ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
ဝ။ဒေါသာဝဟော -ပဌမပရိစ္ဆေဒ

ရတနတ္တယပွဏာမ

၁။ မုနိန္ဒ ဝဒနမ္ဘောဇ ဂဠ သမ္ဘဝ သုန္ဒရီ။
သရဏံ ပါကဋံ ဝါကျံ၊ မယ့် ပီဏယတံ မနံ။

၁။ မုနိန္ဒဝဒနမ္ဘောဇ ဂဠ သမ္ဘဝ သုန္ဒရီမြတ်စွာဘုရား၏ ခံတွင်းတော်တည်းဟူသော ကြာတိုက်၌ ဖြစ်ခြင်းကြောင့် ကောင်းမြတ်တင့်တယ်သော။ပါကဋ်နံ၊သတ္တဝါတို့၏။သရဏံ၊ ကိုးကွယ်ရာဖြစ်သော။ဝါကျံ၊ပရိယတ်တည်းဟူသော မြတ်စွာဘုရား၏ တရားတော်သည်။ (ဝါ)တရားတော်တည်းဟူသော သူရသတိနတ်သမီးသည်။မယ့်၊အကျွန်ုပ်၏။မနံ၊စိတ်ကို။ ပီဏယတံ-ပီဏယတု၊နှစ်သက်ပါစေသတည်း။ (သကဝါဒီအလို)

(တနည်း) မုနိန္ဒဝဒနမ္ဘောဇ ဂဠ သမ္ဘဝ သုန္ဒရီမြတ်စွာဘုရား၏ ခံတွင်းတော် နှင့်တူသော ကြာတိုက်၌ ဖြစ်ခြင်းကြောင့် ကောင်းမြတ်တင့်တယ်သော။ပါကဋ်နံ၊သတ္တဝါတို့၏။သရဏံ၊ကိုးကွယ်ရာဖြစ်သော။ဝါကျံ၊သူရသတိနတ်သမီးသည်။မယ့်၊အကျွန်ုပ်၏။ မနံ၊ စိတ်ကို။ပီဏယတံ-ပီဏယတု၊နှစ်သက်ပါစေသတည်း။ (ပရဝါဒီအလို)

* **ဤဂါထာဖြင့် သိစေအပ်သော အဓိပ္ပါယ်** ။ ။ ဤဂါထာဖြင့် ကျမ်းဦးအစ၌ ရတနတ္တယ ပဏာမပြုခြင်းကို သိစေပါသည်။

* **ရတနတ္တယ ပဏာမကို ပြုရကျိုး** ။ ။ သူတော်ကောင်းတို့၏ အလေ့အကျင့်ကို စောင့်ရှောက်ခြင်းအကျိုး၊ အထူးသဖြင့် အလိုရှိအပ်သော အန္တရာယ်ကင်းခြင်း ကျမ်းပြီး မြောက်ခြင်း အကျိုးရှိပါသည်။

* **မုနိန္ဒ-၌ မုနိ အဓိပ္ပါယ်** ။ ။ ပစ္စုပ္ပန် တမလွန် နှစ်တန်သောလောကကို သိတတ်သောကြောင့် "မုနိ" မည်ပါသည်။

* **မုနိ (၅) မျိုး** ။ ။ ၁။ အဂါရိယမုနိ၊ ၂။ အနာဂါရိယမုနိ၊ ၃။ သေက္ခမုနိ၊ ၄။ အသေက္ခမုနိ၊ ၅။ ပစ္စေကမုနိ တို့ဖြစ်ပါသည်။

* **ဂ္ဂန္ဒ-အရ** ။ ။ အဓိုးရသူ သာမညကို ယူရပါမည်။

* **မုနိန္ဒ-အရ** ။ ။ မြတ်စွာဘုရားကို ယူရပါမည်။

* **ဤဂါထာ၌ ရနိုင်သော ဂုဏ်များ** ။ ။ (၁) စပ်အပ်သောပုဒ်များကို မတေးစေမူ

http://www.dhammadownload.com



၍ နီးနီးတည်ရှိစေခြင်း, ထင်ရှားသော အနက်ရှိခြင်းတို့ကြောင့် "ပသာဒဂုဏ်" ရောက်ပါသည်။ (၂) မုနိန္ဒ ဝဒနမ္ဟောဇ ဂဗ္ဘသမ္ဘဝသုန္ဒရီ-ဟု သမာသ်ရှည်လျား များပြား၍ အနက်ပေါ်လွင် ထင်ရှားသောကြောင့် "ဩဇဂုဏ်" ရောက်ပါသည်။ (၃) ဌာန်ချင်း မတြာချင်း သံယုဂ်ခြင်း အတူပါရှိသောကြောင့်လည်းကောင်း၊အက္ခရာတူများ ပါရှိသောကြောင့် လည်းကောင်း "ပဒါသတ္တိ မဓုရတာဂုဏ်" ရောက်ပါသည်။ (၄) သိထိလအက္ခရာများ ပါရှိသောကြောင့် "သမတာဂုဏ်" ရောက်ပါသည်။ (၅) အပြောကြီးသော စကား ရိုင်းစိုင်းသော စကား မပါဘဲ နှစ်သက်ဘွယ်ရှိသဖြင့် "ကန္တိဂုဏ်" ရောက်ပါသည်။ (၆) သဒ္ဒါအနက်ကို မဆောင်ရဘဲ ပေါ်လွင်ထင်ရှားသော အနက်ရှိသောကြောင့် "အတ္ထဗျတ္တိဂုဏ်" ရောက်ပါသည်။ (၇) တရားတော်မှာ နှစ်သက်စေတတ်သော သတ္တိမရှိသော်လည်း သတ္တိရှိသကဲ့သို့ တင်စား၍ ဝါဏီ - ပီဏယတ်-ဟု ဆိုထားသောကြောင့် "သမာဓိဂုဏ်"ရောက်ပါသည်။ (၈) မုနိငါးပါးကို အစိုးရသော မြတ်စွာဘုရား၏ ခံတွင်းတော်မှဖြစ်သော တရားတော်သည် ငါ၏ စိတ်နှလုံးကို ရွှင်ပြုံးနှစ်သက်နိုင်ပါစေ-ဟု တောင်းတခြင်းသည် ရှေ့နောက်လိုက် လျော၍ အသင့်ယုတ္တိရှိသောကြောင့် "ဩဓိတျသမ္မောသကဂုဏ်" ရောက်ပါသည်။

*** ဤဂါထာ၌ ရနိုင်သော အလင်္ကာ ။ ။** (၁) ဝါဏီတစ်ပုဒ်တည်းက တရားတော်နတ်သမီး-ဟု ဆိုအပ်သော အနက်နှစ်မျိုးကို ဟောနိုင်၍ ယင်းဝါဏီ ကတ္တားပုဒ်၏ ကြိယာသည် ပီဏယတ်-ဟု နှစ်မျိုးမပြား၊တစ်ပါးတည်းသာ ဖြစ်ခြင်းကြောင့် "အဘိန္နပဒ သိလေသ အလင်္ကာ" ရနိုင်ပါသည်။ (၂) ဥပမာန ဥပမေယျ မကွဲမပြား တသားတည်းဖြစ်ခြင်းကြောင့် "ရူပကအလင်္ကာ" ရနိုင်ပါသည်။ (၃) မုနိငါးပါးကို အစိုးရသော မြတ်စွာဘုရား၏ ခံတွင်းတော်မှဖြစ်သော တရားတော်သည် ငါ၏ စိတ်နှလုံးကို ရွှင်ပြုံးနှစ်သက်နိုင်ပါစေ-ဟု တောင်းတခြင်းသည် ရှေ့နောက်လိုက် လျော၍ အသင့်ယုတ္တိရှိသောကြောင့် "ဩဓိတျသမ္မောသက အလင်္ကာ" ရနိုင်ပါသည်။ (၄)တရားတော်က စိတ်နှလုံးကို ရွှင်ပြုံးနှစ်သက်နိုင်ပါစေ-ဟု တောင့်တမှုပြုသောကြောင့် "အာသီ အလင်္ကာ" ရနိုင်ပါသည်။

**နိဗ္ဗိတ္တ (အလင်္ကာကျမ်း ထပ်ရေးရခြင်း အကြောင်း)**

**၂။ ရာမသမ္မာဒျလင်္ကာရာ၊ သန္တိ သန္တော ပုရာတနာ။**
**တထာပိ တု ဝဠ္ဠေန္တိ၊ သုဒ္ဓ မာဂဓိကာ နု တေ။**

၂။ သန္တော၊ကောင်းမြတ်တင့်တယ်ကုန်သော။ပုရာတနာ၊ရှေးကာလ၌ ဖြစ်ကုန်သော ရာမသမ္မာဒျလင်္ကာရာ၊ရာမသမ္မ အစရှိသော ဆရာတို့သည် ပြုအပ်သော တန်ဆာအထူးတို့သည်။ကိစ္စာပိ သန္တိ၊အကယ်၍ကား ရှိပါပေကုန်၏။တထာပိတု၊ထိုသို့ပင် ရှိပါကုန်သော်လည်း။သုဒ္ဓမာဂဓိကာ၊သက္ကတမဖက် သက်သက်သော မာဂဓဘာသာကိုသာ တတ်ကုန်

http://www.dhammadownload.com



သော စာသင်သားတို့သည်။တေ အလင်္ကာရေထိုတန်ဆာအထူးတို့ကို။ယေန ကာရဏေန၊ အကြောင်းအကြောင်းကြောင့်။နဝဥ္ဇွေန္တိ၊မသုံးဆောင်နိုင်ကြကုန်။

* **ဤကျမ်းကို ရေးသားရခြင်းအကြောင်း** ။ ။ ရာမ သမ္မ,စသော အလင်္ကာကျမ်းတို့သည် သက္ကတဘာသာဖြင့် ရေးသားထားသည့်အတွက် မာဂဓဘာသာသက်သက်ကိုသာ တတ်ကုန်သော စာသင်တို့ မသုံးစွဲနိုင်သောကြောင့် ဤကျမ်းကို ရေးသားရသည်။

* **ရာမသမ္မာဒျလင်္ကာရာ-၌ အာဒိ-အရ** ။ ။ အလင်္ကာရကောတ္ထုဘ ကာဗျဒဿ, စသော ကျမ်းများနှင့် ထိုကျမ်းတို့၌ ပြသော သဒ္ဒါလင်္ကာရ အတ္ထာလင်္ကာရတို့ကို ယူရပါမည်။ (တနည်း) ကာဗျဒဿကျမ်း သာဟိစ္စဒပ္ပဏကျမ်း စသည်တို့ကို ယူရပါမည်။

**(မာဂဓဘာသာ သက်သက်သာ တတ်ကြသော ပုဂ္ဂိုလ်များအား အလင်္ကာဆရာ၏ သဘောထားကို ဖော်ပြသည့် "မေတ္ထာပြ" ဂါထာ**

၃။ **တေနာဝိ နာမ တောသေယျ၊ မေတေ လင်္ကာရဝဇ္ဇိတေ။**

**အနုရူပေနာလင်္ကာရေ၊ နေသ မေ သော ပရိဿမော။**

၃။ တေန ကာရဏေန၊ထိုအကြောင်းကြောင့်။အလင်္ကာရဝဇ္ဇိတေ၊တန်ဆာဆင်ခြင်းမှ ကင်းကုန်သော။(ဝါ)အလင်္ကာကျမ်းဟောင်းမှ ကင်းကုန်သော။ (ဝါ)အလင်္ကာကျမ်းဟောင်းကို သင်အံကြည့်ရှုလေ့လာမှု မပြုကြကုန်သော။ဧတေ ယတိပေါတေ၊ထိုစာသင်သားတို့ကို။ဧသေ ယတိပေါတာန်၊ထိုစာသင်သားတို့အား။အနုရူပေန၊လျော်သော။အလင်္ကာရေန၊တန်ဆာအထူးဖြင့်။(ဝါ) အလင်္ကာကျမ်းသစ်ဖြင့်။တောသေယျ၊နှစ်သက်စေရပါမူကား အပိနာမ၊သော်ကောင်းလေစွ။ဧသော ပရိဿမော၊ဤသို့ ကြဲစည်အားထုတ်ခြင်းသည်။ အဟောသိ၊ဖြစ်ပြီ။

* **ဤဂါထာ၏ ဆိုလိုရင်း အဓိပ္ပါယ်** ။ ။ သက္ကတဘာသာဖြင့် စီရင်အပ်သော အလင်္ကာကျမ်းဟောင်းတို့ကို သုဒ္ဓမာဂဓိကပုဂ္ဂိုလ်တို့ မသုံးစွဲနိုင်ခြင်းကြောင့် သုဒ္ဓမာဂဓိကပုဂ္ဂိုလ်တို့အားလျော်သော တနိုဆာသစ် အလင်္ကာကျမ်းသစ်ဖြင့် သုဒ္ဓမာဂဓိကပုဂ္ဂိုလ်တို့ကို နှစ်သက်စေရမူ ကောင်းလေစွဟု ဤသို့ကြဲစည်အားထုတ်ခြင်း ဖြစ်ရပါသည်။

* **ဤဂါထာဖြင့် ပြဆိုအပ်သော အဓိပ္ပါယ်** ။ ။ ၁။ အဘိဓာန်းကျမ်း၏အမည်၊ ၂။ အဘိဓေယျ-ကျမ်း၏ဟောနက်၊ ၃။ ကရဏပွကာရ-ကျမ်းပြုပုံ အစီအစဉ်၊ ၄။ပကရဏပွယောဇန-ကျမ်း၏အကျိုး၊ ၅။ ပဋိညာဉ်-ဝန်ခံမှုတို့ကို ပြပါသည်။

* **အလင်္ကာကျမ်း၏ ဥပစာအလင်္ကာမည်ပုံ** ။ ။ အလင်္ကာ-အရ မုချအားဖြင့် သဒ္ဒါလင်္ကာရ အတ္ထာလင်္ကာရတို့ကို ရ၏။ထို့ကြောင့် သဒ္ဒါလင်္ကာရ အတ္ထာလင်္ကာရတို့၏ "အလင်္ကာ"ဟူသောအမည်ကို ၎င်းတို့၏တည်ရာ ကျမ်း၀နှင့်၌ တင်စားသော ဌာနျုပစာ

http://www.dhammadownload.com



အားဖြင့် ကျမ်းဂန်သည် "ဥပစာအလင်္ကာ" မည်ပါသည်။

* **အလင်္ကာရ အဓိပ္ပါယ်** ။ ။ ပုလဲသွယ် လင်္ကောက်,စသော တန်ဆာအထူးသည် ခန္ဓာကိုယ်ကို တန်ဆာဆင်ကြောင်း ဖြစ်သောကြောင့် ယင်းပုလဲသွယ် လင်္ကောက်, စသော တန်ဆာအထူးကို "အလင်္ကာရ" ဟု ခေါ်ပါသည်။

* **အလင်္ကာ အဓိပ္ပါယ်** ။ ။ အစိအကုံး အထုံးအဖွဲ့တည်းဟူသော ကိုယ်ကို တန်ဆာဆင်ကြောင်းဖြစ်သောကြောင့် သဒ္ဒါလင်္ကာရ အတ္ထာလင်္ကာရတို့ကို "အလင်္ကာ"ဟုခေါ်၏။

* **အလင်္ကာရ-အရ** ။ ။ မုချအားဖြင့်- သဒ္ဒါလင်္ကာရ အတ္ထာလင်္ကာရတို့၏ အနက်ကို ယူရပါမည်။ ဥပစာအားဖြင့်- ယင်းသဒ္ဒါလင်္ကာရ အတ္ထာလင်္ကာရအနက်တို့၏ တည်ရာအဖွဲ့ ဝန္ဓ-ဟု ဆိုအပ်သော ကျမ်းဂန်ကို ယူရပါမည်။

* **ဤဂါထာ၌ ရရှိင်သော အတ္ထာလင်္ကာရ** ။ ။ ဤဂါထာ၌ "အလင်္ကာရေန" ကို အသစ်ဖြစ်သော တန်ဆာအထူး, အလင်္ကာကျမ်းအထူး-ဟူ၍ နှစ်ထပ်ပေးနိုင်ပြီး၊တော သေးယဲ့-ဟု ကြိယာတစ်ပုဒ်တည်းဖြစ်၍ ကြိယာမကွဲပြားသောကြောင့် "အဘိန္နပဒ ဝါကျ သိလေသ အလင်္ကာ" ရနိုင်ပါသည်။

(ပညာဒ္ဓိဆံ နည်းမခံသော ပုဂ္ဂိုလ်တို့၏ အပြစ်ပြ ဂါထာ)

၄။ ယေသံ န သဒ္ဓိတာ ပညာ၊ နေက သတ္ထန္တရောစိတာ၊
သမ္မောဟဋ္ဌာဟတာ ဝေတေ၊ နာဝဗုဇ္ဈန္တိ ကိဉ္စိပိ၊

၄။ ယေသံ-ယတိပေါတာနံ၊အကြင်စာသင်သားတို့သည်။အနေကသတ္ထန္တရောစိတာ များစွာသော ကျမ်းဂန်အထူးတို့၌ သင်ကြားဆည်းပူးအပ်သော။ပညာ၊အသိဉာဏ်ပညာကို နသဒ္ဓိတာ၊လွဲလကြိုးကုတ် အားထုတ်၍ မဆည်းပူးအပ်။ဧတေ-ယတိပေါတာ၊ထိုစာဆင်သားတို့သည်။ဝေ၊စင်စစ်။သမ္မောဟဋ္ဌာဟတာဝ၊ပြင်းစွာတွေဝေခြင်းသည် နှိပ်စပ်အပ်ကုန်သည် ဖြစ်၍သာလျှင်။ကိဉ္စိပိ၊တစ်စုံတစ်ခု ယူသင့်သောဂုဏ်နှင့် ပယ်သင့်သော အပြစ်ကို နာဝဗုဇ္ဈန္တိ၊မသိနိုင်ကြကုန်။

* **ဤဂါထာ၏ ဆိုလိုရင်း အဓိပ္ပါယ်** ။ ။ များစွာသော ကျမ်းဂန်အထူးတို့၌ သင်ကြားဆည်းပူးအပ်သော ပညာမရှိသော စာသင်သားတို့သည် ပြင်းစွာတွေဝေသော မောဟသည် နှိပ်စက်အပ်ကုန်သည်ဖြစ်၍ ယူသင့်သောဂုဏ်နှင့် ပယ်သင့်သော အပြစ်ကိုမျှ မသိနိုင်ကြကုန်ဟု ဆိုလိုပါသည်။

* **အနေကသတ္ထန္တရ-အရ** ။ ။ ဝိဇ္ဇကတ်သုံးပုံနှင့်တကွ တက်ကျမ်း သဒ္ဒါကျမ်း ဆန်းကျမ်း အဘိဓာန်ကျမ်း အလင်္ကာကျမ်း,စသော များစွာသောကျမ်းတို့ကို ယူရမည်။

* **ဥပစိတာ-အရ** ။ ။ ဆည်းပူးအပ်သော သုတမယပညာကို ယူရပါမည်။

http://www.dhammadownload.com



(ပညာရှိတို့၏ အထံတော်၌ နည်းခံယူသူတို့၏ အကျိုးပြ ဂါထာ)

၅။ ကိ တေဟိ ပါဒသုဿူသာ။ ယေသံ နတ္ထိ ဂရုနိဟ။
ယေ တပ္ပါဒရဇောကိဏ္ဏာ၊ တေဝ သာဓု ဝိဝေကိနော။

၅။ ဣဟလောကေ၊ဤလောက၌။ယေသံ-ယတိပေါတာန်၊အကြင်စာသင်သားတို့အား။ဂရုနှံ၊ဆရာမြတ်တို့၏။ပါဒသုဿူသာ၊ခြေတော်ရင်း၌ ဝပ်စင်းဆည်းကပ်၍ သင်ကြားလိုခြင်းသည်။နတ္ထိ၊မရှိ။တေဟိ-ယတိပေါတေဟိ၊ထိုစာသင်သားတို့ဖြင့်။ကိ၊အဘယ်အကျိုးရှိအံ့နည်း။ယေသာဓု၊အကြင်သူတော်ကောင်း စာသင်သားတို့သည်။တပ္ပါဒ ရဇောကိဏ္ဏာ၊ထိုဆရာမြတ်တို့၏ ခြေတော်ရင်း၌ ကပ်သောမြူတို့ဖြင့် ပြွမ်းကုန်၏။တေဝသာဓု၊ထိုသူတော်ကောင်း စာသင်သားတို့သည်သာလျှင်။ဝိဝေကိနော၊ဂုဏ်အပြစ်ကို စိစစ်ခွဲခြမ်း နိုင်ကြကုန်၏။

* **ဤဂါထာ၏ ဆိုလိုရင်းအဓိပ္ပါယ် ။ ။** ဆရာမြတ်တို့၏ ခြေတော်ရင်း၌ ဝပ်စင်းဆည်းကပ်၍ အတတ်ပညာသင်ကြားလိုခြင်းမရှိသော စာသင်သားတို့သည် ဂုဏ်အပြစ်ကို စိစစ် ခွဲခြမ်းခြင်းငှာ မစွမ်းနိုင်ကြကုန်၊ထိုဆရာမြတ်တို့၏ခြေတော်ရင်း၌ ဝပ်စင်းဆည်းကပ်၍ အတတ်ပညာကို သင်ကြားလိုကုန်သော စာသင်သားတို့သည်သာလျှင် ဂုဏ်အပြစ်ကို စိစစ်ခွဲခြမ်း နိုင်ကြကုန်၏ဟု ဆိုလိုပါသည်။

* **သုဿူသာ-အရ ။ ။** သင်ကြားလိုသောဆန္ဒ, ထိုသင်ကြားလိုခြင်းကို မှီ၍ ခြေရင်း၌ ဆည်းကပ်လုပ်ကျွေးခြင်းကို ယူရပါမည်။

* **တပ္ပါဒ ရဇော ကိဏ္ဏာ-အရ ။ ။** ထိုဆရာတို့၏ ခြေ၌ကပ်သော မြူတို့ဖြင့်ပြွမ်းသော ဦးခေါင်းရှိသော သူတော်ကောင်းစာသင်သားတို့ကို ယူရပါမည်။

ပင်ကိုယ်ဉာဏ် မပါက ဆီးမှမ်းဖွယ် မရောက်ပုံ

၆။ ကဗ္ဗနာဒ္ဓကနိကို္ဍတ္ထာ၊ နေတ္ထစိတ္ထာ ကဝိဇ္ဇနဒ။
ယံကိဉ္စိ ရုစယန္တေတံ၊ နု ဝိမ္ဘယတရံ ပရံ။

၆ ကဗ္ဗနာဒ္ဓက နိကို္ဍတ္ထ နေတ္ထစိတ္ထာ၊ကဗျာကျမ်ိုး, ကချေသည်ကျမ်းတို့၌ ချထားအပ်သော မျက်စိ,စိတ်ရှိကြကုန်သော။ကဝိဇ္ဇနာ၊ကဗျာတတ်သိ ပညာရှိတို့သည်။ယံကိဉ္စိ၊တစုံတခုသော အစီအကုံး အဖွဲ့အနွဲ့.ကို။ရုစယန္တိ၊ဖွဲ့နွဲ့.တီထွင် စီရင်နေသားကြကုန်၏။ဧတံ ဝန္ဒန်၊ထိုသို့ ဖွဲ့နွဲ့.တီထွင် စီရင်နေသားအပ်သော အဖွဲ့.အနွဲ့.သည်။ပရံ၊လွန်စွာ။ဝိမ္ဘယကရံ၊အံ့ဩဖွယ်ကို ပြုတတ်သည်။နဟောတိ၊မဖြစ်။

* **ဤဂါထာ၏ ဆိုလိုရင်း အဓိပ္ပါယ် ။ ။** ကဗျာကျမ်း ဂဏန်းသည်ကျမ်းတို့၌ လေ့လာသော စာရေးဆရာပညာရှိတို့သည် နေသားစီရင်အပ်သော တစုံတခုသော အစီအကုံး

http://www.dhammadownload.com



အဖွဲ့အနွဲ့သည် အုံ့ဩဖွယ်မရှိ-ဟု ဆိုလိုပါသည်။

* **ကဝိ-အရ ။ ။** ဦးမွှမ်းတတ်သော ပညာရှိကို ယူရပါမည်။
* **ကဗ္ဗ-အရ ။ ။** ပညာရှိ၏ ဥစ္စာဖြစ်သော မဟာကဗျာကို ယူရပါမည်။
* **နာဋက -အရ ။ ။** ကခြေသည် ဇာတ်သမားကို ယူရပါမည်။

**(အလင်္ကာရ ဝိဒူဂုဏ်နှင့် ပြည့်စုံသော ပဋိဘာန် ဉာဏ်ပညာရှင်ဟု ခေါ်ဆိုနိုင်ပုံ )**

**၇။ တေယေဝ ပဋိဘာဝန္တော၊ သောဝ ဗန္ဓော သ ဝိမ္ဗယော။**
**ယေန တောသေန္တိ ဝိညူ ယေ၊ တတ္ထ ပျ ဝိဟိတာ ဒရာ။**

၇။ တတ္ထပိ-တေသု ကဗ္ဗနာဋကေသုပိ၊ထိုကဗျာကျမ်း, ကခြေသည်ကျမ်းတို့၌လည်း။ အဝိဟိတာဒရာ၊မထားအပ်သော ရိုသေခြင်းရှိကြကုန်သော။ဝါ။ရိုသေခြင်းကို မဖြစ်စေကြကုန်သော။ယေဇနာ၊အကြင်ပညာရှိတို့သည်။ယေန-ဗန္ဓနေန၊အကြင် အစီအကုံး အဖွဲ့အနွဲ့ဖြင့်။ဝိညူ။ကဗျာတတ်သိ ပညာရှိတို့ကို။တောသေန္တိ၊နှစ်သက်စေကြကုန်၏။တေယေဝ ဇနာ၊ ထိုပညာရှိတို့သည်သာလျှင်။ပဋိဘာဝန္တော၊ပဋိဘာန်ဉာဏ် ပညာရှိကြကုန်၏။(ဝါ)ကဗျာအရာကို လျင်စွာသိတတ်သော တခ်ဏုပ္ပတ္တိဉာဏ်နှင့် ပြည့်စုံကြကုန်၏။(ဝါ)အာဝဇ္ဇန်းနှင့် ပြည့်စုံကြကုန်၏။သောဝ ဗန္ဓော၊ထိုအစီအကုံး အဖွဲ့အနွဲ့သည်သာလျှင်။သ ဝိမ္ဗယော၊အုံ့ဩဖွယ်ရှိ၏။

*** ဌ္ဌဂါထာ၏ ဆိုလိုရင်း အဓိပ္ပါယ် ။ ။** ကဗျာကျမ်း, ကခြေသည်ကျမ်းတို့၌ မလေ့လာမူ၍ တစုံတခုသော အဖီးအကုံး အဖွဲ့အနွဲ့ဖြင့် ပညာရှိတို့ကို နှစ်သက်စေနိုင်သော ပညာရှိတို့သည်သာလျှင် ဉာဏ်ပဋိဘာန်ရှိသော ပညာရှိတို့မည်ကုန်၏၊ ထိုပညာရှိတို့ စိရင် ရေးသားအပ်သော အဖွဲ့အနွဲ့သည်သာလျှင် အုံ့ဩဖွယ်ရှိ၏ဟု ဆိုလိုပါသည်။

**မေး။** မည်သို့သော ပုဂ္ဂိုလ်မျိုး၏ ဖွဲ့သိကုံးမှုသည်သာ အုံ့ဩကျေနပ်ဖွယ် ဖြစ်သနည်း

**ဖြေ။** **(အုံ့ဩဖွယ်သိကုံးနိုင်သူ)** ကဗျာကျမ်း ကခြေသည်ကျမ်းတို့ကို အလေးမထား ဘဲ (ဝါ) မကြည့်ရှု မလေ့လာဘဲ ပညာရှိများကို နှစ်သိမ့်ကျေနပ်လောက်အောင် သိကုံးနှံး ဖွဲ့နိုင်သည့် ပဋိဘာန်ဉာဏ်ရှိသူ ပုဂ္ဂိုလ်တို့ ဖွဲ့သိကုံးမှုသည်သာ အုံ့ဩကျေနပ်ဖွယ် ဖြစ်ပါသည်။

**မေး ။** ။မည်ကဲ့သို့သော ပညာရှင်ကို အလင်္ကာရဝိဒူဂုဏ်နှင့် ပြည့်စုံသော ပဋိဘာန် ဉာဏ်ပညာရှင်ဟု ခေါ်ဆိုရကြောင်း ဖြေဆိုပါ။

**ဖြေ။** **(အလင်္ကာရ ဝိဒူဂုဏ်နှင့် ပြည့်စုံသော ပဋိဘာန် ဉာဏ်ပညာရှင်ဟု ခေါ် ဆိုနိုင်ပုံ )** ကဗျာကျမ်း ကခြေသည်ကျမ်းတို့ကို အလေးမထားဘဲပင် ဂုဏ်,အပြစ်ကို စိစစ်တတ်ကုန်သော ပညာရှိတို့ သဘောကျလက်ခံနိုင်အောင် ရေးသားဖွဲ့ဆိုနိုင်သော

http://www.dhammadownload.com



ပုဂ္ဂိုလ်တို့ကိုသာလျှင် "ပဋိဘာန်ဉာဏ်ရှင်"ဟု ခေါ်ဆိုရပါမည်။

* **ပဋိဘာ-အရ ။ ။** ကဗျာကျမ်း ကချေသည်ကျမ်းကို မလေ့လာမူ၍ ကဗျာဗန္ဓကို လျင်မြန်စွာ စီကုံးဖွဲ့နွဲ့နိုင်သော ပညာကို ယူရပါမည်။

* **ပဋိဘာဝန္တ-အရ ။ ။** ယင်းပညာနှင့်ပြည့်စုံသော ပုဂ္ဂိုလ်ကို ယူရပါမည်။

* **ကဗျာဆရာတစ်ဆူဟု ခေါ်ဆိုနိုင်ရန် ပြည့်စုံရမည့် အင်္ဂါ (၃)ပါး**

* **ကဗျာတတ်ရန် အင်္ဂါ (၃)ပါး ကား ။ ။** ၁။ ပင်ကိုယ်ဉာဏ်ထက်မြက်ခြင်း။ ၂။ လောကဝေါဟာရ အသုံးအနှုန်း အကြားအမြင် ဗဟုသုတနှင့် ပြည့်စုံခြင်း၊ ၃။ လွန်ကဲသော လုံ့လဝီရိယရှိခြင်း။(ဝါ) အသင့်ယုတ္တိရှိအောင် ရေးသားနိုင်ခြင်း။

**မေး။** စာရေးဆရာလုပ်လိုသူတို့၌ (က) ပြည့်စုံရမည့်အရည်အချင်း (ခ) စာဖတ်သူ သဘောကျအောင် ရေးဖွဲ့နည်းတို့ကို အလင်္ကာကျမ်းဆရာ၏ အဆိုအမိန့်နှင့်အညီ ဖော်ပြပါ။

**ဖြေ။** (က) ပင်ကိုယ် ပဋိဘာန်ဉာဏ်ရှိခြင်း၊ လူတို့၏ အသုံးအနှုန်းကို နားလည်ခြင်း၊ အသင့်ယုတ္တိရှိအောင် ရေးသားနိုင်ခြင်းတို့ ဖြစ်ပါသည်။

(ခ) ဘာဝ,ဝိဘာဝ, အနုဘာဝတို့ဖြင့် ပြည့်စုံပြီး ရသမြောက်အောင် ရေးသားဖွဲ့ဆိုလျှင် စာဖတ်သူ သဘောကျပါသည်။



## ဗန္ဓ၏ လက္ခဏာနှင့် ဗန္ဓ၏ သရုပ်ပြဂါထာ

**၈။ ဗန္ဓောစ နာမ သဒ္ဒတ္ထာ၊ သဟိတာ ဒေါသဝဇ္ဇိတာ။**
**ဝဇ္ဇ ဂဇ္ဇ ဝိမိဿာနံ၊ ဘေဒနာ ယံ တိဓာ ဘဝေ။**

၈။ သဟိတာ၊တကွဖြစ်ကုန်သော။(ဝါ) ပြေပြစ်စပ်ဟပ်ကုန်သော။ဒေါသဝဇ္ဇိတာ၊ အပြစ်ဒေါသသည် ကြဉ်အပ်ကုန်သော။သဒ္ဒတ္ထာ၊သဒ္ဒါအနက်တို့သည်။ဗန္ဓောစနာမ၊ဗန္ဓမည် သည်သာလျှင်တည်း။အယံဗန္ဓော၊ဤဗန္ဓသည်။ပဇ္ဇ ဂဇ္ဇ ဝိမိဿာနံ၊ဂါထာဗန္ဓ, စုတ္ထိယဗန္ဓ ဂါထာစုတ္ထိယဲရောသော ဗန္ဓတို့၏။ဘေဒေန၊အပြားအားဖြင့်။တိဓာ၊သုံးပါး၊အပြားရှိသည်။ ဘဝေ၊ဖြစ်၏။

* **ဗန္ဓ မည်ပုံ ။ ။** တပေါင်းတည်းဖြစ်သော ပဒဒေါသ,စသည်တို့သည် ကြဉ်အပ်သော သဒ္ဒါအနက်သည် "ဗန္ဓ" မည်ပါသည်။ဗန္ဓောစ နာမ သဒ္ဒတ္ထာ၊ သဟိတာ ဒေါသဝဇ္ဇိတာ ကိုထောက်ပါ။

* **ဗန္ဓ လက္ခဏာ (၃)ပါး ။ ။** ၁။ သဟိတာ-အရ၊တပေါင်းတည်းဖြစ်ခြင်း (ဝါ)အချင်းချင်း သင့်လျော်သော အနက်နှင့်တကွဖြစ်ခြင်း။ ၂။ဒေါသဝဇ္ဇိတာ-အရ၊ပဒဒေါသ,စသော အပြစ်တို့မှ ကင်းစင်ခြင်း။ ၃။သဒ္ဒတ္ထာ-အရ၊ သဒ္ဒါအနက်ဖြစ်ခြင်းတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



* **ပန္နဓအပြား (၃) ပါးနှင့် အဓိပ္ပါယ် ။ ။** ၁။ဓမ္မပဒပါဠိတော် စသည်တို့ကဲ့သို့ ဂါထာသင်္ဂဟ ဖွဲ့စီအပ်သော ပန္နဓမျိုးသည် "**ပဇ္ဇပန္နဓ**" မည်၏။ ၂။ ဓမ္မသင်္ဂဏီ,စသော အဘိဓမ္မာပါဠိတော်ကြီးများကဲ့သို့ စုဏ္ဏိယသင်္ဂဟ ဖွဲ့စီအပ်သော ပန္နဓမျိုးသည် "**ဂဇ္ဇ ပန္နဓ**" မည်၏။ ၃။ဇာတ်အဋ္ဌကထာ,စသည်တို့၌ကဲ့သို့ ဂါထာ စုဏ္ဏိယရောနှော၍ ဖွဲ့စီအပ်သော ပန္နဓမျိုးသည် "**မိဿကပန္နဓ**" မည်၏။

* **ပဇ္ဇ (ဂါထာ) ပန္နဓ သရူပ်နှင့် အဓိပ္ပါယ် ။ ။** ၁။ ကေနိပါတ် ဇာတ်ဂါထာ,စသည်တို့ကဲ့သို့ တစ်ဂါထာတည်းဖြင့် အပြီးဖွဲ့အပ်သော ပဇ္ဇသည် "**မုတ္တက**" မည်၏။ ၂။ ပဉ္စက နိပါတ်ဇာတ် စသည်တို့ကဲ့သို့ နှစ်ဂါထာ သုံးဂါထာမှ စ၍ ငါးဂါထာပြည့်မှ ပြီးသော အဖွဲ့သည် "**ကုလက**" မည်၏။ ၃။ အနက်အချင်းချင်း မငဲ့သော ကိုယ့်ကြိယာကိုယ် ဖြစ်သော အဘိဓာန်ကျမ်းလာ ဂါထာမျိုးသည် "**ကောသ**" မည်၏။ ၄။ ဆက္ကနိပါတ် စသည်ကဲ့သို့ အကြောင်းအရာ တစ်ခုခုကို ဂါထာများစွာဖြင့် ဖွဲ့စီအပ်သော အဖွဲ့သည် "**သံယာတ**" မည်၏။

* **ပဇ္ဇ (၂) ခုအထူး ။ ။** အလင်္ကာကျမ်းလာ ပဇ္ဇသည် မုတ္တက, ကုလက, ကောသ, သံယာတအားဖြင့် လေးမျိုးရှိပါသည်၊ ဆန်းကျမ်းလာ ပဇ္ဇ ကား ဝဏ္ဏဝုတ္တိ, မတ္တာဝုတ္တိ အားဖြင့် နှစ်မျိုး ရှိပါသည်။ ဤသို့ ထူးပါသည်။

* **ဂဇ္ဇ (စုဏ္ဏိယ) ပန္နဓသရူပ် ၄-ပါးနှင့် အဓိပ္ပါယ်**

၁။ သမာသ်မပါသောအဖွဲ့သည် "**မုတ္တက**" မည်၏။ ၂။ ဂါထာပါဒကိုဒုဂဲး၊ ပါဒ၏ အစိတ်အပိုင်းကိုဒုဂဲး ထည့်သွင်း၍ ဖွဲ့အပ်သော ဂဇ္ဇသည် "**ဝုတ္တဂန္ဓိ**" မည်၏။ ၃။ ရှည်လျားများပြားသော သမာသ်ပါသော ဂဇ္ဇသည် "**ဥက္ကလိကာပါယ**" မည်၏။ ၄။ သမာသ် အနည်းငယ်ပါသော ဂဇ္ဇသည် "**ပါဂဇ္ဇ စုဏ္ဏက**" မည်၏။

## ပဇ္ဇပန္နဓ အပြားနှင့် ပန္နဓ၏ အဆင်တန်ဆာ

**၉။ နိဗန္ဓောစာ နိဗန္ဓောစ၊ ပုန ဒ္ဝိဓာ နိရုပ္ပတေ။**
**တံ တု ပါဗေယ္ယ လင်္ကာရာ၊ ဝိန္ဒုနိယတရတ္တနံ။**

၉။ သောပန္ဓော၊ထိုဂါထာဖြင့်ပြီးသော ဂါထာမျိုးကို။နိဗန္ဓောစ၊နိဗန္ဓဟူ၍ ၎င်း။(၀ါ) မုတ္တက,စသော ပန္ဓလေးမျိုးတို့ဖြင့် ဖွဲ့အပ်သော မဟာကဗျာမျိုးငင်း။အနိဗန္ဓောစ၊အနိဗန္ဓဟူ၍ ၎င်း။ (၀ါ) မုတ္တက,စသော ပန္ဓလေးမျိုးတို့တွင် မုတ္တကတစ်မျိုးဖြင့် ဖွဲ့အပ်သော ခုဒ္ဒက ကဗျာမျိုးငင်း။ပုန၊တဖန်။ဒ္ဝိဓာ၊နှစ်ပါးအပြားအားဖြင့်။နိရုပ္ပတေ၊ဆိုအပ်၏။တံ၊အထူးကိုဆိုဦးဘဲ့ တံပန္ဓံ၊ထိုနှစ်ပါးအပြားရှိသော ပန္ဓမျိုးကို။အလင်္ကာရာ၊သင်္ဂါလင်္ကာရ, အတ္ထာလင်္ကာရတို့ သည်း ဒိန္ဒနိယ တရတ္တနံ၊နှစ်သက်အပ်သော ပန္ဓတို့ထက်အထူးသဖြင့် နှစ်သက်အပ်သော

http://www.dhammadownload.com



ဒန္ဓ၏အဖြစ်သို့။ပါပေန္တိရောက်စေကုန်၏။

* **ပဇ္ဇဗန္ဓ သရုပ် ၂-မျိုးနှင့် အဓိပ္ပါယ် ။ ။** ၁။ မုတ္တက,စသော ဖွဲ့နည်းလေးမျိုးလုံး ပါဝင်စေလျက် ဖွဲ့အပ်သော ကဗျာကြီးများသည် "နိဗန္ဓ" မည်၏။ ၂။ မုတ္တကတစ်မျိုးတည်း ဖြင့်သာ ဖွဲ့အပ်သော ကဗျာအငယ်စားသည် "အနိဗန္ဓ' မည်၏။

**သဒ္ဒါလင်္ကာရ/အတ္ထာလင်္ကာရတို့ဖြင့် တန်ဆာဆင်မှု တင့်တယ်ကောင်းမြတ်ပုံ**

**၁၀။ အနဝဇ္ဇံ မုခမ္မောဇ္ဇ မနဝဇ္ဇာစ ဘာရတီ။**
**အလင်္ကာဝ သောဘန္တေ၊ ကိန္နု တေ နိရလင်္ကာရာ။?**

၁၀။ အနဝဇ္ဇံ၊အပြစ်မရှိသော။မုခမ္မောဇ္ဇ၊ကြောနှင့်တူသော မျက်နှာသည်ငင်း။အန ဝဇ္ဇာ၊အပြစ်မရှိသော။ဘာရတီစ၊အဖွဲ့.အနွဲ့. စကားမျိုးသည်ငင်း။ (ဝါ)သဒ္ဒါသည်ငင်း (ဝါ) သဒ္ဒါအနက်သည်ငင်း။အလင်္ကာဝ၊တန်ဆာဆင်အပ်ကုန်သော်သာလျှင်။သောဘန္တေ၊ ဘင့်တယ်ကောင်းမြတ်ကုန်၏။တေ-မုခမ္မောဇ္ဇဘာရတီ ဇာတာ၊ထိုအပြစ်မရှိသော ကြောနှင့် ဘူသောမျက်နှာ, အပြစ်မရှိသော အဖွဲ့.အနွဲ့. စကားမျိုးတို့သည်။နိရလင်္ကာ၊တန်ဆာ ဆင်ခြင်းမှ ကင်းကုန်မူကား။ကိန္နု သောဘန္တေ၊အဘယ်မှာလျှင် တင့်တယ်ကောင်းမြတ် ပါကုန်အံ့နည်း။န သောဘန္တေဝ၊မတင့်တယ် မကောင်းမြတ်ကုန်သည်သာလျှင်တည်း။

* **ဘာရတီ-အရ ။ ။** အဖွဲ့.အနွဲ့.စကား (ဝါ) သဒ္ဒါကို မုချအားဖြင့် ယူ၍ အနှက်ကို ဥပစာအားဖြင့် ယူရပါမည်။

**၁၁။ ဝိနာ ဂရုပဒေသံ တံ၊ ဟလော လင်္ကတ္ထု မိစ္ဆတိ။**
**သမ္မာပုဏေ နု ဝိညူဟိ၊ ဟသဿာဝံ ကထံ နု သော ?**

၁၁။ ဟလော၊ကိုယ်ကို တန်ဆာဆင်ခြင်း အဖွဲ့.ဗန္ဓကို တန်ဆာဆင်ခြင်း၌ လိမ္မာခြင်း မရှိသော လူမိုက်သည်။ဂရုပဒေသံ၊ပညာရှိတို့ ညွှန်ကြားဆုံးမအပ်သော နည်းဥပဒေသကို။ ဝိနာ၊ကြဉ်၍။တံ သရီရဗန္ဓံ၊ထိုကိုယ်နှင့် အဖွဲ့.ကို။အလင်္ကတ္ထု၊တန်ဆာဆင်ခြင်းငှာ။ကျွန်တော် အလိုရှိ၏။သောဟလော၊ထိုတန်ဆာဆင်ခြင်း၌ လိမ္မာခြင်းမရှိသော လူမိုက်သည်။ဝိညူဟိ တန်ဆာဆင်ခြင်း၌ လိမ္မာခြင်းရှိသော ပညာရှိတို့သည်။ဟသဿာဝံ၊ရယ်ရွှင်အပ်သောသူ၏ အဖြစ်သို့။ကထံ နု သမ္မာပုဏေယျ၊အဘယ်မှာ မရောက်ဘဲ ရှိပါအံ့နည်း။သမ္မာပုဏေဇဝ ရောက်မည်သာလျှင်တည်း။

* **ဟလ-အရ ။ ။** လူတို့ ဝတ်ဆင်အပ်သော ဝတ်ဆင်နည်းကို မတတ်သောသူ အဖွဲ့. ဗန္ဓကို တန်ဆာဆင်နည်း မတတ်သောသူများကို ယူရပါမည်။

* **ဤဂါထာ၌ ရဏိုင်သော အလင်္ကာရ ။ ။** ဤဂါထာ၌ ပါသော ပုဒ်များသည် ၃၀

http://www.dhammadownload.com



မာနဖြစ်သော လူကို ဝတ်ဆင်အပ်သော ဝတ်ဆင်နည်းကို မတတ်သောဟာလ, ဥပမေယျ ဖြစ်သော အဖွဲ့ဗန္ဓကို တန်ဆာဆင်နည်း မတတ်သော ဟာလ နှစ်ပါးစုံနှင့် ဆက်ဆံ၍ မပြားသော ပုဂ္ဂိုလ်သောကြောင့် "အဘိန္နဝဒ သိလေသ အလင်္ကာ" ရနိုင်ပါသည်။

(အလင်္ကာကျမ်းဟူသော အမည်ရနိုင်ပုံပြ ဂါထာ)
(အလင်္ကာကျမ်း၏ အလင်္ကာရမည်ပုံပြဂါထာ)

၁၂။ ဂန္ထော ကဝိဂါစာန၊ မလင်္ကာရ ပွကာသကော။
ယာတိ တဗ္ဘစနိယတ္ထံ၊ တတ္ထောဟာရွ ပစာရတော။

၁၂။ ကဝိဂါစာန်းပညာရှိတို့ ပြောဆိုအပ်သော အဖွဲ့ဗန္ဓ ထိုစကားသည်ပြီးစေအပ်သော အနက်ဟုဆိုအပ်သော အဖွဲ့ဗန္ဓတို့၏။အလင်္ကာရ ပွကာသကော၊သဒ္ဒါလင်္ကာရ, အတ္ထာလင်္ကာရတို့ကို ပြတတ်သော။ဂန္ထော၊အလင်္ကာကျမ်းသည်လည်း။တတ္ထောဟာရွ ပစာရတော၊ထိုအကျိုးဖြစ်သော သဒ္ဒါလင်္ကာရ, အတ္ထာလင်္ကာရတို့၏ အမည်ကို အကြောင်းဖြစ်သော အလင်္ကာကျမ်း၌ တင်စားသောအားဖြင့်။တဗ္ဘစနိယတ္ထံ၊ထိုသဒ္ဒါလင်္ကာရ, အတ္ထာလင်္ကာရတို့၏ အလင်္ကာရဟူသောအမည်ဖြင့် ခေါ်ဝေါ်ပြောဆိုအပ်သော အလင်္ကာရကျမ်း၏ အဖြစ်သို့။ယာတိ၊ရောက်၏။

မေး။ အရှင်တို့ သင်ယူထားသော အလင်္ကာကျမ်းကို မုချအားဖြင့် အလင်္ကာ-ဟု ခေါ်နိုင်ပါမည်လော၊ အဘယ်အားဖြင့် ခေါ်နိုင်သည်ကို သာဓကထောက်ပြ ဖြေဆိုပါ။

* အလင်္ကာကျမ်းကို မုချအားဖြင့် အလင်္ကာ-ဟု ခေါ်နိုင်/မခေါ်နိုင်

(၁၂) ဂါထာကိုထောက်၍ အလင်္ကာကျမ်းကို မုချအားဖြင့် အလင်္ကာ-ဟု မခေါ်နိုင်ပါ။ အကျိုးဖြစ်သော သဒ္ဒါလင်္ကာရ အတ္ထာလင်္ကာရတို့၏ အလင်္ကာဟူသောအမည်ကို အကြောင်းဖြစ်သော ကျမ်းဂန်အပေါ်၌ တင်စား၍ အကြောင်းဖြစ်သော ကျမ်းဂန်ကိုလည်း ဖလူပစာရအားဖြင့် အလင်္ကာ-ဟု ခေါ်နိုင်ပါသည်။

* အလင်္ကာကျမ်း၏ အလင်္ကာမည်ပုံ ။ ။အကျိုးဖြစ်သော သဒ္ဒါလင်္ကာရ အတ္ထာလင်္ကာရတို့၏ အလင်္ကာဟူသောအမည်ကို အကြောင်းဖြစ်သော ကျမ်းဂန်အပေါ်၌ တင်စား၍ အကြောင်းဖြစ်သော ကျမ်းဂန်သည် ဖလူပစာရအားဖြင့် "အလင်္ကာ" မည်ပါသည်။

(အလင်္ကာ အမျိုးအစားနှင့် ဗန္ဓ-အရ ပြ ဂါထာ)

၁၃။ ဒွိပ္ပကာရာ အလင်္ကာရာ၊ တတ္ထ သဒ္ဒတ္ထဘေဒတော။
သဒ္ဒတ္ထာ ဗန္ဓနာမာဝ၊ တံ သန္ဓိတ တဒါဝလိ။

၁၃။ တတ္ထ-အလင်္ကာရဂန္ထေ၊ထိုအလင်္ကာကျမ်း၌။အလင်္ကာရော၊အလင်္ကာတို့သည်။

http://www.dhammadownload.com



သဒ္ဒတ္ထဘေဒတော၊သဒ္ဒါလင်္ကာရ, အတ္ထာလင်္ကာရတို့၏ အပြားအားဖြင့်။ဒွိပ္ပကာရာ၊နှစ်ပါး အပြားရှိကုန်၏။သဒ္ဒတ္ထာ၊သဒ္ဒါ, အနက်တို့သည်။ဗန္ဓနာမာဝ၊ဗန္ဓမည်ကုန်သည်သာလျှင်တည်း တံသဒ္ဓိတ တဒါဝဠိ၊ထိုသဒ္ဒါလင်္ကာရ အတ္ထာလင်္ကာရတို့ဖြင့် တန်ဆာဆင်အပ်သော ထို သဒ္ဒါ အနက်တို့၏ အစဉ်သည်။ဗန္ဓောနာမ၊ဗန္ဓမည်၏။

* **အလင်္ကာရ (အလင်္ကာ) သရုပ် ။ ။** ၁။ သဒ္ဒါလင်္ကာရ၊ ၂။ အတ္ထာလင်္ကာရ။

* **အဖွဲ့ ဗန္ဓ၏ အဓိပ္ပါယ် ။ ။** တပေါင်းတည်းဖြစ်သော ဒေါသသည် ကြောင့်အပ် သော သဒ္ဒါ, အနက်သည် အဖွဲ့ဗန္ဓ မည်ပါသည်။

* **ဗန္ဓ နှစ်မျိုး အထူး ။ ။** သဒ္ဒါ အနက်သည် အစိတ်ဖြစ်သော ဗန္ဓ မည်ပါသည်။ သဒ္ဒါ အနက်တို့၏အစဉ်သည် အပေါင်းဖြစ်သော ဗန္ဓ မည်ပါသည်။ ဤသို့ ထူးပါသည်။

* **သဒ္ဒတ္ထဘေဒတော-၌ သဒ္ဒတ္ထ-အရ ။ ။** ပုရိသော မဂ္ဂံ ဂစ္ဆတိ- စသည်တို့ကဲ့သို့ တန်ဆာဆင်မှုမပါသော သဒ္ဒါအစဉ်၊ ယောက်ျား လမ်းသွား၏-စသည်တို့ကဲ့သို့ တန်ဆာဆင် မှု မပါသော အနက်အစဉ်တို့ကို မယူရ၊ အဖွဲ့အနွဲ့ အမည်ရလောက်အောင် ဆိုင်ရာ အလင်္ကာတို့ဖြင့် တန်ဆာဆင်အပ်သော ထိုသဒ္ဒါတို့၏ အစဉ်၊ ထိုအနက်တို့၏ အစဉ်တို့ကို ယူရပါမည်။

**(စာပေရေးသားရာ၌ ဝုဏ်မြောက်ဖို့ထက် အပြစ်လွတ်ဖို့က ပို၍ အရေးကြီးပုံ)**

**(သဒ္ဒ အတ္ထ နှစ်ဝသော အလင်္ကာရတို့နှင့် ပြည့်စုံသော်လည်း အပြစ်ဒေါသ အနည်း ငယ် ငြိစွန်းပါက မချီးမွမ်းသင့်ကြောင်း ဥပမာဖြင့် ပြဆိုသော ဝါထာ)**

၁၄။ **ဝုဏာလင်္ကာရ သံယုတ္တာ၊ အပိ ဒေါသလဝကိတာ။**
**ပသံသိယာ န ဝိညူဟိ၊ သာ ကညာဝိယ တာဒိသံ။**

၁၄။ တာဒိသီ၊ထိုသို့ သဘောရှိသော။ကညာ၊ဆယ်နှစ်အရွယ် သတို့သမီးငယ်သည်။ ဝုဏာလင်္ကာရ သံယုတ္တာအပိ၊နှလုံးကောင်းခြင်းဟူသော ဝုဏ်,ပုဂ္ဂိုလ်,နားဆောင်း,စသော တန် ဆာတို့နှင့် ယှဉ်ပါသော်လည်း။ဒေါသလဝကိတာ၊ဇွန်နာ,စသော အနည်းငယ်သော အပြစ် ဒေါသ စွန်းငြိပါမူကား။ပုရိသေဟိ၊ယောက်ျားတို့သည်။ပသံသိယာ၊ချီးမွမ်းသင့် ချီးမွမ်းထိုက် သည်။နဟောတိ ဝိယ၊မဖြစ်သကဲ့သို့။တထာ၊ထို့အတူ။တာဒိသီ၊ထိုသို့ သဘောရှိသော။သာ သဒ္ဒတ္ထာဝဠိ၊ထိုသဒ္ဒါ အနက် အစဉ်သည်။(ဝါ)ထိုဇာစီအကုံး အဖွဲ့.အနွဲ့.သည်။ဝုဏာလင်္ကာ ရ သံယုတ္တာ အပိ၊သဒ္ဒါလင်္ကာရဟူသောဝုဏ် အတ္ထာလင်္ကာရဟူသော အလင်္ကာတို့နှင့် ယှဉ်ပါသော်လည်း။ဒေါသလဝကိတာ၊အပြစ်ဒေါသ အနည်းငယ် စွန်းငြိပါမူကား။ဝိညူဟိ၊ ပညာရှိတို့သည်။ယေန ကာရဏေန၊အကြောင်းကြောင့်။ပသံသိယာ၊ချီးမွမ်းသင့် ချီးမွမ်းထိုက်သည်။န ဟောတိ၊မဖြစ်။

http://www.dhammadownload.com



( ကဗျာ ဂါထာ ဖွဲ့ဆိုရာ၌ အပြစ်မဖြစ်အောင် ဖွဲ့ဆိုရေးသားရန် ညွှန်ပြပုံ )
(စာပေရေးသားရာ၌ ဂုဏ်မြောက်ဖို့ထက် အပြစ်လွတ်ဖို့က ပို၍ အရေးကြီးပုံ )

၁၅။ တေန ဒေါသနိရာသော၀၊ မဟုဿာဟေန သာဓိယော။
နိဒ္ဒေါသာ သဗ္ဗထာ သာယံ၊ သဂုဏာ နု ဘ၀ေယျ ကိ ?

၁၅။ တေန ကာရဏေန၊ထိုအကြောင်းကြောင့်။ဒေါသနိရာသော၀၊အပြစ်ဒေါသကင်းသော အဖွဲ့ကိုသာလျှင်။မဟုဿာဟေန၊ကြီးစွာသော လုံ့လဖြင့်။သာဓိယော၊ပြီးစေအပ်၏။ သဗ္ဗထာ၊ပ၁ဒေါသ,စသော အလုံးစုံသော အပြားအားဖြင့်။နိဒ္ဒေါသာ၊အပြစ်ဒေါသမှ ကင်းသော။သာယံ-သဒ္ဒတ္ထာ၀ဠိ၊ထိုအစီအကုံး အဖွဲ့အနွဲ့သည်။သဂုဏာ၊ဂုဏ်ရှိသော။ (၀ါ) ဂုဏ်နှင့်ပြည့်စုံသော အစီအကုံး အဖွဲ့အနွဲ့သည်။န ဘ၀ေယျကိ၊အဘယ်မှာ မဖြစ်ဘဲ ရှိပါအံ့နည်း။ဘ၀ေယျ၀ေ၊ဖြစ်သည်သာလျှင်တည်း။

* အဖွဲ့ အနွဲ့ကို တန်ဆာဆင်ရာ၌ အနေးပါဆုံးသောအချက်
ဒေါသကင်းဘို့သည်သာ အရေးပါဆုံးသော အချက်ဖြစ်ပါသည်။

( ကဗျာ ဂါထာ ဖွဲ့ဆိုရာ၌ အပြစ်မဖြစ်အောင် ဖွဲ့ဆိုရေးသားရန် ညွှန်ပြပုံ )

၁၆။ သာ လင်္ကာရ ဝိယုတ္တာပိ၊ ဂုဏယုတ္တာ မနောဟရာ။
နိဒ္ဒေါသာ ဒေါသရဟိတာ၊ ဂုဏယုတ္တာ ဝဓူ ဝိယ။

၁၆။ ဝဓူ၊သတို့သမီးသည်။အလင်္ကာရဝိယုတ္တာပိ၊ပုတီး, နားဆောင်း,စသော တန်ဆာတို့နှင့် ယှဉ်ခြင်း မရှိသော်လည်း။ဒေါသရဟိတာ၊ဇူနာ,စသော အပြစ်ဒေါသ ကင်းစင်သည်ဖြစ်၍။ဂုဏယုတ္တာ၊နှစ်သက်ဖွယ်ရာ ကောင်းစွာကျင့်ခြင်းဟု ဆိုအပ်သော ဂုဏ်နှင့်ယှဉ်ပါမူကား။မနောဟရာ ဝိယ၊နှစ်လိုဖွယ်ရာ လွန်စွာတင့်တယ်သကဲ့သို့။တထာ၊ထို့အတူ။သာ-သဒ္ဒတ္ထာ၀ဠိ၊ထိုသဒ္ဒါအစဉ် အနက်အစဉ်သည်။ (၀ါ)ထိုအစီအကုံး အဖွဲ့အနွဲ့သည်။အလင်္ကာရ ဝိယုတ္တာပိ၊အထွာလင်္ကာရနှင့် ယှဉ်ခြင်းမရှိပါသော်လည်း။နိဒ္ဒေါသာ၊အပြစ်ဒေါသမှ ကင်းစင်သည်ဖြစ်၍။ဂုဏယုတ္တာ၊သဒ္ဒါလင်္ကာရဟူသော ဂုဏ်နှင့်ယှဉ်ပါမူကား။မနောဟရာ၊နှစ်လိုဖွယ်ရာ လွန်စွာ တင့်တယ်၏။

* အဖွဲ့ပန္ဓသည် အထွာလင်္ကာရနှင့် မယှဉ်သော်လည်း ပသာဒ,စသော ဂုဏ်နှင့် ယှဉ်လျှင် နှစ်သက်ဖွယ်ရှိခြင်းအကြောင်း ။ ။ ပ၁ဒေါသ,စသော အပြစ်မှ ကင်းသောကြောင့် နှစ်သက်ဖွယ်ရှိပါသည်။

## ပဋိညာဉ်

၁၇။ ပဒေ ဝါကျေ တ၁ကျေ၀၊ ဒေါသာ ယေ ဝိဝိဓာ မတာ။

http://www.dhammadownload.com



**သော ဒါဟရဏ မေတေသံ၊ လက္ခဏံ ကထယာမျတံ။**

၁၇။ ပဒေစ၊ပုဒ်၌ဌင်း။ဝါကျေစ၊ဝါကျ၌ဌင်း။တဒတ္ထေစ၊ထိုဝါကျ၏ အနက်၌ဌင်း။မတာ၊ သိအပ်ကုန်သော။ဝိဝိဓာ၊အထူးထူးသော အပြားရှိကုန်သော။ယေ ဒေါသာ၊အကြင် အပြစ် ဒေါသတို့သည်။သန္တိ၊ရှိကုန်၏။အဟံ၊ငါသည်။ဧတေသံ ဒေါသာနံ၊ထိုအပြစ်ဒေါသတို့၏။ သောဒါဟရဏံ၊ဥဒါဟရဏ်နှင့်တကွဖြစ်သော။လက္ခဏံ၊သုတ်ကို။ကထယာမိ။ဆိုပေအံ့။

* **(ဒေါသသုံးပါး အထူး) ပဒေါသ** မည်ပုံ ။ ။ တစ်ခုသောပုဒ်၌သာ သင့်သော ဒေါသသည် "ပဒေါသ" မည်၏။

* **ဝါကျဒေါသ** မည်ပုံ ။ ။ တစ်ခုသော ဝါကျ၌ သက္ခါအားဖြင့် သင့်သောဒေါသ သည် "ဝါကျဒေါသ" မည်၏။

* **ဝါကျတ္ထဒေါသ** မည်ပုံ ။ ။ ဝါကျတစ်ခု၌ဖြစ်စေ အများ၌ဖြစ်စေ အနက် အဓိပ္ပါယ် အားဖြင့် သင့်သောဒေါသသည် "ဝါကျတ္ထဒေါသ" မည်၏။

* **အပြစ်ဒေါသတို့၏ တည်ရာဌာန** ။ ။ ပုဒ်, ဝါကျ, ဝါကျအနက်အားဖြင့် သုံးပါး ဖြစ်ပါသည်။

* **ပဒ-အရ** ။ ။ နာမ်, အာချာတ်, ဥပသာရ, နိပါတ်ပုဒ်တို့ကို ယူရပါမည်။

* **ဝါကျ-အရ** ။ ။ သုဂဒျန္တ တုဂဒျန္တပုဒ်တို့၏ အပေါင်းကို ယူရပါမည်။ (တနည်း) ကာရကခြောက်ပါးနှင့်တကွသော ကြိယာကို ယူရပါမည်။

## (ပဒေါသ (၈) ပါးပြ ဂါထာ) (ဒေါသသရုပ် ၂၃-ပါး)

**၁၈။ ဝိရုဒ္ဓတ္ထန္တရာဓျတ္ထ၊ ကိလိဋ္ဌာနိ ဝိရောမိ စ။**
**နေယျံ ဝိသေသနာပေက္ခံ၊ ဟီနတ္ထက မနတ္ထကံ။**

၁၈။ ဝိရုဒ္ဓတ္ထန္တရာ ဓျတ္ထ ကိလိဋ္ဌာနိ၏ဆန့်ကျင်ဘက် အနက်တစ်ပါးရှိသော **ဝိရုဒ္ဓ တ္ထန္တရဒေါသ**, ဝိသေသျထက်လွန်သော အနက်ရှိသော **အဓျတ္ထဒေါသ**, များစွာ အသိခက်သော **ကိလိဋ္ဌဒေါသ**တို့ဌင်း။ဝိရောမိ၏ကာလ,စသည်တို့နှင့် ဆန့်ကျင်ခြင်းရှိသော **ဝိရောမိဒေါသ**ဌင်း။နေယျဖွဲ့ဆောင်၍ သိအပ်သော အကြောင်းရှိသော **နေယျဒေါသ**ဌင်း။ ဝိသေသနာပေက္ခာ၌၊ဝိသေသနကို ငဲ့ခြင်းရှိသော **ဝိသေသနာပေက္ခဒေါသ**ဌင်း။ဟီနတ္ထကာ၌ ယုတ်သော ဝိသေသန အနက်ရှိသော **ဟီနတ္ထကဒေါသ**ဌင်း။အနတ္ထကာ၌၊အနက်မရှိ ပုဒ်ပြည့် ရုံမျှသာဖြစ်သော **အနတ္ထကဒေါသ**ဌင်း။ဣတိ ဣမေ ဒေါသာ၊ဤ ၈-ပါးသော အပြစ်ဒေါသ တို့သည်။ပဒါနံ၊ပုဒ်တို့၏။ဒေါသာ၊အပြစ်တို့ပေတည်း။

* **ပဒေါသ ၈-ပါးကို ပဒေါသ/ ပဒတ္ထဒေါသခွဲပုံ**

၁။ ကိလိဋ္ဌဒေါသ, ဝိရောမိဒေါသ, နေယျတ္ထဒေါသ, ဝိသေသနာပေက္ခဒေါသ (၄)

http://www.dhammadownload.com



ပါးတို့သည် "ပဒဒေါသ" ဖြစ်ပါသည်။

၂။ ဝိရူဒ္ဓတ္ထန္တရဒေါသ, အဗျတ္ထဒေါသ, ဟီနတ္ထဒေါသ, အနတ္ထကဒေါသ (၄)ပါးတို့သည် ပဒတ္ထဒေါသ ဖြစ်ပါသည်။

**( ဝါကျဒေါသ (၉) ပါးပြ ဝါထာ)**

၁၉။ **ဒေါသာပဒါနဲ ဝါကျာန၊ မေကတ္ထံ ဘဂ္ဂရီတိကံ။**
**တထာ ဗျာကိဏ္ဏာ ဂါမွာနိ၊ ယတိ ဟီနံ ကမစ္ဆုတံ။**
**အတိဝုတ္ထ မပေတတ္ထံ၊ သဒန္ဓဖရုသံ တထာ။**

၁၉။ ကေတ္ထဉ္စတူသောအနက်ရှိသော **ဧကတ္ထဒေါသ**ငင်း။ဘဂ္ဂရီတိကဉ္စအားထုတ်အပ်သော သဗ္ဗနာမ်ပုဒ် စသည်တို့၏ အစဉ်ကျိုးပျက်ခြင်းရှိသော **ဘဂ္ဂရီတိဒေါသ**ငင်း။တထာ၊ ထိုမှတစ်ပါး။**ဗျာကိဏ္ဏဂါမွာနိ**စ၊များစွာရှုပ်ထွေး ရောပြွမ်းခြင်းရှိသော **ဗျာကိဏ္ဏဒေါသ**, တောသူ တောင်သားတို့ ပြောဆိုအပ်သော စကားပမာ လွန်စွာရိုင်းစိုင်းခြင်းရှိသော **ဂါမွဒေါသ**တို့ငင်း။ယတိဟီနဉ္စ၊ဆန်းကျယ်၌ ပြဆိုအပ်သော ယတိဖြတ်သင့်သော အရာ၌ ယတိဖြတ်ခြင်း မရှိသဖြင့် ယတိမှ ယုတ်ခြင်းရှိသော **ယတိဟီနဒေါသ**ငင်း။**ကမစ္ဆုတ**ဉ္စ၊လောက၌ ပြောဆိုမြဲ အစဉ်မှ ယုတ်ခြင်းရှိသော **ကမစ္ဆုတဒေါသ**ငင်း။**အတိဝုတ္ထ**ဉ္စ၊အလွန်အကျူးဆိုအပ်သော **အတိဝုတ္ထဒေါသ**ငင်း။**အပေတတ္ထ**ဉ္စ၊အပေါင်းဖြစ်သော အနက်မှကင်းသော **အပေတတ္ထ ဒေါသ**ငင်း။တထာ၊ထိုမှတစ်ပါး။**သ ဒန္ဓဖရုသ**ဉ္စ၊အက္ခရာအက္ခတ်အဖတ်ခက်၍ ကြမ်းတမ်းသော ဓနိတအက္ခရာ များစွာပါခြင်းရှိသော **သဒန္ဓဖရုသဒေါသ**ငင်း။။ဤတို့ ဤမေဒေါသာဤ၌ ၉-ပါးသော အပြစ်တို့သည်။ဝါကျာန်၊ဝါကျတို့၏။ဒေါသာအပြစ်တို့ပေတည်း။

* **အနတ္ထကဒေါသနှင့် အပေတတ္ထဒေါသအထူး ။ ။** တစ်ခုတည်းသောပုဒ်၌ အနက်မရှိ ပုဒ်ပြည့်ရုံမျှဖြစ်၍ သင့်သော ဒေါသသည် အနတ္ထကဒေါသမည်၏၊ တစ်ခုတည်းသော ဝါကျ၌ အပေါင်းဖြစ်သော အနက်မှ ကင်း၍ သင့်သောဒေါသသည် အပေတတ္ထဒေါသ မည်၏။ ဤသို့ ထူးပါသည်။

* **သဿသယဒေါသနှင့် ဝိရူဒ္ဓတ္ထန္တရဒေါသ အထူး ။ ။** တစ်ခုတည်းသော ပုဒ်၌ အနက်နှစ်ပါး လျှဉ်ပါးဘွယ်ရှိရာဝယ် ဆန့်ကျင်ဘက်အနက်တစ်ပါး မရှိလျှင် သဿသယဒေါသမည်၏။ ဆန့်ကျင်ဘက် အနက်တစ်ပါးရှိလျှင် ဝိရူဒ္ဓတ္ထန္တရဒေါသမည်၏။

* **ကမစ္ဆုတဒေါသနှင့် အပတ္ထမဒေါသ အထူး ။ ။** လောက၌ ဆိုရိုးအစဉ် ကျိုးပျက်ခြင်းသည် ကမစ္ဆုတဒေါသ၊ ရှေ့စကားညွှန်း နောက်စကားညွှန်းနှစ်ရပ် မညီညွတ်ခြင်း အစဉ်ပျက်ခြင်းသည် (ဂါကျတ္ထ) အပတ္ထမဒေါသ မည်၏။ ဤသို့ ထူးပါသည်။

* **ဝါကျ ဘဂ္ဂရီတိဒေါသနှင့် ဝါကျတ္ထ ဘဂ္ဂရီတိဒေါသ အထူး ။ ။** ပထမ စ၍ ဆို

http://www.dhammadownload.com



အပ်သော ဓာတ်,ပစ္စည်း,ပုဒ်,ဝိဘတ် စသည်တို့နှင့် မညီ မညွတ်ခြင်းသည် ဝါကျ ဘင္ဂရီ တိ ဒေါသမည်၏၊ ပထမစ၍ ဆိုအပ်သော ကတ္တား,က်,စသော အနက်နှင့် နောက်ထပ် ဆိုအပ်သော ကတ္တား,က် စသော အစဉ်မညီညွတ်ခြင်းသည် ဝါကျတ္ထ ဘင္ဂရီတိဒေါသ မည်၏။ဤသို့ ထူးပါသည်။

* **ဝါကျ ဂါမ္ဘဒေါသနှင့် ဝါကျတ္ထ ဂါမ္ဘဒေါသ အထူး ။ ။** မကောင်းသော အနက် တစ်မျိုးတည်းသာ ထွက်သော ဝါကျ, ပုဒ်ချင်းစပ်သောအခါ မကောင်းသော အနက်ထွက် နိုင်သော ပုဒ်ပါသော ဝါကျသည် "ဝါကျ ဂါမ္ဘဒေါသ" မည်၏။ တစ်ဝါကျလုံး၌ ကောင်း သောအနက်, မကောင်းသောအနက် နှစ်ချက်ထွက်နိုင်သော ဒေါသသည် "ဝါကျတ္ထ ဂါမ္ဘ ဒေါသ" မည်၏။ ဤသို့ ထူးပါသည်။

## ( ဝါကျတ္ထဒေါသ (၆)ပါးပြ ဂါထာ)

၂၀။ **အပတ္ထမော စိတျဟီနံ၊ ဘင္ဂရီတိ သသံသယံ။**
**ဂါမ္ဘံ ဒုဋ္ဌာလင်္ကာတိတိ၊ ဒေါသာ ဝါကျတ္ထနိဿိတာ။**

၂၀။ အပတ္ထမဝွ၊ကင်းသော ဥဒ္ဒေသ အနုဒ္ဒေသ အစဉ်ရှိသော **အပတ္ထမဒေါသ**ငင်း။ သြစိတျဟီနဝွ၊အသင့်ယုတ္တိမှ ကင်းခြင်းရှိသော **သြစိတျဟီန ဒေါသ**ငင်း။ဘင္ဂရီတိစ၊ကျိုး ဖျက်သော ဝိဘတ်အစဉ်ရှိသော **ဘင္ဂရီတိဒေါသ**ငင်း။သ သံသယဝွ၊ယုံမှာ လျှင်းပါးဖွယ်ရှိ သော အနက် အဓိပ္ပါယ်နှင့်တကွဖြစ်သော သ သံသယဒေါသငင်း။ဂါမ္ဘဝွ၊တောသူ တောင် သားတို့ ပြောဆိုအပ်သော စကားပမာ လွန်စွာရှိုင်းစိုင်းခြင်းရှိသော **ဂါမ္ဘဒေါသ**ငင်း။ဒုဋ္ဌာ လင်္ကာတိစ၊အလင်္ကာကို ဖျက်ဆီးတတ်သော ဒုဋ္ဌာလင်္ကာတိဒေါသငင်း။ဣတိ ဣတိမေ ဒေါသာ၊ ဤ ၆-ပါးသော အပြစ်တို့သည်။ဝါကျတ္ထနိဿိတာ၊ဝါကျ၏ အနက်ကို မှီသော အပြစ်တို့ ပေတည်း။

## (ဝိရုဒ္ဓတ္ထန္တရ ဒေါသသင့်ပုံပြ ဂါထာ)

၂၁။ **ဝိရုဒ္ဓတ္ထန္တရံ တံ ဟိ၊ ယဿညတ္ထော ဝိရုဇ္ဈတိ။**
**အဓိပ္ပေတေ ယထာ မေယ္ယော၊ ဝိသဒေါ သုခယေ နရံ။**

၂၁။ ယဿ ပဒဿ၊အကြင် ဝိသ,စသောပုဒ်၏။အဓိပ္ပေတေ၊အလိုရှိအပ်သောရေ, စသောအနက်၌။အညတ္ထော၊အလို မရှိအပ်သော အဆိပ်,စသော တစ်ပါးသောအနက်သည် ဟိ-ယဿ၊အကြင်ကြောင့်။ဝိရုဇ္ဈတိ၊ဆန့်ကျင်၏။တသ္မာ၊ထိုကြောင့်။တံပဒံ၊ထိုဝိသ,စသော ပုဒ်သည်။ဝိရုဒ္ဓတ္ထန္တရံ၊ဝိရုဒ္ဓတ္ထန္တရဒေါသ သင့်သောပုဒ်မည်၏။မေယ္ယော ဝိသဒေါ သုခယေ နရံ ယထာ၊မေယ္ယော ဝိသဒေါ သုခယေ နရံဟူသော ဥဒါဟရဏ်ကဲ့သို့။တထာ၊ထို့အတူ။ အညပိ၊တစ်ပါးသော ဥဒါဟရဏ်ကိုလည်း။ဒဋ္ဌဗ္ဗံ၊မှတ်အပ်၏။ဝိသဒေါ၊ရေကို ယေးတတ်သော။

http://www.dhammadownload.com



မေယော၊မိုးသည်။ဇနံ၊လူအပေါင်းကို။သုခယေ၊ချမ်းသာစေနိုင်၏။ (ဤကား အလိုရှိအပ်သော အနက်တည်း) ဝိသဒေါ၊အဆိပ်ကို ပေးတတ်သော။မေယော၊မိုးသည်။ဇနံ၊ကို။သုခယေ၊ချမ်းသာစေနိုင်၏။ (ဤကား အလိုမရှိအပ်သော အနက်တည်း။)

* **ဝိရုဒ္ဓတ္ထန္တရဒေါသ အဓိပ္ပါယ် ။ ။** အလိုရှိအပ်သောအနက်၌ ဆန့်ကျင်ဘက် အနက်တစ်ပါးရှိသော ပုဒ်ကြောင့်သင့်သော ဒေါသသည် "ဝိရုဒ္ဓတ္ထန္တဒေါသ" မည်၏။

**ရှင်းလင်းချက် ။ ။** မေယော ဝိသဒေါ သုခယေ ဇနံ-ပြယုဂ်၌ "ဝိသ"ဟူသော ပုဒ်သည် သတ္တဝါတို့၏ ချမ်းသာစေမှု၌ အလိုရှိအပ်သော "ရေ"ဟူသော အနက်မှတစ်ပါး အလိုမရှိအပ်သော "အဆိပ်"ဟူသော ဆန့်ကျင်ဘက် အနက်တစ်ပါးရှိသောကြောင့် ဝိရုဒ္ဓတ္ထန္တရဒေါသ သင့်သောပုဒ် မည်ပါသည်။

**ဝိရုဒ္ဓတ္ထန္တရဒေါသ သင့်သောပုံစံနှင့် ကဗျာ လင်္ကာများ** (အဖြေ-ဂါထာ ၇၀/၇၁)

* **ဝိသဒေါ သုခယေ ဇနံ-** ၌ "ဝိသ"ဟူသောပုဒ်သည် ချမ်းသာစေမှု၌ အလိုရှိအပ်သော "ရေ"ဟူသောအနက်မှတစ်ပါး အလိုမရှိအပ်သော "အဆိပ်"ဟူသော ဆန့်ကျင်ဘက် အနက်တစ်ပါးရှိသောကြောင့် ဝိရုဒ္ဓတ္ထန္တရ ဒေါသသင့်ပါသည်။

* **စိန်ကို ပေးတတ်၊သူဌေးမြတ်ကား၊တော်စပ်မျိုးဆွေ၊ကြွယ်ဝစေ၏--**၌ 'စိန်'ဟူသော ပုဒ်သည် ဂုဏ်အသရေရှိသောသူတို့ ဝတ်ဆင်အပ်သော ရတနာစိန်ဟူသော အနက်, အသက်ကို ဆုံးရှုံးစေတတ်သော အဆိပ်စိန်-ဟူသောအနက် နှစ်မျိုးရနိုင်သဖြင့် အလိုရှိ အပ်သော "ရတနာစိန်"ဟူသောအနက်နှင့် ဆန့်ကျင်သော "အဆိပ်စိန်"ဟူသော အနက် တစ်ပါးရှိသောကြောင့် "ဝိရုဒ္ဓတ္ထန္တရဒေါသ" သင့်ပါသည်။

* **ဘုန်းကြီးနှင့် မြာအလှူ၊ ရေတွင်းကျမှ ရေစက်ဆုံ၊ သက်တုံ တက်တုံ ငင်တုံသေး၊ ကြိုးချင်း လိမ်ရှုပ်ထွေး--** ဟူသော ကဗျာ၌ "ရေစက်ဆုံ"ဟူသောပုဒ်သည် ဖူးစာရေစက်ဆုံဟူသောအနက် "ရေစက် ရေပေါက်ဆုံ"ဟူသောအနက် နှစ်မျိုးရနိုင်သဖြင့် အလိုရှိအပ်သော "ဖူးစာရေစက်ဆုံ"ဟူသောအနက်နှင့် ဆန့်ကျင်သော "ရေစက်ရေပေါက်ဆုံ"ဟူသော အနက် တစ်ပါးရှိသောကြောင့် ဝိရုဒ္ဓတ္ထန္တရဒေါသ သင့်ပါသည်။

* အနည်းငယ်မျှ စိန်ကိုရ၍ ကြွယ်ဝ ချမ်းသာ လူရပ်ရွာ မျက်နှာ ပွင့်လန်းသည်။

* ရွှေပန်း ကိုသာ ပေးလိုက်ပါဟု ခါခါစောဘီ။

* ရွှေပန်းဖြင့် ပူဇော်သည်။

* နာဖျား မရှိ၊ မထိဆင်းရဲ၊ အိမ်သာ ထဲဝယ်၊ မကွဲတူကွ၊ ပျော်မွေ့ကြသည်။

* သုံးလူ့ဆွေကို၊ ရိုသေလှစွာ၊ လူပမာသို့၊ ကမ္ဘာလိုလိုက်၊ စရိုက်အားကိုး၊ ညွှန့်ညွှန့်ဖြိုးသည်၊ သီးမျိုးခိုင်ညှာ လပြွတ်တည်း။

* ယုန်နန်း ငွေအိမ်၊ မျှော်ကြိမ်ကြိမ်လျှင်၊ တိမ်နှင့် ကြုံကြိုက်၊ မမြင်တုံ၍ လွှဲသုံ

http://www.dhammadownload.com



မျက်နှာ၊ ကြယ်တာရာကို၊ ရှုကာ ငဲ့စား။ (တိမ်- မိုးတိမ်၊ မျက်စိတိမ်)

* ပန်းမိုက်သွန်ရန် သူ့တာဝန်တည်း။ (ပန်းမိုက်-မစင်)

* သွေးရောင်ခြည်စက်၊ သန်လျက်ဖြူဝင်း၊ လျှမ်းယှက်သည်။

* ကညာပျို ဘာကိုမှ မလွမ်းလိုပါနဲ့၊ ဆရာညို ဟာကို ထမ်းပါလို့ မြို့ပခန်းကိုတဲ့ ပြန်တော့မယ်။

* စိတ်ပုတီးရယ်နဲ့ ရိပ်မိုးတဲ့ ထွဋ်ခေါင်၊ ဦးရွှေညို သီလချော ရယ်နဲ့၊ တောခို တဲ့ချောင်။

* သီလဆို ဖြူဖြူဆွတ်ကို အားရအောင်ချွတ်။

* အစိုးရခွေး လက်ပေးတတ်စွာ။

* လုံပေး လုံပေး၊ နံဘေး ထိုးမှာ၊ ကျောက်တွေများက တိုးပွားသေချာ။

* တပသီ ဘဝံ ဂေါတမော (တပသီ-အကျင့်နှင့် ပြည့်စုံသော ရသေ့ ရဟန်း၊ တပသီ- အထီးကျန်သူ။)

* ဤသူကား လူ့စကား နားမလည်။

* မင်းကား လူပြော မပြော။

* ငါကား လူမှတ်လို့ ပြောမိသည်။

* ငါကား ဘုရားမှတ်လို့ ကိုးကွယ်မိသည်။

* ငါကား သီလဝန္တ သူတော်ကောင်း အောက်မေ့မိသည်-- ဤစကားရပ်တို့၌ အလို ရှိအပ်သောအနက် အလိုမရှိအပ်သော အနက်တစ်ပါးပါရှိပြီး ဆန့်ကျင်သောကြောင့် ဝိ ရုဒ္ဓတ္ထန္တရဒေါသ သင့်ပါသည်။

(အဓိပ္ပာယ်ဒေါသ သင့်ပုံပြ ဂါထာ)

၂၂။ ဝိသေသျ မဓိက် ယေနှာ။ ဓျတ္ထမေတံ ဘဝေ ယထာ။
ဩဘာသိတာ သေသဒိသော၊ ခဇ္ဇောတောယံ ဝိရာဇတေ။

၂၂။ ယေန ပဒေနအကြင်ဝိသေသနပုဒ်ကြောင့်။ဝိသေသျံ။ဝိသေသျံပုဒ်သည်။အဓိက်၊လွန်၏။(ဝါ)လွန်သောအနက်ရှိ၏။ဇောံပဒံ၊ထိုဝိသေသနပုဒ်သည်။အဓျတ္ထံ၊အဓျတ္ထဒေါ သသင့်သောပုဒ်မည်သည်။ဘဝေ၊ဖြစ်၏။ဩဘာသိတာ သေသဒိသော ခဇ္ဇောတောယံ ဝိရာဇတေ ယထာ၊ဩဘာသိတာ (ပ) ဝိရာဇတေဟူသော ဥဒါဟရဏ်ကဲ့သို့။တထာ၊ထို့အတူ။ အည်ပီ၊တစ်ပါးသော ဥဒါဟရဏ်ကိုလည်း။ဒဋ္ဌဗ္ဗံ၊မှတ်အပ်၏။ ဩဘာသိတာသေသ ဒိသော၊ ထွန်းလင်း တောက်ပသော အလုံးစုံသော အရပ်မျက်နှာရှိသော။(ဝါ)အလုံးစုံသော အရပ် မျက်နှာကို ထွန်းလင်းတောက်ပသော။အယံခဇ္ဇောတော၊ဤပိုးစုန်းကြူးသည်။ဝိရာဇတေ၊ တင့်တယ်၏။

http://www.dhammadownload.com



* **အဓျတ္တဒေါသ အဓိပ္ပါယ် ။ ။** ဝိသေသျပုဒ်ထက် လွန်သော အနက်ရှိသော ဝိသေသနပုဒ်သည် အဓျတ္တဒေါသ သင့်သောပုဒ်မည်၏။

ပုံစံ ။ ဩဘာသိတော သေသဒိသော ခဒ္ဓောတောယံ ဝိရာဇတေ-၌ ဩဘာသိတာ သေသ ဒိသော-ဟူသော ဝိသေသနပုဒ်သည် "ပိုးစုန်းကြူးတည်းဟူသော အနက်ကိုဟော သော "ခဒ္ဓောတော"ဟူသော ဝိသေသျပုဒ်ထက် လွန်သော အနက်ရှိသောကြောင့် အဓျတ္တ ဒေါသ သင့်သောပုဒ်မည်၏။ (ဝါ) အဓျတ္တဒေါသသင့်ပါသည်။

**အဓျတ္တ ဒေါသသင့်သော တဗျာ လင်္ကာများ (အဖြေ-ဂါထာ ၇၂)**

* **နှမ်းဘတ်ချဉ် ရွှေဗီရူ၊ နန်းသူ့လက်သုံး** --၌ "ရွှေဗီရူ" ဟူသော ဝိသေသန သည် "နှမ်းဘတ်ချဉ်"ဟူသော ဝိသေသျနှင့် မထိုက်တန်သောကြောင့် အဓျတ္တဒေါသသင့်။
* **ဆင်ဖြူသခင်၊ စကြာရှင်ဟု၊** တိုင်းခွင်ကျော်ဟီး၊ စစ်သူကြီးက၊ သီးသီးရန်အင်၊ ဖျက်ချိုးနှင့်ခဲ့--၌ "ဆင်ဖြူသခင်၊ စကြာရှင်"ဟူသော ဝိသေသနသည် "စစ်သူကြီးက" ဟူ သော ဝိသေသျနှင့် မထိုက်တန်သောကြောင့် အဓျတ္တဒေါသသင့်ပါသည်။
* **အရပ်ဆယ်မျက်နှာလုံးကို ထွန်းလင်းစေနိုင်သော ပိုးစုန်းကြူးငယ်**-၌ အရပ်ဆယ် မျက်နှာလုံးကို ထွန်းလင်းစေနိုင်-ဟူသော ဝိသေသနပုဒ် ပိုးစုန်းကြူးငယ်-ဟူသော ဝိသေ သျ ပုဒ်နှင့် မတန် ပိုလွန်သော အနက်ရှိသောကြောင့် အဓျတ္တ ဒေါသ သင့်ပါသည်။
* **ခါချဉ်ကောင် မာန်သီးလို့ တောင်ကြီးဖြိုမည့်ကြဲ အားကမသန်**--၌ "တောင်ကြီး ဖြိုမည့်ကြဲ"ဟူသော ဂုဏ်ဝိသေသနသည် "ခါချဉ်ကောင်"ဟူသော ဝိသေသျထက် လွန်ကဲ သောကြောင့် အဓျတ္တဒေါသသင့်ပါသည်။(ယင်းဒေါသ အဖြေပြဂါထာ- ၇၂)
* **ဆရာတော်ခေါ်၊ မောင်ရင်ကျော်သည်၊ သက်တော်ဆယ်နှစ်မျှသာတည်း**--ဟူ သော စကားရပ်၌ - "ဆရာတော်"ဟူသော ဝိသေသနသည် "မောင်ရင်"ဟူသော ဝိသေ သျထက် လွန်သောအနက်ရှိသောကြောင့် အဓျတ္တဒေါသသင့်ပါသည်။
* လူအပေါင်းကို နှစ်သက်စေနိုင်သော လူယုတ်မာ၊
* ရေမြေသနင်း ဒွန်းစက္ကားမင်း။
* သီလပြည့်ဝ မဂ္ဂဇ္ဈ (မျောက်)
* သားများခေါင်ထင် ခြင်္သေ့ရှင်ထက် အစွမ်းထက်သည့် သာဉက်ဖိုမ။
* သာလိကာက တော်တော်၊ မယ်ဘော်က ခရာလွန်း
* ဘုန်းတော် အလွန်ကြီးမြတ်တော်မူသော ရေမြေ့အရှင် ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် လက်နက် စကြာသခင် ဖြစ်တော်မူသော ဗန္ဓုလ စစ်သူကြီး။
* လောင်းမင်းတရားတူ ဆင်ဖြူများရှင်သွေး မောင်တူ လူယဉ်ကျေး။
* တိုင်းပြည်အတွက် တမြွက်အော်သေး မင်းစေခွေသွေး။

http://www.dhammadownload.com



* ရွှေဝတ် ရွှေဆင်း၊ ပြောင်ပြောင်ဝင်းသား၊ နောင်မင်းသက်မျှ နတ်ထက်လှ၏။
* ဆံထုံးတော်ကြီး တမာသီးနှဲ့။
* မြင့်မိုရ်ထက်ကြီးသော ဆီးစေ့။

## (ကိလိဋ္ဌဒေါသ သင့်ပုံပြ ဝါထာ)

၂၃။ ယဿတ္ထာဝဂမော ဒုက္ခော၊ ပဂတျာဒီ ဝိဘာဂတော။
ကိလိဋ္ဌံ တံ ယထာ တာယ၊ သောယ မာလိဂ်္ဂတေ ဝိယာ။

၂၃။ ပဂတျာဒီ ဝိဘာဂတော၊ပဂတိဟုဆိုအပ်သော ဓာတ်စသည်ကို ဝေဖန်သော အားဖြင့်။ယဿ ပဒဿ၊အကြင်ပုဒ်၏။အတ္ထာဝဂမော၊အနက်ကို သိရခြင်းသည်။ဒုက္ခော၊ အသိခက်ခဲ လွန်ဆင်းရဲ၏။တံပဒံ၊ထိုပုဒ်သည်။ကိလိဋ္ဌံ၊ကိလိဋ္ဌဒေါသသင့်သောပုဒ်မည်၏။ (ဝါ) ကိလိဋ္ဌဒေါသမည်၏။ တာယ သောယ မာလိဂ်္ဂတေ ဝိယာ ယထာ၊တာယ(ပ)ဝိယာ ဟူသော ဥဒါဟရဏ်ကဲ့သို့။တထာ၊တူ။အညပိ၊တစ်ပါးသော ဥဒါဟရဏ်ကိုလည်း။ဒဋ္ဌဗ္ဗံ၏ တာယဝိယာ၊ထိုအိမ်ရှင်မသည်။သောယံ၊ထိုအိမ်ရှင်ယောကျ်ားကို။အာလိဂ်္ဂတေ၊ပွေ့ပိုက်ဖက်ရမ်း၏။

* **ကိလိဋ္ဌဒေါသ အဓိပ္ပါယ်** ။ ။ လိင်,ဓာတ်,ပစ္စည်း,ဝိဘတ်,စသည်ကို ဝေဖန်သောအား ဖြင့် အနက်ကို သိခြင်းငှာ ခဲယဉ်းသောပုဒ်သည် "ကိလိဋ္ဌဒေါသသင့်သောပုဒ်" မည်၏။

ပုံစံ - တာယ သောယ မာလိဂ်္ဂတေ ဝိယာ -၌ "ဝိယာ"ဟူသောပုဒ်သည် ဝိဏောတိ တိ ဝိ-ဟူသော ဝစနတ္ထနှင့်အညီ ပိဓာတ် အပစ္စည်း ဤပစ္စည်း တတိယာဝိဘတ် စသည် တို့ကို ဝေဖန်သောအားဖြင့် "မယား"ဟူသောအနက်ကို ဟောခြင်း၌ အသိခက်သောကြောင့် "ကိလိဋ္ဌဒေါသ သင့်သောပုဒ်" မည်၏။

* **ပကတျာဒီ-၌ ပတတိ-အရ** ။ ။ ပုရိသ,စသောလိင်နှင့် ဂမု,စသောဓာတ်တို့ကို ယူရပါမည်။

* **အာဒိ-အရ / အာဒိသဒ္ဒါ၏ အာဒိဝန်-အရ** ။ ။ ပစ္စယ အာဒေသ,စသည်ဖြစ်ပါသည်။

**ကိလိဋ္ဌဒေါသ သင့်သော ပုံစံ တဗျာ လက်ာများ (အဖြေ- ဝါထာ ၃၃)**

* **တာယ သောယ မာလိဂ်္ဂတေ ဝိယာ - ၌** ပိဓာတ် အပစ္စည်း နဒါဒိ ဤပစ္စည်းဖြင့် "ပိ"ဟု ရုပ်ပြီးသည်၏အဖြစ်ကို သိခြင်းငှာ ခဲရင်းသောကြောင့်ငင်း ဝိယာပုဒ်သည် တတိယာ အနက်၌ နာဝိဘတ်သက်,ရသပြု,ယာပြု၍ "ဝိယာ"ဟု ရုပ်ပြီးဖို့ရန် ခဲရင်းသောကြောင့်ငင်း ကိလိဋ္ဌဒေါသ သင့်ပါသည်။

* **ဒုတ်လုတ်ခွေလိပ်,စာရေသိပ်လျက်,စက်အိပ်မပျော်၊ တမ်းကာမျှော်လိမ့်,ခါဂေါ**

http://www.dhammadownload.com



ခုလိ တိုင်ခဲ့ဖြို -- ၌ "ဂေါ်ခုလိ" ဟူသောပုဒ်သည် "ဆည်းစ္စာ" အနက်ကိုဟောသော ပေါရာဏ စကားဖြစ်၍ ယခုကာလ အသုံးအစွဲ အလွန်နည်းပါးသဖြင့် အနက်အမှန်ကို အသိခက် သောကြောင့် "ကိလိဋ္ဌဒေါသ" သင့်ပါသည်။

* **အိပ်စက်မပျော် တမ်းကာမျှော်လိမ့် ခါဂေါ်ခုလိ တိုင်ခဲ့ဖြို--** ၌ ခါဂေါ် ခုလိပုဒ်သည် အသိခက်သောကြောင့် ကိလိဋ္ဌဒေါသ သင့်ပါသည်။

* ပဒပဒါ။ ညိညွတ်စွာဖြင့်။သာယာဉီးလေး၊ မညီသေးခဲ့။

* ဟိ ရမတိ ပင်၊ ဟင် ရမတိ ပေါက်။ထိ ရမတိ ပ္၊ ခု ရမတိ ခမ်။

ဟိ-ကွဲ၊ ပင်-ညွန်။ ဟင်-ဟသ်၊ ပေါက်-ရေကန်၊ ထိ-မိန်းမ၊ ပု-ယောကျ်ား၊ ခု-ရဟန်း ခမ်-တရား- ဤပုဒ်များသည် အသိခက်သောကြောင့် ကိလိဋ္ဌဒေါသ သင့်သည်။

* **ထားဝယ်ညှင်းကို နတ်မင်းတို့ဝယ် ရှင်းရှင်းပယ်၏။**--၌ ထားဝယ်ညှင်း ဟူသော ပုဒ်သည် အုတ်ကြွတ်အနက်ကိုဟော၍ အသိခက်သောကြောင့် ကိလိဋ္ဌဒေါသ သင့်သည်။

* **ဆင်ကောင်ကိုပင် ကွယ်ဝှက်ချင်၍ မမြင်စေလှည့် မန်းဖုံးသို့။**--၌ မန်းဟူသော ပုဒ်သည် "စကော" ဖြစ်၍ အသိခက်သောကြောင့် ကိလိဋ္ဌဒေါသ သင့်သည်။

* **မျိုးသည်ရန်သည် သည်ဟောင်းလည်ကို၊ သာကြည်ယှက်တွဲ ဖက်ကာနွဲသည် ချစ် ပွဲ ခင်းကျင်း စစ်တလင်း**--၌ "မျိုးသည်ရန်"ဟူသောပုဒ်သည် မယားအနက်ကို ဟော၏၊ သည်ဟောင်း-ဟူသောပုဒ်သည် "လင်"ဟူသောအနက်ကို ဟော၍ အသိခက် သောကြောင့် ကိလိဋ္ဌဒေါသ သင့်ပါသည်။

---

**(ကိလိဋ္ဌပဒဒေါသ သင့်သော ယမကနှင့် ပဟေဠိပြ ဂါထာ )**
**(ပညာရှိများ အလိုမရှိအပ်သော ယမက လက္ခဏာပြ ဂါထာ)**

၂၄။ **ယံ ကိလိဋ္ဌပဒံ မန္ဒာ၊ ဆိဓေယျံ ယမကာဒိကံ၊**
**ကိလိဋ္ဌ ပဒဒေါသော၊ တမ္ဟိ အန္ဓော ကရီယတိ။**

၂၄။ မန္ဒာဘိဓေယျံ၊နည်းသောအနက် မကောင်းသောအနက်ရှိသော။ကိလိဋ္ဌပဒံ၊ မသန့်ရှင်းသော ပုဒ်ရှိသော။ယံ ယမကာဒိကံ၊အကြင် ယမက အစရှိသော ပုဒ်သည်။ အတ္ထိ၊ရှိ၏။တမ္ဟိ ယမကာဒိကံ၊ထိုယမက အစရှိသော ပုဒ်ကိုလည်း။ကိလိဋ္ဌပဒဒေါသော၀၊ ကိလိဋ္ဌပဒဒေါသ၌သာလဆင်။အန္ဓော ကရီယတိ၊အတွင်းပြုအပ်၏။

* **ကိလိဋ္ဌပဒဒေါသသင့်သော ယမကနှင့် ပဟေဠိတို့၏ လက္ခဏာ**

၁။ ကိလိဋ္ဌပဒ-မသန့်ရှင်းသော ပုဒ်ရှိခြင်း၊

၂။ မန္ဒာဘိဓေယျ-သဒ္ဒါများလျက် နည်းသောအနက်ရှိခြင်း တို့ဖြစ်ပါသည်။

* **ယမကာဒိ-၌ အာဒိ -အရ ။ ။** ကြံဆ၍ မရနိုင်လောက်အောင် ခက်ခဲသော

http://www.dhammadownload.com



ပဟေဠိကို ယူရပါမည်။

* **ယမက အဓိပ္ပါယ် ။ ။** အနက်ကွဲ သဒ္ဒါ သို့မဟုတ် သုတိတူဖြစ်သော ပုဒ်စုံသည် ယမက မည်ပါသည်။

**(ပညာရှိများ အလိုရှိအပ်သော ယမကလင်္ကာပြ ဂါထာ)**
**( ပသာဒဂုဏ်နှင့် ပြည့်စုံသော ယမကလင်္ကာပြ ဂါထာ)**

၂၅။ **ပတိတသဒ္ဒရစိတံ၊ သိလိဋ္ဌပဒသန္ဓိကံ။**
**ပသာဒဂုဏသံယုတ္တံ၊ ယမကံ မတ မေဒိသံ။**

၂၅။ ပတိတ သဒ္ဒရစိတံ၊ထင်ရှားသော သဒ္ဒါတို့ဖြင့် စီကုံးဖွဲ့အပ်သော။သိလိဋ္ဌပဒသန္ဓိကံ၊အချင်းချင်း နီးကပ်သော ပုဒ်အစပ်ရှိသော။(ဝါ) အချင်းချင်း ဖက်သဖြင့် ပြေပြစ် ချောမောသော ပုဒ်အစပ်ရှိသော။ပသာဒဂုဏသံယုတ္တံ၊ပသာဒဂုဏ်နှင့် ယှဉ်သော။ဒေသံ၊ဤသို့ ဆိုအပ်ပြီးသော သဘောရှိသော။ယမကံ။ယမကကို။မတံ၊အလိုရှိအပ်၏။

* **ပသာဒဂုဏ်နှင့် ပြည့်စုံသော ယမက မည်ပုံ (ဝါ) လင်္ကာ ။ ။** ထင်ရှားသော သဒ္ဒါတို့ဖြင့် စီရင်ခြင်း, အချင်းချင်း နီးကပ်ခါမျှစပ်သောပုဒ်ရှိခြင်းအားဖြင့် လင်္ကာနှစ်ပါးရှိသော ယမကသည် "ပသာဒဂုဏ်နှင့် ပြည့်စုံသော ယမက" မည်ပါသည်။

* **ဤစ္ဆိတ ယမက၏ လင်္ကာ ။ ။** ၁။ပတိတသဒ္ဒရစိတံ၊ထင်ရှားသော သဒ္ဒါတို့ဖြင့် စီရင်ခြင်း၊ ၂။ သိလိဋ္ဌပဒသန္ဓိကံ၊အချင်းချင်း နီးကပ်သော ပုဒ်အစပ်ရှိခြင်းတို့ ဖြစ်ပါသည်။

* **ထိုယမကကို ကိလိဋ္ဌပဒဒေါသဒ္ဒိ သွင်းသင့် / မသွင်းသင့်**

မသွင်းသင့်ပါ။ သဒ္ဒါလင်္ကာရ၌ သွင်းရပါမည်။

**(ယမက၏ အဓိပ္ပါယ်နှင့် ယမက-သရုပ်ပြ ဂါထာ)**

၂၆။ **အဗျပေတံ ဗျပေတညေ၊ မာဝုတ္ထာ နေကဝဏ္ဏဇံ။**
**ယမကံ တဋ္ဌ ပါဒါနံ၊ မာဒိ မဗ္ဗန္တ ဂေါစရံ။**

၂၆။ အာဝုတ္ထာနေကဝဏ္ဏဇံ၊ထပ်၍ ရွတ်ဆိုအပ်သော များသော ဝဏ္ဏကြောင့် ဖြစ်သော။ယမကံ၊ယမကသည်။အဗျပေတံ၊အကွာရာတစ်ပါးခြားခြင်း မရှိသော "အဗျာပေတ ယမက" ၎င်း။ဗျပေတံ၊အကွာရာတစ်ပါး ခြားခြင်းရှိသော "ဗျပေတယမက" ၎င်း။အညေ၊ အကွာရာတစ်ပါး ခြားခြင်းရှိ, ခြားခြင်းမရှိသော တစ်ပါးသော ယမကဌင်း။ကွတိ၊ဤသို့။ ဝိဝံသုံးပါးအပြားရှိ၏။တဋ္ဌ ယမက်၊ထိုသုံးပါးအပြားရှိသော ယမကသည်လည်း။ပါဒါနံ၊ပါဒတို့ ဒေါ။အာဒိမဗ္ဗန္တဂေါစရံအစ, အလယ်, အဆုံးလျှင် ကျက်စားရာရှိ၏။

* **ဤဝါထာဖြင့် ပြဆိုအပ်သော အဓိပ္ပါယ် ။ ။** ဤဂါထာ၌ "အာဝုတ္ထာ"ဟူသော

http://www.dhammadownload.com



ပါဠိဖြင့် အကွရာတူထပ်၍ ရွတ်ရမည်ဟူသော လက္ခဏာကို ပြပါသည်။ "အနေကဝဏ္ဏ" ဟူသောပါဠိဖြင့် အနည်းဆုံး အကွရာနှစ်လုံးရှိရမည်ဟူသော လက္ခဏာကို ပြပါသည်။ "အာဝုတ္တ အနေကဝဏ္ဏ"ဟူသောနှစ်ပါဠိဖြင့် သရဗျည်း နှစ်ပါးစုံတူရမည်ဟူသော လက္ခဏာကို ပြပါသည်။

* **အာဝုတ္တ အနေကဝဏ္ဏ-ပါဠိဖြင့်** - ဗျည်းသာတူ၍ သရမတူသော အနုပ္ပါသကို နှစ်စေပါသည်။

* **ယမက မည်ပုံ ။ ။** အထပ်ထပ် ရွတ်ဆိုအပ်သော များစွာသော အကွရာရှိသော နှစ်ပုဒ်အပေါင်းသည် "ယမက" မည်ပါသည်။ (အာဝုတ္တာ နေကဝဏ္ဏဇံ-ကိုထောက်ပါ)

* **ယမက-သရုပ်နှင့် အဓိပ္ပါယ် ။ ။** ၁။ အကွရာတစ်ပါး မခြားသော ယမကသည် "အဗျာပေတယမက" မည်၏။ ၂။အကွရာတစ်ပါး ခြားသော ယမကသည် "ဗျပေတယမက" မည်၏။ ၃။အကွရာတစ်ပါး ခြား/မခြားသော ယမကသည် "ဗျပေတာဗျပေတယမက" မည်၏။

* **ယမက-၏ လက္ခဏာ ၄-ပါး ။ ။** ၁။ အာဝုတ္တ- အကွရာတူ ထပ်၍ ဆိုခြင်း၊ ၂။ အနေကဝဏ္ဏ-အနည်းဆုံး အကွရာနှစ်လုံးရှိရခြင်း၊ ၃။ အာဝုတ္တာနေကဝဏ္ဏ-သရ, ဗျည်းနှစ်ပါးစုံ တူရခြင်း။ ၄။ ဘိန္နတ္ထ-အနက်ပြားရခြင်း တို့ဖြစ်ပါသည်။

**အာမေဍိတ် ဝိစ္ဆာ အာဘိက္ခညတို့၌ ယမက မဖြစ်နိုင်ခြင်းအကြောင်း ။ ။** သပ္ပေါ သပ္ပေါ,စသော အာမေဍိတ် ဂါမေ ဂါမေ,စသော ဝိစ္ဆာ ဘုတ္တာ ဘုတ္တာ ဂစ္ဆတိ,စသော အာဘိက္ခည သဒ္ဒါတို့၌ အနက်မကွဲပြားသောကြောင့် ယမက မဖြစ်နိုင်ပါ။

* **တစ်ပါဒ၌ အဗျပေတ ယမက ။ ။** ၁။ အာဒိ အဗျပေတယမက၊ ၂။ မဇ္ဈ အဗျပေတ ယမက၊ ၃။ အန္တ အဗျပေတ ယမက၊ ၄။ အာဒိမဇ္ဈ အဗျပေတ ယမက၊ ၅။အာဒိအန္တ အဗျပေတ ယမက၊ ၆။ မဇ္ဈအန္တ အဗျပေတ ယမက၊ ၇။အာဒိမဇ္ဈအန္တ အဗျပေတ ယမက အားဖြင့် (၇) ပါးရှိပါသည်။

* **တစ်ဂါထာ၌ ရနိုင်သော အဗျာပေတ ယမက ။ ။** ပထမပါဒနည်းတူ ဒုတိယပါဒ၌လည်း (၇)ပါး၊ တတိယပါဒ၌လည်း (၇)ပါး၊ စတုတ္ထပါဒ၌လည်း (၇)ပါးအားဖြင့် (၂၈) ပါး ဖြစ်ပါသည်။

**တစ်ဂါထာ၌ ရနိုင်သော အဗျပေတ, ဗျပေတ, ဗျပေတာဗျပေတ ယမက**

အဗျပေတ ယမက၌ ၂၈-ပါး၊ ဗျပေတယမက၌လည်း ၂၈-ပါး၊ ဗျပေတာဗျပေတ ယမက၌လည်း ၂၈-ပါး၊ ပေါင်း ၈၄-ပါး ရနိုင်ပါသည်။

http://www.dhammadownload.com



(အဗျဝေတ ပထမပါဒါဒိ ယမက (ပြဿုဝ်-ပုံစံ) ပြ ဂါထာ )

၂၇။ သုဇနာ သုဇနာ သဗ္ဗေ၊ ဝုဏ္ဏေနာဝိ ဝိဝေကိနော။
ဝိဝေကံ နု သမာယန္တိ၊ အဝိဝေကိဇနန္တိကေ။

၂၇။ သုဇနာစ၊သူတော်ကောင်းတို့သည်ဝင်း။အသုဇနာစ၊သူယုတ်မာတို့သည်ဝင်း။ သဗ္ဗေ၊အလုံးစုံသောသူတို့သည်။ဝုဏ္ဏေန၊ကောင်းသောဂုဏ်, မကောင်းသောဂုဏ်အားဖြင့် ဝိဝေကိနောပိ၊ကွဲပြားကြပါကုန်သော်လည်း။အဝိဝေကိ ဇနန္တိကေ၊မခွဲခြမ်း မဝေဖန်တတ်သော သူမိုက်တို့၏ အထံ၌။ဝိဝေကံ၊ကွဲပြားခြင်းသို့။နု သမာယန္တိ၊မရောက်ကုန်။

* အဗျဝေတ ပထမပါဒါဒိ ယမက မည်ပုံ ။ ။ သုဇနာ သုဇနာ သဗ္ဗေ-စသော ပြဿုဝ်၌ သုဇနာ သုဇနာ-ဟူသော ယမကသည် အက္ခရာတစ်ပါး၊မခြားမူ၍ ပထမပါဒ၏ အစ၌ အစုံအစုံ ပြုအပ်သောကြောင့် "အဗျဝေတ ပထမပါဒါဒိ ယမက" မည်ပါသည်။

(အဗျဝေတ ပထမ ဒုတိယ ပါဒါဒိယမက (ပြဿုဝ်-ပုံစံ) ပြ ဂါထာ)

၂၈။ ကုသလာ ကုသလာ သဗ္ဗေ၊ ပဗလာ ပဗလာ ထဝါ။
နော ယာတာ ယာဝ ဟောသိတ္ထံ၊ သုခဒုက္ခပ္ပဒါ သိယုံ။

၂၈။ ပဗလာဝါ။ကြီးသော အားရှိသည်လည်းဖြစ်ကုန်သော။အထဝါ၊ထိုမှတစ်ပါး။ အပဗလာဝါ။နည်းသော အားရှိသည်လည်း ဖြစ်ကုန်သော။သဗ္ဗေ၊အလုံးစုံကုန်သော။ ကုသလာကုသလာ၊ကုသိုလ်,အကုသိုလ်တို့သည်။ယာဝ၊အကြင်မျှလောက်သော ကာလပတ်လုံး။အဟောသိတ္ထံ၊အဟောသိကံ၏အဖြစ်သို့။နော ယာတာ၊မရောက်ကုန်သေး။တာဝ၊ထိုမျှလောက်သော ကာလပတ်လုံး။သုခ ဒုက္ခပ္ပဒါ၊ချမ်းသာ ဆင်းရဲကို ပေးတတ်ကုန်သည်။ သိယုံ၊ဖြစ်ကုန်၏။

* အဗျဝေတ ပထမ ဒုတိယပါဒါဒိယမက မည်ပုံ ။ ။ ကုသလာ ကုသလာ သဗ္ဗေ၊ ပဗလာ ပဗလာ ထဝါ-စသော ပြဿုဝ်၌ ကုသလာ ကုသလာ၊ ပဗလာ ပဗလာ-ဟူသော ယမကသည် အက္ခရာတစ်ပါး မခြားမူ၍ ပထမ ဒုတိယပါဒ၏ အစ၌ အစုံ အစုံ ပြုအပ်သောကြောင့် "အဗျဝေတ ပထမ ဒုတိယ ပါဒါဒိယမက" မည်ပါသည်။

(အဗျဝေတ ပထမ, ဒုတိယ, တတိယပါဒါဒိ ယမက (ပြဿုဝ်) ပြ ဂါထာ)

၂၉။ သာဒရံ သာဒရံ ဟန္တ္၊ ဝိဟိတာ ဝိဟိတာ မယာ။
ဝန္ဒနာ ဝန္ဒနာမာန၊ ဘာဇနေ ရတနတ္တယေ။

၂၉။ ဝန္ဒနာမာန ဘာဇနေ၊ရှိခိုးခြင်း မြတ်နိုးခြင်း၏တည်ရာဖြစ်သော။ရတနတ္တယေ၊ ရတနာသုံးပါး၊အပေါင်း၌။သာဒရံရှိသေခြင်းနှင့် တကွ ဖြစ်သည်ကို။ကတ္တာ၊ပြု၍။မယာ၊ငါ

http://www.dhammadownload.com



သည်။ဝိဟိတာ၊ပြုအပ်သော။ဝိဟိတာ၊အထူးသဖြင့် ကြံစည်ပွားများအပ်သော။သာဝန္တနာ၊ ထိုရှိခိုးခြင်းသည်။မယ့်၊ငါ၏။ဒုရံ့၊ကိုယ်,စိတ်တို့၏ ပူပန်ခြင်းကို။ဟန္တွ၊ပယ်ဖျောက်နိုင်ပါစေ သတည်း။

* **အဗျပေတ ပထမ ဒုတိယ တတိယပါဒါဒိယမက မည်ပုံ။** ။သာဒရံ သာဒရံ ဟန္တွ၊ ဝိဟိတာ ဝိဟိတာ မယာ၊ ဝန္ဒနာ ဝန္ဒနာမာန-စသောပြယုဂ်၌ သာဒရံ သာဒရံ၊ ဝိဟိတာ ဝိဟိတာ၊ ဝန္ဒနာ ဝန္ဒနာ-ဟူသော ယမကသည် အက္ခရာတစ်ပါး မခြားမူ၍ ပထမ ဒုတိယ တတိယပါဒ၏ အစ၌ အစုံ အစုံပြုအပ်သောကြောင့် "အဗျပေတ ပထမ ဒုတိယ တတိယပါဒါဒိယမက" မည်ပါသည်။

(ပထမ ဒုတိယ တတိယ စတုတ္ထပါဒါဒိယမက (ပုံစံ) ပြ ဂါထာ)

၃၀။ **ကမလံ ကမလံ ကတ္တုံ၊ ဝနဒေါ ဝနဒေါ မွဓံ။**
**သုဂတော သုဂတော လောကံ၊ သဟိတံ သဟိတံ ကရံ။**

၃၀။ ကမလံ၊ကြာသည်။ကံ၊ရေကို။အလံကတ္တုံ၊တန်ဆာဆင်ခြင်းငှာ။ဟောတိ၊ဖြစ်၏။ ဇဝနဒေါ၊စောင့်ရှောက်ခြင်းကို ပေးတတ်သော။ဝနဒေါ၊မိုးသည်။အမွဓံ၊ကောင်းကင်ကို။ အလံ ကတ္တုံ၊တန်ဆာဆင်ခြင်းငှာ။ဟောတိ၊၏။သဟိတံ၊ပြည့်စုံသော။ဟိတံ၊အစီးအပွားကို။ ကရံ၊ပြုတော်မူတတ်သော။သုဂတော၊ကောင်းသောစကားကို ဆိုတော်မူတတ်သော။ သသော သုဂတော၊ထိုမြတ်စွာဘုရားသည်။လောကံ၊လောကကို။အလံ ကတ္တုံ၊တန်ဆာ ဆင် ခြင်းငှာ။ဟောတိ၊ဖြစ်၏။

* **အဗျပေတ ပထမ ဒုတိယ တတိယ စတုတ္ထ ပါဒါဒိယမက မည်ပုံ**

ကမလံ (ပ) ကရံ-စသော ပြယုဂ်၌ ကမလံ ကမလံ၊ ဝနဒေါ ဝနဒေါ၊ သုဂတော သုဂတော၊ သဟိတံ သဟိတံ-ဟူသော ယမကသည် အက္ခရာတစ်ပါးမခြားမူ၍ ပထမ ဒုတိယ တတိယ စတုတ္ထပါဒ၏အစ၌ အစုံ အစုံပြုအပ်သောကြောင့် "အဗျပေတ ပထမ ဒုတိယ တတိယ စတုတ္ထပါဒါဒိယမက" မည်ပါသည်။

နိဂုံး

၃၁။ **အဗျပေတာဒိယမက- ဧဿော လေသော နိဒဿိတော။**
**ဧ ယျာနိမာယေဝ ဒိသာ၊ ယညာနိ ယမကာနိပိ။**

၃၁။ အဗျပေတာဒိ ယမကဿ၊အဗျပေတ,စသော ယမက၏။ဧသော လေသော၊ ဤအနည်းငယ်သော ဥဒါဟရဏ်ကို။နိဒဿိတော၊ပြအပ်၏။အညာနိ၊တစ်ပါးကုန်သော။ ယမကာနိပိ၊ယမကတို့ကိုလည်း။ဣမာယေဝ ဒိသာယ၊ဤ အစဉ်ဖြင့်ဖြင့်သာလျှင်။(ဝါ)ဤ

http://www.dhammadownload.com



နည်းဖြင့်သာလျှင်။ဥ ယျာနိ၊သိအပ်ကုန်၏။

(ယမကမျိုးတို့ များပြားပုံ )

၃၂။ **အစ္ဆန္တဗဟဝေါ တေသံ ဘေဒါ သမ္ဘေဒယောနိယော။**
**တထာပိ ကေစိ သုကရာ၊ ကေစိ အစ္ဆန္တ ဒုတ္ထရာ။**

၃၂။ တေသံ ယမကာနံ၊ထိုယမကတို့၏။သမ္ဘေဒ ယောနိယော၊ရောယှက်သော အကြောင်းရှိကုန်သော။ဘေဒါ၊အပြားတို့သည်။အစ္ဆန္တဗဟဝေါ၊အလွန်များကုန်၏။ဇာတ္တာပိ တေသု ယမကေသု၊ထိုယမကတို့တွင်လည်း။ကေစိ၊အချို့သော ယမကတို့သည်။သုကရာ၊ ပြုခြင်းငှာ လွယ်ကုန်၏။ကေစိ၊တို့သည်။အစ္ဆန္တဒုတ္ထရာ၊ပြုခြင်းငှာ အလွန်ခဲယဉ်းကုန်၏။

၃၃။ **ယမကံ တံ ပဟေဠိစ၊ နေကန္တ မဒုရာနိတိ။**
**ဥပေက္ခိယန္တိ သဗ္ဗာနိ၊ သိဿခေဒဘယာ မယာ။**

၃၃။ တံ ယဲမက်၊ထိုယမကၔင်း။သာပဟေဠိစ၊ထိုပဟေဠိၔင်း။ဣတိ ဣမာနိ၊ဤအလုံးစုံတို့သည်။ဧကန္တမဒုရာနိ၊စင်စစ်ကောင်းမြတ်ကုန်သည်။နံ၊မဟုတ်ကုန်။ဣတိ တသ္မာ၊ထို ကြောင့်။သဗ္ဗာနိ၊အလုံးစုံသော ယမက ပဟေဠိမျိုးတို့ကို။သိဿခေဒ ဘယာ၊တပည့်သားတို့ ၏ ပင်ပန်းမည့်ဘေးကြောင့်။မယာ၊ငါသည်။ဥပေက္ခိယန္တိ၊လစ်လျူ ရှုအပ်ကုန်၏။

* **ပဟေဠိ အဓိပ္ပါယ် ။ ။** စကားကို လျှို့ဝှက်ခြင်း, စကားထာဝှက်ခြင်းသည် ပဟေဠိ မည်ပါသည်။

* **ပဟေဠိ သုံးရာအခါ ။ ။** ၁။ မြူထူးပျော်ပါးခြင်းကို ပယ်ဖျောက်ရာ အခါ၊ ၂။ ကျွဲးမြောင်းရာအရပ်တွင် တိုင်ပင်နှိုးနှောရာအခါ၊ ၃။ သူတစ်ပါးကို တွေဝေစေရာ အခါ တို့ဖြစ်ပါသည်။

## ဝိရောဓိဒေါသ သင့်ပုံပြဂါထာ

၃၄။ **ဒေသ ကာလ ကလာ လောက ဉာယာဂမ ဝိရောဓိယံ။**
**တံ ဝိရောဓိ ပဒံ စေတ၊ မုဒါဟရဏတော ဖုဋံ။**

၃၄။ ယဲ ပဒံ၊အကြင်ပုဒ်သည်။ဒေသ ကာလ ကလာ လောက ဉာယာဂမ ဝိရောဓိ၊ ကုန်း,ရေ စသော အရပ်ဒေသ ညှဉ့်,နံနက်,စသော အချိန်ကာလ ကခြင်း,သီခြင်း စသော ကလာ သတ္တဝါတို့၏ဖြစ်ရာလောက အသင့်ယုတ္တိဟု ဆိုအပ်သော ဉာယ ဘုရားစကား တော်,စသော ကျမ်းဂန်ဟု ဆိုအပ်သော အာဂမတို့နှင့် ဆန့်ကျင်ခြင်းရှိ၏။တံ ပဒံ၊ထိုပုဒ် သည်။ဝိရောဓိဝိရောဓိဒေါသ သင့်သောပုဒ်မည်၏။ဧတဉ္စ ပဒံ၊ထိုဝိရောဓိဒေါသ သင့်သော ပုဒ်သည်လည်း။ဥဒါဟရဏတော၊ဥဒါဟရဏ်အားဖြင့်။ဖုဋံ၊ထင်ရှား၏။

* **ဒေသ ဝိရောဓိဒေါသ အဓိပ္ပါယ် ။ ။** ကုန်း၌သာဖြစ်သော ဝိုးဈေပန်း, မြလေးပန်း

http://www.dhammadownload.com



စသည်ကို ရွေ့ဖြစ်၏ဟု ဆိုခြင်း၊ ရွေ့ဖြစ်သော ပဒုမ္မာကြာပန်း ကုမုဒြာကြာပန်း စသည်ကို ကုန်း၌ ဖြစ်၏ဟု ဆိုခြင်းသည် ဒေသဝိရောဓိဒေါသ သင့်ပါသည်။

* **ကာလဝိရောဓိဒေါသ အဓိပ္ပါယ် ။ ။** ညဉ့်အခါ၌သာပွင့်သော ကုမုဒြာကြာပန်းကို နေ့အခါ၌ ပွင့်၏ဟု ဆိုခြင်း၊ နေ့အခါ၌သာ ပွင့်သော ပဒုမ္မာကြာပန်းကို ညဉ့်အခါ၌ ပွင့်၏ဟု ဆိုခြင်းသည် "ကာလ ဝိရောဓိဒေါသ" သင့်ပါသည်။

* **တလာ ဝိရောဓိဒေါသ အဓိပ္ပါယ် ။ ။** ဥသဘ ဂန္ဓာရုစသော စောင်းသံ ၇-ပါး တို့၏ မညီညွတ်ခြင်းသည် "ကလာ ဝိရောဓိဒေါသ" သင့်ပါသည်။

* **လောက ဝိရောဓိဒေါသ အဓိပ္ပါယ် ။ ။** မီးသည် အေး၏၊ စန္ဒကူးနှစ်သည် ပူ၏၊ ရှားပင်သည် အနှစ်မရှိ၊ ကြက်ဆူသည် အနှစ်ရှိ၏ဟု လောကအဝိုင်းအခြားကို လွန်၍ ဆို ခြင်းသည် "လောကဝိရောဓိဒေါသ"သင့်ပါသည်။

* **ဉာယ ဝိရောဓိဒေါသ အဓိပ္ပါယ် ။ ။** မိဒ္ဓစေတသိက်သည် နာမ်တရားဖြစ်လျက် ရုပ်တရားဖြစ်၏ဟု အသင့်ယုတ္တိအားဖြင့် ဆန့်ကျင်၍ ဆိုခြင်းသည် "ဉာယ ဝိရောဓိဒေါသ' သင့်ပါသည်။

* **အာဂမ ဝိရောဓိဒေါသ အဓိပ္ပါယ် ။ ။** ဒါန, သီလနှင့် နိဗ္ဗာန်မရောက်ဟု ပါဠိတော်,စသော အာဂုမ်ကိုလွန်၍ ဆိုခြင်းသည် "အာဂမ ဝိရောဓိဒေါသ" သင့်ပါသည်။

* **ဝိရောဓိဒေါသ ၆-မျိုး ။ ။** ၁။ဒေသဝိရောဓိ၊ ၂။ကာလဝိရောဓိ၊ ၃။ကလာဝိရောဓိ၊ ၄။လောကဝိရောဓိ၊ ၅။ဉာယဝိရောဓိ၊ ၆။အာဂမဝိရောဓိဒေါသ။

**ဒေသဝိရောဓိဒေါသ သင့်သော ကဗျာလင်္ကာများ (အဖြေ ဂါထာ- ၃၅)**

* **ရေ၌ ဖူးပွင့်, ကြာငါးဆင့်သည်, ကုန်းမြင့်ထက်မှာ ပေါက်ကြရှာ၏**--ကဗျာသည် ရေ၌သာ ဖူးပွင့်လေ့ရှိကြသော ကြာငါးမျိုးကို ကုန်းမြင့်ထက်၌ ပေါက်၏ဟု အရပ်ဒေသ ဆန့်ကျင်သောအားဖြင့် ဆိုထားသောကြောင့် "ဒေသဝိရောဓိဒေါသ" သင့်ပါသည်။

* ကုန်း၌ ပေါက်သော ပဒုမ္မာ။
* ရေမှာ ပွင့်လန်း မြတ်လေးပန်း။
* ငါး ပုဇွန် လိပ် ကုန်းမှာအိပ်၏။

* **တောင်ထိပ် ကြာပေါက်၊ အနောက် နေထွက်**--ဟူသော စကားသည် အရပ်ဒေသ နှင့် ဆန့်ကျင်သောကြောင့် "ဒေသ ဝိရောဓိဒေါသ" သင့်ပါသည်။

**ကာလ ဝိရောဓိဒေါသ သင့်သော ကဗျာ လင်္ကာများ (အဖြေ ဂါထာ- ၃၆)**

* **ဆယ့်နှစ်ရာသီ၊ ဖူးငုံစီသည်၊ လီလီ ပန်းခိုင်၊ မွှေးမျှဲကြိုင်လျက်၊ တစ်ပြိုင်တည်းသာ၊ ပွင့်ကြရှာ၏**-- ကဗျာသည် အချိန်အခါ ရာသီချင်း ဆန့်ကျင်သောကြောင့် "ကာလ ဝိရောဓိ ဒေါသ" သင့်ပါသည်။ (တနည်း) ဆောင်း,နွေ,မိုး-ဟူသော ဥတုသုံးပါး ဆဲ့နှစ်

http://www.dhammadownload.com



စသည်ကို ရေ၌ဖြစ်၏ဟု ဆိုခြင်း၊ ရေ၌ဖြစ်သော ပဒုမ္မာကြာပန်း ကုမုဒြာကြာပန်း စသည်ကို ကုန်း၌ ဖြစ်၏ဟု ဆိုခြင်းသည် ဒေသဝိရောဓိဒေါသ သင့်ပါသည်။

* **ကာလဝိရောဓိဒေါသ အဓိပ္ပါယ် ။ ။** ညဉ့်အခါ၌သာပွင့်သော ကုမုဒြာကြာပန်းကို နေ့အခါ၌ ပွင့်၏ဟု ဆိုခြင်း၊ နေ့အခါ၌သာ ပွင့်သော ပဒုမ္မာကြာပန်းကို ညဉ့်အခါ၌ ပွင့်၏ဟု ဆိုခြင်းသည် "ကာလ ဝိရောဓိဒေါသ" သင့်ပါသည်။

* **ကလာ ဝိရောဓိဒေါသ အဓိပ္ပါယ် ။ ။** ဥသဘ ဂန္ဓာရရုစသော စောင်းသံ ၇-ပါး တို့၏ မညီညွတ်ခြင်းသည် "ကလာ ဝိရောဓိဒေါသ" သင့်ပါသည်။

* **လောက ဝိရောဓိဒေါသ အဓိပ္ပါယ် ။ ။** မီးသည် အေး၏၊ စန္ဒကူးနှစ်သည် ပူ၏၊ ရှားပင်သည် အနှစ်မရှိ၊ ကြက်ဆူသည် အနှစ်ရှိ၏ဟု လောကအဝိုင်းအခြားကို လွန်၍ ဆို ခြင်းသည် "လောကဝိရောဓိဒေါသ"သင့်ပါသည်။

* **ဉာယ ဝိရောဓိဒေါသ အဓိပ္ပါယ် ။ ။** မိဿဒေတသိက်သည် နာမ်တရားဖြစ်လျက် ရုပ်တရားဖြစ်၏ဟု အသင့်ယုတ္တိအားဖြင့် ဆန့်ကျင်၍ ဆိုခြင်းသည် "ဉာယ ဝိရောဓိဒေါသ' သင့်ပါသည်။

* **အာဂမ ဝိရောဓိဒေါသ အဓိပ္ပါယ် ။ ။** ဒါန, သီလနှင့် နိဗ္ဗာန်မရောက်ဟု ပါဠိတော်,စသော အာဂုံကိုလွန်၍ ဆိုခြင်းသည် "အာဂမ ဝိရောဓိဒေါသ" သင့်ပါသည်။

* **ဝိရောဓိဒေါသ ၆-မျိုး ။ ။** ၁။ဒေသဝိရောဓိ၊ ၂။ကာလဝိရောဓိ၊ ၃။ကလာဝိရောဓိ၊ ၄။လောကဝိရောဓိ၊ ၅။ဉာယဝိရောဓိ၊ ၆။အာဂမဝိရောဓိဒေါသ။

**ဒေသဝိရောဓိဒေါသ သင့်သော ကဗျာလင်္ကာများ (အဖြေ ဂါထာ- ၇၅)**

* **ရေ၌ ဖူးပွင့်, ကြာငါးဆင့်သည်, ကုန်းမြင်ထက်မှာ ပေါက်ကြရှာ၏**--ကဗျာသည် ရေ၌သာ ဖူးပွင့်လေ့ရှိကြသော ကြာငါးမျိုးကို ကုန်းမြင့်ထက်၌ ပေါက်၏ဟု အရပ်ဒေသ ဆန့်ကျင်သောအားဖြင့် ဆိုထားသောကြောင့် "ဒေသဝိရောဓိဒေါသ" သင့်ပါသည်။

* ကုန်း၌ ပေါက်သော ပဒုမ္မာ။

* ရေမှာ ပွင့်လန်း မြတ်လေးပန်း။

* ငါး ပုလွန် လိပ် ကုန်းမှာအိပ်၏။

* **တောင်ထိပ် ကြာပေါက်၊ အနောက် နေထွက်**--ဟူသော စကားသည် အရပ်ဒေသ နှင့် ဆန့်ကျင်သောကြောင့် "ဒေသ ဝိရောဓိဒေါသ" သင့်ပါသည်။

**ကာလ ဝိရောဓိဒေါသ သင့်သော ကဗျာ လင်္ကာများ (အဖြေ ဂါထာ- ၇၆)**

* **ဆယ့်နှစ်ရာသီ၊ ဖူးငုံစီသည်၊ လီလီ ပန်းခိုင်၊ ဖွေးဖျံကြိုင်လျက်၊ တစ်ပြိုင်တည်း သာ၊ ပွင့်ကြရှာ၏**-- ကဗျာသည် အချိန်အခါ ရာသီချင်း ဆန့်ကျင်သောကြောင့် "ကာလ ဝိရောဓိ ဒေါသ" သင့်ပါသည်။ (တနည်း) ဆောင်း,နွေ,မိုး-ဟူသော ဥတုသုံးပါး ဆဲ့နှစ်

http://www.dhammadownload.com



ရာသီ၌ အသီး အသီးပွင့်ကြသော ပန်းများသည် တပြိုင်းတည်း တပေါင်းတည်း တစုတည်း ပွင့်ကြသည်ဟု ဆိုခြင်းကြောင့် "ကာလ ဝိရောဓိဒေါသ" သင့်ပါသည်။

* ရွှေဖီပွင့်ဖူး မိန်ရွေဦး။
* ကုမုဒြာကြာသည် နေ့မှာ ပွင့်၏။
* ပဒုမ္မာကြာသည် ညမှာ ပွင့်၏။
* ပန်းမျိုးစုံတို့သည် ဥတုသုံးပါးတို့၌ ပွင့်ကြ၏။
* ကဆုန်လ၌ သဇင် ခဝဲပွင့်၏။
* နံနက် နေဝင် ညနေ နေထွက်၊
* ဆောင်းတွင်း တောင်လေ တိုက်ခတ်နေ၏။
* အိုက်လျှင် မီးလုံ့ စောင်ကိုခြုံ၊ ချမ်းလျှင် ရေချိုး၊ နှင်းတော တိုး။
* ဆောင်းမှာ ခရေ ရွှေမှာသဇင် မိုးတွင် ပန်းပိတောက် ပွင့်ပေါ်ပေါက်၏။ --

အချိန်အခါကာလအားဖြင့် ဆန့်ကျင်သောကြောင့် "ကာလဝိရောဓိဒေါသ" သင့်ပါသည်။

**ကလာ ဝိရောဓိဒေါသ သင့်သော ပုံစံများ (အဖြေ ဂါထာ- ၇၇)**

* ညဇာတ်ပွဲ၌ မျောက်ကဲ့သို့ မြူးခုန်၍ သီကြားထွက်က၏။
* လက်ထပ်မင်္ဂလာပွဲ၌ မျောက်မင်းအူသံ တီးသင့်၏။
* မသာဓုရာ၌ စည်တော်ရွှမ်းသင့်သည်။
* စည်းဝါးမကိုက်သော စောင်းသံသည် နာပျော်ဘွယ်ရှိ၏။
* ကျမ်းဂန်များကို၊ ကျက်ဆိုကြအများ။ သို့မှသာ၊ စာမေးမှာလ၊ ကောင်းစွာ အောင်သား--ဟူသော ကဗျာသည် အအုပ်ပို့ဒ်မှာ "မှာ"နှင့် "စွာ"သည် ကာရန်တူသော်လည်း အသံမှာ 'ခြို'သံဖြစ်၍ နေသဖြင့် ဒွေးချိုးအင်္ဂါနှင့် မညီညွတ်သောကြောင့် "ကလာ ဝိရောဓိဒေါသ" သင့်ပါသည်။

**လောကဝိရောဓိဒေါသ သင့်သော ပုံစံများ (အဖြေ ဂါထာ- ၇၈)**

* မီးသည် အေး၏၊ စန္ဒကူးသည် ပူ၏--၌ လောကသဘာဝအားဖြင့် မီးသည် ပူ၏ စန္ဒကူးသည် အေး၏၊ ဤသို့မဟုတ်ဘဲ လောကသဘာဝနှင့် ဆန့်ကျင်၍ မီးသည် အေး၏၊ စန္ဒကူးသည် ပူ၏-ဟု ပြောဆိုသောကြောင့် "လောကဝိရောဓိဒေါသ" သင့်ပါသည်။
* မီးကို မပူ အေးစွပူ၏။ * စန္ဒကူးသည် ပူ၏။
* အနှစ်မရှိ ရှားတောပင်၊ ကြက်ဆူပင်က နှစ်ရှိစွ။
* အဖေထက် သား တစ်လကြီး၏။
* ကြက်မ တွန်၍ မိုးလင်း၏။
* မယားကို လင်ကကြောက်ရသည်။

http://www.dhammadownload.com



* ခွေးဟောင်လို့ တောင်ပို့ပြေးဘာညာ။
* ဆင်သည် ဦးစွန်းကို ခါ၏။
* မြင်းမှာ ချိုရှိသည်။
* လသို့တမူ ပူပူပင်ပင်၊ နေသို့ပမာ အေးတတ်စွာ၏။
* ပိတောက်ကျွန်းသား အနှစ်ပါး၍၊ သဘော်ကြက်ဆူ အနှစ်ထူ၏။
* **စက္ကဝါတိုက် မီးလောင်မြိုက်လည်း၊ ခိုက်ခိုက်တုန်စွာ၊ အေးမြရာ၏**--၌ လောက သဘာဝနှင့် ဆန့်ကျင်သောကြောင့် "လောကဝိရောဓိဒေါသ" သင့်ပါသည်။

**ဉာယ ဝိရောဓိဒေါသ သင့်သော ပုံစံများ (အဖြေ ဂါထာ - ၇၉)**

* ခြေမရှိဘဲ အပြေးသန်၏။--ဟူသော စကားသည် သင့်လျော်သော သဘော သဘာဝ အသင့်ယုတ္တိနှင့် ဆန့်ကျင်သောကြောင့် ဉာယဝိရောဓိဒေါသ သင့်ပါသည်။
* ခေါင်းမရှိဘဲ မော့ကြည့်၏။
* အကျီးဆော့- အကန်းမော့။
* လူအ စကားများ၏။
* လူပျိုကြီးမှာ မျက်နှာပွင့်ဆေးရှိ၏။
* ကုလားပိန်မှာ လူဝဆေးရှိ၏။
* အဖေထက် သား တစ်လကြီး၏။
* ဥပုသ်စောင့်သော ကျား။
* ဖောင်စီးရင်း မေ့တတ်။
* ဘဝကြီးငယ်ကို စွန့်လျက် ဆည်ပူးအပ်သော ဘဝရှိ၏။
* လောဘကို စွန့်လျက် တပ်နှစ်သက်ခြင်းကို ဖြစ်စေ၏။
* မိုးပေါ်မှာ ရေကြီးလို့၊ ဘုန်းကြီးက ဘီးဆောင်၊ စစ်ကိုင်းချောင် မယ်သီလ ခေါင်းပေါင်းစ ထောင်၊ နွေ ခေါင်ခေါင် နှင်းကျ၊ ငွင်းတက စွန့်ဖြစ်။
* **မျက်စိဟင်းလင်း တွင်းသာကြွင်းလည်း ရှိရင်းထက်ပင် ပို၍ မြင်၏။**--ဟူသော စကားများသည် အသင့်ယုတ္တိ မရှိသောကြောင့် "ဉာယ ဝိရောဓိဒေါသ" သင့်ပါသည်။
* **ကြီးပွားခြင်းအား စွန့်လွတ်ငြားလည်း သူတစ်ပါးတွက် ချေဆောင်ရွက်၏။**--၌ ကြီးပွားခြင်းကို စွန့်လွတ်ပြီးသော ဖြစ်ပါလျက် ကြီးပွားခြင်းကို ဆောင်ရွက်သည်ဟု ဆို ခြင်းသည် အသင့်ယုတ္တိ မရှိသောကြောင့် "ဉာယ ဝိရောဓိဒေါသ" သင့်ပါသည်။

**အာဂမ ဝိရောဓိဒေါသ သင့်သော ပုံစံများ (အဖြေ ဂါထာ- ၈၀)**

* အရာရာ၌ ရုပ်သာ ပဓာနဖြစ်သည်။
* ဖောက်ပြန်မှုသာ ထင်ရှားလာ မိဒ္ဓါ ရုပ်ပါတည်း။

http://www.dhammadownload.com



* ဝိဇ္ဇကတ် လေးပုံရှိသည်။

* ခံစားဒုက္ခ၊ နိဗ္ဗာနတည်း။ --စသော စကားရပ်တို့သည် ဘုရားဟော အာဂုမ်ပါဠိတော်များနှင့် ဆန့်ကျင်သောကြောင့် "အာဂမ ဝိရောဓိဒေါသ" သင့်ပါသည်။

* ဒါန သီလ၊ ပြုလုပ်မှန်လည်း၊ နိဗ္ဗာန် မရ၊ မွဲခွဲမျှတည်း။--၌ ဒါနံ မောက္ခပဒံ ဝရံ ဟူသော ဓမ္မပဒပါဠိတော်နှင့် ဆန့်ကျင်သောကြောင့် "အာဂမ ဝိရောဓိဒေါသ" သင့်သည်။

**ဝိရောဓိဒေါသ သင့်သော တဗျာများ**

* ငါးလိပ်-မိုးပျံ (ဒေသ)၊ ညဉ့်ယံနေထွက် (ကာလ)၊ တောင်ထက် ကြာပေါက်၊ (လောက)၊ ကျရောက် နတ်ရွာ၊ ထက်မှာ ငရဲ (ဉာဃ)၊ မစဲ ဒုက္ခ နိဗ္ဗာနတည်း။ (အာဂမ)

* တောင်ထိပ် ကြာပေါက် (ဒေသ)၊ အနောက်နေထွက်၊ (ဒေသ)၊ ပြိုအက် မြင့်မိုရ် (ဉာဃ)၊ မီးကို မဟူ အေးစွဟူ၏။ (လောက)။

**နေယျဒေါသ သင့်ပုံပြ ဂါထာ**

၃၅။ ယဒပ္ပတီတ မာနိယ၊ ဝတ္ထုဠ္ဟ နေယျ မာဟု တံ။
ယထာ သဗ္ဗာဝိ ဓေလာ၊ ဒိသာ ရောစန္တိ ရတ္တိယံ။

၃၅။ ယံပဒံ၊အကြောင်အကျိုးဖြစ်သော ပုဒ်ကို။အပ္ပတီတံ၊အကြောင်း မပါရကား မသိသာ မထင်ရှားသည်ဖြစ်၍။အာနိယ၊အကြောင်းကို ဆောင်၍။ဝတ္ထုဠ္ဟ၊ဆောင်အပ်၏။တံပဒံ ထိုအကျိုးဖြစ်သော ပုဒ်ကို။နေယျ၊နေယျဒေါသ သင့်သောပုဒ်ဟူ၍။အာဟု၊ဆိုကြကုန်ပြီ။ သဗ္ဗာဝိ ဓေလာ ဒိသာ ရောစန္တိ ရတ္တိယံ ယထာ၊ကဲ့သို့။တထာ၊ထို့အတူ။အည်ပါ၊တစ်ပါးသော ဥဒါဟရုဏ်ကိုလည်း။ဒဋ္ဌဗ္ဗံ၊မှတ်အပ်၏။သဗ္ဗာဝိ၊အလုံးစုံလည်း ဖြစ်ကုန်သော။ဒိသာ၊ အရပ်မျက်နှာတို့သည်။ရတ္တိယံ၊ညဉ့်အခါ၌။ဓေလာ၊ဖွေးဖွေးဖြူကုန်သည်ဖြစ်၍။ရောစန္တိ၊ တင့်တယ် တောက်ပကုန်၏။

* နေယျ ဒေါသ အဓိပ္ပါယ် ။ ။ အကျိုးကိုသာ ဆို၍ အကြောင်းကို မဆိုသည့်အတွက် မထင်ရှားသော အနက်ရှိသော ပုဒ်သည် "နေယျဒေါသ" သင့်သောပုဒ်မည်ပါသည်။

ရှင်းလင်းချက်/ သဗ္ဗာဝိ ဓေလာ ဒိသာ ရောစန္တိ ရတ္တိယံ--၌ "ဓေလာ"ဟူသော ပုဒ်သည် ညဉ့်အခါ၌ အလုံးစုံသော အရပ်မျက်နှာတို့သည် ဖွေးဖွေးဖြူကုန်၏-ဟု ဆိုရာ၌ လရောင်, မီးရောင် စသည်တို့တွင် တပါးပါးသော အရောင်ကြောင့် ဖွေးဖွေးဖြူကုန်၏ဟု ဆိုသင့်လျက် မဆိုမူ၍ "စန္ဒကိရဏောန"စသော အကြောင်းပုဒ်ကို မဆိုသောကြောင့် "နေယျဒေါသ သင့်သောပုဒ်" မည်ပါသည်။

**နေယျဒေါသ သင့်သောပုံစံများ (အဖြေ ဂါထာ- ၈၁၊ ၈၂)**

* ဆယ်ရပ်ဒိသာ၊ သာခွာငွေတူ၊ ဖွေးဖွေးဖြူ၏--၌ ဖွေးဖွေးဖြူရခြင်း၏ အကြောင်း

http://www.dhammadownload.com



မပါသောကြောင့် နေယျဒေါသ သင့် ပါသည်။

* ဦးငွေရ ငွေတစ်သိန်းရတယ်--၌ ငွေတစ်သိန်းရခြင်း၏ အကြောင်းမပါသောကြောင့် နေယျဒေါသ သင့်ပါသည်။

* ရပ်ဆယ်မျက်နှာ၊ ဘောသာခွါသေး၊ ဖြူဖြူဖွေးသည်၊ စုဝေးတင့်တယ် ညှဉ့်ချိန်ဝယ်

* ဖြူဖွေးအရောင်၊ ညှဉ့်သန်းခေါင်သည်၊ ပြောင်တလက်လက်၊ အရောင်ထွက်၏။

* တောင်မြောက်ဘယ်ညာ၊ ဝဲလှည့်ခါလျှင်၊များစွာသောင်းသောင်း၊ ခြုံပုတ်ပေါင်းတို့၊ ထက်ကောင်းကင်ဘုံ၊ ယိမ်းနွဲ့ခုံ၏။

* မှန်ကင်းတန်ဆောင်၊ လှိုင်ပါပြောင်သည်၊ တို့များ မရှစောင့်တကား။

* နီတျာရောင်လွှမ်း၊ သမုဒ်ကမ်းတည်း။

* ကြောင်ကဲ့သို့ ကျင့်လေ၊ ညောင်ကဲ့သို့ ကျင့်လေ။

(နေယျဒေါသ သင့်သောပုဒ်ကို ပညာရှိတို့ မမြတ်နိုးကြပုံ)

၃၆။ နေဒိသံ ဗဟုမညန္တိ၊ သဗ္ဗေ သဗ္ဗတ္ထ ဝိညုနော။
ဒုလ္လဘာဝဂတိ သဒ္ဒ၊ သာမတ္ထိယ ဝိလယိနိ။

၃၆။ သဗ္ဗေ၊အလုံးစုံကုန်သော။ဝိညုနော၊ပညာရှိတို့သည်။သဗ္ဗတ္ထ၊အလုံးစုံသော အစီအကုံး အဖွဲ့အနွဲ့၌။ဒေိသံ၊ဤသို့သဘောရှိသော နေယျဒေါသသင့်သောပုဒ်ကို။ဗဟု မညန္တိ၊မမြတ်နိုးကြကုန်။ကသ္မာ၊အဘယ့်ကြောင့်။နဗဟုမညန္တိ၊မမြတ်နိုးကြကုန်သနည်း။ သဒ္ဒ သာမတ္ထိယ ဝိလယိနီ၊သဒ္ဒါ, သဒ္ဒါ၏ အစွမ်းသတ္တိကို ခုန်ကျော်သော။အဝဂတိ၊အသိဉာဏ်ကို။ယသ္မာ၊အကြောင်ကြောင့်။ဒုလ္လဘာ၊ရခဲ၏။တသ္မာ၊ထိုကြောင့်။နဗဟုမညန္တိ၊ကုန်။

* နေယျဒေါသသင့်သောပုဒ်များကို ပညာရှင်တို့ အသုံးမပြု/မမြတ်နိုးခြင်း အကြောင်း ။ ။ ဝါစကသဒ္ဒါနှင့်သော်လည်းကောင်း၊အနက်၏ အစွမ်းသတ္တိဟူသော အသင့်ယုတ္တိနှင့်သော်လည်းကောင်း ကင်း၍ ဆိုလိုရင်းအနက်အဓိပ္ပါယ်ကို မသိနိုင်သောကြောင့် နေယျဒေါသ သင့်သောပုဒ်များကို ပညာရှင်များ မသုံးစွဲ မမြတ်နိုးကြပါ။

( ဝိသေသနာပေက္ခဒေါသ သင့်ပုံပြ ဂါထာ)

၃၇။ သိယာ ဝိသေသနာပေက္ခံ၊ ယံ တံ ပတ္တာ ဝိသေသနံ။
သာတ္ထကံ တံ ယထာ တံ သော၊ ဘိယျော ပဿတိ စက္ခုနာ။

၃၇။ ယံပဒံ၊အကြောင် ဝိသေသျပုဒ်သည်။ဝိသေသနံ၊ဝိသေသနပုဒ်သို့။ပတ္တာ၊ရောက်၍။ သာတ္ထကံ၊အနက်အဓိပ္ပါယ်နှင့်တကွ ဖြစ်၏။တံပဒံ၊ထိုပုဒ်သည်။ဝိသေသနာပေက္ခံ၊ဝိသေသနာပေက္ခဒေါသ သင့်သောပုဒ်မည်သည်။သိယာ၊ဖြစ်ရာ၏။တံဥဒါဟရဏံ၊ထိုဥဒါဟရဏ်

http://www.dhammadownload.com



သည်။ယထာ၊အဘာယ်နည်း။တံသောတျာဒိ၊တံ သော အစရှိသည်တည်း။သော၊ထိုသူသည်။ တံ၊ထိုသူကို။စက္ခုနာ၊မျက်စိဖြင့်။ဘိယျော၊လွန်လွန်ကဲကဲ။ပဿတိ၊ကြည့်ရှု၏။

* **ဝိသေသနာပေက္ခဒေါသ အဓိပ္ပါယ် ။ ။** ဝိသေသနပုဒ်ကို မဆိုသည့်အတွက် ဝိသေသနကို ငဲ့ခြင်းရှိသော ဝိသေသျပုဒ်ကြောင့် သင့်သောဒေါသသည် "ဝိသေသနာပေက္ခဒေါသ" မည်၏။ (ရှင်းလင်းချက်) **တံ သော ဘိယျော ပဿတိ စက္ခုနာ**--စသောပုံစံ၌ "စက္ခုနာ" ဟူသော ဝိသေသျပုဒ်သည် ဝိသေသနပုဒ်ကို မဆိုသည့်အတွက် မုန်း၍ကြည့်လျှင် 'ရတ္တေန'၊ ကြည်ညို၍ကြည့်လျှင် 'ပသာဒေန'ဟူသောပုဒ်ကို ငဲ့ခြင်းရှိသောကြောင့် "ဝိသေသနာပေက္ခ ဒေါသ သင့်သောပုဒ်" မည်ပါသည်။

* **နေယျဒေါသနှင့် ဝိသေသနာပေက္ခဒေါသ အထူး ။ ။** အနက်အဓိပ္ပါယ် မထင်ရှားရာ၌ သင့်သောဒေါသသည် နေယျဒေါသ မည်၏၊ ဝိသေသန မပါလျှင် ဝိသေသျအတွက် အဓိပ္ပါယ်အထူး မထွက်ရာ၌ သင့်သောဒေါသသည် ဝိသေသနာပေက္ခဒေါသမည်၏။

**ဝိသေသနာပေက္ခဒေါသ သင့်သောပုံစံများ (အဖြေဂါထာ- ၈၃)**

* ဤယောက်ျားကား၊ ပြစ်မှား မရှိ၊ ကြည့်တိတိကို၊ မျက်စိဖြင့်သာ၊ ကြည့်ကာကာ တည်း။--၌ "မျက်စိဖြင့်သာ"ဟူသော စကားသည် ဝိသေသနပုဒ်ကို မဆိုသည့်အတွက် မုန်း၍ ကြည့်လျှင် "နိစ္စာ" ဓျစ်၍ကြည့်လျှင် "ကြည်သာ"ဟူသောပုဒ်ကို ငဲ့ခြင်းရှိသောကြောင့် "ဝိသေသနာပေက္ခဒေါသ" သင့်ပါသည်။
* သူ့ဆီစူးစူး၊ မိန်းမူးတည့်တည့်၊ စိမ်းစိမ်းကြည့်၏။
* ဆေးယူခဲ့ပါ အမောင်။
* အမြောက်ဆံ ပေးလိုက်ပါ။
* (မင်းဘယ်သူလဲ) တပည့်တော်ပါဘုရား။
* (မင်းဘယ်သူ့ သားလဲ) အမေ့သား။
* (မင်းဘယ်မှာနေလဲ) ရွာမှာနေတယ်။
* အချစ်တို့ကို ပေးနော်။
* ကိုရင် ဘုန်းကြီးအတွက် ဆေးတစ်ခွက် ယူခဲ့ပေးပါ--၌ ဆေးအမည် ဝိသေသနပုဒ် လိုအပ်နေသောကြောင့် ဝိသေသနာပေက္ခဒေါသ သင့်ပါသည်။

**ဟီနတ္ထဒေါသသင့်ပုံပြ ဂါထာ**

၃၈။ **ဟီနံ ကရေ ဝိသေသျံ ယံ၊ တံ ဟီနတ္ထံ ဘဝေ ယထာ။**
**နိပ္ပဘီ တတ ခဇ္ဇောတော၊ သမုဒေတိ ဒိဝါတရော။**

၃၈။ ယံပဒ်၊အကြင် ဝိသေသနပုဒ်သည်။ဝိသေသျံ၊ဝိသေသျပုဒ်ကို။ဟီနံ၊ယုတ်သည်

http://www.dhammadownload.com



ကိုးကရေးပြု၏၊တံပခံ၊ထိုပုဒ်သည်။ဟိနတ္ထံ၊ဟိနတ္ထဒေါသ သင့်သောပုဒ်မည်သည်။ဘဝေ၊ဖြစ်၏။နိပ္ပဘီ(ပ)ဒိဝါကရော ယထာ၊ဒိဝါကရော ကဲ့သို့။တထာ၊ထိုအတူ။အညံပိ၊တစ်ပါးသော ဥဒါဟရုဏ်ကိုလည်း။ဒဋ္ဌဗ္ဗံ၊မှတ်အပ်၏။ဒိဝါကရော၊နေမင်းသည်။နိပ္ပဘီကတ ခဇ္ဇောတော၊ ပိုးစုန်းကြူးတို့၏ အရောင်မရှိသည်ကို ပြုလျက်။သမုဒေတိ၊ကောင်းစွာတက်၏။

* **ဟိနတ္ထဒေါသ အဓိပ္ပါယ် ။ ။** ဝိသေသျပုဒ်၏ ဂုဏ်ကို ယုတ်အောင် ပြုတတ်သော ဝိသေသနပုဒ်ကြောင့် သင့်သောဒေါသသည် "ဟိနတ္ထဒေါသ' မည်၏။

**ရှင်းလင်းချက်/-နိပ္ပဘီ ကတ ခဇ္ဇောတော သမုဒေတိ ဒိဝါကရော--ပုံစံ၌ ပိုးစုန်းကြူး၏ အရောင်မရှိသည်ကို ပြုတတ်သော နေမင်း-ဟု ဆိုရာ၌ ဝိသေသျဖြစ်သော နေမင်း၏ လရောင် မီးရောင် စသည်တို့၏ အရောင်အလင်း၌ ပြုတတ်၏ဟူသော ဂုဏ်ကို ယုတ်စေကြောင့် ဟိနတ္ထဒေါသ သင့်ပါသည်။**

* **အဗျတ္ထဒေါသနှင့် ဟိနတ္ထဒေါသ အထူး ။ ။** ဝိသေသနဂုဏ်ပုဒ်ကြီး၍ ဝိသေသျ ဂုဏ်းဖြစ်ပုဒ်က ငယ်နေလျှင် အဗျတ္ထဒေါသ၊ ဝိသေသနဂုဏ်ပုဒ်က အရာငယ်၍ ဝိသေသျ ဂုဏ်းဖြစ်ပုဒ်က အရာကျယ်နေလျှင် ဟိနတ္ထဒေါသ။ ဤသို့ ထူးပါသည်။

**ဟိနတ္ထဒေါသ သင့်သောပုံစံများ (အဖြေ ဂါထာ- ၈၄ )**

* ၁ရယ်, ယုန်,ကြောင်၊ တွေ့တိုင်းအောင်သည်၊ တောတောင်သနင်း ခြင်္သေ့မင်း--၌ ခြင်္သေ့မင်းဟူသော ဝိသေသျကို ယုတ်ညံ့နိမ့်ကျအောင် ပြုတတ်သောကြောင့် ၁ရယ် ယုန်, ကြောင်၊တွေ့တိုင်းအောင်သည်-ဟူသော ဝိသေသနသည် ဟိနတ္ထဒေါသသင့်၏။

* ပိုးစုန်းကြူး၏၊ ကွန့်မြူးရောင်ဝါ၊ ဖျောက်ခိုင်စွာသည့်- ဒိဝါကရ၊ တောက်ပထိန်ဝင်း ရှင်နေမင်း။

* ပိုးစုန်းကြူးရောင်၊ ကုန်အောင်ပယ်ရှင်း၊ ရှင်နေမင်းသည်၊ ထွန်းလင်း ပေါ်ထွက်လာခဲ့ပြီ--၌ ပိုးစုန်းကြူးရောင် ကုန်အောင်ပယ်ရှင်း-ဟူသော ဝိသေသနသည် "ရှင်နေမင်း" ဟူသော ဝိသေသျကို ဂုဏ်ယုတ် ဂုဏ်ပျက်အောင် ပြုတတ်သောကြောင့် ဟိနတ္ထဒေါသ သင့်ပါသည်။

* သူငယ်တန်းစာ၊ ပရိတ်ပါဠိ၊ နှုတ်မှာစုံအောင်၊ ပုံဆောင် သင်ပြ၊ စာချ အကျော်၊ ဆရာတော်-- ၌ "သူငယ်တန်းစာ"စသော ဝိသေသနသည် "စာချ အကျော်၊ဆရာတော်" ဟူသော ဝိသေသျကို ယုတ်ညံ့အောင်ပြုသောကြောင့် ဟိနတ္ထဒေါသ သင့်ပါသည်။

* သင်ပုန်းကြီးကျသော အဂ္ဂမဟာ ပဏ္ဍိတ--၌ ဝိသေသျကို ယုတ်ညံ့အောင်ပြုသောကြောင့် ဟိနတ္ထဒေါသ သင့်ပါသည်။

* အကျရာလေးဆယ်၊ တစ်လုံးဆွယ်သား။ နှုတ်ဝယ်ဆောင်သူ၊ စာချသူ --၌ အကျရာလေးဆယ့်တစ်လုံးကို နှုတ်ဝယ်ဆောင်သူ-ဟူသော ဝိသေသနသည် "စာချသူ"ဟူသော

http://www.dhammadownload.com



ဝိသေသ့ကို ယုတ်နိမ့်အောင်ပြုသောကြောင့် ဟီနတ္ထဒေါသ သင့်ပါသည်။

* တစ်ဝါရပြီးသော မဟာထေရ်--၌ ဝိသေသ့ကို ယုတ်ညံ့အောင် ပြုသောကြောင့် ဟီနတ္ထဒေါသ သင့်ပါသည်။

* အာဠာဝကဆွာစား၊ မင်း၏သား။
* သံခွန်ကောင်းသူ၊ ပါရဂူ၊ ထိုသူ အင်ဂျင်နီယာတည်း။
* မဂ်လသုတ်ကို စာအုပ်မကြည့်ဘဲ ပို့ချနိုင်သော ဆရာတော်။
* လာဠုဒါယီကဲ့သို့ အကျင့်ကောင်းသော ဆရာတော်ကြီး။
* နှံပြည်စုတ်သိုက်ကို ဖျက်ဆီးနိုင်သော ဆင်ပြောင်ကြီး။
* ပြိတ္တာကဲ့သို့ ဆူဖြိုးသော သေဋ္ဌေးကြီး။
* လူမြင်သမျှ စိတ်ပျက်အောင် လှပါတဲ့ ပပဝတီ။

## အနတ္ထကဒေါသ သင့်ပုံပြ ဂါထာ

**၃၉။ ပါဒပူရဏမတ္တံ ယံ၊ အနတ္ထမိတိ တံ မတံ။**
**ယထာ ဟိ ဝန္ဒေ ဗုဒ္ဓဿ၊ ပါဒပင်္ကေ ရုဟံဝိစ။**

၃၉။ ယံ ပဒံ၊အကြင်ပုဒ်သည်။ပါဒပူရဏမတ္တံ၊ဂါထာ၏ ပါဒပြည့်ရုံမျှသည်။ဟောတိ၊၏ တံပဒံ၊ထိုပုဒ်ကို။အနတ္ထမိတိ၊အနတ္ထဒေါသသင့်သော ပုဒ်ဟူ၍။မတံ၊သိအပ်၏။ဟိ ဝန္ဒေ(ပ) ရုဟံဝိစ ယထာ၊ရုဟံဝိစကဲ့သို့။တထာ၊ထိုအတူ။အညံဝိ၊တစ်ပါးသော ဥဒါဟရုဏ်ကိုလည်း။ ဒဋ္ဌဗ္ဗံ၊မှတ်အပ်၏။ဗုဒ္ဓဿ၊မြတ်စွာဘုရား၏။ပါဒပင်္ကေ ရုဟံ၊ခြေတော်အစုံ ကြာပဒုံကို။ဝန္ဒေ၊ ရှိခိုးပါ၏။

* **အနတ္ထကဒေါသ အဓိပ္ပါယ် ။ ။** ဂါထာပါဒ ပြည့်ရုံမျှသာဖြစ်၍ အနက်မရှိသော ပုဒ်ကြောင့် သင့်သော ဒေါသသည် "အနတ္ထကဒေါသ မည်၏။

ရှင်းလင်းချက်/ ဟိ ဝန္ဒေ ဗုဒ္ဓဿ ပါဒပင်္ကေ ရုဟံဝိစ--ပုံစံ၌ "ဟိ ဝိစ"ဟူသော နိပါတ်ပုဒ်သည် ဂါထာပါဒ ပြည့်ရုံမျှသာဖြစ်၍ အနက်မရှိသောကြောင့် "အနတ္ထကဒေါသ သင့်သောပုဒ်" မည်ပါသည်။

* **အဓျတ္ထဒေါသ+ နေယျဒေါသ + ဟီနတ္ထဒေါသ အထူး**

ဝိသေသနပုဒ်၏ လွန်ကဲသောအနက်သည် အဓျတ္ထဒေါသသင့်ပါသည်၊ ပုဒ်တစ်ပါးကို ဆောင်ရွက်ပေးသည် နေယျဒေါသသင့်ပါသည်၊ ခိုးမှမ်းသော ဝိသေသနပုဒ်၏ ယုတ်သောအနက်သည် ဟီနတ္ထဒေါသ သင့်ပါသည်။ ဤသို့ ထူးပါသည်။

* **အနတ္ထကဒေါသ သင့်သော ပုံစံများ (အဖြေ- ဂါထာ ၈၅)**
* မြင့်မိုရ်နှင့်သား၊ တောင်တကာလည်း၊ နို့ငင်းရာမဲ့ဘူး၊ သွယ်မြင့်ဖြူးမျှ၊ လူပြည်၌တွင်

http://www.dhammadownload.com



တု မမြင်သည်--၌ ၊ လည်း, ၌, တွင်-ဟူသော စကားများသည် အပိုဒ်ပြည့်စေခြင်း ကာရန်ညီခြင်းငှာ အနက်မရှိသောပုဒ်များကို ထည့်သွင်းရေးသားထားသည်ဖြစ်၍ ယင်းပုဒ်များသည် အနက်မရှိသောကြောင့် "အနတ္ထဒေါသ" သင့်ပါသည်။

* ခြောက်ဆယ်ဂါထောင့် ဂါထာတည်း။
* မောက်မယ်မာနောင့် မာနတည်း။
* ဘိုးစဉ်ဘောင်ဆက် ဘေးလက်ထက်၌။
* သစ္စာလေးဆင့်၊ ငုံအာရုံ၍၊ ဖူးပွင့်ပြီးသော်၊ မြတ်ရှင်ကျော်၏၊ ခြေတော်အစုံ၊ ကြာပဒုံကို၊ ခိုလှုံညွတ်ဦးတိုက်ပါ၏။
* ရိုးရင်ရွက်ရှည်၊ တိုးဆင့်တက်ဝေ ဂိုးဂွင့်ဂွက်ဂွေ။
* ရွက်ရင့် ရိုးရှည်၊ ခက်ဆင့်မြို့စည် ဖက်ဖင့်ဖိုးဇီ။
* ကျောင်းခွင်လမ်းပါး၊ ပန်မာလ်များကို၊ ထွေပြားမျက်စီ၊ မြင်သည်ရှိသော်။
* လိမ်မောင့် လိမ်မာ၊ မောင့်ခြင်းရာ--စသည်တို့၌ အနက်မရ ပုဒ်ပြည့်ကာမျှ ဖြစ်သောကြောင့် "အနတ္ထကဒေါသ"သင့်ပါသည်။

( သဒ္ဒ ဧကတ္ထဒေါသ သင့်ပုံပြ ဂါထာ)

၄၀။ **သဒ္ဒတော အတ္ထတော ဝုတ္တံ၊ ယတ္ထ ဘိယ္ယောပိ ဝုစ္စတိ။**
**တမေကတ္ထံ ယထာ ဘာတိ၊ ဝါရိဒေါ ဝါရိဒေါ အယံ။ (ယထာစ)**

၄၀။ ယတ္ထ-ဝါကျေ၊အကြင်ဝါကျ၌။သဒ္ဒတော၊သဒ္ဒါအားဖြင့်။ဝုတ္တံ၊ဆိုအပ်ပြီးသော အနက် အဓိပ္ပါယ်ကို။ဘိယ္ယောပိ၊တဖန်ထပ်၍လည်း။ဝုစ္စတိ၊ဆိုအပ်၏။တံ ဝါကျံ၊ထိုဝါကျသည် ဧကတ္ထံ၊ဧကတ္ထဒေါသ သင့်၏။ယတ္ထ၊အကြင် ဝါကျ၌။အတ္ထတော၊အနက် အဓိပ္ပါယ်အားဖြင့်။ဝုတ္တံ၊ဆိုအပ်သော ဝါကျကို။ဘိယ္ယောပိ၊တဖန်ထပ်၍လည်း။ဝုစ္စတိ၏။တံ ဝါကျံ၊သည်။ ဧကတ္ထံ၊ဧကတ္ထဒေါသ သင့်သော ဝါကျမည်၏။အာဘာတိ ဝါရိဒေါ ဝါရိဒေါ အယံ ယထာ၊ အယံကဲ့သို့။အညပိ၊တစ်ပါးသော ဥဒါဟရဏ်ကိုလည်း။ဒဋ္ဌဗ္ဗံ၊မှတ်အပ်၏။ဝါရိဒေါ၊ရေကို ပေးတတ်သော။အယံ ဝါရိဒေါ၊ဤရေကို ပေးတတ်သောမိုးသည်။(တနည်း) ဝါရိဒေါ၊မိုးဟု ဆိုအပ်သော။အယံ ဝါရိဒေါ၊ဤမိုးသည်။အာဘာတိ၊အလွန်တောက်ပ၏။

(အတ္ထ ဧကတ္ထဒေါသ သင့်ပုံပြ ဂါထာ)

၄၁။ **တိတ္ထိယကုံ ရ ဝိဇာနိ၊ ဇဟံ ဒိဋ္ဌဂတာနိဟ။**
**ပသာဒေတိ ပသန္နေ သော၊ မဟာမုနိ မဟာဇနေ။**

၄၁။ စ၊သဒ္ဒဧကတ္ထဒေါသမှတစ်ပါး အတ္ထ ဧကတ္ထဒေါသကို ဆိုဦးအံ့။တိတ္ထိယ (ပ) မဟာဇနေ ယထာ၊မဟာဇနေကဲ့သို့။တထာ၊ထို့အတူ။အညပိ၊ကိုလည်း။ဒဋ္ဌဗ္ဗံ၊၏။တိတ္ထိယကုံ

http://www.dhammadownload.com



ရ ဇဏန်၊တိတ္ထိတည်းဟူသော အညွန့်တို့၏ မျိုးစေ့ဖြစ်ကုန်သော။ဒိဋ္ဌဂတာန်၊၆၂-ပါးသော မိစ္ဆာ အယူတို့ကို။ဇဟံ-ဇဟန္တော၊စွန့်တော်မူပြီးသော။သောမုနိ၊ထိုမြတ်စွာဘုရားသည်။ ဣဟ လောကေ၊ဤလောကဌ်။ပသန္နေ၊ကြည်ညိုကုန်ပြီးသော။မဟာဇနေ၊များစွာသော လူတို့ကို။ ပသာဒေတိ၊ကြည်ညိုစေ၏။

* **ဇေတ္ထဒေါသ အဓိပ္ပါယ် ။ ။** သဒ္ဒါအနက် နှစ်ချက်တူနေသောပုဒ်ကို ထပ်၍ဆို ခြင်းသည်လည်းကောင်း၊သဒ္ဒါပင်မတူသော်လည်း အနက်တူပုဒ်ကို ထပ်၍ ဆိုခြင်းသည် လည်းကောင်း "ဇေတ္ထဒေါသ" မည်ပါသည်။

* **ဇေတ္ထဒေါသ သရုပ် ။ ။** ၁။သဒ္ဒဇေတ္ထဒေါသ၊ ၂။ အတ္ထဇေတ္ထဒေါသ။

* **သဒ္ဒ ဇေတ္ထဒေါသ အဓိပ္ပါယ် ။ ။** သဒ္ဒါအားဖြင့် ဆိုအပ်ပြီးသောပုဒ်ကို တဖန် ထပ်၍ ဆိုသောဝါကျသည် "သဒ္ဒဇေတ္ထဒေါသ" သင့်သော ဝါကျ မည်ပါသည်။

ရှင်းလင်းချက်/ အာဘာတိ ဝါရိဒေါ ဝါရိဒေါ အယံ--စသောပုံစံ၌ သဒ္ဒါအားဖြင့် ဆိုအပ်သော "ဝါရိဒေါ"ဟူသောပုဒ်ကို တဖန်ထပ်၍ "ဝါရိဒေါ"ဟု ဆိုအပ်သောကြောင့် သဒ္ဒ ဇေတ္ထဒေါသ သင့်သော ဝါကျ မည်ပါသည်။

* **အတ္ထ ဇေတ္ထဒေါသ အဓိပ္ပါယ် ။ ။** အနက်အားဖြင့် ဆိုအပ်ပြီးသောပုဒ်ကို တဖန် ထပ်၍ဆိုအပ်သော ဝါကျသည် "အတ္ထ ဇေတ္ထဒေါသ" သင့်သော ဝါကျ မည်ပါသည်။ (ရှင်းလင်းချက်) တိတ္ထိယကုံရ ဇဏန် (ပ) မဟာဇနေ- ပုံစံ၌ ကြည်ညိုခြင်းဟူသော အနက်အားဖြင့် ဆိုအပ်ပြီးသော "ပသာဒေတိ"ဟူသောပုဒ်ကို တဖန်ထပ်၍ "ပသန္နေ"ဟု ဆိုသောကြောင့် "အတ္ထ ဇေတ္ထဒေါသ သင့်သော ဝါကျ" မည်ပါသည်။

* **အလံ ကတ္ထုံ ဝနဒေါ ဝနဒေါမွရံ-၌ ဝနဒေါ ဝနဒေါပုဒ်တို့ ဇေတ္ထဒေါသ သင့်ပုံ/ လွတ်ပုံ အနက်နှစ်မျိုး ပေးပုံ**

ဝနဒေါ၊ရေကို ပေးတတ်သော၊ဝနဒေါ၊မိုးသည်။ဟု ပေးလျှင်- သဒ္ဒဇေတ္ထဒေါသ သင့်ပါသည်။ အဝနဒေါ့စောင့်ရှောက်ခြင်းကို ပေးတတ်သော။ဝနဒေါ၊မိုးသည်။ဟု ပေးလျှင် ဇေတ္ထဒေါသမှ လွတ်ပါသည်။

* **သဒ္ဒဇေတ္ထဒေါသ သင့်သော ပုံစံများ (အဖြေ ဂါထာ- ၈၆၊ ၈၇ )**

* ရေပေးပေတတ်၊ ရေပေးနတ်လျှင်၊ ရေဓာတ်ဆွတ်ဖျန်း၊ တောက်ပထွန်းသည်၊ ပြောင်ခွန်း ထိန်ထိန် ဝေသတည်း။

* မွေးသဖခင်၊ ပိတာရင်ကို၊ ဘဝင်အထိ၊ [illegible]

* သိကြား သိကြားသာ မြင်နိုင်သည်။

* ဘုရား ဘုရားသာ ထင်နိုင်သည်။

* ထွန်းပကိုယ်ရောင်၊ နန်းလုံးလောင်မျှ၊ အထောင် [illegible] ကလိ၊ သောင်းနာရီတွင်၊

http://www.dhammadownload.com



မဒီ-မဒီ၊ လွှဲညီထင်ပေါ်--၌ "မဒီ" တစ်ပုဒ်ကိုဆိုလျှင် မိဖုရားဟု သိနိုင်ပါလျက် "မဒီ" တစ်ပုဒ်ကို ထည့်သွင်း သဒ္ဒါတူ အနက်တူ ထပ်၍ ဆိုသောကြောင့် သဒ္ဒဇကတ္ထဒေါသ သင့်ပါသည်။

* အသက်တမျှ၊ ချစ်ကြင်ရသည့်၊ နှမမေပျို၊ လှမေပျို၏၊ အလိုတော်ကျ၊ဆောင်ရွက် ရသည်၊ ကိစ္စအားလုံးပါတကား---သည် "ပျို"ဟူသော သဒ္ဒါတူ အနက်တူကို ထပ်၍ ဆိုသောကြောင့် ဇကတ္ထဒေါသ သင့်ပါသည်။

* **ငယ်ရွယ်သော ဦးပဉ္စင်းလေး**-- ဟူသောစကားသည် "ငယ်ရွယ်သော"နှင့် "လေး" ဟူသော စကားတို့သည် အနက်အဓိပ္ပါယ်တူသောကြောင့် ဇကတ္ထဒေါသ သင့်ပါသည်။

* **အသားတော် အရောင် ထွတ်ထား မှောင်မည်းလို့ မည်းညို** ---ဟူသောစကား သည် "မှောင်မည်း"ဟူသော စကားကို "မည်းညို"ဟု အနက်တူထပ်ဆိုသောကြောင့် ဇကတ္ထဒေါသ သင့်ပါသည်။

***အတ္ထဇကတ္ထဒေါသ သင့်သော ပုံစံများ (အဖြေ ဂါထာ - ၈၆၊၈၇ )**

* ဒိဋ္ဌယူမှာ၊ သူအများတို့၊ အောင်ငြားတော်မူ၊ မြတ်ဘုန်းသူကို၊ ကြည်ဖြူကော်ရော်၊ ပူလော်သူအား။ ညွတ်တွားစေ၏။

* **ခြေနှစ်ချောင်းရှိသော လူ**။ (ခြေနှစ်ချောင်းရှိသော-ဟူသော ဝိသေသနအတွက် အကျိုးမရှိသောကြောင့် ဇကတ္ထဒေါသ သင့်ပါသည်။)

* ကွဲ၊ နွား တိရစ္ဆာန် ဆေးကုဆရာ။

* အများပြည်သူ။

* ဆင်းဝါနုပို၊ လှလင်ပျို။

* မြောက်သားငယ်လည်း ဇနီးကျွမ်းဝင် ဆွေအိမ်ရှင်ကို။

* ချစ်ခင်စုံမက်၊ ကြင်နာရက်သား။ ပွားတက်ထူပြော၊ ရမက်ဇောဖြင့်၊ မက်မော မှောင်တည့်၊ တစ်ထောင်ကိုဟု၊ ချစ်မိချစ်ရာ၊ ကြင်နာစွာလျှင်။

* ထုံးသို့ ဖွေးဖြူ ဇျိုင်းမွေးတူသည့် ဂွမ်းဖြူသွင်းလှ ခင်နှမ။

* **အမိကဖွား အမယ်သားလျှင် လားလားမကြောက်**-- ၌ "အမိကဖွား အမယ်သား" ဟူသော စကားသည် အနက်တူထပ်ဆိုသောကြောင့် အတ္ထဇကတ္ထဒေါသ သင့်ပါသည်။

* ကိုးသူဌေး မီးလွှေးငိုသည် ကိုးမွေးကို ချွန်းတဲ့ ခင်လေး။--ဟူသော စကားတို့သည် အနက်တူကို ထပ်ဆိုသောကြောင့် အတ္ထဇကတ္ထဒေါသ သင့်ပါသည်။

* **သရဏဂုံ၊ မယူတ်လှံသည်၊ သုံးဘုံ ဗိုလ်ခြေ၊ ကြည်ညိုစေ၏**-- ဟူသောစကား သည် ကြည်ညိုမှုအနက်တူစကား ထပ်နေသောကြောင့် အတ္ထဇကတ္ထဒေါသ သင့်ပါသည်။

http://www.dhammadownload.com



**ဘဂ္ဂရီတိဒေါသ သင့်ပုံပြ ဂါထာ (အစဉ်မကျ ဝရမ်းဘတာ ပြောဆိုရာ၌ သင့်ပုံပြ)**

**၄၂။ အာရဒ္ဓဂ္ဂမ ဝိစ္ဆေဒေါ၊ ဘဂ္ဂရီတိ ဘဝေ ယထာ။**
**ကာပိ ပညာ ကောပိ ဂုဏော၊ ပကတီပိ အဟော တဝ။**

၄၂။ အာရဒ္ဓဂ္ဂမ ဝိစ္ဆေဒါ။အားထုတ်အပ်သော သဗ္ဗနာမ်ပုဒ် စသည်တို့၏ အစဉ်ကျိုး ပျက်ခြင်းကြောင့်။ဘဂ္ဂရီတိ။ဘဂ္ဂရီတိဒေါသ သင့်သောဝါကျမည်သည်။ဘဝေဖြစ်၏။ကာပိ ပညာ ကောပိ ဂုဏော ပကတီပိ အဟော တဝ ယထာ၊တဝကဲ့သို့။တထာ၊ထို့အတူ။ အညပိ၊တစ်ပါးသော ဥဒါဟရဏ်ကိုလည်း။ဒဠ္ဎဗ္ဗ၊မှတ်အပ်၏။မဟာမုနိ၊ရှင်တော်ဘုရား။ တဝ၊ရှင်တော်ဘုရား၏။ပညာ၊ပညာတော်သည်။ကာပိ၊အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။ ဂုဏော၊သီလ,သမာဓိ စသောဂုဏ်တော်သည်။ကောပိ၊အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။ ပကတိပိ၊သဘောတော်သည်လည်း။အဟော၊ဩော် အံ့ဩဖွယ် ရှိပါပေစွတကား။

* **ဘဂ္ဂရီတိဒေါသ အဓိပ္ပါယ်** ။ ။ အားထုတ်အပ်ပြီးသော သဗ္ဗနာမ်ပုဒ် စသည်တို့ ၏ အစဉ်ကျိုးပျက်ခြင်းရှိသော ဝါကျသည် "ဘဂ္ဂရီတိဒေါသသင့်သောဝါကျ" မည်ပါသည်။

ရှင်းလင်းချက်/ ကာပိ ပညာ ကောပိ ဂုဏော ပကတိပိ အဟော တဝ--စသော ပြယုဂ်၌ အစ, အလယ်တို့၌ အားလုတ်အပ်သော 'ကာပိ ကောပိ'ဟူသောပုဒ်သည် "ပကတိ ပိ အဟော ဝတ"ဟူသော အဆုံးပုဒ်သို့ ရောက်သောအခါ အစဉ်ကျိုးပျက်ခြင်းရှိသော ကြောင့် ဘဂ္ဂရီတိဒေါသ သင့်သောဝါကျ မည်ပါသည်။

* **ဘဂ္ဂရီတိဒေါသ သင့်သောပုံစံများ (အဖြေ ဂါထာ - ၈၈)**

* ဤခေတ် ဤခါ၊ မင်းရာဇာနှင့်၊ ဤမှာသောင်းကျန်း၊ မောင်သရဖ်းတို့၊ ငြိမ်းချမ်း ဘို့ရာ၊ ဝေးဝေးကွာလိမ့်-- ၌ "ဤခေတ် ဤခါ"ဟူသောပုဒ် "ဤမှာသောင်းကျန်း" ဟူ သောပုဒ်တို့၌ 'ဤ'ဟူသော သဗ္ဗနာမ်ပုဒ်ကို သုံးစွဲသကဲ့သို့ နောက်ပုဒ်များ၌လည်း အစဉ် မပျက် 'ဤ'ကိုထည့်၍ မသုံးစွဲဘဲ "မင်းရာဇာနှင့် မောင်သရဖ်း"တို့ဟူ၍ အစဉ်ကိုဖျက်၍ သုံးစွဲထားသောကြောင့် ဘဂ္ဂရီတိဒေါသ သင့်ပါသည်။

* **ဆီလည်းရှိသည်၊ ဆားရှိသည်၊ ဆန်လည်းရှိသည်--**၌ "လ၌း" နိပါတ် အထား ပျက်သောကြောင့် ဝါကျတွ ဘဂ္ဂရီတိဒေါသ သင့်ပါသည်။

* ဘယ်တောင် ဘယ်ကမ်း၊ ဘယ်လမ်း မဆုံ၊ မြေပြင်နှံ့မျှ၊ တိုက်အုံ ဘယ်ညာ၊ ခြီ တက်လာသည်။

* ဘယ်တောင် ဘယ်ကမ်း၊ သည်စခန်းသို့၊ ရည်မှန်းကာဝင်။

* ဘယ်နံရောခါ ဘယ်ရွာမြေမိုး၊ ဒို့ဆွေမျိုးတို့၊ ကောင်းကျိုးရည်ငံ။

* သည်တွင် ရွှေမြို့၊ သည်သို့စေတီ၊ သည်ဆီ ရွှေနန်း၊ ဒို့စခန်းဝယ်။

* မြတ်စွာဘုရား၏ ဥဏ္ဏလုံမွေးရှင်တော်သည် ဖြူ၏၊ ထိုမွေးသော ဥဏ္ဏလုံမွေးရှင်

http://www.dhammadownload.com



တော်ကို ရှိုးပါ၏။

* လွမ်းပါသလေ ဖာချည်တဲ့ကြိုး၊ မယ့်ထံ မောင်မရောက်တယ် တောင်းဖောက်တဲ့စူး။

* လင်းကြက်ကဆော် စည်တော်ကဒိန်းဒိန်း၊ ဟိုတို့မောင် ကြက်ပြာပိုက်တယ်၊ ပြည်ထီးက ကုတ်ကုတ်။

* ထမင်းစားမယ်၊ မုန့်စားမယ်၊ ဟင်းရေသောက်မယ်။

* **အမေ၌လည်း ရှိသေ၊ အဖေအားလည်း ရှိသေ၊ ဖိုးဖွားတို့လည်း ရှိသေ** -- ဟူသော စကားသည်- ၌, အား, ကို- ဤသို့ ဝိဘတ်နက် အစဉ်ကျိုးပျက်သောကြောင့် ဝါကျတ္ထ ဘင္ဂရီတိဒေါသ သင့်ပါသည်။

* **သူဇာ လှ၏၊ မူယာ ချော၏၊ သီတာ တင့်တယ်၏**--ဟူသော စကား၌ လှ၏ဟူသော အစဉ်ကျိုးပျက်သောကြောင့် ဘင္ဂရီတိဒေါသ သင့်ပါသည်။

* **ဘယ်မြို့ ဘယ်ရွာ၊ နေရာဟူသမျှ၊ မတျန်ရစေ၊ လှည့်ပတ်မွေ၏။**--၌ "ဘယ်"ဟူသော သဗ္ဗနာမ်ပုဒ်အစဉ် ကျိုးပျက်ခြင်းကြောင့် ဝါကျ ဘင္ဂရီတိဒေါသ သင့်ပါသည်။

* **သည်မင်း သည်စိုး၊ ညဉ့်ငှက်ဆိုးနှင့်၊ သည်မိုး သည်လေ၊ တို့တတွေနှင့်၊ နေလို့မှ ဖြစ်နိုင်ပါ့မလား** --- ဟူသောစကား၌ "သည်"ဟူသော သဗ္ဗနာမ်ပုဒ် အစဉ်ပျက်သောကြောင့် ဘင္ဂရီတိဒေါသ သင့်ပါသည်။

## ဗျာကိဏ္ဏဒေါသ သင့်ပုံပြ ဂါထာ

**၄၃။ ပဒါနံ ဒုဋ္ဌိနိက္ခေပါ၊ ဗျာမောဟော ယတ္ထ ဇာယတိ၊**
**တံ ဗျာကိဏ္ဏန္တိ ဝိညေယျံ၊ တဒုဒါဟရဏံ ယထာ။**

၄၃။ ယတ္ထ-ယသ္မိံဝါကျေ၊အကြင်ဝါကျ၌။ပဒါနံ၊နာမ်ပုဒ်, အာချာတ်ပုဒ်တို့ကို။ဒုဋ္ဌိနိက္ခေပါ၊မကောင်းသဖြင့် ထားခြင်းကြောင့်။ဗျာမောဟော၊ပြင်းစွာတွေဝေခြင်းသည်။ဇာယတိ၊ဖြစ်၏။တံဝါကျံ၊ထိုဝါကျကို။ဗျာကိဏ္ဏန္တိ၊ဗျာကိဏ္ဏဒေါသ သင့်သော ဝါကျဟူ၍။ဝိညေယျံ၊သိအပ်၏။တဒုဒါဟရဏံ ယထာ၊ထိုဗျာကိဏ္ဏဒေါသသင့်သော ဥဒါဟရဏ်ကဲ့သို့။တထာ၊ထို့အတူ။အညံပိ၊တစ်ပါးသော ဥဒါဟရဏ်ကိုလည်း။ဒဋ္ဌဗ္ဗံ၊မှတ်အပ်၏။

## ဗျာကိဏ္ဏဒေါသ သင့်ပုံ ပုံစံ

**၄၄။ ဗဟုဂုဏော ပဏာမတိ၊ ဒုဋ္ဌနာနံ ပျယံ ဇနော၊**
**ဟိတံ ပမုဒိတော နိစ္စံ၊ သုဂတံ သမနုဿရံ။**

၄၄။ ဗဟုဂုဏော၊များစွာသော ဂုဏ်ပုဒ်တို့ကို။သမနုဿရံ-သမနုဿရန္တော၊အောက်မေ့သည်ဖြစ်၍။ပမုဒိတော၊ဝမ်းမြောက်သော။အယံ ဇနော၊ဤလူအပေါင်းသည်။ဒုဋ္ဌနာနံပိ၊သူယုတ်တို့၏လည်း။ဟိတံ၊အစီးအပွားကို ပြုတော်မူတတ်သော။သုဂတံ၊မြတ်စွာဘုရားကို

http://www.dhammadownload.com



နိစ္စံ၊အမြဲ။ပကာမတိ၊ရှိခိုး၏။

* **ဗျာကိဏ္ဏဒေါသ အဓိပ္ပါယ် ။ ။** စပ်သင့်သောပုဒ်တို့ကို ရှုပ်ထွေးအောင် ကမောက်ကမ ထားခြင်းရှိသော ဝါကျသည် "ဗျာကိဏ္ဏဒေါသ သင့်သော ဝါကျ" မည်၏။

* **ဗျာကိဏ္ဏဒေါသ သင့်သောပုံစံများ (အဖြေ ဂါထာ- ၈၉၊၉၀ )**

* **ဗဟုဂုဏော ပမုဒိတော ပကာမတိ-**စသော ပုံစံ၌ စပ်သင့်သောပုဒ်တို့ကို ရှုပ်ထွေးအောင် ကမောက်ကမ ထားခြင်းကြောင့် ဗျာကိဏ္ဏဒေါသ သင့်ပါသည်။

* ဘုရား တရား၊ ပြဒါး သံဃာ၊ ဤလေးဖြာကို၊ မကွာနိစ္စ၊ ဓာရဏာဖြင့်၊ အတ္ထအနက် လွန်သိခက်၏--၌ စပ်သင့်သော ရတနာသုံးပါးကို အစဉ်အတိုင်း နီးနီး မထားဘဲ မစပ်သင့်သော "ပြဒါး" နှင့် "သံဃာ"ကို နီးနီးထား၍ စပ်သောကြောင့် ဗျာကိဏ္ဏဒေါသ သင့်၏။

* မြတ်စွာ ဗုဒ္ဓ၊ ဦးနှိမ်ချ၍၊ ဓမ္မရှစ်ဖြာ၊ ရှိပန်ထွာကာ၊ သံဃာ ဆယ်ပါး၊ သင်္ခါပွားလျက်

* ဇမ္မူနာဒ၊ ရွှေသိင်္ဂနှင့်၊ နဝ ရတနာ၊ စပ်ပြာခဲမ၊ ကြိမ်ခွေ စသည်၊ လောကဘာသာ၊ ဆင်စရာလည်း၊ တန်ဆာမကင်း၊ ရောင်ဆင်းပြုသ၊ မိန်းမလှသို့။

* အရှေ့ဆို တောင်ပေါ်ထိပ်က၊ လိပ်ခွပ်လို့ သမင်သေ၊ ချေ မိုးမျှော်လို့နေ။--၌ အဆက်စပ်မရှိ ထင်ရာမြင်ရာ ရောပွမ်း၍ ရေးစပ်ထားသောကြောင့် ဗျာကိဏ္ဏဒေါသသင့်

## ဂါမွဒေါသ သင့်ပုံပြ ဂါထာ

**၄၅။ ဝိသိဋ္ဌ ဝစနာပေတ၊ ဂါမွံ တျဘိမတံ ယထာ။**
**ကညေ ကာမယမာနံ မံ၊ န ကာမယသိ ကိ နွိဒံ။**

၄၅။ ဝိသိဋ္ဌဝစနာပေတ၊ထူးသောအနက်ကို ဆိုခြင်းမှကင်းသော ဝါကျကို။ (ဝါ) ချော မော ပြေပြစ် ချစ်ဖွယ်သော စကားမှ ကင်းသောဝါကျကို။ဂါမွံတိ၊ဂါမွဒေါသ သင့်သောဝါကျ ဟူ၍။အဘိမတံ၊အလိုရှိအပ်၏။ကညေ(ပ)ကိန္နွိဒံ ယထာ၊ကိန္နွိဒံကဲ့သို့။တထာ၊ထို့အတူ။အည်ပိတစ်ပါးသော ဥဒါဟရုဏ်ကိုလည်း။ဒဋ္ဌဗ္ဗံ၊မှတ်အပ်၏။ကညေ၊မိန်းမပျိုး။ကာမယမာနံ၊နှင့်ကို ချစ်ကြိုက်၍နေသော။မံ၊ငါ့ကို။တွံ၊သင်မိန်းမပျိုသည်။န ကာမယသိ၊ငါ့ကို မချစ်ကြိုက်ခဲ့။ ကွဲ၊ဤသို့ နှင့်ကိုကြိုက်ပါလျက် ငါ့ကို မကြိုက်ခြင်းသည်။ကိ နု၊အဘယ့်ကြောင့်ပါနည်း။

* **ဂါမွဒေါသ အဓိပ္ပါယ် ။ ။** ချောမောပြေပြစ်သော စကားမှ ကင်းသော ရိုင်းပြသော စကားသည် "ဂါမွဒေါသ" သင့်သော ဝါကျ မည်ပါသည်။

**ဂါမွဒေါသ သင့်သော ပုံစံများ (အဖြေ ဂါထာ- ၉၁၊၉၂ )**

* **ကညေ ကာမယမာနံ မံ နု ကာမယတိ ကိ နွိဒံ--**စသော ပုံစံ၌ "ငါက နှင့်ကို ကြိုက်ပါလျက် နှင်က ငါ့ကို မကြိုက်" ဟူသော စကားသည် ချောမောပြေပြစ်မှု မှ ကင်းသည်ဖြစ်၍ အလွန်ရိုင်းပြသောကြောင့် ဂါမွဒေါသ သင့်ပါသည်။

http://www.dhammadownload.com



* အို နှမ သင့်ကို ငါချစ်ပါလျက် ငါ့ကိုမူကား သင့်က မချစ်--ဟူသော စကားသည် အလွန်ရိုင်းပြသောကြောင့် ဂါမဏိဝါသ သင့်ပါသည်။

* **အသားနုလျက်၊ ညီပြာညက်နှင့်၊ ရမ္မက် ငွေးငွေး၊** မောင့်ရည်းစား--၌ "ရမ္မက် ငွေးငွေး၊ မောင့်ရည်းစား"ဟူသော စကားသည် ယဉ်ကျေးခြင်းမရှိ ရိုင်းပြသောကြောင့် ဂါမဏိဝါသ သင့်ပါသည်။

* အို--ဟေ့အယ်ရှို နင့်ကိုငါချစ် နင်မချစ် အဖြစ်ဘယ်လိုဟာတဲ့တုန်း။

* နင့်ကို ငါချစ်တယ်၊ ငါ့ကို နင်ချစ်မလား။

* သည်းဖိုလှိုက်လှိုက်၊ နင့်ကိုကြိုက်လို့၊ ပွေ့ပိုက်ဖက်ရမ်း၊ နမ်းလိုသည်။

* ငါလည်းနှစ်ခြိုက်၊ ရှင်လည်းကြိုက်၏၊ မလိုက်မနာ၊ ရှင့်ခြင်းရာသည်၊ ဘယ်မှာ ညွှန်ပြဘိ၏သို့။

* မြွက်ကြိုက်မရှက်၊ စုံမက်မေ့မူး၊ ကိလေးပူး၍၊ ကြိုက်ရူး ချစ်ရူး၊ အမှောင့်ပူးလျက်၊ မုန့်ဦးယိုကျ ချစ်နှမကြောင့်။--၌ ရိုင်းပြသောစကား ယဉ်ကျေးသောစကား ပါရှိသော ကြောင့် ဂါမဏိဝါသ သင့်ပါသည်။

* ချီးယိုချင်တယ်၊ သေးပေါက်ချင်တယ်။

* ရမ်းကားလို့ တုလာလျှင်၊ ဥပမာဆိုစို့၊ ချေးပုံနှင့် မြင့်မိုရ်တောင်၊ ခင်းဆိုယောင် နှိုင်းကြပါစို့ --၌ "ချေးပုံ"ဟူသော စကားသည် ရိုင်းစိုင်းသောကြောင့် ဂါမဏိဝါသ သင့်၏။

* ဟေ့ကောင် တိသ ငါ့ဆီ လာခဲ့စမ်း --ဟူသောစကားသည် ရိုင်းစိုင်းသော စကား ဖြစ်သောကြောင့် ဂါမဏိဝါသ သင့်ပါသည်။

## (တနည်း) ဂါမဏိဝါသ သင့်ပုံပြ ဂါထာ

**၄၆။ ပဒ သန္ဓာနတော ကိဠိ၊ ဒုပ္ပတိတိကရံ ဘဝေ။**
**တမ္မိ ဂါမ်ဲ တျဘိမတံ၊ ယထာ ယာဘဝတော ပိယာ။**

၄၆။ ကိဠိ၊တစ်စုံ တစ်ခုသော။ယံဝါကျံ၊အကြင်ဝါကျသည်။ပဒသန္ဓာနတော၊ပုဒ်ကို တစ်မျိုးအားဖြင့် စပ်ခြင်းကြောင့်။ဒုပ္ပတိတိကရံ၊မကောင်းသဖြင့် သိအပ်သော အနက်ကို ပြုတတ်သည်။ဘဝေ၊ဖြစ်၏။တမ္မိ ဝါကျံ၊ထိုဝါကျကိုလည်း။ဂါမဏ္ဍိ၊ဂါမဏေါဝါသ သင့်သောဝါကျ ဟူ၍။အဘိမတံ၊အလိုရှိအပ်၏။ယာ ဘဝတော ပိယာ ယထာ၊ယာ ဘဝတော ပိယာကဲ့သို့။ တထာ၊ထို့အတူ။အညံပိ၊တစ်ပါးသော ဥဒါဟရဏ်ကိုလည်း။ဒဋ္ဌဗ္ဗံ၊မှတ်အပ်၏။ဘဝတော၊ အရှင်သည်။ယာ၊အကြင် တစ်စုံတစ်ယောက်သောမိန်းမကို။ပိယာ၊ချစ်အပ်သည်။ဟောတိ၊ ၏။ (ဤကား အလိုရှိအပ်သောအနှက်) ယာ ဘဝတော၊အကြင်မေထုန်မှီဝဲခြင်းရှိသော ယောကျ်ားသည်။ပိယာ၊ချစ်အပ်သော မယား။ (ဤကား အလိုမရှိအပ်သောအနက်)

http://www.dhammadownload.com



* **ဂါမဒေါသ အဓိပ္ပါယ် ။ ။** တစ်ပုဒ်နှင့် တစ်ပုဒ်ကို တစ်မျိုးစပ်ခြင်းကြောင့် မကောင်း သဖြင့် သိအပ်သောအနက်ကို ပြုတတ်သော ဝါကျသည် ဂါမဒေါသ သင့်သော ဝါကျမည်၏။

*** ဂါမဒေါသ သင့်သော ပုံစံများ (အဖြေ ဂါထာ- ၉၁၊ ၉၂ )**

* ယာ ဘဝတော ဗိယာ--၌ "ယာ"ဟူသောပုဒ်နှင့် "ဘ"ဟူသောပုဒ်ကို 'ယာဘ'ဟု စပ်ခြင်းကြောင့် မကောင်းသဖြင့် သိအပ်သော 'မေထုန်'ဟူသောအနက်ကို ပြုတတ်သော ကြောင့် ဂါမဒေါသ သင့်ပါသည်။

* တို့ သမီးထွေး၊ ငယ်+ ပါသေး၍၊ ချစ်ရေးဆိုငြား၊ ရှင်တို့သားနှင့်၊ ထိမ်းမြားခြင်း ငှာ၊ မသင့်ပါ။

* လက်တစ်အုပ်လောက်၊ ကျင်းအပေါက်နှင့်၊ တွင်းစောက်+ပတ်လည် ရှိဘိသည်။

* နက်ရှိုင်းကျယ်+စောက် ပတ်လည်လျှောက်လည်း။

* လင်းဒပဏီစောက်+ဆံနီ ထမင်းချောက်။

* နှမထံနီး၊ တစ်ကိုယ်တည်းလျှင်၊ သွားပြီးကာလ+ချောင်းထရသည်။

## ယတိ-၏ လက္ခဏာနှင့် ယတိဟီနဒေါသသင့်ပုံပြ ဂါထာ

**၄၇။ ဝုတ္တေသု သုစိတေ ဌာနေ၊ ပဒစ္ဆေဒေါ ဘဝေ ယတိ။**
**ယံ တာယ ဟီနံ တံ ဝုတ္တံ၊ ယတိဟီနန္တိ သာ ပန။**

၄၇။ ဝုတ္တေသု၊ဂါထာတို့၌။သုစိတေ ဌာနေ၊ညွှန်ပြအပ်သော အရာ၌။ပဒစ္ဆေဒေါ၊ ပုဒ်ဖြတ်ခြင်းသည်။(ဝါ) ပုဒ်ကိုရပ်ခြင်းသည်။ယတိ၊ယတိမည်သည်။ဘဝေ၊ဖြစ်၏။ယံ ဝါကျ၊အကြောင်ဝါကျသည်။တာယ ယတိယာ၊ထိုယတိမှ။ဟီနံ၊ယုတ်၏။တံ ဝါကျ၊ထိုဝါကျကို။ ယတိဟီနန္တိ၊ယတိဟီနဒေါသ သင့်သောဝါကျဟူ၍။ဝုတ္တံ၊ဆိုအပ်၏။

* **ယတိ အဓိပ္ပါယ် ။ ။** ဆန်းကျမ်း၌ ညွှန်ပြအပ်သောနေရာ၌ ပုဒ်ဖြတ်ခြင်းသည် ယတိ မည်ပါသည်။

* **ယတိဟီန ဒေါသ အဓိပ္ပါယ် ။ ။** ယတိမှ ယုတ်သော ဝါကျသည် "ယတိဟီန ဒေါသ သင့်သောဝါကျ" မည်ပါသည်။

## ယတိပြတ်ရာ (ဖြစ်ရာ) ဌာနပြ ဂါထာ

**၄၈။ ယတိ သဗ္ဗတ္ထ ပါဒန္တေ၊ ဝုတ္တမေစ ဓိသေသတော။**
**ပုဗ္ဗာပရာ နေကဝဏ္ဏာ၊ ပဒမဗ္ဗေဓိ ကတ္ထစိ။**

၄၈။ ပန၊ယတိ၏ လက္ခဏာမှတစ်ပါး ယတိပြတ်ရာဌာနကို ဆိုဦးအံ့။သာယတိ၊ထို

http://www.dhammadownload.com



ယတိသည်။သမ္ဗတ္ထ၊အလုံးစုံသော။ပါဒန္တေစ၊ပါဒတို့၏ အဆုံး၌လည်းကောင်း။ဝိသေသတော၊ အထူးအားဖြင့်။ဝုတ္တမေ့စ၊ဂါထာ၏ ထက်ဝက်၌လည်းကောင်း။ကတ္ထစိ၊အချို့သောအရာ၌ ပုဗ္ဗာပရာ နေကဝဏ္ဏာ ပဒမဗ္ဗေပိ၊ရှေ့နောက်၌ များသောအက္ခရာရှိသော ပုဒ်၏အလယ်၌ လည်းကောင်း။သိယာ၊ဖြစ်ရာ၏။

* **ယတိပြတ်ရာ (ဖြစ်ရာ) ဌာန ၃-ပါး ကား ။ ။** ၁။ ပါဒန္တသာမညယတိ-အလုံးစုံသောဂါထာ၏ ပါဒအဆုံး၌ ယတိပြတ်ခြင်း။ ၂။ ဝုတ္တမုဝိသေသယတိ-အထူးအားဖြင့် ဂါထာ၏ ထက်ဝက်၌ ယတိပြတ်ခြင်း။ ၃။ အနေကဝဏ္ဏာ ပဒမဗ္ဗယတိ-အချို့သောအရာ၌ ပထမပါဒ၏ အဆုံးနှင့် ဒုတိယပါဒ၊ တတိယပါဒ၏အဆုံးနှင့် စတုတ္ထပါဒ၏အစ၌ လေးလုံးထက်မနည်း ရှေ့နောက်အားဖြင့် များသော အက္ခရာရှိသော ပုဒ်၏ အလယ်၌ ယတိပြတ်ခြင်းတို့ ဖြစ်ပါသည်။

**ယတိဟီနဒေါသ သင့်/မသင့်သော ပုံစံဖြဂါထာ**

တတ္ထောဒါဟရဏာ ပစ္ဆာဒါဟရဏာနိ ယထာ။

၄၉။ **တံ နမေ သိရသာ စာမီ၊ ကရဝဏ္ဏံ တထာဂတံ။**
**သကလာပိ ဒီသာ သိဒ္ဓ၊ တိဝ သောဏ္ဏာရသေဟိ ယော။**

၄၉။ တတ္ထ တာသု ယတိသု၊ထိုယတိတို့တွင်။တိသာ ပါဒမဗ္ဗယတိယာ၊ထိုပါဒမဗ္ဗ ယတိ၏။ဥဒါဟရဏာ ပစ္ဆာဒါဟရဏာနိ၊မူလဥဒါဟရဏ် ကိဉဒါဟရဏ်တို့သည်။ယထာ၊ အဘယ်သည်တို့နည်း။တံနမေတျာဒီးတံ နမေ စသည်တို့တည်း။

ယော တထာဂတော၊အကြင်မြတ်စွာဘုရားသည်။သကလာပိ၊အလုံးစုံလည်းဖြစ်ကုန်သော။ဒီသာ၊အရပ်မျက်နှာတို့ကို။သောဏ္ဏာရသေဟိ၊ရွှေရည်တို့ဖြင့်။သိဒ္ဓတိဝ၊သွန်းလောင်းသကဲ့သို့ ဖြစ်တော်မူ၏။မာမီကရဝဏ္ဏံ၊ရွှေအဆင်းကဲ့သို့သော အဆင်းရှိတော်မူသော။တံ တထာဂတံ၊ထိုမြတ်စွာဘုရားကို။သိရသာ၊ဦးခေါင်းဖြင့်။နမေ၊ရှိခိုးပါ၏။

* **ယတိဟီနဒေါသ မသင့်ပုံ ။ ။** တံ နမေ သိရသာ စာမီ၊ ကရဝဏ္ဏံ တထာဂတံ ဝယ်-- စာမီ ကရ၌ မိနှင့် က-၏ အကြားသည် များသော အက္ခရာရှိသော ပုဒ်၏အလယ်၌ ဖြစ်သောကြောင့် "ယတိဟီနဒေါသ" မသင့်ပါ။

* **ယတိဟီနဒေါသ မသင့်ပုံ/လွတ်ပုံ ကဗျာ ။ ။ *** ဒုမရာဇ်နှင့်၊ ရင်နှစ်တူပေါက်၊ ခုနစ်ယောက်တွင်၊နှောင်းပေါက်မနော်၊ ဟရိခေါ်ရှင့်--၌ "မနော်ဟရီ"ဟူသော လေးလုံးရှိသော ပုဒ်ကို ရှေ့ပါဒ၌နှစ်လုံး နောက်ပါဒ၌နှစ်လုံးထား၍ ဖြတ်လျက် စီကုံးသောကြောင့် ယတိဟီဒေါသ မသင့်ပါ။

* **ယတိဟီနဒေါသ သင့်ပုံ ။ ။** သကလာပိ ဒီသာ သိဒ္ဓ၊တိဝ သောဏ္ဏာရသေဟိ

http://www.dhammadownload.com



ယော--ဝယ် သိဒ္ဓ၊ တိဒ္ဓ် အက္ခရာသုံးလုံးသာရှိ၍ ယတိမဖြတ်သင့်သော်လည်း ယတိ ဖြတ်ခြင်းကြောင့် "ယတိဟိနဒေါသ"သင့်ပါသည်။

* **ယတိဟိနဒေါသ သင့်သော ပုံစံများ**

* လောင်း သိဒ္ဓတ်မင်း၊ သား သေဠိနင်းလည်း၊ လက်ငင်းမြောက်မျက်၊ နှာရုပ်ဘက်သို့ လှမ်းတက်ခုနစ်ဖဝါး--ဝယ် "သိဒ္ဓတ် မင်းသား၊ မြောက်မျက်နှာ"ဟူသောပုဒ်တို့၌ ယတိ မဖြတ်ဘဲ သိဒ္ဓတ်မင်း၊မျက်၊နှာ-ဟု ယတိဖြတ်ထားသောကြောင့် ယတိဟိနဒေါသ သင့်။

* လောမဟံ+ သော နဟေဿတိ။

* ကာယဝိညာ၊ ဒွတ္တိသာ ကား၊ နှစ်ဖြာဝိညတ်+ကိုလည်းတတ်၏။

* တင့်တယ်ထွန်းပ၊ နေရောင်သ+ဖွယ်၊ ကြက်သ+ရေမျိုး၊ နေ့စဉ်တိုးသား၊ တချို့ ယှဉ်ပင်၊ မယှဉ်စေလို + ၍သာဆို၏။

* အေးကြိုင်စန္ဒ+ကူး မည်ရသား။

* သင်းကြိုင်ထုံနံ့+ သာနှင့်ဆန်၍။

* လောင်း သိဒ္ဓတ်မင်း+သား သေနင်းလည်း။

* လက်ငင်းမြောက်မျက်+နှာရုပ်ထက်သို့ လှမ်းတက်ခုနစ်ဖဝါး။

* လောဘမူစိတ်မာန်၊ မုန်ယို၍ ချွန်းညှိနှင့် ခိုတ်သော်လည်း ဆိုဝိတ်မရ တကာမ စောအုံ မာဂဏ္ဌိရုပ်ပုံ တရဲ ကြုံမတွေ့ရဘူး။

* အထွတ်ရှင်ပင်+၍သာဆိုသည်။

## ယတိဟိနဒေါသ မသင့်ပုံပြ ဂါထာ

၅၀။ သရော သန္ဓိမှိ ပုဗ္ဗန္တော၊ ဝိယ လောပေ ဝိဘတ္တိယာ။
အညထာ တူညထာ တတ္ထ၊ ယာဒေသာဒိ ပရာဒိဝ။

၅၀။ ဝိဘတ္တိယာ၊ဝိဘတ်သည်။လောပေ၊ကျေသည်ရှိသော်။သန္ဓိမှိ၊သန္ဓိ၌။သရော၊ နောက်ပုဒ်၏ အစဖြစ်သော သရသည်။ပုဗ္ဗန္တော၀ိယ၊ရှေ့ပုဒ်၏ အဆုံးကဲ့သို့။ဟောတိ၊၏။ တူ၊ဝိဘတ်ကျေသည်မှတစ်ပါး ဝိဘတ်မကျေသည်ကိုဆိုအံ့။တတ္ထ တသို့ သန္ဓိမှိ၊ထိုသန္ဓိ၌။ အညထာ၊ဝိဘတ်ကျေသည်မှတစ်ပါး မကျေသောအခြင်းအရာအားဖြင့်။သရော၊ရှေ့ပုဒ်၏ အဆုံးဖြစ်သော သရသည်။အညထာ၊နောက်ပုဒ်၏အစကဲ့သို့။ဟောတိ၊ဖြစ်၏။ယာဒေသာဒိ၊ ယ-အပြု အစရှိသော အပြုသည်။ပရာဒိဝ၊နောက်ပုဒ်၏ အစကဲ့သို့။ဟောတိ၊၏။

**စ, ဝါ-စသောနိပါတ်ပုဒ်၊ ပ, ပရာ-စသော ဥပသာရပုဒ်တို့ကို နည်းလမ်းကျကျ ရွတ်ဖတ်ရန် စည်းကမ်းပြဂါထာ**

၅၁။ စာဒီ ပုဗ္ဗပဒန္တာဝ၊ နိစ္စံ ပုဗ္ဗပဒသိတာ။

http://www.dhammadownload.com



**ပါဒယော နိစ္စ သမ္မန္နာ၊ ပရာဒီန ပရေန တု။**

၅၁။ နိစ္စံ၊အမြဲ။ပုဗ္ဗပဒသမီတာ၊ရှေ့ပုဒ်ကို မှီကုန်သော။စာဒီ၊စ,အစရှိသော နိပါတ်ပုဒ် တို့သည်။ပုဗ္ဗပဒန္တာဝ၊ရှေ့ပုဒ်၏ အဆုံးတို့ကဲ့သို့။ဟောန္တိ၊ဖြစ်ကုန်၏။တု၊ထိုမှတစ်ပါး။ပရေန၊ နောက်ပုဒ်နှင့်။နိစ္စသမ္မန္နာ၊အမြဲစပ်ကုန်သော။ပါဒယော၊ပ, အစရှိသော ဥပသာရပုဒ်တို့သည်။ ပရာဒီဝ၊နောက်ပုဒ်၏ အစတို့ကဲ့သို့။ဟောန္တိ၊ဖြစ်ကုန်၏။

* **အညထာ တုညထာ တတ္ထ-၌ ဆိုလိုရင်း အဓိပ္ပါယ် ။ ။** ယဿ လောကဂုတံ ပတ္တ၊ သောပမာ နာ ဟိ ယုဇ္ဇတိ-ဟူသောပြယုဂ်ဝယ် **ပတ္တ၊ သောပမာ**-၌ "ပတ္တသ"ဟူသော ရှေ့ပုဒ်၏ ဝိဘတ်ကို မချေမူ၍ "ဥပမာ"ဟူသော နောက်ပုဒ်နှင့် သန္ဓိစပ်ရာ၌ "ပတ္တသ" ဟူသော ရှေ့ပုဒ်၏အဆုံးဖြစ်သော သ,အက္ခရာကို "ဥပမာ"ဟူသော နောက်ပုဒ်၏ အစ ကဲ့သို့ ပြု၍ "ပတ္တ၊ သောပမာ"ဟု ယတိဖြတ်၍ ရွတ်ဆိုရပါမည်။ (ဝါ) ယတိဖြတ်၍ ရွတ်ဆိုသောကြောင့် ယတိဟိနဒေါသမှ လွတ်ပါသည်။

* **ယာဒေသာဒီ ပရာဒီဝ- အဓိပ္ပါယ် ။ ။** မုနိန္ဒံ တံ သဒါ ဝန္ဒာ၊ မျှနန္တ မတိ မုတ္တမံ ဝယ် **ဝန္ဒာ၊ မျှနန္တ**-၌ ဝန္ဒာမိဟူသောပုဒ်၏ အပြုဖြစ်သော ယ-အက္ခရာကို 'အနန္တ'ဟူသော နောက်ပုဒ်၏အစကဲ့သို့ပြု၍ "ဝန္ဒာ၊မျှနန္တ"ဟု ယတိဖြတ်၍ ရွတ်ဆိုရပါမည်။ (ဝါ) ယတိဖြတ် ၍ ရွတ်ဆိုသောကြောင့် ယတိဟိနဒေါသမှ လွတ်ပါသည်။

* **စာဒီ ပုဗ္ဗပဒန္တာဝ၊ နိစ္စံ ပုဗ္ဗ ပဒသမီတာ- ၌ ဆိုလိုရင်း အဓိပ္ပါယ် ။ ။** ယဿ ပညာစ မေတ္တာစ-ဝယ် "ပညာစ မေတ္တာစ" -၌ ရှေ့ပုဒ်ကိုမှီသော စ-နိပါတ်ပုဒ်တို့ကို ပညာ မေတ္တာဟူသော ရှေ့ပုဒ်၏ အဆုံးကဲ့သို့ပြု၍ "ပညာစ မေတ္တာစ" ဟု ယတိဖြတ်၍ ရွတ်ဆိုရပါမည်။ (ဝါ) ယတိဖြတ်၍ ရွတ်ဆိုသောကြောင့် ယတိဟိန ဒေါသမှလွတ်သည်။

* **ပါဒယော နိစ္စ သမ္မန္နာ၊ ပရာဒီဝ ပရေန တု-၌ ဆိုလိုရင်း အဓိပ္ပါယ်**

နိဿိမာ တိဝိဇ္ဇတိ -- ၌ နောက်ပုဒ်ကိုမှီသော နိ,အတိ-ဟူသော ဥပသာရပုဒ်ကို ဿိမာ, ဝိဇ္ဇတိ-ဟူသော နောက်ပုဒ်၏ အစကဲ့သို့ပြု၍ "နိဿိမာ တိဝိဇ္ဇတိ-ဟု ယတိဖြတ်၍ ရွတ်ဆိုရပါမံည်။ (ဝါ) ယတိဖြတ်၍ ရွတ်ဆိုသောကြောင့် ယတိဟိနဒေါသမှ လွတ်ပါသည်။

* **ယာဒေသာဒီ-၌ အာဒီ-အရ ။ ။** ဥ, ဩကို ပြုထားသော ဝ-အက္ခရာ၊ စ္ဆ,လကို ပြုထားသော ဣယပြု, ဥဝပြု စသည်တို့ကို ယူရပါမည်။

**ယတိဟိနဒေါသမှ လွတ်ပုံ (ပုံစံ) ပြ ဂါထာ**

သဗ္ဗညွော၁ါဟရဏာနိ ယထာ--

၅၂။ တံ နမေ သိရသာ သဗ္ဗေ၊ ပမာတီတံ တထာဂတံ။

http://www.dhammadownload.com



**ယဿ လောကဂ္ဂတံ ပတ္တ၊ သောပမာ နာ ဟိ ယုဇ္ဇတိ။**

၁၃။ **မုနိန်ဒ် တံ သဒါ ဝန္ဒာ၊ မျနန္တ မတိ မုတ္တမံ။**

**ယဿ ပညာစ မေတ္တာစ၊ နိဿီမာ တိဝိဇမ္ဘတိ။**

၁၂။ သဗ္ဗတ္ထ၊အလုံးစုံသော ယတိငါးမျိုးတို့၌ဥဒါဟရဏာနိုဥဒါဟရဏ်တို့သည်။ ယထာ၊ဆိုအပ်လတံ့သောနည်းဖြင့်။ဟောန္တိ၊ဖြစ်ကုန်၏။

ဟိ-ယသ္မာ၊အကြောင်းကြောင့်။လောကဂ္ဂတံ၊ပြဟ္မာ,နတ်,လူ သုံးဘုံသူတို့ထက် မြတ်သည်၏ အဖြစ်သို့။ပတ္တာသ၊ရောက်တော်မူသော။ယဿ တထာဂတဿ၊အကြင်မြတ်စွာဘုရား အား။ဥပမာ၊နှိုင်းယှဉ်စရာ ဥပမာသည်။နာ ယုဇ္ဇတိ၊မသင့်။တသ္မာထို့ကြောင့်။သဗ္ဗောပမာ တိတံ အလုံးစုံသော ဥပမာကိုလွန်သော။တံ တထာဂတံ၊ထိုမြတ်စွာဘုရားကို ။သဒါ၊ဦးခေါင်းဖြင့်။နမေ၊ရှိခိုးပါ၏။

၁၃။ ယဿ မုနိန်ဒဿ၊အကြင်မြတ်စွာဘုရား၏။ပညာစ၊ပညာတော်သည်လည်းကောင်း။မေတ္တာစ၊မေတ္တာတော်သည်လည်းကောင်း။နိဿီမာ၊အပိုင်း အခြားမရှိသည်ဖြစ်၍။အတိဝိဇမ္ဘတိ၊အလွန်တင့်တယ်၏။အနန္တမတိ၊အဆုံးမရှိ လွန်ကဲသော ပညာရှိတော်မူသော။ဥတ္တမံ၊ထူးကဲ လွန်မြတ်တော်မူသော။တံ မုနိန်ဒ်၊ထိုမြတ်စွာဘုရားကို။သဒါ၊အခါခပ်သိမ်း။ဝန္ဒာမိ၊ရှိခိုးပါ၏။

* **ယတိ ၅-မျိုး ။ ။** ၁။ ဝိဘတ္တိလောပသန္ဓိ ယတိ၊ (ပုံစံ) သဗ္ဗော၊ ပမာ။

၂။ ဝိဘတ္တိ အလောပသန္ဓိ ယတိ၊ (ပုံစံ) ပတ္တာ၊ သောပမာ။

၃။ ယာဒေသာဒိ ယတိ- (ပုံစံ) ဝန္ဒာ၊ မျနန္တ။

၄။ စာဒိ ယတိ- (ပုံစံ) ပညာစ မေတ္တာစ။

၅။ ပါဒိ ယတိ- (ပုံစံ) နိဿီမာ တိဝိဇမ္ဘတိ။

**စ,ဝါ-နိပါတ်ပုဒ် ပ,ပရာ-စသော ဥပသာရပုဒ်တို့ကို နည်းလမ်းမကျ သုံးစွဲမိ၍ အပြစ်သင့်ပုံ**

စာဒိပါဒိသု ပစ္ဆာဒါဟရဏာနိ ယထာ--

၁၄။ **မဟာမေတ္တာ မဟာပညာ၊ စ ယတ္ထ ပရမောဒယာ။**

**ပဏာမာမိ ဇိနံ တံ ပ၊ ဝရံ ဝရဂုဏာလယံ။**

စာဒိပါဒိသု၊စ, အစရှိသောနိပါတ်ပုဒ် ပ, အစရှိသော ဥပသာရပုဒ်တို့၌။ပစ္ဆာဒါဟရဏာနိ၊ကို ဥဒါဟရဏ်တို့သည်။ယထာ၊ဤဆိုလတံ့သော နည်းဖြင့်ဟောန္တိ၊ဖြစ်ကုန်၏။

၁၄။ ယတ္ထ ယသ္မိ ဇိနေ၊အကြောင်မြတ်စွာဘုရား၌။မဟာမေတ္တာစ၊ကြီးသော မေတ္တာ

http://www.dhammadownload.com



တော်သည်လည်းကောင်း။မဟာပညာစ၊ကြီးသော ပညာတော်သည်လည်းကောင်း။ပရမော ဒယာ၊အလွန်တိုးပွားကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။ပဝရဂုဏာလယ်၊မြတ် သော ဂုဏ်၏ တည်ရာဖြစ်သော။တံ ဇိနံ၊ထိုမြတ်စွာဘုရားကို။ပဏာမာမိ၊ရှိခိုးပါ၏။

*** မဟာမေတ္ထာ မဟာပညာ၊ စ ယတ္ထ ပရမောဒယာ--၌ ယတိဟီနဒေါသ သင့်ပုံ**

ဤပြယုဂ်၌ "မဟာပညော"ဟူသော ရှေ့ပုဒ်ကိုမှီသော စ,နိပါတ်ပုဒ်တို့ကို နောက်ပုဒ်၏ အစကဲ့သို့ပြု၍ "မဟာပညော၊စ ယတ္ထ ပရမောဒယာ"ဟု ယတိဖြတ်၍ ရွတ်ဆိုအပ်သော ကြောင့် ယတိဟီနဒေါသ သင့်ပါသည်။

*** ပဏာမာမိ ဇိနံ တံ ပ၊ ဝရံ ဝရဂုဏာလယံ--၌ ယတိဟီနဒေါသ သင့်ပုံ**

ဤပြယုဂ်၌ "ဝရံ"ဟူသော နောက်ပုဒ်ကိုမှီသော ပ,ဟူသော ဥပသာရပုဒ်ကို "တံ" ဟူသော ရှေ့ပုဒ်၏အဆုံးကဲ့သို့ပြု၍ "တံပ၊ ဝရံ-ဟု ယတိဖြတ်၍ ရွတ်ဆိုအပ်သောကြောင့် ယတိဟီနဒေါသ သင့်ပါသည်။

*** ဤဂါထာ၌ ယတိဖြတ်ရမည့် ဌာနများ ။ ။** မဟာပညာ-၏အဆုံး, တံပ-၏ အဆုံးများ ဖြစ်ပါသည်။

*** စ ယတ္ထ၊ ပ၊ဝရံ တို့သည် ကို ဥဒါဟရဏ် ပြယုဂ်များ ဖြစ်ရခြင်းအကြောင်း**

စ ယတ္ထ၌ စနိပါတ်သည် မဟာပညာ-ဟူသော ရှေ့ပုဒ်၏အဆုံး ဖြစ်သင့်ပါလျက် စ, ယတ္ထ-ဟု နောက်ပုဒ်အစ ဖြစ်နေသောကြောင့်လည်းကောင်း၊ ပ၊ဝရံ၌ ပဥပသာရပုဒ် သည်လည်း ဝရံ-၏ အစ ဖြစ်သင့်လျက် တံ-ဟူသော ရှေ့ပုဒ်၏အဆုံး ဖြစ်နေသော ကြောင့်လည်းကောင်း ကို ဥဒါဟရဏ်ပြယုဂ်များ ဖြစ်ရပါသည်။

## ကမစ္ဆုတဒေါသ သင့်ပုံပြ ဂါထာ

**၅၅။ ပဒတ္ထကွမတော မုတ္တံ၊ ကမစ္ဆုတ မိဒံ ယထာ။**
**ခေတ္တံ ဝါ ဒေဟိ ဂါမံ ဝါ၊ ဒေသံ ဝါ မမ သောဘနံ။**

၅၅။ ပဒတ္ထကွမတော၊ပုဒ်တို့၏ ရှေ့,နောက် အစဉ်မှ။မုတ္တံ၊လွတ်သော။ကွဒံ ဝါကျံ၊ ဤဝါကျသည်။ကမစ္ဆုတံ၊ကမစ္ဆုတဒေါသ သင့်သော ဝါကျမည်၏။ဥဒါဟရဏ်၊ဥဒါဟရဏ် သည်။ယထာ၊ဤဆိုအပ်လတ့်သောနည်းဖြင့်။ဟောတိ၊ဖြစ်၏။မမ၊အကျွန်ုပ်အား။သောဘနံ၊ တင့်တယ်ကောင်းမြတ်သော။ခေတ္တံဝါ၊လယ်ကိုမူလည်း။ဒေဟိ၊ပေးပါလော့။ဂါမံဝါ၊ရွာကို မူလည်း။ဒေဟိ၊ပေးပါလော့။ဒေသံဝါ၊ဇနပုဒ်ကိုမူလည်း။ဒေဟိ၊ပေးပါလော။

*** ကမစ္ဆုတဒေါသ အဓိပ္ပါယ် ။ ။** လော်ကဋ္ဌ သုံးစွဲမြဲဖြစ်သော တောင်းရိုး တောင်း စဉ် ပြောရိုး ပြောစဉ်အတိုင်း မသုံးစွဲခြင်းသည် ကမစ္ဆုတဒေါသ သင့်သောဝါကျ မည်၏။

http://www.dhammadownload.com



*** ကမ္မဋ္ဌာနဒေါသ သင့်သော ပုံများ (အဖြေ ဂါထာ- ၉၄ )**

* **ခေတ္တံ ဝါ ဒေဟိ ဝါမံ ဝါ၊ ဒေသံ ဝါ မမ သောဘနံ**--၌ လယ်ကိုဖြစ်စေ, ရွာကိုဖြစ်စေ, နယ်ကိုဖြစ်စေ ပေးပါဟု အနည်းမှစ၍ အများကိုတောင်းခြင်းသည် တောင်းရိုးတောင်းစဉ်မှ လွတ်သောကြောင့် ကမ္မဋ္ဌာနဒေါသ သင့်ပါသည်။

* ဘုရားသံဃာ၊ ရတနာနှင့်၊ ကိုးဖြာဂုဏ်သိုက်၊ တရားမြိုက်ကို၊ ဦးခိုက်ညွတ်ခ၊ ပဏာမလျှင်၊ အဘ အမိ၊ ရှိသည်များစွာ၊ ဆရာကိုလည်း၊ လက်အုပ်တည်းလျက်၊ ထို နည်းပုံတူ၊ ရှိခိုးမူ၏။--၌ "ဘုရား သံဃာ၊ ရတနာနှင့်"ဟူသောစကား "အဘ အမိ"ဟူသော စကားများသည် လောကၠ သုးစွဲရိုးအစဉ် ပျက်သောကြောင့် ကမ္မဋ္ဌာနဒေါသ သင့်ပါသည်။

* ယပ်သက်နှင်းကို မပေးနိုင်လျှင် စိတိုင်စိသက်နှင်းကို ပေးပါ။ -- ၌ လောကတောင်း ရမ်းမှု အစဉ်ကျိုးပြတ်သောကြောင့် ကမ္မဋ္ဌာနဒေါသ သင့်ပါသည်။

* ကောင်းမြတ်တင့်တယ် လယ်ကိုပေးပါ၊ မပေးပါက ရွာကိုမျှလော့၊ မမျှနိုင်မူ တိုက် နယ်ယူမည်၊ မြူဆဲချည်မျှ,မလျှော့တည်း။

* ငွေကြေးကြွပ်၍ တစ်ကျပ်တစ်ရာ မပါတစ်ထောင် ပြောမအောင်ခဲ့။

* မျက်နှာသုတ်ပုဝါလေးစွန့်ပါ၊ အဲဒါ မစွန့်နိုင်လျှင် သင်းပိုင် တစ်ထည်လောက် စွန့်ပါ။အဲဒါ မစွန့်နိုင်လျှင် ဧကသီတစ်ထည်စွန့်ပါ။

* ဘုရားသံဃာ၊ ရတနာနှင့်၊ ကိုးဖြာဂုဏ်ထိုက်၊ တရားမြိုက်ကို။

* ဗုဒ္ဓ ဘုရား၊ သံဃာများနှင့်၊ တရားဆယ်ထွေ၊ ပရမေရှင့်။

* ဗိုလ်ခြေများမြောင်၊သောင်း ထောင် ရာမျှ။

* ဥသျှောင်လည်ဆစ်၊ ရင်ဝယ်နှစ် အဖြစ်ဆိုးလေစွ။

* ရှင်ဒျစ်ခွေးမ၊ မိဘဘော်ရွေ့ မျိုးဆွေသိသူ၊ လူလည်းမမြင်၊ မေးလျှင်တုန့်ခေါက်၊ တစ်ယောက်မဲအောင်၊ငွေတောင် ဂိရိ ဝေးလေဘိသို့။

* မင်းတို့ မောင်တို့၊ အကိုညီနောင်၊ နှမမောင်လေး၊ ငါးယောက်ဘမိ၊ ရိုသေကြ။

* ဘုရား သံဃာ၊ မြတ်ဓမ္မာကို၊ မကွာနေ့ည၊ ဆည်းကပ်ကြလော--၌ လောက ဆို ရိုး ဆိုစဉ်ပျက်သောကြောင့် ကမ္မဋ္ဌာနဒေါသ သင့်ပါသည်။

* ဦးသျှောင်လည်ရစ်၊ရင်ရှည့်နစ်သား ---၌ လောကဆိုရိုးဆိုစဉ် ကျိုးပျက်သော ကြောင့် ကမ္မဋ္ဌာနဒေါသ သင့်ပါသည်။

* မိဘ ဆရာ၊ မြတ် သံဃာနှင့်၊ ဘဂဝါဇိန၊ မြတ်ဓမ္မကို၊ နေ့ည မပြတ်၊ ရှိခိုးအပ်၏ --၌ အမြတ်ကို ရှေ့ထားရသော လောကပြောရိုး အစဉ်ပျက်သောကြောင့် ကမ္မဋ္ဌာနဒေါသ သင့်ပါသည်။

http://www.dhammadownload.com



## အတိဝုတ္ထဒေါသ သင့်ပုံပြ ဂါထာ

**၅၆။ လောကိယတ္ထ မတိက္ကန္တံ၊ အတိဝုတ္ထံ မတံ ယထာ။**
**အတိသမ္မာဓ မာကာသ၊ မေတိသာ ထန ဇမ္ဘနေ။**

၅၆။ ယဲဝါကျ၌အကြင်ဝါကျသည်။လောကိယတ္ထံ၊လောကဋ္ဌသိအပ်သော အနက်သဘောကို။အတိက္ကန္တံ၊လွန်၏။တံဝါကျ၌ထိုဝါကျကို။အတိဝုတ္ထံ၊အတိဝုတ္ထဒေါသ သင့်သောဝါကျဟူ၍။မတံ၊သိအပ်၏။ဥဒါဟရဏ်၊ဥဒါဟရုဏ်သည်။ယထာ၊ဤဆိုအပ်လတ့်သောနည်းဖြင့်။ဟောတိ၊၏။တေသာ ဝနိတာယံ၊ထိုသားသည် အမေ မိန်းမ၏။ထန ဇမ္ဘနေ၊သားမြတ်ကို ဆွဲဖြန့်သည်ရှိသော်။အာကာသံ၊ကောင်းကင်သည်။အတိသမ္မာဓံ၊အလွန်ကျဉ်းမြောင်း၏

* **အတိဝုတ္ထဒေါသ အဓိပ္ပါယ် ။ ။** လောကဋ္ဌ သိအပ်သော အနက်သဘောကိုလွန်၍ ဆိုအပ်သောဝါကျသည် အတိဝုတ္ထဒေါသ သင့်သောဝါကျ မည်၏။

* **အဓျတ္ထဒေါသနှင့် အတိဝုတ္ထဒေါသ အထူး ။ ။** ဝုစ္စေးငယ်၍ ဝုဇ်ကြီးခြင်းသည် အဓျတ္ထဒေါသ မည်၏၊ သူတစ်ပါးကို အလွန်အကဲ ခိုးမွမ်းပြောဆိုခြင်းသည် အတိဝုတ္ထဒေါသ မည်၏။ ဤသို့ ထူးပါသည်။ (တနည်း) ဝိသေသနပုဒ် ကြီးကျယ်လွန်းခြင်းသည် အဓျတ္ထဒေါသ မည်၏၊ ဝိသေသန ဝိသေသျ နှစ်ပါးစုံ ကြီးကျယ်လွန်းခြင်းသည် အတိဝုတ္ထဒေါသ မည်၏၊ ဤသို့ ထူးပါသည်။

### * အတိဝုတ္ထဒေါသ သင့်သော ပုံစံများ (အဖြေ ဂါထာ - ၉၅ )

* **အတိသမ္မာဓ မာကာသ မေတိသာ ထနဇမ္ဘနေ**-- ၌ မိန်းမ၏ သားမြတ်နှစ်ခုကို ဆွဲဖြန့်သည်ရှိသော် ကောင်းကင်မဆံ့ဟု ဆိုခြင်းသည် လောကဋ္ဌသိအပ်သော အနက်သဘောကိုလွန်၍ ဆိုသောကြောင့် အတိဝုတ္ထဒေါသ သင့်ပါသည်။

* သားသည်မိခင်၊ သားမြတ်ပြင်ကို၊ ဖြန့်လျှင်ကောင်းကင်၊ မဆံ့ပင်တည့်။--၌ သားသည်အမိဖြစ်သော မိန်းမ၏ သားမြတ်အစုံကိုဆွဲ၍ ဆန့်သော် သားမြတ်အပြင် ကျယ်ပြန့်သောကြောင့် ကောင်းကင်အပြင်သော်မှ မဆံ့ ကျဉ်းသည်-ဟု အပြောကြီးသောကြောင့် အတိဝုတ္ထဒေါသ သင့်ပါသည်။

* သားသည်မိခင်၊ သားမြတ်ပြင်ကို၊ ဖြန့်လျှင်အာကာ၊ထောက်တည်ရာ၊ ဘယ်မှာတစိ၊ ရှိအံ့နည်း။

* အာကာကို လွှာပုံပြုပါလို့၊ မေရုကိုတဲ့ စုတ်တံသွင်၊ သမုဒ် မင်ရေဖျော်လို့၊ မေတ္တာတွေ စာစီကုံးရလျှင်၊ ဆုံးဆ မထင်--၌ အဒေါသ မေတ္တာအရာ အလွန်အကျူးပြောဆိုသောကြောင့် အတိဝုတ္ထဒေါသ သင့်ပါသည်။

* ချစ်ခဲ့သမျှ နှစ်ကာလ သန်းသန်း ကြာခဲ့ပြီ။--၌ အလွန်အကျူး ဆိုထားခြင်းကြောင့် အတိဝုတ္ထဒေါသ သင့်ပါသည်။

http://www.dhammadownload.com



* လောကတစ်ခွင်၊ ချစ်သက်ခင်ထက်၊ ရုပ်သွင်လှပ၊ မရှိရတည့်။--၌ လောကဌ ထင်ရှားသောအနက်ထက် အလွန်အကျူးဆိုသော စကားဖြစ်သောကြောင့် အတိဝုတ္တ။

* တစ်နေ့တစ်ရက် အတွေ့ခက်တော့ ဆယ်သက်ကမ္ဘာ ထင်တယ်ခင်။

* ဖောင်တိန်ကောင်းလို့သာ စာမေးပွဲ အောင်သည်၊

* ကျောက်ဖျာ ဝက် တူးစားသည်။--၌ ဖြစ်နိုင်ဘွယ်ရာ အသင့်ယုတ္တိ မရှိသော ကြောင့် အတိဝုတ္တဒေါသ သင့်ပါသည်။

* ချမ်းပုံမှာ ကမ်းကုန်ရစ်တာမို့၊ မန်း တုန်အောင် လမ်းဆုံက ဟစ်ချင်တော့၊ သည်ခေတ်မှာ သည်လိုဟာဖြင့်၊ သည်ကိုယ်မှာသေ သေလုပါပေါ့၊ ကမ္ဘာကို ပြဟ္ဒာတို့ ပြုခဲ့တယ် ဆောင်းရတုပွဲ။

* လူမိုက်သာ လျလျကျန်တယ်- ရေနံတောင် ခဲသည့် သည်ဆောင်း။

* ဆင်ထက်ကြီးမား၊ ကြွက်များပေါစွာ၊ လိပ်ထက်ကြီးဖြိုး၊ ကြမ်းပိုးတွေပါ။

## * အပေတတ္ထ ဒေါသ သင့်ပုံပြဝါထာ

၅၇။ သမုဒါယတ္ထတော ပေတံ၊ တံ အပေတတ္ထက် ယထာ။
ဂါဝီ ပုတ္တော ဇလိဇဒ္ဓေါ၊ တိဏ် ခါဒိ ဝိဝိ ဇလံ။

၅၇။ ယံဝါကျံ၊အကြောင်ဝါကျသည်။သမုဒါယတ္ထတော၊အပေါင်းဖြစ်သော အနက်မှ။ အပေတံ၊ကင်း၏။တံဝါကျံ၊ထိုဝါကျသည်။အပေတတ္ထက်၊အပေတတ္ထကဒေါသသင့်သော ဝါကျမည်၏။ဥဒါဟရဏ်၊ဥဒါဟရဏ်သည်။ယထာ၊ဤဆိုအပ်လတ့်သောနည်းဖြင့်။ဟောတိ၊ ၏။ဂါဝီ ပုတ္တော၊နွားမ၏ သားဖြစ်သော။ဇလိဇဒ္ဓေါ၊နွားလားသည်။တိဏ်၊မြက်ကို။ခါဒိ၊စား ပြီ။ဇလံ၊ရေကို။ပိဝိ၊သောက်ပြီ။

* **အပေတတ္ထကဒေါသ အဓိပ္ပါယ် ။ ။** အပေါင်းအားဖြင့် သိအပ်သော တစ်စုံတစ်ခုသော အနက်ထူးမှ ကင်းသောဝါကျသည် အပေတတ္ထကဒေါသသင့်သော ဝါကျမည်၏

* **အနတ္ထကဒေါသနှင့် အပေတတ္ထကဒေါသ အထူး ။ ။** အနတ္ထကဒေါသကား- တစ်ပုဒ်တည်း၌သာ သင့်ပါသည်၊ အပေတတ္ထကဒေါသကား- တစ်ဝါကျလုံး၌ သင့်ပါသည်။

* **အပေတတ္ထကဒေါသ သင့်သော ပုံစံများ (အဖြေ ဂါထာ- ၉၇ )**

* ဂါဝီ ပုတ္တော ဇလိဇဒ္ဓေါ၊ တိဏ် ခါဒိ ဝိဝိ ဇလံ။ --၌ "နွားမ၏ သားဖြစ်သော နွား လားသည် မြက်ကို စား၏၊ ရေကို သောက်၏" ဟု ဆိုခြင်းသည် နွားဟူက နွားမ၏ သား ဖြစ်၍ မြက်ကို စားမြဲ ရေကို သောက်မြဲဖြစ်၍ အပေါင်းအားဖြင့် သိအပ်သော တစ်စုံ တစ်ခုသော အနက်ထူးမှ ကင်းသောကြောင့် အပေတတ္ထဒေါသ သင့်ပါသည်။

* ရွာမရန်း တောတန်းရယ်တဲ့ ပတ်လည်၊ ကျွဲတွေက မြက်ကိုစား ဘုရားတည် နှစ်

http://www.dhammadownload.com



ဆူနှင့် လောင်လိုက်လေ ကိုရွှေမီးရယ်၊ ကုန်းမြင့်သာမော--၌ လိုရင်း ဝိဏ္ဏာတ္တ ကောက်၍ မရသောကြောင့် အပေတတ္တကဒေါသ သင့်ပါသည်။

* ညခါမှီ လသာသည့် ကျေးလူးဆပ်မည်၊ နှုတ်ခမ်းမွေးကြီးနဲ့ ပန်ချာပီ၊ ဒုတ်ကောက်ကြီးနဲ့ လာပါသည်။

* မိန်းမတွေဟာ လေယာဉ်ပျံစီးလို့၊ အာကာဘုံကတက်။

* ယောကျ်ားတွေဟာ လင်မရလို့၊ တောက်တဲ့ပါတဲ့တော်။

* တပေါင်းတန်ခူး၊ လေဟူးဟူး၊ ဆူးလည်း နေရာရွှေ့လတံ့။

* နွားမ၏သား၊ ထိုးနွားလား၊ မြက်ကိုစား၍၊ ရေသောက်ပြီ။

* ပဒပဒါ၊ ညီညွတ်စွာဖြင့်၊ သာယာဉီးလေး၊ မညီသေးခဲ့။

* နွေတွင်နေပူ၊ နွံရည်ဖြူ၏၊ တောထူ တောင်ထပ် များပေသည်။

* မိုးရေရွာသွန်း သားလှထွန်းသည် ကင်ပွန်းခြုံနွယ် များပေသည်။

* စပါးလုံးထဲမှာ ဆန်ရှိသည်။

* ခြေနှစ်ချောင်းရှိသော လူသည် သွား၏။

* ခြေလေးချောင်းရှိသော မြင်းသည် အိပ်၏။

* အရှေ့ဆို တောင်ပေါ်ထိပ်က လိပ်မကြီး တင်ပလ္လင်ခွေ၊ ဗိုင်းငင်လို့နေ၊ မျောက်ကိုက်လျှင် ရွှေခဲ့၊ အမေကရိုက်တယ်၊ ငူသီးမှ အရီးတော်မယ် ကြီးတော်ရယ် မြင်လှည့်ပါဦး။

* ဆောင်ခါ အေးချမ်း၊ ကြာပန်းဝေဆာ၊ ဥယျာဉ်ကကြီး၊ မြင်းစီးနိုင်ပါ။

* ထုံးဟာဖြူဖွေး မီးသွေးမည်းတယ်၊ သကြာချိုကာ သံပုရာချဉ်တယ်၊ ရေဟာမြင့်ရာမှ နိမ့်ရာစီးတယ်။

* တန်ခူးကုန်လျှင် ကဆုန်ဆန်းလတ္တံ့။

* ဆောင်းမှာ မြောက်လေ၊ နွေမှာတံလျှပ် ဤကွေတာရပ်ဝန်း၊ နေဟာ ပူလွန်းတယ်။

* ယုံ မလားတော့ မသိဘူး၊ နံပြားကို ဂျုံနဲ့ လုပ်ထားတယ်။

* ထမင်းကို ဆန်နဲ့ ချက်ထားတယ်။

* ကျွဲပျောက်လို့ နွားကိုရှာ ဆင်ခြေရာ သည်မှာတွေ့၊ မမေ့နဲ့ ချစ်တဲ့သူရယ် အလိုဗျာ ပေးပါ့ ကျွဲပြန်--၌ လိုရင်းပိဏ္ဍာတ္တ ကောက်၍ မရသောကြောင့် အပေတတ္တဒေါသ

* သင့်မိခင်သည် သင်နှင့် ဆွေမျိုးတော်စပ်၏။--၌ အနက်ထူးမှ ကင်းသောကြောင့် အပေတတ္တဒေါသ သင့်ပါသည်။

http://www.dhammadownload.com



## * ဗန္ဓဖရုသဒေါသ သင့်ပုံပြ ဂါထာ

**၅၈။ ဗန္ဓေ ဖရုသတာ ယတ္ထ၊ တံ ဗန္ဓဖရုသံ ယထာ။**
**ခရာ ခီလာ ပရိက္ခီဏာ၊ ခေတ္ထေ ခီတ္ထံ ဖလတျလံ။**

၅၈။ ယတ္ထ ယသ္မိံ ဝါကျေ။အကြင်ဝါကျ၌။ဗန္ဓေ၊ဗန္ဓ၌။ဖရုသတာ၊နှားမချမ်သာဖွယ်ရာ ကြမ်းတမ်းစွာ ရွတ်ဆိုအပ်သော ဓနိတအက္ခရာများစွာရှိသည်၏အဖြစ်သည်။ဟောတိ၊၏။ တံဝါကျံ၊ထိုဝါကျသည်။ဗန္ဓဖရုသံ၊ဗန္ဓဖရုသဒေါသ သင့်သောဝါကျမည်၏။ဥဒါဟရဏံ၊ ဥဒါဟရုဏ်သည်။ယထာ၊ဤဆိုအပ်လတ့်သောနည်းဖြင့်။ဟောတိ၊၏။ယသ္မာ၊ကြောင့်။ခရာ၊ ကြမ်းတမ်းကုန်သော။ခီလာ၊ဆူးငြောင့် သစ်ငုတ်တို့သည်။ပရိက္ခီဏာ၊ကုန်ခန်းကုန်ပြီ။တသ္မာ၊ ကြောင့်။ခေတ္တေ၊လယ်၌။ခီတ္ထံ၊စိုက်ပျိုးအပ်သော မျိုးစေ့သည်။အလံ၊လွန်စွာ။ဖလတိ၊အကျိုး စီးပွားကို တိုးပွား ဖြစ်ထွန်းစေ၏။

* **ဗန္ဓဖရုသဒေါသ အဓိပ္ပါယ် ။ ။** အဖွဲ့.ဗန္ဓ၌ ကြမ်းတမ်းစွာ ရွတ်ဆိုအပ်သော ဓနိတအက္ခရာ များစွာပါရှိသော ဝါကျသည် ဗန္ဓဖရုသဒေါသ သင့်သော ဝါကျမည်၏။

* **ဗန္ဓဖရုသဒေါသနှင့် ဂါမ္ဗဒေါသအထူး ။ ။** ဗန္ဓဖရုသဒေါသ၌ အက္ခရာ,အသံ ကြမ်းတမ်းသည်၊ ဂါမ္ဗဒေါသ၌ အနက်အဓိပ္ပါယ် ကြမ်းတမ်းသည်။ ဤသို့ ထူးသည်။

* **ဗန္ဓဖရုသဒေါသ သင့်သော ပုံစံများ (အဖြေ ဂါထာ - ၉၈၊ ၉၉ )**

* ခရာ ခီလာ ပရိက္ခီဏာ၊ ခေတ္တေ ခီတ္ထံ ဖလတျလံ။--၌ ကြမ်းတမ်းစွာ ရွတ်ဆိုအပ် သော ခ,ခီ,က္ခီ,ခေတ်,ခီတ်,ဖ-ဟု ဆိုအပ်သော ဓနိတအက္ခရာ များစွာပါရှိသောကြောင့် ဗန္ဓဖရုသဒေါသ သင့်ပါသည်။

* ထက်ခေါင်နဘ၊ ဒိန်းဒိန်းသံဖြင့်၊ ဆူညံထိုးခတ်၊ လောကဓာတ်လုံး၊ ခြိမ့်ခြိမ့်ချုန်း အောင်၊ ကျဲးကျဲးသည်းထန်၊ မာရ်နတ်စစ်တို့--၌ အသံပြင်းပြင်း ရွတ်အပ်သော ဓနိတ အက္ခ ရာ, ယောသအက္ခရာ များစွာပါသောကြောင့် ဗန္ဓဖရုသဒေါသ သင့်ပါသည်။

* ခိုးလို့ ခုလု၊ ခုခုခါခါ၊ ခေါ်ခေါ်သံကြား၊ ဖန်များမကွာ၊ ဆိုဆိုဆဲဆဲ၊ ခက်ခဲသူပါ၊ ဘာပဲ ဖြစ်ဖြစ်၊ ဇွတ်နှစ်လုပ်တော့မှာ။

* ခေါင်ခေါင်သံကြီး၊ ဒိန်းဒိန်းတီးလျက်။

* ခွေးရွေးပြန်သော်၊ ကုရန်မခက်၊ ခါးအထက်ကို၊ ချက်နှင့်တိုင်းကာ၊ အောက်ပင့် ခွါလျက်။

* ကောက်ကောက်ကျစ်ကျစ်၊ စိတ်မိုက်ညစ်နှင့်၊ အပြစ်ဝန်တက်၊ ငရဲနက်ဟု၊ လေး ချက် ဘုံရပ်၊ တိုက်ရိုက်ကပ်သား၊ မအိပ်မစက်၊ အထပ်ထပ်လျှင်၊ သုံးသပ်မိုက်မိုက်၊ ဒုစရိုက် ကို၊ အလိုက်ဘာသာ၊ ပြုကျင့်ရာလည်း။

* ဖြောင်းဖြောင်းဖျဖျ၊ မေးပါ့ခါခါ၊ ခေါ်ခဲ့ခေါ်ခဲ့၊ ဖော်မဲ့ဝေးကွာ။

http://www.dhammadownload.com



* တောင်ပေါ်က ရှမ်းကလေး လျှော်ထမ်းလို့ပြေး၊ တိုတဲ့လျှော်ကတို ရှည်တဲ့လျှော်က ရှည်။

* ရွှံ့ပေါ် ရှည့်ပြေး၊ ရှည့်မွေး ရွှံ့မလူး။

* အချစ် အချစ်၊ချစ်တိုင်း ချစ်က၊ ချစ်လေ ချစ်လေ ၊ချစ်မပြေသို့---၌ ဓနိတအက္ခရာ များစွာပါသောကြောင့် ဗန္ဓဖရုသဒေါသ သင့်ပါသည်။

## ဝါကျထွေဒါသ ၆-ပါးအကျယ်/ အမှာစကားနှင့် ပဋိညာဉ်

၅၉။ ဥေ ယျံ လက္ခဏ မန္ဒတ္ထ၊ ဝသေနာ ပတ္တမာဒီနံ။
ဥဒါဟရဏ မေတေသံ၊ ဒါနိ သန္ဒဿယာမျဟံ။

၅၉။ အပတ္တမာဒီနံ၊အပတ္တမဒေါသ,စသည်တို့၏။လက္ခဏံ၊သုတ်ကို။အနွတ္ထဝသေန၊ အနက်သို့ အစဉ်လိုက်သောဉာဏ်၏ အစွမ်းဖြင့်။ဥေ ယျံ၊သိအပ်၏။အဟံ၊ငါသည်။ဣဒါနိ ယခုအခါ၌။ဧတေသံ အပတ္တမာဒီနံ၊ထို အပတ္တမဒေါသ စသည်တို့၏။ဥဒါဟရဏံ၊ဥဒါဟရုဏ်ကို။သန္ဒဿယာမိ၊ပြပေအံ့။

### အပတ္တမဒေါသ သင့်ပုံပြ ဂါထာ

တတ္ထာပတ္တမံ ယထာ---

၆၀။ ဘာဝနာ ဒါန သီလာနိ၊ သမ္မာ သမ္မာဒိတာနိဟ။
ဘောဂ သင္ဂါဒိ နိဗ္ဗာန၊ သာဓနာနိ န သံသယော။

၆၀။ တတ္ထ-တေသု အပတ္တမာဒိသု၊ထိုအပတ္တမဒေါသ စသည်တို့တွင်။အပတ္တမံ၊ အပတ္တမဒေါသသည်။ယထာ၊ဤဆိုအပ်လတံ့သောနည်းဖြင့်။ဟောတိ၊ဖြစ်၏။ဤဟာ၊ဤသာသနာတော်၌။သမ္မာသမ္မာဒိတာနံ၊ကောင်းစွာပြီးစေအပ်ကုန်သော။ဘာဝနာ ဒါနသီလာနိ၊ဘာဝနာ,ဒါန,သီလတို့သည်။ဘောဂသင္ဂါဒိ နိဗ္ဗာနသာဓနာနိ၊စည်းစိမ်ချမ်းသာ အကျိုး, နိဗ္ဗာန်အကျိုးတို့ကို ပြီးစေတတ်ကုန်၏။သံသယော၊ယုံမှားသံသယသည်။နဟောတိ၊ မဖြစ်။

* **အပတ္တမဒေါသ အဓိပ္ပါယ်** ။ ။ ရှေးဦးစွာ ဆိုအပ်သောစကားနှင့် နောက်မှ ဆိုအပ်သော စကားတို့၏ အကြောင်း အကျိုး အစဉ်ကင်းသော ဝါကျသည် အပတ္တမဒေါသ သင့်သော ဝါကျ မည်ပါသည်။

* **သင္ဂါဒိ-၌ အာဒိ-အရ** ။ ။ လူပြည်၌ အသက်ရှည်ခြင်း အနာကင်းခြင်း စသည်ကို ယူရပါမည်။

* **ကမ္မဋ္ဌတဒေါသနှင့် အပတ္တမဒေါသ အထူး** ။ ။ အမြတ်အယုတ်, အကြီး အငယ် အများအနည်း,စသော လောကဝေါဟာရအတိုင်း စဉ်သင့်ပါလျက် မစဉ်ခြင်းသည်

http://www.dhammadownload.com



ကမစ္ဆုတဒေါသ၊ ရွှေစကား နောက်စကား အကျိုးအကြောင်း အစဉ်အတိုင်း မကျခြင်း သည် အပက္ကမဒေါသ။ဤသို့ ထူးပါသည်။

* **အပက္ကမဒေါသ သင့်သော ပုံစံများ (အဖြေ ဝါထာ-၁၀၀၊ ၁၀၁၊၁၀၂)**

* ဘောဂ သဂ္ဂါဒိ နိဗ္ဗာန၊ သာဓနာနိ နှ သံသယော--၌ ဘာဝနာနှင့် နိဗ္ဗာန်, ဒါန နှင့်ဘောဂ, သီလနှင့် သဂ္ဂါဒိ-ဟု စဉ်သင့်ပါလျက် ဘာဝနာနှင့် ဘောဂ, ဒါနနှင့် သဂ္ဂါဒိ, သီလနှင့်နိဗ္ဗာန်ဟု စဉ်ထားသောကြောင့် အပက္ကမဒေါသ သင့်ပါသည်။

* **အရှင်၏ ကျော်စောခြင်း တန်ခိုးကြီးခြင်းတို့သည် နေ့,လတို့နှင့် တူကုန်၏**--၌ ကျော်စောခြင်းနှင့် လ, တန်ခိုးကြီးခြင်းနှင့်နေကို စဉ်သင့်လျက် မစဉ်သောကြောင့် ဝါကျတွင် အပက္ကမဒေါသ သင့်ပါသည်။

* **နေလအသွင်၊အရှင်ကျော်ပြီး၊ တန်ခိုးကြီး၏** -- ၌ နေနှင့်တန်ခိုးကြီးခြင်း၊ လနှင့် ကျော်စောခြင်း ဤသို့ စဉ်မှ အစဉ်တည့်၏၊ ဤသို့မစဉ်ဘဲ နေနှင့် ကျော်စောခြင်း၊ လနှင့် တန်ခိုးကြီးခြင်း အစဉ်သက်ရောက်အောင် "နေလအသွင်၊အရှင်ကျော်ပြီး၊ တန်ခိုးကြီး၏" ဟု ရွှေ့နောက်အစဉ်မှားသောကြောင့် ဝါကျတွင် အပက္ကမဒေါသ သင့်ပါသည်။

* ခွေးနှင့်ဆိတ်တို့သည် မြက်နှင့်ထမင်းကို အသီးသီးဆောင်ကုန်၏--၌ ခွေးနှင့် မြက်, ဆိတ်နှင့် ထမင်း စကားအစဉ် မညီညွတ်သောကြောင့် အပက္ကမဒေါသ သင့်ပါသည်။

* ဘာဝနာ ဒါန၊ သီလတရား၊ အကျိုးများဖြင့်၊ ခံစားရိပ်ငြိမ်၊ စည်းစိမ်ဥစ္စာ၊ နတ်ရွာ နိဗ္ဗာန်၊ ရ မလွန်တည့်။--၌ ဘာဝနာ ဒါန သီလ-ဟူသော အကြောင်းတရားနှင့် စည်းစိမ်ချမ်းသာ, နတ်ရွာ, နိဗ္ဗာန်-ဟူသော အကျိုးတို့၏ အစဉ်ပျက်သောကြောင့် ဝါကျတွင် အပက္ကမဒေါသ သင့်ပါသည်။

*သင်္ဂဟ သဒ္ဒါ၊ အောက်ခြေပါ၍၊ နှေဝါညတျမ်းမပင်ပန်းခဲ့--၌ သင်္ဂဟနှင့် နှေဝါ သဒ္ဒါနှင့် ညဝါဖြစ်၍ စကားအစဉ် မညီညွတ်သောကြောင့် အပက္ကမဒေါသ သင့်ပါသည်။

* နောက်ကျန်းဥတ္တင်၊ ရှေ့ရပ်ခေါင်မှာ၊ ခုနှစ်ရာထောင်၊ ငါးရာထောင်တည်း၊ ယခေါင် မလွဲ ရှည်စမြတည်း။

* ခွေးနှင့်ဆိတ်တို့သည် မြက်နှင့် အမဲသားကို အသီးသီး စားကြကုန်၏။

* တပို့ တပေါင်း၊ ရှေ့နောင်းအညီ၊ လေးရက်စီမှတ်၊ အန္တရဋ္ဌဟု။

* လသို့တမူ၊ပူပူပင်ပင်၊ နေသို့ပမာ၊ အေးတတ်စွာ၏။



## ဩစိတျဟိနဒေါသ သင့်ပုံမြဝါထာ (၁)

ဩစိတျဟိန် ယထာ----

၆၁။ **ပုဇနီယတရော လောကော၊ အဟ မကောနီ ရဏ္ဍရုံ။**

http://www.dhammadownload.com



**ပယေကသ္မိ ဝုဏာ သဗ္ဗေ၊ ယတော သမုဒိတာ အဟုံ။**

၆၁။ ဩဝိတျဟိနုံ၊ဩဝိတျဟိနဒေါသသည်။ယထာ၊ဤဆိုအပ်လတံ့သောနည်းဖြင့်။ ဟောတိ၏။ယသ္မာ၊အကြင်ကြောင့်။သဗ္ဗေ၊အလုံးစုံကုန်သော။ဝုဏာ၊ဝုဏ်တို့သည်။မယိ ဧကသ္မိံငါတစ်ယောက်တည်း၌။သမုဒိတာ၊စုဝေးကုန်သည်။အဟုံ၊ဖြစ်ကုန်ပြီ။တတော တသ္မာ၊ ထိုကြောင့်။လောကေ၊လောက၌။အဟံ ဧကော၊ငါတစ်ယောက်တည်းကိုသာ။နိရန္တရံမပြတ် ပုဇနီယတရော၊ပူဇော်အပ်သောသူတို့ထက် အထူးသဖြင့် ပူဇော်အပ်၏။

* **ဩဝိတျဟိနဒေါသ အဓိပ္ပါယ် ။ ။** အသင့်ယုတ္တိမှ ကင်းသော ဝါကျသည် ဩဝိတျဟိနဒေါသ သင့်သော ဝါကျမည်ပါသည်။

* **အတီဝုတ္တဒေါသနှင့် ဩဝိတျဟိနဒေါသ အထူး ။ ။** သူတစ်ပါးကို အလွန်အကျူး ခြီးမွမ်းပြောဆိုခြင်းသည် အတီဝုတ္တဒေါသ၊ မိမိဂုဏ်ကို အလွန်အကျူး ခြီးမွမ်းပြောဆိုခြင်း သည် ဩဝိတျဟိနဒေါသ၊ ဤသို့ ထူးပါသည်။

* **ဩဝိတျဟိနဒေါသ သင့်သောပုံစံများ (အဖြေ ဂါထာ - ၁၀၃၊၁၀၆ )**

* **ပူဇနီယတရော(ပ) အဟုံ**--၌ "လောကသ္မိ ငါတစ်ယောက်တည်းသာ ပူဇော်ထိုက်၏ ငါတစ်ယောက်တည်းသာ အလုံးစုံသော ဂုဏ်ရှိ၏"ဟု ဆိုခြင်းသည် မိမိကိုယ်ကို အလွန် အကျူးခြီးမြှောက်၍ ဆိုအပ်သည်ဖြစ်၍ အသင့်ယုတ္တိမှ ကင်းသောကြောင့် ဩဝိတျဟိန ဒေါသ သင့်ပါသည်။

* **တစ်ပိုးလုံးအောက်၊ ငါတစ်ယောက်၌၊ စုရောက် ဂုဏ်ပေါင်း၊ ပြည့်နှက် အောင်း ၏** -- ၌ မိမိကိုယ်ကို ဂုဏ်တင်မြှောက်စားခြင်းဖြင့် အသင့်ယုတ္တိမရှိ၊ ပညာရှိတို့ ရယ်ဖွယ် ဖြစ်သောကြောင့် ဩဝိတျဟိနဒေါသ သင့်ပါသည်။

* ခဲ့တစ်ခါမှ မပေါက်ဘူးသော ဘ-ရသ့ေက ခဲ့ပေါက်လိုသူအား ခဲ့ဂဏန်းပေး သည်--၌ ယုတ္တိ ကင်းမဲ့သောကြောင့် ဩဝိတျဟိနဒေါသ သင့်ပါသည်။

* **ကြီးပွားခြင်းအား၊ စွန့်လွှတ်ငြားလည်း၊ တစ်ပါးသူတွက်၊ ရွှေ့ဆောင်ရွက်**--၌ အသင့် ယုတ္တိ မရှိသောကြောင့် ဩဝိတျဟိနဒေါသ သင့်ပါသည်။

* သည်လောကတွင်၊ပညာရှင်၊ ငါလျှင် ဖြစ်သတတ်။

* သောင်းသောင်းဖြဲဖြဲ၊ ပူဇော်ကြရန်၊ ငါသာတန်သည်၊ ကဲလွန် ဂုဏ်ထူးရှင်ပေမို့။

* ငါနှင့် ငါသာ၊ နှိုင်းစရာတည်း။

* မိုးထက် မိုးပြင်၊ မိုးတစ်ခွင်ဝယ်၊ နတ်မယ်တမျှ၊ နတ်မက သည်၊ အလှကြာ ဝတ် နေတို့လော။

* ချစ်ခဲ့သမျှ၊ နှစ်ကာလ၊ သခ်ျ သခ်ျာ၊ ကြာခဲ့ပြီ။

* စကားခွန်းစ၊ မျှော်ပါရသည်၊ ကမ္ဘာ့ ကမ္ဘာ၊ ကြာခဲ့ပြီ။

http://www.dhammadownload.com



* ရာဟုဖမ်း၍၊ ညှိုးနွမ်း မကြည်၊ နေမင်းသည်လျှင်၊ ချမ်းကြည်အေးမြေ မ-ပါစေ။

## ဩစိတျဟီနဒေါသ သင့်ပုံပြ ဂါထာ (၂)

၆၂။ (ယထာစ) ယာစိတော ဟံ ကထံ နာမ၊ နု ဒဇ္ဇာမျှပိ ဇီဝိတံ။
တထာပိ ပုတ္တဒါနေန၊ ဝေဓတေ ဟဒယံ မမ။

၆၂။ (စ၊ဩစိတျဟီနဒေါသ၏ ဥဒါဟရဏ်တနည်းကို ဆိုဦးအုံ့။ဩစိတျဟီန်၊ဩစိတျဟီနဒေါသသည်။ယထာ၊ဤဆိုအပ်လတံ့သောနည်းဖြင့်။ဟောတိ၊၏။)အဟံ၊ငါဝေဿန္တရာမင်း ကြီးသည်။ယာစိတော၊တောင်းအပ်သည်ရှိသော်။ဇီဝိတံပိ၊အသက်ကိုသော်လည်း။ကထံနာမ နု ဒဇ္ဇာမိ၊အဘယ်ကြောင့် မပေးဘဲ ရှိပါအုံ့နည်း။တထာပိ၊ထိုသို့ပင် အသက်ကို ပေးနိုင် သော်လည်း။ပုတ္တဒါနေန၊သားတော် သမီးတော်တို့ကို ပေးလှူခြင်းကြောင့်။မမ၊ငါ ဝေဿ န္တရာ မင်းကြီး၏။ဟဒယံ၊နှလုံးသည်။ဝေဓတေ၊တုန်လှုပ်၏။

* (တနည်း) ဩစိတျဟီနဒေါသ အဓိပ္ပါယ် ။ ။ ရှေ့နောက်အားဖြင့် စကားအစဉ် မညီညွတ်သည်ဖြစ်၍ အသင့်ယုတ္တိမှ ကင်းသောဝါကျသည် ဩစိတျဟီနဒေါသ သင့်သော ဝါကျ မည်ပါသည်။

* ဩစိတျဟီနဒေါသ သင့်သောပုံစံများ (အဖြေ ဂါထာ- ၁၀၃၊ ၁၀၆)

* ယာစိတော (ပ) ဝေဓတေ ဟဒယံ မမ--၌ "ငါ ဝေဿန္တရာမင်းကြီးသည် အလှူခံ ပုဂ္ဂိုလ်တို့အား အသက်ကိုသော်လည်း ပေးလှူအုံ့" ဟု ဝန်ခံသော ရှေ့စကားနှင့် "သားတော် သမီးတော်တို့ကို ပေးလှူရခြင်းကြောင့် စိတ်နှလုံးတုန်လှုပ်၏"ဟူသော နောက်စကား သည် ရှေ့နောက်အားဖြင့် အစဉ်မညီညွတ်သည်ဖြစ်၍ အသင့်ယုတ္တိမှ ကင်းသောကြောင့် ဩစိတျဟီနဒေါသ သင့်ပါသည်။

* ရွှေလသာသာ မှောင်မိုက်ထဲ။

* ဖန်ကတုံးနှင့် ရောင်ကြီးငွေ။

* နောက်လိုက်တွေ ဝိုလ်ခြေနှင့်၊ ရွှေကိုယ်တော် တစ်ယောက်တည်း။

* မြင်းစီးလို့ ခြေ လျင်လာ--ဟူသော စကားများသည် ရှေ့နောက် အသင့်ယုတ္တိ မရှိသောကြောင့် ဩစိတျ ဟီနဒေါသ သင့်ပါသည်။

* ခါချဉ်ကောင် မာန်သီးလို့ တောင်ကြီးဖြိုမည့်ကြဲ ခါးက မသန်။--၌ ရှေ့နောက်မညီ သောကြောင့် ဩစိတျဟီနဒေါသ သင့်ပါသည်။

* လှပါပေ့ကွာ၊ ပဘာ-က ရှဲ့။ ရွှေလည်တိုင် ဘေးတစ်ဖက်၊ ပွေးကွက်ကြောင့်မုန်း --၌ ရှေ့စကား နောက်စကား မညီညွတ်သောကြောင့် ဩစိတျဟီနဒေါသ သင့်ပါသည်။

* ဒုဿီလက ္ခဝိနည်းဝိုရ်၊ ကညာပျိုက ကိုယ်ဝန်ရ။

http://www.dhammadownload.com



* ဓားနဲ့ထိုး ဓားကျိုးပါလို့ လုံမှာခေါ်၊ ပျိုတို့မောင် ရွှေရောင်ငိုက် ဖြုတ်ကိုက်မှသေ။
* ရန်သူမတွေ့မီ ကြုံးဝါး၍ တွေ့သော် ပုန်းရှောင်သူ။
* ဆွေမျိုးချင်း နီးလျှင် တကျက်ကျက်၊ ဝေးလျှင် တသက်သက်။
* ကျွန်တော်ပါရှင်၊ ကျွန်မပါခင်ဗျား။
* ရေ မရှိ မြစ်လယ်ခေါင်၊ နှမ မရှိ သုံးယောက်မောင်၊ ထင်းမရှိ တောသုံးထောင်။

## ဘဂ္ဂရီတိ ဒေါသ သင့်ပုံပြ ဂါထာ

### ဘဂ္ဂရီတိ ယထာ

**၆၃။ ဣတ္ထိနံ ဒုဋ္ဌနာနဉ္စ၊ ဝိဿာသော နောပပဇ္ဇတေ။**
**ဝိသေ သိင်္ဂီမှိ နဒီယဲ၊ ရောဂေ ရာဇကုလမှိ စ။**

၆၃။ ဘဂ္ဂရီတိ၊ဘဂ္ဂရီတိဒေါသသည်။ယထာ၊ကျော်ဆိုအပ်လတ့်သောနည်းဖြင့်။ဟောတိ၊ ၏။ဣတ္ထိနံ၊မိန်းမတို့၏၊လည်းကောင်း။ဒုဋ္ဌနာနဉ္စ၊သူယုတ်တို့၏၊လည်းကောင်း။ဝိဿာသော၊ အကျွမ်းဝင်ခြင်းသည်။နောပပဇ္ဇတေ၊မသင့်လျော်။ဝိသေ၊အဆိပ်ရှိသော သတ္တဝါ၌လည်း ကောင်း။သိင်္ဂီမှိ၊ဉီးချိုရှိသော သတ္တဝါ၌လည်းကောင်း။နဒီယဲ၊မြစ်၌လည်းကောင်း။ရောဂေ၊ အနာရောဂါ၌လည်းကောင်း။ရာဇကုလမှိစ၊မင်းမျိုး၌လည်းကောင်း။ဝိဿာသော၊အကျွမ်း ဝင်ခြင်းသည်။နောပပဇ္ဇတေ၊မသင့်လျော်။

* **ဝါကျတ္ထ ဘဂ္ဂရီတိဒေါသ အဓိပ္ပါယ် ။ ။** ရှေးဦးစွာ အားထုတ်အပ်သော ဝိဘတ် အနက်၏ အစဉ်မှ ကျိုးပျက်သော ဝါကျသည် ဝါကျတ္ထ ဘဂ္ဂရီတိဒေါသ မည်ပါသည်။

* **ဝါကျတ္ထ ဘဂ္ဂရီတိဒေါသ သင့်သော ပုံစံများ (အဖြေ ဂါထာ- ၁၀၇-စ-၉ )**

* ဣတ္ထိနံ (ပ) ကုလမှိစ--- ၌ ရှေးဦးစွာ အားထုတ်အပ်သော "ဣတ္ထိနံ ဒုဋ္ဌနာနဉ္စ" ဟူသောပါဌ်၌ ဆဋ္ဌီဝိဘတ်ဖြင့် သမ္ဗန်အနက်ကိုဆိုပြီး၍ "ဝိဿာသော နောပပဇ္ဇတေ ရောဂေ ရာဇကုလမှိစ" ဟူသောပါဌ်၌ သတ္တမီဝိဘတ်ဖြင့် အာဓာရအနက်ကို ဆိုခြင်းသည် ရှေးဦးစွာ အားထုတ်အပ်သော သမ္ဗန်အနက်အစဉ်မှ ကျိုးပျက်သောကြောင့် ဝါကျတ္ထ ဘဂ္ဂရီတိဒေါသ သင့်ပါသည်။

* လူလေ လူယုတ်၊ ဒုဿီ ငနွား၊ မိန်းမများအား၊ လားလား ခင်မင်၊ ကျွမ်းဝင်နှင့်၊ အလျဉ်ထန်စီး၊ မြစ်ကြီးကိုရှောင်၊သားကောင်ချိုပါ၊ ရောဂါဆိုက၊ တွေ့သမျှကို၊ မကျွမ်းလို နှင့်၊ --- ၌ "ဒုဿီလနှင့် မိန်းမ" ဟူသောပုဒ်တို့ကို သမ္ဗဒါန်နှင့်ဆိုပြီးမှ "မြစ်နှင့် ဉီးချိုပါ သော သတ္တဝါ အနာရောဂါ"တို့ကို ကံနှင့်ဆိုသဖြင့် အနက်အစဉ်ကျိုးပျက်သောကြောင့် ဝါကျတ္ထ ဘဂ္ဂရီတိဒေါသ သင့်ပါသည်။

* ကိုယ့်ကြောင့် သူကြောင့်၊ ဘယ်သူကြောင့်ဟု၊ စိုးနှောင့်ဆင့်ဆင့်၊ မယားဖြင့်လည်း၊

http://www.dhammadownload.com



အေးခွင့်မပြု၊ သမီးနှင့်သား၊ စီးပွားတို့၌၊ စိတ်အိုက်မသာ၊ ပူဆာသောက၊ ဗျာပါဒဟု။

* ငယ်မယား၏၊ ကြင်သားအလိုက်၊ ကြီးပေါင်း၌လည်း၊ နှစ်ခြိုက်သက်ပုံ၊ ကြင်မော တုံရှင့်။

* ဘေးလည်းနန်းရိုး၊ ရွှေနန်းစိုး၏၊ ဘိုးလည်းနတ်ရှင်၊ ဘခင်မင်းခေါင်၊ ဘုန်စက်ရောင် ဖြင့်၊ ပြည်ထောင် အလုံး၊ တုတ်ခွန်ကျိုး၏။

* ဂေါ်ဝတ်မွေးရည်၊ သင့်တော့်သည်နှင့်၊ တိမ်နီလာခြုံ။

* ဆီလည်းရှိသည်၊ ဆားရှိသည်၊ ဆန်လည်းရှိသည်။--၌ "လည်း" နိပါတ် အထား ပျက်သောကြောင့် ဝါကျတွ ဘဂ္ဂရီတိဒေါသ သင့်ပါသည်။

*·အမေ၌လည်းရှိသေ၊ အဖေ့အားလည်းရှိသေ၊ ဘိုဘွားကိုလည်းရှိသေ။ -- သည် "၌, အား, ကို" ဟူသော ဝိဘတ်နက်အစဉ် ကျိုးပျက်သောကြောင့် ဝါကျတွ ဘဂ္ဂရီတိဒေါသ

## သသံသယဒေါသ သင့်ပုံပြ ဂါထာ

သသံသယ် ယထာ--

၆၄။ **မုနိန္ဒ စန္ဒိမာ လောက၊ ရသ လောလ ဝိရောစနော။**
**ဇနော ဝက္ကန္တ ပန္ဆောဝ၊ ဂေါ ပဒဿန ပီဏိတော။**

၆၄။ သသံသယ်၊သသံသယဒေါသသည်။ယထာ၊ဤဆိုအပ်လတ့်သောနည်းဖြင့်။ ဟောတိ၏။မုနိန္ဒ စန္ဒိမာ လောက ရသ လောလ ဝိရောစနော၊ဘုရားတည်းဟူသော လမင်း၏ အရောင်၌ တပ်နှစ်သက်သောကြောင့် လူပ်သော မျက်စိရှိသော။ဇနော၊လူ အပေါင်းသည်။အဝက္ကန္တ ပန္ဆောဝ၊လမ်းသို့ သက်သည်ဖြစ်၍သာလျှင်။ဂေါ ပဒဿနပီဏိ တော၊မင်္ဂလာရှိသော နွားကို မြင်ရခြင်းကြောင့် နှစ်သက်ဝမ်းမြောက်ခြင်းသည်။ဟောတိ၊ ၏။ (ဤကား အလိုမရှိအပ်သောအနက်) ဂေါ ပဒဿန ပီဏိတော၊အရောင်တော်ကို ဖူး မြင်ရခြင်းကြောင့် နှစ်သက်ဝမ်းမြောက်ခြင်းသည်။ဟောတိ၊၏။ (ဤကား အလိုရှိအပ်သော အနက်တည်း)

* **သသံသယဒေါသ အဓိပ္ပါယ်** ။ ။ တစ်ပုဒ်တည်း၌ အနက်နှစ်ပါးထွက်သည်ဖြစ်၍ ယုံမှားခြင်းရှိသော ဝါကျသည် သသံသယဒေါသသင့်သော ဝါကျ မည်ပါသည်။

* **သသံသယဒေါသ သင့်သော ပုံစံများ (အဖြေ ဂါထာ - ၁၁၀၊၁၁၁၊၁၁၂)**

* **ဂေါ ပဒဿန ပီဏိတော**-- ၌ ဂေါသဒ္ဒါသည် "အရောင်"ဟူသောအနက် "နွား" ဟူသောအနက်ကို ဟော၏။ထိုတွင် "နွား"ဟူသောအနက်၌ ထင်ရှား၍ "အရောင်"ဟူသော အနက်၌ မထင်ရှားရကား ဂေါသဒ္ဒါသည် "နွား"ဟူသောအနက်ကို ဟောလောသလောဟု ယုံမှားဖွယ်ရှိသောကြောင့် သသံသယဒေါသ သင့်ပါသည်။

http://www.dhammadownload.com



* သားနှင့်သမီး၊ ချစ်ဇနီးတို့၊ ဘေးကြီးရန်ကွာ၊ တားဆီးပါအံ့ --- ၌ "တားဆီး"ဟူသော စကားသည် ဝင်းခြဲစည်းရိုး,စသောအနက် ပရိတ်ဒေသနာဟူသောအနက်များ၌ ဖြစ်၍ ဘေးကိုမြင်၍ ဝင်းခြဲကာရံ စီမံခြင်းပေလော ပရိတ်ဒေသနာတော်ကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းပေလော-ဟု ယုံမှားဖွယ်ရှိသောကြောင့် သသဲသယဒေါသ သင့်ပါသည်။

* ကြိုကြိုတင်တင်၊ ဘေးကိုမြင်သော်၊ အိမ်တွင်ထားရန်၊ သူစိမ်း၏။

* ဝန်ကြီးချုပ်သည် သင်္ဘောပေါ်၌ အစွမ်းကုန် သန့်ရှင်းရန် တရားဟော၏။

* ဤသို့ ကျင့်လမ်း၊ မဂ်စခန်းကို၊ ရဟန်းတကာ၊ကျင့်မြဲသာတည်း။

* တွေဝေ ညှိုးငယ်၊ မျက်စိလည်၍၊ ပြင်ကျယ်မြစ်ထဲ၊ ကူးခိုင်ခဲသား၊ ဆင်းရဲယောကျ်ားလှေသမားလည်း၊ မားမားမလှုပ်၊ ကျွန်းမြိုင်အုပ်ကို၊ မိုးချုပ်လုနီး၊ နေဝင်ပြီးမှ၊ သီသီခြားခြား၊ တွေ့မြင်ငြားချ၊ ဝမ်းပါးတသာ။

* ခွေးဖြူတောမတိုး။

* ကြောင်ကိုမြင်သော် လိုချင်၏။

* ချစ်ခြင်း ခင်ခြင်း မကင်းခဲ့ပါ၊ ဆက်ဆံပေါင်းသင်း မယွင်းရှည်ကြာ။ လည်ခြင်းတွဲလို့ နွဲတဲ့သူပါ၊ သို့ဆိုက ဒေါသသံသယာ။

* အလွမ်းတွေ ဝေမယူချင်ပါနဲ့။

* မဖောက်ထုံး ရောင်းသည်။

* **အချက်မသီတော့ သားမက် သူခိုးထင်။**--၌ သားမက်အစစ်ကိုပင် သားမက်လေလော, သူခိုးလေလော-ဟု အထင်မှားခြင်းကြောင့် သသဲသယဒေါသ သင့်ပါသည်။

* **ငှက်မသီတော့ ဆက်ရက် ချိုးထင်။**--၌ ဆက်ရက်အစစ်ကို ချိုးလေလော, ဆက်ရက်လေလော-ဟု အထင်မှားခြင်းကြောင့် သသဲသယဒေါသ သင့်ပါသည်။

* **အဆက်မသီတော့ လက်အကျိုးထင်။**--၌ အဆက်အစစ်ကို အဆက်လေလော, အကျိုးလေလော-ဟု အထင်မှားခြင်းကြောင့် သသဲသယဒေါသ သင့်ပါသည်။

* **ကိုရင်ဇနောရသ "အကျော်" ရသတဲ့** ---၌ ဂုဏ်ထူးအကျော်, စားစရာ အကြော်စသည်ဖြင့် သံသယဖြစ်ဖွယ်ရှိသောကြောင့် သသဲသယဒေါသ သင့်ပါသည်။

---

## ဝါကျတ္ထ ဂါမွဒေါသ သင့်ပုံပြ ဂါထာ

၆၅။ **ဝါကျတ္ထတော ဒုပ္ပတိတ္တိ၊ ကရံ ဂါမွံ မတံ ယထာ။**
**ပေါသော ဗီရိယဝါ သောယံ၊ ပရံ ဟန္ဒာ နု ဗိဿဇီ။**

၆၅။ ဝါကျတ္ထတော၊ဝါကျအနက်အားဖြင့်။ဒုပ္ပတိတိ ကရံမကောင်းသဖြင့် သိအပ်သော အနက်ကိုပြုတတ်သော ဝါကျကို။ဂါမွန္တိ၊ဂါမွဒေါသ သင့်သောဝါကျဟူ၍။မတံ၊သိအပ်

http://www.dhammadownload.com



၏။တဲ့ ဂါမဏိဝါမဒေါသသင့်သော ဝါကျသည်။ယထာ၊ကျွဲဆိုလတံ့သောနည်းဖြင့်။ဟောတိ၊ ၏။ဝိရိယဝါ၊ဝိရိယရှိသော။သော အယံပေါသော၊ထိုယောက်ျားသည်။ပရံ၊သူတစ်ပါးကို။ ဟန္ဒာန၊ညှဉ်းဆဲနှိပ်စက်၍။ဝိဿမီ၊ပင်ပန်းခြင်းမရှိ။ (ဝါ) အပန်းဖြေ နားနေပြီ။ (ဤကား အလိုရှိအပ်သောအနက်) ဝိရိယဝါ၊ဆည်းပူးအပ်သော သုက်ရှိသော။သောအယံ ပေါသော၊ ထိုယောက်ျားသည်။ပရံ၊လွန်စွာ။ဟန္ဒာန၊လွန်ကြူးခြင်းကိုပြု၍။ဝိဿမီ၊ပင်ပန်းခြင်းမရှိ။ (ဝါ) အပန်းဖြေ နားနေပြီ။

* **ဝါကျတ္ထ ဂါမဏိဝါမ အဓိပ္ပါယ် ။ ။** ဝါကျအနက်အားဖြင့် မကောင်းသဖြင့် သိအပ်သော အနက်ကို ပြုခြင်းသည် ဝါကျတ္ထ ဂါမဏိဝါသင့်သော ဝါကျ မည်ပါသည်။

* **ဝါကျတ္ထ ဂါမဏိဝါ သင့်သောပုံစံများ (အဖြေ ဂါထာ - ၁၁၃ )**

***ပေါသော ဝိရိယဝါ သောယံ၊ ပရံ ဟန္ဒာ န ဝိဿမီ--ဝယ် ဝိရိယဝါဟူသော ပုဒ်၌ "ဝိရိယရှိသောသူ"ဟူသောအနက် "ဆည်းပူးအပ်သော သုက်ရှိသောသူ"ဟူသောအနက် နှစ်ပါးတွင် ဆည်းပူးအပ်သော သုက်ရှိသောသူ-ဟူသော အနက်သည် ရိုင်းပြသောအနက်ကို ပြုတတ်သောကြောင့် ဝါကျတ္ထ ဂါမဏိဝါ သင့်ပါသည်။**

* ဟန္ဒာန-ဟူသောပုဒ်၌ သတ်ပုတ်ညှဉ်းဆဲခြင်း လွန်ကြူးသွားလာခြင်း အနက်နှစ်ပါးတွင် လွန်ကြူးသွားလာခြင်းအနက်သည် ရိုင်းပြခြင်းကို ပြုတတ်သောကြောင့် ဝါကျတ္ထ ဂါမဏိ ဒေါသ သင့်ပါသည်။

* ယောက်ျားတို့အား၊ စွမ်းပကားနှင့်၊ မယားအတွက်၊ လုပ်နိုင်လျက်သား၊ ချစ်သက်ညာထွား၊ သမီးသားတို့၊ မွေးဖွားပြည့်ကြွယ်၊ အလွယ်တကူ၊ အားယူပြည့်တင်း၊ ချစ်စေခြင်းဟု၊ မင်းမင်းအလို၊ ပြည့်စိမ့်မည်။--၌ စကားအသုံးအနှုံး ယဉ်ကျေးသည်ဖြစ်စေ, ရိုင်းပြသည်ဖြစ်စေ ဝါကျတစ်ခုလုံး၏ အဓိပ္ပါယ်ချုံး၍ယူလျှင် သူတော်ကောင်းတို့ နားမချမ်းသာဖွယ်ရာ လွန်စွာရိုင်းပြသော အနက်ရှိသောကြောင့် ဝါကျတ္ထ ဂါမဏိဝါ သင့်ပါသည်။

* ညည့်,ခါကာလ၊ လုံးကြ၍သာ၊ ဖြာဖြာစီးစီး၊ သက်ကြီးရွှိက်ကာ၊ မျက်တောင်စင်း စင်း၊ ရိုးတွင်းစိမ့်လာ၊ သို့ဆိုက ဂါမဏိဒေါသာ။

* မိုးမှာရွှေကြယ် လဥတည်း။

---

**ဒုဋ္ဌာလင်္ကာရဏဒေါသ မည်ပုံ (ဒေါသသင့်ပုံ ပုံစံ - ၂၀၆၊ ၂၀၇၊ ၂၀၈ )**

**၆၆။ ဒုဋ္ဌာလင်္ကာရဏံတေတံ၊ ယတ္ထာ လင်္ကာရ ဒူသနံ။**
**တသာ လင်္ကာရ နိဒ္ဒေသေ၊ ရူပ မာဒိ ဘဝိဿတိ။**

၆၆။ ယတ္ထ ယသ္မိ ဝါကျေ၊အကြောင်ဝါကျ၌။ယံ အလင်္ကာရဒူသနံ၊အကြောင်အလင်္ကာကို ဖျက်ဆီးတတ်သော ဝါကျအနက်သည်။အတ္ထိ၊ရှိ၏။တဲ့၊စင်စစ်။တေံဝါကျံ၊ထိုဝါကျအနက်ကို

http://www.dhammadownload.com



မှီသောဝါကျသည်။ဒုဋ္ဌာလင်္ကရဏ်၊ဒုဋ္ဌာလင်္ကရဏဒေါသ သင့်သောဝါကျမည်၏။တသ ဒုဋ္ဌာလင်္ကရဏသ၊ထို့ဒုဋ္ဌာလင်္ကရဏဒေါသ၏။ရှုပ်၊ပြယုဂ်သည်။အလင်္ကာရနိဒ္ဒေသ၊ အလင်္ကာရတို့ကို ပြရာဖြစ်သော စတုတ္ထပိုင်း၌။အာဝိ၊ထင်စွာ။ဘဝိသတိ၊ဖြစ်လတ့ံ။

* **ဒုဋ္ဌာလင်္ကတီဒေါသ အဓိပ္ပါယ် ။ ။** ဥပမာအလင်္ကာ, ရူပကအလင်္ကာကို ဖျက်ဆီး တတ်သော ဝါကျသည် ဒုဋ္ဌာလင်္ကတီဒေါသ သင့်သောဝါကျမည်ပါသည်။

* **ဘိန္နလိင်္ဂေါပမာ ဒုဋ္ဌာလင်္ကတီဒေါသ အဓိပ္ပါယ် ။ ။** ဟံသီဝါယံ သသီ- ပုံစံ၌ "ဟံသီ"ဟူသော ဥပမာနပုဒ်သည် "သသီ"ဟူသော ဥပမေယျပုဒ်နှင့် လိင်မတူသော ကြောင့် ဘိန္နလိင်္ဂေါပမာ ဒုဋ္ဌာလင်္ကတီဒေါသ သင့်သောဝါကျ မည်ပါသည်။

* **ခဏ္ဍရူပက ဒုဋ္ဌာလင်္ကတီဒေါသ အဓိပ္ပါယ် ။ ။** စန္ဒိမာကာသ ပဒုမံ--ပုံစံ၌ ပဒုမ္မာကြောပန်း၏ တည်ရာဖြစ်သော တဘက်ဆည်ကန်တည်းဟူသော ကျိုးသော ရူပက ရှိသောကြောင့် ခဏ္ဍရူပက ဒုဋ္ဌာလင်္ကတီဒေါသ သင့်သောဝါကျမည်ပါသည်။

* **ဒုဋ္ဌာလင်္ကတီ (ဒုဋ္ဌာလင်္ကရဏ) သရုပ် ။ ။** ၁။ ဘိန္နလိင်္ဂေါပမာ၊ ၂။ ဝိဇာတိဝစနောပမာ၊ ၃။ ဟီနောပမာ၊ ၄။ အဓိကောပမာ၊ ၅။ အဖုတ္ထဝုပမာ၊ ၆။အပေက္ခိနောပမာ၊ ၇။ ခဏ္ဍိတောပမာ။

* **ဒုဋ္ဌာလင်္ကတီဒေါသ သင့်သောပုံစံ (အဖြေ ဂါထာ - ၁၁၄ )**

* **လ၌ ယုန်ငယ်၊ ပိတုန်းနှယ်သို့၊ ငါဝယ် ထင်ယောင်ထင်မှားတည်း--၌ လ-၏** ဥပမာနဖြစ်သော ပုပ္ပဂန္ဓ စသည်ကို ငဲ့သောကြောင့် ဥပမာပေကွိုနီ ဒုဋ္ဌာလင်္ကတီဒေါသ။ (ဝါ) ဥပမာအလင်္ကာပျက်သောကြောင့် ဒုဋ္ဌာလင်္ကတီဒေါသ သင့်ပါသည်။ (တနည်း) လမင်းဝယ် မည်းနက်သော ယုန်ရေးတံဆိပ်သည် ပိတုန်းနှင့် ထင်ယောင် ထင်မှား တူသည်ဟု ဆိုရာ၌ ယုန်ရေးကိုမှီရာ လ,နှင့်တကွ ဆိုသကဲ့သို့ ပိတုန်းကိုမှီရာ ကြာပန်းနှင့် တကွ မဆိုသောကြောင့် ဒုဋ္ဌာလင်္ကရဏဒေါသ သင့်ပါသည်။

**အလင်္ကာကျမ်း၌ မပါဝင်သေးသော သင္ကတကျမ်းလာ များစွာသော အပြစ်ဒေါသ တို့နှင့် ပတ်သက်၍ အလင်္ကာကျမ်းဆရာ၏ နိဂုံးချုပ် အမှာစကားပြ ဂါထာ**

၆၇။ ကတောတြ သခ်ေပနယာ မယာ ယံ၊ ဒေါသာန ့မေသံ ပဝရော ဝိဘာ ၀ေါ။
ဧသောဝလံ ဗောဓယိတုံ ကဝိနံ၊ တမတ္ထိ စေ ခေဒ ကရံ ပရမ္မိမ်။

၆၇။ အတြ အဓိကာရေ့ဤအလင်္ကာရအရာ၌။ဧသံ ဒေါသာန်၊ထိုဒေါသတို့၏။ ပဝရော၊မြတ်သော။အယံဝိဘာဂေါ်၊ဤဝေဖန်ခြင်းကို။သခ်ေပနယာ၊အကျဉ်းဖြစ်သော နည်း အားဖြင့်။မယာ၊ငါသည်။ကတောပြုပြင်စီရင်အပ်ပြီ။ကဝိန်၊ပညာရှိတို့၏။ခေဒ ကရံ၊ပင်ပန်း ခြင်းကို ပြုတတ်သော။ပရံ၊တစ်ပါး။သော။ယံ ဒုသန်၊အကြောင်ဒေါသသည်။စေ အတ္ထိ၊အကယ် ၍ ရှိခြားအံ့။ (ဝါ) အကယ်၍ ကြွင်းကုန်သေးခြားအံ့။တံဝိ သဒ္ဒံ၊ထိုကြွင်းကုန်သော အလုံး

http://www.dhammadownload.com



စုံသော အပြစ်ဒေါသကိုလည်း။ဧသော၀ သဒ္ဒေါပကမော၊ဤအကျဉ်းနည်းအားဖြင့် ပြုပြင်စီရင်အပ်ပြီးသော ဒေါသာ၀တော၀ အစီအရင်သည်သာလျှင်။ကဝိနံ၊ပညာရှိတို့အား။ တော၀ယိတုံ၊သိစေခြင်းငှာ။အလံ၊စွမ်းနိုင်လောက်ပြီ။

**အလင်္ကာ ပထမပိုင်း ပြီး၏။**

## ဒုတိယ ပရိစ္ဆေဒ
## ဒေါသပရိဟာရာ၀တော၀

၆၈။ **ကဒါစိ ကဝိ ကောသလ္လာ၊ ဝိရောဓော သကလော ပျယံ။**
**ဒေါသသန္နီ မတိက္ကမ္မ၊ ဥဏာဝိထိ ဝိဂါဟတေ။**

၆၉။ **တေန ဝုတ္တ ဝိရောဓန၊ မဝိရောဓော ယထာ သိယာ။**
**တထာ ဒေါသပရိဟာရော၊ ဝတော၀ော ဒါနိ နီယတေ။**

၆၈။ သကလောပိ၊အလုံးစုံလည်းဖြစ်သော။အယံ ဝိရောဓော၊ဤဒေါသသည်။ကဒါစိ၊ တရံတခါ၌။ကဝိ ကောသလ္လာ၊ပညာရှိတို့၏ အသိ အလိမ္မာဉာဏ်ပညာကြောင့်။ဒေါသသန္နီ၊ ဒေါသအရေအတွက်ကို။အတိက္ကမ္မ၊လွန်၍။ဥဏာဝိထိ၊ဥဏ်သဘောသို့။ယေန ကာရဏေန၊ အကြောင် အကြောင်းကြောင့်။ဝိဂါဟတေ၊သက်ဝင်နိုင်၏။

၆၉။ တေန ကာရဏေန၊ထိုအကြောင်းကြောင့်။ဝုတ္တ ဝိရောဓန၊ဆိုအပ်ပြီးသော ဒေါသတို့၏။ယထာ၊အကြောင်သို့သော အခြင်းအရာအားဖြင့်။အဝိရောဓော၊အပြစ်ကင်းခြင်း သည်။သိယာ၊ဖြစ်ရာ၏။တထာ၊ထိုသို့သောအခြင်းအရာအားဖြင့်။ဒေါသပရိဟာရာ၀တော ဓော၊အပြစ်ဒေါသတို့၏ အဖြေကို သိရာသိကြောင်းဖြစ်သော ဒေါသပရိဟာရာ၀ တော၀ ပိုင်းကို။ဒါနိ-ဣဒါနိ၊ယခုအခါ၌။မယာ၊ငါသည်။နီယတေ၊ဆောင်အပ်၏။

*** ပညာရှိများ ခီးမွမ်းနိုင်လောက်သည့် ကဗျာ၏ အင်္ဂါရုပ်များ**

ကျမ်းဂန်တို့၌ လေ့ကျက်ထားသော အသိအလိမ္မာ ဉာဏ်ပညာဖြင့် ရေးသားထားခြင်း (စကားအသုံးအနှုံး ကျွမ်းကျင်ခြင်း) ဒေါသလွတ်အောင် ရေးသားထားခြင်းတို့ ဖြစ်ပါသည်။

*** ဝုတ္တဝိရောဓ-အရ ။ ။** ဆိုအပ်ခဲ့ပြီးသော ၂၄-ပါးသော အပြစ်ဒေါသတို့ကို ယူရပါမည်။

*** အဝိရောဓ-အရ ။ ။** အပြစ်ဒေါသ၏ ဆန့်ကျင်ဘက်ဖြစ်သော ဂုဏ် ၁၀-ပါးကို ယူရပါမည်။

http://www.dhammadownload.com



* ဒေါသ ပရိဟာရာဝဟော၀-အရ ။ ။ ဒေါသ၏ အဖြေကို သိရာသိကြောင်း ဖြစ်သော ဒုတိယပိုင်းကို ယူရပါမည်။

**ဝိရုဒ္ဓတ္ထန္တရဒေါသမှလွတ်ပုံ အဖြေပြဂါထာ (၁)**

**တတ္ထ ဝိရုဒ္ဓတ္ထန္တရဿ ပရိဟာရော ယထာ--**

**၇၀။ ဝိန္ဒန္တိ ပါကသာလီနံ၊သာလီနံ ဒဿနာ သုခံ။**

**တံ ကထံ နာမ မေယော ယံ၊ဝိသဒေါ သုခယေ ဇနံ။**

တတ္ထ တေသု ဒေါသေသု၊ထိုဆိုအပ်ခဲ့ပြီးသော ဒေါသတို့တွင်။ဝိရုဒ္ဓတ္ထန္တရဿ၊ဝိရုဒ္ဓတ္ထန္တရဒေါသ၏။ပရိဟာရော၊အဖြေသည်။ယထာ၊ဤဆိုအပ်လတ္တံ့သော နည်းဖြင့်။ဟောတိ၊ဖြစ်၏။

၇၀။ ပါကသာလီနံ၊မှည့်ခြင်းနှင့်ယှဉ်ကုန်သော။(ဝါ)မှည့်ခြင်းကြောင့် နှစ်သက်ဖွယ်ရှိကုန်သော။သာလီနံ၊သလေးတို့ကို။ဒဿနာ၊မြင်းရခြင်းကြောင့်။သုခံ၊ချမ်းသာကို။ဝိန္ဒန္တိ၊ရသော။တံဇနံ၊ထိုလယ်သမားကို။ဝိသဒေါ၊အဆိပ်ကိုပေးတတ်သော။(ဝါ)ရောကိုပေးတတ်သော အယ် မေယော၊ဤမိုးသည်။ကထံ နာမ သုခယေ၊အဘယ်မှာ ချမ်းသာစေနိုင်အံ့နည်း။နသုခယေ၊မချမ်းသာစေနိုင်ရာ။

*** ဝိသဒေါ-ပုဒ်၌ ဝိရုဒ္ဓတ္ထန္တရ ဒေါသသင့်ပုံ / လွတ်ပုံ**

စပါးဖုံးတုန်း လုံးတုံးအခါ၌ "ဝိသဒေါ- အဆိပ်ကို ပေးတတ်သော"ဟု အနက်ပေးလျှင် ဝိရုဒ္ဓတ္ထန္တရ ဒေါသသင့်ပါသည်။

စပါးမှည့်သောအခါ "ဝိသဒေါ-အဆိပ်ကို ပေးတတ်သော"ဟု အနက်ပေးလျှင် ဝိရုဒ္ဓတ္ထန္တရဒေါသ မသင့်ပါ။

*** ဝိရုဒ္ဓတ္ထန္တရဒေါသမှ လွတ်ပုံ ပုံစံများ**

* အနည်းငယ်မျှ စိန်ကျောက်ရ၍။

* ကျောက်မျက်ခေါ်ဆို၊ စိန်ကို ပေးတတ်၊သူဌေးမြတ်ကား၊တော်စပ်မျိုးဆွေ၊ကြွယ်ဝစေ၏----၌ "ကျောက်မျက်ခေါ်ဆို"ဟူသော ဝိသေသနပုဒ်ကို ထည့်သွင်းပြင်ဆင် ဖွဲ့ဆိုခြင်းဖြင့် အဆိပ်စိန်ဟူသော ဆန့်ကျင်ဘက်အနက်တစ်ပါး မရှိသောကြောင့် ဝိရုဒ္ဓတ္ထန္တရဒေါသမှ လွတ်ပါသည်။

* ဘုန်ကြီးနှင့် မြာအလှ၊ရေတွင်းကျမှ ဖူးစာရေစက်ဆုံ သက်တုံ တက်တုံ ငင်တုံသေးကြိုးချင်း လိမ်ရှုပ်ထွေး--သည် "ရေစက်ဆုံ"ဟူသောပုဒ်ကို "ဖူးစာရေစက်ဆုံ"ဟု ပြင်ဆင်ဖွဲ့ဆိုခြင်းဖြင့် ရေစက်ရေပေါက်ဆုံ-ဟူသော အနက်တစ်ပါး မရှိသောကြောင့် ဝိရုဒ္ဓတ္ထန္တရဒေါသမှ လွတ်ပါသည်။

* တတ်ကျွမ်းလိမ္မာ ရွှေပန်းတိမ်ဆရာ ပြုလုပ်ပေးသော ရွှေပန်း။

http://www.dhammadownload.com



* နာဖျားမရှိ မထိဆင်းရဲ အိမ်သာထဲဝယ် မကွဲတူကွ မွေ့လျော်ကြသည် ရှေးက ကောင်းကျိုးကြမ္မာတည်း။

* သီးမျိုးခိုင်ညာ ပြွတ်သိပ်တည်း။

* **ဤ (၇၀) ဂါထာ၌ ရနိုင်သောဝုဏ်/မြောက်သောဝုဏ်**

စပ်အပ်သော ပုဒ်များ နီးနီးနားနားရှိပြီး ထင်ရှားသော အနက်ရှိခြင်းကြောင့် ပသာဒဂုဏ် ရပါသည်။ (၀၊) ပသာဒဂုဏ်မြောက်ပါသည်။

## ဝိရူဒ္ဓတ္ထန္တရဒေါသမှလွတ်ပုံ အဖြေပြဂါထာ (၂)

### ယထာ ဝါ

**ဝိနာယကောပိ နာဂေါသီ၊ ဂေါတမောပိ မဟာမတိ။**
**ပဏ္ဍိတောပိ ရသာပေတော၊ စိတ္တာ မေ သာမိ တေ ဂတိ။**

၇၁။ ဝါ၊တနည်းသောအဖြေသည်။ယထာ၊ဤဆိုအပ်လတ္တံ့သော နည်းဖြင့်။ဟောတိ။ ဖြစ်၏။သာမိ၊အရှင်။တွံ၊အရှင်သည်။ဝိနာယကောပိ၊ဂဋ္ဌန်ဖြစ်လျက်လည်း။နာဂေါ၊နဂါးသည်။ အသိ၊ဖြစ်၏။ဂေါတမောပိ၊နွားမိုက်ဖြစ်လျက်လည်း။မဟာမတိ၊မြတ်သောပညာရှိသည်။အသိ၊ ဖြစ်၏။ပဏ္ဍိတောပိ၊ချီမြှိန်သောအရသာ ဖြစ်လျက်လည်း။ရသာပေတော၊ချီမြှိန်သော အရသာမှ ကင်းသည်။အသိ၊ဖြစ်၏။သာမိ၊အရှင်။တေ၊အရှင်၏။ဂတိ၊ဖြစ်ပုံသည်။မေ၊အကျွန်ုပ် အား။စိတ္တာ၊ဆန်းကြယ်လှပါပေ၏။ **"ဤကား အလိုမရှိသော အနက်"**

သာမိ၊မြတ်စွာဘုရား။တွံ၊အရှင်ဘုရားသည်။ဝိနာယကောပိ၊သတ္တဝါတို့ကို ဆုံးမတော်မူ၍ သာလျှင်။နာဂေါ၊ကိလေသာ အညစ်အကြေးမှ ကင်းတော်မူသည်။အသိ၊ဖြစ်တော်မူပြီ။ဂေါတမော၊ဂေါတမအနွယ် ဖြစ်တော်မူ၍ သာလျှင်။မဟာမတိ၊မြတ်သောပညာနှင့်ပြည့်စုံသည်။အသိ၊ဖြစ်တော်မူပြီ။ပဏ္ဍိတောပိ၊မြတ်သောဘုရားဖြစ်တော်မူ၍ သာလျှင်။ရသာပေတော၊သိဂ်ါရစသော အရသာတို့ကို သာယာခြင်းမှ ကင်းတော်မူသည်။အသိ၊ဖြစ်တော်မူပြီ။ သာမိ၊မြတ်စွာဘုရား။တေ၊အရှင်ဘုရား၏။ဂတိ၊ဖြစ်ပုံသည်။မေ၊အကျွန်ုပ်အား။ စိတ္တာ၊ဆန်းကြယ်လှပါပေ၏။ **"ဤကား အလိုရှိအပ်သောအနက်"**

### * အဓျတ္ထဒေါသမှ လွတ်ပုံ အဖြေပြဂါထာ

### အဓျတ္ထဿ ယထာ

၇၂။ **ကထံ တာဒိဝုဏ္ဏာဘာဝေ၊လောကံ် တောသေတိ ဒုဒ္ဒနော။**
**ဩဘာသီတာ သေသဒီသော၊ခဇ္ဇောတောနာမ ကီ ဘဝေ။**

၇၂။ အဓျတ္ထဿ၊အဓျတ္ထဒေါသ၏။ပရိဟာရော၊အဖြေသည်။ယထာ၊ဤဆိုအပ်လတ္တံ့

http://www.dhammadownload.com



သော နည်းဖြင့်။ဟောတိ၊ဖြစ်၏။ဒုဇ္ဇနော၊သူယုတ်မာသည်။တာဒိ ဂုဏာ ဘာဝေ၊ထိုသို့သဘောရှိသော ဂုဏ်မရှိသည်အဖြစ်ကြောင့်။လောက်၊သတ္တဝါအပေါင်းကို။ကထံတောသေတိ၊အဘယ်မှာ နှစ်သက်စေနိုင်ပါအံ့နည်း။ဩဘာသိတာ သေသဒိသော၊အလုံးစုံသော အရပ်မျက်နှာကို ထွန်းလင်းတောက်ပစေနိုင်သော။ခဇ္ဇောတောနာမ၊ပိုးစုန်းကြူးမည်သည်။ကိ ဘဝေ၊အဘယ်မှာဖြစ်နိုင်ပါအံ့နည်း။နဘဝေ၊မဖြစ်နိုင်ရာ။

*** အဓျတ္ထဒေါသမှ လွတ်သော ပုံစံများ**

* လူအပေါင်းကို နှစ်သက်စေနိုင်သော လူယုတ်မာမည်သည် မရှိ။

* အဘယ်မျောက်ကို သိလရှိသောမျောက်ဟု သင်ကြားဘူးသနည်း။

* မြင့်မိုရ်ထက်ကြီးသော ဆီးစေ့မည်သည် မရှိ။

* နှမ်းဖတ်ချဉ် ဖြူဖြူဥ တောသူ့လက်သုံး--၌ "ဖြူဖြူဥ"ဟူသော ဝိသေသနသည် "နှမ်းဖတ်ချဉ်"ဟူသော ဝိသေသျနှင့် ထိုက်တန်သောကြောင့် အဓျတ္ထဒေါသမှ လွတ်၏။

* ပိုးစုန်းကြူးငယ်။ကောင်းကင်လယ်၌၊ ရပ်ဆယ်မျက်နှာ ထွန်းလင်းဖြာသည်၊ ဘယ်မှာဖြစ်တုံနိုင်အံ့နည်း။

* သေနှာ့သခင် စစ်ဘုရင်ဟု တိုင်းခွင်ကျော်ဟီး စစ်သူကြီးက သီးသီးရန်အင် ဖျက်ချိုးနှင်ခဲ့။--၌ "သေနှာ့သခင် စစ်ဘုရင်" ဟူသော ဝိသေသနသည် "စစ်သူကြီးက"ဟူသော ဝိသေသျနှင့် ထိုက်တန်သောကြောင့် အဓျတ္ထဒေါသမှ လွတ်ပါသည်။

*** ကိလိဋ္ဌဒေါသမှ လွတ်ပုံ အဖြေပြ ဂါထာ**

**၇၃။ ပဟေဋိကာယ မာရုဋ္ဌာ၊နု ဟိ ဒုဋ္ဌာ ကိလိဋ္ဌတာ။**
**ပိယာ သုခါလိဏိတံက၊ မာလင်္ဂိတိ နုနော ဣတိ။**

၇၃။ ကိလိဋ္ဌတာ၊ကိလိဋ္ဌဒေါသသည်။ပဟေဋိကာယ်၊ပဟေဋိသို့။အာရုဋ္ဌာ၊တင်အပ်သည်ရှိသော်။ဒုဋ္ဌာ၊ကိလိဋ္ဌဒေါသသည်။နဟိဟောတိ၊မဖြစ်နိုင်။ဥဒါဟရဏ်၊ဥဒါဟရဏ်သည်။ယထာ၊အဘယ်နည်း။ပိယာ၊မယားသည်။အာလိင်္ဂိတံ၊ပွေ့ပိုက်အပ်သော။က၊အဘယ်သူ့ကို။သုခံ၊ချမ်းသာသည်။နော အာလိင်္ဂိတိ နု၊မပွေ့ပိုက်ဘဲရှိပါအံ့နည်း။ဣတိ၊ဤကား ဥဒါဟရဏ်တည်း။

*** ဤဂါထာ၌ ကိလိဋ္ဌဒေါသမှ လွတ်ပုံ ။ ။** "ပိယာ"ဟူသောပုဒ်သည် ဓာတ်,ပစ္စည်း ဝိဘတ်တို့ဖြင့် ဝေဖန်၍ "မယား"ဟူသောအနက်ကို သိခြင်းငှာ ခဲယဉ်းသော်လည်း ဖရုသာပဟေဋိသို့ တင်သောအားဖြင့် ကိလိဋ္ဌဒေါသမှ လွတ်ပါသည်။

*** ကိလိဋ္ဌဒေါသမှ လွတ်သောပုံစံ**

* ငုတ်လုတ်ခွေလိပ်၊စာရေသိပ်လျက်၊စက်အိပ်မပျော်၊တမ်းကာမျှော်လိမ့်၊ညည့်သော်

http://www.dhammadownload.com



ဆည်းဆာ တိုင်ခဲ့ပြီ--၌ "ဂေါဓုလီ"ဟူသော အသိခက်သောစကားလုံးကို သိလွယ်သော စကားလုံးနှင့် ပြင်ဆင်ထားသောကြောင့် ကိလိဋ္ဌဒေါသမှ လွတ်ပါသည်။

### * ကိလိဋ္ဌဒေါသသင့်သော ယမက-၏ အဖြေပြဂါထာ

၃၄။ ယမကေ နော ပယောဇေယျ၊ကိလိဋ္ဌပဒ မိစ္ဆိတေ။
တတော ယမကမညံ တု၊သဗ္ဗမေတံ မယံ ဝိယ။

၃၄။ ဣစ္ဆိတေ၊အလိုရှိအပ်သော။ယမကေ၊ယမက၌။ကိလိဋ္ဌပဒံ၊ကိလိဋ္ဌဒေါသ သင့်သောပုဒ်ကို။(ဝါ)အသိခက်၍ ရှုပ်ရှက်သောပုဒ်ကို။နောပယောဇေယျ၊မယှဉ်ရာ။တု၊အထူးကို ဆိုဦးအုံ့။တတော ယမကတော၊ထိုအလိုရှိအပ်သော ကိလိဋ္ဌဒေါသမှ လွတ်သော ယမကမှ။ အညံ၊တစ်ဖါးသော။သဗ္ဗံအလုံးစုံသော။ယမကံ၊ယမကသည်။ဧတံ မယံဝိယ၊ထိုကိလိဋ္ဌဒေါသ သည် ဖြစ်စေအပ်သကဲ့သို့ ဖြစ်၏။(ဝါ)ကိလိဋ္ဌဒေါသသင့်သော ယမကမည်၏။

### * ဒေသဝိရောဓိဒေါသမှ လွတ်ပုံ အဖြေပြဂါထာ
### ဒေသဝိရောဓိနော ယထာ

၃၅။ ဟေဓိသတ္ထပ္ပဘာဝေန၊ထလေပိ ဇလဇာနျဟုံ။
နုဒန္တာနိဝ သုစိရာ၊ဝါသက္ကေသံ တဟိဇလေ။

၃၅။ ဒေသ ဝိရောဓိနော၊ဒေသဝိရောဓိဒေါသ၏။ပရိဟာရော၊အဖြေသည်။ယထာ၊ဤ ဆိုအပ်လတ္တံ့သောနည်းဖြင့်။ဟေ၊တိ၊ဖြစ်၏။ဟေဓိသတ္ထပ္ပဘာဝေန၊ဘုရားလောင်း၏ တန်ခိုးတော်ကြောင့်။တဟိ၊ထိုသုမေဓာ ရှင်ရသေ့အား ဒီပင်္ကရာမြတ်စွာဘုရား ဗျာဒိတ်ကြားတော်မူသောအခါ၌။ဇလဇာနိ၊ရေ၌ဖြစ်သော ပဒုမ္မာကြာပန်းတို့သည်။တဟိ ဇလေ၊ထိုရေ၌။သုစိရာ ဝါသက္ကေသံ၊ကြာမြင့်စွာ နေရခြင်းကြောင့်ဖြစ်သော ပင်ပန်းညောင်းညာခြင်းကို။နုဒန္တာနိဝ၊ ပယ်ဖျောက်ကုန်သကဲ့သို့။ထလေပိ၊ကုန်း၌လည်း။အဟုံ၊ဖြစ်ကုန်ပြီ။

* ရေ၌ပွင့်ရုံ၊ ကြာပဒုံလည်း၊ သုံးဘုံထွတ်ထား၊ ဘုန်းတော်အားကြောင့်၊ မြင့်မားတောင်ထက်၊ ဖူးငုံယှက်သည်၊အံ့ချက်မဆုံးတည်း--သည် "ရေ၌သာ ပွင့်ကြမြဖြစ်သော ပဒုမ္မာကြာပန်းမျိုးသည် ကုန်း၌ပေါက်ရောက်သည်"ဟု ဆိုသော်လည်း ဘုရားလောင်း၏ တန်းခိုးအာနုဘော်ကြောင့် ဖြစ်ရကား "ဒေသဝိရောဓိဒေါသ"မှ လွတ်ပါသည်။

### * ကာလဝိရောဓိဒေါသမှ လွတ်ပုံ အဖြေပြဂါထာ
### ကာလဝိရောဓိနော ယထာ

၃၆။ မဟာနုဘာဝ ဝိသုနော၊မုနိနော မန္ဒ မာရုတော။

http://www.dhammadownload.com



**သဗ္ဗောတုကမယံ ဝါယိ၊ဓုနန္တော ကုသုမံ သမံ။**

၇၆။ ကာလဝိရောဓိနော၊ကာလဝိရောဓိဒေါသ၏။။ပရိဟာရော၊အဖြေသည်။။ယထာ၊ ဤ ဆိုအပ်လတ္တံ့သောနည်းဖြင့်။။ဟောတိ၊ဖြစ်၏။။အယံ မန္ဒ မာရုတော၊ဤလေပြေလေညင်း သည်။။သဗ္ဗာတုကံ၊အလုံးစုံသော ဥတုဥပွင့်သော။။ကုသုမံ၊ပန်းမျိုးစုံကို။။သမံ၊အညီအညွတ်။။ ဓနန္တော၊တိုက်ခတ်လျက်။။မုနိနော၊မန္ဓတ်ဖြစ်လတ္တံ့ဖြစ်၍ မုနိဟု ဆိုအပ်သော ဘုရားလောင်း သုမေဓာရှင်ရသေ့၏။။မဟာနုဘာဝ သုပိနော၊ကြီးစွာသော တန်ခိုးတော်ကိုပြလျက်။။ဝါယိ၊ ညှင်းညှင်းသာသာ တိုက်ခတ်လာလေပြီ။။

* လူတို့သင်းကျစ်၊ ဘုန်းတော်သစ်၍၊ ဆဲ့နှစ်ရာသီ၊ ဖူးငုံစီသည်၊ လီလီပန်းခိုင်၊ မွှေးပျံ့ ကြိုင်လျက်၊ တပြိုင်တည်းသာ၊ ပွင့်ကြရာ၏--သည် ဆောင်း,နွေ,မိုး-ဟူသော ဥတုသုံးပါး ဆဲ့နှစ်ရာသီ၌ အသီး အသီးပွင့်ကြသော ပန်းများသည် မြတ်စွာဘုရား ဓမ္မစကြာတရားကို ဟောတော်မူသောနေ့၌ တန်ခိုးတော်အားဖြင့် တပြိုင်တည်း တပေါင်းတစုတည်း အလု အယက် ပွင့်ကြသည်ကို ရည်ရွယ်၍ ဖွဲ့ဆိုသောကြောင့် ကာလဝိရောဓိဒေါသမှ လွတ်၏

*** ကလာဝိရောဓိဒေါသမှ လွတ်ပုံ အဖြေပြဝါထာ**
**ကလာဝိရောဓိနော ယထာ**

**၇၇။ နိမုဂ္ဂ မာနသော ဗုဒ္ဓ၊ဂုဏော ပဥ္စသိခဿ ဝိ။**
**တန္တိဿရ ဝိရောဓော သော၊န သမ္မီဏေတိ ကံ ဇနံ။**

၇၇။ ကလာဝိရောဓိနော၊ကလာဝိရောဓိဒေါသ၏။။ပရိဟာရော။အဖြေသည်။။ယထာ၊ ဆိုအပ်လတ္တံ့သောနည်းဖြင့်။။ဟောတိ၊ဖြစ်၏။။ဗုဒ္ဓ ဂုဏော၊မြတ်စွာဘုရား၏ ဂုဏ်တော်၌။ နိမုဂ္ဂ မာနသော၊သက်ဝင်သော စိတ်ရှိသော။။ပဥ္စသိခဿဝိ၊ပဉ္စသိခန္ဓတ်သား၏လည်း။။ သောတန္တိဿရဝိရောဓော၊ထိုစောင်းသံ၏ ဆန့်ကျင်ခြင်းသည်။။ကံ ဇနံ၊အဘယ်သူကို။နသမ္မီ ဏေတိ၊မနှစ်သိမ့်စေနိုင်ဘဲ ရှိပါအံ့နည်း။။သမ္မီဏေတိ ဇဝါနှစ်သိမ့်စေနိုင်သည်သာလျှင်တည်း။။

* ကျမ်းဂန်များကို၊ ကျက်ဆိုကြအများ၊ သို့မှသာ စာမေးခန်းမှာ ဒေါင်ပန်းနှင့်ငြား --၌ ခန်း- ပန်း-ဟု ချဲ့ထွင်၍ ဒွေးချိုးအင်္ဂါနှင့် ညီညွတ်သောကြောင့် ကလာ ဝိရောဓိဒေါသမှ လွတ်ပါသည်။

*** လောကဝိရောဓိဒေါသမှ လွတ်ပုံ အဖြေပြဝါထာ**
**လောကဝိရောဓိနော ယထာ**

**၇၈။ ဂဏယေ စတ္တဂါဠိဒေါ၊စန္ဒနာယဝိ သီတလံ။**
**သမ္မောဓိသတ္တ ဟဒယော၊ပဒိတ္တဂိရ ပူရိတံ။**

http://www.dhammadownload.com



၇၈။ လောကဝိရောဓိနော၊လောကဝိရောဓိဒေါသ၏။ပရိဟာရော၊အဖြေသည်။ ယထာ၊ဤဆိုအပ်လတ္တံ့သောနည်းဖြင့်။ဟောတိ၊ဖြစ်၏။သော သမ္မောဓိသတ္တ ဟဒယော၊ ထိုသတ္တဥုတဉာဏ်၌ တပ်မက်နှစ်သက်သောစိတ်နှစ်လုံးရှိတော်မူသော ဘုရားလောင်းသည် ပဒီတ္တဂိရ ပူရိတ်၊ရဲရဲခြောင်ခြောင် တောက်လောင်လျက်ရှိသော မီးကိုးခဲတို့ဖြင့် ပြည့်သော။ စက္ကဝါဠဉာဏ်။စကြဝဠာကို။စန္ဒနာယပိ။စန္ဒကူးနံ့သာထက်လည်း။သီတလံ၊အေးမြ၏၊ဟူ၍။ဂဏယေ၊ ရေတွက်မှတ်ယူရာ၏။

* သတ္တညုတာ၊ ဖြစ်လိုလျှ၍၊ စက္ကဝါတိုက်၊ မီးလောင်မြိုက်လည်း၊ ခိုက်ခိုက်တုန်စွာ၊ ဖြေရှာ၏။--သည် သုမေဓာရှင်ရသေ့၏ သတ္တညုတဉာဏ်ကို ရလိုသော အာသာဆန္ဒ အလွန်ကြီးမားခြင်းကို ပြဆိုသော အရာဌာနဖြစ်သောကြောင့် လောကဝိရောဓိဒေါသ မှ လွတ်ပါသည်။

* မီးသည် အေး၏၊ စန္ဒကူးသည် ပူ၏၊ရှားပင်သည် အနှစ်မရှိ၊ ကြက်ဆူပင်သည် အနှစ်ရှိ၏-ဟူသော စကားများ၌ လောကဝိရောဓိဒေါသမှ လွတ်ပုံ

သတ္တညုတဉာဏ်၌ ငြိကပ်သော စိတ်နှလုံးရှိတော်မူသော ဘုရားလောင်း၏ တန်ခိုး တော်ကြောင့် ဖြစ်သည်ဟု ဆိုသောကြောင့် လောကဝိရောဓိဒေါသမှ လွတ်သည်။

## * ဉာယဝိရောဓိဒေါသမှ လွတ်ပုံ အဖြေပြဝါထာ ဉာယဝိရောဓိနော ယထာ

၇၉။ **ပရိစ္စ ဘဝေါဝိ တွ၊မုပနိုတ ဘဝေါ အသိ။**
**အစိန္တ္ယ ဝုဏသာရာယ၊နမော တေ မုနိပုင်ဝ။**

၇၉။ ဉာယဝိရောဓိနော၊ဉာယဝိရောဓိဒေါသ၏။ပရိဟာရော၊အဖြေသည်။ယထာ၊ဤ ဆိုအပ်လတ္တံ့သောနည်းဖြင့်။ဟောတိ၊ဖြစ်၏။မုနိပုင်ဝ၊မုနိုင်းပါးတို့၏ ရှေ့သွားဖြစ်တော်မူ သော ရှင်တော်ဘုရား။တွံ၊ရှင်တော်ဘုရားသည်။ပရိစ္စတ္တဘဝေါဝိ၊မိမိအဲတွက် စွန့်အပ်ပြီး သော သုဂတိဘဝ၊ဒုဂ္ဂတိဘဝ ရှိသော်လည်း။ဥပနိတဘဝေါ၊သတ္တဝါတို့ကို သုဂတိဘဝသို့ ဆောင်တော်မူတတ်သည်။အသိ၊ဖြစ်ပြီ။အစိန္တ္ယဝုဏ သာရာယ၊မကြံစည်နိုင်သော ဂုဏ်အနှစ် ရှိတော်မူသော။တေ၊ရှင်တော်ဘုရားအား။နမော၊ရှိခိုးပါ၏။

* ကြံစည်မကုန်၊ ဘုန်းတော်ဂုဏ်နှင့်၊ပြည့်စုံထင်ရှား၊ဒို့ဘုရားသည်၊ကြီးပွားခြင်းအား စွန့်လွှတ်ငြားလည်း၊တစ်ပါးသူတွက် ရွေ့ဆောင်ရွက်၏။--၌ မကြံစည်နိုင်သော ဂုဏ်ရှိသော ဘုရား, ရဟန်းတို့ ရှေ့သွား ဒို့ဘုရား-ဟု စပ်ဆိုခြင်းသည် အသင့်ယုတ္တိရှိသောကြောင့် ဉာယဝိရောဓိဒေါသမှ လွတ်ပါသည်။

http://www.dhammadownload.com



*** အာဂမဝိရောဓိဒေါသမှ လွတ်ပုံ အဖြေပြဂါထာ**

**အာဂမဝိရောဓိနော ယထာ**

**၈၀။ နေဝါလပတိ ကေနာဝိ၊ဝစီဝိညတ္တိတော ယတိ။**
**သမ္မဇ္ဇာန မုသာဝါဒါ၊ဖုသေယျာ ပတ္တိ ဒုက္ကဋံ။**

**၈၀။** အာဂမဝိရောဓိနော၊အာဂမဝိရောဓိဒေါသ၏။ပရိဟာရော၊အဖြေသည်။ယထာ၊ ဤဆိုအပ်လတ္တံ့သောနည်းဖြင့်။ဟောတိ၊ဖြစ်၏။ယတိ၊ရဟန်းသည်။ကေနာပိ၊တစုံတယောက်သောသူနှင့်လည်း။နေဝါလပတိ၊စကားမဆို။တထာပိ၊ထိုသို့ပင်မဆိုပါသော်လည်း။ ဝစီဝိညတ္တိတော၊ဝစီဝိညတ်ကြောင့်ဖြစ်သော။သမ္မဇ္ဇာနမုသာဝါဒေါ၊သိလျက်ချွတ်ယွင်းသော စကားကိုဆိုခြင်းကြောင့်။အာပတ္တိ ဒုက္ကဋ်၊ဒုက္ကဋ်အာပတ်သို့။ဖုသေယျ၊ရောက်ရာ၏။

* ဒါန သိလံ၊ပြုလုပ်မှုက၊ နိဗ္ဗာန်သုခ၊ ခံစားရမည်၊ မှုခ္ခဏက် မလွဲတည်း။--သည် ဒါနံ မောက္ခပဒံ ဝရံ-ဟူသော ပါဠိတော်နှင့် ညီညွတ်သောကြောင့် အာဂမဝိရောဓိဒေါသမှ လွတ်ပါသည်။

*** နေယျဒေါသမှ လွတ်ပုံ အဖြေပြဂါထာ (၁)**

**နေယျဿ ယထာ**

**၈၁။ မရီစိ စန္ဒနာလေပ၊လာဘာ သိတ မရီစိနော။**
**ဣမာသဗ္ဗာပိ ဓဝလာ၊ဒိသာ ရောစန္တိ နိဗ္ဗုရံ။**

**၈၁။** နေယျဿ၊နေယျဒေါသ၏။ပရိဟာရော၊အဖြေသည်။ယထာ၊ဤဆိုအပ်လတ္တံ့သောနည်းဖြင့်။ဟောတိ၊ဖြစ်၏။သိတမရီစိနော၊အေးမြသော အရောင်ရှိသော လမင်း၏။ မရီစိ စန္ဒနာလေပလာဘာ၊အရောင်တည်းဟူသော စန္ဒကူးကို လိမ်းကျံရခြင်းကြောင့်။သဗ္ဗာပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ဣမာဒိသာ၊ဤအရပ်မျက်နှာတို့သည်။ဓဝလာ၊ဖွေးဖွေးဖြူသော အရောင်ရှိကုန်သည်ဖြစ်၍။နိဗ္ဗုရံ၊အလွန်အကဲ။ရောစန္တိ၊တင့်တယ်တောက်ပကုန်၏။

* ဆယ်ရပ်ဒိသာ၊ စန်းရောင်ဖြာ၍၊ သာလွန်ထွေတူ၊ ဖွေးဖွေးဖြူ၏-- ၌ "စန်းရောင်ဖြာ၍" ဟူသော အံကြောင်းကိုဆောင်၍ စပ်ဆိုသောကြောင့် နေယျဒေါသမှ လွတ်ပါသည်။

*** နေယျဒေါသမှ လွတ်ပုံ အဖြေပြဂါထာ (၂)**

**ယထာ ဝါ**

**၈၂။ မနော နုရဉ္ဇနော မာရ-ဂံနာ၊ သိဂိရ ဝိဇ္ဇမော။**
**ဇိနေနာ သမနုညာတော၊ဟရဿ ဟဒယာ နုလော။**

**၈၂။** ဝါ၊တနည်းသောအဖြေသည်။ယထာ၊ဤဆိုအပ်လတ္တံ့သောနည်းဖြင့်။ဟောတိ။ ဖြစ်၏။မနောနုရဉ္ဇနော၊ကြည့်ရှု နားထောင်သောသူတို့၏စိတ်နှလုံးကို ရွှင်ပြုံးတပ်စွဲစေနိုင်

http://www.dhammadownload.com



သော။မာရဏ်နာ သိင်္ဂါရ ဝိဘ္ဘမော၊မာရ်မင်း၏သို့သုံးယောက်တို့၏ သိင်္ဂါရ ရသဖြင့် တင့်တယ်စံပယ်ခြင်းကို။ဇိနေန၊မြတ်စွာဘုရားသည်။အသမနုညာတော၊ခွင့်ပြုတော်မမူအပ်သည်ဖြစ်၍။ မာရသ၊မာရ်မင်း၏။ဟဒယော နလော၊နှလုံးပူလောင်ခြင်းသည်။ဟောတိ၊ဖြစ်၏။

* **နေယျဒေါသ မသင့်သော ပုံစံများ**

* မြစ်ရေကြီး၏--ဟု ဆိုရာ၌ မြစ်ညာဖြစ်သော အထက်အရပ်ဝယ် မိုးရွာသောကြောင့် ရေကြီးသည်ဟု ရေကြီးခြင်း၏ အကြောင်းကို မှန်းဆ၍ သိရသောကြောင့် နေယျဒေါသ မသင့်ပါ။

* ဒေဝဒတ်သည် နေ့အခါ မစား၊ သို့သော် ဝနေ၏--ဟု ဆိုရာ၌ နေ့အခါမစားသော်လည်း ညအခါစားသောကြောင့်သာ ဝနေခြင်းဖြစ်၏ဟု ဝခြင်း၏ အကြောင်းကို မှန်းဆ၍ သိရသောကြောင့် နေယျဒေါသ မသင့်ပါ။

* ပသေယျ တံ ဝဿသတံ အာရောဂျံ။

* အဆွေ၌မှာ သက်တစ်ရာလျှင် မနာမဖျား မြင်လိုငြား၏--ဟု ဆိုရာ၌ ငါမြင်လို၏ဟူသော စကားဖြင့်ပင် မိမိလည်း အသက်တစ်ရာ ရှည်လို၏ဟူသော အဓိပ္ပါယ်ကို မှန်းဆ၍ သိရသောကြောင့် နေယျဒေါသမှလွတ်၍ အတ္ထဗျတ္တိဂုဏ်မြောက်ပါသည်။

* သား ရွှေအိုးထမ်းလာတာ မြင်ချင်ပါတယ်--ဟူသောစကားသည် မိမိတို့လည်း မျက်စိမြင်လိုခြင်းဟူသော အကြောင်းကို မှန်းဆ၍ သိရသောကြောင့် နေယျဒေါသ မသင့်

* ယနေ့ တစ်ယောက်စာပဲ ထမင်းပို့တော့--ဟူသော စကားသည် ယနေ့ တစ်ယောက်ပဲ ရှိတော့၏ တစ်ယောက် မရှိတော့ဟူသော အဓိပ္ပါယ်ကို မှန်းဆ၍ သိရသောကြောင့် နေယျဒေါသ မသင့်ပါ။

---

*** ဝိသေသနာပေက္ခဒေါသမှ လွတ်ပုံ အဖြေပြဂါထာ**

**ဝိသေသနာပေက္ခဿ ယထာ**

**၈၃။ အပယာတာ ပရာမဋ္ဌံ၊အယံ ဝေရီ ဇနံ ဇနော။**
**ကောဓ ပါဠလ ဘူတေန၊ဘိယျောပဿတိ စက္ခုနာ။**

**၈၃။** ဝိသေသနာပေက္ခဿ၊ဝိသေသနာပေ ့ဒေါသ၏။ပရိဟာရော၊အဖြေသည်။ ယထာ၊ဤဆိုအပ်လတ့ံသောနည်းဖြင့်။ဟောတိ၊ဖြစ်၏။အယံ ဝေရီဇနော၊ဤရန်သူဖြစ်သော လူအပေါင်းသည်။အပယာတာ ပရာဓံ၊ကင်းသောအပြစ်ရှိသော။ဇနံ ပဝိ၊လူအပေါင်းကိုလည်း။ ကောဓ ပါဠလဘူတေန၊ဒေါသကြောင့် မျက်ထောင့်ဖြူနီသည် ဖြစ်၍ဖြစ်သော။စက္ခုနာ၊ မျက်စိဖြင့်။(၎)မှ ဂ်စောင်းဖြင့်။ဘိယျော၊အလွန်အကဲ။ပဿတိ၊ကြည့်ရှု၏။

* ဤယောက်ျားကား၊ ပြစ်မှားမရှိ၊ ကြည့်တိတိကို၊မျက်စိနီစွာ၊ကြည့်ကာကာတည်း

http://www.dhammadownload.com



--၌ မုနိ်းချင်ကြည့်လျှင် "နီစွာ"ဟုထည့်၊ ချစ်၍ ကြည့်လျှင် "ကြည်သာ"ဟု ထည့်သွင်းပေးခြင်းကြောင့် ဝိသေသနာပေကွဒေါဝါသမှ လွတ်ပါသည်။

*** ဟီနတ္ထဒေါသမှ လွတ်ပုံ အဖြေပြဂါထာ**

**ဟီနတ္ထဿ ယထာ**

**၈၄။ အပ္ပကာနမ္မိ ပါပါနံ၊ပဘာဝံ နာသယေ ဗုဓော၊**
**အပိ နိပ္ပဘတာနိတ၊ခဇ္ဇောတော ဟောတိ ဘာဏုမာ၊**

**၈၄။** ဟီနတ္ထဿ၊ဟီနတ္ထဒေါသ၏။ပရိဟာရော၊အဖြေသည်။ယထာ၊ဤဆိုအပ်လတ္တံ့သောနည်းဖြင့်။ဟောတိ၊ဖြစ်၏။ဗုဓော၊ပညာရှိသည်။အပ္ပကာနံပိ၊အနည်းငယ်လည်း ဖြစ်ကုန်သော။ပါပါနံ၊မကောင်းမှုတို့၏။ပဘာဝံ၊အစွမ်းသတ္တိကို။နာသယေ၊ဖျက်ဆီးရာ၏။ဘာဏုမာ၊နေမင်းသည်။အပိ နိပ္ပဘတာနိတ ခဇ္ဇောတော၊ပိုးစုန်းကြူးတို့၏ အရောင်မရှိသည်၏၊အဖြစ်ကိုပင်လည်း ပြုတတ်သည်။ဟောတိ၊ဖြစ်၏။

* ပိုးစုန်းကြူး၏၊ကွန့်မြူးထွန်ပြောင်၊အရောင်ကိုသော်လည်းပယ်ဖျက်ဆီးသည်၊အံ့ဩဖွယ်ရာ၊ဒီဝါကရုတောက်ပထိန်ဝင်း၊ရှင်နေမင်း။--၌ ပိုးစုန်းကြူး၏ ကွန့်မြူးထွန်းပြောင် အရောင်ကိုသော်လည်း-ဟု ဆိုလျှင် နေမင်း၏ ဂုဏ်ကို တက်စေသောကြောင့် ဟီနတ္ထဒေါသမှ လွတ်ပါသည်။

* ကျား,သစ် များမြောင်၊တွေ့တိုင်းအောင်သည်၊တောတောင်သနင်း ခြင်္သေ့မင်း -၌ ကျား,သစ်များမြောင် တွေ့တိုင်းအောင်-ဟူသော ဝိသေသနသည် ခြင်္သေ့မင်း-ဟူသော ဝိသေသျနှင့် ထိုက်တန်၍ ဂုဏ်တက်စေသောကြောင့် ဟီနတ္ထဒေါသမှ လွတ်ပါသည်။

*** အနတ္ထဒေါသမှ လွတ်ပုံ အဖြေပြဂါထာ**

**အနတ္ထဿ ယထာ**

**၈၅။ နာ ပါဒပူရဏတ္ထာယ၊ပဒံ ယောဇယျ ကတ္ထစိ၊**
**ယထာ ဝန္ဒေ မုနိန္ဒဿ၊ပါဒပင်္ကေ ရုဟံ ဝရံ၊**

**၈၅။** အနတ္ထဿ၊အနတ္ထဒေါသ၏။ ပရိဟာရော၊အဖြေသည်။ ယထာ၊ဤဆိုအပ်လတ္တံ့သောနည်းဖြင့်။ဟောတိ၊ဖြစ်၏။ကတ္ထစိ၊တစုံတခုသော ပါဒ၌။ပါဒပူရဏတ္ထာယ၊ပါဒပြည့်စေခြင်း အကျိုးငှာ။ပဒံ၊ပုဒ်ကို။နာ ယောဇယျ၊မယှဉ်စေရာ။တံ ဥဒါဟရဏံ၊ထိုဥဒါဟရဏ်သည်။ယထာ၊ဤဆိုအပ်လတ္တံ့သောနည်းဖြင့်။ဟောတိ၊ဖြစ်၏။မုနိန္ဒဿ၊မြတ်စွာဘုရား၏ ဝရံ၊မြတ်သော၊ပါဒပင်္ကေ၊ခြေတော်အစုံ ကြာပဒုံကို။ဝန္ဒေ၊ရှိခိုးပါ၏။

* ပြင့်မိုရ်နှင့်သာ၊တောင်တကာသို့နှိုင်းရာမဲ့ဘူး၊သွယ်မြင့်ဖြူးမျှ၊လူပြည်မှာပင်၊တု မမြင်

http://www.dhammadownload.com



သည်--၌ "လည်း, ၌, တွင်" အပိုဒ်ပြည့်ရုံ ကာရန်ညီရုံ အနက်မရှိသော စကားများ မပါသောကြောင့် အနတ္ထဒေါသမှ လွတ်ပါသည်။

* ဧကတ္ထဒေါသမှ လွတ်ပုံ အဖြေပြဝါထာ

၈၆။ ဘယ တောဓ ပသံသာဒိ၊ဝိသေသော တာဒိသော ယဒိ။
ဝတ္ထုံ ကာမိယတေ ဒေါသော၊နု တတ္ထေ ကတ္ထတာ ကတော။

၈၆။ ဘယ ကောဓ ပသံသာဒိ၊ကြောက်ခြင်း,အမျက်ထွက်ခြင်း,ခို့မွမ်းခြင်း အစရှိသော တာဒိသော၊ထိုသို့သဘောရှိသော။ဝိသေသော၊အထူးကို။ဝတ္ထုံ။ဆိုခြင်းငှာ။ယဒိ ကာမိယတေ၊ အကယ်၍ အလိုရှိအပ်ငြားအံ့။တတ္ထ တသ္မိဝိသေသေ၊ထိုသို့သဘောရှိသော ကြောက်ခြင်း, အမျက်ထွက်ခြင်း ခို့မွမ်းခြင်း အစရှိသော အထူး၌။ဧကတ္ထတာ ကတော၊ဧကတ္ထဒေါသ၏ အဖြစ်ဖြင့်ပြု၊အပ်သော။ဒေါသော၊အပြစ်သည်။နတ္ထိ၊မရှိ။

* ဧကတ္ထဒေါသမှ လွတ်ပုံ ပုံစံ

ယထာ

၈၇။ သပ္ပေါ သပ္ပေါ အယံ ဟန္ဒ၊နိဝတ္ထတု ဘဝံ တတော။
ယဒိ ဇီဝိတု ကာမောသိ၊ကထံ တ မုပသပ္ပသိ။

၈၇။ ဥဒါဟရဏ်၊ဥဒါဟရဏ်သည်။ယထာ၊ကျဲ့ဆိုအပ်လတ္တံ့သောနည်းဖြင့်။ဟောတိ။ ဖြစ်၏။ဟန္ဒ၊ပင်ပန်းပါဘိ။အယံသတ္တော၊ကျဲ့သတ္တဝါသည်။သပ္ပေါသပ္ပေါ၊မြွေကြီးမြွေကြီး။ဘဝံ၊ အရှင်သည်။တတော၊ထိုအရပ်မှ။နိဝတ္တတု၊ပြန်လည်ဆုတ်နစ်ပါလော့။ဇီဝိတုကာမော၊အသက်ရှည်လိုသည်။ယဒိ အသိ၊အကယ်၍ဖြစ်ငြားအံ့။ကထံ၊အဘယ်ကြောင့်။တံသပ္ပံ၊ထိုမြွေသို့။ ဥပသပ္ပသိ၊ကပ်ရောက်ဘိသနည်း။

မေး ။ သပ္ပေါ သပ္ပေါ-ဟူသော သဒ္ဒါသည် အဘယ့်ကြောင့် အဘယ်ဒေါသမှ လွတ်သည်ကို ရေးပြပါ။

ဖြေ။ * သပ္ပေါ သပ္ပေါ --သည် နှစ်ကြိမ်ထပ်၍ ဆိုထားသော်လည်း ဘယ-အာမေဍိတ် ဖြစ်သောကြောင့် သဒ္ဒဧကတ္ထဒေါသမှ လွတ်ပါသည်။

* သာဓု သာဓု--သည် ခို့မွမ်းခြင်း ပသံသ အာမေဍိတ် ဖြစ်သောကြောင့် သဒ္ဒ ဧကတ္ထဒေါသမှ လွတ်ပါသည်။

* ဘဂ္ဂရီတိဒေါသမှ လွတ်ပုံ အဖြေပြဝါထာ
ဘဂ္ဂရီတိနော ယထာ

၈၈။ ယောကောစိ ရွှပါတိသယော၊ကန္တိ တာဝိ မနောဟရာ။

http://www.dhammadownload.com



**ဝိလာသာ တိသယော ကောပိ၊အဟော ဗုဒ္ဓ မဟောဒယော။**

၈၈။ ဘဂ္ဂရိတိနော၊ဘဂ္ဂရိတိဒေါသ၏။ပရိဟာရော၊အဖြေသည်။ယထာ၊ကျ်ဆိုအပ်လတ္တံ့သောနည်းဖြင့်။ဟောတိ၊ဖြစ်၏။ယောရူပါတိသယော၊အကြင်အဆင်းတော်၏ လွန်ကဲခြင်းသည်။အတ္ထိ၊ရှိ၏။သော ရူပါတိသယော၊ထိုအဆင်းတော်၏လွန်ကဲခြင်းသည်။ကောပိ၊အဘယ် ဆိုဖွယ်ရာရှိပါအံ့နည်း။မနောဟရော၊ဖူးမြော်သူတို့၏ စိတ်နှလုံးကို ယူကျုံးသွေးဆောင်နိုင်သော။ကန္တိ၊နှစ်သက်စဖွယ် သပ္ပါယ်လှပတော်မူခြင်းသည်။ကာပိ၊အဘယ်ဆိုဖွယ်ရာရှိပါအံ့နည်း။ဝိလာသာတိသယော၊သွားခြင်း,လာခြင်း စသည်တို့၏ အလွန်အကျူး ကွန့်မြူးစံပယ်တော်မူခြင်းသည်။ကောပိ၊အဘယ် ဆိုဖွယ်ရာရှိပါအံ့နည်း။ဗုဒ္ဓ မဟောဒယော၊ မြတ်စွာဘုရား၏ မြင့်မြတ်ကြီးပွားတော်မူခြင်းသည်။အဟော၊သြော်---အံ့သြဖွယ် ရှိပေစွ။

* ဤခေတ် ဤခါ။ ဤရာဇာနှင့်၊ ဤမှာသောင်းကျန်း၊ ဤသရမ်းတို့၊ ငြိမ်းချမ်းဘို့ရာ၊ ဝေးဝေးကွာလိမ့်--၌ 'ဤ'ဟူသော သဗ္ဗနာမ်ပုဒ်ကို အစဉ်မပျက် သုံးစွဲခြင်းကြောင့် ဘဂ္ဂရိတိဒေါသမှ လွတ်ပါသည်။

* သည်မင်း သည်စိုး၊ သည်သူဦးနှင့်၊ သည်မိုး သည်လေ၊ သည်လူတွေနှင့်။

* သူတော်မထေရ်၊ ငါ့အရည်နှင့်၊ ငါသည်တွေးဆ၊ ငါစိတ်ကမူ၊ ဒုက္ခမချွတ်၊ကျေဝဋ်တွင်းမှာ။

* မြေမှန်မျိုးမှန်၊ စိုက်နည်းမှန်၊ ရာသီမှန်အောင်စိုက်။

* ငါ့ဘေးနန်းစိုး၊ ငါ့ဘိုးနန်းရ၊ငါ့ဘနန်းပိုင်၊ ငါနန်းထိုင်၍--၌ ငါ့-ဟူသော သဗ္ဗနာမ်အစဉ် မကျိုးပျက်သောကြောင့် ဘဂ္ဂရိတိဒေါသမှ လွတ်ပါသည်။

*** ဗျာကိဏ္ဏဒေါသမှ လွတ်ပုံ အဖြေပြဝါထာ**

၈၉။ အဗျာမောဟ ကရံ ဗန္ဓံ၊အဗျာကိဏ္ဏံ မနောဟရံ။
အဒူရ ပဒဝိနာသံ၊ပသံသန္တိ ကဝိဿရော။

၈၉။ အဒူရပဒဝိနာသံ၊မဝေးလွန်းသဖြင့် ပုဒ်တို့ကို ထားခြင်းရှိသော။အဗျာကိဏ္ဏံ၊ရောယှက် ရှုပ်ထွေးခြင်းမရှိသော။မနောဟရံ၊ပညာရှိတို့၏ စိတ်နှလုံးကို နှစ်သက်စေနိုင်သော။အဗျာမောဟ ကရံ၊တွေဝေခြင်းကို မပြုတတ်သော။ဗန္ဓံ၊အဖွဲ့အနွဲ့ကို။ကဝိဿရာ၊မြတ်သော ပညာရှိတို့သည်။ပသံသန္တိ၊ချီးမွမ်းကြကုန်၏။

*** ဗျာကိဏ္ဏဒေါသ မသင့်အောင် ရေးသားစီကုံးနည်း** ။ ။ ၁။ အဒူရပဒဝိနာသ-စပ်သင့်ရာပုဒ်များကို နီးနီးကပ်ကပ်ထား၍ စီကုံးခြင်း၊ ၂။ အဗျာကိဏ္ဏ-မစပ်သင့်သောပုဒ်တစ်ပါးတို့နှင့် ရောယှက်ခြင်း မရှိအောင် စီကုံးခြင်း၊ ၃။ မနောဟရ- ပညာရှိ စိတ်နှလုံးကို ယူကျုံးဆွဲဆောင်နိုင်သော အဖွဲ့ဗန္ဓဖြစ်အောင် စီကုံးခြင်း၊ ၄။ အဗျာမောဟကရ- အနက်

http://www.dhammadownload.com



အဓိပ္ပါယ်ယူရာ၌ ၈၀ ၈၀၀ ယုံမှားတွေးတောမှု မရှိသော အဖွဲ့ဗန္ဓဖြစ်အောင် ရေးသား စီကုံးခြင်း တို့ဖြစ်ပါသည်။

*** ဗျာကိရဏဒေါသမှ လွတ်မြောက်ပုံ ပုံစံ**

**ယထာ**

၉၀။ **နီလုပ္ပလာဘံ နယနံ၊ဗန္ဓုက ရူစိရော ဓရော။**
**နာသာ ဟေမင်္ဂိသော တေန၊ဇိနော ယံ ပိယဒဿနော။**

၉၀။ ဥဒါဟရဏ်၊ဥဒါဟရုဏ်သည်။ယထာ၊ဤဆိုအပ်လတ္တံ့သောနည်းဖြင့်။ဟောတိ၊ ဖြစ်၏။ယဿ ဇိနဿ၊အကြင်မြတ်စွာဘုရား၏။နယနံ၊အကြင်မျက်လုံးတော် အစုံသည်။ နီလုပ္ပလာဘံ၊ကြာညိုပန်းအတူ တင့်တယ်တော်မူ၏။အဓရော၊အောက်နှုတ်ခမ်းတော်သည်။ ဗန္ဓုက ရူစိရော၊လယ်ခေါင်းရန် အသွေးကဲ့သို့နီတွေး တင့်တယ်တော်မူ၏။နာသာ၊နှာခေါင်း တော်သည်။ဟေမင်္ဂိသော၊ရွှေချွန်းအလား မပိပြားပေ။တေန၊ထို့ကြောင့်။အယံ ဇိနော၊ဤ မြတ်စွာဘုရားသည်။ပိယ ဒဿနော၊ဖူးမြော်ချင်စဖွယ် လှပတင့်တယ်တော်မူပါပေ၏။

* မျက်လုံးအစုံ၊ကြည်ညိုပုံတည်း၊အစုံနှုတ်ခမ်း၊မိုးစွေပန်းသို့၊နီမြန်းတင့်တယ်၊ကြည်ညို ဖွယ်တည်း။--၌ စပ်သင့်သောပုဒ်များ နီးကပ်စွာထား၍ ပေါ်လွင်ထင်ရှားသောကြောင့် ဗျာကိရဏဒေါသမှ လွတ်ပါသည်။

* ဘုရား တရား၊ သံဃာများနှင့်၊ ပြဒါးမည်ရာ၊ ဤလေးဖြာကို၊မကွာနိစ္စ၊ ဓာရဏာ ဖြင့်၊ အတ္ထအနက်၊ လွန်သိခက်၏။--၌ စပ်သင့်သော ရတနာသုံးပါးကို အစဉ်အတိုင်း နီး နီးထား၍ စပ်သောကြောင့် ဗျာကိရဏဒေါသမှ လွတ်ပါသည်။

*** ဂါမဏ္ဍိဒေါသမှ လွတ်ပုံ အဖြေပြဝါထာ**

၉၁။ **သမတိက္ကန္တ ဂါမဏ္ဍီ၊ကန္တဝါစာ ဘိသဒ်္ဓတံ။**
**ဗန္ဓနံ ရသ ဟေတုတ္တာ၊ဂါမဏ္ဍီ အတိဝတ္တတိ။**

၉၁။ သမတိက္ကန္တ ဂါမဏ္ဍီ၊လွန်မြောက်ပြီးသော ဂါမဏ္ဍိဒေါသ၏အဖြစ်ရှိသော။ကန္တဝါစာ ဘိသဒ်္ဓတံ၊နှစ်သက်အပ်သောစကားဖြင့် စီရင်အပ်သော။ဗန္ဓနံ၊အစီအကုံးအဖွဲ့အနွဲ့သည်။ ရသဟေတုတ္တာ၊သိဂ်ီရ ရသ၏အကြောင်းဖြစ်ကြောင့်။ဂါမဏ္ဍီ၊ဂါမဏ္ဍိဒေါသ၏အဖြစ်ကို။အတိ ဝတ္တတိ၊လွန်မြောက်နိုင်၏။

*** ဂါမဏ္ဍိဒေါသမှ လွတ်ပုံ ပုံစံ**

**ယထာ**

၉၂။ **ဒုနောတိ ကာမ စဏ္ဍာလော၊သော မံ သဒယ နိဒ္ဒယော။**
**ဤဒိသံ ဗျသနာပန္နံ၊သုခီဝိ တိမုပေက္ခသေ။**

http://www.dhammadownload.com



၉၂။ ဥဒါဟရဏ၊ဥဒါဟရဏ်သည်။ယထာ၊ဤဆိုအပ်လတ္တံ့သောနည်းဖြင့်။ဟောတိ၊ဖြစ်၏။သဒ္ဒယ၊ကရုဏာရှင် အိုချစ်လင်း။နိဒ္ဒယော၊သနားခြင်းမရှိသော။သော ကာမ စက္ကာလော၊ထိုသင်၌ ခွဲလမ်း၍နေသော ကာမဂုဏ်တည်းဟူသော ဒွန်းစက္ကားသည်။မံ၊ကျွန်တော်မကို။ဒုနောတိ၊ဖျက်ဆီးနေပါ၏။ဤဗိသံ၊ဤသို့သဘောရှိသော။ဗျသနာပန္နံ၊ပျက်စီးခြင်းသို့ရောက်၍နေသော။မံ၊ကျွန်တော်မကို။တွံ၊သင်သည်။သုဒီပိ၊အသစ်ပေါင်းသင် ခဲမ်းသာခြင်းသို့ ရောက်ပါလျက်လည်း။ကိံ၊အဘယ်ကြောင့်။ဥပေက္ခသေ၊ပြန်စောင်းမပြု လျစ်လျူရှုဘိသနည်း။

* အသားနုလျက်၊ ညိုပြာညက်နှင့်၊ နူတ်မြွက်ချိုမြ၊ မောင့်နှမ၊--၌ ရိုင်းပြသောစကား မပါသောကြောင့် ဂါမဒေါသမှ လွတ်ပါသည်။

* လိမ္မာယဉ်ကျေး၊မြူလေးမှန်ကွာ၊မဒ္ဒိတာရှိ၊ကိုကို့သက်လျာ၊သင့်အတွက်ကြောင့်၊ ရှည်ကြာကျိုးမပြီး ကိုကြီးသေလိမ့်မှာ။

* ခင်ကိုမြင်ရ၊ ယဉ်စစမို့၊ဘဝမကွာ၊ကြည်အေးစွာဖြင့်၊မေတ္တာရေစင်၊နှောလိုက်ချင်၏ --၌ မေတ္တာရေစင် နှောလိုက်ချင်၏-ဟု ယဉ်ကျေးစွာ သွယ်ဝိုက်၍ဆိုသောကြောင့် ဂါမဒေါသမှ လွတ်ပါသည်။

* **ဂါမဒေါသမှ လွတ်ပါက ရောက်နိုင်သောဂုဏ်** သုခုမာလတာဂုဏ်ဖြစ်သည်။

---

*** ယတိဟီနဒေါသ၏ အဖြေပြယုဂ်ကို ပထမပရိစ္ဆေဒ၌ ဆိုအပ်ခဲ့ပြီဟု ညွှန်ပြပုံ**

၉၃။ ယတိ ဟီန ပရိဟာရော၊န ပုနေ ဒါနိ နိယတော။
ယတော နသဝနုဗ္ဗေဂံ၊ဟေဋ္ဌာယေတံ ဝိစာရိတံ။

၉၃။ ယတောယသ္မာ၊အကြင်ကြောင့်။သဝနုဗ္ဗေဂံ၊နောက်ထပ်တဖန် ယတိဟီနဒေါသ၏ အဖြေကို ကြားနာလိုသော အကြံအစည်သည်။သောတူနံ၊စာသင်သားတို့အား။နတ္ထိ၊မရှိတော့ပြီ။ဇေတံ၊ထိုယတိဟီနဒေါသ၏အဖြေကို။ဟေဋ္ဌာ၊အောက်ဖြစ်သော ဒေါသဝဟေဝပိုင်း၌။ဝိစာရိတံ၊စိစစ်ဖြေဆိုအပ်ခဲ့လေပြီ။တတော တသ္မာ၊ထို့ကြောင့်။ယတိဟီန ပရိဟာရော၊ယတိဟီနဒေါသ၏အဖြေကို။ဣဒါနိ၊ယခုအခါ၌။ပုန၊တစ်ဖန်။န နိယတော၊မထုတ်ဆောင်အပ်တော့ပြီ။

---

*** ကမစ္ဆုတဒေါသမှ လွတ်ပုံ အဖြေပြဂါထာ**

**ကမစ္ဆုတဿ ယထာ**

**၉၄။ ဥဒါရ စရိတောသိ တွံ၊တေနေဝါ ရာဓနော တွယိ။**
**ဒေသံ ဝါ ဒေဟိ ဂါမံဝါ၊ခေတ္တံ ဝါ မမ သောဘနံ။**

http://www.dhammadownload.com



၉၄။ ကမစ္ဆုတာသဃ၊ကမစ္ဆုတဒေါသ၏။ပရိဟာရော၊အဖြေသည်။ယထာ၊ဤဆိုအပ်လတ္တံ့ သောနည်းဖြင့်။ဟောတိ၊ဖြစ်၏။သာမိ၊အရှင်။တွံ၊အရှင်သည်။ဥဒါရ စရိတော၊လွန်စွာပေး ကမ်းတတ်သော အကျင့်ရှိသည်။အသိ၊ဖြစ်၏။တေနေဝ၊ထို့ကြောင့်သာလျှင်။တွယိ၊အရှင်၌။ မမ၊အကျွန်ုပ်၏။အာရာဓနာ၊မြို့ဝဲခြင်းသည်။(ဝါ)တောင်းခြင်းသည်။အသိ၊ဖြစ်ပြီ။မမ၊အကျွန်ုပ် အား။သောဘနံ၊တင့်တယ်ကောင်းမြတ်သော။ဒေသံဝါ၊ဇနပုဒ်ကိုမူလည်း။ဒေဟိ၊ပေးပါလော့။ ဂါမံဝါ၌ရွာ,နိဂုံးကိုမူလည်း။ဒေဟိ၊ပေးပါလော့။ခေတ္တံဝါ၊လယ်ကိုမူလည်း။ဒေဟိ၊ပေးပါလော့။

* ဣဝဏ္ဏုဝဏ္ဏာ စ္ဆလာ။

* ဘုရား တရား၊ သံဃာအားလျှင်၊ ညွတ်တွားသဖွါ၊ဆရာ မိဘ၊ဟူသမျှကို၊ ဒွါရ မနော၊ သဒ္ဒါစောလျက်။--၌ လောကဒ္ဒ သုံးစွဲမြဲဖြစ်သော အမြတ် အယုတ် အစဉ်ကျသော ကြောင့် ကမစ္ဆုတဒေါသမှ လွတ်ပါသည်။

* ရှင်ချစ် ခွေးမ၊ မိဘမျိုးဆွေ၊ဘော်ဖွေသိသူ။

* ရင်လည် ဦးရစ်၊တိုင်အောင်နစ်သား--၌ လောကပြောရိုး အစဉ်မပျက်သောကြောင့် ကမစ္ဆုတဒေါသမှ လွတ်ပါသည်။

* တစ်ထောင်ငွေစင်၊ မ-ဝေချင်၏၊ မခင်ပါက၊ တစ်ရာမျှကို၊ ထိုမှ ကြွပ်လျှင်၊ တစ် ဆယ်ပင်တည်း၊ အရှင်သူဌေးကျွန်ုံကိုပေးလော့---ဟူသောစကားသည် အများကစ၍ တောင်းရကား တောင်းရိုး တောင်းစဉ် ကျသောကြောင့် ကမစ္ဆုတဒေါသမှ လွတ်ပါသည်။

## * အတိဝုတ္ထဒေါသမှ လွတ်ပုံ အဖြေပြဂါထာ အတိဝုတ္ထဿ ယထာ

၉၅။ မုနိန္ဒ စန္ဒ သမ္မုတ၊ယသော ရာသိ မရီစိနံ။
သကလောပျယ မာကာသော၊နာဝကာသော ဝိဇမ္ဘနေ။

၉၅။ အတိဝုတ္ထဿ၊အတိဝုတ္ထဒေါသ၏။ပရိဟာရော၊အဖြေသည်။ယထာ၊ဤဆိုအပ် လတ္တံ့သောနည်းဖြင့်။ဟောတိ၊ဖြစ်၏။မုနိန္ဒ စန္ဒ သမ္မုတ ယသော ရာသိ မရီစိနံ၊မြတ်စွာ ဘုရားတည်းဟူသော လမှဖြစ်သော ကျော်စောခြင်းအစုတည်းဟူသော အရောင်တို့ကို။ ဝိဇမ္ဘနေ၊ဖြန့်သည်ရှိသော်။သကလောပိ၊အလုံးစုံလည်းဖြစ်သော။အယံ အာကာသော၊ဤ ကောင်ကင်းသည်။အဝကာသော၊တည်ရာသည်။(ဝါ)ဆန့်ကျင်သည်။နဟောတိ၊မဖြစ်။


## * အတိဝုတ္ထဒေါသမှ လွတ်သောပုံစံများ

* လမင်းဘုရား၊ ထင်ရှားရောင်တော်၊ ဖြန့်လိုက်သော်လျှင်၊ မိုးပေါ်အာကာ၊ ကောင်း ကင်ပြာသည်၊ တီမှာ ဆန့်နိုင်အံ့နည်း--၌ အတိဝုတ္ထဒေါသမှ လွတ်မြောက်၍ ကန့်ဂုဏ် မြောက်ပါသည်။

http://www.dhammadownload.com



* အောင်ဆန်းဝိုလ်ချူပ် ဂုဏ်ကိုထုတ်သော် အဟုတ်မြန်ပြည် မဆန့်ပြီတည်း။
* လစ္ဆဝီ လစ္ဆဝီ ပရိသတ်ကို တာဝတိံသာ နတ်ပရိသတ်နှင့် ထပ်တူကြည့်ကြ။
* အာကာကို လွှာပုံပြုပါလို့ မေရုကိုတဲ့ စုတ်တံခို့။သမုဒ်ကို မင်ရေဖျော်လို့ ချစ်တာတွေ စာစီကုံးရယင် ဆုံးအံ့ မထင်။--၌ ချစ်ခင်ကြောင်း ပြဆိုသောအရာ အလွန်အကျူးပြောဆိုသောကြောင့် အတိဝုတ္တဒေါသမှ လွတ်ပါသည်။
* ကမ္ဘာတွင် နေဇာတုံးမှ မောင်မုန်းပုံမယ်။
* တစ်နေ့တစ်ရက် အတွေ့ခက်တော့ ဆယ်သက် ဆယ်ကမ္ဘာထင်တယ်ခင်။
* တစ်နေ့ တစ်ရက် အတွေ့ခက်လျှင် လွမ်းရက်ရာထောင် ဝေတယ်ခင်။
* စိုးပါနဲ့မေရယ် မိုးကြယ်ဖို့လား။
* သည်တောင်ကို မောင်ဖြိုပါမယ် မြင့်မိုရ်ဖို့လား။--ဟူသော ကဗျာသည် ကြိုးဝါးသော အရာဖြစ်သောကြောင့် အတိဝုတ္တဒေါသမှ လွတ်ပါသည်။
* တစ်နေ့တစ်လံ ပုဂံဘယ်ပြေးမလဲ။



*** အပေတတ္ထဒေါသမှ လွတ်ပုံ အဖြေပြဝါထာ**

**၉၆။ ဝါကျံ့ ဗျာပန္နံ စိတ္တာနုံ၊အပေတတ္ထံ အနိန္ဒတံ။**
**တေနမ္ဟတ္ထကာဒီနံ တံ၊ဝစနာညတြ ဒုဿတိ။**

**၉၆။** ဗျာပန္နံ စိတ္တာနုံ၊ဖောက်ပြန်ခြင်းသို့ရောက်သောစိတ် ရှိကုန်သောသူတို့၏။ဝါကျံ့။ အပေါင်းဖြစ်သော အနက်မှကင်းသော ဝါကျကို။အပေတတ္ထံ၊အပေတတ္ထသင့်သော ဝါကျဟူ၍။အနိန္ဒတံ၊မကဲ့ရဲ့အပ်။တေန၊ထို့ကြောင့်။တံ ဝါကျံ့၊ထိုအပေါင်းဖြစ်သော အနက်မှကင်းသော စကားသည်။ဥမ္မတ္တကာဒီန်းဆူးသောသူ စသည်တို့၏။ဝစန်း၊စကားကို။အညတြ၊ကြဉ်၍။ ဒုဿတိ၊အပေတတ္ထဒေါသသင့်၏။

*** အပေတတ္ထ မသင့်သော စကားများ ။ ။** ၁။ အနူနစကား။ ၂။ ကလေးသူငယ်စကား။ ၃။ ပညာမဲ့သော မိန်းမစကား။ ၄။ မှား၍ ဆိုသောစကား။ ၅။ မေ့လျော့၍ ဆိုသော စကားများ ဖြစ်ပါသည်။

*** အပေတတ္ထဒေါသမှ လွတ်သောပုံစံပြ ဂါထာ**

**ယထာ**

**၉၇။ သမုဒ္ဒေါ ဝိယတေ သောယ၊မဟာမဇ္ဇ ဇရာတုရော။**
**ဣမေ ဝဇ္ဇန္တိ ဇီမူတာ၊သတ္တာသ ရာဝဏော ဝိယော။**

**၉၇။** ဥဒါဟရဏံ၊ဥဒါဟရဏ်သည်။ယထာ၊ဤဆိုအပ်လတ္တံ့သောနည်းဖြင့်။ဟောတိ၊ဖြစ်၏။သောယံ သမုဒ္ဒေါထိုသမုဒ္ဒရာကို။ဝိယတေ၊သောက်အပ်၏။အဟံ၊ငါသည်။အဇ္ဇယနေ့

http://www.dhammadownload.com



ဇရာတုရော၊အဖျားရောဂါဖြင့် ကျင်နာသည်။(ဝါ)အဖျားရောဂါဖြင့် နှိပ်စက်အပ်သည်။အမှိ၊ ဖြစ်၏။လ္ကမေ ဇိမူတာ၊ဤမိုးတို့သည်။ဂဇ္ဇန္တိ၊ထစ်ကြိုးကုန်၏။သက္ကသ၊သိကြားမင်းသည်။ ဧရာဝဏော၊ဧရာဝဏ်ဆင်ကို။ပိယော၊ချစ်အပ်၏။

* ညောင်ဦးက ကမ္ဘားပြို့ စမ္ပါနဂိုရိက နွားမပေါင်ကျိုး။
* လိပ်ခွပ်လို့ သမင်မှိုင် စိုင်အသက်ထွက်သည်။
* လိပ်လင်းတ-ကျ မျောက်အုန်းသီးရသည်။
* လုံဖျား ပုစဉ်းနား၊ ကိုးကန်များ ကြောက်ခွေးပါသည်။--အပြစ်တင်လို့၍ ပြောခြင်း ပြောင်လှောင်လို့၍ ပြောခြင်းဖြစ်သောကြောင့် အပေတတ္ထဒေါသ မသင့်ပါ။



*** ဗန္ဓဖရုသဒေါသမှ လွတ်ပုံ အဖြေပြဂါထာ**

**၉၈။ သုခုမာလာ ဝိရောဓိတ္ထ၊ဒိတ္ထဘာဝ ပဘာဝိတံ။**
**ဗန္ဓနံ ဗန္ဓဖရုသ၊ဒေါသံ သံဒူသယေယျ တံ။**

၉၈။ သုခုမာလာ ဝိရောဓိတ္ထ ဒိတ္ထ ဘာဝ ပဘာဝိတံ၊သုခုမာလဂုဏ်နှင့်ဆန့်ကျင်ခြင်း မရှိသည်၏အဖြစ်ကိုပြတတ်သော သုခုမာလဂုဏ်၏အဖြစ်ကို တိုးပွားစေတတ်သော။(ဝါ) သုခုမာလဂုဏ်နှင့်မဆန့်ကျင်သည်၏အဖြစ်ကြောင့် နှစ်သက်အပ်သောအဖြစ်ကို ပြတတ်သော။တံ ဗန္ဓနံ၊ထိုအစီအကုံးအဖွဲ့အနွဲ့သည်။ဗန္ဓဖရုသဒေါသံ၊ဗန္ဓဖရုသဒေါသကို။သံဒူသယေယျ၊ဖျက်ဆီးရာ၏။

*** ဗန္ဓဖရုသဒေါသ မသင့်အောင်စီကုံးနည်း**

၁။ သုခုမာလာဂုဏ်နှင့် မဆန့်ကျင်အောင် စီကုံးခြင်း၊
၂။ ဌာန်တူ အက္ခရာများကို နီးနီးကပ်ကပ် ထား၍ စီကုံးခြင်း။

*** ဗန္ဓဖရုသဒေါသမှ လွတ်မြောက်ပုံ ပုံစံနှင့် သုခုမာလတာဂုဏ်မြောက်ပုံ**

**၉၉။ ပဿန္တော ရူပ ဝိဘဝံ၊သုဏန္တော မဓုရံ ဂိရံ။**
**စရန္တိ သာဓူ သမ္မဒ္ဒ၊တာလေ ကေဠိ ပရမ္မုခါ။**

၉၉။ ဥဒါဟရဏ်၊ဥဒါဟရုဏ်သည်။ယထာ၊ဤဆိုအပ်လတ္တံ့သောနည်းဖြင့်။ဟောတိ၊ ဖြစ်၏။သာဓူ၊သူတော်ကောင်းတို့သည်။သမ္မဒ္ဒကာလေ၊မြတ်စွာဘုရား ထင်ရှားရှိတော်မူသော အခါ၌။ရူပ် ဝိဘဝံ၊အဆင်းတော်၏ တင့်တယ်ခြင်းကို။ပဿန္တော၊ကြည့်ရှုဖူးမြော်ကြကုန်လျက်။ မဓုရံ ဂိရံ၊ချိုမြိန်သော တရားတော်သံကို။သုဏန္တော၊နာကြကုန်လျက်။ကေဠိ ပရံမုခါ၊အပျော် ဘန္ဒင် ပွဲလမ်းသဘင်ကို မျက်နှာလွှဲကြကုန်လျက်။စရန္တိ၊လှည့်လည်ပျော်ပါး သွားလာကြကုန်၏။

http://www.dhammadownload.com



* အပက္ကမဒေါသမှ လွတ်ပုံ ပုံစံ

အပက္ကမဿ ယထာ

၁၀၀။ ဘာဝနာ ဒါန သီလာနိ၊သမ္မာ သမ္မာဒိတာနိဟ။

နိဗ္ဗာန ဘောဂ သဂ္ဂါဒိ၊သာဝနာနိ နု သံသယော။

၁၀၀။ အပက္ကမဿ၊အပက္ကမဒေါသ၏။ပရိဟာရော။အဖြေသည်။ယထာ၊ဤဆို အပ်လတ္တံ့သောနည်းဖြင့်။ဟောတိ၊ဖြစ်၏။ကဟ မနုဿလောကေ၊ဤလူပြည်၌။သမ္မာ သမ္မာဒိတာနိ၊ကောင်းစွာပြီးစေအပ်ကုန်သော။ဘာဝနာ ဒါန သီလာနိ၊ဘာဝနာ,ဒါန,သီလတို့သည်။ နိဗ္ဗာနဘောဂ သဂ္ဂါဒိ သာဝနာနိ၊နိဗ္ဗာန်အကျိုး,စည်းစိမ် ချမ်းသာအကျိုး,နတ်ပြည်၌ဖြစ်ခြင်း အကျိုး စသည်တို့ကို ပြီးစေတတ်ကုန်၏။သံသယော၊ယုံမှားဖွယ်ရာသည်။န ဟောတိ၊မဖြစ်။

* ဒါန သီလ ဘာဝနာတို့ ဥစ္စာစည်းစိမ် ရိပ်ငြိမ်နတ်ဘုံ သုခဘုံသည့် ဘုံနိဗ္ဗာန် ရ အောင်ဖန်သည်။

* ယခုဘဝ၊ ပြုလုပ်ကြသည့်၊ ဒါန သီလ၊ ဘာဝနာတို့၊ ဥစ္စာစည်းစိမ်၊ ရိပ်ငြိမ်နတ်ဘုံ၊ သုခစုံသည့်၊ရွှေဘုံ နိဗ္ဗာန်၊ ရအောင်ဖန်၏။--၌ ဒါန,သီလ,ဘာဝနာ"ဟူသော အကြောင်းတရားနှင့် "ဥစ္စာစည်းစိမ် နတ်ဘုံ နိဗ္ဗာန်"ဟူသော အကျိုးတရားတို့၏ အစဉ်ကျသော ကြောင့် ဝါကျထွ အပက္ကမဒေါသမှ လွတ်ပါသည်။

* ရှေ့ကျွန်း ဂေါရာ၊ ဥတ္တရာတို့၊ ခုနစ်ရာ ထောင်၊ငါးရာထောင်တည့်။

* စိတ် စေတသိက်၊ရုပ် နိဗ္ဗိုမှာ၊ သိခြင်း မှိခြင်း၊ ဖောက်ထွင်းထွက်ရာ။--၌ ရှေ့နောက် အစဉ် မပျက်သောကြောင့် အပက္ကမဒေါသမှ လွတ်ပါသည်။

* အစဉ်မတည့်သော်လည်း အပက္ကမဒေါသ မသင့်ပုံ

၁၀၁။ ဥဒ္ဒိဋ္ဌ ဝိသယော ကောစိ၊ဝိသေသော တာဒိသော ယဒိ။

အနုဒ္ဒိဋ္ဌေသု နေဝတ္ထိ၊ဒေါသော ကမ ဝိလယ်နေ။

၁၀၁။ ဥဒ္ဒိဋ္ဌ ဝိသယော၊ရှေးဦးစွာ ညွှန်ပြအပ်သော အနက်လျှင် အရာရှိသော။ တာဒိသော၊ထိုသို့ သဘောရှိသော။ကောစိ ဝိသေသော၊တစုံတခုသော အထူးသည်။အနုဒ္ဒိဋ္ဌေသု၊နောက်ထပ် ညွှန်ပြအပ်သော အနက်တို့၌။ယဒိ ဟောတိ၊အကယ်၍ ဖြစ်ငြားအံ့။ ကမ ဝိလယ်နေ၊အစဉ်ကို ခုန်ကျော်ခြင်းသည်။သတိ၊ရှိသော်။ဒေါသော၊အပြစ်သည်။နေဝ အတ္ထိ၊မရှိသည်သာလျှင်တည်း။

* အစဉ်မတည့်သော်လည်း အပက္ကမဒေါသ မသင့်ပုံပြ ပုံစံ

ယထာ

၁၀၂။ ကုသလာ ကုသလံ အဗျာကတ မိစ္စေသု ပဋိမံ။

အဗျာကတံ ပါကဒံ နၢပါကဒံ ပထမ ဒွယံ။

http://www.dhammadownload.com



၁၀၂။ ဥဒါဟရဏ်၊ဥဒါဟရုဏ်သည်။ယထာ၊ဤဆိုအပ်လတ္တံ့သောနည်းဖြင့်။ ဟောတိ၊ဖြစ်၏။ကုသလံ၊ကုသိုလ်သည်လည်းကောင်း။အကုသလံ၊အကုသိုလ်သည်လည်း ကောင်း။အဗျာကတံ၊အဗျာကတသည်လည်းကောင်း။ဣတိ၊ဤသို့။ဧတေသု ဧမွေ့သု၊ထို တရားသုံးပါးတို့တွင်။ပဋ္ဌိမံ၊နောက်ဆုံးဖြစ်သော။အဗျာကတံ၊အဗျာကတသည်။ပါကဋံ၊အကျိုး ကိုပေးတတ်သည်။န ဟောတိ၊မဖြစ်။ပထမဒွယံ၊ကုသိုလ်,အကုသိုလ်ဖြစ်သော ပထမတရား နှစ်ပါး အပေါင်းသည်။ပါကဋံ၊အကျိုးကိုပေးတတ်သည်။ဟောတိ၊ဖြစ်၏။

* ဩစိတျဟီနဒေါသမှ လွတ်ပုံပြ ဂါထာ

၁၀၃။ သဝုဏာ နာဝိဂရဏော၊ကာရဏော သတိ တာဒိသေ။
ဩစိတျဟီနတာပတ္တိ၊နတ္ထိ ဘူတတ္ထ သံသိနော။

၁၀၃။ တာဒိသေ၊ထိုသို့ သဘောရှိသော။ကာရဏော၊အကြောင်းသည်။သတိ၊ရှိ သော်။သဝုဏာနံ၊မိမိဂုဏ်တို့ကို။အာဝိကရဏော၊ထင်စွာ ပြုခြင်းကြောင့်။ဘူတတ္ထ သံသိနော၊ ဟုတ်မှန်သော အနက်အဓိပ္ပါယ်ကို ပြောပြသောသူ၏။ဝါကျ။စကားဌ်။ဩစိတျဟီနတာ ပတ္တိ၊ဩစိတျဟီနဒေါသသင့်သော ဝါကျ၏အဖြစ်သို့ ရောက်ခြင်းသည်။နတ္ထိ၊မရှိ။

* ရေဠေပေါက်သော ပဒုမ္မာကြာပန်းသည် ရေနှင့်မရော။
* လောကဌ် မီးရှူးသန့်စင် ဖွာမြင်သောဘုရားသည် လောကနှင့်မရော။
* အစကောင်းမှ အနှောင်းသေချာသည်။
* အရင်းလဲက အဖျားထင်းဖြစ်သည်။
* ရွှေလသာ ဝါဝါဝင်း၊ ဖန်ကတုံးနှင့် ဘုန်းကြီးတွေ၊ နောက်လိုက်တွေ ဝိုလ်ခြေနှင့် ရွှေကိုယ်တော် ထွက်လာပြန်၊ မြင်းစီးလို့ အမြန်။--ရှေ့နောက် အသင့်ယုတ္တိရှိသောကြောင့် ဩစိတျဟီနဒေါသမှ လွတ်ပါသည်။
* နဂိုရိရှိမှ နဂိုင်းထွက်သည်။
* အရင်းကြီးမှ အမြတ်အစွန်း ကြီးပွားသည်။
* ပင်မလဲ့က အဖျားထင်းဖြစ်သည်။
* ကြေးမရာ ကျောင်းဆောက်သည်--အသင့်ယုတ္တိရှိသောကြောင့် ဩစိတျဟီနဒေါသမှ လွတ်ပါသည်။

* ဩစိတျဝုဏ်ကို သိအောင်ပြုအပ်ဟု တိုက်တွန်းပုံ ဥယျောဇဉ်

၁၀၄။ ဩစိတျ နာမ ဝိညေယျံ၊လောကေ ဝိချာတ မာဒရာ။
တတ္ထော ပဒေသ ပဘဝေါ၊သုဇနာ ကဝိ ပုဇ်ဝါ။

၁၀၄။ လောကေ၊လောကဌ်။ဝိချာတံ၊သူငယ်ကလေးတိုင်အောင်မိမိသဘောအား

http://www.dhammadownload.com



ဖြင့်ထင်ရှားသိသာသော။ဩဿဒီတျံနာမ။ဩဿဒီတျဂုဏ်မည်သည်ကို။ဝိညူဟိ၊ပညာရှိတို့သည်။ အာဒရ၊ရှိသေသောအားဖြင့်။ဝိညေယျံ၊သိအပ်၏။တတ္ထ တသ္မိ ဂုဏေ၊ထိုဩဿဒီတျဂုဏ်၌။ ဥပဒေသ ပဘဝါ၊ရှေးဦးစွာ ရွတ်ဆိုခြင်း၏ ဖြစ်ရာဖြစ်တော်မူကြကုန်သော။(ဝါ)ဥပဒေသကို အစတိထွင်တော်မူကြကုန်သော။သုဇနာ၊သူတော်ကောင်းဖြစ်ကြကုန်သော။ကဝိပုဂ်ဝါ၊မြတ်သောပညာရှိတို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။

*** ဩဿဒီတျဂုဏ်နှင့် ပြည့်စုံသော အဖွဲ့ဝန္ဓကို ဖွဲ့ဆိုအပ်၏ဟု တိုက်တွန်းပုံ ဥယျောဇဉ်**

**၁၀၅။ ဝိညာတော စိတျ ဝိဘဝေါ၊စိတျဟီနံ ပရိဟရေ။**
**တတော စိတျဿ သမ္ဘောသေ၊ရသပေါသော သိယာကတေ။**

**၁၀၅။** ဝိညာတော စိတျဝိဘဝေါ၊သိအပ်ပြီးသော ဩဿဒီတျဂုဏ်ဟူသော ပြည့်စုံခြင်းရှိသော ပညာရှိသည်။ဩဿဒီတျဟီနံ၊ဩဿဒီတျဟီနဒေါသကို။ပရိဟရေ၊ပယ်ရာ၏။တတော တသ္မာ၊ထို့ကြောင့်။ဩဿဒီတျဿ၊ဩဿဒီတျဂုဏ်၏။သမ္ဘောသေ၊တိုးပွားခြင်းကို။ကတေ၊ပြုအပ်ပြီးသည်ရှိသော်။ရသပေါသော၊သာယာအပ်သောမဓုရိယဂုဏ်၏တိုးပွားခြင်းသည်။သိယာ၊ဖြစ်ရာ၏။

*** ဩဿဒီတျဟီနဒေါသမှ လွတ်ပုံ အဖြေပြ ပုံစံ**
**ယထာ**

**၁၀၆။ ယော မာရသေန မာသန္ဒ၊မာသန္ဒ ဝိဇယုဿဝေါ။**
**တိစာယဝိ န မညိတ္ထ၊သော ဝေါ ဒေတု ဇယံ ဇိနော။**

**၁၀၆။** ဥဒါဟရဏ်၊ဥဒါဟရဏ်သည်။ယထာ၊ဤဆိုအပ်လတ္တံ့သောနည်းဖြင့်။ ဟောတိ၊ဖြစ်၏။အာသန္ဒ ဝိဇယုဿဝေါ၊အနိုး၌ ကိလေသာရန်ကိုအောင်နိုင်ခြင်းတည်းဟူသော ပွဲသဘင်ရှိတော်မူသော။ယော ဇိနော၊အကြင်မြတ်စွာဘုရားသည်။အာသန္ဒံ အာသန္ဒဂတံ၊အနီးသို့ ခို်တက်လာသော။မာရသေန၊မာရ်မင်းစစ်သည်ကို။တိဏာယပိ၊မြက်မျှလောက်လည်း။န မညိတ္ထ၊အောက်မေ့တော်မမူ။သော ဇိနော၊ထိုမြတ်စွာဘုရားသည်။ဝေါ၊သင်တို့အား။ဇယံ၊အောင်ခြင်းတည်းဟူသော ဆုကို။ဒေတု၊ပေးတော်မူစေသတည်း။

* အာသန္ဒ ဝိဇယုဿဝ-မည်သော မြတ်စွာဘုရားသည် အနိုးသို့ ခို်တက်လာသော မာရ်မင်း၏ စစ်သည်ကို မြက်မျှလောက် မအောက်မေ့--ဟူသော စကားသည် ဩဿဒီတျဟီနဒေါသမှ လွတ်မြောက်၍ ဩဿဒီတျဂုဏ်, ယုဒ္ဓဝိရ ရသနှင့် ပြည့်စုံပါသည်။

* အာသန္ဒ ဝိဇယုဿဝ-မည်တော်မူသော မြတ်စွာဘုရားသည် သင်တို့အား အောင်ဆုကို ပေးတော်မူစေသတည်း--ဟူသောစကားဖြင့် ရှေ့နောက် သင့်လျော်သောကြောင့် ဩဿဒီတျဟီနဒေါသမှ လွတ်မြောက်၍ အာသီအလင်္ကာနှင့် ပြည့်စုံပါသည်။

http://www.dhammadownload.com



### * ဘဂ္ဂရီတိဒေါသ၏ အဖြေပြ ဂါထာ

၁၀၇။ အာရဒ္ဓ ကတ္ထုကမ္မာဒီ၊ကာမတိက္ထမ လယ်နေ။
ဘဂ္ဂရီတိ ဝိရောဓောယံ၊ဂတိ နု ကွာပိ ဝိနွတိ။

၁၀၇။ အာရဒ္ဓ ကတ္ထုကမ္မာဒီ ကမာတိက္ထမ လယ်နေ၊အားထုတ်အပ်ပြီးသော ကတ္တား,ကံစသည်တို့၏ အစဉ်စွန့်လွှတ်ခြင်းကို ခုန်ကျော်သည်ရှိသော်။အယံ ဘဂ္ဂရီတိ ဝိရောဓော၊ဤဘဂ္ဂရီတိ ဒေါသသည်။ကွာပိ၊တစုံတခုသောအရာ၌လည်း။ဂတိ၊တည်ရာကို။ နု ဝိန္ဒတိ၊မရနိုင်။

### * ဝါကျတ္ထ ဘဂ္ဂရီတိဒေါသ-၏ အဖြေပြ ပုံစံ (၁)

ယထာ

၁၀၈။ သုဇနညာန မိတ္ထိနံ၊ဝိဿာသော နောပပဇ္ဇတေ။
ဝိသဿ သိဂိနော ရောဂ၊နဒီ ရာဇကုလဿ စ။

၁၀၈။ ဥဒါဟရဏံ၊ဥဒါဟရဏ်သည်။ယထာ၊ဤဆိုအပလတ္တံ့သောနည်းဖြင့်။ ဟောတိ၊ဖြစ်၏။သုဇနညာနဉ္စ၊သူတော်ကောင်းမှတစ်ပါးသော သူယုတ်တို့၏လည်းကောင်း။ ဣတ္ထိနဉ္စ၊မိန်းမတို့၏လည်းကောင်း။ဝိသဿ စ၊အဆိပ်ရှိသော သတ္တဝါ၏လည်းကောင်း။ သိဂိနော စ၊ဦးချိုရှိသော သတ္တဝါ၏လည်းကောင်း။ရောဂ နဒီ ရာဇကုလဿစ၊အနာရောဂါ၊မြစ်,မင်းမျိုး၏ဂင်း။ဝိဿာသော၊အကျွမ်းဝင်ခြင်းသည်။နောပပဇ္ဇတေ၊မသင့် လျော်။

### * ဝါကျတ္ထ ဘဂ္ဂရီတိဒေါသ-၏ အဖြေပြ ပုံစံ (၂)

ယထာ စ

၁၀၉။ ဘေသဇ္ဇေ ဝိဟိတေ သုဒ္ဓ၊ဗုဒ္ဓါဒိ ရတနတ္တယေ။
ပသာဒ မာစရေ နိစ္စံ၊သဇ္ဇနေ သဂုဏော ဝိစ။

၁၀၉။ စ၊တနည်းသော ဥဒါဟရဏ်သည်။ယထာ၊ဤဆိုအပ်လတ္တံ့သောနည်းဖြင့်။ ဟောတိ၊ဖြစ်၏။ဝိဟိတော၊စီရင်အပ်သော။(ဝါ)မှီဝဲအပ်သော။ဘေသဇ္ဇေစ၊ဆေးဖြင့်ဂင်း။သုဒ္ဓ ဗုဒ္ဓါဒိရတနတ္တယေစ၊စင်ကြယ်သောဘုရားစသော ရတနာအပေါင်းဖြင့်ဂင်း။သဂုဏောဝိစ၊မိမိဂုဏ်၌ လည်းကောင်း။နိစ္စံ၊အမြဲ။ပသာဒံ၊မိမိစိတ်၏ကြည်ညိုခြင်းကို။အာစရေကျင့်ရာ၏။

### * သသံသယဒေါသ-၏ အဖြေ ပုံစံ

သသံသယဿ ယထာ

၁၁၀။ မုနိန္ဒ စန္ဒိမာလောကာ၊ရသလောလ ဝိလောစနော။
ဇနော၀ဏ္ဏန္တပန္ဆော၀၊ရံသိ ဒဿန ဝိဂတောဘာ။

၁၁၀။ သသံသယဿ၊သသံသယဒေါသ၏။ပရိဟာရော၊အဖြေသည်။ယထာ၊ဤ

http://www.dhammadownload.com



ဆိုအပ်လတ္တံ့သောနည်းဖြင့်။ဟောတိ၊ဖြစ်၏။မုနိန္ဒစန္ဒိမာလောက ရသလောလ ဝိလောစနော၊မြတ်စွာဘုရားတည်းဟူသော လ,၏အရောင်၌တပ်နှစ်သက်ခြင်းကြောင့် လှုပ်သောမျက်လုံးရှိသော။ဇနော၊လူအပေါင်းသည်။အဝဏ္ဏပဏ္ဍောဝါဒနီးသို့သက်သည်ဖြစ်၍ သာလျှင်။ ရဲသိဒ္ဓသန ပီဏိတော၊အရောင်တော်ကို ဖူးမြင်ရခြင်းကြောင့် နှစ်သက်အားရခြင်းသည်။ အဟု၊ဖြစ်ပြီ။

* ဝန်ကြီးချုပ်သည် အစွမ်းကုန် သန့်ရှင်းရန် သဘော်ပေါ်၌ တရားဟော၏။
* ဤသို့ ကျွင့်လမ်း၊ မင်္ဂလာနိမိတ်ကို၊ ရဟန်းများစွာ၊ ကျွင့်မြဲသာတည်း။
* ဖြူတော ခွေး မတိုးဝံ့။
* အလွမ်းတွေ ဝေပြီး မယူချင်ပါနဲ့။
* မဖောက်ရသေးသောထုံး ရောင်းသည်။--၌ ယုံမှားသံသယ မရှိသောကြောင့် သသံသယဒေါသမှ လွတ်ပါသည်။

* ယုံမှားစရာရှိတိုင်း သသံသယဒေါသ မသင့်ပုံပြ ဂါထာ

၁၁၁။ သံသယာယေဝ ယံကိဉ္စိ၊ယဒိ ကိဉ္စာဒိ ဟေတုနာ။
ပယုဇ္ဇတေ နဒေါသော၀၊သသံသယ သမပွိတော။

၁၁၁။ ကိဉ္စာဒိ ဟေတုနာ၊မြူးထူးကစားခြင်းစသော အကြောင်းဖြင့်။ယံကိဉ္စိ၊ တစုံတခုသောပုဒ်ကို။သံသယာယေ၀၊ယုံမှားသံသယ ဖြစ်စေခြင်းငှာသာလျှင်။ယဒိ ပယုဇ္ဇတေ၊အကယ်၍ယှဉ်အပ်ငြားအံ့။သောဒေါသော၊ထိုအပြစ်သည်။သသံသယ သမပွိတော၊ သသံသယဒေါသနှင့် တကွဖြစ်သော။ဒေါသော၊အပြစ်သည်။န ဟောတိ ၈၀၊မဖြစ်သည် သာလျှင်တည်း။

* ကိဉ္စာဒိ ဟေတုနာ-၌ အာဒိ-အရ ။ ။ လူပြွမ်းသောနေရာ၌ တိုင်ပင်ခြင်း, သူတစ်ပါးတို့ကို တွေ၀ေစေခြင်းတို့ကို ယူရပါမည်။

* သသံသယဒေါသ-၏ အဖြေပြ ပုံစံ

ယထာ

၁၁၂။ ယာတေ ဒုတိယံ နိလယံ၊ဂရုမို့ သက ဂေဟတော။
ပါပုဏေယျာမ နိယတံ၊သုခ မဇ္ဈာယနာဒိနာ။

၁၁၂။ ဥဒါဟရဏ်၊ဥဒါဟရဏ်သည်။ယထာ၊ဤဆိုအပ်လတ္တံ့သောနည်းဖြင့်။ ဟောတိ၊ဖြစ်၏။ဂရုမို့၊ဆရာသည်။သက ဂေဟတော၊မိမိအိမ်မှ။ဒုတိယံ နိလယံ၊နှစ်ခုမြောက်သောအိမ်သို့။ယာတေ၊သွားသည်ရှိသော်။နိယတံ၊အမြဲ။အဇ္ဈာယနာဒိနာ၊သရဇ္ဈာယ်ခြင်းစသည်ဖြင့်။သုခံ၊ချမ်းသာခြင်းသို့။ပါပုဏေယျာမ၊ရောက်ကြကုန်အံ့။"ဤကား ဝုတ်သည်ကို

http://www.dhammadownload.com



မသိ၍ပေးသော အနက်"

ဂရုမို့၊ကောဇာ ကြာသပတေးဂြိုဟ်သည်။သကဂေဟတော၊မိမိကသစ်အိမ်ဟု ဆိုအပ်သော ဓနုရာသိမှ၊ဒုတိယ နိလယ၊နှစ်ခုမြောက်သောအိမ်ဟု ဆိုအပ်သော မကရရာသီသို့။ယာတေ၊ပြောင်းရွှေ့သွားသည်ရှိသော်။နိယတံ၊အမြဲ၊အဇ္ဈာယနာဒိနာ၊သရဇ္ဈာယ်ခြင်းစသည်ဖြင့်။သုခံ၊ချမ်းသာခြင်းသို့။ပါပုဏောယျာမ၊ရောက်ကုန်အံ့။"ဤကား ဝုတ်သည်ကို သိ၍ပေးသော အနက်"

*** ဝါကျ ဝါမွေဒေါသ-၏ အဖြေပြ ပုံစံ**

၁၁၃။ သုဘဂါ ဘဝိနီ သာယံ၊ဇေတသိဒ္ဓေဝ မာဒိကံ။
နု ဂါမွမိတိ နိဒ္ဒိဋ္ဌံ၊ကဝိဟိ သကလေဟိဝိ။

၁၁၃။ ဇေသ ပုရိသဿ၊ထိုယောကျ်ား၏။သာယံ ဘဂိနီ၊ထိုနှမသည်။သုဘဂါ၊ကောင်းသော ဘုန်းရှိ၏။(ဝါ)ကောင်းသော လင်ရှိ၏။ဣတိ ဇဝမာဒိကံ၊ဤသို့ အစရှိသော စကားကို။နု ဂါမွမိတိ၊ဂါမွဒေါသမသင့်ဟူ၍။သကလေဟိ၊အလုံးစုံလည်း ဖြစ်ကုန်သော။ကဝိဟိ၊မြတ်သော ပညာရှိတို့သည်။နိဒ္ဒိဋ္ဌံ၊ညွှန်ပြအပ်၏။

* ဤသူငယ်မ၊ ဆင်းရှူပကို၊ မြင်ရသသူ၊ ဘဝင်ဆူအောင်၊ ရင်မူခါးဆစ်၊ ပြေပြစ်ပေတောင်း၊ ဆင်နှာမောင်းသို့၊ ကောင်းတည့်သူပေါင်း--၌ သူငယ်မှ၏ ခန္ဓာကိုယ်အလှကို ဖွဲ့ဆိုပြရာ၌ ရိုင်းပြသော အသုံးအနှုန်းများ မပါဝင်စေဘဲ သာယာယဉ်ကျေးသော အသုံးအနှုံးတို့ဖြင့်သာ ဖွဲ့ဆိုပြသောကြောင့် ဝါကျဂါမွဒေါသမှ လွတ်ပါသည်။

* တလယာတကေ ပါစိတ္တိယ်။

* ဇတုမဌကေ ပါစိတ္တိယ်။--တို့၌ ကရုဏာပြဌာန်း၍ ဘုရားရှင် ဟောကြားတော်မူသောကြောင့် ဂါမွဒေါသ မသင့်ပါ။

* မျက်နှာပွင့်လန်း၊ ရွှေပန်းဆင်ကာ၊ တင့်တယ်ယဉ်ကျေး၊ ဖြူဖွေးဝင်းဝါ၊ သတို့သမီးပြည်ကြီးသူပါ။--၌ မျက်နှာပွင့်လန်းဟူသော စကားဖြင့် "ရွှေပန်း"ကို မယုံမှားတော့သောကြောင့် ဂါမွဒေါသ မသင့်ပါ။

*** ဒုဋ္ဌာလင်္ကာရဒေါသ-၏ အဖြေပြဂါထာ**

၁၁၄။ ဒုဋ္ဌာလင်္ကာရ ဝိဂမေ၊သောဘနာလင်္ကာ တိတ္ထမော၊
အလင်္ကာရ ပရိစ္ဆေဒေ၊အာဝိဘာဝံ ဝမိဿတိ။

၁၁၄။ ဒုဋ္ဌာလင်္ကာရ ဝိဂမေ၊ဒုဋ္ဌာလင်္ကာတိဒေါသသင့်သော အလင်္ကာမှကင်းသည်ရှိသော်။သောဘနာလင်္ကာတိတ္ထမော၊တင့်တယ်ကောင်းမြတ်သော အလင်္ကာတို့၏အစဉ်သည်။အလင်္ကာရ ပရိစ္ဆေဒေ၊အလင်္ကာရတို့ကိုဆိုရာ စတုတ္ထပိုင်း၌။အာဝိဘာဝံ၊ထင်းရှားသည်၏ အဖြစ်သို့။ဂမိဿတိ၊ရောက်လတ္တံ့။

http://www.dhammadownload.com



၁၁၅။ ဒေါသေ ပရိဟရိတု မေသ ဝရော ပဒေသော၊
သတ္ထန္ဆရာ နုသရဏေန ကတော မယေဝံ။
ဝိညာယိမံ ဂရု ဝရာန ဓိကပ္ပသာဒါ၊
ဒေါသေ ပရံ ပရိဟရေယျ ယာသော်ဘိလာသီ။

၁၁၅။ ဇော်ဂျင်္သိဆိုအပ်ခဲ့ပြီးသော သဒ္ဒါအစဉ် အနက်အစဉ်ဖြင့်။မယာ၊ငါသည်။ ဒေါသေ၊အပြစ်ဒေါသတို့ကို။ပရိဟရိတုံ၊ပယ်ဖျောက်ခြင်းငှာ။(ဝါ)ဖြေဆိုခြင်းငှာ။ဝရော၊မြတ်သော။ဧသ ဧသော ဥပဒေသော၊ဤနည်းဥပဒေသကို။သတ္ထန္ဆရာ နုသရေဏေန၊ကျမ်းဂန်းအထူးကို အစဉ်အောက်မေ့သဖြင့်။ကတော၊ပြုပြင်စီရင်အပ်ပြီ။ဂရုဝရာန်၊ဆရာမြတ်တို့၏။ အဓိကပ္ပသာဒါ၊အလွန်ကြည်ညိုခြင်းကြောင့်။ဣဏ္ဍမံ ဥပဒေသံ၊ဤနည်းဥပဒေသကို။ဝိညာယ၊ ထူးသောဉာဏ်ဖြင့်သိ၍။ယသောဘိလာသီ၊အကျော်အစောကို အလိုရှိသော ပညာရှိသည်။ ဒေါသေ၊အပြစ်ဒေါသတို့ကို။ပရံ၊လွန်စွာ။ပရိဟရေယျ၊ပယ်ဖျောက်ရာ၏။

**ဒုတိယပရိစ္ဆေဒ ဒေါသပရိဟာရာဝဓဘာဝ ပြီး၏။**

# ၃-တတိယ ပရိစ္ဆေဒ

## ဂုဏာဝတောဓ (ပဋိညာဉ်)

၁၁၆။ သမ္ဘဝန္တိ ဂုဏာ ယသ္မာ၊ဒေါသာနေဝ မတိတ္တမေ။
ဒဿေသဿံ တေ တတော ဒါနိ၊သဒ္ဒေ သမ္ဖုသယန္တိ ယေ။

၁၁၆။ ဇဝံ ယထာဝုတ္တနယေန၊အကြင်အကြင်ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ဒေါသာနံ၊အပြစ်ဒေါသဟူသမျှတို့ကို။အတိက္ကမေ၊လွန်မြောက်ခြင်းသည်။သတိ၊ရှိသော်။ဂုဏာ။ဂုဏ်တို့သည်။ယသ္မာ၊အကြင်ကြောင့်။သမ္ဘဝန္တိ၊ဖြစ်ကုန်၏။တတော တသ္မာ၊ထို့ကြောင့်။ယေဂုဏာ၊ အကြင်ဂုဏ်တို့သည်။သဒ္ဒေ၊သဒ္ဒါတို့ကို။သမ္ဖုသယန္တိ၊ကောင်းစွာ တန်ဆာဆင်ကုန်၏။(ဝါ) တင့်တယ်စေကုန်၏။တေ ဂုဏာ၊ထိုဂုဏ်တို့ကို။ဣဒါနိ၊ယခုအခါ၌။ဒဿေသဿံ၊ပြပေအံ့။

*** သဒ္ဒါလင်္ကာရ၏ ဂုဏ် ၁၀-ပါးပြ ဂါထာ**

၁၁၇။ ပသာဒေါဇော မဓုရတာ၊သမတာ သုခုမာလတာ။
သိလေသော ဒါရတာ ကန္တိ၊အတ္ထဗျတ္တိ သမာဓယော။

၁၁၇။ ပသာဒေါ စ၊စပ်အပ်သော ပုဒ်ချင်းနီးခြင်း,သိလွယ်သော အနက်ရှိခြင်းလက္ခဏာရှိသော ပသာဒဂုဏ်ငါး။ဩဇော စ၊သမာသ်ပုဒ်များခြင်း လက္ခဏာ,ချုံးခြင်း ချဲ့ခြင်း လက္ခဏာရှိသော ဩဇဂုဏ်ငါး။မဓုရတာစ၊ဌာန်ချင်း,မတြာချင်း,သံယုဂ်ချင်းတူသော ပဒါသတ္တိ မဓုရတာဂုဏ်,ရွတ်ပြီးအက္ခရာကိုထပ်၍ရွတ်ခြင်း လက္ခဏာရှိသော အနုပ္ပါသ မဓုရ

http://www.dhammadownload.com



တာဂုဏ်ငင်း။သမတာစ၊လေးပါဒလုံး တူသော ဌာန်ရှိခြင်းလက္ခဏာရှိသော**သမတာဂုဏ်**ငင်း။(ဝါ)အချိုအချဉ်တူသော သမတာဂုဏ်ငင်း။သုခုမာလတာစ၊နူးညံ့သော အက္ခရာများခြင်း, အရွတ်အဘာသ် ခက်သော အရာမှကင်းခြင်း,အလုံးစုံ နူးညံ့သော အက္ခရာမှကင်းခြင်း လက္ခဏာရှိသော **သုခုမာလတာဂုဏ်**ငင်း။သိလေသောစ၊သိထိလအက္ခရာတို့၏ အကြားဌ် ခနိတအက္ခရာ သဲယုဂ်အက္ခရာတို့ကိုထား၍ ဌာန်တူသော အက္ခရာချင်း ဒွေဘော်ဝဂ္ဂန္တအား ဖြင့် ရောနှော၍ထားခြင်းလက္ခဏာရှိသော **သိလေသဂုဏ်**,ကြမ်းတမ်းရှိခြင်းစိုင်းသော စကား တို့ကို မကြမ်းတမ်းမရှိခြင်းစိုင်းစေခြင်းငှာ ပရိယာယ်တပါးဖြင့် ကြံ၍ ဆိုခြင်းလက္ခဏာရှိသော **သိလေသဂုဏ်**ငင်း။ဥဒါရတာစ၊လွန်မြတ်သော ဂုဏ်ရှိသော ဥဒါရတာဂုဏ်,ခိုင်မွဲမှမ်းအပ်သော ဝိသေသနရှိသော **ဥဒါရတာဂုဏ်**ငင်း။ကန္တိစ၊အပြောကြီးခြင်းလက္ခဏာမရှိ ရိုင်းစိုင်းခြင်း လက္ခဏာမရှိသော **ကန္တိဂုဏ်**ငင်း။အတ္ထဗျတ္တိ သမာဓယောစ၊နေယျဒေါသမှ လွတ်ခြင်း လက္ခဏာ,သဒ္ဒါတိုက်ရိုက်မပါသော်လည်း သိသာထင်ရှားသောလက္ခဏာရှိသော **အတ္ထဗျတ္တိ ဂုဏ်**,ဝတ္ထုတပါး၏သဘောကို ဝတ္ထုတပါးဌ်တင်စားခြင်းလက္ခဏာရှိသော **သမာဓိဂုဏ်**တို့ ငင်း။ကွတိ၊ဤသို့။ဂုဏာ၊ဂုဏ်တို့သည်။ဒသ၊ဆယ်ပါးတို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။

*** ဂုဏ် ၁၀-ပါးကို သဒ္ဒဿဂုဏ် အတ္ထဂုဏ် သဒ္ဒဂုဏ်အားဖြင့် ခွဲပုံ**

၁။ ဩဇဂုဏ်, ဥဒါရတာဂုဏ်သည် သဒ္ဒဿဂုဏ် မည်ပါသည်။

၂။ သမာဓိဂုဏ်သည် မုချအားဖြင့် အတ္ထဂုဏ်, ဖလူပစာအားဖြင့် သဒ္ဒဂုဏ်မည်၏။

၃။ ပသာဒဂုဏ်,မဓုရတာဂုဏ်, သမတာဂုဏ်, သုခုမာလတာဂုဏ်, သိလေသဂုဏ်, ကန္တိဂုဏ်, အတ္ထဗျတ္တိဂုဏ်တို့သည် သဒ္ဒဂုဏ် မည်ပါသည်။

*** ဩဇိတာ့ဂုဏ်ကို သီးခြားမဆိုခြင်းအကြောင်း ။ ။** ဩဇိတာ့ဂုဏ်သည် ကန္တိဂုဏ် နှင့် တူသောကြောင့် သီးခြားမဆိုပါ။

*** ဒေါသလွတ်က ဂုဏ်မြောက်ပုံ**

၁။ ကိလိဋ္ဌဒေါသ, ဗျာကိဏ္ဏဒေါသတို့မှ လွတ်လျှင်- ပသာဒဂုဏ်, ဩဇဂုဏ် မြောက် ပါသည်။

၂။ ဂါမွဒေါသ, ဗန္ဓဖရုသဒေါသတို့မှ လွတ်လျှင် မဓုရတာဂုဏ်မြောက်ပါသည်။

၃။ ဖန္ဒဖရုသဒေါသမှလွတ်လျှင် သမတာဂုဏ် မြောက်ပါသည်။

၄။ ဂါမွဒေါသ, ဩဇိတာ့ဟီနဒေါသ, ဗန္ဓဖရုသဒေါသတို့မှ လွတ်လျှင် သုခုမာလတာ ဂုဏ် မြောက်ပါသည်။

၅။ ဂါမွဒေါသ, ဗန္ဓဖရုသဒေါသတို့မှ လွတ်လျှင် သိလေသဂုဏ် မြောက်ပါသည်။

၆။ ဂါမွဒေါသ, ဗန္ဓဖရုသဒေါသ, ဩဇိတာ့ဟီနဒေါသတို့မှ လွတ်လျှင် ဥဒါရတာဂုဏ်။

၇။ အတိဝုတ္တ, ဂါမွ, ဩဇိတာ့ဟီနဒေါသတို့မှလွတ်လျှင် ကန္တိဂုဏ်။

http://www.dhammadownload.com



၈။ ဗျာကိဏ္ဏ, နေယျဒေါသတို့မှ လွတ်လျှင် အတ္ထဗျတ္တိဂုဏ်။
၁၀။ ဂါမ္ဘီရဒေါသမှ လွတ်လျှင် သမာဓိဂုဏ် မြောက်ပါသည်။

* သဒ္ဒါလင်္ကာရဂုဏ် ၁၀-ပါးတို့၏ အကျိုးပြ ဂါထာ

၁၁။ ဂုဏောဟေ တေဟိ သမ္မန္ဒေါ၊ဗန္ဓော ကဝိ မနောဟရော။
သမ္မာဒိယတိ ကတ္တာရံ၊ကီတ္တိ မစ္ဆရ္ယ နိမ္မလံ။

၁၁။ ဇတေဟိ ဂုဏေဟိ။ထိုဆိုအပ်ခဲ့ပြီးသော ဂုဏ်တို့နှင့်။သမ္မန္ဒေါ၊ပြည့်စုံသော ဗန္ဓော၊အစီအကုံး အဖွဲ့.အနွဲ့.သည်။ကဝိ မနောဟရော၊စာရေးဆရာ ကဗျာတတ်သိ ပညာရှိတို့၏ စိတ်နှလုံးကို ယူကျုံးနှစ်သိမ့်စေနိုင်သည်ဖြစ်၍။ကတ္တာရံ၊အစီအကုံး အဖွဲ့.အနွဲ့.ကို စီကုံးဖွဲ့.နွဲ့.သော ကဗျာဆရာတို့၏။အစ္ဆရ္ယ နိမ္မလံ၊အလွန်အညစ်အကြေးကင်းသော။(ဝါ)စင်ကြယ်သော။ကီတ္တိ၊ကျော်စောခြင်းသို့။သမ္မာဒိယတိ၊ရောက်စေနိုင်၏။

* ဂုဏ် ၁၀-ပါးနှင့် ပြည့်စုံသော အဖွဲ့.၏ အကျိုး ။ ။ ၁။ ပညာရှိတို့၏ စိတ်နှလုံးကို နှစ်သိမ့်စေနိုင်ခြင်းအကျိုး၊ ၂။ အဖွဲ့.ကို ပြုသော ကဗျာဆရာတို့၏ ကျော်စောကီတ္တိကို ပြီးစေနိုင်ခြင်းအကျိုးတို့ ဖြစ်ပါသည်။

* ပသာဒဂုဏ်၏ လက္ခဏာပြ ဂါထာ

၁၁၉။ အဒူရာဟိတ သမ္မန္ဓ၊သုဘဂါ ယာ ပဒါဝဠိ။
သုပသိဒ္ဓါ ဘိဓေယျာယံ၊ပသာဒံ ဇနယေ ယထာ။

၁၁၉။ ယာ ပဒါဝဠိ၊အကြင် ပုဒ်အစဉ်သည်။အဒူရာဟိတ သမ္မန္ဓသုဘဂါ၊အနီးဌ်ထားအပ်သော အစပ်ရှိသည်ဖြစ်၍၄စ်သက်ဖွယ်ရှိ၏။သုပသိဒ္ဓါဘိဓေယျာ၊အလွန်ထင်ရှားသော အနက်ရှိ၏။သာ အယံ ပဒါဝဠိ၊ထိုပုဒ်၏ အစဉ်သည်။ပသာဒံ၊ပသာဒဂုဏ်ကို။ဇနယေ၊ဖြစ်စေနိုင်၏။ဥဒါဟရဏံ၊ဥဒါဟရဏ်သည်။ယထာ၊ဤဆိုအပ်လတ္တံ့သောနည်းဖြင့်။ဟောတိ၊ဖြစ်၏။

* ပသာဒဂုဏ်-၏ လက္ခဏာနှင့် မည်ပုံ ။ ။ စပ်သင့်သောပုဒ်ချင်း နီးကပ်စွာထားခြင်း, ထင်ရှားသော အနက်ရှိခြင်းအားဖြင့် လက္ခဏာနှစ်ပါးရှိသော ပုဒ်အစဉ်သည် "ပသာဒဂုဏ်" မည်ပါသည်။

* အဒူရာဟိတသမ္မန္ဓ-၌ အဒူရ-အရ ။ ။ မုချအားဖြင့် အနီးဖြစ်သော အရပ်ကို ယူရပါမည်။ သမီပူပစာအားဖြင့် အနီးရှိသောပုဒ်ကို ယူရပါမည်။

* ပသာဒဂုဏ်မြောက်ပုံပြ ပုံစံ

၁၂၀။ အလင်္ကာရောန္တော ဝဒန်းမုနိနော ဓရဏိသိယော၊
သောဘန္တေ ရုဏ ရဏိဝ၊သမ္မတန္တာမ္ဗုဇောဒရေ။

http://www.dhammadownload.com



၁၂၀။ မုနိနော၊မြတ်စွာဘုရား၏။အဓရရဲသိယော၊နှုတ်ခမ်းတော်ရောင်တို့သည်။ မုနိနော၊မြတ်စွာဘုရား၏။ဝဒန်၊မျက်နှာတော်ကို။အလင်္ကာရောန္တာ၊တန်ဆာဆင်ကုန်သည်ဖြစ်၍။အမ္ဗုဇော၀ရေကြာတိုက်၌။သမုတန္တာ၊ကျရောက်ကုန်သည်ဖြစ်၍။အရုဏာရဲသိ၀၊အရုဏ်ရောင်တို့ကဲ့သို့။သောဘန္တေ၊တင့်တယ်ကုန်၏။

*** အလင်္ကာရောန္တာနံ-စသောဂါထာ၌ ပသာဒဂုဏ်ရောက်ခြင်းအကြောင်းနှင့် ဒေါသမှ လွတ်ပုံ ။ ။** စပ်သင့်သောပုဒ်ချင်း နီကပ်စွာထားခြင်း, သိလွယ်သော အနက်ရှိခြင်းကြောင့် ကိလိဋ္ဌဒေါသ, ဗျာကိဏ္ဏဒေါသမှ လွတ်မြောက်၍ ပသာဒဂုဏ်ရောက်သည်

*** ပသာဒဂုဏ်ရှိသော အဖွဲ့.ဝန္ဓမည်ခြင်းအကြောင်း ။ ။** အချင်းချင်းစပ်သင့်သော 'ဝဒန်'ဟူသောပုဒ်နှင့် 'အလင်္ကာရော'ဟူသောပုဒ်၏ နီးကပ်ခြင်း, 'မုနိနော'ဟူသောပုဒ်နှင့် 'ရဲသိယော'ဟူသောပုဒ်၏ နီးကပ်ခြင်း, 'အရုဏာရဲသိ'ဟူသောပုဒ်နှင့် 'သော ဘန္တေ'ဟူသောပုဒ်၏ နီးကပ်ခြင်း, 'အမ္ဗုဇော၀ရေ'ဟူသောပုဒ်နှင့် 'သမုတန္တာ'ဟူသောပုဒ်၏ နီးကပ်ခြင်း ထင်ရှားရှိသောကြောင့် "ပသာဒဂုဏ်ရှိသော အဖွဲ့.ဝန္ဓ" မည်ပါသည်။

*** ကိလိဋ္ဌဒေါသ, ဗျာကိဏ္ဏဒေါသမှလွတ်၍ ပသာဒဂုဏ်မြောက်ပုံ ပုံစံများ**

* နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ--သည် နီးကပ်သောပုဒ်စပ်ရှိသောကြောင့်ငင်း၊ ပေါ်လွင်သောအနက်ရှိသောကြောင့်ငင်း ပသာဒဂုဏ်မြောက်ပါသည်။ (တစ်နည်း) အရဟတော သမ္မာသမ္ဗုဒ္ဓဿ-ဟု ဦးမွှမ်းဖွယ်ဝိသေသန ပါရှိသောကြောင့် ဒုတိယ ဥဒါရတာဂုဏ်, ဟုတ်မှန်တိုင်းသောဂုဏ်ကို ဆိုထားသောကြောင့် ကန္တိဂုဏ်စသည်တို့ ဖြစ်ပါသည်။

* မုနိဂ်ဝ သုံးလူ့ဘကား မဆွစွာစွာ ဝါဆိုခါ၌ ဗာရာဏသီပြည်ကိုမှီ၍ ဝဂ္ဂါဒါးယောက်ရှင်တို့မှောက်ဝယ်။

* သောက်ဝါတက်ဆဲ ကြာငုံထဲ၌ ရဲရဲဝင်းပ ရောင်ခြည်ကျသို့။

* လူ့ဘောင်မျက်မြင် ယခုပင်လည်း ကြီးထင်အားထူ လုံ့လကူမူ သူမတူအောင် များမြောက်အကျိုး ပြည့်စုံတိုး၏။

* မကြိုးစားလျင်း လွန်ရိပျင်းမူ ကဲရင်းရှိလှည့် လိုမပြည့်တည်း။

* သိပ္ပခေါင်အား၊ တတ်မြောက်များမူ၊ တောသား ရန်အောင်၊ ခြသေ့ယောင်သို့၊ မရှောင်မညှာ၊တင်းတင်းမာ၍၊ ပညာရဲရင့်၊ ပွဲလယ်တင့်လိမ့်။

* ပရိက္ခရာ ဥစ္စာအိမ်ထောင် ကုန်အောင်ခြွေခွေ စွန့်ခဲ့ပေ၍ မနေလူ့ရပ် တောသို့ ကပ်လည်း။--၌ စပ်သင့်သောပုဒ်ချင်းနီးခြင်း, ပေါ်လွင်ထင်ရှားသော ပုဒ်အနက်ရှိခြင်းတို့ကြောင့် ပသာဒဂုဏ်မြောက်ပါသည်။

http://www.dhammadownload.com



### * သဒ္ဒဩဇုဏ်၏ လက္ခဏာပြ ဂါထာ

၁၂၁။ ဩဇော သမာသ ဘဟုလျ၊မေသော ဂဇ္ဈဿ ဇိဝိတံ။
ပဇ္ဇေပျ နာတုလော သောဃံ၊ကန္တော ကာမိယတေ ယထာ။

၁၂၁။ သမာသ ဘဟုလျံ၊သမာသ်များသည်၏အဖြစ်သည်။ဩဇော၊ဩဇုဏ်မည်၏။ဒသောဩဇော၊ထိုဩဇုဏ်သည်။ဂဇ္ဈဿ၊စုတ္ထိယဝါကျ၏။ဇိဝိတံ၊အသက်သဖွယ်ဖြစ်၏။အနာကုလော၊နှောင့်ရှက် ရှုပ်ထွေးခြင်းမရှိသော။ကန္တော၊နှစ်သက်ဖွယ်ရှိသော။သောအယံ ဩဇော၊ထိုဩဇုဏ်ကို။ပဇ္ဇေပိ။ဂါထာဌာနလည်း။ကာမိယတေ၊အလိုရှိအပ်၏။ဥဒါဟရဏ်၊ဥဒါဟရုဏ်သည်။ယထာ၊ဤဆိုအပ်လတ္တံ့သောနည်းဖြင့်။ဟောတိ၊ဖြစ်၏။

* သဒ္ဒဩဇုဏ်၏ လက္ခဏာ ။ ။ ၁။ သမာသ်ပုဒ်များခြင်း။ ၂။ နှောက်ရှက် ရှုပ်ထွေးမှု မရှိခြင်းတို့ ဖြစ်ပါသည်။

* စုဏ္ဏိယ ဝန္ဒ-၏ 'အသက်'ဟု ခေါ်ဆိုထိုက်သောဂုဏ် ။ ။ ဩဇော သမာသ ဘဟုလျ၊ မေသော ဂဇ္ဈဿ ဇိဝိတံ-ကိုထောက်၍ ဩဇုဏ်ဖြစ်ပါသည်။

* ကဗျာသေ- ကဗျာရှင်ခွဲခြားနည်း ။ ။ ဩဇော သမာသ ဘဟုလျ၊ မေသော ဂဇ္ဈဿ ဇိဝိတံ-နှင့် ဘာဝေါ ဇိဝိတမုစ္စတေ (၁၇၂) တို့ကိုထောက်၍ ဩဇုဏ် ဘာဝအလင်္ကာပါသော ကဗျာသည် "ကဗျာရှင်" ဖြစ်ပါသည်။ ဩဇုဏ် ဘာဝအလင်္ကာမပါသော ကဗျာသည် "ကဗျာသေ" ဖြစ်ပါသည်။

### * သဒ္ဒဩဇုဏ်၏ ပုံစံပြ ဂါထာ

၁၂၂။ မုနိန္ဒမန္ဒ သဠာတ၊ဟာသ စန္ဒန လိမ္ဖိတာ။
ပလ္လဝါ ဓဝလာ တဿေ၊ဝေကော နာဓရ ပလ္လဝေါ။

၁၂၂။ မုနိန္ဒမန္ဒ သဠတ ဟာသ စန္ဒန လိမ္ဖိတာ၊မြတ်စွာဘုရား၏ညည်းညည်းသာသာ ပြုံးရယ်ခြင်းတည်းဟူသော စန္ဒကူးဖြင့် လိမ်းကျံအပ်ကုန်သော။ပလ္လဝေါ။အလုံးစုံသော သစ်ညွန့်တို့သည်။ဓဝလာ၊ဘော်ရောင်တသွေ ဖွေးဖွေးဖြူကုန်၏။တဿ မုနိန္ဒဿ၊ထိုမြတ်စွာဘုရား၏။ဒကောဒါ၊တခုသော။အဓရ ပလ္လဝေါဝ၊နှုတ်ခမ်းတော်တည်းဟူသော ရွှက်ညွန့်သည် သာလျှင်။န ဓဝလော၊မဖြူ။

* ဤဂါထာ၌ ရနိုင်သောဂုဏ် ။ ။ ၁။ သဠာတော ဟာသော သဠာတဟာသော၊ ၂။မန္ဒေါ သဠာတဟာသော မန္ဒသဠာတဟာသော၊ ၃။ မုနိန္ဒဿ မန္ဒသဠာတဟာသော မုနိန္ဒမန္ဒသဠာတဟာသော၊ ၄။ မုနိန္ဒမန္ဒသဠာတဟာသ သဒ်ိတံ် စန္ဒနံ လိမ္ဖိတာ မုနိန္ဒမန္ဒ သဠာတဟာသ စန္ဒန လိမ္ဖိတာ-ဟု သမာသ်ပုဒ်များစွာ ပါသောကြောင့် သဒ္ဒဩဇုဏ် ရနိုင်ပါသည်။

* ဗျာလမ္ဗမ္ဗါဧရဝိန္ဒုစုမ္ဗိတကူဠော--၌ ကမ္မဓာရည်းသမာသ်,တပ္ပုရိသ်သမာသ်, ဗဟု

http://www.dhammadownload.com



ဗွီဟိ သမာသ်အားဖြင့် သမာသ်ပုဒ်များစွာ ပါသောကြောင့် သဒ္ဒဩဇုဏ် ရနိုင်ပါသည်။

* ပါဏာတိပါတ် မသတ်သူ့သက် ခိုးဝှက်မမူ မယူသေစာ အိမ်ရာမမှား မုသားမဆို ကိုယ်ဝိုန်မှ်ချ စောင့်သီလဖြင့်--သည် ကို, သို့, အား,ဌာ-စသော ကာရကဝိဘတ်မပါဘဲ သမာသ်ပုဒ်ဖြင့်သာ အများဆုံး သိကုံးထားသောကြောင့် ဩဇုဏ် ရနိုင်ပါသည်။



*** အတ္ထဩဇုဏ်၏ သရူပ်နှင့် လက္ခဏာပြ ဂါထာ**

၁၂၃။ **ပဒါဘိဓေယျ ဝိသယံ၊သမာသ ဗျာသ သမ္ဘဝံ။**
**ယံ ပါရိဏာတျံ ဟောတီဟ၊သောဝိ ဩဇော တံ ယထာ။**

၁၂၃။ ပဒါဘိဓေယျ ဝိသယံ၊အနည်း,အများဖြစ်သော ပုဒ်တို့၏အကျဉ်း,အကျယ်ဖြစ်သော အနက်လျှင်အရာရှိသော်၊သမာသ ဗျာသသမ္ဘဝံ၊ချုံးခြင်း,ချဲ့ခြင်းကြောင့် ပြီးစီးသော။ယံ ပါရိဏာတျံ၊အကြင် ချုံးခြင်း,ချဲ့ခြင်း၌ညွတ်သော ကျမ်းဆရာ၏ဖြစ်ကြောင်းဖြစ်သော သဒ္ဒဂုဏ်,အတ္ထဂုဏ်သည်။အတ္ထိ,ရှိ၏။သောဝိ ဂုဏော၊ထိုသဒ္ဒဂုဏ်,အတ္ထဂုဏ်သည်လည်း။ကွာဟ၊ဤကျမ်း၌။ဩဇော၊ဩဇုဏ်မည်သည်သာလျှင်။ဟောတိ၊ဖြစ်၏။တံ ဥဒါဟရဏ်၊ထိုဥဒါဟရဏ်သည်။ယထာ၊ဤဆိုအပ်လတ္တံ့,သောနည်းဖြင့်။ဟောတိ၊ဖြစ်၏။

*** အတ္ထဩဇုဏ်၏ လက္ခဏာနှင့် အဓိပ္ပါယ် ။ ။** ၁။ အကျယ်ဖြစ်သော အနက်ကို အကျဉ်းချုံးခြင်း၊ ၂။ အကျဉ်းဖြစ်သော အနက်ကို အကျယ်ချဲ့ခြင်းအားဖြင့် ဤလက္ခဏာနှစ်ပါးနှင့် ပြည့်စုံသောဂုဏ်သည် အတ္ထဩဇုဏ် မည်ပါသည်။

*** အတ္ထဩဇုဏ် ၂-မျိုး ။ ။** ၁။ သမာသ အတ္ထဩဇုဏ်- အကျယ်အနက်ကို အကျဉ်းချုံးခြင်း၊ ၂။ ဗျာသ အတ္ထဩဇုဏ်- အကျဉ်းအနက်ကို အကျယ်ချဲ့ခြင်း။

*** သမာသ အတ္ထဩဇုဏ်မည်ပုံ ။ ။** အကျယ်ဖြစ်သောအနက်ကို အကျဉ်းချုံးခြင်းသည် "သမာသ အတ္ထဩဇုဏ်" မည်ပါသည်။

*** ဗျာသ အတ္ထဩဇုဏ် မည်ပုံ ။ ။** အကျဉ်းဖြစ်သောအနက်ကို အကျယ်ချဲ့ခြင်းသည် "ဗျာသ အတ္ထဩဇုဏ်" မည်ပါသည်။

*** သမာသ အတ္ထဩဇုဏ်၏ ပုံစံပြ ဂါထာ**

၁၂၄။ **ဇောတယိတ္ထာန သဒ္ဒမ္မိ၊သန္ဓာရေတ္ထာ သဒေဝကေ။**
**ဇလိတ္ထာ အဂ္ဂိခန္ဓောဝ၊နိဗ္ဗုတော သော သသာဝကော။**

၁၂၄။ သော မုနိ၊ထိုမြတ်စွာဘုရားသည်။သဒ္ဒမ္မဲ့၊ဝိဒူကတ်သုံးပုံတည်းဟူသော သူတော်ကောင်း တရားကို။ဇောတယိတ္ထာန၊ထွန်းပြတော်မူပြီး၍။သဒေဝကေ၊နတ်နှင့်တကွသော သတ္တဝါအပေါင်းတို့ကို။သန္ဓာရေတ္ထာ၊သံသရာတည်းဟူသော သမုဒ္ဒရာမှကယ်တင်တော်မူပြီး၍။အဂ္ဂိခန္ဓောဝ၊မီးပုံကြီးကဲ့သို့။ဇလိတ္ထာ၊တောက်ပတော်မူပြီး၍။သသာဝကော၊

http://www.dhammadownload.com



တပည့်သားအပေါင်းနှင့်တကွ။နိဗ္ဗတော၊ခန္ဓပရိနိဗ္ဗာန် စံဝင်တော်မူလေပြီ။

* ထကြွသိမ်းဆည်း၊ မျှသုံးစွဲ၊ ပေါင်းမြဲ မိတ်ဆွေကောင်း-ဟူသော ကဗျာသည် မြတ်စွာဘုရား အကျယ်ဟောတော်မူခဲ့သော သမ္မဒါလေးပါးကို အကျဉ်းချုံး၍ အနက် အဓိပ္ပါယ် မပျက်စီးအောင် ဖွဲ့ဆိုထားသောကြောင့် သမာသ အတ္ထဗြဟ္မဏ် မြောက်ပါသည်။

* ထကြွသိမ်းဆဲ၊ မျှသုံးစွဲ၊ ပေါင်းမြဲ ကလျာ။

* သန်,ဂုဏ်,ပ,မ၊မေတ္တေယျ၊ ပွင့်ကြ ဤကမ္ဘာ--သည် ဤဘဒ္ဒကမ္ဘာ၌ ပွင့်သောဘုရား ငါးဆူကို အကျဉ်းချုံး၍ ဆိုထားသောကြောင့် သမာသ အတ္ထဗြဟ္မဏ်။

* ဟန္ဒ ဒါနိ ဘိက္ခဝေ (ပ) အပ္ပမာဒေန သမ္မာဒေထ--၌ မြတ်စွာဘုရား ၄၅-ဝါပတ်လုံး ဟောထားအပ်သော တရားအားလုံးကို "အပ္ပမာဒ" တစ်ပုဒ်တည်းဖြင့် အကျဉ်းချုံးထားသောကြောင့် သမာသ အတ္ထဗြဟ္မဏ် မြောက်ပါသည်။

* သု၊စိ၊ပု၊ဘာ၊ ဝိ၊လိ၊သိ၊ဓော အက္ခရာစွဲသုံး (ပုလဲလုံးကို) ဤရှစ်လုံးကို သီကုံးပန်းသွင်နေ့တိုင်း ဆင်လော့။--၌ အကျဉ်းချုံး၍ ဆိုထားသောကြောင့် သမာသ အတ္ထဗြဟ္မဏ်။

* တစ်မှန့်မြေစာ တစ်လွှာပန်းခြောက် တစ်ပေါက်ရေစက် ငါတို့လက်မှ ရန်သူရလျှင် မြန်မာ့သမိုင်း ရိုင်းတော့မယ်။

* တောင်တောရယ်သာ မာလာကဲ့ဖူး တစ်ပင်ကို နှစ်ပင်ယှက်တယ် ကျေးဇူးကမြူး

* သုံးပါးဝိဇ္ဇာ၊ ပု-ဒိ-အာကို၊မြတ်စွာကိုယ်တိုင်၊ သိမြင်နိုင်၏။--၌ ဝိဇ္ဇာသုံးပါးကို အကျဉ်းချုံး၍ ဆိုထားသောကြောင့် သမာသ အတ္ထဗြဟ္မဏ် မြောက်ပါသည်။

### * ဗျာသ အတ္ထဗြဟ္မဏ်၏ ပုံစံပြ ဂါထာ

၁၂၅။ မတ္ထကဋ္ဌ မတဿာပိ၊ရဇော ဘာဝံ ဝဇန္တု မေ။
ယတော ပုညေန တေ သေန္တု၊ဇိန ပါဒမ္ဗုဇ ဒ္ဝယေ။

၁၂၅။ မတဿာပိ၊သေသည်လည်းဖြစ်သော။မေ၊ငါ၏။မတ္ထကဋ္ဌိ၊ဦးခေါင်းရိုးတို့သည်။ရဇောဘာဝံ၊မြူမှုန့်၏အဖြစ်သို့။ဝဇန္တု၊ရောက်ပါစေကုန်သတည်း။ကသွာ၊အဘယ်ကြောင့်။ဝဇန္တု၊ရောက်ပါစေကုန်သတည်း။ယတောယသွာ၊အကြောင်းကြောင့်။မေ၊ငါ၏။ပုညေန၊ကောင်းမှုကြောင့်။တေရဇော၊ထိုဦးခေါင်းရိုး မြူမှုန့်တို့သည်။ဇိနပါဒမ္ဗုဇဒ္ဝယေ၊မြတ်စွာဘုရား၏ခြေတော်အစုံ ကြာပဒုံ၌။သေန္တု၊မှီဝဲစေကုန်သတည်း။တတော တသွာ၊ထိုအကြောင်းကြောင့်။ဝဇန္တု၊ရောက်ပါစေကုန်သတည်း။

* **ဤဂါထာ၌ ရနိုင်သောဂုဏ် ။ ။** ငါသည် မြတ်စွာဘုရားအား အဘယ်သို့လျှင် အမြဲရှိခိုးရပါအံ့နည်း-ဟူသော အကျဉ်းဖြစ်သောအနက်ကို အကျယ်ချဲ့၍ ဖွဲ့နွဲ့စီကုံးထားသောကြောင့် ဗျာသအတ္ထဗြဟ္မဏ် ရနိုင်ပါသည်။

http://www.dhammadownload.com



* နတ္ထိ ဇာတိ ဇရာ ဗျာဓိ၊ မရဏဉ္စ မဟာမုနေ။

အဇရာ မရဏံ ပုရံ၊ ဂမိဿာမိ အသင်္ခတံ--ဤဂါထာ၌ ပရိနိဗ္ဗာန်စံတော်မူတော့မည်ဟူ၍ အကျဉ်းအားဖြင့် ဆိုအပ်သောစကားကို အကျယ်ချဲ့၍ ဟောတော်မူသောကြောင့် ဗျာသ အတ္ထသြဇဂုဏ် ရောက်ပါသည်။

၁၂၆။ ဣဏ္ဍေတြ နိစ္စ ပွဏတိ၊ဂေဓော သာဓု ပဒိဿတိ။
ဇာယတေ ယံ ဂုဏော တိက္ခ၊ပညာန မဘိယောဂတော။

၁၂၆။ ဣဏ်တိုးဤသို့။အတြ ဂါထာယံ၊ထိုဒုတိယဂါထာ၌။နိစ္စပွဏတိဂေဓော၊အမြဲရှိခိုးခြင်း၌ လွန်ကဲသော အလိုဆန္ဒကို။သာဓု၊ကောင်းစွာ။ပဒိဿတိ၊သိမြင်အပ်၏။အယံ ဂဏော၊ဤအကျဉ်းကို အကျယ်ချဲ့ခြင်းဟုဆိုအပ်သော သြဇဂုဏ်သည်။တိက္ခ ပညာနံ၊ ထက်မြက်စူးရှသော ပညာရှိသောသူတို့၏။အဘိယောဂတော၊လွန်ကဲသော လုံ့လဝီရိယကြောင့်။ဇာယတေ၊ဖြစ်၏။

* ဗျာသ အတ္ထသြဇဂုဏ် ဖြစ်ခြင်းအကြောင်း ။ ။ ထက်မြက်သော ပညာရှိတို့၏ လွန်ကဲသော လုံ့လဝီရိယကြောင့် ဗျာသ အတ္ထသြဇဂုဏ် ဖြစ်ပါသည်။ (ဇာယတေ ယံ ဂုဏော တိက္ခ၊ ပညာန မဘိယောဂတော-ကိုထောက်)

* မဓုရတာဂုဏ်၏ သရူပ်နှင့် လက္ခဏာပြဂါထာ

၁၂၇။ မဓုရတ္ထံ ပဒါသတ္ထိ၊ရနုပ္ပါသ ဝသာ ဒ္ဝိဓာ၊
သိယာ သမသုတိ ပုဗ္ဗာ၊ဝဏ္ဏာဝုတ္ထိ ပရော ယထာ။

၁၂၇။ မဓုရတ္ထံ၊မဓုရတာဂုဏ်သည်။ပဒါသတ္ထိ ရနုပ္ပါသ ဝသာ၊ပဒါသတ္ထိမဓုရတာဂုဏ်,အနုပ္ပါသမဓုရတာဂုဏ်တို့၏ အစွမ်းအားဖြင့်။ဒ္ဝိဓာ၊နှစ်ပါးအပြားရှိ၏။တတ္ထ တေသု ပဒါသတ္ထိ ရနုပ္ပါသေသု၊ထိုပဒါသတ္ထိမဓုရတာဂုဏ်,အနုပ္ပါသမဓုရတာဂုဏ်တို့တွင်။သမသုတိ၊ ဌာန်ချင်း,မတြာချင်း,သံယုဂ်ချင်းအားဖြင့် တူသောအက္ခရာရှိသော ဂုဏ်သည်။ပုဗ္ဗာ၊နှေးဖြစ်သောပဒါသတ္ထိမဓုရတာဂုဏ်မည်သည်။သိယာ၊ဖြစ်ရာ၏။ဝဏ္ဏာဝုတ္ထိ၊ရွတ်အပ်ပြီးသော အက္ခရာကို ထပ်၍ရွတ်ခြင်းသည်။ပရော၊နောက်ဖြစ်သော အနုပ္ပါသမဓုရတာဂုဏ်မည်သည်။ သိယာ၊ဖြစ်ရာ၏။ဥဒါဟရဏံ၊ဥဒါဟရဏ်သည်။ယထာ၊ဤဆိုအပ်လတ္တံ့သောနည်းဖြင့်။ ဟောတိ၊ဖြစ်၏။

* မဓုရတာဂုဏ် မည်ပုံ ။ ။ ဌာန်တူ အက္ခရာတို့ကို နီးနီးကပ်ကပ်ထားခြင်းဖြင့် သာယာနာပျော်ဖွယ်ကောင်းသောဂုဏ်သည် မဓုရတာဂုဏ် မည်ပါသည်။

* မဓုရတာဂုဏ်၏သရူပ် ။ ။ ၁။ ပဒါသတ္ထိမဓုရတာဂုဏ်၊ ၂။ အနုပ္ပါသ မဓုရတာ

http://www.dhammadownload.com



ဂုဏ်အားဖြင့် ၂-ပါးဖြစ်ပါသည်။

* **ပဒါသတ္တိ မဓုရတာဂုဏ် မည်ပုံ** ။ ။ ဌာန်ချင်း, မတြာချင်း, သံယုဂ်ချင်းအားဖြင့် နီးကပ်ခြင်း အကွာရှိသော မဓုရတာဂုဏ်သည် ပဒါသတ္တိ မဓုရတာဂုဏ် မည်ပါသည်။

* **အနုပ္ပါသ မဓုရတာဂုဏ် မည်ပုံ** ။ ။ ရွတ်ဆိုအပ်ပြီးသော အကွာရာကို တဖန်ထပ်၍ ရွတ်ဆိုခြင်းရှိသော မဓုရတာဂုဏ်သည် အနုပ္ပါသ မဓုရတာဂုဏ် မည်ပါသည်။

* **မဓုရတာဂုဏ်၏ လက္ခဏာ** ။ ။ ၁။ ဌာန်ချင်း မတြာချင်း သံယုဂ်ချင်းတူခြင်း၊ ၂။ ရှေ့ရွတ်အပ်ပြီးသော အကွာရာကို နောက်ထက်ရွတ်ခြင်းတို့ ဖြစ်ပါသည်။

---

*** ပဒါသတ္တိ မဓုရတာဂုဏ် မြောက်ပုံ-ပုံစံ**

၁၂၈။ ယဒါ ဧသော ဘိသမ္ဗောဓိ၊သမ္ဗတ္တော မုနိပုဂ်ဝေါ။
တဒါပဘုတိ ဓမ္မဿ၊လောကေ ဇာတော မဟုဿဝေါ။

၁၂၈။ ဧသော မုနိပုဂ်ဝေါ၊ထိုမြတ်စွာဘုရားသည်။ယဒါ၊အကြင်အခါမှ။ပဘုတိ၊ အစပြု၍။အဘိသမ္ဗောဓိ၊အရဟတ္တမဂ်ဉာဏ်,သဗ္ဗညုတဉာဏ်တော်ကို။သမ္ဗတ္တော အဓိဂတော၊ရတော်မူပြီ။တဒါ၊ထိုအခါမှ။ပဘုတိ၊အစပြု၍။ဓမ္မဿ၊သုံးဆယ့်ခုနှစ်ပါးသော တောဓိပက္ခိယတရားတော်၏။မဟုဿဝေါ၊အကြီးအကျယ်တိုးပွားခြင်းသည်။လောကေ၊လောကဋ္ဌ။ ဇာတော၊ဖြစ်၏။

*** ယဒါ ဧသော-ဂါထာ၏ ပဒါသတ္တိ မဓုရတာဂုဏ်မြောက်ပုံ**

ယဒါ ဧသော-၌ "အာ-ဧ-ဩ"ဟူသော ဒီဃသရ နီးကပ်ခြင်း, ယနှင့် ဧတို့၏ တာလုဇ ဌာန်ချင်း နီးကပ်ခြင်း, အဘိသမ္ဗောဓိ သမ္ဗတ္တော-၌ ဘိနှင့် ဓိအကွာရာတို့၏ ဓနိတအကွာရာချင်း နီးကပ်ခြင်း, မနှင့်ဗ၊ မနှင့်ပ၊ တနှင့်တတို့၏ သံယုဂ်အကွာရာချင်း နီးကပ်ခြင်းစသော အကွာရာရှိသောကြောင့် ပဒါသတ္တိ မဓုရတာဂုဏ် မြောက်ပါသည်။

* အကြင်ကာလ၊ ရဟန်းဘသည်၊ ဗုဒ္ဓစင်စစ်၊ ထင်ရှားဖြစ်၏၊ ထိုခေတ်မှစ၊ သုံးလောကဋ္ဌ၊ ဓမ္မသဘင်၊ ပွဲကြီးယဉ်သည်၊ နေ့စဉ်တိုး၍ တိုး၍တည်း။--၌ အချို့ဌာန်တူ အကွာရာချင်းနီး၍ အချို့ဒီဃသရချင်း နီးကပ်စွာ ဖွဲ့ဆိုထားသောကြောင့် ပဒါသတ္တိ မဓုရတာဂုဏ် မြောက်ပါသည်။

* ဆူလှယ်နမ်းကာ၊ ဖက်ရမ်းကာနှင့်၊ ရှိုက်ကာငါတို့ ငိုကြသည်။

* တောင်တောရယ်သာ မာလာကဋ်ဖူး တစ်ပင်ကို နှစ်ပင်ယှက်တယ် ကျေးငှက်ကမြူး

* ချိုးနှစ်ကောင် ထနောင်းပင်ညိနောင်က လွမ်းအောင်ကူခွဲ၊ ပန်းတော်ဖြူ မြက်နေဇာ ထူလှ ဖိုးတောင်သူတဲ့။

* ရွှေစည်တီး တီး၊ ရွှေထီးဆောင်းဆောင်း၊ ရွှေတောင်းသွယ်သွယ်၊ ရွှေစလွယ်နှင့်။-

http://www.dhammadownload.com



သည် အက္ခရာတူ ထပ်ဆိုထားသောကြောင့် အနုပ္ပါသ မဓုရတာဂုဏ်။ (တစ်နည်း) အက္ခရာတူ ဌာန်တူနီးကပ်သောကြောင့် ပဒါဒိတ္တိ မဓုရတာဂုဏ် မြောက်ပါသည်။

* အနုပ္ပါသ မဓုရတာဂုဏ်မြောက်ပုံ - ပုံစံ

၁၂၉။ မုနိန္ဒ မန္ဒ ဟာသာ တေ၊ကုန္ဒ သန္ဒေဟ ဝိဇ္ဇမာ။
ဒိသန္တ မနုဓာဝန္တိ၊ဟသန္တာ စန္ဒကန္တိယော။

၁၂၉။ ကုန္ဒသန္ဒေါဟ ဝိဇ္ဇမာ၊သင်းခွေပန်းအတူ ဖွေးဖြူတင့်တယ်ကုန်သော။တေ မုနိန္ဒ မန္ဒ ဟာသာ၊ထိုမြတ်စွာဘုရား၏ ညှင်းညှင်းသာသာပြုံးရယ်ခြင်းကြောင့် ဖြစ်သော စွယ်တော်ရောင် သွားတော်ရောင်တို့သည်။စန္ဒကန္တိယော၊လရောင်တို့ကို။ဟသန္တာ၊ပြက်ရယ်ပြုကုန်လျက်။ဒိသန္တ၊အရပ်မျက်နှာ အဆုံးသို့။အနုဓာဝန္တိ၊ပြေးသွားကုန်၏။

* ဤဂါထာ၌ အနုပ္ပါသ မဓုရတာဂုဏ်မြောက်ပုံ ။ ။ မုနိန္ဒ-စသော ဂါထာဖြင့် မုနိန္ဒ မန္ဒ ကုန္ဒ သန္ဒ စန္ဒ-ဟူသောပါဠိ၌ ရွတ်ဆိုအပ်ပြီးသော နသံယုဂ်နှင့်တကွ ဒဗ္ဗက္ခရာကိုလည်း၊ဒိသန္တ မနုဓာဝန္တိ ဟသန္တာ ကန္တိ-ဟူသောပါဠိ၌ ရွတ်ဆိုအပ်ပြီးသော နသံယုဂ်နှင့်တကွ တအက္ခရာကိုလည်း တဖန်ထပ်၍ ရွတ်ဆိုအပ်သောကြောင့် အနုပ္ပါသ မဓုရတာဂုဏ် မြောက်ပါသည်။

* ဖြူဖြူ ဝင်းဝင်း ကြူးကြူးသင်းသည့် ပန်းမင်းသင်းခွေ တင့်တယ်လေသို့--၌ ဖြူဖြူ ဝင်းဝင်း ကြူးကြူးသင်း-ဟူသော အက္ခရာတူကို ထပ်ဆိုသောကြောင့် အနုပ္ပါသ မဓုရတာဂုဏ် မြောက်ပါသည်။

* ပေါ်လွင်မပြူ၊ ကောင်းရာတုလျှက်၊ ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍၊ ကောင်းကျိုးကိုယ်၌ တည်စေမင်း--၌ "ကောင်း"ဟူသော စကားလုံးကိုထပ်ကာထပ်ကာ ဆိုထားသောကြောင့် အနုပ္ပါသ မဓုရတာဂုဏ် မြောက်ပါသည်။

* သိမှ သိ၊ မသိကို သိသည်၊ မသိလျှင် ဉာ၊ မသိကို မသိ--၌ အက္ခရာအတူကို အထပ်ထပ် ဆိုထားသောကြောင့် အနုပ္ပါသ မဓုရတာဂုဏ် မြောက်ပါသည်။

* သူ့ဂုဏ် သူ့သိရ်၊ သူ့အရှိန်နှင့်။

* ငါ့အိမ်ငါ့သား၊ ငါ့ဥစ္စာ ငါ၊ ငါခွဲလမ်းကုန်။

* တိုင်းအတည်တည် ပြည်အစိုးမို့၊ မြို့အခမ်းခမ်း၊ နန်းအသီးသီး၊ ထီးအဆူဆူ။

* ကာမစည်းစိမ် တဏှာအိမ်၌ ကြိမ်ကြိမ်မွန်းနစ် တရစ်ရစ်နှင့် ဖြစ်ဖြစ်သမျှ အဝဝကို

* တသန္ဓေ၊ တပေလျှဉ်းလျှဉ်း၊ တညှင်းဆိုးဆို၊ တညိုးလျလျ၊ တတလွမ်းလွမ်း၊ တသမ်းဟယ်ဟယ်၊ တတွယ်တာတာ၊ တဟာလှိုက်လှိုက်၊ တရှိုက်ငင်ငင်၊ တပင်ပန်းပန်း၊ တဝမ်းလျားလျား၊ ရဟတ်ခြားသို့။ (ကိုးခန်း)

http://www.dhammadownload.com



* ပပချပ်ချပ်၊ လှပ်လှပ်လွှာလွှာ၊ ဆာဆာလှိုက်လှိုက်၊ ရှိုက်ရှိုက်ရဲ့ရဲ့၊လူပ်လဲ့လဲ့နှင့်။
* ရွှင်ပျလူးလာ၊ အသာအယာ၊ ခေါင်းတမော့မော့၊ မျှော်တလင့်လင့်။
* ခေါက်ရာငှက်ပျံ၊ ခင်ပုပ်ပျံနှင့်၊ ဘုတ်ပျံ ရှူးပျံ လောကဓမ်။
* ကရင်မ ကရင်မ ကရင်က မကရင် ကရင်ကြီးက ရိုက်လိမ့်မယ်။

*** ပညာရှိများ မနှစ်သက်သော မဓုရတာဝုဏ်**

**၁၃၀။ သဗ္ဗ ကောမလ ဝဏ္ဏောဟိ၊နာနုပ္ပါသော ပသံသုယော။**
**ယထာ ယံ မာလတီ မာလာ၊လိန လောလာလိ မာလိနီ။**

**၁၃၀။** သဗ္ဗ ကောမလ ဝဏ္ဏောဟိ၊အလုံးစုံနူးညံ့သော အက္ခရာတို့ဖြင့်။ကတော ပြုအပ်သော။အနုပ္ပါသော၊အနုပ္ပါသမဓုရတာဝုဏ်ကို။နှ ပသံသိယော၊မနှီးမွမ်းအပ်။ဥဒါဟ ရဏ်၊ဥဒါဟရုဏ်သည်။ယထာ၊ဤဆိုအပ်လတ္တံ့သောနည်းဖြင့်။ဟောတိ၊ဖြစ်၏။အယံ မာလ တီမာလာ၊ဤမြတ်လေးပန်းဆိုင်းသည်။လိန လောလာလိ မာလိနီ၊အားထုတ်သော တပ် သော ပိတုန်းအစဉ်ရှိ၏။(ဝါ)နားသောလျှပ်ပေါ်သော ပိတုန်းအစဉ်ရှိ၏။

**မေး ။** အပြစ်လွတ်မြောက်က ဂုဏ်ရောက်၏-ဟု ဆိုရာဝယ် ဂုဏ်မြောက်သော်လည်း ပညာရှိများ မနှစ်သက်အပ်သော မဓုရတာဝုဏ်ကို ပုံစံချ ရှင်းပြပါ။

*** ပညာရှိများ မနှစ်သက်သော မဓုရတာဝုဏ် ။ ။** အယံ မာလတီ မာလာ လိန လောလာလိမာလိနီ-ဟူသောပုံစံသည် အလုံးစုံ နူးညံ့သော သိထိလအက္ခရာဖြင့် စီကုံး ထားသဖြင့် သိလေသဂုဏ်နှင့် ဆန့်ကျင်သောကြောင့် ပညာရှိများ မနှစ်သက်ပါ။

*** သမတာဝုဏ်၏ သရုပ်နှင့် လက္ခဏာပြ ဂါထာ**

**၁၃၁။ မုဒူဟိ ဝါ ကေဝလေဟိ၊ကေဝလေဟိ ဖုဋ္ဌေဟိ ဝါ။**
**မိဿေဟိ ဝါ တိဓာ ဟောတိ၊ဝဏ္ဏေဟိ သမတာ ယထာ။**

**၁၃၁။** ကေဝလေဟိ၊မရောမယှက် သက်သက်ကုန်သော။မုဒူဟိ၊နူးညံ့ကုန်သော။ ဝဏ္ဏေဟိ၊သိထိလအက္ခရာတို့ဖြင့်။သမတာ ဝါ၊လေးပါဒလုံး ဌာန်တူသည်၏အဖြစ်ဝင်း။ကေဝ လေဟိ၊မရောမယှက် သက်သက်ကုန်သော။ဖုဋ္ဌေဟိ၊ကြမ်းတမ်းကုန်သော။ဝဏ္ဏေဟိ၊ဓနိတ အက္ခရာတို့ဖြင့်။သမတာ ဝါ၊လေးပါဒလုံး ဌာန်တူသည်၏အဖြစ်ဝင်း။မိဿေဟိ၊ရောကုန် သော။ဝဏ္ဏေဟိ၊သိထိလအက္ခရာ,ဓနိတအက္ခရာတို့ဖြင့်။သမတာ ဝါ၊လေးပါဒလုံး ဌာန်တူ သည်၏အဖြစ်ဝင်း။ကွာတိ၊ဤသို့။သမတာ၊သမတာဝုဏ်သည်။တိဓာ၊သုံးပါး အပြားရှိသည်။ ဟောတိ၊ဖြစ်၏။ဥဒါဟရဏ်၊ဥဒါဟရုဏ်သည်။ယထာ၊ဤဆိုအပ်လတ္တံ့သောနည်းဖြင့်။ ဟောတိ၊ဖြစ်၏။

http://www.dhammadownload.com



* သမတာဝုဏ်မည်ပုံ ။ ။ မုဒုဖြစ်သော သိထိလအက္ခရာသင်္ယောဂဖြင့်သော်၎င်း၊ ဖုဋ္ဌဖြစ်သော ခနိတအက္ခရာ သင်္ယောဂဖြင့်သော်၎င်း၊ မုဒု, ဖုဋ္ဌရောသောအားဖြင့်သော်၎င်း အချို့အချ ဌာန်တူမျှသော ဝုဏ်သည် သမတာဝုဏ်မည်ပါသည်။

* သမတာဝုဏ်သရွပ် ။ ။ ၁။ မုဒုသမတာဝုဏ်၊ ၂။ ဖုဋ္ဌသမတာဝုဏ်၊ ၃။ မိဿသမတာဝုဏ်အားဖြင့် သုံးပါးရှိပါသည်။

* **မုဒုသမတာဝုဏ် မည်ပုံ** ။ ။ သိထိလအက္ခရာတို့ဖြင့် အစချီ၍ သိထိလအက္ခရာတို့ဖြင့် အဆုံးသတ်သော သမတာဝုဏ်သည် မုဒုသမတာဝုဏ်မည်ပါသည်။

* **မုဒုသမတာဝုဏ်၏ လက္ခဏာ** ။ ။ သိထိလအက္ခရာတို့ဖြင့် လေးပါးဒလုံး ဌာန်တူခြင်း ဖြစ်ပါသည်။

* **ဖုဋ္ဌသမတာဝုဏ် မည်ပုံ** ။ ။ ခနိတအက္ခရာတို့ဖြင့် အစချီ၍ ခနိတအက္ခရာတို့ဖြင့် အဆုံးသတ်သော သမတာဝုဏ်သည် ဖုဋ္ဌသမတာဝုဏ် မည်ပါသည်။

* **ဖုဋ္ဌသမတာဝုဏ်၏ လက္ခဏာ** ။ ။ ခနိတ အက္ခရာတို့ဖြင့် လေးပါးဒလုံး ဌာန်တူခြင်း ဖြစ်ပါသည်။

* **မိဿသမတာဝုဏ် မည်ပုံ** ။ ။ သိထိလ ခနိတ အက္ခရာတို့ဖြင့် အစချီ၍ သိထိလ ခနိတ အက္ခရာတို့ဖြင့် အဆုံးသတ်သော သမတာဝုဏ်သည် မိဿသမတာဝုဏ် မည်၏။

* **မိဿ သမတာဝုဏ်၏ လက္ခဏာ** ။ ။ သိထိလ ခနိတ အက္ခရာတို့ဖြင့် လေးပါးလုံး ဌာန်တူခြင်း ဖြစ်ပါသည်။

*** မုဒုသမတာဝုဏ်မြောက်ပုံ - ပုံစံ**

၁၃၂။ **ကောကိလာလာပ သံဝါဒိ၊မုနိန္ဒာလာပ ဝိဿမော။**
**ဟဒယင်္မတံ ယာတိ၊သတံ ဒေတိ စ နိပ္ပုတိ။**

၁၃၂။ ကောကိလာလာပ သံဝါဒိ။ကရဝိက်ဒုက်မင်း၏ အသံနှင့်တူသော။မုနိန္ဒာလာပ ဝိဿမော၊မြတ်စွာဘုရားအသံတော်၏ တင့်တယ်ခြင်းသည်။သတံ၊သူတော်ကောင်းတို့၏ ဟဒယင်္မတဥ္စ၊နှလုံးသို့သက်ဝင်သည်၏ အဖြစ်သို့လည်း။ယာတိ၊ရောက်၏။သတံ၊သူတော်ကောင်းတို့အား။နိပ္ပုတိ စ၊နိဗ္ဗာန်ကိုလည်း။ဒေတိ၊ပေးတတ်၏။

* သမုဒ်နက်ကျယ်၊ ပင်လယ်ကမ်းဘေး၊ နယ်ကျေးရံဝိတ်၊ ပဋိက္ကရားမင်းကြီးအားလျှင်။

* ပေါ်လွင်မပြူ၊ ကောင်းရာတုလျက်။ ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၍၊ ကောင်းကျိုးကိုယ်၌ တည်စေမင်း။

* ကိုယ့်ကိုသနား၊ တရားစောင့်ပါ၊ ကိုယ်ကိုကိုယ်ငဲ့၊ ကျွဲကွဲ့ကောင်းစွာ၊ ကိုယ်သနားမှ၊ ကိုယ်ကားချမ်းသာ၊ ကိုယ့်အကျိုး၊ ကိုယ်တိုးစေသင့်ပါ။--၌ သိထိလ အက္ခရာတို့ဖြင့်

http://www.dhammadownload.com



အညီအမျှ စီကုံးထားသောကြောင့် မုဒုသမတာဂုဏ် မြောက်ပါသည်။

*** ဖုဋ္ဌ သမတာဂုဏ်မြောက်ပုံ - ပုံစံ**

၁၃၃။ **သမ္ဘာဝနီယ သမ္ဘာဝံ၊ဘဂဝန္တံ ဘဝန္တဝုံ။**
**ဘဝန္တ သာဓနာကာရီကော နု သမ္ဘာဝယေ ဝိဘုံ။**

၁၃၃။ သမ္ဘာဝနီယ သမ္ဘာဝံ၊ရှိသေအပ်သော တင့်တယ်သောအလိုရှိတော်မူသော။ ဘဂဝန္တံ၊ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော။ဘဝန္တဝုံ၊ဘဂဝ၏အဆုံးဖြစ်သော နိဗ္ဗာန်သို့ ရောက်တော်မူသော။ဝိဘုံ၊မြတ်စွာဘုရားကို။ဘဝန္တ သာဓနာ ကာရီ၊နိဗ္ဗာန်၏ပြည့်စုံခြင်းကို အလိုရှိသော။ကော၊အဘယ်သူသည်။နု သမ္ဘာဝယေ၊မရှိသေဘဲ ရှိပါအုံးနည်း။သမ္ဘာဝယေ ဇေ၊ရှိသေသည်သာလျှင်တည်း။

*** ဖိဿ သမတာဂုဏ်မြောက်ပုံ - ပုံစံ**

၁၃၄။ **လဒ္ဓ စက္ခုန သံသဂ္ဂ၊သုဂန္ဓိ မလယာနိလော။**
**မနု မာယာတိ ဘီတောဝ၊မုနိန္ဒ မုခ မာရုသာ။**

၁၃၄။ လဒ္ဓစက္ခုန သံသဂ္ဂ သုဂန္ဓိ၊ရအပ်သော စက္ခုကူးပင်တို့နှင့် ပေါင်းဆုံခြင်းကြောင့် တင့်တယ်သော အနံ့ရှိသော။မလယာနိလော၊စက္ခုကူးတောမှ လာသောလေသည်။ မုနိန္ဒ မုခ မာရုတာ၊မြတ်စွာဘုရား၏ခံတွင်းတော်မှ ထွက်သောလေမှ။ဘီတောဝ၊ကြောက်သကဲ့သို့။မနု၊ညှင်းညှင်းသာသာ။အာယာတိ၊တိုက်ခတ်၍လာ၏။

* ခင်ခင်မွတ်မွတ် လိုက်လံတတ်သား ထူးပွတ်မဆိုင်း စိတ်ဆင်ရိုင်းကို။

* တရားဓမ္မ ဟောပြတုံပါ ပါပဟာလ ဆန္ဒကင်းကွာ ပြန်စွပ်စွဲလို့ ဆဲတတ်သေးပါ ထို့ကြောင့်ပ တွေးဆ ဟောသင့်ပါ။

*** သဒ္ဒ သုခုမာလတာဂုဏ်၏ လက္ခဏာပြ**

၁၃၅။ **အနိဋ္ဌရက္ခရပ္ပါယာ၊သဗ္ဗကောမလ နိဿဋာ။**
**ကိစ္ဆ မုစ္စာရဏာပေတ၊ဗျဉ္ဇနာ သုခုမာလတာ။**

၁၃၅။ အနိဋ္ဌရက္ခရပ္ပါယာ၊မကြိမ်းတမ်းသော သိထိလအက္ခရာများသော။သဗ္ဗကောမလ နိဿဋာ၊အလုံးစုံနူညံ့သောအက္ခရာမှ ကင်းလွတ်သော။ကိစ္ဆ မုစ္စာ ရဏာပေတ ဗျဉ္ဇနာ၊ငြိုငြင်ပင်ပန်းစွာ ရွတ်ဆိုအပ်သောအက္ခရာမှ ကင်းသောအက္ခရာရှိသောဂုဏ်သည်။ သုခုမာလတာ၊သုခုမာလတာဂုဏ်မည်၏။

*** သဒ္ဒ သုခုမာလတာဂုဏ်-၏ လက္ခဏာနှင့် အဓိပ္ပါယ်**

၁။ သိထိလ အက္ခရာများ၍ ဓနိတ အက္ခရာနည်းခြင်း၊ ၂။ ခဲယဉ်းစွာ ရွတ်ဆိုအပ်သော ပုဒ်တို့မှကင်းခြင်းအားဖြင့် လက္ခဏာ နှစ်ပါးရှိသောဂုဏ်သည် သဒ္ဒ သုခုမာလတာ

http://www.dhammadownload.com



ဂုဏ် မည်ပါသည်။

*** သဒ္ဒ သုခုမာလတာဂုဏ်မြောက်ပုံ - ပုံစံ**

**၁၃၆။ ပဿန္တော ခွပ ဝိဘဝံ၊သုဏန္တော မဓုရံ ဝိရုံ။**
**စရန္တိ သာဓူ သမ္မုဒ္ဒ၊ကာလေ ကေဠိ ပရမ္မုခါ။**

၁၃၆။ သာဓူ၊သူတော်ကောင်းတို့သည်။သမ္မုဒ္ဒ ကာလေ၊မြတ်စွာဘုရားထင်ရှားရှိတော်မူသောအခါ၌။ခွပ ဝိဘဝံ၊အဆင်းတော်၏တင့်တယ်ခြင်းကို။ပဿန္တော၊ကြည့်ရှု ဖူးမြော်ကြကုန်လျက်။မဓုရံ ဝိရုံ၊ချို့မြိန်သောတရားတော်သံကို။သုဏန္တော၊နာကြကုန်လျက်။ကေဠိ ပရမ္မုခါ၊အပျော်အရွှင် ပွဲလမ်းသဘင်ကို မျက်နှာလွှဲကြကုန်လျက်။စရန္တိ၊လှည့်လည်လျောက်ပါး သွားကြကုန်၏။

*** ပဿန္တော-စသော ဂါထာ၌ သဒ္ဒ သုခုမာလာတာဂုဏ်မြောက်ပုံ**

ပထမ,ဒုတိယ,စတုတ္ထပါဒတို့ဝယ် ဓနိတအက္ခရာ တစ်လုံးစီသာပါ၍ ဓနိတ အက္ခရာ နှည်းပါးခြင်း, အရွတ်အဖတ်ခက်သော သဒ္ဒါသမာသ် သဲယုဂ်တို့ မပါခြင်းဟူသော လက္ခဏာ နှစ်ပါးရှိသောကြောင့် သဒ္ဒ သုခုမာလတာဂုဏ် မြောက်ပါသည်။

*** သဒ္ဒ သုခုမာလတာဂုဏ်၏ အထူးသဖြင့် နှစ်သက်ဘွယ်ရှိပုံ**

**၁၃၇။ အလင်္ကာရ ဝိဟိနာပိ၊သတံ သမ္မုခတေ ဒိသိ။**
**အာရောဟတိ ဝိသေသေန၊ရမဏီယာ တဒုဇ္ဇလာ။**

၁၃၇။ ဤဒိသိ။ဤသို့ သဘောရှိသော သုခုမာလတာဂုဏ်သည်။အလင်္ကာရ ဝိဟိနာပိ၊အတ္ထာလင်္ကာရမှကင်းသော်လည်း။သတံ၊ပညာရှိသူတော်ကောင်းတို့၏။သမ္မုခတေ၊ရှေ့ရှုမျက်မှောက်ပြုအပ်သည်၏အဖြစ်သို့။အာရောဟတိ၊ရောက်နိုင်၏။တဒုဇ္ဇလာ၊ထိုအတ္ထာလင်္ကာရဖြင့်တောက်ပပါမူကား။(ဝါ)တန်ဆာဆင်ရပါမူကား။ဝိသေသေန၊အထူးအားဖြင့်။ရမဏီယာ၊နှစ်သက်ဖွယ်ရှိ၏။

*** သဒ္ဒ သုခုမာလတာဂုဏ်မြောက်ပုံ - ပုံစံ**

**၁၃၈။ ရောမဉ္စ ပိဉ္ဇ ရစနာ၊သာဓု ဝါဒါဟိတဒ္ဓနီ။**
**လဉ္ဇန္တိမေ မုနိ မေယျ၊မွဒါ သာဓု သိခါ ဝလာ။**

၁၃၈။ ရောမဉ္စ ပိဉ္ဇ ရစနာ၊ကြက်သီး မွေးညှင်းထခြင်းနှင့်တူသော အတောင်မြီးစည်းကို ဖြန့်ခြင်းရှိကုန်သော။သာဓုဝါဒါဟိတဒ္ဓနီ၊သာဓုခေါ်သံနှင့်တူသော တွန်မြွေးသံရှိကုန်သော။မုနိမေယျမွဒါ၊ဘုရားနှင့်တူသော မိုးကြောင့် ယစ်ခြင်းရှိကုန်သော။ကြွမေ သာဓုသိခါဝလာ၊ဤသူတော်ကောင်းနှင့်တူသော ဥဒေါင်းတို့သည်။လဉ္ဇန္တိ၊တင့်တယ်စံပယ်ကြကုန်၏။ (တနည်း)ရောမဉ္စ ပိဉ္ဇ ရစနာ၊ကြက်သီး မွေးညှင်းတည်းဟူသောအတောင် မြီးစည်းကို ဖြန့်ခြင်းရှိကုန်သော။သာဓုဝါဒါဟိတဒ္ဓနီ၊သာဓုခေါ်သံတည်းဟူသော တွန်မြွေးသံရှိကုန်သော။

http://www.dhammadownload.com



မုနိမေယျမွဒါ။ဘုရားတည်းဟူသော မိုးကြောင့် ယစ်ခြင်းရှိကုန်သော။ကျွဲမဲသာခု သိခါဝလာ၊ ဤသူတော်ကောင်းတည်းဟူသော ဥဒေါင်းတို့သည်။လဉ္ဇန်၊တင့်တယ်စိုပြိယ်ကြကုန်၏။

*** ရောမဠ္ဟ ဝိဉ္ဉ ရစနာ-စသော ဂါထာ၌ ရနိုင်သော အတ္ထာလင်္ကာရ**

သမာသသဒ္ဒဥပမာ အတ္ထာလင်္ကာရ, အသေသဝတ္ထု ဝိသယ သမာသရူပက အတ္ထာလင်္ကာရများ ရနိုင်ပါသည်။

*** အတ္ထ သုခုမာလတာဝုဏ်မြောက်ပုံ - ပုံစံ**

၁၃၉။ **သုခုမာလတ္ထမတ္ထေဝပဒတ္ထ ဝိသယပွိစ။**
**ယထာ မတာဒီ သဒ္ဒေသု၊ကိတ္တိ သေသာဒီ ကိတ္တနံ။**

၁၃၉။ ပဒတ္ထဝိသယပွိစ၊ပုဒ်အနက်လျှင် အရာရှိသည်လည်းဖြစ်သော။သုခုမာလတ္တ၊သုခုမာလတာဝုဏ်သည်။အတ္ထေဝ၊ရှိသေးသည်သာလျှင်တည်း။ဥဒါဟရဏ်၊ဥဒါဟရုဏ်သည်။ယထာ၊ဤဆိုအပ်လတ္တံ့သောနည်းဖြင့်။ဟောတိ၊ဖြစ်၏။မတာဒိသဒ္ဒေသု၊မတ, အစရှိသောသဒ္ဒါတို့ကို။(ဝါ)သေပြီ အစရှိသောစကားကို။ဝတ္တဗ္ဗေသု၊ဆိုအပ်ကုန်သည်ရှိသော် ကိတ္တိသေသာဒိ ကိတ္တနံ၊ကိတ္တိသေသအစရှိသော သဒ္ဒါတို့ကိုဆိုခြင်းသည်။(ဝါ)အကျော်အစောမျှသာကြွင်းတော့သည် စသည်ကိုဆိုခြင်းသည်။သုခုမာလတာ၊သုခုမာလတာဝုဏ်မည်၏။

*** ကိတ္တိသေသာဒိ-၌ အာဒိ-အရ ။ ။** ဒိဝံဂတော့, သဂ္ဂကာယံ, အလင်္ကာရိ, ပရိနိဗ္ဗုတော စသည်တို့ကို ယူရပါမည်။

*** အတ္ထ သုခုမာလတာဝုဏ်-၏ လက္ခဏာ ။ ။** ၁။ အသင့်ယုတ္တိရှိခြင်း။ ၂။ ရိုင်းစိုင်းသော ပုဒ်အနက်မှ ကင်းခြင်းတို့ ဖြစ်ပါသည်။

*** အတ္ထ သုခုမာလတာဝုဏ် မည်ပုံ ။ ။** အသင့်ယုတ္တိလည်းရှိ ရိုင်းစိုင်းသော ပုဒ်အနက်မှလည်း ကင်းသော ပုဒ်အနက်သည် အတ္ထ သုခုမာလတာဝုဏ် မည်ပါသည်။

**ရှင်းလင်းချက်/** <u>မတာဒိ သတ္ထေသု ကိတ္တိသေသာဒိ ကိတ္တနံ</u>--၌ သေသည်ကို သေသည်ဟု ရိုးရိုးတည့်တိုး မပြောဘဲ သူ၏ ဂုဏ်သတင်းသာ ကြွင်းရစ်တော့သတဲ့-ဟု ယဉ်ကျေးသိမ်မွေ့စွာ သုံးနှုံးသောကြောင့် အတ္ထသုခုမာလတာဝုဏ် မြောက်ပါသည်။

* ယမန်သာတည်၊ နရာဓိပ၊ လောကကြဉာန်း၊ မိထိပ်ပန်းလျှင်၊ လျှင်လွန်းနိဗ္ဗာန်ဝင်ခဲ့တွန်၍၊ ပူပန်ပြင်းစွာ။

* ထိုပြီကာလ၊ မိဘဆွေတော်၊ နတ်ပြည်မျော်လည်း။

* ဗုဒ္ဓစောလူ၊ ပြည်နိဗ္ဗူ ဆွတ်ချူ ကြွမြန်းလှုံ။

* သေစေလိုသော စိတ်မနောဖြင့် သဘောယုတ်စွ သည်ဗာလကို မထစေသားအိပ်စေသားဟု။

http://www.dhammadownload.com



* ရေမြေသနင်း မြတ်မင်းရာဇာ ကျော်စောခြင်းမျှ ကြွင်းရစ်တော့ပါ။
* မိဖုရားလည်း ပတ္တမြားပြည့်ကာ မန္တင်ပျ နေရတော့သည်သာ။
* ဖွားမြင်သည်၊ * မျက်နှာမြင်သည်၊ * မီးရှူးသန့်စင် ဖွားမြင်သည်။
* ရှင်ဘုရင် နတ်ရွာစံပြီ၊ * ကံတော်ကုန်ပြီ၊ * ဘုန်းကြီး ပျံတော်မူပြီ၊ * နတ်ပြည်ကြွပြီ၊ * ဘုရား ရဟန္တာ ပရိနိဗ္ဗာန် စံတော်မူပြီ။
* ခန္ဓာဝန်ငြိမ်း ဒုက္ခသိမ်းတော်မူပြီ။
* ဆုံးရှာပြီ၊ * ကွန်လွန်ရှာပြီ၊ * အနိစ္စရောက်ပြီ၊ * ခရစ်တော်၌ အိပ်ပျော်ပြီ၊
* အလွှာအရှင်မြတ် အဓိန့်တော်ခံယူပြီ။
* လေးစားကော်ရော်၊ တိုင်းလုံးကျော်သည်၊ ထေရ်တော်မြတ်လှ၊ အမည်မျှသာ၊ ကြွင်းရစ်ရှာခဲ့။
* လေးစားကော်ရော် တိုင်းလုံးကျော်သည့် ထေရ်တော်မြတ်မှာ အမည်မျှသာ ကြွင်းရှာတော့သည်။--၌ သေသည်ကို သေသည်ဟု မဆိုဘဲ "အမည်မျှသာ ကြွင်းရှာတော့သည်"ဟု ယဉ်ကျေးသိမ်မွေ့စွာ သုံးနှုံးသောကြောင့် "အတ္ထသုခုမာလတာဂုဏ်။
* ဆရာတော် လောင်းလျှာ သားရတနာကို ကောင်းစွာ ဖွားမြင်ခဲ့လေပြီ။
* နောင်ညီလေးပါး နောင်ဖွားရွယ်လှ ငယ်နုမတို့ ဝံသမပြား မျိုးမခြားအောင် စုလျားပတ်နှောင် ပြည်တည်ထောင်ပြီး။--၌ ဩစိတျဟီနဒေါသ, ဝါကျတ္ထ ဂါမွဒေါသတို့မှ လွတ်မြောက်အောင် ယဉ်ယဉ်ကျေးကျေး ဖွဲ့ဆိုခြင်းကြောင့် အတ္ထသုခုမာလတာဂုဏ်။ (မောင်နှမချင်း အိမ်ထောင်ပြုသည်ကို ယဉ်ကျေးသော စကားလုံးတို့ဖြင့် သုံးနှုံးပြောဆိုခြင်း ကြောင့် အတ္ထသုခုမာလတာဂုဏ် မြောက်၍ ဂါမွဒေါသမှ လွတ်ပါသည်။)

### * သိလေသဂုဏ်၏ လက္ခဏာပြ ဂါထာ

**၁၄၀။ သိလိဋ္ဌ ပဒ သံသဂ္ဂ၊ရမဏီယ ဂုဏာလယော။**
**သဗန္ဓ ဂါရဝေါ သောယံ၊သိလေသော နာမ တံ ယထာ။**

**၁၄၀။** သိလိဋ္ဌပဒသံသဂ္ဂ ရမဏီယ ဂုဏာလယော၊သဒိသ,အသဒိသ,ဝဂ္ဂန္တဏာ ဖြင့် ဆင့်၍ထားအပ်သော အချင်းချင်းမှီသော ပုဒ်တို့နှင့် ရောနှော၍ထားခြင်းကြောင့် နှစ်သက်ဖွယ်သောဂုဏ်၏ တည်ရာဖြစ်သော။သဗန္ဓ ဂါရဝေါ၊အဖွဲ့၏လေးသည်၏ အဖြစ်ဟု ဆိုအပ်သော ဓနိတအက္ခရာ ဒီဃအက္ခရာတို့နှင့် တကွဖြစ်သော။အယံ ဗန္ဓော၊ဤအဖွဲ့ဗန္ဓသည်။သိလေသော နာမ၊သိလေသဂုဏ်မည်၏။တံ ဥဒါဟရဏ်၊ထိုဥဒါဟရဏ်သည်။ယထာ၊ဤဆိုအပ်လတ္တံ့သောနည်းဖြင့်။ဟောတိ၊ဖြစ်၏။

* သိလေသဂုဏ်၏ လက္ခဏာနှင့် အဓိပ္ပာယ် ။ ။ ၁။ သဒိသ, အသဒိသ, ဝဂ္ဂန္တ

http://www.dhammadownload.com



အားဖြင့် အချင်းချင်းမှီသော ပုဒ်တို့နှင့် ရောနှော၍ထားခြင်း။ ၂။ ခုနိတ အက္ခရာ ဒီဃ အက္ခရာတို့နှင့်တကွ ဖြစ်ခြင်းအားဖြင့် လက္ခဏာနှစ်ပါးရှိသော ဂုဏ်သည် သိလေသဂုဏ် မည်ပါသည်။

***ပဒါသတ္တိ မဓုရတာဂုဏ်နှင့် သိလေသဂုဏ် အထူး ။ ။** ပဒါသတ္တိ မဓုရတာဂုဏ်၌ ဌာန်တူအက္ခရာ နီးကပ်ခြင်းသည် ပဓာနလက္ခဏာဖြစ်ပါသည်။ သိလေသဂုဏ်၌ကား ဌာန်တူအက္ခရာ နီးကပ်ခြင်းသည် အပဓာန၊ ဗန္ဓဂါရဝ အက္ခရာပါခြင်းသည်သာ ပဓာန လက္ခဏာဖြစ်ပါသည်။ ဤသို့ ထူးပါသည်။

*** သဗန္ဓဂါရဝ-၌ ဂါရဝ-အရ ။ ။** မုချအားဖြင့် ဒီဃအက္ခရာ၊ သဒိသူပစာအားဖြင့် ခနိတ အက္ခရာကို ယူရပါမည်။

*** သိလေသဂုဏ်မြောက်ပုံ - ပုံစံ**

**၁၄၁။ ဗာလိန္ဒု ဝိဇ္ဇမဇ္ဈေဒီ၊နခရာဝဠိ ကန္တိဘိ။**
**သာ မုနိန္ဒ ပဒမ္ဘောဇကန္တိ ဂေါ ဝလိတာ ဝတံ။**

**၁၄၁။** ဗာလိန္ဒု ဝိဇ္ဇမဇ္ဈေဒီ နခရာဝဠိ ကန္တိဘိ၊ငါးရက်လ၏ တင့်တယ်ခြင်းကို။ (ဂါ)ထွက်သစ်စ လ၏တင့်တယ်ခြင်းကို အလေ့အားဖြင့်ဖျက်ဆီးတတ်သော ခြေသည်းတော်အစဉ်၏အရောင်တို့နှင့်။ဝလိတာ၊ယှဉ်သော။သာ မုနိန္ဒပဒမ္ဘောဇ ကန္တိ၊ထိုမြတ်စွာဘုရား၏ ခြေတော်တည်းဟူသော ကြာ၏အရောင်သည်။ဂေါ၊သင်တို့အား။အဝတံ၊စောင့်ရှောက်ပါစေသတည်း။

* ရွှင်ရွှင်ပျပျ ကကသိသိ ချီချီကျူးကျူး ထူးထူးဆန်းဆန်း။

* နုနုထွတ်ထွတ် မွတ်မွတ်မွေ့မွေ့ မြေ့မြေ့ချော်ချော် လွန်လှမော်၍။

* ရင်ကြောစိမ်းစိမ်း ရှိန်းရှိန်းရွှမ်းရွှမ်း လန်းလန်းလတ်လတ် စွတ်စွတ်စွေးစွေး မြရိပ်ပြေးလျက်။--သည် သိသေလဂုဏ် မြောက်ပါသည်။ (အနုပ္ပါသ မဓုရတာဂုဏ်လည်း ဖြစ်သင့်ပါသည်။)

*** ဥဒါရတာဂုဏ်၏ လက္ခဏာပြ ဂါထာ**

**၁၄၂။ သတ္ထံသဝန္တော ယောကောစိ၊ဂုဏော ယဒိ ပတိယတေ။**
**ဥဒါရောယံ ဘဝေ တေန၊သနာထာ ဗန္ဓ ပဒ္ဓတိ။**

**၁၄၂။** ဥက္ကံသဝန္တော၊လွန်ကဲခြင်းရှိသော။ယောကောစိ၊တစုံတခုသော။ဂုဏော၊ စာဂါတိသယ,စသောဂုဏ်ကို။ဗန္ဓေ၊အဖွဲ့,ဗန္ဓ၌။ယဒိ ပတိယတေ၊အကယ်၍ သိအပ်ငြားအံ့။ ဇဝံ၊ဤသို့ဆိုသည်ရှိသော်။အယံဂုဏော၊ဤဂုဏ်သည်။ဥဒါရော၊ဥဒါရဂုဏ်မည်သည်။ဘဝေ၊ ဖြစ်၏။တေန ဂုဏေန၊ထိုဂုဏ်အားဖြင့်။ဗန္ဓပဒ္ဓတိ၊ဗန္ဓအစဉ်သည်။သနာထာ၊ဥဒါရတာဂုဏ်

http://www.dhammadownload.com



နှင့်တကွဖြစ်၏။(ဝါ)ဥဒါရဂုဏ်ရှိ၏။

* **ဥဒါရတာဂုဏ် မည်ပုံ ။ ။** ဂုဏ်အများဖြစ်ရိုး ဖြစ်စဉ်ထက် လွန်ကဲခြင်းရှိသော ဂုဏ်သည် ဥဒါရတာဂုဏ် မည်ပါသည်။

* **ဥဒါရတာဂုဏ်၏ လက္ခဏာ ။ ။** လွန်ကဲခြင်းရှိသော စာဂါတိသယ-စသောဂုဏ် ဖြစ်ပါသည်။

* **ဥတ္တံသဝန္တောဒ္ဓ ဥတ္တံသ-အရ ။ ။** စာဂုတ္တံသ, သီလုတ္တံသ, ပညုတ္တံသ, ဝိရိယုတ္တံသ, သဒ္ဓါတ္တံသ-စသောဂုဏ် လွန်ကဲခြင်းများ ဖြစ်ပါသည်။

*** ပထမ ဥဒါရတာဂုဏ်မြောက်ပုံ - ပုံစံ**

၁၄၃။ **ပါဒမ္ဘောဇ ရဇောလိတ္ထ၊ဂတ္ထာ ယေ တဝ ဂေါတမ။**
**အဟော တေ ဇန္တဝေါ ယန္ဓိ၊သဗ္ဗထာ နိရဇတ္တနံ။**

၁၄၃။ ဂေါတမ၊ဂေါတမနွယ်ဖွား ရှင်တော်ဘုရား။တဝ၊ရှင်တော်ဘုရား၏။ပါဒမ္ဘော ဇ ရဇောလိတ္ထ ဂတ္ထာ၊ခြေတော်အစုံ ကြာပဒုံတို့၏ ဝတ်မှုန်ဟူသောမြူတို့ဖြင့် လိမ်းကျံသော ကိုယ်ရှိကုန်သော။ယေ ဇန္တဝေါ၊အကြင်သတ္တဝါတို့သည်။သန္ဓိ၊ရှိကုန်၏။တေ ဇန္တဝေါ၊ထိုသတ္တဝါတို့သည်။သဗ္ဗထာ၊ခပ်သိမ်းသော အခြင်းအရာအားဖြင့်။နိရဇတ္တနံ၊ကိလေသာဟူသော မြူမရှိသောသူ၏ အဖြစ်သို့။ယန္ဓိ၊ရောက်ကြကုန်၏။အဟော၊သြော် အံ့ဩဖွယ်ရှိပေစွ။

*** ဥဒါရတာဂုဏ်ရှိသော အဖွဲ့ဝန္ဓကို စီကုံးဖွဲ့ဆိုအပ်၏ဟု တိုက်တွန်းပုံ ဥယျောဇဉ်**

၁၄၄။ **ဧဝံ ဇိနာနုဘာဝဿ၊သမုဂ္ဂတ်သောတြ ဒိဿတိ။**
**ပညဝါ ဝိမိနာ နေန၊စိန္တယေ ပရမိ ဒိသံ။**

၁၄၄။ ဧဝံ၊ဤသို့ဆိုအပ်ခဲ့ပြီးသောအစဉ်ဖြင့်။အတြ ဂါထာယံ၊ဤ"ပါဒမ္ဘောဇ"စ သော ဂါထာ၌။ဇိနာနုဘာဝဿ၊မြတ်စွာဘုရားတန်ခိုးတော်၏။သမုဂ္ဂတ်သော၊လွန်ကဲသည်၏ အဖြစ်ကို။ဒိဿတိ၊ရှုအပ်၏။ပညဝါ၊ပညာရှိသောပုဂ္ဂိုလ်သည်။အနေန ဝိမိနာ၊ဤအစီ အရင်ဖြင့်။ဤဒိသံ၊ဤသဘောရှိသော။ပရံ၊တစ်ပါးသော ဥဒါဟရုဏ်ကို။စိန္တယေ၊ကြံစည်ရာ၏။

*** ဒုတိယ ဥဒါရတာဂုဏ်၏ လက္ခဏာပြ ဂါထာ**

၁၄၅။ **ဥဒါရော သောဝိ ဝိညေယ္ယော၊ယံ ပသတ္ထ ဝိသေသနံ။**
**ယထာ ကီဠာသရော လီလာ၊ဟာသော ဟေမဝံဒါဒယော။**

၁၄၅။ ယံ ပသတ္ထ ဝိသေသနံ၊အကြင် ဦးမွှမ်းအပ်သော ဝိသေသနသည်။အတ္ထိ၊ရှိ၏။သောပိ ပသတ္ထဝိသေသန ဇာတော၊ထိုခိုးမွှမ်းအပ်သော ဝိသေသနကိုလည်း။ဥဒါရော၊ဥဒါရဂုဏ်မည်၏ဟူ၍။ဝိညေယ္ယော၊သိအပ်၏။ဥဒါဟရဏံ၊ဥဒါဟရုဏ်သည်။ယထာ၊ဤဆို အပ်လတ္တံ့သောနည်းဖြင့်။ဟောတိ၊ဖြစ်၏။ကီဠာသရော၊ကစားမြူးထူးခြင်းငှာ ပြုအပ်သော

http://www.dhammadownload.com



အိုင်။လီလာ ဟာသော၊တင့်တယ်သောရယ်ခြင်း။ဟေမင်္ဂဒါဒယော၊ရွှေဖြင့်ပြီးသော ခြေကျင်းစသည်တို့။

* **ဒုတိယ ဥဒါရတာဂုဏ်-၏ လက္ခဏာ ။ ။** ၁။ အနည်းဆုံး ဂုဏ်ပြဝိသေသနပုဒ် တစ်ခုပါရှိခြင်း၊ ၂။ ဝန္ဒဖရုသဒေါသ ဂါမွဒေါသတို့မှ လွတ်မြောက်ခြင်းတို့ ဖြစ်ပါသည်။

* **ဟေမင်္ဂဒါဒယော-၌ အာဒိ-အရ ။ ။** ပတ္တမြား နားဆောင်း ရွှေလက်ကောက် ရွှေလက်ကြပ် စသည်ကို ယူရပါမည်။

*** ဒုတိယ ဥဒါရတာဂုဏ်မြောက်ပုံ - ပုံစံများ**

* ကိဉ္စာသရော လီလာဟာသော ဟေမင်္ဂဒါဒယော--စသည်၌ ကိဉ္စာ လီလာ ဟေမဟု ဆိုအပ်သော ဝိသေသနပုဒ်ရှိသောကြောင့် ဒုတိယ ဥဒါရတာဂုဏ်မြောက်ပါသည်။
* ဣတိဝိ သော ဘဂဝါ-- ဘဂဝါ။
* ရေကစ်းဖို့ ရေအိုင်၊ မင်္ဂလာကန်တော်။
* မွေးပျံ့သင်းကြူ ပန်းမဥ္ဇူ။
* ကြာရုရုံမျှ ဟဒယ ရွှင်ပျစေရာ ရယ်ခြင်းသာ။
* ရွှေခြေကျဉ်း၊ * စိန်နားကပ်၊ * စိန်လက်စွပ်၊ * ပတ္တမြား ခါးစည်းကြိုး။
* စိန်ကြောင်နီလာ မြသန္တာ. စီကာဖွဲ့.ယှက် မြဘယက်။
* စိန်နားကပ်ကြိုး ပန်ရမလို။
* အက်စ်အီးကားပေါ်ဝယ် ဇိမ်နဲ့နေမယ်။
* ထက်မြက်ဉာဏ်ရှင် ကြိုးကုတ်သင် လျှင်လျှင်အတိစုံ။
* ချမ်းမြေ့ကြည်၊ ကစားမည်ဟု၊ ဝိုက်လည်ထွေသာ၊ လျှောက်ပန်ထွာက။
* လှပကျော့ရှင်း၊ ယျိုတစ်သင်း --သည် ဦးမွှမ်းကြောင်းပြ အမွှန်းတင် ဝိသေသနပုဒ် ပါရှိသောကြောင့် ဒုတိယ ဥဒါရတာဂုဏ်မြောက်ပါသည်။
* ကစားမြူးတူး၊ ပျော်ရွှင်မြူဖွဲ့၊ ကြည်နူးဘွယ်ရာ ဥယျာဉ်သာ။--သည် လှပသော အမွှန်းတင် ဝိသေသနများ ပါရှိသောကြောင့် (ဝန္ဒဖရုသဒေါသ, ဂါမွဒေါသတို့မှ လွတ်မြောက်၍ ) ဒုတိယ ဥဒါရတာဂုဏ် မြောက်ပါသည်။

*** ကဏ္ဍဂုဏ်၏ လက္ခဏာပြ ဝါထာ**

၁၄၆။ လောကိယတ္ထာ နတိက္ကန္တာ၊ကန္တာ သဗ္ဗဇနာနဝိ။
ကဏ္ဍနာမာ တိဝုတ္တာသ၊ဝုတ္တာ သာ ပရိဟာရတ္ထောာ။
ယထာ မုနိန္ဒိစ္ဆာဒိ။

၁၄၆။ — လောကိယတ္ထာ နတိက္ကန္တာ၊လောကဒ္ဓ် သိအပ်သော အနက်သဘောကို

http://www.dhammadownload.com



မလွန်သော။သဗ္ဗဇနာနံပိ၊အလုံးစုံသောသူတို့သည်လည်း။ကန္တ၊နှစ်သက်အပ်သော ဂုဏ်သည် ကန္တိနာမ၊ကန္တိဂုဏ်မည်၏။သာ ကန္တိ၊ထိုကန္တိဂုဏ်ကို။အတိဝုတ္တသ၊အတိဝုတ္တဒေါသ၏။ပရိဟာရတော၊အဖြေဦး။ဝုတ္တာ၊ဆိုအပ်၏။ယထာဥဒါဟရုဏ် အဘာယနည်းဟူမူကား။မုနိန္ဒ ဣန္ဒာဒိ၊မုနိန္ဒ,ဣန္ဒါသို့အစရှိသည်တည်း။

*** ကန္တိဂုဏ်၏ လက္ခဏာနှင့် အဓိပ္ပါယ် ။ ။ ၁။** လောကဌ် သိအပ်သောအနက်ကို မလွန်ခြင်း, (၂) အလုံးစုံသောသူတို့၏ နှစ်သက်ခြင်းအားဖြင့် လက္ခဏာနှစ်ပါးရှိသော ဂုဏ်သည် ကန္တိဂုဏ် မည်ပါသည်။

*** ကန္တိဂုဏ်မြောက် ပုံစံများ**

* မုနိန္ဒ စန္ဒသမ္ဖုတ (ပ) နာဝကာသော ဝိဇမ္ဘနေ (ဂါထာ-၉၅) ၌ အလွန်အကျူးဆိုအပ်သော်လည်း ဟုတ်မှန်သည့်အတိုင်း ဆိုအပ်သည် ဖြစ်သောကြောင့် ကန္တိဂုဏ် မြောက်ပါသည်။

* ထက်ဆိုဘဝဂ် ကောင်းကင်ထက်ဖြင့် ချင့်တွက်မနိုင် ဉာဏ်မဏ္ဍိုင်။

* အောင်ဆန်းဝိုလ်ချုပ် ဂုဏ်ကိုထုတ်သော် အဟုတ်မြန်ပြည် မဆန့်ပြိတည်း။

* ဝိုလ်ချုပ်အောင်ဆန်း ဂုဏ်လျှမ်းလျှမ်း စာတမ်းရေးမကုန်။

* ဓမ္မာသောက မင်းမြတ်လှ၏ ဂုဏ်ခြင်းရာ ကျေးဇူးမှာကား ကျွန်းသာဇမ္ဗူ နှံ့သောဟူ၏။

* စကြာမင်း၏ ကျေးဇူးသည် စကြာစဉ္ဇာတိုက်မလောက်။

* ခုနစ်နှစ်ရွယ် သတို့သမီးကလေးများသော်မှ နိဗ္ဗာန်ကို မြင်နိုင်ကြ၏။

*** အတ္ထဗျတ္တိဂုဏ်၏ သရုပ်နှင့် လက္ခဏာပြ ဂါထာ**

၁၄၇။ **အတ္ထဗျတ္တာ ဘိဓေယျဿာ၊နေယျတာ သဒ္ဒတောတ္ထတော။**
**သာယံ တဒုဘယာ နေယျ၊ပရိဟာရေ ပဒဿိတာ။**
**ယထာ မရီစ္စာဒိ စ၊မနောနုရဉ္ဇနောစ္စာဒိ။**

၁၄၇။ အဘိဓေယျဿ၊အနက်၏။(ဝါ)အနက်ကို။သဒ္ဒတော၊သဒ္ဒါ,အားဖြင့်ငင်း။အတ္ထတော၊အနက်အားဖြင့်ငင်း။အနေယျတာ၊မဆောင်အပ်သည်၏အဖြစ်သည်။အတ္ထဗျတ္တိ၊အတ္ထဗျတ္တိဂုဏ်မည်၏။တဒုဘယာ၊ထိုသဒ္ဒါ,အနက်နှစ်ပါးစုံကြောင့်ဖြစ်သော။သာယံအနေယျတာ၊ထို့အတ္ထဗျတ္တိဂုဏ်ကို။နေယျပရိဟာရေနေယျဒေါသ၏အဖြေဦး။ပဒဿိတာ၊ပြအပ်ပြီ။ယထာဥဒါဟရုဏ် အဘာယနည်း။မရီစိစ္စာဒိစ၊မရီစိ,အစရှိသော ဥဒါဟရုဏ်သည်ငင်း။မနောနုရဉ္ဇနောစ္စာဒိ စ၊မနောနုရဉ္ဇနော,အစရှိသော ဥဒါဟရုဏ်သည်ငင်း။ဟောတိ၊ဖြစ်၏။

*** အတ္ထဗျတ္တိဂုဏ်- ၏ လက္ခဏာ ၂-ပါး ။ ။ ၁။** အနက်ကို သဒ္ဒါအားဖြင့် မဆောင်

http://www.dhammadownload.com



အပ်သည်၏အဖြစ်၊ ၂။ အနက်ကို အနက်အားဖြင့် မဆောင်အပ်သည်၏အဖြစ်။

* **အတ္ထဗျတ္တိဝုဏ် အဓိပ္ပါယ်** ။ ။ သဒ္ဒါအားဖြင့်ဖြစ်စေ, သဒ္ဒါ၏ ဟောစွမ်းနိုင်သော သာမတ္ထိယအားဖြင့်ဖြစ်စေ အခြားပုဒ်တစ်ခုကို ဆောင်ယူဘွယ်မလိုလောက်အောင် ထင်ရှားနေခြင်းသည် အတ္ထဗျတ္တိဝုဏ် မည်ပါသည်။

* **အတ္ထဗျတ္တိဝုဏ်. ၂-ပါး** ။ ။ ၁။ သဒ္ဒအတ္ထဗျတ္တိဝုဏ်၊ ၂။ အတ္ထ အတ္ထဗျတ္တိဝုဏ်။

* **သဒ္ဒ အတ္ထဗျတ္တိဝုဏ်မည်ပုံ** ။ ။ အနက်ကို သဒ္ဒါအားဖြင့် မဆောင်အပ်သည်၏ အဖြစ်သည် သဒ္ဒ အတ္ထဗျတ္တိဝုဏ်မည်၏။

* မရီစိ စန္ဒနာလေပ၊လာဘာ သိတ မရီစိနော။

လ္ကမာသဗ္ဗာပိ ဓဝလာ၊ဒိသာ ရောစန္တိ နိဗ္ဘရံ။(ဂါထာ-၈၁)--၌ **သဒ္ဒ အတ္ထဗျတ္တိဝုဏ်မြောက်ပုံ** ။ ။ ဤပြယုဂ်၌ ဖွဖွေးဖြူခြင်း၏ အကြောင်းဖြစ်သော မရီစိစန္ဒနာလေပလာဘာ-ဟူသော အကြောင်းတိုက်ရိုက်ပါရှိသောကြောင့် သဒ္ဒ အတ္ထဗျတ္တိဝုဏ် မြောက်ပါသည်။

* **အတ္ထ အတ္ထဗျတ္တိဝုဏ် မည်ပုံ** ။ ။ အနက်ကို အနက်အားဖြင့် မဆောင်အပ်သည်၏ အဖြစ်သည် အတ္ထ အတ္ထဗျတ္တိဝုဏ်မည်၏။

* မနော နုရဉ္ဇနော မာရ-ဂ်နာ၊ သိဂိါရ ဝိဿမော။

ဇိနေနာ သမနုညာတော၊မာရဿ ဟဒယာ နလော။(ဂါထာ-၈၂)--၌ **အတ္ထ အတ္ထဗျတ္တိဝုဏ် မြောက်ပုံ** ။ ။ ဤပြယုဂ်၌ မာရ်နတ်မင်းသမီး သုံးယောက်တို့၏ ဘုရားမှ ရှဲ့၏ဟူသော အနက်ကို ဟောသောသဒ္ဒါ မပါသော်လည်း မာရ်နတ်မင်းသမီး သုံးယောက်တို့၏ ဘုရားမှ ရှဲ့၏ဟူသောအနက်ကို မာရ်နတ်မင်းအား နှလုံးမီးသောကဖြစ်၏ဟူသော အကျိုးပြ စကားကိုဆ၍ ဖလာနုမာန ဖလူပစာနည်းအားဖြင့် သိအပ်သောကြောင့် အတ္ထ အတ္ထ ဗျတ္တိဝုဏ် မြောက်ပါသည်။

*** အတ္ထ အတ္ထဗျတ္တိဝုဏ်မြောက်ပုံ - ပုံစံ**

**ပုနအတ္ထေန ယထာ**

၁၄၈။ **သဘာဝါ မလတာ ဓီရမုဓာ ပါဒ နခေသု တေ။**
**ယတော တေ ဝနတာနန္တ၊မောဠိဿာယာ ဇဟန္တနော။**

၁၄၈။ ပုန၊တစ်ဖန်။အတ္ထေန၊အနက်အားဖြင့်။အနေယျတာ၊အတ္ထဗျတ္တိဝုဏ်သည်။ ယထာ၊အဘယ်နည်း။သဘာဝါ မလတာတျာဒိ၊သဘာဝါ မလတာအစရှိသည်တည်း။ဓီရ၊ မြတ်စွာဘုရား။ယတော ယသ္မာ၊အကြင့်ကြောင့်။တေ ပါဒ နခါ၊ထိုခြေသည်းတော်တို့သည်။ အဝနတာ နန္တ မောဠိဿာယာ၊ရှိခိုးသော အတိုင်းမသိသောလူ,နတ်,ဗြဟ္မာတို့၏ ဥဿျာင် တို့၏ အရောင်တို့ကို။နော ဇဟန္တိ၊မစွန့်နိုင်ကုန်။တံတော တသ္မာ၊ထို့ကြောင့်။တေ၊ရှင်တော်

http://www.dhammadownload.com



ဘုရား၏။ပါဒ နခေသု၊ခြေသည်းတော်တို့၌။သဘာဝါမလတာ၊သဘောအားဖြင့် ညစ်ကြေးမတင် စင်ကြယ်သည်၏အဖြစ်သည်။မုဓာ၊အကျိုးမပြုး အချည်းနှီးဖြစ်၏။

* **အဆွေ၌မှာ သက်တစ်ရာလျှင် မနာမဏ္ဍား မြင်လိုကြား၏။**--ဟူသော စကားဖြင့် မိမိအသက်တစ်ရာ ရှည်လို၏-ဟူသော အနက်အဓိပ္ပါယ် သိသာထင်ရှားသောကြောင့် အတ္ထ အတ္ထဗျတ္တိဝုဏ်မြောက်ပါသည်။

* အနှစ်တစ်ရာ အနာကင်းကွာ သင့်ချမ်းသာကို မြင်ရပါလို ငါဆုဆို၏။

* တိုက်ခန်းဆောင်ဝယ် ကိုယ်ရောင်သာမျှ ပပစလောက် ဆင်းစံ မြောက်သား။

* သားရွှေအိုး ထမ်းလာတာ ငါတို့ မြင်လိုကြတယ်။

* **သမာဓိဝုဏ်ကို ပြဆိုအံ့-ဟု ပဋိညာဉ်ပြု ဂါထာ**

* **အဖွဲ့ အနွဲ့အားလုံးတို့၏ အသက်သဖွယ်ဖြစ်သောဝုဏ် (သမာဓိဝုဏ်)**

**၁၄၉။ ဗန္ဓသာရောတိ မညန္တိ၊ယံ သမဂ္ဂါဗိ ဝိညုနော။**
**ဒဿနာဝသရံ ပတ္တော၊သမာဓိနာမ ယံ ဝုစ္စော။**

**၁၄၉။** သမဂ္ဂါပိ၊ညီညွတ်ပေါင်းဆုံ အလုံးစုံလည်းဖြစ်ကုန်သော။ဝိညုနော၊ပညာရှိတို့သည်။ယံ ဝုဏ်၊အကြင် သမာဓိဝုဏ်ကို။ဗန္ဓ သာရောတိ၊အစီအကုံး အဖွဲ့အနွဲ့တို့၏ အသက်ဟူ၍။မညန္တိ၊အောက်မေ့ကြကုန်၏။သမာဓိနာမ၊သမာဓိမည်သော။အယံ ဝုစ္စော၊ဤဝုဏ်သည်။ဒဿနာဝသရံပြအပ်သော အလှည့်အကြိမ်သို့။ပတ္တော၊ရောက်ပြီ။

* **စုဏ္ဏိယ ဂါထာ ကဗျာဟူသမျှသော အဖွဲ့အနွဲ့အားလုံးတို့၏ အသက်သွေးကြောသဖွယ် ဖြစ်သောဝုဏ် ။ ။** ဗန္ဓသာရောတိ မညန္တိ၊ယံ သမဂ္ဂါပိ ဝိညုနော-ကိုထောက်၍ သမာဓိဝုဏ် ဖြစ်ပါသည်။

* **သမာဓိဝုဏ်၏ လက္ခဏာပြု ဂါထာ**

**၁၅၀။ အညဓမ္မော တတော ညတ္တ၊လောက သီမာ နုရောဓတော။**
**သမ္မာ အာဓိယတေစ္စေသော၊သမာဓိတိ နိရုစ္စတိ။**

**၁၅၀။** ယသ္မာ၊အကြင့်ကြောင့်။အညဓမ္မော၊တပါးသော မုချဝတ္ထု၏သဘောကို။တတော မုချတော၊ထိုမုချဝတ္ထုမှ။အညတ္တာ၊တပါးသော မုချမဟုတ်သောဝတ္ထု၌။လောကသီမာနုရောဓတော၊လောကစည်းကမ်းနှင့်မဆန့်ကျင်သောအားဖြင့်။သမ္မာ၊ကောင်းစွာ။အာဓိယတေ၊တဲင့်စားအပ်၏။ဣဿတိ တသ္မာ၊ထို့ကြောင့်။ဒသော ဝုစ္စော၊ထိုဝုဏ်ကို။သမာဓိတိ၊သမာဓိဝုဏ်ဟူ၍။နိရုစ္စတိ၊ဆိုအပ်၏။

* **သမာဓိဝုဏ် မည်ပုံ ။ ။** မုချဖြစ်သော ဝတ္ထု၏သဘောကို မုချမဟုတ်သော

http://www.dhammadownload.com



ဝတ္ထု၌ လောကအပိုင်းအခြားကို မဆန့်ကျင်သောအားဖြင့် တင်စားအပ်သောဂုဏ်သည် သမာဓိဂုဏ်မည်ပါသည်။

* **သမာဓိဂုဏ်၏ လက္ခဏာ** ။ ။ ဝတ္ထုတစ်ပါး၏ သဘောကို ဝတ္ထုတစ်ပါးနှင့် တင်စားခြင်းသည် သမာဓိဂုဏ်၏ လက္ခဏာဖြစ်ပါသည်။



## * သမာဓိဂုဏ်သရုပ်နှင့် လက္ခဏာပြ

၁၅၁။ **အပါဏော ပါဏိနံ ဓမ္မော၊သမ္မာ အာဓိယတေ ကွစိ။**
**နိရူပေ ရူပယုတ္တဿ၊နိရသေ သရသဿ စ။**

၁၅၂။ **အဒြဝေ ဒြဝယုတ္တဿ၊အကတ္ထရိပိ ကတ္ထုတာ။**
**ကဋ္ဌနဿာ သရီရေပိ၊ရူပ် တေသံ ကမာ သိယာ။**

၁၅၁။ ကွစိ၊အချို့သောအရာ၌။ပါဏိနံ၊အသက်ရှိသော သတ္တဝါတို့၏။ဓမ္မော၊သဘောကို။အပါဏော၊အသက်မရှိသော ဝတ္ထု၌။သမ္မာ၊ကောင်းစွာ။အာဓိယတေ၊တင်စားအပ်၏။ကွစိ၊အချို့သောအရာ၌။ရူပယုတ္တဿ၊အဆင်းသဏ္ဌာန်ရှိသော ဝတ္ထု၌။ဓမ္မော၊သဘောကို။နိရူပေ၊အဆင်းသဏ္ဌာန်မရှိသော ဝတ္ထု၌။သမ္မာ၊ကောင်းစွာ။အာဓိယတေ၊တင်စားအပ်၏။ကွစိ၊အချို့သောအရာ၌။သရသဿ၊အရသာရှိသော ဝတ္ထု၏။ဓမ္မော၊သဘောကို။နိရသေ၊အရသာမရှိသော ဝတ္ထု၌။သမ္မာ၊ကောင်းစွာ။အာဓိယတေ၊တင်စားအပ်၏။

၁၅၂။ ဒြဝယုတ္တဿ၊အရည်နှင့်ယှဉ်သော ဝတ္ထု၏။ဓမ္မော၊သဘောကို။အဒြဝေ၊အရည်မရှိသော ဝတ္ထု၌။သမ္မာ၊ကောင်းစွာ။အာဓိယတေ၊တင်စားအပ်၏။ကတ္တုတာ၊ကတ္တား၏သဘောကို။အကတ္တရိပိ၊ကတ္တားမဟုတ်သော ဝတ္ထု၌လည်း။သမ္မာ၊ကောင်းစွာ။အာဓိယတေ၊တင်စားအပ်၏။ကဋ္ဌနဿာပိ၊အစိုင်အခဲဖြစ်သော ဝတ္ထု၏လည်း။ဓမ္မော၊သဘောကို။အသရီရေ၊အစိုင်အခဲမရှိသော ဝတ္ထု၌။သမ္မာ၊ကောင်းစွာ။အာဓိယတေ၊တင်စားအပ်၏။ကျက်တိတသွာ၊ထို့ကြောင့်။သမာဓိ၊သမာဓိဂုဏ်မည်၏။တေသံ ဂုဏာနံ၊ထိုသမာဓိဂုဏ်တို့၏။ရူပ်၊ပြယုဂ်သည်။ကမာ၊အစဉ်အတိုင်း။သိယာ၊ဖြစ်ရာ၏။

## * သမာဓိဂုဏ် ၆-မျိုးနှင့် အဓိပ္ပါယ်

### * ကဗျာဝန္ဓ၏ အသက်သဖွယ်ဖြစ်သည့် ဂုဏ် ၆-မျိုး

၁။ အသက်ရှိသော ဝတ္ထု၏သဘောကို အသက်မရှိသောဝတ္ထု၌ တင်စားခြင်းသည် **"ပါဏိဓမ္မ သမာဓိဂုဏ်"** မည်ပါသည်။

၂။ အဆင်းသဏ္ဌာန်နှင့် ယှဉ်သောဝတ္ထု၏ သဘောကို အဆင်းသဏ္ဌာန်နှင့် မယှဉ်သော ဝတ္ထု၌ တင်စားခြင်းသည် **"ရူပယုတ္တ သမာဓိဂုဏ်"** မည်ပါသည်။

၃။ အရသာရှိသောဝတ္ထု၏ သဘောကို အရသာမရှိသော ဝတ္ထု၌ တင်စားခြင်းသည်

http://www.dhammadownload.com



"သရသ သမာဓိဂုဏ်" မည်ပါသည်။

၄။ အရည်နှင့်ယှဉ်သော ဝတ္ထု၏သဘောကို အရည်မရှိသောဝတ္ထုဌ် တင်စားခြင်းသည် "**ဒြဝယုတ္တ သမာဓိဂုဏ်**" မည်ပါသည်။

၅။ ကတ္တားသဘောရှိသော ဝတ္ထု၏ သဘောကို ကတ္တားသဘော မရှိသောဝတ္ထုဌ် တင်စားခြင်းသည် "**ကတ္တုတာ သမာဓိဂုဏ်**" မည်ပါသည်။

၆။ အစိုင်အခဲရှိသော ဝတ္ထု၏သဘောကို အစိုင်အခဲမရှိသော ဝတ္ထုဌ် တင်စားခြင်းသည် "**ကဌိန သမာဓိဂုဏ်**" မည်ပါသည်။

*** သမာဓိဂုဏ် မြောက်ပုံ /ရောက်ပုံ**

* အမှန်သိက၊ နိဗ္ဗာန၊ ရောက်ရ ရက်တိုတို--ဟူသောစကားသည် သစ္စာလေးပါးကို သိမြင်လျှင် သံသရာဘုံဘဝတွင် ဝဋ်ဘဝတိုတိုနှင့် နိဗ္ဗာန်သို့ ရောက်နိုင်၏ဟု တင်စား၍ ဆိုထားသောကြောင့် သမာဓိဂုဏ်မြောက်ပါသည်။

*** ပါဏိဓမ္မ သမာဓိဂုဏ်မြောက်ပုံ - ပုံစံ**

၁၅၃။ ဥဏ္ဏာ ပုဏ္ဏိန္ဒုနှာ နာထ၊ဒိဝါပိ သဟ သင်္ဂမာ။
ဝိနိဒ္ဓါ သမ္ဘမောဒန္တိ၊မညော ကုမုဒိနိ တဝ။

၁၅၃။ နာထ၊မြတ်စွာဘုရား။ကုမုဒိနီ၊ကြာဖြူတောတို့သည်။(ဝါ)ကြာဖြူတို့သည်။ တဝ၊ရှင်တော်ဘုရား၏။ဥဏ္ဏာ ပုဏ္ဏိန္ဒုနှာ၊ဥဏ္ဏာလုံးမွေး ရှင်တော်တည်းဟူသော လပြည့်ဝန်း နှင့်။သဟ၊တကွ။သင်္ဂမာ၊ပေါင်းဆုံမိသောကြောင့်။ဒိဝါပိ၊နေ့အခါ၌လည်း။ဝိနိဒ္ဓါ၊အိပ်ပျော်ခြင်းမှကင်းကုန်သည်ဖြစ်၍။(ဝါ)ပွင့်ကုန်သည်ဖြစ်၍။သမ္ဘမောဒန္တိ မညော၊ကောင်းစွာ ဝမ်းမြောက်ကုန်ယောင်တကား။

*** အပါဏေ ပါဏိဓမ္မ သမာဓိဂုဏ်မြောက်/ရောက်ပုံ ပုံစံများ**

* **ဥဏ္ဏာ ပုဏ္ဏိန္ဒုနှာ နာထ**--စသော ဂါထာသည် အသက်မရှိသော ကြာဖြူ ဥဏ္ဏာလုံမွေးရှင်တို့၌ အသက်ရှိသောလူတို့၏ အိပ်ခြင်း, ပေါင်းဖော်ခြင်း, ဝမ်းမြောက်ခြင်းသဘောကို တင်စားခြင်းကြောင့် အပါဏော ပါဏိဓမ္မ သမာဓိဂုဏ်မြောက်/ရောက် ပါသည်။

* စန္ဒရကန် ကျောက်မျက်မှန်နှင့် ငွေစန္ဒိမာ လရောင်ဝါတို့ မျက်နှာချင်းကပ် ရင်ချင်းထပ်လျက် စပ်ဟပ်ပိရိ ပေါင်းဖော်မိ၍ ပီတိရွှင်လန်း နှစ်သက်လွန်းသည် ရွှန်းရွှန်း အရည်ယိုသတည်း။

* ကြာပန်းတို့သည် ပျက်ရယ်ပြုကုန်၏။
* ပဒုမ္မာကြာတို့သည် နေ့အခါ၌ အိပ်ကုန်၏။
* တက်ခဲ့လို့ခေါ် မောမြေ့မြှင့် တောင်တန်း။

http://www.dhammadownload.com



* ဝသုနှင့်ဤမြေ သင်္ဘေအရာ တည်ပါစေသား။
* ဤမြေပဲသု သင်္ဘေပြု ကောင်းမှုခိုင်ခိုင်လုံ။
* လေပြင်းထန်၍ တောမြိုင်ယံလည်း ဒေါသမာန်ထ ဟူးဟူးကြွေ။
* နွေရူးလေဟုန် စီးကာစုန်သည် ကခုန်သည်လား ခွက်ဝါများ။
* အောင်လံတွေ ရောင့်ပျံ မြူးကာပါ့။
* ဒီကလောင် ရောင်ခြည်လွှတ် ဦးညွှတ်တယ်လေး။
* မင်းလွင်မြူခိုး စိုးမိုးနွေသဘင်။
* မြူးကြွ မြောက်လေထန်။
* ပျဉ်းမငုတ်တို သင်္ကြားအို။
* လေပြင်းခိုက်လျက် မငိုက်ဦးခေါင်း။
* ကြောက်ဖွယ်မုန်တိုင်း လေအရှိုင်းလျှင်။
* လမ်းဟောင်းကြီးလျှင် ဝိုချင်းရှည်ကြီး ဆိုခဲ့သည်။
* ဖိုးလမင်းလည်း သူ့အဆင်းနှင့် အလင်းနှင့်။
* သူ့ဂုဏ် သူ့သိရှိ သူ့အရှိန်နှင့်။
* သန်းခေါင်းဝယ် ညီလာကျင်းသည့် ကြယ်မင်းများ ဆင်းသရေ သူချစ်လိမ့်လေ။
* အကြော်သည်မ ဖိုအဝ၌ ထင်းစရေနံ ယမ်းတစ်ဆံနှင့် မီးလျှံ နဂါး နိုးပြီပေါ့။
* အုန်း ထန်း ပေလက် တမာရွက်တို့ ရွှေစက်ရွှေပြောက် ရွှေရည်သောက်၏။
* ပွင့်ငုံကို လင့်ကုန်ကြတော့လို့ ခေါင်းကြွကာ ဆာဝေဝေနဲ့ သူလည်းလေ လောကီသားလိုပေါ့ ကြွားချင်လှပေလိမ့်မယ်။
* မောင်တို့က ရေတွေသွန် စေတီငယ်မွန်းရချည့် လွမ်းစရာ သည်နေရာ။
* လေချမ်းလည်းကူ မိုးလည်းမြူသော် ဘယ်သူဆီးတား တတ်နိုင်အားလိမ့်။
* သီးကင်းနစ အချို့ကမူ မြတ်ရှင်တော်ကို ပူဇော်လို့ဌာ သီးကြရှာ၏။
* မဟာလှေကား တို့ဘုရားကို ညွှတ်တွားသွါ ဖူးပွင့်လာ၏။
* သောင်အခြေ ခေါင်ရေ လေမြူးတော့ ရေရူးတွေ ဖွေး။
* ကျွန်းရှင် ပိပိဟိန်း ဗိန်းတောင်းသံ တေး။
* မြကျောက်ဖျာ ရေမှာကူးစေတော့ မပျယ်ဘူး တကယ်။
* **နှင်းဆီကယဉ် သဇင်ကပြုံး**--ကား ယဉ်သည် ပြုံးသည်ဟူသော အသက်ရှိသော သဘောကို နှင်းဆီ သဇင်ဟူသော သက်မဲ့ဝတ္ထု၌ တင်စားခြင်းကြောင့် အပါဏောပါဏိ သမာဓိဂုဏ် မြောက်ပါသည်။
* **မိမိအတတ် ကိုယ့်ကိုသတ်၏**--ကား သက်မဲ့၌ သက်ရှိသဘောကို တင်စားသော

http://www.dhammadownload.com



ကြောင့် အပါဏောပါဏိဓမ္မ သမာဓိဂုဏ်။(တစ်နည်း) ကတ္တားမဟုတ်သည်၌ ကတ္တုသတ္တိကို တင်စားသောကြောင့် အကတ္တရိ ကတ္တုဓမ္မ သမာဓိဂုဏ်။

* **ဗေဒါပျံ အံကိုခဲ ပန်းပန်လျက်ပဲ**--ဟူသော ကဗျာသည် သက်ရှိသတ္တဝါတို့၏ ပျံ မှု, အံကိုခဲမှု, ပန်းပန်မှုသဘောကို ထိုသဘောမရှိသော သက်မဲ့ဗေဒါပင်၌ တင်စား၍ ဆို ထားသောကြောင့် အပါဏောပါဏိ သမာဓိဂုဏ်။ (ကတ္တုဓမ္မသမာဓိဂုဏ်လည်းရနိုင်၏)

* **သုံးလွှဲအရှင်၊ခြေသည်းရှင်မှ၊ ရောင်ယှဉ်မြူးလက်၊ ပျို့အန်ထွက်၏**--သည် အန် တတ်သော သဘောမရှိသော ခြေသည်းတော်ရောင်၌ အန်တတ်သကဲ့သို့ တင်စား၍ ဆို ထားသောကြောင့် အပါဏော ပါဏိဓမ္မ သမာဓိဂုဏ်။ (တနည်း) ဂုဏ်ဥပစာသဘော အန်တတ်သော ကတ္တုသတ္တိမရှိဘဲ ကတ္တုသဘောရှိသကဲ့သို့ တင်စား၍ ဆိုထားသော ကြောင့် ကတ္တုဓမ္မ သမာဓိဂုဏ်။

* **ချိုးနှစ်ကောင် ထနောင်းပင်ညိုနောင်က လွမ်းအောင်ကူခဲ့** --သည် သက်ရှိသန္တာန် ၌သာ ရကောင်းသော "ညိုနောင်"ဟူသော ဝေါဟာရကို သက်မဲ့ထနောင်းပင် နှစ်ပင်၌ လောကအပိုင်းအခြားကို မလွန်ဘဲ တင်စားပြောဆိုခြင်းကြောင့် အပါဏော ပါဏိဓမ္မ သမာဓိဂုဏ် မြောက်ပါသည်။

* **စပါးပင်တွေ ယိမ်းကနေ၏**--သည် သက်ရှိသန္တာန်၌သာ ရကောင်းသော ယိမ်းက ခြင်းသဘောကို သက်မဲ့စပါးပင်၌ (လောက အပိုင်းအခြားကို မလွန်စေဘဲ) တင်စားထား သောကြောင့် အပါဏော ပါဏိဓမ္မ သမာဓိဂုဏ်။

* **ပင်ယံထက်နန်း၊ ပြုံရောင်သန်း၍၊ ရွှင်လန်းနေသည်၊ ပန်းသင်္ဃ**--သည် သက်ရှိသန္တာန်၌သာ ရကောင်းသော ပြုံးရောင်သန်းခြင်း, ရွှင်လန်းခြင်းသဘောကို သက်မဲ့ဖြစ်သော ပန်းသင်္ဃ၌ လောကအပိုင်းအခြားကို မလွန်စေဘဲ တင်စားထားသော ကြောင့် အပါဏော ပါဏိဓမ္မ သမာဓိဂုဏ်။

* **တပေါင်းနေ ချောင်းရေကို ငုံ့အသောက်**--သည် သက်မဲ့တပေါင်းနေ၌ သက်ရှိ သတ္တဝါ၏ ငုံ့သောက်ခြင်းဟူသော သဘောကို တင်စားထားသောကြောင့် အပါဏော ပါဏိဓမ္မ သမာဓိဂုဏ်။

* **နှလုံးသားကို အနိုးတပ်ဆုံး လေ့လာခဲ့တဲ့ အရိန္ဒမာ အသိဆုံးပါ**--သည် သက်ရှိ သတ္တဝါတို့၌သာ ရကောင်းသော သိခြင်းသဘောကို သက်မဲ့ဖြစ်သော အရိန္ဒမာ(လှံ)အပေါ် ၌ လောကအပိုင်းအခြားကို မဆန့်ကျင်သောအားဖြင့် တင်စားထားသောကြောင့် အပါဏော ပါဏိဓမ္မ သမာဓိဂုဏ် မြောက်ပါသည်။

http://www.dhammadownload.com



*** ရူပယုတ္တ သမာဓိဂုဏ်မြောက်ပုံပြ ပုံစံ**

**၁၅၄။ ဒယာရသေသု မုဒ္ဒန္တာဇနာ မတ ရသေသွိဝ။**
**သုခိတာ ဟတ ဒေါသာ တေ၊နာထ ပါဒမ္ဘုဇာနတော။**

**၁၅၄။** နာထ၊မြတ်စွာဘုရား။အမတ ရသေသု၊အမြိုက်ရည်တို့၌။မုဒ္ဒန္တာ၊ငုပ်ကြကုန်သော။ဇနာ၊လူတို့သည်။ဟတ ဒေါသာ၊ကင်းသောလေ,သည်းခြေသလိပ် ဟူသောအပြစ်ရှိကြကုန်သည်ဖြစ်၍။သုခိတာ ဣဂဝံ၊ချမ်းသာကုန်သကဲ့သို့။တထာ၊ထို့အတူ။တေ၊ရှင်တော်ဘုရား၏။ပါဒမ္ဘုဇာနတော၊ခြေတော်တည်းဟူသော ကြာ၌ ညွတ်ကြကုန်သည်ဖြစ်၍။ဒယာရသေသု၊မဟာကရုဏာတည်းဟူသော ဂုဏ်ရည်တို့၌။မုဒ္ဒန္တာ၊ငုပ်ကြကုန်သော။ဇနာ၊နတ်,လူ,ပြဟ္မာ သတ္တဝါတို့သည်။ဟတ ဒေါသာ၊ကင်းသော ကိလေသာတည်းဟူသောအပြစ်ရှိကုန်သည်ဖြစ်၍။သုခိတာ၊ကိုယ်,စိတ်နှစ်ဖြာချမ်းသာကြကုန်၏။

* **နိရုပေ ရူပယုတ္တ သမာဓိဂုဏ် အဓိပ္ပါယ်** ။ ။ အဆင်းသဏ္ဌာန်နှင့်ယှဉ်သော ရေ၌သာ ရကောင်းသော ငုပ်နှစ်ခြင်းသဘောကို အဆင်းသဏ္ဌာန်နှင့် မယှဉ်သော ကရုဏာ-အစရှိသော ဂုဏ်၌ လောကအပိုင်းအခြားကို မလွန်သောအားဖြင့် တင်စားအပ်သည်၏ အဖြစ်ကြောင့် "နိရုပေ ရူပယုတ္တ သမာဓိဂုဏ်" မည်ပါသည်။

* **ဒယာ ရသေသု-စသောဂါထာသည်** အဆင်းသဏ္ဌာန်ရှိသော ငုပ်အပ်သော သဘောကို အဆင်းသဏ္ဌာန်မရှိသော ကရုဏာဂုဏ်၌ တင်စားခြင်းကြောင့် နိရုပေ ယုတ္တ သမာဓိဂုဏ် မြောက်ပါသည်။

* ဓမ္မတာသွန်းသည့် ကရုဏာရေ သွန်းလေ လေတည်း။
* သဒ္ဓါမြဲခိုင် ပင်ရိပ်မြိုင်၌ မဏ္ဍိုင်ပွင့်ခိုက်။
* အကိုက်သွန်းသွန်းဉာဏ်ညွှန့်လန်းလျှင် ထွန်းလှသောခါ။
* ဗောဓိသမ္ဘာ ပဒေသာ၏ ပညာခိုင်ဖြီး အမြိုက်သီးကို။
* သီလမြေဝယ် ဝိရိယခြေကိုခု၊ သဒ္ဓါလက်ဖြင့် ပညာပုဆိန် ကိုင်ရွယ်ခိုန်ပါစ။
* သံသရာဝဲ ဩဃထဲ အမြဲကျင်လည်ကုန်။
* တရားစည်ကြီး ရိုက်တီးကြသလေ။
* အချစ်ဆိုတာ ပူလောင်တဲ့ မီးတောက်ငယ်တစ်ခု။
* မေတ္တာဟာအေးမြတဲ့ စမ်းချောင်းငယ်တစ်ခု။
* သားတို့ရှုပ်ရည် သိတာမည်သား ရေကြည်ချမ်းမြ တစ်ပေါက်ကျက မိဘတို့ဝမ်းငြိမ်းစတမ်း။

* စုံပယ်ခက်စုံနှစ်ပင်မှာ မငုံခင်တုံးကအစ၊ပန်းဖွါရဆင့်ဖီ၊ မပွင့်မိခါက၊ကျင့်ဝသီစာဂနှင့်၊ ခါပထမအရွယ်။

http://www.dhammadownload.com



* **မဂ္ဂင်ရှစ်ပါးတည်းဟူသော ရေချမ်းဖြင့် ကိလေသာ အပူမီးကို ငြိမ်းသတ်သည်-၌** အဆင်းသဏ္ဌာန်ရှိသော မဂ္ဂင်ရှစ်ပါးတည်းဟူသော ရေချမ်းကို အဆင်းသဏ္ဌာန်မရှိသော ကိလေသာအပေါ်၌ တင်စားထားသောကြောင့် နိရုပေယျတ္တ သမာဓိဂုဏ်။

* **ထမင်းတစ်နပ်၊ ဟင်းတစ်ဖတ်ကို၊ အမြတ်တင်စီး၊ လောဘမီးဖြင့်၊ စီးပွားရှာကြ၊ ငွေရှာကြ**--သည်အဆင်းသဏ္ဌာန်မရှိသော လောဘ၌ အဆင်းသဏ္ဌာန်ရှိသော မီး၏ သဘောကို တင်စားထားသောကြောင့် နိရုပေယျတ္တ သမာဓိဂုဏ်။

* **ကိလေသာ အညော်ငွေ့တွေနှင့်၊ ပျော်မွေ့ကာ နေမိမှားလျှင်ဖြင့်၊ လားလိမ့်အောက်ဆီ**--၌ "ကိလေသာ အညော်ငွေ့"ဟူသောစကားသည် အနှံ့ရှိသော ဝတ္ထု၏ သဘောကို အနှံ့မရှိသော ကိလေသာ၌ တင်စား၍ ဆိုခြင်းကြောင့် (နိဂၢနေ ဂန္ဓဓမ္မ) သမာဓိဂုဏ်။

* နံ့သာသုံးမည် မြနှင်းရည်ဟု၊ သင်းကြည်ကြိုင်ပျံ့ မေတ္တာနံ့ကို နူးညံ့လိမ်းသပ်။

---

*** နိရသေ သရသ သမာဓိဂုဏ်မြောက်ပုံပြ ပုံစံ**

၁၅၅။ **မဓုရေပိ ဂုဏော ဓီရ၊နု ပွသီဒန္တိ ယေ တဝ။**
**ကီဒိသီ မနသော ဝုတ္တိ၊တေသံ ခါရ ဂုဏာနံ ဘော။**

၁၅၅။ ဘော ဓီရသူ မြတ်စွာဘုရား။ယေ ဇနာ၊အကြင်သူမိုက်တို့သည်။တဝ၊ရှင်တော်ဘုရား၏။မဓုရေပိ၊ချိုမြိန်ကောင်းမြတ်သည်လည်းဖြစ်သော။ဂုဏော၊ကရုဏာ,ပညာစသော ဂုဏ်တော်၌။နပွသီဒန္တိ၊မကြည်ညိုကြကုန်။ခါရဂုဏာနံ၊ငန်သောဂုဏ် ရှိကြကုန်သော။တေသံ ဇနာနံ၊ထိုသူမိုက်တို့၏။မနသော ဝုတ္တိ၊စိတ်၏ဖြစ်ပုံ ဖြစ်ဟန်သည်။ကီဒိသီ၊အဘယ်သို့သဘောရှိလေသနည်း။

*** မဓုရေပိ ဂုဏော-စသောဂါထာ၌ နိရသေ သရသ သမာဓိဂုဏ် မြောက်ပုံ**

အရာသာရှိသော ထောပတ်, ပျားရည်တို့၏ ချိုသောဂုဏ်သဘောကို ချိုသောအရသာ မရှိသော မဟာကရုဏာ ပညာတော်၌ငင်း, အရသာရှိသောဆား, ဆပ်ပျာတို့၏ ငန်သော ဂုဏ်သဘောကို ငန်သောအရသာမရှိသော အဇ္ဈာသယဆန္ဒ၌ငင်း လောကအပိုင်းအခြားကို မဆန့်ကျင်သောအားဖြင့် တင်စားအပ်သည်၏ အဖြစ်ကြောင့် နိရသေ သရသ သမာဓိ ဂုဏ်မြောက်ပါသည်။

*** ချိုဆိမ့်ရသာ၊ဒေသနာကို၊လိမ္မာမပွန်၊လူ့ဆားငန်တို့၊အလွန်ကြောက်ရွံ့၊ကြည်ညိုတွန့် သည်၊စွန့်သွားထုံးတိ တပါတည်း။**--သည် အရသာမကောင်းသော ဒေသနာတော်နှင့် လူမိုက်တို့၌ ချိုသောအရသာ, ငန်သောအရသာတို့ကို တင်စားသုံးစွဲခြင်းကြောင့် နိရသေ သရသ သမာဓိဂုဏ် မြောက်ပါသည်။

* ရှင်ဒျစ်လူဘ၊ မုနိန္ဒ၏၊ ရသဆိမ့်ချို၊ ဂုဏ်ထိထိ၌၊ ကြည်ညိုပေါ်တန်၊ ဖက်မတန်သား

http://www.dhammadownload.com



ခါးငန်ဂုဏ်ရှင်၊ လူများဖြင်၏၊ စိတ်တွင်ဖြစ်ပုံ၊ အလုံးစုံသည်၊ ဘယ်ပုံသဘော ရှိမည်နည်း။

* တေးသံက တမြမြချို့။
* သီချင်းဆိုက ချိုမြမြ ကြိုင်စွ သင်းထုံထုံ။
* ရတုချို စိတ်ကို သွေးလေတော့၊ အို--အကြင်နာတရားလဲ ခါးနေရဲ့။
* သုံးလှုမင်းမြတ် လူနှင့်နတ်အား ဟောကြားလေသည် တရားသံချိုမြမြတည်း။
* ချိုသာအေးမြ မွှေးကြိုင်လှသည့် ဓမ္မရသာ မြတ်ဩဇာ။
* ချိုမြမြစိမ့်စိမ့် ဘဝင်ငြိမ့်သည့် နှစ်သိမ့်မေတ္တာအရသာ။
* ဓမ္မကွန္ဒာ ငါပညာဟု အဂိါကိုးမည် ရင်နှိုရည်ကို ချမ်းကြည်သောက်ငြား တက်စီးပွားဇ်။

* မောင်မင်းစကား ကြားရသည်မှာ ခါးသည်သာတည်း၊ ထို့ကြောင့် ငါပင် သင့်ကိုမြင်ရ စိတ်ချဉ်လှ၏။

* မျက်နှာချိုချို မုပိပိုနှင့်--သည် အရသာမရှိသော မျက်နှာ၌ အရသာရှိသော ပျားသကာ-စသည်တို့၏ ချိုခြင်းသဘောကို တင်စားဆိုခြင်းကြောင့် နိရသေ သရသ သမာဓိဂုဏ်

* နှုတ်ချို သျှိတစ်ပါး--သည် အရသာမရှိသော နှုတ်၌ ချိုသော အရသာကို တင်စား၍ ဆိုထားသောကြောင့် နိရသေ သရသ သမာဓိဂုဏ် မြောက်ပါသည်။

* အဖြဝေ ဖြဝယုတ္တ သမာဓိဂုဏ်မြောက်ပုံပြ ပုံစံ

၁၅၆။ သဗ္ဗတ္ထ သိဒ္ဓိ စူဠကပုဋုပေယျာ မဟာဂုဏာ။
ဒိသာ သမန္တာ ဓာဝန္တိ၊ကုန္ဒသောဘာ သလက္ခဏာ။

၁၅၆။ သဗ္ဗတ္ထသိဒ္ဓိ၊အလုံးစုံသော အကျိုးအပြစ်ကို ပြီးစေတတ်သော အို မြတ်စွာဘုရား။စူဠက ပုဋုပေယျာ၊ပြဟ္မာ,နတ်,လူ,သုံးဘုံသူတို့၏ ဦးစွန်းတည်းဟူသော လက်ခုပ်ဖြင့်သောက်အပ်ကုန်သော။ကုန္ဒသောဘာ သလက္ခဏာ၊သင်းခွေပန်း၏တင့်တယ်ခြင်းနှင့်တူသော သဘောရှိကုန်သော။တဝ၊ရှင်တော်ဘုရား၏။မဟာဂုဏာ၊မြတ်သော ဂုဏ်တော်တို့သည်။သမန္တာ၊ထက်ဝန်းကျင်၌ဖြစ်ကုန်သော။ဒိသာ၊အရပ်မျက်နှာတို့သို့။ဓာဝန္တိ၊ပြေးသွားကုန်၏။

* ဤဂါထာ၌ အဖြဝေ ဖြဝယုတ္တသမာဓိဂုဏ်ရောက်ပုံ ။ ။ သောက်၍ ရကောင်းသော ရေ၏သဘောကို သောက်၍မရကောင်းသော ဂုဏ်၌ တင်စားသောကြောင့် အဖြဝေ ဖြဝယုတ္တ သမာဓိဂုဏ် ရောက်ပါသည်။ (ဝါ) မြောက်ပါသည်။

* လူနတ်ရွှေ့သွား၊တို့ဘုရား၏၊မြသားတမျှ၊ကာယနောတတ်၊အိုင်မင်းမြတ်မှ၊မဟာတ္တ ၁ဏ်၊ရေကြည်ဟုန်သည်၊သုံးဘုံမြစ်ကမ်း၊ကျော်တက်လွှမ်း၍၊ချမ်းသာသုံးခင်း၊ပေးလျက်ဆင်း

http://www.dhammadownload.com



၏--သည် အရည်မဟုတ်သောဝုဏ်တော်၌ အရည်ပြုလုပ် တင်စားသုံးစွဲခြင်းကြောင့် အဖြ ဝေ ဖြဝယုတ္တ သမာဓိဂုဏ် မြောက်ပါသည်။

* သုတ်အဘိဓမ္မာဝိနယာဟု၊မည်သာကျော်ဟိုး၊တရားမိုးကို၊သောက်ချိုးစေကာ။
* ပညာရည်နှိ သောက်စိမ့်မကုန်။
* ဣန္ဒြေစိမ်းစိမ်းသုတ်လိမ်းထားသူ၊ မောင့်သည်းအူကား၊ ငြူစူခက်ထန်။
* ရာဂဟူသည်၊ ယဇ်မျိုးရည်သို့၊ မကြည်ယုတ်မာ၊ လွန်ဆိုးစွာ၏၊
* မေတ္တာဆွတ်ဖြန်း၊ ရန်မသန်း။
* စေတနာမိုး ဝေဆာဖြိုးသည်။
* ဒွေမဉ္ဇူ နှုတ်ချီခွန်းရယ်နဲ့ သွန်းလိုက်မိပါ။
* ဘဝကို အသက်သွင်းသည့် ဝမ်းမြောက်ခြင်း ပီတိရည်ဖန်တီးဆောက်သည်။
* မေတ္တာရေစင် တသွင်သွင် နေ့စဉ်ဆွတ်ဖြန်းကုန်။
* မေတ္တာရေချမ်း၊ ပက်ကာဖြန်း၊ အေးချမ်းကြပါစေ။

* **မေတ္တာဒ္ဓေရည်၊ ဖြန်းပက်မည်၊ ရွှင်ကြည်ချမ်းသာစေ**။--သည် အရည်ရှိသော ဝတ္ထု တို့၌သာ ရကောင်းသောဖြန်းပက်ခြင်းသဘောကို အရည်မရှိသော မေတ္တာ၌ လောက အပိုင်းအခြားကို မဆန့်ကျင်သောအားဖြင့် တင်စားအပ်သောကြောင့် အဖြဝေ ဖြဝယုတ္တ သမာဓိဂုဏ်။

* **တရားရေအေး တိုက်တွေ့ပေတတ် မုနိမြတ်**။--သည် ရေစသည်၌သာ ရစကောင်းသော ဖြဝဓမ္မ ယိုစီးခြင်းသဘောကို အရည်မဟုတ် ယိုစီးခြင်းသဘောမရှိသော တရားတော်၌ တင်စား၍ ဆိုထားသောကြောင့် အဖြဝေ ဖြဝဓမ္မ သမာဓိဂုဏ်။

* **မေတ္တာရေကြည် သောက်သုံးမည် တည်ကြည်အေးမြ နှလုံးလှ**။--သည် အရည်ရှိသော ဝတ္ထု၌သာ ရကောင်းသော သောက်သုံးခြင်းသဘောကို အရည်မရှိသော မေတ္တာ၌ လောကအပိုင်းအခြားကို မဆန့်ကျင်သောအားဖြင့် တင်စားအပ်သည်၏အဖြစ်ကြောင့် အဖြဝေ ဖြဝယုတ္တသမာဓိဂုဏ်။

* တရားရေအေး တိုက်ကွေးတော်မူသည်။

* **တရားရေအေး အမြိုက်ဆေးကို တိုက်တွေးတော်မူ**သည်။-- အရည်ရှိသော တိုက် ကွေး၍ရသော ဆေးကို အရည်မရှိသော တရားတော်၌ တင်စား၍ ဆိုထားသော ကြောင့် အဖြဝေ ဖြဝယုတ္တ သမာဓိဂုဏ်။

* **အကတ္တရိ ကတ္တုဓမ္မ သမာဓိဂုဏ်မြောက်ပုံပြ ပုံစံ**

၁၅၇။ **မာရာရိ ဗလဝိဿဋ္ဌာ၊ကုဏ္ဍာ နာနာဝိဓာ ယုဓာ။**

http://www.dhammadownload.com



**လဇ္ဇမာနာညဝေသေန၊ဇိန ပါဒါ နတာ တဝ။**

၁၅၇။ ဇိန၊မြတ်စွာဘုရား။မာရာရိ ဗလဝိဿဒ္ဒာ၊မာရ်မင်းတည်းဟူသောရန်သူ၏ အစွမ်းသတ္တိဖြင့်ပစ်လွှတ်အပ်ကုန်သော။နာနာဝိဓာ၊အထူးထူးအပြားပြားကုန်သော။ အာယုဓာ၊လက်နက်တို့သည်။ကုဏ္ဍာ၊တုံးကုန်သည်ဖြစ်၍။လဇ္ဇမာနာ၊ရှက်ကုန်သည်ဖြစ်၍။ အညဝေသေန၊လက်နက်တည်းဟူသောမိမိအသွင်မှ တပါးသော ပန်းပေါက်ပေါက်အသွင် အားဖြင့်။တဝ၊ရှင်တော်ဘုရား၏။ပါဒါ နတာ၊ခြေတော်သို့ ညွှတ်ကုန်ပြီ။

*** မာရာရိ-စသောဂါထာ၌ အကတ္တာရိ ကတ္တုဓမ္မ သမာဓိဂုဏ်ရောက်ပုံ**

လူသတ္တဝါတို့၏ ရှက်တတ် ညွှတ်တတ်သော ကတ္တားသဘောကို ကတ္တားမဟုတ်သော အနက်၌ တင်စားသောကြောင့် အကတ္တာရိ ကတ္တုဓမ္မ သမာဓိဂုဏ်ရောက်သည်။

* ရန်သူမာရ်နတ်၊အားကုန်လွှတ်၍၊ပစ်ခတ်လက်နက်၊အချက်ချက်သည်၊ရှက်၍လုံးလုံး၊အသွားတုံးလျက်၊ဖက်နှုန်းမသန်၊ပေါက်ပေါက်ဟန်ဖြင့်၊ငါးမာန်အောင်သား၊မြတ်ဘုရား၏။နှစ်ပါးခြေစုံ၊ဦးခိုက်လှုံသည်၊ထောင်ပုံယာပုံ စုရုံတည်း။--သည် မိမိကိုယ်ကို မိမိ ပြုပြင်ဖန်တီးနိုင်သော အစွမ်းသတ္တိမရှိသော ကတ္တားမဟုတ်သော လက်နက်၌ ပြုပြင်ဖန်တီးနိုင်သော ကတ္တားပြုလုပ် တင်စားသုံးစွဲခြင်းကြောင့် အကတ္တာရိ ကတ္တုဓမ္မ သမာဓိဂုဏ်။

* နွေရူးလေဟုန် စီးကာစုန်သည် ကခုန်သည့်လား ရွက်ဝါများ။

* နေအရုဏ် အောင်လံစိုက်တော့။

* ချူလဲ့. ယူလဲ့. မူဇွဲ့.နွဲ့. ကြူတဲ့နှင်းဆီရုံ။

* မြကျောက်ဖျာ ရေမှာကူးစေတော့၊ မဖျယ်ဘူးတကယ်။

*** သာသနာသုံးထွေ၊ သုံးမြုံတေဟု ကျက်သရေဆောင်လတ်**။--သည် ကတ္တားသဘော ရထိုက်သော ကျက်သရေဆောင်ခြင်းကို ကတ္တားသဘောမရှိသော သာသနာသုံးပါး၌ တင်စား၍ဆိုထားသောကြောင့် အကတ္တာရိ ကတ္တုဓမ္မသမာဓိဂုဏ်။

*** မိမိအတတ် ကိုယ့်ကိုသတ်၏**။--သည် ပြုတတ်သောသဘောသတ္တိမရှိသော အတတ်ပညာ၌ ပြုလုပ်တတ်သော သဘောရှိသူ ပုဂ္ဂိုလ်တို့၏ သတ်ခြင်းသဘောကို တင်စား၍ ဆိုခြင်းကြောင့် အကတ္တာရိ ကတ္တုတာ သမာဓိဂုဏ်။

*** မဟာစေတီ၊ မွေသရီကို၊ တူညီဖူးကြ၊ ထိုခဏ၌၊ ရွှန်းမြလန်းလန်း၊ သဒ္ဒါပန်းတို့၊ ဆန်းဆန်းဝေဖြာ၊ ပွင့်ကြပါ၏**။--သည် လန်းဆန်းမှု ဝေဖြာမှု ပွင့်မှုကိုပြုတတ်သော ပန်းတို့၏သဘောကို မပြုတတ်သော သဒ္ဒါတရား၌ တင်စား၍ ဆိုထားသောကြောင့် အကတ္တာရိ ကတ္တုဓမ္မ သမာဓိဂုဏ်။

* ကိလေသာသွေး အော့အန်ထွေး မဂ်လေးမြတ်ပုဂ္ဂိုလ်။

* တရားဆေးကို၊ သောက်ကာမျိုး၊ မဂ်ဖိုလ်ရောက်သကို။

http://www.dhammadownload.com



## * ကဋ္ဌိနဓမ္မ သမာဓိဂုဏ်မြောက်ပုံပြ

၁၅၈။ မုနိန္ဒ ဘာဏုမာ ကာလော၊ဒိတော ဗောဓေဒယာစလေ။
သဒ္ဓမ္မ ရံသိနာ ဘာတိ၊ဘိန္ဒ မန္ဒတမံ ပရံ။

၁၅၈။ ဗောဓေဒယာစလေ၊သဒ္ဓညုတညာဏ် တည်းဟူသော နေထွက်ရာတောင်၌။ကာလော်ဒိတော၊နံနက်အခါ၌ တက်လတ်သော်။မုနိန္ဒဘာဏုမာ၊ဘုရားတည်းဟူသော နေမင်းသည်။သဒ္ဓမ္မ ရံသိနာ၊သူတော်ကောင်းတရားတော်တည်းဟူသော ရောင်ခြည်ဖြင့်။ အန္ဓတမံ၊မောဟတည်းဟူသော အမိုက်တိုက်ကို။ဘိန္ဒံ ဘိန္နန္တော၊ဖျက်ဆီးလျက်။ပရံလွန်စွာ။ ဘာတိ၊ထွန်းလင်းတောက်ပ၏။

* **ကဋ္ဌိနဓမ္မ သမာဓိဂုဏ်ရှိသော အဖွဲ့ဝန္ဓ ။ ။** အစိုင်အခဲရှိသော ဝတ္ထုဥာဏ်သာ ရကောင်းသော ဖောက်ခွဲခြင်းသဘောကို အစိုင်အခဲ မရှိသော မောဟတည်းဟူသော အမိုက်တိုက်၌ လောကအဝိုင်းအခြားကို မဆန့်ကျင်သောအားဖြင့် တင်းစားအပ်သည်၏ အဖြစ်ကြောင့် ကဋ္ဌိနဓမ္မ သမာဓိဂုဏ်ရှိသော အဖွဲ့ဝန္ဓ မည်ပါသည်။

* **ဤဂါထာ၌ ရနိုင်သောဂုဏ် ။ ။** အစိုင်အခဲရှိသောဝတ္ထု၏ သဘောကို အစိုင်အခဲ မရှိသော အမိုက်တိုက်၌ တင်စားသောကြောင့် ကဋ္ဌိန အသရီရ သမာဓိဂုဏ် ရနိုင်သည်။

* သဒ္ဓညုတ၊ ဉာဏမြင့်ခေါင်၊ ဥဒယ်တောင်၌၊ ထွန်းပြောင်တက်ဝင်း၊ သုံးဘုံလင်းသည်၊ နေမင်းသကဲ့ သုံးလွှာဘသည်၊ ဓမ္မရောင်ခြည်၊ ဓာတ်အကြည်ဖြင့်၊ မှောင်ရည် မောဟ ဖျက်ဆီးချလျက်၊ မဟတေဇိန်၊ တောက်၍ ထိန်၏။--သည် အစိုင်အခဲရကောင်းသော ဥဒယ်တောင်ကို အစိုင်အခဲ မရကောင်းသော သဒ္ဓညုတညာဏ်တော်၌ တင်စားသုံးစွဲခြင်းကြောင့် ကဋ္ဌိန အသရီရ သမာဓိဂုဏ် ဖြာက်ပါသည်။

* သံသရာစက်၊ ကန့်အကွက်ကို၊ ပယ်ဖျက်ခုတ်ထွင်၊ သုတ်သင်ပြီးကာ။

* နတ်ရွာတက်ရန်၊ စောင်းတန်းမှန်လျက်၊ နိဗ္ဗာန်ဖွင့်ရ တံခါးမလည်း၊ သီလသံကောက် ဖွင့်တိုင်းပေါက်၍။

* တရားလှေကို တက်ကာစီးလို့ မဂ်ဖောင်ကြီးနဲ့ ကူးစို့ကွယ်။

* တရားမဂ်ဖိုလ် သံမိုနှက်ပြီး အောင်စည်တီး၍။

* အိပ်မက်ဝတ်မှုံ မှောင်ဝတ်ရုံနဲ့။

* ပြုံးရိပ်ဆင်မြန်း။

* သံယောဇဉ်ဆိုတာ သောကရဲ့ မြစ်ဖျားခံရာ ရေသောက်မြစ်တစ်ခု။

* မြင့်မိုရ်တောင်ဦး မကကြူး ကျေးဇူးမိဘဂုဏ်။

* **နိဗ္ဗာန်တံခါးကြီး ပွင့်လေပြီ**။--သည် အထည်ကိုယ် အစိုင်အခဲမဟုတ်သော နိဗ္ဗာန်၌ အထည်ကိုယ် အစိုင်အခဲအဖြစ် တင်စားသောကြောင့် အကဋ္ဌိန ကဋ္ဌိန သမာဓိဂုဏ်။

http://www.dhammadownload.com



* သံယောဇဉ် မြေတလင်းမှာ လေညှင်းနဲ့အတူ ကြွေဆင်းတဲ့သူ ခရေဖြူရော-
-၌ အစိုင်အခဲရှိသော မြေတလင်း၌သာ,ရကောင်းသော ကြွေဆင်းခြင်းသဘောကို အစိုင်
အခဲမရှိသော သံယောဇဉ်၌ လောကအဝိုင်းအခြာကို မဆန့်ကျင်သောအားဖြင့် တင်စား
ထားသောကြောင့် ကဋ္ဌန သမာဓိဂုဏ်။

* သံယောဇဉ်လွန်း တင်သည်ကြီးဖြင့် နှောင်ဖွဲ့ရစ်တွယ် မိခဲ့ကြပြီမို့ အမြန်လက်
ထပ်ကြပါစို့။--သည် အစိုင်အခဲရှိသော ကြိုး၌သာ ရကောင်းသော နှောင်ဖွဲ့ရစ်တွယ်မိခြင်း
သဘောကို အစိုင်အခဲမရှိသော သံယောဇဉ်အပေါ်၌ လောကအဝိုင်းအခြာကို မဆန့်
ကျင်သောအားဖြင့် တင်စားအပ်သည်၏အဖြစ်ကြောင့် ကဋ္ဌန သမာဓိဂုဏ်။

* မြတ်စွာဘုရားတည်းဟူသော ပဒေသာပင်ကြီး ပေါ်ပေါက်လာပြီ။--သည် အစိုင်
အခဲရှိသော မြတ်စွာဘုရားကို အစိုင်အခဲမရှိသော ပဒေသာပင်၌ တင်စားထားသော
ကြောင့် ကဋ္ဌန သမာဓိဂုဏ်။

* သံသာရသောတံ ဆိန္နိတ္တာ ဝိဒွံသေတ္တာ--သည် ပကတိရေ၏ ဖြတ်ကူးသွား
ကောင်းသော သဘောကို အရေ မရကောင်းသော သံသရာ၌ တင်စားအပ်သောကြောင့်
ရူပယုတ္တ သမာဓိဂုဏ်။

* ဂါမွဒေါသမှ လွတ်မြောက်သော အဖွဲ့ဇန္ဓ၏ သမာဓိဂုဏ်မြောက်ပုံ

၁၅၉။ ဝမနုဂ္ဂရနာဒေါတံ၊ဂုဏာဝုတ္တ ပရိစ္ဆုတံ။
အတိသုန္ဒရ မည်တူ၊ကာမံ ဝိန္ဒတိ ဂါမွတံ။

၁၅၉။ ဒေတံ ဝမနုဂ္ဂရနာဒါ၊ထိုပျို့အန်ခြင်း၊ကြို့ထိုးခြင်းအစရှိသည်သည်။ဂုဏာဝုတ္တ
ပရိစ္ဆုတံ၊ဂုဏ်၏အဖြစ်မှ မရွှေ့လျောမူကား။(ဝါ)ဥပစာဖြစ်မူကား။အတိသုန္ဒရံ၊အလွန်ကောင်း
၏။အညန္တ္ဂု၊ဂုဏ်အဖြစ်မှ ရွှေ့လျောသောအားဖြင့် တပါးသောဂုဏ်ဖြစ်သော ပျို့အန်ခြင်း,
ကြို့ထိုးခြင်းစသည်အစစ်ဖြစ်မူကား။(ဝါ)ဥပစာမှတပါးမုခ္ဂဖြစ်မူကား။ကာမံ၊စင်စစ်။ဂါမွတံ၊
ဂါမွဒေါသ၏အဖြစ်ကို။ဝိန္ဒတိ၊ရ၏။

* ဤဂါထာ၌ ရောက်နိုင်သောဂုဏ် ။ ။ ပျို့အန် ကြို့ထိုး ဝမ်းလျှောခြင်း-စသော
ဒုက္ခကားများသည် တကယ်မုခ္ဂမဟုတ်မူ၍ ဥပစာအားဖြင့် တင်စား၍ ဆိုအပ်သောစကား
ဖြစ်လျှင် ဂါမွဒေါသမှ လွန်မြောက်၍ ကဋ္ဌိဂုဏ်, သမာဓိဂုဏ်များ ရောက်နိုင်ပါသည်။

* ဂါမွဒေါသမှ လွန်မြောက်၍ သမာဓိဂုဏ်မြောက်ပုံ ပုံစံ

၁၆၀။ ကဋ္ဌိနံ ဝမန ဗျာဇာ၊မုနိပါဒ နဒါဝဋ္ဋိ။
စန္ဒကဋ္ဌိ ဝိဝဋ္ဋိဝါ၊နိပွဘံ တံ ကရောဋ္ဌိယော။

http://www.dhammadownload.com



၁၆၀။ မုနိ ပါဒ နခါဝဠိ၊မြတ်စွာဘုရား၏ခြေသည်းတော် အစဉ်တို့သည်။ကန္တိန်၊ မိမိအရောင်တို့ကို။ဝမနဗျာဇ၊ပျို့အန်သည့် အဟန်ဖြင့်။တံ စန္ဒံ၊ထိုလကို။နိပ္ပဘံ၊အရောင်မရှိသည်ကို။ကရောန္တိယော၊ပြုကုန်လျက်။စန္ဒကန္တိ၊လ,ရောင်တို့ကို။ပဝဏ္ဏိ၀၊သောက်ကုန်သကဲ့သို့ ဖြစ်ကုန်၏။(၀ါ)သောက်ကုန်သကဲ့သို့ မှတ်ထင်ကုန်၏။

* ဤဂါထာ၌ ရနိုင်သောဝုဏ် ။ ။ ခြေသည်းတော်မှ အရောင်ထွက်သည်ကို ခြေသည်းတော်သည် အရောင်တို့ကို အန်-၏ဟု ဆို၏၊ အန်၏ဟုဆိုရာ၌ တကယ်အန်သည် မဟုတ်သောကြောင့် ဂါမွဒေါသမှ လွတ်မြောက်၍ သမာဓိဂုဏ် ရောက်ပါသည်။

* အစိတ္တကကတ္တား, အပဓာန ဘဲရှိသော သမာဓိဂုဏ်

၁၆၁။ အစိတ္တ ကတ္တုကံ ရူဈ၊မိဈွေဝံ ဂုဏာတမွတံ။
သစိတ္တ ကတ္တုတမွေတံ၊ဂုဏာကမွံ ယ ဒုတ္တမံ။

၁၆၁။ ဣစ္ဆေဝံ ဣတိ ဣဓမိနာ ပကာရေန၊ဤဆိုအပ်ခဲ့သော အပြားအားဖြင့်။ အစိတ္တ ကတ္တုံ၊စိတ်စေတနာမရှိသော ကတ္တား၌သော။ဂုဏာကမွံ၊မပြောနိုးသော ဘဲရှိသော။တံ ဝမနာဒိ၊ထိုပျို့အန်ခြင်းစသည်ကို။ရူပံ၊နှစ်သက်အပ်၏။ဧတေ ဝမနာဒိ၊ထိုပျို့ အန်ခြင်းစသည်သည်။သစိတ္တ ကတ္တုကမွိ၊စိတ်စေတနာရှိသော ကတ္တားရှိသော်လည်း။ဂုဏာ ကမွံ၊မပြောနိုးသော ဘဲရှိသည်။ယဒိသိယာ၊အကယ်၍ ဖြစ်ငြားအံ့။ဧဝံ သတိ၊ဤသို့ဖြစ် သည်ရှိသော်။ဥတ္တမံ၊ကောင်းမြတ်၏။

* သဝိညာဏက ကတ္တား, အပဓာနကံရှိသော သမာဓိဂုဏ်၏ ပုံစံ

၁၆၂။ ဥဂ္ဂိရန္တော၀ သသွေဟ၊ရသံ ဇိနဝရော ဇနေ။
ဘာသန္တော မဓုရံ် ကမွံ၊ဘံ နု သမွိဏာယေ ဇနံ။

၁၆၂။ သသောဇိနဝရော၊ထိုဘုရားမြတ်သည်။သသွေဟ ရသံ၊ကိုယ်တော်၏ချစ်ခြင်းတည်းဟူသော ရေကို။ဥဂ္ဂိရန္တော၀၊ပျို့အန်တော်မူသကဲ့သို့။ဇနေ၊သတ္တ၀ါအပေါင်း၌။မဓုရံ၊ချို့မြိန်ကောင်းမြတ်သော။ကမွံ၊တရားတော်ကို။ဘာသန္တော၊ဟောတော်မူသည်ရှိသော်။ဘံ၊ အဘယ်မည်သော။ဇနံ၊သတ္တ၀ါကို။နု သမွိဏာယေ၊အဘယ်မှာ မနှစ်သက်စေဘဲရှိအံ့နည်း။ သမွိဏာယေ ဧ၀၊နှစ်သက်စေသည်သာလျှင်တည်း။

* ဤဂါထာ၌ ရနိုင်သောဝုဏ် ။ ။ သသွေဟ ရသံ-ဟူသောကံသည် မုချမဟုတ် သောကြောင့် "ဇိနဝရော"ဟူသော ကတ္တားသည် သစိတ္တကကတ္တားပင်ဖြစ်သော်လည်း ဂါမွဒေါသမှ လွတ်မြောက်၍ သမာဓိဂုဏ် ရောက်ပါသည်။

http://www.dhammadownload.com



*** သဒ္ဒါ, အလင်္ကာ, အဘိဓာန်, ဆန်း-ဤလေးကျမ်းကို နှံ့စပ်ကျွမ်းကျင်တတ်သိမြင်ဝ ကျမ်းဂန်ရေးသား မပြုကြားလည်း "ပညာ"ရှိဟုပင် ခေါ်ဆိုထိုက်ပုံ**
*** ကျမ်းတတ်အကျော် ပညာရှိ (ဝတ်) ဆရာတော်တစ်ပါးဖြစ်ရန် ပြည့်စုံရမည့် အင်္ဂါ**
*** ကဗျာဆရာ၏ လက္ခဏာပြ ဂါထာ**

၁၆၃။ ယော သဒ္ဒသတ္ထ ကုသလော ကုသလော နိယဏ္ဍု၊
ဆန္ဒော အလင်္ကာသု နိစ္စကတာဘိယောဂေါ။
သောယံ ကဝိတ္တဝိကလောဗိ ကဝိသု သချံ၊
မောဝွယ့ ဝိနှတိဟိ ကိတ္တိမ မန္ဒုပ်။

၁၆၃။ ယောပုဂ္ဂလော၊အကြင်ပုဂ္ဂိုလ်သည်။သဒ္ဒသတ္ထကုသလော၊သဒ္ဒါကျမ်း၌ လိမ္မာ၏။နိစ္စကာတာဘိယောဂေါ်၊အမြဲပြုအပ်သော အားထုတ်ခြင်းရှိ၏။နိယဏ္ဍုဆန္ဒောအလင်္ကာသု၊အဘိဓာန်ကျမ်း,ဆန်းကျမ်း,အလင်္ကာကျမ်းတို့၌။ကုသလော၊လိမ္မာ၏။နိစ္စကတာဘိယောဂေါ်၊အမြဲပြုအပ်သော အားထုတ်ခြင်းရှိ၏။သောအယံ ပုဂ္ဂလော၊ထိုပုဂ္ဂိုလ်သည်။ကဝိတ္တ ဝိကလောပိ၊ပညာရှိပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်သော ကျမ်းဂန်ရေးသားခြင်းမှကင်းသော်လည်း။ကဝိသု၊ပညာရှိတို့၌။သချံကျမ်းဂန်းတတ် တယောက်ဟူသော အရေအတွက်သို့ သြဂ္ဂယှ၊သက်ရောက်၍။အမန္ဒရုပ်၊မနည်းသောသဘောရှိသော။ကိတ္တိ၊ကျော်စောခြင်းကို။ ဝိနှတိဟိ ဝိနှတိ ဇဝ၊ရနိုင်သည်သာလျှင်တည်း။

*** ကဗျာဆရာ၏ လက္ခဏာ ။ ။ ၁။ ဗျာကရဏ်း (သဒ္ဒါ)ကျမ်းကို တတ်သိနားလည်ခြင်း၊ ၂။ အဘိဓာန် (နိယဏ္ဍု)ကျမ်းကို တတ်သိနားလည်ခြင်း၊ ၃။ ဆန်း (ဝုတ္တောဒယ) ကျမ်းကို တတ်သိနားလည်ခြင်း၊ ၄။ အလင်္ကာကျမ်းကို တတ်သိနားလည်ခြင်း။**

**တတိယ ပရိစ္ဆေဒ ဂုဏဝဟေဝ ပြီး၏။**

# ၄-စတုတ္ထ ပရိစ္ဆေဒ
## အတ္ထာလင်္ကာရာဝဟေဝ

၁၆၄။ အတ္ထာလင်္ကာရ သဟိတာ၊သဝုဏာ ဗန္ဓ ပဒ္ဓတိ။
ယတော အစ္ဆန္တ ကန္တာဝ၊ဝုစ္စန္တေ တေ တတော ဓုနာ။

၁၆၄။ သဝုဏာ၊လင်္ခဏာပြုအပ်သော ဝတ်နှင့်ပြည့်စုံခြင်းစသော ဂုဏ်နှင့်တကွဖြစ်

http://www.dhammadownload.com



သော။အတ္ထာလင်္ကာရ သဟိတာ၊ရွှေ့ငွေ့ စသော ပစ္စည်းဥစ္စာ ပုတီး၊နားဆောင်းစသော အဆင်တန်ဆာနှင့်တကွဖြစ်သော။ကန္တာ၊သတို့သီးသည်။အစ္ဆန္ဒ ကန္တာဝ၊အလွန်နှစ်သက်ဖွယ် ရှိသကဲ့သို့။တထာ၊ထို့အတူ။ယတော ယသ္မာ၊အကြောင့်ကြောင့်။သဂုဏာ၊ပသာဒစသော ဂုဏ်နှင့်တကွဖြစ်သော။အတ္ထာလင်္ကာရ သဟိတာ၊သဘာဝ ဝတ္ထိုအလင်္ကာ,ဝဏ်ဝတ္ထိုအလင်္ကာဟု ဆိုအပ်သော အတ္ထာလင်္ကာရနှင့်တကွဖြစ်သော။ဗန္ဓ ပဒ္ဓတိ၊ဗန္ဓအစဉ်သည်။အစ္ဆန္ဒ ကန္တာ၊ အလွန်နှစ်သက်ဘွယ်ရှိ၏။တတော တသ္မာ၊ထို့ကြောင့်။တေ အတ္ထာလင်္ကာရာ၊ထိုအတ္ထာလင်္ကာရတို့ကို။အဓုနာ၊ယခုအခါ၌။ဝုစ္စန္တေ၊ဆိုအပ်ကုန်၏။

* **အတ္ထာလင်္ကာရ-အရ ။ ။** သဘာဝဝတ္ထိ အလင်္ကာ, ဝဏ်ဝတ္ထိ အလင်္ကာဖြစ်ပါသည်။

* **ဂုဏ-အရ ။ ။** သဒ္ဒါလင်္ကာရဂုဏ် ၁၀-ပါး ဖြစ်ပါသည်။

* **ဗန္ဓ ပဒ္ဓတိ-အရ ။ ။** ဂါထာ, စုဏ္ဏိယ စသည် အပြားရှိသော ရေးသားအပ်သော အစဉ်ကို ယူရပါမည်။

* **အတ္ထာလင်္ကာရသရူပ်နှင့် သဘာဝဝတ္ထိ အလင်္ကာ၏ လက္ခဏာပြ**

၁၆၅။ **သဘာဝ ဝဏ်ဝတ္ထိနံ၊ဘေဒါ ဒ္ဝိဓာ အလင်္ကိယာ။**
**ပထမာ တတ္ထဝတ္ထူနံ၊နာနာဝတ္ထာ ဝိဘာဝိနီ။**

၁၆၅။ အလင်္ကိယာ၊အတ္ထာလင်္ကာရသည်။သဘာဝ ဝဏ်ဝတ္ထိနံ၊သဘာဝ ဝတ္ထိ အလင်္ကာ,ဝဏ်ဝတ္ထိအလင်္ကာတို့၏။ဘေဒါ၊အပြားအားဖြင့်။ဒ္ဝိဓာ၊နှစ်ပါးအပြားရှိ၏။တတ္ထ တာသု သဘာဝ ဝဏ်ဝတ္ထိသု၊ထိုနှစ်ပါးသော သဘာဝဝတ္ထိ အလင်္ကာ,ဝဏ်ဝတ္ထိအလင်္ကာတို့တွင်။ပထမာ၊ရှေးဦးစွာသော သဘာဝဝတ္ထိအလင်္ကာသည်။ဝတ္ထူနံ၊ဇာတ်,ဂုဏ်,ကြိယာ, ဒြဗ်ဟု ဆိုအပ်သော ဝတ္ထုတို့၏။နာနာဝတ္ထာ ဝိဘာဝိနံ၊အထူးထူး အပြားပြား ဆန်းကြယ်သော အခိုက်အတန့်သဘောကို ပြတတ်၏။

* **အတ္ထာလင်္ကာရ ၂-မျိုး ။ ။** ၁။ သဘာဝဝတ္ထိ အလင်္ကာ၊ ၂။ ဝဏ်ဝတ္ထိ အလင်္ကာတို့ ဖြစ်ပါသည်။

* **သဘာဝဝတ္ထိ အလင်္ကာအဓိပ္ပါယ် ။ ။** ဇာတ်,ဂုဏ်,ကြိယာ,ဒြဗ်တို့၏ အထူးထူး အပြားပြား ဆန်းကြယ်သော အခိုက်အတန့်ကို သာယာနာပျော်ဖွယ်ရှိအောင် မသွယ်မဝိုက် တိုက်ရိုက်ထင်ရှားစွာ ပြသော အလင်္ကာသည် သဘာဝဝတ္ထိအလင်္ကာ မည်ပါသည်။

* **ဝဏ်ဝတ္ထိ အလင်္ကာ အဓိပ္ပါယ် ။ ။** ဇာတ်,ဂုဏ်,ကြိယာ,ဒြဗ်ဟုဆိုအပ်သော ဝတ္ထုတို့၏ အထူးထူးအပြားပြား ဆန်းကြယ်သော အခိုက်အတန့်ကို သာယာနာပျော်ဖွယ်ရှိအောင် မုချတိုက်ရိုက်ဆိုခြင်းမှတစ်ပါး အတိသယ ဥပမာရူပက-စသော အခြင်းအရာဖြင့် သွယ်ဝိုက်၍ပြသော အလင်္ကာသည် ဝဏ်ဝတ္ထိအလင်္ကာ မည်ပါသည်။

http://www.dhammadownload.com



*** သဘာဝဝုတ္တိ အလင်္ကာ ၄-မျိုးနှင့် အဓိပ္ပါယ်**

၁။ **ဇာတ်၏** ထူးထွေဆန်းကြယ်သော အခိုက်အတန့်သဘောကို သာယာနာပျော်ဖွယ်ရှိအောင် မသွယ်မဝိုက် တိုက်ရိုက်ပြဆိုသော အလင်္ကာသည် ဇာတိ သဘာဝဝုတ္တိ အလင်္ကာ မည်ပါသည်။

၂။ ဂုဏ်၏ --အလင်္ကာသည် "ဂုဏ သဘာဝဝုတ္တိ အလင်္ကာ" မည်ပါသည်။

၃။ ကြိယာ၏ -- အလင်္ကာသည် "ကြိယာ သဘာဝဝုတ္တိ အလင်္ကာ" မည်ပါသည်။

၄။ ဒြဗ်၏ -- အလင်္ကာသည် "ဒဗ္ဗ သဘာဝဝုတ္တိ အလင်္ကာ" မည်ပါသည်။

*** ဒဗ္ဗ သဘာဝဝုတ္တိ အလင်္ကာမြောက်ပုံပြ**

**ယထာ**

၁၆၆။ **လီလာ ဝိကန္တိ သုဘဂေါ၊ဒိသာ ထိရ ဝိလောကနော။**
**ဗောဓိသတ္တကုံရော ဘာသံ၊ဝိရောစိ ဝါစာ မာသဘိ။**

၁၆၆။ ဥဒါဟရဏံ၊ဥဒါဟရဏ်သည်။ယထာ၊ဤဆိုအပ်လတ္တံ့သောနည်းဖြင့်။ ဟောတိ၊ဖြစ်၏။ဗောဓိသတ္တကုံရော၊ဘုရားအလောင်းတော်သည်။လီလာ ဝိကန္တိ သုဘဂေါ၊ တင့်တယ်သော ခုနှစ်ဖဝါး လှမ်းတော်မူခြင်းဖြင့် ကောင်းသောသဘောရှိသည်ဖြစ်၍။ဒိသာ ထိရ ဝိလောကနော၊အရပ်ဆယ်မျက်နှာသို့ မြဲမြံစွာ ကြည့်ရှုတော်မူလျက်။အာသဘိ၊ကြောက်ရွံခြင်းကင်း ရဲတင်းသော။ဝါစံ၊"အဂ္ဂေါဟမသ္မိ လောကဿ"စသော စကားတော်ကို။ ဘာသံ ဘာသန္တော၊ကြုံးဝါး ပြောဆိုတော်မူသည်ဖြစ်၍။ဝိရောစိ၊နတ်,လူတို့၏ အလယ်၌ တင့်တယ်တော်မူပြီ။

*** ဒဗ္ဗ သဘာဝဝုတ္တိ အလင်္ကာမြောက်ပုံ ။ ။** လီလာ(ပ) မာသဘိ--၌ ဖွားမြင်ကာစ ဖြစ်သော ဘုရားလောင်းတော် ဖြစ်ဝတ္တုကို တင့်တယ်စမွာယဉ်စွာ ခုနှစ်ဖဝါးလှမ်းကြွပုံ, အရပ်မျက်နှာတို့၌ ခန့်ခန့်ငြားငြား ရှုစားတော်မူပုံ, ရဲဝန့်စွာ မိန့်မြွက်တော်မူပုံတို့ဖြင့် တန်ဆာဆင်ထားရာ မသွယ်မဝိုက် တိုက်ရိုက်ဆိုထားသောကြောင့် ဒဗ္ဗသဘာဝဝုတ္တိ အတ္ထာ လင်္ကာရဂုဏ် မြောက်ပါသည်။

*** ဤဂါထာ၌ အလင်္ကာရိယ, အလင်္ကာရ မည်ပုံ ။ ။** ဘုရားလောင်းဖြစ်၏ သဘောကို တိုက်ရိုက်ပြသောကြောင့် ဘုရားလောင်းဖြစ်သည် "အလင်္ကာရိယ" မည်ပါသည်။

ဘုရားလောင်းဖြစ်သည် ပြုအပ်သော ခုနှစ်ဖဝါးလှမ်းခြင်း စသည်များသည် "အလင်္ကာရ" မည်ပါသည်။

*** ဤတိပိသော ဘဝါ--စသည်၌ ရနိုင်သော အလင်္ကာ** ။ ဒဗ္ဗသဘာဝဝုတ္တိ အလင်္ကာ, ရနိုင်ပါသည်။

http://www.dhammadownload.com



ဂုဏ်ပါဠိတော်၌ ဘုရားဖြစ်တော်သည် အလင်္ကာရိယမည်၍ အရဟံ-စသော ဂုဏ်တော်ကိုးပါးသည် အလင်္ကာရ မည်ပါသည်။

*** ဝင်္ကဂုတ္တိအလင်္ကာ၏ လက္ခဏာနှင့် သရုပ်ပြ**

၁၆၇။ ဂုတ္တိ ဝတ္ထု သဘာဝဿ၊ယာညထာ သာ ပရာ ဘဝေ။
တဿာနန္တ ဝိကပ္ပတ္တာ၊ ဟောတိ ဗီဇော်ပဒဿနံ။

၁၆၇။ ဝတ္ထုသဘာဝဿ၊ဇာတ်,ဂုဏ်,ကြိယာ,ဖြစ်ဟုဆိုအပ်သော ဝတ္ထုတို့၏ အထူးထူး အပြားပြား ဆန်းကြယ်သော အခိုက်အတန့်သဘောကို။အညထာ၊မုချ တိုက်ရိုက်ဆိုခြင်းမှတစ်ပါးသော အတိဿယ ဥပမာစသောအခြင်းအရာအားဖြင့်။ယာ ဂုတ္တိ၊အကြင် ဆိုခြင်းသည်။အတ္တိ၊ရှိ၏။သာဂုတ္တိ၊ထိုဆိုခြင်းသည်။အပရာ၊တပါးသော ဝင်္ကဂုတ္တိအလင်္ကာ မည်သည်။ဘဝေ၊ဖြစ်၏။အဿာဝင်္ကဂုတ္တိယာ၊ထိုဝင်္ကဂုတ္တိအလင်္ကာ၏။အနန္တ ဝိကပ္ပတ္တာ၊ အတိုင်းအရှည်မရှိသော အဘိဓိရှိသည်၏၊အဖြစ်ကြောင့်။ဗီဇော ပဒဿနံ၊အကြောင်းမျှကို ပြခြင်းသည်။(ဝါ)အမြွက်မျှကို ပြခြင်းသည်။ဟောတိ၊ဖြစ်၏။

*** ဝင်္ကဂုတ္တိ အလင်္ကာ၏ လက္ခဏာ** ။ ။ ဇာတ်,ဂုဏ်,ကြိယာ,ဖြင့်ဟု ဆိုအပ်သော ဝတ္ထုတို့၏ အထူးထူး အပြားပြား ဆန်းကြယ်သော အခိုက်အတန့်သဘောကို တိုက်ရိုက်မဆိုသွယ်ဝိုက်၍ဆိုခြင်းသည် ဝင်္ကဂုတ္တိ အလင်္ကာ၏ လက္ခဏာ ဖြစ်ပါသည်။

*** ဝင်္ကဂုတ္တိ အလင်္ကာ ၃၅-ပါး**

၁၆၈။ တတ္ထာ တိသယ ဥပမာ၊ရူပကာ ဂုတ္တိ ဒီပကံ။
အက္ခေပေါတ္ထန္တရရျာသော၊ဗျတိရေကော ဝိဘာဝနာ။

၁၆၉။ ဟေတုတ္တမော ပိယတရံ၊သမာသ ပရိကပ္ပနာ။
သမာဟိတံ ပရိယာယ၊ဂုတ္တိ ဗျာဇော်ပ ဝဏ္ဏနံ။

၁၇၀။ ဝိသေသ ရူဠှာဟံကာရော၊သိလေသော တုလျယောဂိတာ။
နိဒဿနံ မဟန္တတ္တံ၊ဝဠှနာ ပွကတတ္ထုတိ။

၁၇၁။ ကောဝဋ္ဌိ အညမည်၊သဟဂုတ္တိ ဝိရောဓိတာ။
ပရိဂုတ္တိ ဗ္ဘမော ဘာဝေါ၊မိဿမာသိ ရသိ ဂ္ဂတိ။

၁၆၈။ တတ္ထ တိသံ ဝင်္ကဂုတ္တိယံ၊ထိုဝင်္ကဂုတ္တိအလင်္ကာ၌။အတိသယဥပမာ၊ လွန်ကဲသည်ကို ပြခြင်းလက္ခဏာရှိသော <u>အတိသယ အလင်္ကာ</u>,ဥပမာန ဥပမေယျတို့၏ တူသည်၏အဖြစ်ဟုဆိုအပ်သော <u>ဥပမာအလင်္ကာ</u>ငင်း။ရူပကာဂုတ္တိ၊ဥပမာန,ဥပမေယျတို့၏ မပြားသည်ကို ပြခြင်းလက္ခဏာရှိသော <u>ရူပကအလင်္ကာ</u>,ပုဒ်,အနက်,ပုဒ်အနက် နှစ်ပါးစုံကို

http://www.dhammadownload.com



အထပ်ထပ် ရွတ်ခြင်း လက္ခဏာရှိသော **အာဝုတ္ထိအလင်္ကာ**ဝင်း။ဒီပက်၊ဝါကျတစ်ခုတည်း၌ တည်လျက် အလုံးစုံသော ဝါကျကို ကျေးဇူးပြု လက္ခဏာရှိသော **ဒီပကအလင်္ကာ**ဝင်း။ အကွေ့ပေါ်အထူးကို ဆိုလိုရ်ု တားမြစ်ခြင်းလက္ခဏာရှိသော **အက္ခေပအလင်္ကာ**ဝင်း။အတ္ထန္တ ရချာသော၊တပါးသော ဝါကျ၏အနက်ကို ပြီးစေခြင်း လက္ခဏာရှိသော **အတ္ထန္တရချာသ အလင်္ကာ**ဝင်း။(ဝါ)နှေးဝါကျ၏ အနက်ကိုပြီးစေခြင်းဌာ နောက်ဝါကျကိုတဖန်ထပ်၍ ဆိုခြင်း လက္ခဏာရှိသော အတ္ထန္တရချာသအလင်္ကာဝင်း။ဗျတိရေကော၊ဥပမာန ဥပမေယျတို့၏တူ သည်၏အဖြစ်ကို သဒ္ဒါဖြင့်သိစေအပ်သောအရာ,ဆ၍သိအပ်သောအရာတို့၌ အထူးကို ဆိုခြင်းလက္ခဏာရှိသော **ဗျတိရေကအလင်္ကာ**ဝင်း။ဝိဘာဝနာ၊ထင်ရှားသော အကြောင်းကို မပြုမူ၍ မထင်ရှားသောအကြောင်းကို ပြခြင်းလက္ခဏာရှိသော **ဝိဘာဝနာအလင်္ကာ**ဝင်း။

၁၆၉။ ဟေတု၊အကြောင်းဟူသော **ဟေတုအလင်္ကာ**ဝင်း။ကမော၊ရှေးဦးစွာ ရွတ်ဆိုအပ်သော အစဉ်အတိုင်း နောက်ထပ်ရွတ်ဆိုအပ်သော **ကမအလင်္ကာ**ဝင်း။ပိယတရဲ၊ ချစ်အပ်သောတစုံတခုသောသဘောကို အလွန်အကဲဆိုခြင်းလက္ခဏာရှိသော **ပိယတရ အလင်္ကာ**ဝင်း။သမာသ ပရိကပ္ပနာ၊ဥပမာနဖြင့်ဥပမေယျကို ဆိုခြင်းလက္ခဏာရှိသော **သမာသပုတ္ထိအလင်္ကာ**,တစုံတခုသောဝတ္ထု၏ ပကတိသောအပြုအမူကို တပါးသောအခြင်း အရာဖြင့် ကြဲဆခြင်းလက္ခဏာရှိသော **ပရိကပ္ပနာအလင်္ကာ**ဝင်း။သမာဟိတ်၊တစုံတခုကို အားထုတ်သောသူ၏ ကောင်းမှု၏အစွမ်းအားဖြင့် အကျိုးကိုပြခြင်းလက္ခဏာရှိသော **သမာဟိတအလင်္ကာ**ဝင်း။ပရိယာယဝုတ္တိ၊ပရိယာယ်အားဖြင့် ဆိုခြင်းလက္ခဏာရှိသော **ပရိယာယဝုတ္တိအလင်္ကာ**ဝင်း။ဗျာဇော၊ပဝတ္တနံ၊ကဲ့ရဲ့ယောင်မူ၍ ချီးမွမ်းခြင်းလက္ခဏာရှိသော **ဗျာဇောပဝတ္တနာအလင်္ကာ**ဝင်း။

၁၇၀။ ဝိသေသ ရုဋ္ဌာဟ်ကာရော၊အထူးကိုပြဆိုခြင်းဌာ ဇာတ်,ဂုဏ်,ကြိယာ,ဒြဗ်တို့ ၏ချို့တဲ့ခြင်းကို ပြခြင်းလက္ခဏာရှိသော **ဝိသေသအလင်္ကာ**,ငါတကားဟု ကြုံးဝါးခြင်း လက္ခဏာရှိသော **ရုဋ္ဌာဟ်ကာရအလင်္ကာ**ဝင်း။သိလေသော၊များသော အနက်ရှိသော တခု တည်းသောပုဒ်နှင့် ယှဉ်ခြင်းလက္ခဏာရှိသော **သိလေသအလင်္ကာ**ဝင်း။တုလျ ယောဂိတာ၊ ဂုဏ်ရှိသော ဝတ္ထုတို့နှင့်အတူပြု၍တစုံတယောက်သောသူ၏ ဂုဏ်,အပြစ်ကို ဆိုခြင်း လက္ခဏာရှိသော **တုလျယောဂိတာအလင်္ကာ**ဝင်း။နိဒဿန်၊အကျိုးတပါးကိုသိစေတတ် သော ဝတ္ထုဖြင့်ထိုဝတ္ထု၏အကျိုးနှင့်တူသော တစုံတခုသောအကျိုးကိုပြခြင်းလက္ခဏာရှိ သော **နိဒဿနအလင်္ကာ**ဝင်း။မဟန္တတ္တ၊စည်းစိမ်,အလို့မြတ်သည်၏အဖြစ်ကို ပြခြင်းလက္ခ ဏာရှိသော **မဟန္တတ္တအလင်္ကာ**ဝင်း။ဝဉ္စနာ၊ပြသင့်သောဝတ္ထုကို ဝှက်၍ ထိုဝတ္ထုနှင့်တူသော တစုံတခုသောဝတ္ထုကိုပြခြင်းလက္ခဏာရှိသော **ဝဉ္စနာအလင်္ကာ**ဝင်း။အပ္ပကတတ္ထုတိ၊မပြု လုပ်နိုင်သောအရာ၌ ချီးမွမ်းခြင်းလက္ခဏာရှိသော **အပ္ပကတတ္ထုတိအလင်္ကာ**ဝင်း။

http://www.dhammadownload.com



၁၇၁။ ဧကာဝဠိ၊ရှေးရှေးသောပုဒ်၏ဝိသေသနဖြစ်သောနောက်နောက်သော ပုဒ်ရှိသော ဧကာဝဠိအလင်္ကာဝင်း။အညမည်၊အချင်းချင်း ကျေးဇူးပြုခြင်းလက္ခဏာရှိသော အညမညဝိဘူသနာအလင်္ကာဝင်း။သဟဝုတ္တိ၊တကွဖြစ်သော ကြိယာ,ဂုဏ်တို့ကို ဆိုခြင်း လက္ခဏာရှိသော သဟဝုတ္တိအလင်္ကာဝင်း။ဝိရောဓိတာ၊လွန်မြတ်သည်ကိုပြခြင်းအကျိုးငှာ ဆန့်ကျင်သောကြိယာစသည်တို့၏ ရောနှောခြင်းကိုပြခြင်းလက္ခဏာရှိသော ဝိရောဓိတာအလင်္ကာဝင်း။ပရိဝုတ္တိ၊တစုံတခုကိုပေး၍ ထူးသောတစုံတခုကို ယူခြင်းလက္ခဏာရှိသော ပရိဝုတ္တိအလင်္ကာဝင်း။ဘမော၊တစုံတခုကိုမြင်၍ ထိုဝတ္ထုနှင့်တူသော တစုံတခုသောဝတ္ထုကို တကယ်ထင်မှတ်ခြင်းလက္ခဏာရှိသော ဘမအလင်္ကာဝင်း။ဘာဝေါ၊ပညာရှိတို့၏ အလိုကို သိစေတတ်သော တစုံတခုသောအခြင်းအရာဖြင့် ဆိုခြင်းလက္ခဏာရှိသော ဘာဝအလင်္ကာဝင်း။မိဿံ၊ကျေးဇူးပြုတတ် ကျေးဇူးပြုအပ်သည်၏ အဖြစ်,တူသောအားရှိသည်၏အဖြစ်ဖြင့် ရောနှောခြင်းလက္ခဏာရှိသော မိဿကအလင်္ကာဝင်း။အာသီ၊တစုံတခုကို တောင့်တခြင်း လက္ခဏာရှိသော အာသီအလင်္ကာဝင်း။ရသီ၊ရသကိုပြတတ်သော ရသီအလင်္ကာဝင်း။ကွတိ၊ ဤသို့သုံးဆယ့်ငါးပါးတို့တည်း။

* ဘာဝ/သိလေသ အတ္ထာလင်္ကာရ ၂-ပါး၏ဝုတ်ကိုပြ

၁၇၂။ ဧတေ ဘေဒါ သမုဒ္ဒိဋ္ဌာ၊ဘာဝေါ ဇိဝိတ မုစ္စတေ။
ဝတ်ဝုတ္ထိသု ပေါသေတိ၊သိလေသော တု သိရိ ပရံ။

၁၇၂။ ဧတေ ဘေဒါ၊ထိုသုံးဆယ့်ငါးပါးသော အပြားတို့ကို။သမုဒ္ဒိဋ္ဌာ၊အကျဉ်းအား ဖြင့် ပြအပ်ကုန်ပြီ။ဝတ်ဝုတ္ထိသု၊ဝတ်ဝုတ္ထိအလင်္ကာတို့တွင်။ဘာဝေါ၊ဘာဝါလင်္ကာရကို။ဇိဝိတံ၊ ဗန္ဓ၏ အသက်ဟူ၍။ဥစ္စတေ၊ဆိုအပ်၏။တု၊ဘာဝါလင်္ကာရမှတပါး သိလေသလင်္ကာရကို ဆိုဦးအုံ။သိလေသော၊သိလေသာ လင်္ကာရသည်။ပရံ၊လွန်စွာ။သိရိ၊ဗန္ဓ၏ ကျက်သရေကို။ ပေါသေတိ၊တိုးပွားစေ၏။

* အဖွဲ့ဗန္ဓ၏ အသက်နှင့်တူသော အလင်္ကာ- ဘာဝေါ ဇိဝိတ မုစ္စတေ-ကိုထောက်၍ ဘာဝအလင်္ကာ ဖြစ်ပါသည်။

*ကျက်သရေကို တိုးပွားစေတတ်သော အလင်္ကာ- ဝတ်ဝုတ္ထိသု ပေါသေတိ သိလေသော တု သိရိ ပရံ-ကိုထောက်၍ သိလေသအလင်္ကာ ဖြစ်ပါသည်။

* စတုတ္ထပိုင်းလာ ဘာဝအလင်္ကာနှင့် ပဉ္စမပိုင်းလာ ဘာဝ အထူး

စတုတ္ထပိုင်းလာ ဘာဝအလင်္ကာသည် တစုံတခုသော အကြောင်းဖြင့် ပညာရှိတို့၏ အလိုကိုသိစေတတ်သော နာမ်,အာချာတ်ပုဒ် စသည်တို့ကို ဆိုခြင်းအထူးဖြစ်ပါသည်။ ပဉ္စမပိုင်းလာ ဘာဝ ၉-ပါးတို့သည် တရားကိုယ်အားဖြင့် စိတ်,စေတသိက်တို့၏ ဖောက်ပြန်ခြင်းအထူး, ကိုယ်၏ဖောက်ပြန်ခြင်းအထူး, နှုတ်၏ ဖောက်ပြန်ခြင်းအထူးဖြစ်ပါသည်။

http://www.dhammadownload.com



*** အတီသယဝုတ္တိ အလင်္ကာ၏ လက္ခဏာနှင့် သရုပ်ပြ**

၁၇၃။ **ပကာသကာ ဝိသေသဿ၊သိယာ တိသယ ဝုတ္တိယာ။**
**လောကာ တိတ္ထန္တ ဝိသယာ၊လောကိယာတိ စ သာ ဒ္ဝိစာ။**

၁၇၃။ ယာ ဝုတ္တိ၊အကြောင် အလင်္ကာသည်။ဝိသေသဿ၊အထူးကို။ ပကာသကာ၊ပြတတ်၏။သာ ဝုတ္တိ၊ထိုအလင်္ကာသည်။အတီသယဝုတ္တိ၊အတီသယဝုတ္တိ အလင်္ကာမည်သည်။ သိယာ၊ဖြစ်ရာ၏။သာ အတီသယဝုတ္တိ၊ထိုအတီသယဝုတ္တိ အလင်္ကာသည်။လောကာတိတ္ထန္တ ဝိသယာတိ စ၊လောကကိုလွန်သောအရာရှိသော လောကာတိတ္ထန္တဝိသယ အလင်္ကာဝင်း။ လောကိယာတိစ၊လောကကိုမလွန်သောအရာရှိသော လောကိယာတိသယဝုတ္တိ အလင်္ကာဝင်း။ကွက်တိ၊ကျဉ်သို့။ဒ္ဝိစာ၊နှစ်ပါးအပြားရှိ၏။

*** အတီသယဝုတ္တိ အလင်္ကာ၏ လက္ခဏာ ။ ။** လွန်ကဲထူးဆန်းသည်ကို ပြဆိုခြင်းသည် အတီသယဝုတ္တိ အလင်္ကာ၏ လက္ခဏာ ဖြစ်ပါသည်။

*** အတီသယဝုတ္တိ အလင်္ကာမည်ပုံ ။ ။** လောကဋ္ဌိသော ဇာတ်ဝုဏ်ကြီးငယ် ဖြစ်ဟူသော ဝတ္ထုတို့၏ မထင်ရှားသောအနက်သဘောတို့ကို ထင်ရှားပေါ်လွင်စေခြင်း, တစ်ပါးသော ပစ္စည်းဝတ္ထုတို့၏ ဂုဏ်သဘောကို ထူးခြားလွန်ကဲစွာ ရေးသားပြောဆို ဖွဲ့နွဲ့ခြင်းသည် အတီသယဝုတ္တိ အလင်္ကာမည်ပါသည်။

*** အတီသယဝုတ္တိ အလင်္ကာ ၂-မျိုးနှင့် အဓိပ္ပါယ် ။ ။** ၁။ လောကဋ္ဌ ဖြစ်နိုးဖြစ်စဉ်ကို လွန်သောအကြောင်းအရာ လွန်ကဲထူးဆန်းသောဂုဏ်ကို ဖွဲ့ဆိုခြင်းသည် "လောကာတိတ္ထန္တ ဝိသယ အတီသယဝုတ္တိ အလင်္ကာ" မည်ပါသည်။

၂။ လောကဋ္ဌ ဖြစ်နိုးဖြစ်စဉ်ဖြစ်သော လွန်ကဲထူးဆန်းသောဂုဏ်ကို ဆိုခြင်းသည် "လောကိယာတိသယဝုတ္တိ အလင်္ကာ" မည်ပါသည်။

*** အတီသယဝုတ္တိ အလင်္ကာမြောက်ပုံ ပုံစံများ**

* ပျော့ရာမှာ ဖယောင်း။ * မာရာမှာ သံချောင်း။
* ထက်ရာမှာ ရေစောင်း၊ * တုံးရာမှာ ဓားမဟောင်း။
* လေးရာမှာ ကျောက်မောင်း၊ * ပေါ့ရာမှာ ပူပေါင်း။
* မြင့်မိုရ်တောင်စုတ် မင်သမုဒ် စက္ကုတ် (စက္ကု) အာကာသ။
* ကြမ်းပိုးကိုလိပ် ဆင်ကိုဆိတ် ကဲသိပ် ပိုလျော့ပြ။
* ညောင်စေ့ ညောင်ပင် ပမာတင် စာတွင်မြတ်ဒါန။
* ကမ္ဘာတစ်ခွင် နှိုင်းယှဉ်မရ နတ်တမျှသွင် လှချင်တိုင်းလှ။

http://www.dhammadownload.com



### * လောကီယာ တိသယဝုတ္တိ အလင်္ကာသရူပ်ပြ

၁၇၄။ လောကီယာ တိသယသော်ထေ၊ဘေဒါ ယေ ဇာတိအာဒယော။
ပဋိပါဒိယတေ တွန္ဒ၊လောကာတိက္ကန္တ ဂေါစရာ။

၁၇၄။ ဇာတိအာဒယော၊ဇာတိ သဘာဝဝုတ္တိအလင်္ကာအစရှိကုန်သော။ယေ ဘေဒါ၊အကြင် အပြားတို့သည်။သန္တိ၊ရှိကုန်၏။ဧတေ ဘေဒါ၊ထိုအပြားတို့သည်။လောကီယာ တိသယသ၊လောကီယာ တိသယဝုတ္တိအလင်္ကာ၏။ဘေဒါ၊အပြားတို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။တု၊လောကီယာတိသယဝုတ္တိအလင်္ကာမှတပါး၊ လောကာတိက္ကန္တ ဝိသယာတိသယဝုတ္တိ အလင်္ကာကို ဆိုဦးအံ့။အန္တရယဒုအခါ၌။လောကာတိက္ကန္တ ဂေါစရာ၊လောကာတိက္ကန္တဝိသယာ တိသယဝုတ္တိအလင်္ကာကို။ပဋိပါဒိယတေ၊ပြီးစေအပ်၏။

* **လောကီယာတိသယဝုတ္တိ ၅-ပါး** ။ ။ ၁။ ဇာတိလောကီယာတိသယဝုတ္တိ၊ ၂။ ဂုဏ လောကီယာတိသယဝုတ္တိ၊ ၃။ ကြိယာ လောကီယာတိသယဝုတ္တိ၊ ၄။ ဒဗ္ဗလောကီယာ တိသယဝုတ္တိ၊ ၅။ နာမ လောကီယာတိသယဝုတ္တိ။

### * လောကာတိက္ကန္တ ဝိသယာတိသယဝုတ္တိ အလင်္ကာ၏ ပုံစံပြ

၁၇၅။ ဝိဝန္တိ ဒေဟကန္တိ ယေ၊နေတ္တဥ္ဇလိ ပုဋ္ဌေန တေ။
နာလံ ဟန္တု ဇိနေသံ တွံ၊တဏှံ တဏှာဟရောပိ ကိံ။

၁၇၅။ ဇိန၊မြတ်စွာဘုရား။တွံ၊ရှင်တော်ဘုရားသည်။တဏှာဟရောပိ၊မွတ်သိပ်ပယ်ခြင်း ပယ်ဖျောက်နိုင်သော သူမြတ်ဖြစ်ပါလျက်လည်း။ယေ ဇနာ၊အကြင် သူတော်ကောင်းတို့သည်။တေ၊ရှင်တော်ဘုရား၏။ဒေဟကန္တိ၊ကိုယ်တော်မှထွက်သော် အရောင်တို့ကို။နေတ္တဥ္ဇလိ ပုဋ္ဌေန၊မျက်စိတည်းဟူသော လက်ခုပ်ဖြင့်။ပိဝန္တိ၊သောက်ကြကုန်၏။ဧသံ ဇနာနံ၊ထိုသူတော်ကောင်းတို့၏။တဏှံ၊မွတ်သိပ်ခြင်းကို။ဟန္တု၊ပယ်ဖျောက်ခြင်းငှာ။ကိံနာလံ၊အဘယ့်ကြောင့် မဖွဖ်းနိုင်ပါသနည်း။

* **ဤဝါထာ၌ အလင်္ကာရ- အလင်္ကာရ ခွဲပုံ** ။ ။ ၁။ မြတ်စွာဘုရား၏ အလွန်နှစ်သက်အပ်သော အရောင်တော်သည် အလင်္ကာရ၊ ၂။ ထိုအလင်္ကာရကို သွယ်ဝိုက်၍ ပြောဆိုခြင်းသည် အလင်္ကာရ မည်ပါသည်။

### * ဥပမာ အလင်္ကာ၏ လက္ခဏာနှင့်သရူပ်ပြ

၁၇၆။ ဥပမာနော ပမေယျာနံ၊သဓမ္မတ္တံ သိယောပမာ။
သဒ္ဒတ္ထဝမ္မာ ဝါကျတ္ထာ၊ဝိသာယာတိ စ သာ တိဓာ။

၁၇၆။ ဥပမာနော ပမေယျာနံ၊ဥပမာန ဥပမေယျတို့၏။သဓမ္မတ္တံ၊တူသောဂုဏ်၏

http://www.dhammadownload.com



ဖြစ်ကြောင်းဖြစ်သော သမ္ဗန်သည်။ ဥပမာ-ဥပမာအလင်္ကာမည်သည်။သိယာ၊ဖြစ်ရာ၏။ သာစ ဥပမာ၊ထိုဥပမာအလင်္ကာသည်လည်း။သဒ္ဒတ္ထဂမ္ဘာ၊ဥပမာကိုထွန်းပြတတ်သော ဣဝစသောသဒ္ဒါတို့ဖြင့် သိအပ်သောသဒ္ဒဂမ္ဘဥပမာ,ဥပမာကိုထွန်းပြတတ်သော ဣဝစသော သဒ္ဒါမပါသော်လည်း ဥပမာန,ဥပမေယျဟူသော အနက်ဖြင့်သိအပ်သော အတ္ထဂမ္ဘဥပမာ ၎င်း။ဝါကျတ္ထ ဝိသယာ စ၊ဝါကျ၏အနက်လျှင် အရာရှိသော ဝါကျတ္ထဥပမာဂုဏ်း။ဣဝတိ၊ဤသို့။တိစာ၊သုံးပါးအပြားရှိ၏။

* **ဥပမာ အလင်္ကာမည်ပုံ** ။ ။ ဥပမာန ဥပမေယျတို့၏ အချင်းချင်းတူသည်၏ အဖြစ်တည်းဟူသော သမ္ဗန်သည် "ဥပမာ အလင်္ကာ" မည်ပါသည်။

* **ဥပမာ အလင်္ကာ၏ လက္ခဏာ** ။ ။ ဥပမာန ဥပမေယျတို့၏ အချင်းချင်းတူသည်၏ အဖြစ်တည်းဟူသော သမ္ဗန်သည် "ဥပမာ အလင်္ကာ" ၏ လက္ခဏာ ဖြစ်ပါသည်။

* **ဥပမာ အလင်္ကာသရုပ်** ။ ။ ၁။ သဒ္ဒဂမ္ဘ ဥပမာ၊ ၂။ အတ္ထဂမ္ဘ ဥပမာ၊ ၃။ ဝါကျတ္ထ ဝိသယ ဥပမာ တို့ဖြစ်ပါသည်။

* **ဝိကာသီ ပဒုမ် ဝါတီ၊ သုန္ဒရံ သုဝတာ နန်--၌ ဥပမာနုစသည်ခွဲပုံ**

၁။ ကြာသည် နှိုင်းယှဉ်ကြောင်းဖြစ်သောကြောင့် ဥပမာနမည်၏။ ၂။ မျက်နှာသည် နှိုင်းယှဉ်အပ်သောကြောင့် ဥပမေယျမည်၏။ ၃။ ဥပမာနဖြစ်သော ကြာ၌ရှိသော ကောင်းသောဂုဏ်, ဥပမေယျဖြစ်သော မျက်နှာ၌ရှိသော ကောင်းသောဂုဏ်သည် သဓမ္မ မည်၏။ ၄။ ကြာ၌ရှိသော ကောင်းသောဂုဏ်, မျက်နှာ၌ရှိသော ကောင်းသောဂုဏ်တို့၏ အချင်းချင်းတူသည်၏ အဖြစ်တည်းဟူသော သမ္ဗန်သည် သဓမ္မတ္ထ မည်၏။ ၅။ ထိုသဓမ္မတ္ထသည်ပင်လျှင် နှိုင်းယှဉ်မှုဖြစ်သောကြောင့် ဥပမာ မည်၏။ ၆။ ဣဝ-စသောသဒ္ဒါသည် ဥပမာကို ထွန်းပြတတ်သောကြောင့် ဥပမာဇောတက မည်၏။

* <u>တင့်ရွှန်းမျက်နှာ ပဒုမ္မာသို့--</u>ဟူသော လင်္ကာသည် ဥပမာအလင်္ကာ ဖြစ်ပါသည်။



*** သဒ္ဒဂမ္ဘ ဥပမာ၏ သရုပ်နှင့် သမာသသဒ္ဒဂမ္ဘ ဥပမာ၏ပုံစံပြ**

၁၇၇။ **သမာသ ပစ္စယေဝါဒီ၊သဒ္ဒါ တေသံ ဝသာ တိစာ။**
**သဒ္ဒဂမ္ဘာ သမာသေန၊မုနိန္ဒော စန္ဒိမာနနော။**

၁၇၇။ သမာသ ပစ္စယေဝါဒီ၊သမာသ်,အာယစသော ပစ္စည်း,ဣဝအစရှိကုန်သော သဒ္ဒါတို့သည်။သဒ္ဒါ၊သဒ္ဒါမည်ကုန်၏။တေသံ သဒ္ဒါနံ၊ထိုသမာသ်ဟူသော သဒ္ဒါ,အာယပစ္စည်းစသော သဒ္ဒါ,ဣဝ အစရှိသောသဒ္ဒါတို့၏။ဝသာ၊အစွမ်းအားဖြင့်။သဒ္ဒဂမ္ဘာ၊သဒ္ဒါဖြင့် သိအပ်သော သဒ္ဒဂမ္ဘဥပမာသည်။တိစာ၊သုံးပါးအပြားရှိ၏။သမာသေန၊သမာသ်ဟူသော သဒ္ဒါဖြင့်။ ဂမ္ဘာ၊သိအပ်သော သမာသသဒ္ဒဂမ္ဘဥပမာသည်။ယထာ၊အဘယ်နည်း။မုနိန္ဒော စန္ဒိမာနနော၊

http://www.dhammadownload.com



မုနိန္ဒော စန္ဒိမာနနောဟူသည်တည်း။မုနိန္ဒော၊မြတ်စွာဘုရားသည်။စန္ဒိမာနနော၊လပြည့်ဝန်းကဲ့သို့ နှစ်သက်ဘွယ်သော မျက်နှာရှိတော်မူ၏။

* **သဒ္ဓဂမ္ဘ ဥပမာသရွပ် ။ ။** ၁။ သမာသသဒ္ဓဂမ္ဘဥပမာ၊ ၂။ အာယာဒိပစ္စယသဒ္ဓဂမ္ဘ ဥပမာ၊ ၃။ ဣဝါဒိ သဒ္ဒဂမ္ဘဥပမာအားဖြင့် ၃-ပါးဖြစ်ပါသည်။

* **သမာသ သဒ္ဓဂမ္ဘဥပမာ မည်ပုံ ။ ။** မုနိန္ဒော စန္ဒိမာနနော-စသောပြယုဂ်၌ သမာသ်ပုဒ်ဖြင့် သိအပ်သောကြောင့် သမာသသဒ္ဓဂမ္ဘ ဥပမာ မည်ပါသည်။

*** မုနိန္ဒော စန္ဒိမာနနော-၌ ဥပမာန-စသည်ခွဲပုံ**

၁။ လမင်းသည် မြတ်စွာဘုရား၏ မျက်နှာတော်တည်းဟူသော ဥပမေယျကို နှိုင်းယှဉ်ကြောင်းဖြစ်သောကြောင့် "ဥပမာန" မည်၏။ ၂။ မြတ်စွာဘုရား၏ မျက်နှာတော်သည် လမင်းတည်းဟူသော ဥပမာနနှင့် နှိုင်းယှဉ်အပ်သောကြောင့် "ဥပမေယျ" မည်၏။ ၃။ လမင်းတည်းဟူသော ဥပမာနနှင့် မြတ်စွာဘုရား၏ မျက်နှာတော်တည်းဟူသော ဥပမေယျတို့၏ အချင်းချင်း နှစ်သက်ဘွယ်သောဂုဏ်ရှိခြင်းအဖြစ်ဖြင့် တူခြင်းသည် "ဥပမာ" မည်၏။ ၄။ ထိုဥပမာကို ထွန်းပြတတ်သော ဝါကျ၌ရှိသော 'ဝိယ'သဒ္ဒါသည် ဥပမာဇောတက"

*** အာယာဒိပစ္စယသဒ္ဓဂမ္ဘ ဥပမာ၏ ပုံစံပြ**

**၁၇၈။ အာယာဒိ ပစ္စယာ တေဟိ၊ဝဒနံ ပက် ဇာယတေ။**
**မုနိန္ဒ နယန ဒွန္ဒံ၊နီလုပ္ပလ ဒလီယတိ။**

**၁၇၈။** အာယာဒိ၊အာယစသော ပစ္စည်းတို့သည်။ပစ္စယာ၊ပစ္စည်းတို့မည်ကုန်၏။ တေဟိ ပစ္စယေဟိ၊ထိုအာယစသော ပစ္စည်းတို့ဖြင့်။ဂမ္ဘာ၊သိအပ်သော ပစ္စယဂမ္ဘဥပမာသည်။ ယထာ၊အဘယ်နည်း။ဝဒနံတျာဒိ၊ဝဒနံ စသည်တည်း။ဝဒနံ၊မျက်နှာတော်သည်။ပက် ဇာယတေ၊ကြာကဲ့သို့ နှစ်သက်ဘွယ်ဖြစ်၏။မုနိန္ဒ နယန ဒွန္ဒံ၊မြတ်စွာဘုရား၏ မျက်လုံးတော်အစုံသည်။နီလုပ္ပလ ဒလီယတိ၊ကြာညိုကဲ့သို့ နှစ်သက်ဘွယ်ဖြစ်၏။

* **အာယာဒိပစ္စယသဒ္ဓဂမ္ဘ ဥပမာ မည်ပုံ ။ ။** ဝဒနံ ပက် ဇာယတေ၊ မုနိန္ဒ နယန ဒွန္ဒံ၊နီလုပ္ပလ ဒလီယတိ--ပြယုဂ်၌ အာယပစ္စည်း, ဤယပစ္စည်းဖြင့် သိအပ်သောကြောင့် အာယာဒိပစ္စယသဒ္ဓဂမ္ဘ ဥပမာ မည်ပါသည်။

*** ဝဒနံ ပက် ဇာယတေ-၌ ဥပမာန စသည်ခွဲပုံ**

၁။ ကြာပန်းသည် ဥပမာန မည်ပါသည်။ ၂။ မျက်နှာတော်သည် ဥပမေယျ မည်ပါသည်။ ၃။ ကြာပန်းတည်းဟူသော ဥပမာနနှင့် မျက်နှာတော်တည်းဟူသော ဥပမေယျတို့၏ အချင်းချင်းနှစ်သက်ဖွယ်သော ဂုဏ်ရှိခြင်းအဖြစ်ဖြင့် တူခြင်းသည် ဥပမာ မည်ပါသည်။ ၄။ ထိုဥပမာကို ထွန်းပြတတ်သော 'ဝိယ'သဒ္ဒါသည် ဥပမာဇောတက မည်ပါသည်။

http://www.dhammadownload.com



* ဝဒနံ ပတ် ဇာယတေ။မုနိန္ဒ နယန ဒွန္ဒံ၊နီလုပ္ပလ ဒလီယတိ-၌ ဥပမာန-စသည် ခွဲပုံ ။ ။ ၁။ ကြာညိုပန်းသည် ဥပမာန မည်၏။ ၂။ မျက်လုံးတော်အစုံသည် ဥပမေယျ မည်၏။ ၃။ ဥပမာန ဥပမေယျတို့၏ အချင်းချင်းနှစ်သက်ဖွယ်သောဂုဏ် ရှိခြင်းအဖြစ်ဖြင့် တူခြင်းသည် ဥပမာ မည်၏။ ၄။ ထိုဥပမာကို ထွန်းပြတတ်သော 'ဝိယ' သဒ္ဒါသည် ဥပမာဇောတက မည်ပါသည်။

* အာယာဒီပစ္စယာ-၌ အာဒိ-အရ ။ ။ ဤယူပမာနာစသုတ်ဖြင့်သက်သော ဤယ ပစ္စည်း, ယဒနုပပန္နာ နိပါတနာ သိဒ္ဓန္တိသုတ်ဖြင့်သက်သော ဥပမာအနက်ဟော် က-စသော ပစ္စည်းများကို ယူရပါမည်။

* ဣဝါဒိဂိုဏ်းသဒ္ဒါတို့၏ သရုပ် ၅၂-ပါးကိုပြသော ဂါထာများ

၁၇၉။ ဣဝါဒိ ဣဝဝါ တုလျ။သမာန နိဘ သန္နိဘာ။
ယထာ သက်ာသ တုလိတ၊ပုကာသ ပတိရူပကာ။

၁၇၉။ ဣဝဝါ၊ဣဝသဒ္ဒါ,ဝါသဒ္ဒါတို့ဝင်း။တုလျ သမာန နိဘ သန္နိဘာ၊တုလျသဒ္ဒါ, သမာနသဒ္ဒါ,နိဘသဒ္ဒါ,သန္နိဘသဒ္ဒါတို့ဝင်း။ယထာ၊ယထာသဒ္ဒါဝင်း။သက်ာသ တုလိတ ပုကာသ ပတိရူပကာ၊သက်ာသသဒ္ဒါ,တုလိတသဒ္ဒါ,ပကာသသဒ္ဒါ,ပတိရူပကသဒ္ဒါတို့ဝင်း။

၁၈၀။ သရီ သရိက္ခ သံဝါဒီ၊ဝိရောမိ သဒိသာ ဝိယ။
ပဋိပက္ခ ပစ္စနိကာ၊သပက္ခော ပမိတော ပမာ။

၁၈၀။ သရီ၊သရီသဒ္ဒါဝင်း။သရိက္ခ သံဝါဒီ၊သရိက္ခသဒ္ဒါ,သံဝါဒီတို့ဝင်း။ဝိရောမိ သဒိသာ၊ဝိရောမိသဒ္ဒါ,သဒိသသဒ္ဒါတို့ဝင်း။ဝိယပဋိပက္ခ ပစ္စနိကာ၊ဝိယသဒ္ဒါ,ပဋိပက္ခသဒ္ဒါ, ပစ္စနိကသဒ္ဒါတို့ဝင်း။သပက္ခော ပမိတောပမာ၊သပက္ခသဒ္ဒါ,ဥပမိတသဒ္ဒါ,ဥပမာသဒ္ဒါတို့ဝင်း။

၁၈၁။ ပဋိဝိမ္ဗ ပဋိစ္ဆန္နာ၊သရူပ သမ သမိတာ။
သဝဏ္ဏာဘာ ပဋိနိဓိ၊သဓမ္မာဒိ သလက္ခဏာ။

၁၈၁။ ပဋိဝိမ္ဗ ပဋိစ္ဆန္န သရူပ သမ သမိတာ၊ပဋိဝိမ္ဗသဒ္ဒါ,ပဋိစ္ဆန္နသဒ္ဒါ,သရူပသဒ္ဒါ, သမသဒ္ဒါ,သမိတသဒ္ဒါတို့ဝင်း။သဝဏ္ဏာဘာ၊သဝဏ္ဏသဒ္ဒါ,အာဘာသဒ္ဒါတို့ဝင်း။ပဋိနိဓိ၊ပဋိနိဓိ သဒ္ဒါဝင်း။သဓမ္မာဒိ သလက္ခဏာ၊သဓမ္မအစရှိသော်သဒ္ဒါ,သလက္ခဏသဒ္ဒါတို့ဝင်း။

၁၈၂။ ဇယတျက္ကောသတိ ဟသတိ၊ပတိဂဇ္ဈတိ ဒုဘတိ။
ဥသူယတျ ဝဇာနာတိ၊နိန္ဒတိသ္သတိ ရုန္ဓတိ။

၁၈၂။ ဇယတိ၊ဇယတိသဒ္ဒါဝင်း။အက္ကောသတိ၊အက္ကောသတိသဒ္ဒါဝင်း။ဟသတိ၊ ဟသတိသဒ္ဒါဝင်း။ပတိဂဇ္ဈတိ၊ပတိဂဇ္ဈတိသဒ္ဒါဝင်း။ဒုဘတိ၊ဒုဘတိသဒ္ဒါဝင်း။ဥသူယတိ၊ဥသူ ယတိသဒ္ဒါဝင်း။အဝဇာနာတိ၊အဝဇာနာတိသဒ္ဒါဝင်း။နိန္ဒတိ၊နိန္ဒတိသဒ္ဒါဝင်း။ဣသ္သတိ၊ဣသ

http://www.dhammadownload.com



တိသဒ္ဒါဒုဒ်း။ရုန္ဓတိ၊ရုန္ဓတိသဒ္ဒါဒုဒ်း။

၁၈၃။ **တဿ စောရေတိ သောဘဂ်ွ၊တဿ ကန္တိ ဝိလုပ္ပတိ။**
**တေန သဒ္ဒိ ဝိဝဒတိ၊တုလျံ့ တေနာဓိ ရောဟတိ။**

၁၈၃။ တဿ စောရေတိ သောဘဂ်ွ၊တဿ စောရေတိ သောဘဂ္ဂသဒ္ဒါဒုဒ်း။ တဿ ကန္တိ ဝိလုပ္ပတိ၊တဿ ကန္တိ ဝိလုပ္ပတိသဒ္ဒါဒုဒ်း။တေန သဒ္ဒိ ဝိဝဒတိ၊တေနသဒ္ဒိဝိဝ ဒတိသဒ္ဒါဒုဒ်း။တုလျံ့ တေနာဓိ ရောဟတိ၊တုလျံ့ တေနာဓိရောဟတိသဒ္ဒါဒုဒ်း။

၁၈၄။ **ကစ္ဆ ဝိဂါဟတေ တဿ၊တမနွေတျ နုဝန္ဓတိ။**
**တံသီလံ တံ နိသေဓေတိ၊တဿစာ နုကရောတိမေ။**

၁၈၄။ ကစ္ဆ ဝိဂါဟတေ တဿ၊ကစ္ဆ ဝိဂါဟတေ တဿသဒ္ဒါဒုဒ်း။တမနွေတိ၊ တမနွေတိသဒ္ဒါဒုဒ်း။တမနုဝန္ဓတိ၊တမနုဝန္ဓတိသဒ္ဒါဒုဒ်း။တံသီလံ၊တံသီလသဒ္ဒါဒုဒ်း။တံနိသော ဓေတိ၊တံနိသောဓေတိသဒ္ဒါဒုဒ်း။တဿနုကရောတိစ၊တဿနုကရောတိသဒ္ဒါဒုဒ်း။ဣမေ သဒ္ဒါ၊ဣဆိုအပ်ပြီးသော သဒ္ဒါတို့သည်။ဣဂါဒီ၊ဣဂဝအစရှိသော သဒ္ဒါတို့တည်း။

* **သဓမ္မာဒိ သလက္ခဏာ-၌ အာဒိ-အရ ။ ။** သာဓာရဏ, သစ္ဆာယာ, သာဒိက္ခ စသော သဒ္ဒါများကို ယူရပါမည်။

* **ဣဂါဒိ သဒ္ဒဂမ္မဥပမာ အလင်္ကာ၏သရူပ်ကို ပြအံ့ဟု ပဋိညာဉ်ပြု**

၁၈၅။ **ဥပမာနော ပမေယျာနံ၊သဓမ္မတ္ထံ ဝိဘာဝိဟိ။**
**ဣမေဟိ ဥပမာဘေဒေါ၊ကေစိ နိယျန္တိ သမ္မတိ။**

၁၈၅။ ဥပမာနော ပမေယျာနံ၊ဥပမာန ဥပမေယျတို့၏။သဓမ္မတ္ထံ၊တူသည်၏ အဖြစ်ကို။ဝိဘာဝိဟိ၊ပြတတ်ကုန်သော။ဣမေဟိ သဒ္ဒေဟိ၊ဣဆိုအပ်ခဲ့ပြီးသော ဣဂဝအစရှိ သော သဒ္ဒါတို့ဖြင့်။ဇာနိတဗ္ဗာ၊သိအပ်ကုန်သော။ကေစိ၊အချို့ကုန်သော။ဥပမာဘေဒေါ။ ဥပမာအပြားတို့ကို။သမ္မတိ၊ယခုအခါ၌။နိယျန္တိ။ထုတ်ဆောင်အပ်ကုန်လတ္တံ့။

* **ဓမ္မောပမာ အလင်္ကာ၏ ပုံစံပြ**

၁၈၆။ **ဝိကာသိ ပဒုံမံဝါတိ၊သုန္ဒရံ သုဝဘာနနံ။**
**ဣတိ ဓမ္မော ပမာနာမ၊တုလျဓမ္မ နိဒဿနာ။**

၁၈၆။ ဝိကာသိ ပဒုံမ်ပွင့်သစ်စဖြစ်သော ပဒုမ္မာကြာပန်းသည်။အတိသုန္ဒရံဣဂဝ၊ အလွန်တင့်တယ် ကောင်းမြတ်သကဲ့သို့။သုဝဘာနနံ၊မြတ်စွာဘုရား၏ မျက်နှာတော်သည်။ အတိသုန္ဒရံ၊အလွန်တင့်တယ် ကောင်းမြတ်တော်မူပါပေ၏။ဣတိ၊ဣဆိုအပ်ခဲ့ပြီးသော ဥပမာသည်။တုလျဓမ္မနိဒဿနာ၊ပဒုမ္မာကြာ၌ရှိသော ကောင်းသောဂုဏ်,မျက်နှာတော်၌ရှိ သော ကောင်းသောဂုဏ်တို့၏တူသောဂုဏ်ကို ပြတတ်သောကြောင့်။ဓမ္မောပမာနာမ၊ဂုဏ် ပုဒ်တိုက်ရိုက်ပါသော ဓမ္မောပမာမည်၏။

http://www.dhammadownload.com



* **ဓမ္မောပမာ အလင်္ကာမည်ပုံ** ။ ။ ဂုဏ်ပုဒ်တိုက်ရိုက်ပါသော ဥပမာသည် "ဓမ္မောပမာ အလင်္ကာ" မည်ပါသည်။ ဝိကာသိ ပဒုမံ ဝါတိ-စသောပုံစံ၌ ပွင့်သစ်စဖြစ်သော ပဒုမ္မာကြာပန်းနှင့် ဘုရားရှင်မျက်နှာတော်၏ အလွန်လှပ တင့်တယ်ခြင်းအားဖြင့် တူမျှသော ဂုဏ်ကို အတိသုန္ဒရံပုဒ်ဖြင့် ထင်ရှားပြသောကြောင့် "ဓမ္မောပမာ အလင်္ကာ" မည်၏။

* **ဝိကာသိ ပဒုံမံဝါတိ၊သုန္ဒရံ သုဂတာနနံ--၌ ဥပမာန-စသည်ခွဲပုံ**

၁။ ပဒုမ္မာကြာပန်းသည် ဥပမာန မည်၏။ ၂။ မျက်နှာတော်သည် ဥပမေယျမည်၏။ ၃။ ပဒုမ္မာကြာပန်းတည်းဟူသော ဥပမာနနှင့် မျက်နှာတော်တည်းဟူသော ဥပမေယျတို့၏ အချင်းချင်း အလွန်တင့်တယ်သော ဂုဏ်ရှိခြင်းအဖြစ်ဖြင့် တူခြင်းသည် ဥပမာ မည်၏။ ၄။ ထိုဥပမာကို ထွန်းပြတတ်သော 'ဣဝ'သဒ္ဒါသည် ဥပမာဇောတက မည်၏။

* **ရူပ်ဆိုးလှမူ၊ဤရွာသူ၊ မယ်ကုဝဏ်နှင့်တူ**--သည် ရူပ်ဆိုးသူနှင့် မယ်ကုဝဏ်၏ ရူပ်ဆိုးခြင်းအားဖြင့် တူမျှသောဂုဏ်ကို ထင်ရှားပြသောကြောင့် "ဓမ္မောပမာ အလင်္ကာ" ဖြစ်ပါသည်။

* **ဓမ္မဟိနောပမာ, ဝိပရီတောပမာ အလင်္ကာ၏ ပုံစံပြ**

**၁၈၇။ ဓမ္မဟိနာ မုခမ္ဘောဇသဒိသံ မုနိနော ဣတိ။**
**ဝိပရီတောပမာ တုလျာမာနနေ နမ္ဗုဇံ တဝ။**

**၁၈၇။** မုနိနော၊မြတ်စွာဘုရား၏။မုခံ၊မျက်နှာတော်သည်။အမ္ဘောဇသဒိသံ၊ကြာပန်းနှင့်တူ၏။ဣတိသဒ္ဒါသည် ဥပမာသည်။ဓမ္မဟိနာ၊ဂုဏ်ပုဒ်မပါသောကြောင့် ဓမ္မဟိနဥပမာမည်၏။မုနိ၊မြတ်စွာဘုရား။အမ္ဗုဇံ၊ကြာပန်းသည်။တဝ၊ရှင်တော်ဘုရား၏။အာနနေန၊မျက်နှာတော်နှင့်။တုလျံ၊တူ၏။ဣတိသဒ္ဒါသည် ဥပမာသည်။ဝိပရီတောပမာ၊ဥပမာန ဥပမေယျတို့၏ ရှေ့နောက်ပြန်သောကြောင့် ဝိပရီတောပမာမည်၏။

* **ဓမ္မဟိနောပမာ မည်ပုံ** ။ ။ မုခမ္ဘောဇ သဒိသံ မုနိနော-ပြီယုဂ်၌ အတိသုန္ဒရံကဲ့သို့ ဂုဏ်ကို မပြသောကြောင့် ဂုဏ်မှယုတ်သော ဥပမာသည် "ဓမ္မဟိနောပမာ" မည်၏။

* **ဝိပရီတောပမာ မည်ပုံ** ။ ။ ဥပမာန ဥပမေယျတို့၏ ရှေ့နောက်ပြန်သော ဥပမာသည် ဝိပရီတောပမာ မည်ပါသည်။ (**ရှင်းလင်းချက်**) တုလျမာနေန နမ္ဗုဇံ တဝ- ပြီယုဂ်၌ ဥပမာနသည် ထင်ရှားပြီးဖြစ်သောကြောင့် လှပတင့်တယ်သော ဂုဏ်ရှိသော ထင်ရှားပြီးသော ကြာပန်းကိုသာ ဥပမာနအဖြစ်ဖြင့် ပြသင့်လျက် ကြာပန်းကို ဥပမေယျ, မျက်နှာတော်ကို ဥပမာနအဖြစ်ဖြင့် ပြသောကြောင့် အစဉ်အလာမှ ပြောင်းပြန်ဖြစ်သောကြောင့် "ဝိပရီတောပမာ" မည်ပါသည်။

http://www.dhammadownload.com



*** မုခမ္အောဇ သဒိသံ မုနိနော-၌ ဥပမာန-စသည်ခွဲပုံ**

၁။ ကြာပန်းသည် ဥပမာနမည်၏။ ၂။ မျက်နှာတော်သည် ဥပမေယျ မည်၏။ ၃။ ကြာပန်းတည်းဟူသော ဥပမာနနှင့် မျက်နှာတော်တည်းဟူသော ဥပမေယျတို့၏ အချင်းချင်း နှစ်သက်ဖွယ်သော ဂုဏ်ရှိခြင်းအဖြစ်ဖြင့် တူခြင်းသည် ဥပမာ မည်၏။ ၄။ ထိုဥပမာကို ထွန်းပြတတ်သော 'သဒိသ'သဒ္ဒါသည် ဥပမာဇောတက မည်၏။

*** တုလျ မာနေနနမ္ဗုဇံ တဝ--၌ ဥပမာန စသည်ခွဲပုံ**

၁။ ကြာပန်းသည် ဥပမေယျ မည်၏။ ၂။ မျက်နှာတော်သည် ဥပမာနမည်၏။ ၃။ ကြာပန်းတည်းဟူသော ဥပမေယျနှင့် မျက်နှာတော်တည်းဟူသော ဥပမာနတို့၏ တင့်တယ်သောဂုဏ်ရှိခြင်း အဖြစ်ဖြင့် တူခြင်းသည် ဥပမာ မည်၏။ ၄။ ထိုဥပမာကို ထွန်းပြတတ်သော 'တုလျ'သဒ္ဒါသည် ဥပမာဇောတက မည်၏။

*** အညမညောပမာ အလင်္ကာ၏ ပုံစံပြ**

**၁၈၈။ တဝါနန မိဝမ္အောဇံ၊အမ္အောဇ မိဝ တေ မုခံ။**
**အညမညောပမာ သာယံ၊အညမညော ပမာနတော။**

**၁၈၈။** မုနိ၊မြတ်စွာဘုရား။အမ္အောဇံ၊ကြာပန်းသည်။တဝ၊ရှင်တော်ဘုရား၏။ အာနနမိဝ၊မျက်နှာကဲ့သို့တည်း။တေ၊ရှင်တော်ဘုရား၏။မုခံ၊မျက်နှာတော်သည်။အမ္အောဇမိဝ၊ ကြာပန်းကဲ့သို့တည်း။သာယံ ဥပမာ၊ထိုဥပမာသည်။အညမညော ပမာနတော၊အချင်းချင်း နှိုင်းယှဉ်ခြင်းကြောင့်။အညမညောပမာ၊အညမညောပမာမည်၏။

*** အညမညောပမာ မည်ပုံ ။ ။** တဝါနန မိဝမ္အောဇံ၊ အမ္အောဇမိဝ တေ မုခံ--ဟူသော ပြယုဂ်၌ ကြာပန်းတည်းဟူသော ဥပမာ, မျက်နှာတော်တည်းဟူသော ဥပမေယျတို့ကို အချင်းချင်း နှိုင်းယှဉ်ခြင်းကြောင့် "အညမညောပမာ" မည်ပါသည်။

*** တဝါနနမိဝမ္အောဇံ--၌ ဥပမာန စသည်ခွဲပုံ**

၁။ မျက်နှာတော်သည် ဥပမာန၊ ၂။ ကြာပန်းသည် ဥပမေယျ၊ ၃။ မျက်နှာတော်တည်းဟူသော ဥပမာနနှင့် ကြာပန်းတည်းဟူသော ဥပမေယျတို့၏ အချင်းချင်း တင့်တယ်သော ဂုဏ်ရှိခြင်းအဖြစ်ဖြင့် တူခြင်းသည် ဥပမာ၊ ၄။ ထိုဥပမာကို ထွန်းပြတတ်သော ဣဝသဒ္ဒါသည် ဥပမာဇောတက။

*** အမ္အောဇမိဝ တေ မုခံ--၌ ဥပမာန စသည်ခွဲပုံ**

၁။ ကြာပန်းသည် ဥပမာန၊ ၂။ မျက်နှာတော်သည် ဥပမေယျ။ ၃။ ကြာပန်းတည်းဟူသော ဥပမာနနှင့် မျက်နှာတော်တည်းဟူသော ဥပမေယျတို့၏ အချင်းချင်းတင့်တယ်သောဂုဏ် ရှိခြင်းအဖြစ်ဖြင့် တူခြင်းသည် ဥပမာ၊ ထိုဥပမာကို ထွန်းပြတတ်သော 'ဣဝ'

http://www.dhammadownload.com



သဒ္ဒါသည် ဥပမာဇောတက။

* **ဝမ်းဘဲ ဟသ်၊ မြောင်းကိုပစ်၍ မြစ်ကိုရှာ၊ ရေသာများ၍ ငါးမတွေ့။ အပျိုကညာ၊ အဟောင်းပစ်၍ အသစ်ရှာ၊ နေရာများ၍ ကြားမစေ့--၌** ဝမ်းဘဲဟသ်သည် ဥပမာန၊ အပျိုကညာသည် ဥပမေယျ၊ တဖန် အပျိုကညာသည် ဥပမာန၊ ဝမ်းဘဲဟသ်သည် ဥပမေယျ ဤသို့ ဝမ်းဘဲဟသ်နှင့် အပျိုကညာတို့ အချင်းချင်း အပြန်အပြန် အလှန်လှန် ဥပမာနဖြစ်သောကြောင့် သဒ္ဒဂမ္ဘ အညမညောပမာ ဖြစ်ပါသည်။



*** အဿတောပမာ အလင်္ကာ၏ ပုံစံပြ**

**၁၈၉။ ယဒိ ကိဠို ဘဝေမ္ဘောဇံ၊လောစနဿမု ဝိဿမံ၊**
**ဓာရေတုံ မုခသောဘံ တံ၊တဝေတိ အဿတောပမာ။**

**၁၈၉။** မုနိ၊မြတ်စွာဘုရား။တဝ၊ရှင်တော်ဘုရား၏။လောစနဿမု ဝိဿမံ၊မျက်လုံးတော်,မျက်ခုံးတော်၏တင့်တယ်ခြင်းကဲ့သို့သော တင့်တယ်ခြင်းရှိသော။ကိဠို၊တစုံတခုသော။ အမ္ဘောဇံ၊ကြာပန်းသည်။ယဒိဘဝေ၊အကယ်၍ ရှိသည်ဖြစ်အုံ။တံ အမ္ဘောဇံ၊ထိုကြာပန်းသည်။ တဝ၊ရှင်တော်ဘုရား၏။မုခသောဘံ၊မျက်နှာ၏ တင့်တယ်ခြင်းကို။ဓာရေတုံ၊ဆောင်ခြင်းငှာ။ သမတ္ထော၊စွမ်းနိုင်သည်။ဘဝေယျ၊ဖြစ်ရာ၏။ဣတိ အယံ ဥပမာ၊ဤသို့ပြဆိုအပ်သော ဥပမာသည်။အဿတောပမာ၊အံ့ဖွယ်ကောင်းသော ကြာနှင့်နှိုင်းယှဉ်ခြင်းကြောင့် အဿတောပမာမည်၏။

*** အဿတောပမာ မည်ပုံ ။ ။** အံ့ဩဖွယ်ကောင်းသော ဥပမာဖြင့် နှိုင်းယှဉ်ခြင်းသည် အဿတောပမာ မည်ပါသည်။

**ရှင်းလင်းချက်/** ယဒိ ကိဠို (ပ) ပမာ--ဂါထာ၌ ပဒုမ္မာကြာပန်းသည် လှပတင့်တယ်သော မျက်ခုံး, မျက်လုံးပါသော အံ့ဩဖွယ်ကောင်းသော ပဒုမ္မာကြာပန်းဖြစ်၏။ ရှင်တော်ဘုရား ရှင်တော်ဘုရား၏ မျက်နှာတော်သည် လှပတင့်တယ်သော မျက်ခုံး မျက်လုံးပါသော အံ့ဩဖွယ်ကောင်းသော ပဒုမ္မာကြာပန်းနှင့်သာ တူတော်မူပါပေ၏ဟု လှပတင့်တယ်သော မျက်ခုံး မျက်လုံးပါသော အံ့ဩဖွယ်ကောင်းသော ကြာပန်းဖြင့် နှိုင်းယှဉ်အပ်သောကြောင့် "အဿတောပမာ" မည်ပါသည်။

*** ယဒိ ကိဠို ဘဝေမ္ဘောဇံ--စသောဂါထာ၌ ဥပမာန စသည်ခွဲပုံ**

၁။ ကြာပန်းသည် ဥပမာန၊ ၂။ မျက်နှာတော်သည် ဥပမေယျ။ ၃။ ကြာပန်းတည်းဟူသော ဥပမာနနှင့် မျက်နှာတော်တည်းဟူသော ဥပမေယျတို့၏ အချင်းချင်းတင့်တယ်သော ဂုဏ်ရှိခြင်းအဖြစ်ဖြင့် တူခြင်းသည် ဥပမာ၊ ၄။ ထိုဥပမာကို ထွန်းပြတတ်သော 'လောစနဿမုဝိဿမံ'သဒ္ဒါသည် ဥပမာဇောတက။

http://www.dhammadownload.com



* လိပ်ကန်း ထမ်းပိုး၊ ပင်လယ်ရိုးဌ်၊ တိုးရန်ခဲစွာ၊ ပုံပမာသို့၊ အောက်ရွာလည်ရာ၊ သတ္တဝါလည်း၊ လူမှာမလွဲ၊ ဖြစ်ရန်ခဲ၏။--သည် အဿတောပမာ အလင်္ကာ ဖြစ်ပါသည်။

*** သိလေသောပမာ အလင်္ကာ၏ ပုံစံပြ**

**၁၉၀။ သုဂန္ဓီ သောဘာ သမ္မန္ဓီ၊သိသိရံသု ဝိရောဓိ စ။**
**မုခံ တဝမ္မုဇံ ဝေတိ၊သာ သိလေသောပမာ မတာ။**

**၁၉၀။** မုနိမြတ်စွာဘုရား။တဝ၊ရှင်တော်ဘုရား၏။မုခံ၊မျက်နှာတော်သည်။အမ္မုဇံ၀၊ ကြာပန်းကဲ့သို့။သုဂန္ဓီစ၊ကောင်းမြတ်မွှေးကြိုင်သောရနံ့လည်းရှိပေ၏။သောဘာသမ္မန္ဓီစ၊ တင့်တယ် ကောင်းမြတ်သော ဂုဏ်နှင့်လည်းစပ်ခြင်းရှိပေ၏။သိသိရံသု ဝိရောဓိစ၊လမင်း၏ အရောင်နှင့်လည်း ဆန့်ကျင်ခြင်းရှိ၏။ကွဒိသိ၊ဤသို့သဘောရှိသော။သာ ဥပမာ၊ထိုဥပမာကို။ သိလေသောပမာ၊သိလေသ၏အစွမ်းအားဖြင့် ဆိုအပ်သောကြောင့်သိလေသောပမာဟူ၍။ မတာ၊သိအပ်၏။

*** သိလေသောပမာ အလင်္ကာ မည်ပုံ ။ ။** သိလေသ၏ အစွမ်းအားဖြင့် ဆိုအပ်သော ဥပမာသည် သိလေသောပမာ အလင်္ကာ မည်ပါသည်။

**ရှင်းလင်းချက်/** သုဂန္ဓီ-စသော ဂါထာ၌ ပဒုမ္မာကြာပန်းသည် ကောင်းမြတ်မွှေးကြိုင်သော ရနံ့ရှိသကဲ့သို့၎င်း, တင့်တယ်ကောင်းမြတ်သောဂုဏ်နှင့် စပ်ခြင်းရှိသကဲ့သို့၎င်း, အေးသောအရောင်ရှိသော လနှင့် ဆန့်ကျင်ခြင်းရှိသကဲ့သို့၎င်း ရှင်တော်ဘုရား၏ မျက်နှာသည် ကောင်းမြတ်မွှေးကြိုင်သော ရနံ့လည်းရှိပါပေ၏၊ တင့်တယ်ကောင်းမြတ်သော ဂုဏ်နှင့် စပ်ခြင်းလည်းရှိပါပေ၏၊ အေးသောအရောင်ရှိသော လနှင့် ဆန့်ကျင်ခြင်းလည်း ရှိပါပေ၏ဟု သိလေသ အလင်္ကာဖြင့် ဦးယှဉ်အပ်သောကြောင့် သိလေသောပမာ မည်ပါသည်။

*** သုဂန္ဓီ သောဘာသမ္မန္ဓီ-စသောပြယုဂ်၌ ဥပမာန စသည်ခွဲပုံ**

၁။ ကြာပန်းသည် ဥပမာန၊ ၂။ မျက်နှာတော်သည် ဥပမေယျ၊ ၃။ ကြာပန်းတည်းဟူသော ဥပမာနနှင့် မျက်နှာတော်တည်းဟူသော ဥပမေယျတို့၏ အချင်းချင်း သုဂန္ဓီ သောဘာ သမ္မန္ဓီ သိသိရံသု ဝိရောဓိဂုဏ် ရှိခြင်းအဖြစ်ဖြင့် တူခြင်းသည် ဥပမာ၊ ၄။ ထို ဥပမာကို ထွန်းပြတတ်သော 'လ္ဂ'သမ္ဖါသည် ဥပမာဇောတက။

*** သန္ထာနောပမာ အလင်္ကာ၏ ပုံစံပြ**

**၁၉၁။ သန္ဓုပ သဒ္ဒဝစ္ဆတ္ထာ၊သာ သန္ထာနောပမာ မတာ။**
**တလာ ဝုယျာနမာလာယံ၊သာလကာနုနု သောဘိနီ။**

**၁၉၁။ သန္ဓုပ သဒ္ဒဝစ္ဆတ္ထာ၊တူသောသဒ္ဒါသည်ဟောအပ်သည်၏အဖြစ်ကြောင့်။**

http://www.dhammadownload.com



သာ ဥပမာ၊ထိုဥပမာကို။သန္တာနောပမာ၊သန္တာနောပမာမည်၏ဟူ၍။မတာ၊သိအပ်၏။ ဥဒါဟရ ဏ်၊ဥဒါဟရဏ်သည်။ယထာ ဧဝံ၊ဤသို့။ဟောတိ၊ဖြစ်၏။ဗာလာ၊မိန်းမပျိုသည်။ သာလကာနန သောဘိနီ ဣဂ၊ဆံမြိတ်ချခြင်းနှင့်တကွဖြစ်သော မျက်နှာဖြင့်တင့်တယ်သကဲ့သို့။အယံ ဥယျာနမာလာ၊ဤဥယျာဉ်အစဉ်သည်။သာလကာနန သောဘိနီ၊အင်ကြင်းတော်ဖြင့် တင့်တယ်၏။

* **သန္တာနောပမာ အလင်္ကာ မည်ပုံ ။ ။** သုတိတူသဒ္ဒါဖြင့် နှိုင်းယှဉ်သော ဥပမာသည် သန္တာနောပမာ မည်ပါသည်။

**ရှင်းလင်းချက်/**ဗာလာ ဝုယျာနမာလာယံ၊သာလကာနန သောဘိနီ--ပြယုဂ်၌ သုတိတူသော သာလကာနန သောဘိနီ သဒ္ဒါဖြင့် နှိုင်းယှဉ်ထားသောကြောင့် သန္တာနောပမာ အလင်္ကာ မည်ပါသည်။

* **ဗာလာ ဝုယျာနမာလာယံ၊သာလကာနန သောဘိနီ--၌ ဥပမာန စသည်ခွဲပုံ**

၁။ မိန်းမပျိုသည် ဥပမာန၊ ၂။ ဥယျာဉ်သည် ဥပမေယျ။ ၃။ မိန်းမပျိုတည်းဟူသော ဥပမာနနှင့် ဥယျာဉ်တည်းဟူသော ဥပမေယျတို့၏ အချင်းချင်း သာလာကာနနသောဘိနီ ဂုဏ် ရှိခြင်း အဖြစ်ဖြင့် တူခြင်းသည် ဥပမာ၊ ထိုဥပမာကို ထွန်းပြတတ်သော 'ဣဂ'သဒ္ဒါသည် ဥပမာဇောတက။

### * နိဒ္ဒေါပမာ အလင်္ကာ၏ ပုံစံပြ

၁၉၂။ ဓယီ စဒ္ဒေါ ဗဟု ရဒံ၊ပဒုမံ တေဟိ တေ မုခံ။
သမာနမ္မိ သမုတ္ထံ သီ၊တျယံ နိဒ္ဒေါပမာ မတာ။

၁၉၂။ မုနိ၊မြတ်စွာဘုရား။စဒ္ဒေါ၊လသည်။ဓယီ၊လဆုတ်တစ်ရက်နေ့မှစ၍ နေ့စဉ်ကုန်တတ်သော သဘောရှိရာ၏။ဗဟုရဒံ၊များသောဝတ်မှုန်ရှိ၏။တေ၊ ရှင်တော်ဘုရား၏။မုခံ၊မျက်နှာတော်သည်။တေဟိ စဒ္ဒပဒုမေဟိ၊ထို လ,ပဒုမွာကြာပန်းတို့နှင့်။သမာနမ္မိ၊တူသော်လည်း။တေဟိ စဒ္ဒပဒုမေဟိ၊ထို လ,ပဒုမွာကြာပန်းတို့ထက်။သမုတ္ထံသီ၊ လွန်မြတ်ခြင်းရှိ၏။ဣဂ္ဂတိ၊ဤသို့သဘောရှိသော။အယံ ဥပမာ၊ဤဥပမာသည်။နိဒ္ဒေါပမာ၊ ကဲ့ရဲ့အပ်သော လ,ပဒုမွာကြာပန်းတို့ဖြင့် နှိုင်းယှဉ်ခြင်းကြောင့် နိဒ္ဒေါပမာမည်၏။

* **နိဒ္ဒေါပမာ အလင်္ကာ မည်ပုံ ။ ။** ကဲ့ရဲ့အပ်သော ဥပမာတို့ဖြင့် နှိုင်းယှဉ်ခြင်းသည် နိဒ္ဒေါပမာ အလင်္ကာ မည်ပါသည်။

**ရှင်းလင်းချက်/** ဓယီ စဒ္ဒေါ-စသော ဤဂါထာ၌ လသည် လဆုတ် ၁-ရက်နေ့မှစ၍ နေ့နှင့် နီးသောကြောင့် နေ့စဉ် ဆုတ်ယုတ်သောသဘောရှိ၏ဟု ဆိုသဖြင့် လ-ကို ကဲ့ရဲ့၏ ပဒုမွာကြာပန်းသည်လည်း များသောမြူမှုန်ရှိ၏ဟု ဆိုသဖြင့် ပဒုမွာကြာပန်းကို ကဲ့ရဲ့၏၊

http://www.dhammadownload.com



ရှင်တော်ဘုရား ရှင်တော်ဘုရား၏ မျက်နှာတော်သည် လ, ကြာပန်းတို့နှင့် တင့်တယ်ခြင်း ကောင်းသောအနှံ့ရှိခြင်းအားဖြင့် တူသည်ဟု ဥပမာပြုရသော်လည်း ခယအပြစ် ဗဟုရေ အပြစ်တို့မှ ကင်း၍ လ, ကြာပန်းတို့ထက် လွန်ကဲသောဂုဏ်ရှိ၏၊ ဤသို့ ကဲ့ရဲ့အပ်သော လ, ကြာပန်းတို့ဖြင့် နှိုင်းယှဉ်ခြင်းကြောင့် နိန္နောပမာ အလင်္ကာ မည်ပါသည်။

*** ခယီ စန္ဒော ဗဟုရဇံ-စသည်ကို ဥပမာန စသည်ခွဲပုံ**

၁။ လနှင့်ကြာသည် ဥပမာန၊ ၂။ မျက်နှာတော်သည် ဥပမေယျ၊ ၃။ လ,ကြာတည်းဟူသော ဥပမာနနှင့် မျက်နှာတော်တည်းဟူသော ဥပမေယျတို့၏ အချင်းချင်းတင့်တယ်သော ဂုဏ်ရှိခြင်းအဖြစ်ဖြင့် တူခြင်းသည် ဥပမာ။ ၄။ ထိုဥပမာကို ထွန်းပြတတ်သော သမာနသဒ္ဒါသည် ဥပမာဇောတက။

*** ခယီ စန္ဒော ဗဟုရဇံ-စသည်သည် နိန္နောပမာ မည်နိုင်ခြင်းအကြောင်း**

ကဲ့ရဲ့ခြင်းက ပြဓာန်းခြင်းကြောင့် နိန္နောပမာ မည်နိုင်ပါသည်။

*** ပဒိုသေဓောပမာ အလင်္ကာ၏ ပုံစံပြ**

၁၉၃။ **အသမတ္ထော မုခေ နိန္ဒု။ဇိန တေ ပဒိုဂဓိတုံ။**
**ဇဠော ကလင်္ကီတိ အယံ၊ပဒိုသေဓောပမာ သိယာ။**

၁၉၃။ ဇိန၊မြတ်စွာဘုရား။ဇဠော၊အေးမြသော။ကလင်္ကီ၊ယုန်ရုပ်တံဆိပ်ရှိသော။ ဣန္ဒု၊လသည်။တေ၊ရှင်တော်ဘုရား၏။မုခေန၊မျက်နှာတော်နှင့်။ပဒိုဂဓိတုံ၊တူ၏ဟု ဖက်ပြိုင်ကြုံဝါးခြင်းငှာ။အသမတ္ထော၊မစွမ်းနိုင်။ဣတိအယံ၊ဤဥပမာသည်။ပဒိုသေဓောပမာ၊တားမြစ်အပ်သော လ,ဖြင့် နှိုင်းယှဉ်ခြင်းကြောင့် ပဒိုသေဓောပမာမည်သည်။သိယာ၊ဖြစ်ရာ၏။

*** ပဒိုသေဓောပမာ မည်ပုံ ။ ။** တားမြစ်အပ်သော ဥပမာဖြင့် နှိုင်းယှဉ်ခြင်းသည် ပဒိုသေဓောပမာ မည်ပါသည်။

ရှင်းလင်းချက်/ အသမတ္ထော-စသော ဤဂါထာ၌ အေးမြသော ယုန်ရုပ်အမှတ်တံဆိပ်ရှိသော လ-သည် ရှင်တော်ဘုရား၏ မျက်နှာတော်နှင့်တူ၏ဟု ဖက်ပြိုင်ကြုံဝါးခြင်းငှာ မစွမ်းနိုင်၊ ဤသို့ တားမြစ်အပ်သောလဖြင့် နှိုင်းယှဉ်ခြင်းကြောင့် ပဒိုသေဓောပမာ မည်၏။

*** အသမတ္ထော မုခေနိန္ဒု-စသည်ကို ဥပမာန စသည်ခွဲပုံ**

၁။ လ-သည် ဥပမာန၊ ၂။ မျက်နှာတော်သည် ဥပမေယျ၊ ၃။ လ-တည်းဟူသော ဥပမာနနှင့် မျက်နှာတော်တည်းဟူသော ဥပမေယျတို့၏ အချင်းချင်းတင့်တယ်သောဂုဏ်ရှိခြင်း အဖြစ်ဖြင့် တူခြင်းသည် ဥပမာ၊ ၄။ ထိုဥပမာကို ထွန်းပြတတ်သော 'ပဒိုဂဓိတုံ' သဒ္ဒါသည် ဥပမာဇောတက။

http://www.dhammadownload.com



## * အသာဓာရဏောပမာ အလင်္ကာ၏ ပုံစံပြ

၁၉၄။ တစ္ဆံ စန္ဒာ ရဝိန္ဒာနု၊ဗတိတ္ထာမွ မုခံ တဝ။
အတ္ထနာဝ သမံ ဇာတာ၊မိတျ သာဓာရဏောပမာ။

၁၉၄။ ဇိန၊မြတ်စွာဘုရား။တဝ၊ရှင်တော်ဘုရား၏။မုခံ၊မျက်နှာတော်သည်။စန္ဒာ ရဝိန္ဒာနံ၊လ,ကြာပန်းတို့၏။ကစ္ဆံ ပဒေါ်၊အရောင်ထွက်ရိုး အစဉ်ကို။(ဝါ)လှပတင့်တယ်သော အဘို့အစုကို။အတိက္ကမွ၊လွန်၍။အတ္ထနာဝ၊မျက်နှာဟူသော မိမိနှင့်သာလျှင်။သမံ၊တူသည်။ ဇာတံ၊ဖြစ်၏။ဣတိ အယံဥပမာ၊ဤဥပမာသည်။အသာဓာရဏောပမာ၊မိမိဟူသော ဥပမေယျမှတစ်ပါးသော ဥပမာနှင့် ဆက်ဆံမှုမရှိခြင်းကြောင့် အသာဓာရဏောပမာမည်၏။

*** အသာဓာရဏောပမာ မည်ပုံ ။ ။** မိမိတည်းဟူသော ဥပမာနဖြင့် နှိုင်းယှဉ်ခြင်းသည် အသာဓာရဏောပမာ မည်၏။

**ရှင်းလင်းချက်/** ကစ္ဆံ-စသော ဤဂါထာ၌ ရှင်တော်ဘုရား၏ မျက်နှာတော်သည် လ, ကြာပန်းတို့၏ လှပတင့်တယ် နှစ်သက်ဖွယ် လမ်းစဉ်ကို ကျော်လွန်၍ မိမိတည်းဟူသော မျက်နှာတော်နှင့်သာ တူတော်မူ၏ဟု တစ်ပါးသော ဥပမာနှင့် မဆက်ဆံခြင်းကို မိမိတည်းဟူသော ဥပမာနဖြင့် နှိုင်းယှဉ်ခြင်းကြောင့် အသာဓာရဏောပမာ မည်ပါသည်။

* သဒ္ဓါလက်သုံး၊ ကျမ်းရှိထုံး၌၊ သီးရုံး သီးပွင့်၊ တူယှဉ်မြှင့်သော်၊ ငါနှင့်ငါ့သာ၊ နှိုင်းစရာဟု--သည် အသာဓာရဏောပမာ အလင်္ကာ ဖြစ်ပါသည်။

## * ကစ္ဆံ စန္ဒာ ရဝိန္ဒာနံ- စသည်၌ ဥပမာန စသည်ခွဲပုံ

၁။ မျက်နှာဟူသော မိမိသည် ဥပမာန၊ ၂။ မျက်နှာတော်သည် ဥပမေယျ။ ၃။ မျက်နှာဟူသော မိမိတည်းဟူသော ဥပမာနနှင့် မျက်နှာတော်တည်းဟူသော ဥပမေယျတို့၏ အချင်းချင်း တင့်တယ်သောဂုဏ်ရှိခြင်းအဖြစ်ဖြင့် တူခြင်းသည် ဥပမာ၊ ၄။ ထိုဥပမာကို ထွန်းပြတတ်သော "သမံ"သဒ္ဒါသည် ဥပမာဇောတက။

## * အဘူတောပမာ အလင်္ကာ၏ ပုံစံပြ

၁၉၅။ သဗ္ဗမ္ပောဇ ပဘာသာရော၊ရာသိ ဘူတောဝ ကတ္ထစိ။
တဝါနနံ ဝိဘာတိတိ၊ဟောတာ ဘူတောပမာ အယံ။

၁၉၅။ ဇိန၊မြတ်စွာဘုရား။တဝ၊ရှင်တော်ဘုရား၏။အာနနံ၊မျက်နှာတော်သည်။ ကတ္ထစိ၊တစုံတခုသောနေရာ၌။ရာသိဘူတော၊အစုဖြစ်၍ဖြစ်သော။သဗ္ဗမ္ပောဇ ပဘာသာရော၊အလုံးစုံသောကြာပန်း၏မြတ်သော အရောင်အပေါင်းကဲ့သို့။ဝိဘာတိ၊အထူးသဖြင့် တောက်ပ၏။ဣတိ၊ဤသို့ သဘောရှိသော။အယံဥပမာ၊ဤဥပမာသည်။အဘူတောပမာ၊ ထင်ရှားမရှိသော ဝတ္ထုဖြင့်နှိုင်းယှဉ်ခြင်းကြောင့် အဘူတောပမာမည်သည်။ဟောတိ၊ဖြစ်၏။

http://www.dhammadownload.com



* **အဘူတောပမာ မည်ပုံ ။ ။** ထင်ရှားမရှိသော ဥပမာဖြင့် နှိုင်းယှဉ်ခြင်းသည် အဘူတောပမာ မည်ပါသည်။

**ရှင်းလင်းချက်/** သဗ္ဗညွေဿဘာသာရော-စသော ဂါထာ၌ တစုံတခုသော နေရာ၌ စုဝေးထားသော အလုံးစုံသော ပဒုမ္မာကြာပန်း၏ ကောင်းမြတ်တင့်တယ်ခြင်းကဲ့သို့ ရှင်တော်ဘုရား၏ မျက်နှာတော်သည် အထူးသဖြင့် တင့်တယ်တော်မူပါပေ၏ဟု ထင်ရှားမရှိသော အလုံးစုံသော ပဒုမ္မာကြာပန်း၏ ကောင်းမြတ်တင့်တယ်သော အရောင်ဖြင့် နှိုင်းယှဉ်ခြင်းကြောင့် "အဘူတောပမာ" မည်ပါသည်။

* **သဗ္ဗညွေဿ ပွဿာသာရော-စသည်၌ ဥပမာန စသည်ခွဲပုံ**

၁။ ကြာပန်း၏ မြတ်သောအရောင်သည် ဥပမာန၊ ၂။ မျက်နှာတော်သည် ဥပမေယျ၊ ၃။ ကြာပန်း၏ မြတ်သောအရောင်တည်းဟူသော ဥပမာနနှင့် မျက်နှာတော်တည်းဟူသော ဥပမေယျတို့၏ အချင်းချင်းတင့်တယ်သော ဂုဏ်ရှိခြင်းအဖြစ်ဖြင့် တူခြင်းသည် ဥပမာ၊ ၄။ ထိုဥပမာကို ထွန်းပြတတ်သော "ဣဝ"သဒ္ဒါသည် ဥပမာဇောတက။

* **ဣဝါဒိ သဒ္ဒဂမ္မ ဥပမာ သရူပ် ။ ။** ဓမ္မောပမာ, ဓမ္မဟီနောပမာ, ဝိပရီတောပမာ, အညမညောပမာ, အဇ္ဈတ္တောပမာ, သိလေသောပမာ, သန္တာနောပမာ, နိန္နောပမာ, ပဋိသေဓောပမာ, အသာဓာရဏောပမာ, အဘူတောပမာအားဖြင့် ၁၁-ပါးဖြစ်ပါသည်။

* **အတ္ထ ဂမ္မောပမာ အလင်္ကာမည်ပုံပြ**

**၁၉၆။ ပတီယတေတ္ထ ဂမ္မာ တု၊သဒ္ဒ သာမတ္ထိယာ တွစိ။**
**သမာသ ပစ္စယေဝါဒိ၊သဒ္ဒယောဂံ ဝိနာ အဝိ။**

၁၉၆။ တု၊သဒ္ဒဂမ္မ ဥပမာမှတစ်ပါး အတ္ထဂမ္မဥပမာကို ဆိုဦးအုံ။ကွစိ၊အချို့သော အရာ၌။ယာ ဥပမာ၊အကြင် ဥပမာကို။သမာသ ပစ္စယေဝါဒိ သဒ္ဒယောဂံသမာသ်,အာယ အစရှိသောပစ္စည်း,ဏ္ဍ အစရှိသောသဒ္ဒါနှင့်ယှဉ်ခြင်းကို။ဝိနာအဝိ၊ကြဉ်၍လည်း။သဒ္ဒ သာမတ္ထိယာ၊ဥပမာန ဥပမေယျသဒ္ဒါ၏ အစွမ်းသတ္တိအားဖြင့်။ပတီယတေ၊သိအပ်၏။သာ ဥပမာ၊ထိုဥပမာကို။အတ္ထဂမ္မာ၊အတ္ထဂမ္မောပမာဟူ၍။ပတီယတေ၊သိအပ်၏။

* **အတ္ထဂမ္မောပမာ မည်ပုံ ။ ။** သမာသ်ပုဒ်, အာယ-စသောပစ္စည်း, ဏ္ဍ-စသောသဒ္ဒါဖြင့် ယှဉ်ခြင်းကိုကြဉ်၍ ဥပမာန ဥပမေယျသဒ္ဒါတို့၏ အစွမ်းဖြင့် သိအပ်သော ဥပမာသည် အတ္ထဂမ္မောပမာ မည်ပါသည်။

* **အတ္ထဂမ္မောပမာ သရူပ် ။ ။** သရူပေါပမာ, ပရိကပ္ပေါပမာ, သံသယောပမာ, ပတိဝတ္ထုပမာအားဖြင့် ၄-ပါးဖြစ်ပါသည်။

http://www.dhammadownload.com



*** သရူပေါပမာ အလင်္ကာ၏ ပုံစံပြ**

**၁၉၇။ ဘိဂ်ါနေ မာနိ စက္ခုန်ိ၊နမ္မုဇံ မုခ မေဝိဒံ။**
**သုဗ္ဗတ္တ သဒိသတ္တော်နာ၊သာ သရူပေါပမာ မတာ။**

**၁၉၇။** ဣမာနိ ဝတ္ထူနိ၊ဣဿိသောဝတ္ထုတို့သည်။နဘိဂ်ါနိ၊ပိတုန်းမဟုတ်ကုန်။စက္ခုနိ၊မျက်လုံးတော်တို့တည်း။ဣဿံ ဝတ္ထု၊ဣဿိဝတ္ထုသည်။နံ အမ္မုဇံကြောမဟုတ်။မုခံ ဧဝ၊မျက်နှာတော်သည်သာလျှင်တည်း။သာ ဥပမာ၊ထိုဥပမာကို။သုဗ္ဗတ္တ သဒိသတ္တော်နာ၊အလွန်ထင်ရှားစွာတူသည်၏အဖြစ်ကြောင့်။သရူပေါပမာ၊သရူပေါပမာဟူ၍။မတာ၊သိအပ်၏။

*** သရူပေါပမာ မည်ပုံ ။ ။** အလွန်ထင်ရှားစွာ တူသော ဥပမာဖြင့် နှိုင်းယှဉ်ခြင်းသည် "သရူပေါပမာ"မည်ပါသည်။

**ရှင်းလင်းချက်/** ဘိဂ်ါနေ မာနိ စက္ခုန်ိ၊နမ္မုဇံ မုခ မေဝိဒံ--ပုံစံ၌ အလွန်ထင်ရှားစွာတူသော ပိတုန်း, ကြာပန်းဖြင့် နှိုင်းယှဉ်ခြင်းကြောင့် "သရူပေါပမာ" မည်ပါသည်။

(တနည်း) ဥပမာကို ထွန်းပြတတ်သော သမာသ်, အာယ-စသောပစ္စည်း ဣဝ-စသော သဒ္ဒါများ မပါသော်လည်း ပိတုန်းနှင့် မျက်လုံးတော်, ကြာပန်းပန်းနှင့် မျက်နှာတော်-ဟူသော ဥပမာန ဥပမေယျတို့၏ အလွန်ထင်ရှားစွာ တူသည်၏ အဖြစ်သည် သရူပေါပမာ အလင်္ကာ မည်ပါသည်။

*** ဘိဂ်ါနေ မာနိ စက္ခုန်ိ၊နမ္မုဇံ မုခ မေဝိဒံ--၌ ဥပမာန စသည်ခွဲပုံ**

၁။ ပိတုန်း, ကြာပန်းသည် ဥပမာန၊ ၂။ မျက်လုံးတော် မျက်နှာတော်သည် ဥပမေယျ။ ၃။ ပိတုန်း ကြာပန်းတည်းဟူသော ဥပမာနနှင့် မျက်လုံးတော် မျက်နှာတော်တည်းဟူသော ဥပမေယျတို့၏ အချင်းချင်းတင့်တယ်သော ဂုဏ်ရှိခြင်းအဖြစ်ဖြင့် တူခြင်းသည် ဥပမာန။

*** ပရိကပ္ပေါပမာ အလင်္ကာ၏ ပုံစံပြ**

**၁၉၈။ မယေဝ မုခသောဘာသေ၊တျလ မိန္ဒ ဝိကတ္ထနာ။**
**ယတောမ္မုဇေဝိ သာတ္တိတိ၊ပရိကပ္ပေါပမာ အယံ။**

**၁၉၈။** ဣန္ဒ၊လမင်း။ယတော ယသ္မာ၊အကြောင်းကြောင့်။သာမုခသောဘာ၊ထိုမျက်နှာတော်၏ အရောင်သည်။(ဝါ)ထိုမျက်နှာတော်၏ တင့်တယ်ခြင်းသည်။အမ္မုဇေဝိ၊ကြာ၌လည်းအတ္ထိ၊ရှိ၏။တတော တသ္မာ၊ထို့ကြောင့်။အသ မုနိနော၊ထိုမြတ်စွာဘုရား၏။မုခသောဘာ၊မျက်နှာတော်အရောင်သည်။(ဝါ)မျက်နှာတော်၏ တင့်တယ်ခြင်းသည်။မယေဝ၊ငါ၌သာလျှင်အတ္ထိ၊ရှိ၏။ဣတိ၊ဤသို့။ဝိကတ္ထနာ၊မိမိကိုယ်ကို ခီးမွမ်းခြင်းဖြင့်။(ဝါ)ကြုံးဝါးခြင်းဖြင့်။အလံ၊မသင့်။ဣတိ အယံ ဥပမာ၊ဤဥပမာသည်။ပရိကပ္ပေါပမာ၊ဥပမာနဖြစ်သော ကြာက ဤသို့မဆိုသော်လည်း ဆိုသကဲ့သို့ကြံဆ၍ နှိုင်းယှဉ်ခြင်းကြောင့် ပရိကပ္ပေါပမာမည်၏။

http://www.dhammadownload.com



* **ပရိကပ္ပေါပမာ အလင်္ကာ မည်ပုံ ။ ။** မယေဝ-စသော ဂါထာ၌ ဥပမာကို ထွန်းပြတတ်သော သဒ္ဒါမပါသော်လည်း အသင်္လ အသင်္လ-သည် မြတ်စွာဘုရား၏ မျက်နှာတော်၏ အရောင်ကဲ့သို့သော အရောင်သည် ငါ၌သာရှိသည်ဟူ၍ ကြုံးဝါးခြင်းငှာ မသင့်ဟု ဆိုခြင်းဖြင့် လ-သည် မျက်နှာတော်နှင့် တူသည်ဟူ၍ မဆိုသော်လည်း ဆိုသကဲ့သို့ ကြဲဆသောအားဖြင့် နှိုင်းယှဉ်ခြင်းကြောင့် "ပရိကပ္ပေါပမာ အလင်္ကာ" မည်၏။

* **ဤဂါထာ၌ ဥပမာန စသည်ခွဲပုံ**

၁။ လမင်းသည် ဥပမာန၊ ၂။ မျက်နှာတော်၏ တင့်တယ်သောအရောင်သည် ဥပမေယျ၊ ၃။ လမင်းတည်းဟူသော ဥပမာနနှင့် မျက်နှာတော်၏ တင့်တယ်သောအရောင်တည်းဟူသော ဥပမေယျတို့၏ အချင်းချင်းတင့်တယ်သော ဂုဏ်ရှိခြင်းအဖြစ်ဖြင့် တူခြင်းသည် ဥပမာ။

* **သံသယောပမာ အလင်္ကာ၏ ပုံစံပြ**

၁၉၉။ **ကိ ဝါမ္ဗုဇန္တော ဘန္တာလိ၊ကိ ကိလောလ နယနံ မုခံ။**
http://www.dhammadownload.com



မျက်နှာတော်ဖြင့်သာလျှင်။တေ၊ရှင်တော်ဘုရား၏။မနံ၊စိတ်တော်ကို။ပါပါဘိနိဿဠံ၊မကောင်းမှုမှ ထွက်မြောက်ပြီဟူ၍။သုတေခံ၊ကောင်းစွာ သိအပ်၏။

အယ်ဟေတု၊ဤဟိတ်သည်။ဘာဝကိစ္စော၊မဖြစ်သေးသော အသိဉာဏ်ကိုဖြစ်စေတတ်သော ကိစ္စရှိသော။ဉာပကဟေတု၊ဉာပကဟိတ်မည်၏။

* **ဘာဝကိစ္စော ဉာပကဟေတု အလင်္ကာ မည်ပုံ ။ ။**မဖြစ်သေးသော ကိစ္စ၏ ဖြစ်စေခြင်း သိစေတတ်သော ဟေတုအလင်္ကာသည် **ဘာဝကိစ္စော ဉာပကဟေတု အလင်္ကာ** မည်ပါသည်။

*** အယုတ္တကာရီ စိတ္တဟေတု အလင်္ကာ၏ ပုံစံပြ**

၂၅၃။ **သာဓုဟတ္ထာ ရဝိန္ဒာနိ၊သင်္ကော်စယတိ တေ ကထံ။**
**မုနိန္ဒ စရဏာ ဒွန္ဒ၊ရာဂဟလာတပေါ ဖုသံ။**
**အယုတ္တကာရီ စိတ္တဟေတု။**

၂၅၃။ မုနိန္ဒ၊ရှင်တော်ဘုရား။တေ၊ရှင်တော်ဘုရား၏။စရဏာ ဒွန္ဒရာဂဟလာတပေါ၊ခြေတော်အစုံ၏ နီမြန်းသော အဆင်းတော်တည်းဟူသော နေရောင်သည်။(ဝါ)နေရောင်ကဲ့သို့သော အရောင်တော်သည်။သာဓုဟတ္ထာ ရဝိန္ဒာနိ၊သူတော်ကောင်းတို့၏ လက်အုပ်တည်းဟူသောကြာတို့ကို။ဖုသံ၊ထိသည်ဖြစ်ပါလျက်။ကထံ၊အဘယ့်ကြောင့်။သင်္ကော်စယတိ၊ငုံစေဘိသနည်း။ အယ်ဟေတု၊ဤဟိတ်သည်။အယုတ္တကာရီမသင့်သည်ကို ပြုတတ်သော။စိတ္တဟေတု၊ ဆန်းကြယ်သော ဟိတ်မည်၏။

* **အယုတ္တကာရီ စိတ္တဟေတု အလင်္ကာ မည်ပုံ ။ ။** မသင့်သည်ကို ပြုတတ်, ဆန်းကြယ်သော အကြောင်းကို ပြတတ်သော ဟေတုအလင်္ကာသည် **အယုတ္တကာရီ စိတ္တဟေတု အလင်္ကာ** မည်ပါသည်။

*** ယုတ္တကာရီ စိတ္တဟေတု အလင်္ကာ၏ ပုံစံပြ**

၂၅၈။ **သင်္ကော်စယန္တိ ဇန္တု၊ပါဏိပင်္ကေ ရူဟာနိဟ။**
**မုနိန္ဒ စရဏာ ဒွန္ဒ၊နခ စန္ဒာန မံသဝေါ။**
**ယုတ္တကာရီ စိတ္တဟေတု။**

၂၅၈။ မုနိန္ဒ၊ရှင်တော်ဘုရား။တေ၊ရှင်တော်ဘုရား၏။စရဏာ ဒွန္ဒနခစန္ဒာန်း၊ခြေတော်အစုံ၏ ခြေသည်းတော်တည်းဟူသော လ,တို့၏။အံသဝေါ၊အရောင်တို့သည်။ဣဟ၊ဤလောကဌ်။ဇန္တု၊သတ္တဝါတို့၏။ပါဏိပင်္ကေ ရူဟာနိ၊လက်အုပ်တည်းဟူသော ကြာပန်းတို့ကို။သင်္ကော်စယန္တိ၊ငုံစေကုန်၏။

အယ်ဟေတု၊ဤဟိတ်သည်။ယုတ္တကာရီ၊သင့်သည်ကို ပြုတတ်သော၊စိတ္တဟေတု၊ ဆန်းကြယ်သော ဟိတ်မည်၏။

http://www.dhammadownload.com



* ယုတ္တကာရီ စိတ္တဟေတု အလင်္ကာ မည်ပုံ ။ ။ သင့်သည်ကို ပြုတတ်, ဆန်းကြယ်သော အကြောင်းကို ပြုတတ်သော ဟေတုအလင်္ကာသည် ယုတ္တကာရီ စိတ္တဟေတု အလင်္ကာ မည်ပါသည်။

* ကမ အလင်္ကာမည်ပုံနှင့် လက္ခဏာပြ

၂၅၉။ ဥဒ္ဓိဋ္ဌာနံ ပဒတ္ထာနံ၊အနုဒ္ဒေသော ယထာတ္ထမံ၊
သခ်္ခါနမိတိ နိဒ္ဒိဋ္ဌံ၊ယထာသခ်္ခီ ကမောပိစ။

၂၅၉။ ဥဒ္ဓိဋ္ဌာနံ၊ရှေးဦးစွာ ရွတ်ဆိုအပ်ကုန်သော၊ပဒတ္ထာနံ၊ပုဒ်နက်တို့ကို။ယထာတ္ထမံ၊အစဉ်အတိုင်း။အနုဒ္ဒေသော၊နောက်တဖန်ထပ်၍ ရွတ်ဆိုခြင်းသည်။သခ်္ခါနံပိစ၊သခ်္ခါနအလင်္ကာလည်း မည်၏။ယထာသခ်္ခီပိစ၊ယထာသခ်္ခီအလင်္ကာလည်းမည်၏။ကမောပိစ၊ကမအလင်္ကာလည်းမည်၏။ဣတိ၊ဤသို့။နိဒ္ဒိဋ္ဌံ၊ညွှန်ပြအပ်၏။

* ကမ အလင်္ကာ မည်ပုံ ။ ။ ရှေးဦးစွာ ရွတ်ဆိုအပ်သော ပုဒ်,နက်တို့ကို နောက်တဖန်ထပ်၍ ရွတ်ဆိုခြင်းသည် "ကမ အလင်္ကာ" မည်ပါသည်။

* ကမ အလင်္ကာ၏ ပုံစံပြ

၂၆၀။ အာလာပ ဟာသ လီဠာဟိ၊မုနိန္ဒ ဝိဇယာ တဝ၊
ကောကိလာ ကုမုဒါနိ စော၊ပသေဝန္တေ ဝနံ ဇလံ။

၂၆၀။ မုနိန္ဒ၊ရှင်တော်ဘုရား။တေ၊ရှင်တော်ဘုရား၏။အာလာပဟာသ လီဠာဟိ၊အသံ၏တင့်တယ်ခြင်း,ပြုံးတော်မူခြင်း၏ တင့်တယ်ခြင်းတို့ဖြင့်။ဝိဇယာ၊အသံကောင်းသော ဥသြ,အဆင်းလှသော ကြာဖြူတို့ကို အောင်နိုင်တော်မူခြင်းကြောင့်။ကောကိလာစ၊အသံကောင်းသော ဥသြတို့သည်လည်း။ဝနံ၊တောသို့။ဥပသေဝန္တေ၊မှီဝဲဆည်းကပ်ကြကုန်၏။(ဝါ)ပြေးကြကုန်၏။ကုမုဒါနိစ၊အဆင်းလှသော ကြာဖြူတို့သည်လည်း။ဇလံ၊ရေသို့။ဥပသေဝန္တေ၊မှီဝဲဆည်းကပ်ကြကုန်၏။(ဝါ)ပြေးကြကုန်၏။

* ဝိယတရ အလင်္ကာမည်ပုံနှင့် လက္ခဏာပြ

၂၆၁။ သိယာ ဝိယတရံ နာမ၊အတ္ထရူပဿ ကဿစိ၊
ဝိယဿာ တိသယေန တံ၊ယံ ဟောတိ ပဋိပါဒနံ။

၂၆၁။ အတိသယေန၊အလွန်အကဲအားဖြင့်။ဝိယဿ၊ချစ်ခင်မြတ်နိုးအပ်သော။ကဿစိ၊တစုံတခုသော။အတ္ထရူပဿ၊အနက်သဘောကို။ယံ ပဋိပါဒနံ၊အကြင် ပြီးစေခြင်းပြောဆိုစေခြင်းသည်။ဟောတိ၊ဖြစ်၏။တံ ပဋိပါဒနံ၊ထိုပြီးစေခြင်း ပြောဆိုခြင်းသည်။ဝိယတရံ နာမ၊ဝိယတရအလင်္ကာမည်သည်။သိယာ၊ဖြစ်ရာ၏။

* ဝိယတရ အလင်္ကာ မည်ပုံ ။ ။နှစ်သက်အပ်သော အနက်သဘောကို အလွန်အားဖြင့် ပြောဆိုခြင်းသည် "ဝိယတရ အလင်္ကာ" မည်ပါသည်။

http://www.dhammadownload.com



*** ပိယတရ အလင်္ကာ၏ ပုံစံပြ**

၂၆၂။ **ပိတိ ယာ မေ သမုပ္ပန္နာ၊သန္တ သန္ဒဿနာ တဝ။**
**ကာလေနာဃံ ဘဝေ ပိတိ၊တဝေဝ ပုန ဒဿနာ။**

၂၆၂။ သန္တ၊ရှင်တော်ဘုရား။တဝ၊ရှင်တော်ဘုရား၏။သန္ဒဿနာ၊ကောင်းစွာဦးတင်ဖူးမြင်ရခြင်းကြောင့်။မေ၊အကျွန်ုပ်အား။ယာပိတိ၊အကြင်အားရနှစ်သိမ့်ခြင်းသည်။သမုပ္ပန္နာ၊ယခုဖြစ်ပေါ် လာ၏။အယံပိတိ၊ဤယခုဖြစ်ပေါ် လာသော အားရနှစ်သိမ့်ခြင်းသည်။ကာလေန သင့်တင့်လျောက်ပတ် ကောင်းမြတ်သောနောက်အခါ၌။တဝေဝ၊ရှင်တော်ဘုရားကိုသာလျှင် ပုန ဒဿနာ၊နောက်ထပ်ဦးတင် ဖူးမြင်ရခြင်းကြောင့်။ဘဝေ၊ဖြစ်ပေါ် လာပြန်၏။

*** ပိတိယာ မေ သမုပ္ပန္နာ--**စသော ပုံစံသည် မြတ်စွာဘုရားကို အလွန်နှစ်သက်အပ်သည်၏ အဖြစ်ကို ပြောဆိုသောကြောင့် ပိယတရ အလင်္ကာ ဖြစ်ပါသည်။

*** တနေဝင် မြင်ရနိုးနိုး တစ်မိုးအောက် ရောက်လာလိမ့်မည်။--**သည် မိမိ အလွန်မြတ်နိုးအပ် ချစ်အပ်သောသူသည် ပိယတရ ဖြစ်သည်ဟု သွယ်ဝိုက်သောအားဖြင့် ပြဆိုသောကြောင့် "ပိယတရ အလင်္ကာ" ဖြစ်ပါသည်။

* တနေဝင် မြင်ရနိုးနိုး တစ်မိုးသောက် ရောက်လာလိမ့်မည်၊ ထင်တရေးနှင့် မြင်သေးတယ်။

*** သမာသဝုတ္တိ အလင်္ကာမည်ပုံနှင့် လက္ခဏာပြ**

၂၆၃။ **ဝဏ္ဏိတေနော ပမာနေန၊ဝုတ္တာဓိပ္ပေတ ဝတ္ထုနော။**
**သမာသ ဝုတ္တိနာမာ ယံ၊အတ္ထသခ်ေပ ရူပတော။**

၂၆၃။ ဝဏ္ဏိတေန၊ချီးမွမ်းအပ်သော။ဥပမာနေန၊ဥပမာနဝတ္ထုဖြင့်။အဓိပ္ပေတ ဝတ္ထုနော၊အလိုရှိအပ်သော ဥပမေယျဝတ္ထုကို။ယာဝုတ္တိ၊အကြင် ဆိုခြင်းသည်။အတ္ထိ၊ရှိ၏။အယံဝုတ္တိ၊ဤသို့ချီးမွမ်းအပ်သော ဥပမာနဖြင့် အလိုရှိအပ်သော ဥပမေယျကိုဆိုခြင်းသည်။အတ္ထသခ်ေပရူပတော၊အနက်ကိုဆုံးခြင်းသဘောရှိသောကြောင့်။သမာသ ဝုတ္တိနာမ၊သမာသဝုတ္တိအလင်္ကာမည်၏။

*** သမာသဝုတ္တိ အလင်္ကာ မည်ပုံ ။ ။** အနက်ကို ဆုံးခြင်းအကျိုးငှာ ဥပမာနဖြင့် ဥပမေယျကို ဆိုခြင်းသည် "သမာသဝုတ္တိ အလင်္ကာ"မည်ပါသည်။

*** သမာသဝုတ္တိ အလင်္ကာ၏ လက္ခဏာ ။ ။** ချီးမွမ်းအပ်သော ဥပမာနဝတ္ထုဖြင့် အလိုရှိအပ်သော ဥပမေယျဝတ္ထုကို ဆိုခြင်း ဖြစ်ပါသည်။

*** လူ့လောကၦ နမြောသောလင်ကို သစ်စေးပုံးဟု ပြောဆို၍ နမြောသော မယားကို ကတ္တရာစေးပုံးဟုပြောဆိုကြ၏။--**သည် ဥပမေယျကို မသုံး အကျဉ်းချုံး၍ ဆိုအပ်သောကြောင့် သမာသဝုတ္တိ အလင်္ကာ ဖြစ်ပါသည်။

http://www.dhammadownload.com



*** သမာသဝုတ္တိ အလင်္ကာ၏ သရုပ်ပြ**

၂၆၄။ **သာယ် ဝိသေသျမတ္တေန၊ဘိန္နာဘိန္နံ ဝိသေသနာ။**
**အတ္ထော၀ အပရာပျတ္တိ၊ဘိန္နာဘိန္နံ ဝိသေသနာ။**

၂၆၄။ သာယ် သမာသဝုတ္တိ၊ထိုသမာသဝုတ္တိ အလင်္ကာသည်။ဝိသေသျမတ္တေန၊ဥပမေန,ဥပမေယျဖြစ်သော ဝိသေသျမျှဖြင့်သာ။ဘိန္နာ၊ကွဲသော။အဘိန္နံ ဝိသေသနာ၊သိလေသအားဖြင့် မကွဲသော ဝိသေသနရှိသော သမာသဝုတ္တိအလင်္ကာသည်လည်း။အတ္ထော၀၊ရှိသည်သာလျှင်တည်း။ဝိသေသျမတ္တေန၊ဥပမာန ဥပမေယျဖြစ်သော ဝိသေသျမျှဖြင့်သာ။ ဘိန္နာ၊ကွဲသော။ဘိန္နာဘိန္နံ ဝိသေသနာ၊သိလေသအားဖြင့် ကွဲသော ဝိသေသန,မကွဲသော ဝိသေသနရှိသော။အပရာပိ၊တပါးသော သမာသဝုတ္တိအလင်္ကာသည်လည်း။အတ္ထိ၊ရှိ၏။

*** သမာသဝုတ္တိ အလင်္ကာ သရုပ် ။ ။** ၁။ ဝိသေသျမတ္တ ဘိန္နာဘိန္နဝိသေသန သမာသဝုတ္တိ အလင်္ကာ၊ ၂။ ဝိသေသျမတ္တ ဘိန္နံ ဘိန္နာဝိသေသန သမာသဝုတ္တိအလင်္ကာ

*** ဝိသေသျမတ္တ ဘိန္နာဘိန္နဝိသေသန သမာသဝုတ္တိ အလင်္ကာ၏ ပုံစံပြ**

၂၆၅။ **ဝိသုဒ္ဓါမတ သန္နာယီ၊ပသဋ္ဌ ရတနာလယော၊**
**ဂန္ဓီရောစာယ မမွောဓိ၊ပုညေနာ ပါဒိတော မယာ။**

၂၆၅။ ဝိသုဒ္ဓါမတ သန္နာယီ၊အဆိပ်နှင့်မရောသောကြောင့် အထူးသဖြင့် စင်ကြယ်သော အမြိုက်သုဒ္ဓါကိုပေးတတ်သော။ပသဋ္ဌ ရတနာလယော၊ခြီးမွမ်းအပ်သော ရတနာဆယ်ပါးတို့၏ တည်ရာဖြစ်သော။ဂန္ဓီရော၊ထောက်တည်ရာ မရအောင်နက်သော။ အယံ အမွောဓိ၊ဤနို့ဓမ်းသမုဒြာကို။မယာ၊ငါသည်။ပုညေန၊ကောင်းမှုကြောင့်။အာပါဒိတော၊ ဖြစ်စေအပ်ပြီ။(ဝါ)ရအပ်,ရောက်အပ်ပြီ။(ဤကား ဥပမာနအနက်တည်း။)

ဝိသုဒ္ဓါမတ သန္နာယီ၊ကိလေသာမှအထူးသဖြင့် စင်ကြယ်သောအမြိုက်နိဗ္ဗာန်ကိုပေးတတ်သော။ပသဋ္ဌ ရတနာလယော၊ခြီးမွမ်းအပ်သော ၃၇-ပါးသော ဗောဓိပက္ခိယတရား ရတနာတို့၏ တည်ရာဖြစ်သော။ဂန္ဓီရော၊အတ္တ,ဓမ္မ,ဒေသနာ,ပဋိဝေဓ ဟုဆိုအပ်သော လေးပါးသော ဂန္ဓီရတို့ဖြင့် နက်နဲသော။အယံ အမွောဓိ၊ဤတရားတည်းဟူသောသမုဒြာကို။မယာ၊ငါသည်။ပုညေန၊ပါရမီ ဘုန်းတော်ဖြင့်။အာပါဒိတော၊ဖြစ်စေအပ်ပြီ။(ဝါ)ရအပ်, ရောက်အပ်ပြီ။(ဤကား ဥပမေယျအနက်တည်း။)

*** ဝိသေသျမတ္တ ဘိန္နာဘိန္နဝိသေသန သမာသဝုတ္တိ အလင်္ကာ မည်ပုံ ။ ။**

ဝိသေသျမျှသာကွဲ၍ မကွဲသော ဝိသေသနရှိသော အလင်္ကာသည် " ဝိသေသျမတ္တ ဘိန္နာဘိန္နဝိသေသန သမာသဝုတ္တိ အလင်္ကာ" မည်ပါသည်။

*** ဝိသေသျမတ္တ ဘိန္နံ ဘိန္နာဝိသေသန သမာသဝုတ္တိအလင်္ကာ၏ ပုံစံပြ**

၂၆၆။ **ဣန္ဒီတတ္တပဒေါ သာ့ရော၊ဖလပုပ္ဖေါ ပသောဘိတော၊**

http://www.dhammadownload.com



**သစ္ဆာယော ယ မဟုဒ္ဓေါ၊ကပ္ပရုက္ခော သမုဒ္ဒိတော။**

၂၆၆။ ကျွန်တော်တို့ဘဒ္ဒေါ်အလိုရှိအပ်သော အဝတ်တန်ဆာစသော လောကီအကျိုးကို ပေးတတ်သော။(ဝါ)အလိုရှိအပ်သော လူ,နတ်,နိဗ္ဗာန်ဟူသော အကျိုးကိုပေးတတ်သော။ သာရော၊သစ်ပင်အပေါင်းတို့ထက် မြတ်သော။(ဝါ)သတ္တဝါအပေါင်းတို့ထက်မြတ်သော။ ဖလ ပုပ္ပေါ် ပသောဘိတော်၊အသီးအပွင့်တို့ဖြင့် တင့်တယ်သော။သစ္ဆာယော၊အရိပ်ရှိသော။ (ဝါ)ကောင်းသောရောင်ခြည်တော်ရှိသော။အပုဗ္ဗော၊နှေးခြင်းမဖြစ်ဘူးသော။အယံ ကပ္ပရုက္ခော၊ ဤပဒေသာပင်သည်။(ဝါ)ပဒေသာပင်နှင့်တူသော ဤမြတ်စွာဘုရားသည်။သမုဒ္ဒိတော၊ ကောင်းစွာ ဖြစ်ပေါ်လာပြီ။

*** ဝိသေသျမတ္တ ဘိန္နာ ဘိန္နာဝိသေသန သမာသဝုတ္တိအလင်္ကာ မည်ပုံ ။ ။**

ဝိသေသျမျှသာကွဲ၍ ကွဲ-မကွဲသော ဝိသေသနရှိသော အလင်္ကာသည် "ဝိသေသျမတ္တ ဘိန္နာ ဘိန္နာဝိသေသန သမာသဝုတ္တိအလင်္ကာ" မည်ပါသည်။

**၂၆၇။ သာဂရတ္ထေန သဒ္ဒမွော၊ရုက္ခတ္ထေန ဇိနော ဒိတော။**
**သတ္ထေ သာဓာရဏာ ဓမ္မာ၊ပုဗ္ဗတြာ ညတြတုတ္တယံ။**

၂၆၇။ သဒ္ဒမွော၊သူတော်ကောင်းတရားကို။သာဂရတ္ထေန၊သမုဒြာ၏အဖြစ်ဖြင့်။ ဥဒိတော၊ဆိုအပ်၏။ဇိနော၊မြတ်စွာဘုရားကို။ရုက္ခတ္ထေန၊ပဒေသာပင်၏အဖြစ်ဖြင့်။ဥဒိတော၊ ဆိုအပ်၏။ပုဗ္ဗတြာဝိသုဒ္ဓါမတ သန္နာယိဟူသော ရှေ့ဂါထာ၌။သတ္ထေ၊အလုံးစုံကုန်သော။မွော၊ ဂုဏ်တို့သည်။(ဝါ)ဝိသေသနတို့သည်။သာဓာရဏာ၊သမုဒြာ,တရားနှစ်ပါးတို့နှင့်ဆက်ဆံကုန် ၏။တုံ၊ထိုမှတစ်ပါး။အညတြ၊ကျွန်တော်တို့၏အပေါင်းသည်။သာဓာရဏာ၊သစ်ပင် ဘုရား နှစ်ပါးလုံးနှင့် ဆက်ဆံ၏။

*** ဥပမာ+ ရူပက+သမာသဝုတ္တိ အထူး ။ ။** ဂုဏ်သာတူ၍ ဖြစ်မတူခြင်းသည် ဥပမာ၊ ဂုဏ် ဖြင့်နှစ်ပါးစုံတူခြင်း ရူပကအလင်္ကာများသည် ကျွဲ:ကာမတ္တသာဖြစ်၏။ သမာသ ဝုတ္တိ အလင်္ကာသည် အနက်အားဖြင့် နှစ်နက်ပင်ဖြစ်သော်လည်း ပုဒ်ကား တစ်ပုဒ် တည်သာရှိ၍ အလွန်ကျဉ်းသည်။ ဤသို့ ထူးပါသည်။

*** ပရိဏပ္ပနာ အလင်္ကာ၏ လက္ခဏာပြ**

**၂၆၈။ ဝတ္ထုနောဉ ပ္ပကာရေန၊ဒ္ဒိတာ ဝုတ္တိ တဒဉထာ၊**
**ပရိကပ္ပိယတေ ယတ္ထ၊သာ ဟောတိ ပရိဏပ္ပနာ။**

၂၆၈။ ယတ္ထဝုတ္တိယံ၊အကြောင် အလင်္ကာ၌။ဝတ္ထုနောဉ၊တစုံတခုသော ဝတ္ထု၏။အဉ ပ္ပကာရေန၊တံပါးသော အခြင်းအရာအားဖြင့်။ဒ္ဒိတာ၊တည်သော။ဝုတ္တိ၊ဖြစ်ပုံကို။တဒဉထာ၊ ဆိုမှတပါးသော အခြင်းအရာအားဖြင့်။ပရိကပ္ပိယတေ၊ကြံဆအပ်၏။သာ ဝုတ္တိ၊ထိုအလင်္ကာ

http://www.dhammadownload.com



သည်။ပရိကပ္ပနာ၊ပရိကပ္ပနာ အလင်္ကာမည်သည်။ဟောတိ၊ဖြစ်၏။

* **ပရိကပ္ပနာ အလင်္ကာ မည်ပုံ ။ ။** သက်ရှိသက်မဲ့ဖြစ်သော တစုံတခုသော ဝတ္ထု၏ ကြဲဆအပ်သည်မှတစ်ပါးသော ထင်ရှားရှိသော အခြင်းအရာအားဖြင့် တည်သော ဖြစ် ပုံကို ထိုထင်ရှားရှိသော အခြင်းအရာမှ တစ်ပါးသော ထင်ရှားမရှိသော အခြင်းအရာ အားဖြင့် ကြံဆ၍ပြောဆိုခြင်းသည် "ပရိကပ္ပနာ အလင်္ကာ" မည်ပါသည်။

* **ပရိကပ္ပနာ အလင်္ကာ၏ လက္ခဏာ ။ ။** တစုံတခုသော ဝတ္ထု၏ တပါးသောအခြင်း အရာအားဖြင့် ဖြစ်ခြင်းကို ထိုမှတစ်ပါသော အခြင်းအရာအားဖြင့် ကြံစည်၍ဆိုခြင်း ဖြစ် ပါသည်။

* အဇာတသတ်မင်း ဆောက်လုပ်အပ်သော မဏ္ဍပ်သည် နတ်ဗိမာန်ကို ပြုက်ရယ် ပြုသကဲ့သို့ ဖြစ်၏။

* သုစိတ္တာ သုမာလာတို့ ထမီလဲသောအခါ လျှပ်စစ်ပြက်သကဲ့သို့ ဖြစ်၏။--သည် ကြံဆ၍ ဆိုခြင်းကြောင့် ပရိကပ္ပနာ အလင်္ကာ ဖြစ်ပါသည်။

*** ပရိကပ္ပနာ အလင်္ကာ၏ သရုပ်ပြ**

၂၆၉။ ဥပမာ ဗ္ဗန္တရတ္ထေန၊ကိရိယာဒိ ဝသေန စ။
ကမေနော ဒါဟာရိဿာဓိ၊ဝိဝိဓာ ပရိကပ္ပနာ။

၂၆၉။ ဥပမာ ဗ္ဗန္တရတ္ထေန၊အတွင်း၌ဥပမာရှိသည်၏အဖြစ်ဖြင့်၎င်း။ကိရိယာဒိ ဝသေနစ၊ကြိယာ စသည်တို့၏ အစွမ်းအားဖြင့်၎င်း။ကမေန၊အစဉ်အားဖြင့်။ဝိဝိဓာ၊အထူးထူး အပြားပြား ရှိကုန်သော။ပရိကပ္ပနာ၊ပရိကပ္ပနာ အလင်္ကာတို့ကို။ဥဒါဟရိဿာဓိ၊ထုတ်ဆောင် ပေအံ့။

* **ပရိကပ္ပနာ အလင်္ကာ၏ သရုပ် ။ ။** ၁။ ဥပမာဗ္ဗန္တရ ပရိကပ္ပနာ အလင်္ကာ၊ ၂။ ကြိယာ ပရိကပ္ပနာ အလင်္ကာ၊ ၃။ ဂုဏ ပရိကပ္ပနာ အလင်္ကာ၊ ၄။ ဝါကျဂမ္ဘ ပရိကပ္ပနာ အလင်္ကာ တို့ဖြစ်ပါသည်။

* **ဇာတိရိယာဒိဝသေန-၌ အာဒိ-အရ ။ ။** ဂုဏပရိကပ္ပနာ၊ ဝါကျဂမ္ဘ ပရိကပ္ပနာတို့ကို ယူရပါမည်။

*** ဥပမာဗ္ဗန္တရ ပရိကပ္ပနာ အလင်္ကာ၏ ပုံစံပြ**

၂၇၀။ ဣစ္ဆာဘာဝိ၊ တုရာသီနာ၊တာ တိနိစ္စလ မစ္ဆရာ။
ဝသံ နေန္တိ၀ ဓီရံ တံ၊တာဒါ ယောဂါ ဘိယောဂတော။

၂၇၀။ ဣစ္ဆာဘာဝိ၊ တုရာ၊မိမိတို့ အလိုပျက်ခြင်းကြောင့် ကျင်နာဆင်းရဲခြင်းသို့ ရောက်ကုန်သော။အဲတိနိစ္စလံ၊အလွန်ငြိမ်သက်စွာ။အာသီနာ၊ကြံမိုင်၍ နေကုန်သော။တာ အစ္ဆရာ၊ထိုမာရ်နတ်မင်းသို့ သုံးယောက်တို့သည်။တဒါ၊ထိုအကြံပျက်သော အခါ၌။ယောဂါ

http://www.dhammadownload.com



ဘိယောဂတော၊မန္တာန်စုပ်သောအားဖြင့်။တံ ဓိရံထိုမြတ်စွာဘုရားကို။ဝသံမိမိတို့ အလိုရှိင်ငံသို့။နေန္တိဝ၊ဆောင်ကုန်ယောင်တကား။

* ဥပမာဇ္ဇန္တရ ပရိကပွနာ အလင်္ကာ မည်ပုံ ။ ။ ဥပမာ အတွင်းဥပ်သောအားဖြင့် ကြံဆ၍ ဆိုခြင်းသည် " ဥပမာဇ္ဇန္တရ ပရိကပွနာ အလင်္ကာ" မည်ပါသည်။

* ကြိယာ ပရိကပွနာ အလင်္ကာ၏ ပုံစံပြ

၂၇၁။ ဂင်္ဂ မာရော သမာရူဠ္ဟော၊ယုဒ္ဓါယစ္ဆန္တ မုန္နတံ။
မဂ္ဂ မန္ဒေသတိ နူန၊ဇိန ဘီတော ပလာယိတုံ။

၂၇၁။ ယုဒ္ဓါယ၊မြတ်စွာဘုရားနှင့် စစ်တိုက်ခြင်းငှာ။အစ္ဆန္တမုန္နတံ၊တောယပမာ လွန်မြင့်စွာသော။ဂင်္ဂါဂိရိမေခလာဆင်ကို။သမာရူဠ္ဟော၊တက်စီးသော။မာရော၊မာရ်နတ်မင်း သည်။ဇိနဘီတော၊မြတ်စွာဘုရားမှ ကြောက်ရွံ့ထိတ်လန့်သည်ဖြစ်၍။ပလာယိတုံ၊ပြေးခြင်းငှာ မဂ္ဂံ၊လမ်းကို။အန္ဒေသတိနူန၊ရှာလေယောင်တကား။

* ကြိယာ ပရိကပွနာ အလင်္ကာမည်ပုံ ။ ။ ကြိယာကို ကြံဆ၍ ဆိုခြင်းသည် "ကြိယာ ပရိကပွနာ အလင်္ကာ" မည်ပါသည်။

* ဂုဏ ပရိကပွနာ အလင်္ကာ၏ ပုံစံပြ

၂၇၂။ မုနိန္ဒ ပါဒဒွန္ဒေ တေ၊စာရု ရာဇိဝ သုန္ဒရေ၊
မညေ ပါပါဘိ သမ္ဗဒ္ဓါဇာတ သောဏေန သောဏိမာ။

၂၇၂။ မုနိန္ဒ၊ရှင်တော်ဘုရား။တဝ၊ရှင်တော်ဘုရား၏။စာရု ရာဇိဝ သုန္ဒရေလှပတင့်တယ်သော ကြာနီပန်းကဲ့သို့ ကောင်းမြတ်သော။ပါဒဒွန္ဒေ၊ခြေတော်အစုံ၌။သောဏိမာ၊ ချိပ်သွေးပမာ လွန်နီမြန်းသောအဆင်းတော်သည်။ပါပါဘိ သမ္ဗဒ္ဓဇာတ သောဏေန၊မကောင်းမှုကို နှင်းဖြိုခြင်းကြောင့်ဖြစ်သော သွေးတော်ကြောင့်။သောဏိမာမညေ၊နီမြန်းလေယောင်တကား။

* ဂုဏ ပရိကပွနာ အလင်္ကာ မည်ပုံ ။ ။ မုနိန္ဒ ပါဒဒွန္ဒေ--စသောပုံစံ၌ ခြေဖဝါးတော်၌ မိမိသဘောအတိုင်း နီမြန်းသောအဆင်းတော်တည်းဟူသော ဂုဏ်ကို မကောင်းမှုမှထွက်သော သွေးကဲ့သို့ ကြံဆ၍ ဆိုခြင်းကြောင့် ဂုဏ ပရိကပွနာ အလင်္ကာ မည်ပါသည်။

* ပရိကပွနာအနက်ကို ထွန်းပြတတ်သောသဒ္ဒါတို့ကို ပြဆိုပုံ

၂၇၃။ မညေ သင်္ကေ ဓုဝံ နူန၊မိဝမိစ္ဆေဝ မာဒိဟိ။
သာယံ ဗျဋ္ဌိယတေ ကွာပိ၊ကွာပိ ဝါကျေန ဝမျတေ။

၂၇၃။ ကွာပိ၊အချို့သော ဝစီပရိကပွနာ အလင်္ကာ၌လည်း။မညေ သင်္ကေ ဓုဝံ နူန မိဝမိစ္ဆေဝ မာဒိဟိ၊မညေသဒ္ဒါ,သင်္ကေသဒ္ဒါ,ဓုဝံသဒ္ဒါ,နူနသဒ္ဒါ,ဣဝသဒ္ဒါ,ဣ၌သို့အစရှိသောသဒ္ဒါတို့ဖြင့်။သာယံ ပရိကပွနာ၊ထိုပရိကပွနာ အလင်္ကာကို။ဗျဋ္ဌိယတေ၊ပြအပ်၏။ကွာပိ၊

http://www.dhammadownload.com



အချို့သော ပတိယမာန ပရိကပ္ပနာ အလင်္ကာ၌လည်း၊ဝါကျေနု၊ဝါကျဖြင့်။ဂမျတေ၊သိအပ်၏။

* ဝါကျဂမ္ဘ ပရိကပ္ပနာ အလင်္ကာ၏ ပုံစံပြ

၂၇၄။ ဒယာ သဒ္ဓာတ သရသာ၊ဒေဟာ နိက္ခန္တ ကန္တိယော၊
ပီဏောန္တာ ဇိန တေ သာခုဇနံ သ ရသတံ နယုံ။

၂၇၄။ ဇိန၊ရှင်တော်ဘုရား။တေ၊ရှင်တော်ဘုရား၏။ဒယာ သဒ္ဓာတ သရသာ၊ကရုဏာတော်ကြောင့်ဖြစ်သော ချစ်မြတ်နိုးခြင်းနှင့်တကွဖြစ်သော။ဒေဟာ၊ကိုယ်တော်မှ။နိက္ခန္တ ကန္တိယော၊ထွက်သောရောင်ခြည်တော်တို့သည်။သာခုဇနံ၊သူတော်ကောင်း အပေါင်းကို။ပီဏောန္တာ၊ချစ်မြတ်နိုးစေကုန်လျက်။သရသတံ၊ချစ်မြတ်နိုးအပ်သော သဘောရှိသောသူအော်ကောင်း၏အဖြစ်သို့။နယုံ၊ဆောင်ကြကုန်၏။

* သမာဟိတ အလင်္ကာမည်ပုံနှင့် လက္ခဏာပြ

၂၇၅။ အာရဗ္ဘန္တသ ယံကိဉ္စိ၊ကတ္တုံ ပုညဝသာ ပုန။
သာဓနန္တရ လာဘော ယော၊တံ ဝဒန္တိ သမာဟိတံ။

၂၇၅။ ယံကိဉ္စိ၊တစုံတခုသော အမှုကိစ္စကို။ကတ္တုံ၊ပြုလုပ်ခြင်းငှာ။အာရဗ္ဘန္တသ၊အားထုတ်သောသူ၏။ပုညဝသာ၊ကောင်းမှု၏ အစွမ်းဖြင့်။ပုန၊တဖန်။ယော သာဓနန္တရ လာဘော၊အကြင်အကျိုးကိုပြီးစေတတ်သော အကြောင်းတပါးကိုရခြင်းသည်။အတ္ထိ၊ရှိ၏။တံ သာဓနန္တရ လာဘံ၊ထိုအကျိုးကိုပြီးစေတတ်သော အကြောင်းတပါးကိုရခြင်းကို။သမာဟိတံ၊သမာဟိတ အလင်္ကာဟူ၍။ဝဒန္တိ၊ဆိုကြကုန်၏။

* သမာဟိတ အလင်္ကာ မည်ပုံ ။ ။ တစုံတခုသော အမှုကို ပြီးစေခြင်းငှာ အားထုတ်သောသူ၏ ကောင်းမှု၏အစွမ်းဖြင့် ပြီးစေရန် အကြောင်းတစ်ပါးကိုရခြင်းသည် သမာဟိတ အလင်္ကာ မည်ပါသည်။

* သမာဟိတ အလင်္ကာ၏ ပုံစံပြ

၂၇၆။ မာရာရိ ဘင်္ဂိဘိမုခ၊မနသော တဿ သတ္ထုနော၊
မဟာမဟိ မဟာ ရဝံ၊ရဝိ ယ မုပကာရိကာ။

၂၇၆။ မာရာရိ ဘင်္ဂိဘိမုခ မနသော၊မာရ်မင်းတည်းဟူသော ရန်သူ၏ပျက်စီးခြင်းကို ရှေးရှုသောစိတ် ရှိတော်မူသော။တဿ သတ္ထုနော၊ထိုမြတ်စွာဘုရားအား။ဥပကာရိကာ၊ကျေးဇူးပြုတတ်သော။အယံမဟာမဟီ၊ဤမြေကြီးသည်။မဟာရဝံ၊မာရ်နတ်၏ နှလုံးအသည်းကွဲလုမတတ် ကြောက်လန့်စေတတ်သော အသံကြီးကို။ရဝိ၊ကြောက်လန့် ထွက်ပြေးစေခြင်းငှာ သည်းစွာ မြည်ဟိန်းလေပြီ။

http://www.dhammadownload.com



* ပရိယာယဝုတ္တိ အလင်္ကာမည်ပုံနှင့် လက္ခဏာပြ

၂၃၃။ အဝတွာဘိမတံ တဿ၊သိဒ္ဓိယာ ဒဿနညထာ။
ဝဒန္တိ တံ ပရိယာယ၊ဝုတ္တိတိ သုစိ ဗုဒ္ဓယော။

၂၃၃။ အဘိမတံ၊မိမိသည် အလိုရှိအပ်သော အနက်အဓိပ္ပါယ်ကို။အဝတွာ၊တိုက်ရိုက်ထုတ်ဖော်မပြောမူ၍။တဿ အဘိမတဿ၊ထိုမိမိသည် အလိုရှိအပ်သော အနက်အဓိပ္ပါယ်ကို။သိဒ္ဓိယာ၊ပြီးစေခြင်းငှာ။အညထာ၊တပါးသော အခြင်းအရာအားဖြင့်။ယံ ဒဿနံ၊အကြောင်းပြခြင်းသည်။အတ္ထိ၊ရှိ၏။တံ ဒဿနံ၊ထိုပြခြင်းကို။ပရိယာယ ဝုတ္တိတိ၊ပရိယာယဝုတ္တိ အလင်္ကာဟူ၍။သုစိ ဗုဒ္ဓယော၊စင်ကြယ်သော ပညာရှိတို့သည်။ဝဒန္တိ၊ဆိုကြကုန်၏။

* ပရိယာယဝုတ္တိ အလင်္ကာ မည်ပုံ ။ ။ အလိုရှိအပ်သော အနက်အဓိပ္ပါယ်ကို တိုက်ရိုက်မဆိုမူ၍ သွယ်ဝိုက်၍ ပြောဆိုခြင်းသည် ပရိယာယဝုတ္တိ အလင်္ကာ မည်ပါသည်။

* ပရိယာယဝုတ္တိ အလင်္ကာ၏ ပုံစံပြ

၂၃၈။ ဝိဝဋဂ်ဏ နိက္ခိတ္တံ၊ဓနမာရက္ခ ဝဂ်ိတံ။
ဓနကာမ ယထာကာမံ၊တုဝံ ဂစ္ဆ ယဒိစ္ဆသိ။

၂၃၈။ ဓနံ၊ရွှေ့ငွေ့ဘဏ္ဍာဥစ္စာကို။ဝိဝဋဂ်ဏ နိက္ခိတ္တံ၊အမိုးအကာကင်းသော ဟင်းလင်းအပြင်၌ ချထားအပ်၏။အာရက္ခ ဝဂ်ိတံ၊ထိန်းသိမ်းစောင့်ရှောက်မည့်သူ ကင်း၏။ဓနကာမ၊ဥစ္စာကို အလိုရှိသော မိတ်ဆွေ။တုဝံ၊သင်သည်။ယဒိ ဂ္ဂစ္ဆသိ၊အကယ်၍ အလိုရှိသည်ဖြစ်အံ့။ယထာကာမံ၊အလိုရှိတိုင်း။ဂစ္ဆ၊သွားပါလေလော။

* ပရိယာယဝုတ္တိ အလင်္ကာ မည်ပုံ ။ ။ ဝိဝဋဂ်ဏ နိက္ခိတ္တံ--စသောပုံစံ၌ "ဥစ္စာကို ယူသွားလေ"ဟု တိုက်ရိုက်မဆိုမူ၍ သွယ်ဝိုက်၍ ပြောဆိုအပ်သောကြောင့် ပရိယာယဝုတ္တိ အလင်္ကာ မည်ပါသည်။

* အဆွေခင်္ဗာ သက်တစ်ရာလျှင် မနာမဖျား မြင်လိုငြားဇော်။

* အနှစ်တစ်ရာ အနာကင်းစွာ သင့်ချမ်းသာကို မြင်ရပါလို ငါဆုဆို၏။

* သားခွေအိုး ထမ်းလာတာ ငါတို့ မြင်ချင်ပါတယ်။--တို့သည် တိုက်ရိုက်မဆိုမူ၍ သွယ်ဝိုက်၍ ဆိုခြင်းကြောင့် ပရိယာယ ဝုတ္တိ အလင်္ကာ ဖြစ်ပါသည်

* မိုးခေါင်ခေါင် ငါ့ရောင် ဘယ်သူဆွဲပါ့မယ်။--သည် ဆင်းရဲသည့် ယခုအခါမှာ အဘယ်ချမ်းသာသော မိန်းမသည် ငါ့အားလက်ထပ်ပါမည်လဲဟု ငွေကို အလိုရှိ၍ ဆိုသောကြောင့် ပရိယာယ ဝုတ္တိအလင်္ကာ ဖြစ်ပါသည်။

* ဗျာဇဝဏ္ဏနာ အလင်္ကာမည်ပုံနှင့် လက္ခဏာပြ

၂၃၉။ ထုတိ တရောတိ နိန္ဒန္တော၊ဝိယ တံ ဗျဇဝဏ္ဏနံ။
ဒေါသာ ဘာသာ ဝုဏာ ဧဝ၊ယန္တိ သန္ဓိဓိ မတြဟိ။

http://www.dhammadownload.com



၂၇၉။ နိန္ဒန္တော ဝိယ၊ကဲ့ရဲ့သကဲ့သို့။ယဲ့ ထုတိ၊အကြင် ခီးမွမ်းခြင်းကို။ကရောတိ၊ ပြု၏။ထံထုတိကရဏံ၊ထိုကဲ့ရဲ့သကဲ့သို့ ခီးမွမ်းခြင်းကိုပြုသော အလင်္ကာသည်။ဗျာဝဏ္ဏနံ၊ ဗျာဝဏ္ဏနာအလင်္ကာမည်၏။အတြ အသို့ ဝုတ္တိဝိသေသေ၊ထိုဆိုအပ်သောစကားအထူး၌။ (ဝါ)ထိုအလင်္ကာ၌။ဒေါသာဘာသာ၊အပြစ်ကဲ့သို့ ထင်ကြကုန်သော။ဂုဏာ ဇေ၊ဂုဏ်တို့သည် သာလျှင်။သန္နိဓိ၊ပေါင်းစုခြင်းသို့။ယန္တိ၊ရောက်ကုန်၏။

* **ဗျာဝဏ္ဏနာ အလင်္ကာမည်ပုံ ။ ။** ကဲ့ရဲ့ယောင်ပြု၍ ခီးမွမ်းခြင်းသည် **ဗျာဝဏ္ဏနာ အလင်္ကာ** မည်ပါသည်။ (ရှင်းလင်းပုံ အောက်ဂါထာကြည့်။)

* **ဤရဟန်းသည် လောကရေးရာကို နားမလည်၊ စာမူကား တော်တော်ရှိ၏။ --** သည် ကဲ့ရဲ့ယောင်မူ၍ **ခီးမွမ်းသောကြောင့် ဗျာဝဏ္ဏနာ အလင်္ကာ** ဖြစ်ပါသည်။

* **ဤရဟန်းသည် စာပေတွမ်းဝန်တို့ ထောက်လျှင် ခွေကျောင်းခွင့်တော်၏၊ အတွင့် သီလတို့ထောက်လျှင် မြတ်ကျောင်းခွင့်မျှ မတော်။--** ဟူသောစကားသည် ခီးမွမ်းယောင် မူ၍ ကဲ့ရဲ့သောကြောင့် **ဗျာဝဏ္ဏနာ အလင်္ကာ** ဖြစ်ပါသည်။

* **ဤရဟန်းသည် လောကရေးရာကို နားမလည်သော်လည်း စာပေတွမ်းဝန် အယူ အဆမူကား တော်ပါပေ၏။--** ဟူသောစကားသည် ကဲ့ရဲ့ယောင်ပြု၍ **ခီးမွမ်းထား** ခြင်းကြောင့် **ဗျာဝဏ္ဏနာ အလင်္ကာ** ဖြစ်ပါသည်။

* **ဤရဟန်းသည် ရွှမ်ပုံသဏ္ဌာန်တို့ ကြည့်လျှင် ခွစ်သတ်ဘွယ်ကောင်း၏၊ အတွင့် သီလတို့ သိလျှင် ခွံ့စဖွယ်ကောင်း၏။ --** သည် **ခီးမွမ်းယောင်ပြု၍** ကဲ့ရဲ့ထားခြင်းကြောင့် **ဗျာဝဏ္ဏနာ အလင်္ကာ** ဖြစ်ပါသည်။

* ဒီလူက ပထမပြန်လောက်တော့ စာမကျက်ဘဲ အောင်နိုင်တယ်။

*** ဗျာဝဏ္ဏနာ အလင်္ကာ၏ ပုံစံပြ**

၂၈၀။ **ထဇ္ဈာလေတု မလံ တွံသိ၊ဘုသံ ကုဝလယာ ခိလံ။**
**ဝိသေသံ တာဝတာ နာထ၊ဟုကာနံ တေ ဝဒါမကိ။**

၂၈၀။ နာထ၊ရှင်တော်ဘုရား။တွံ၊ရှင်တော်ဘုရားသည်။အခိလံ၊အလုံးစုံသော။ကုဝလယံ၊ကြာတောကို။(ဝါ)မြေဝန်းကို။ဘုသံ၊ပြင်းစွာ။သဇ္ဈာလေတု၊ဈိုးထိန်းစက်ကဲ့သို့ သွက်သွက်ခါ တုန်လှုပ်စေခြင်းငှာ။အလံ၊စွမ်းနိုင်သည်။အသိဖြစ်တော်မူပြီ။တာဝတာ၊ထိုသို့ အလုံးစုံသော ကြာတောကို လှုပ်စေနိုင်ကာမျှဖြင့်။(ဝါ)အလုံးစုံသော မြေဝန်းကိုလှုပ်စေနိုင်ကာမျှဖြင့်။တေ၊ရှင်တော်ဘုရား၏။ဟုကာနံ၊သိလ,စသော ဂုဏ်တော်တို့၏။ဝိသေသံ၊အထူးကို။ကိ ၁၀ါမ၊အဘယ်မှာ ဆိုလောက်ပါကုန်အံ့နည်း။

* **ဗျာဝဏ္ဏနာ အလင်္ကာမည်ပုံ ။ ။** သဇ္ဈာလေတု--စသောပုံစံ၌ "ကြာတောကို လှုပ်စေနိုင်၏" ဟူသောစကားဖြင့် ကဲ့ရဲ့ယောင်ပြု၍ မြတ်စွာဘုရားကို ခီးမွမ်းအပ်သည်၏

http://www.dhammadownload.com



အဖြစ်ကြောင့် ဗျာဇတ္ထနာ အလင်္ကာ မည်ပါသည်။

*** ဝိသေသဝုတ္တိ အလင်္ကာမည်ပုံနှင့် သရုပ်ပြ**

၂၈၁။ ဝိသေသိစ္ဆာယံ ဒဗ္ဗဿ၊ကြိယာ ဇာတိ ဂုဏဿစ။
ဝေကလ္လ ဒဿနံ ယတြ၊ဝိသေသော နာမ ယံ ဘဝေ။

၂၈၁။ ယတြ ယသ္မိ အလင်္ကာရေ၊အကြောင် အလင်္ကာ၌။ဝိသေသေ၊ဖောက်ပြန်သောအကျိုးထူးကို။(ဝါ)လွန်ကဲသောအကျိုးတို့ကို။ဣစ္ဆာယံ၊ဆိုလိုခြင်းသည်။သတိ၊ရှိသော်။ ဒဗ္ဗဿစ၊ဒြဗ်၏၎င်း။ကြိယာ ဇာတိဂုဏဿစ၊ကြိယာ၊ဇာတ်,ဂုဏ်၏လည်းကောင်း။ဝေကလ္လ ဒဿနံ၊ချို့တဲ့သည်၏အဖြစ်ကိုပြခြင်းသည်။အတ္ထိ၊ရှိ၏။အယံ အလင်္ကာရော၊ဤအလင်္ကာသည်။ဝိသေသောနာမ၊ဝိသေသဝုတ္တိ အလင်္ကာမည်သည်။ဘဝေ၊ဖြစ်၏။

*** ဝိသေသဝုတ္တိ အလင်္ကာမည်ပုံ ။ ။** တစုံတခုသောအထူးကို ဆိုခြင်းငှာ ဖြဗ်, ကြိယာ, ဇာတ်, ဂုဏ်၏ ချို့တဲ့သည်၏အဖြစ်ကို ပြခြင်းသည် ဝိသေသဝုတ္တိ အလင်္ကာ မည်ပါသည်။

*** ဝိသေသဝုတ္တိ အလင်္ကာ၏ လက္ခဏာ ။ ။** ထူးကဲ လွန်မြတ်သော အနက်ကို ဆိုလိုသည်ဖြစ်၍ ဖြဗ် ကြိယာ ဇာတ် ဂုဏ်၏ချို့တဲ့ခြင်းကိုပြ၍ အနက်ထူးကိုပြခြင်းဖြစ်ပါသည်။

*** ဝိသေသဝုတ္တိ အလင်္ကာ သရုပ် ။ ။** ဒဗ္ဗဝိသေသဝုတ္တိအလင်္ကာ, ကြိယာဝိသေသဝုတ္တိ အလင်္ကာ, ဇာတိဝိသေသဝုတ္တိ အလင်္ကာ, ဂုဏဝိသေသဝုတ္တိ အလင်္ကာ။

*** ဒဗ္ဗဝိသေသဝုတ္တိအလင်္ကာ၏ ပုံစံပြ**

၂၈၂။ နာ ရထာ နစ မာတရိ။နာ ဟယာ နာ ပဒါတယော၊
ဇိတော မာရာရိ မုနိနာ၊သမ္ဘာရာ ဝဋ္ဋနေန ဟိ။
ဒဗ္ဗဝိသေသဝုတ္တိ။

၂၈၂။ ယသ မုနိနော၊အကြောင် မြတ်စွာဘုရား၊အား။ရထာ၊စစ်ရထားတို့သည်။ ကိဠာပိ နသန္တိ၊အကယ်၍ကား မရှိကုန်။မာတရိ။စစ်ဆင်တို့သည်။ကိဠာပိ နသန္တိ၊အကယ်၍ကား မရှိကုန်။ဟယာ၊စစ်မြင်းတို့သည်။ကိဠာပိ နသန္တိ၊အကယ်၍ကား မရှိကုန်။ ပဒါတယော၊ခြေသည် စစ်သားတို့သည်။ကိဠာပိ နသန္တိ၊အကယ်၍ကား မရှိကုန်။ တထာပိ၊ထို့သို့ပင် မရှိကုန်သော်လည်း။တေန မုနိနာ၊ထိုမြတ်စွာဘုရားသည်။သမ္ဘာရာ ဝဋ္ဋနေန ဟိ၊သတ္တဥတာဉာဏ်,အရဟတ္တမဂ်ဉာဏ်၏ အဆောက်အဦဖြစ်သော ပါရမီတော်ကို ဆင်ခြင်ခြင်းဖြင့်သာလျှင်။မာရာရိ၊မာရ်မင်းတည်းဟူသော ရန်သူကို။ ဇိတော၊ဧအောင်တော်မူ၏။အယံ အလင်္ကာရော၊ဤအလင်္ကာသည်။ဒဗ္ဗဝိသေသ ဝုတ္တိ၊ ဒဗ္ဗ ဝိသေသဝုတ္တိ အလင်္ကာတည်း။

*** ဒဗ္ဗဝိသေသဝုတ္တိအလင်္ကာ မည်ပုံ ။ ။** နာ ရထာ နစ--စသောပုံစံ၌ ဖော်ခြင်း

http://www.dhammadownload.com



တည်းဟူသော အထူးကိုဆိုခြင်းငှာ ရထား,ဆင်,မြင်း, ခြေသည်ခြင်္ဂ၏ ချို့တဲ့သည်၏ အဖြစ်ကို ပြတတ်သည်၏ အဖြစ်ကြောင့် ဒဗ္ဗဝိသေသဝုတ္တိအလင်္ကာ မည်ပါသည်။

* ကြိယာဝိသေသ ဝုတ္တိ အလင်္ကာ၏ ပုံစံပြ

၂၈၃။ **နု ဗဒ္ဓါ ဘူကုဋိ နေဝဖုရိတော ဒသနစ္ဆဒေါ။**
**မာရာရိ ဘဂီ စာဂါသိ၊မုနိ ဝိရော ဝရော သယံ။**
**ကြိယာဝိသေသဝုတ္တိ။**

၂၈၃။ မုနိနော၊မြတ်စွာဘုရားသည်။ဘူကုဋိ၊မျက်မှောက်ကြွတ်ခြင်းကို။နဗဒ္ဓါ၊မဖွဲ့အပ်။ဒသနစ္ဆဒေါ၊နှုတ်ခမ်းကို။နေဝ ဖုရိတော၊မလှုပ်အပ်။တဲ့ထာပါ၊ထိုသို့ပင် မျက်မှောက်မကြုတ်,နှုတ်ခမ်းမလှုပ်သော်လည်း။ဝရော၊မြတ်တော်မူသော။ဝိရော၊ကြီးသောလုံ့လရှိတော်မူသော။မုနိ၊မြတ်စွာဘုရားသည်။သယံ၊ကိုယ်တော်တိုင်။မာရာရိဘဂီ၏မာရ်နှုတ်တည်းသောရန်သူ၏ ပျက်စီးခြင်းကိုလည်း။အကာသိ၊ပြုတော်မူ၏။ အယံ အလင်္ကာရော၊ဤအလင်္ကာသည်။ကြိယာဝိသေသဝုတ္တိ၊ကြိယာဝိသေသဝုတ္တိ အလင်္ကာတည်း။

* ကြိယာဝိသေသ ဝုတ္တိ အလင်္ကာ မည်ပုံ ။ ။ နု ဗဒ္ဓါ ဘူ ကုဋိ--စသောပုံစံ၌ မာရ်မင်းတည်းဟူသော ရန်သူ၏ ပျက်စီးခြင်းတည်းဟူသော အထူးကိုဆိုခြင်းငှာ မျက်စောင်းထိုးခြင်း နှုတ်ခမ်းစူခြင်း ကြိယာချို့တဲ့သည်၏အဖြစ်ကို ပြတတ်သည်၏ အဖြစ်ကြောင့် ကြိယာဝိသေသ ဝုတ္တိ အလင်္ကာ မည်ပါသည်။

* မိုးချုပ်လို့ တုတ်မဆောင်၊ ပျိုတို့မောင် ကြောက်ပါရိုးလား၊ မင်းတို့မောင် ညာလက်ညိုး၊ ဆေးကြောင့်တန်ခိုး--သည် "ညာလက်ညိုး ဆေးတန်ခိုး" တည်းဟူသော အထူးကိုပြလို၍ "တုတ်မဆောင်"ဟူသော ကြိယာချို့တဲ့သည်ကို ပြသောကြောင့် "ကြိယာဝိသေသ ဝုတ္တိ အလင်္ကာ" မည်ပါသည်။

* ဇာတိဝိသေသဝုတ္တိ အလင်္ကာ၏ ပုံစံပြ

၂၈၄။ **နု ဗိသာသု ဗျာတ္တာ ရဲသိ၊နာလောကော လောကပတ္တဒ္ဒေါ။**
**တထာဗျန္ဓတမဟရဲ၊ပရံ သာဓု သုဘာသိတံ။**
**ဇာတိဝိသေသဝုတ္တိ။**

၂၈၄။ ယံ သာဓု သုဘာသိတံ၊အကြင် သူတော်ကောင်းတို့သည် ကောင်းစွာဆိုအပ်သော စကားသည်။ဗိသာသု၊အရပ်မျက်နှာတို့၌။ဗျာတ္တာ၊ပျံ့နှံ့စေတတ်သော။ရဲသိ၊အရောင်မျိုးသည်။နာ၊မဟုတ်။လောကပတ္တဒ္ဒေါ၊လောကကို ပျံ့နှံ့စေတတ်သော။အာလောကော၊အလင်းဇာတ်မျိုးသည်။နာ၊မဟုတ်။တထာပိ၊ထိုသို့ပင် မဟုတ်သော်လည်း။တံ သာဓု သုဘာသိတံ၊ထိုသူတော်ကောင်းတို့သည် ကောင်းစွာ ဆိုအပ်သော စကားသည်။ပရံလွန်စွာ။ အန္ဓတမဟရဲ၊မောဟတည်းဟူသော အမိုက်အမှောင်ကို ပယ်ဖျောက်တတ်သည်။ဟောတိ၊

http://www.dhammadownload.com



ဖြစ်၏။ အယ် အလင်္ကာရော၊ဤအလင်္ကာသည်။ဇာတိဝိသေသဝုတ္တိ၊ဇာတိဝိသေသ ဝုတ္တိ အလင်္ကာတည်း။

* ဇာတိဝိသေသဝုတ္တိ အလင်္ကာ မည်ပုံ ။ ။ အမျိုးဇာတ် ခို့တဲ့သည်၏အဖြစ်ကို ပြခြင်းသည် ဇာတိဝိသေသဝုတ္တိ အလင်္ကာ မည်ပါသည်။

* ဝုဏဝိသေသဝုတ္တိ အလင်္ကာ၏ ပုံစံပြ

၂၈၅။ နှ ခရဲ့ နဟိ ဝါ ထဒ္ဓံ၊မုနိန္ဒ ဝစနံ တဝ။
တထာပိ ဝါဠိ ခနတိ၊နိမ္မူလံ ဇနတာ မဒံ။
ဝုဏဝိသေသဝုတ္တိ။

၂၈၅။ မုနိန္ဒ၊ရှင်တော်ဘုရား။တဝ၊ရှင်တော်ဘုရား၏။ဝစနံ၊စကားတော်သည်။ခရဲ့ ဝါကြမ်းထမ်းသည်လည်း။နှ ဟောတိ၊မဖြစ်။ထဒ္ဓံဝါ၊ခက်မာသည်လည်း။နဟိ ဟောတိ၊မဖြစ်။ တထာပိ၊ထိုသို့ပင် ကြမ်းထမ်းခြင်း,ခက်မာခြင်း မရှိသော်လည်း။ဇနတာ မဒံ၊သတ္တဝါအပေါင်း၏ အာရောဂျမဒ စသော မာန်အပေါင်းကို။ နိမ္မူလံ၊အမြစ်ပါမကျန်အောင်။ဂါဠှံမြဲမြံစွာပြု၍။ ခနတိ၊တူးဖြိုးနိုင်ပါပေ၏။ အယ် အလင်္ကာရော၊ဤအလင်္ကာသည်။ဝုဏဝိသေသဝုတ္တိ၊ ဝုဏဝိသေသဝုတ္တိ အလင်္ကာတည်း။

* ဝုဏဝိသေသဝုတ္တိ အလင်္ကာမည်ပုံ ။ ။ နှ ခရဲ့ နဟိ ဝါ--စသောပုံစံ၌ သတ္တဝါတို့၏ မာန်မာနကို တူးဖြိုနိုင်ခြင်းတည်းဟူသော အထူးကိုဆိုခြင်းငှာ မြတ်စွာဘုရား စကားတော် ကြမ်းထမ်းခြင်း, ခက်ထန်ခြင်း ဝုဏ်မှ ခို့တဲ့သည်၏အဖြစ်ကို ပြတတ်သည်၏ အဖြစ်ကြောင့် ဝုဏဝိသေသဝုတ္တိ အလင်္ကာ မည်ပါသည်။

* ရူဋ္ဌာဟင်္ကာရ အလင်္ကာမည်ပုံနှင့် လက္ခဏာပြ

၂၈၆။ ဒဿိယတေ တိရိတ္တန္တု၊သူရ ဝိရတ္တနံ ယဟိ၊
ဝဒန္တိ ဝိညူ ဝစနံ၊ရူဋ္ဌာဟင်္ကာရ မိဒံသံ။

၂၈၆။ ယဟိ ဝစနေ၊အကြင်စကား၌။(ဝါ)အကြင်အလင်္ကာ၌။အတိရိတ္တန္တု၊အလွန် အကျူးဖြစ်သော။သူရ ဝိရတ္တနံ၊ရဲရင့်သောသူ၏အဖြစ်,လုံ့လရှိသောသူ၏အဖြစ်ကို။ဒဿိ ယတေ၊ပြအပ်၏။ဤဒိသံ၊ဤသို့ သဘောရှိသော။ဝိညူ ဝစနံ၊ပညာရှိတို့၏ စကားကို။(ဝါ) အလင်္ကာကို။ရူဋ္ဌာဟင်္ကာရံ၊ရူဋ္ဌာဟင်္ကာရ အလင်္ကာဟူ၍။ဝဒန္တိ၊ဆိုကြကုန်၏။

* ရူဋ္ဌာဟင်္ကာရ အလင်္ကာမည်ပုံ ။ ။ အလွန်အကျူး ကြုံးဝါး၍ ဆိုခြင်းသည် "ရူဋ္ဌာဟင်္ကာရ အလင်္ကာ" မည်ပါသည်။

* ရူဋ္ဌာဟင်္ကာရ အလင်္ကာ၏ ပုံစံပြ

၂၈၇။ ဒမေ နဒ္ဒေါဝနဒ္ဓဿ၊ထိ မေ ဗျာပါရ ဒဿနာ၊
ပုတ္တာ မေ ပါဒသင္ဘတ္တာ၊သင္ဘာ သန္တေဝ တာဒိသေ။

http://www.dhammadownload.com



၂၈၇။ နန္ဒောပနန္ဒသ၊နန္ဒောပနန္ဒ နဂါးမင်းကို။ဒေမေဆုံးမရာ၌။မေငါဘုရား၏။ ဗျာပါရဿနာ၊တန်ခိုးတော် အစွမ်းကိုပြသဖြင့်။ကို ပယောဇနံ၊အဘယ်အကျိုးမရှိသနည်း။ ကသ္မာ၊အဘယ်ကြောင့်။ကို ပယောဇနံ၊အကျိုးမရှိသနည်း။ယသ္မာ၊အကြင့်ကြောင့်။ဓာဒိ သေ၊ထိုသို့ သဘောရှိသော နဂါးမင်းကို ဆုံးမခြင်း၌။သဇ္ဈ၊တန်ခိုးကြွွရှိပါ၏ တည်းဟူသော ချုပ်တတ်တန်ဆာကိုဝတ်ဆင်ကုန်ပြီးသော။မေငါဘုရား၏။ပါဒဿမ္မတ္တာ၊ခြေရင်း၌ ဆည်းကပ် ခစားကုန်သော။ပုတ္တာ၊ရှင်မဟာမောဂ္ဂလာန်စသော သားတော်တို့သည်။သန္တေဝ၊ရှိကြ ကုန်သည်သာလျှင်တည်း။တသ္မာ၊ထို့ကြောင့်။ကို ပယောဇနံ၊အကျိုးမရှိ။

* ပုဂ်မှာမွေး၊ ပုဂ်သွေးမို့၊ အလေးမမူ၊ အသက်ပင်လှူခဲ့ပေါ့။

* ငါ ဒီနှစ် စာမေးပွဲ မုချအောင်ရမည်။-- ကြုံးဝါး၍ ပြောဆိုခြင်းကြောင့် ရုဠာဟက်ရ အလင်္ကာ ဖြစ်ပါသည်။

*** သိလေသ အလင်္ကာ၏ လက္ခဏာနှင့် သရူပ်ပြ**

**၂၈၈။ သိလေသော ဝစနော နေကာ၊ဘိဒေယျေက ပဒါယုတံ။**
**အဘိန္နပဒ ဝါကျာဒိ၊ဝသာ တေစာ ယ မီရိတော။**

၂၈၈။ အနေကာဘိဒေယျံ၊များသော အနက်ရှိသော။ဧကပဒါယုတံ၊တခုသော ပုဒ်နှင့် ယှဉ်သော။ဝစနံ၊သဒ္ဒါသည်။သိလေသော၊သိလေသ အလင်္ကာမည်၏။အယံ သိလေသော၊ ဤသိလေသ အလင်္ကာကို။အဘိန္နပဒ ဝါကျာဒိဝသာ၊အဘိန္နပဒ ဝါကျ,ဘိန္နပဒဝါကျ, ဘိန္နာဘိန္နပဒဝါကျတို့၏ အစွမ်းအားဖြင့်။တေစ၊သုံးပါးအပြားရှိ၏ဟူ၍။ဤရိတော၊ဆိုအပ်၏။

*** သိလေသ အလင်္ကာ မည်ပုံ ။ ။** များသောအနက်ရှိသော တစ်ခုသောပုဒ်သည် သိလေသ အလင်္ကာ မည်ပါသည်။

*** သိလေသ အလင်္ကာ သရူပ် ။ ။** ၁။ အဘိန္နပဒဝါကျ သိလေသအလင်္ကာ၊ ၂။ ဘိန္နပဒ ဝါကျ သိလေသအလင်္ကာ၊ ၃။ ဘိန္နာဘိန္နပဒဝါကျ သိလေသအလင်္ကာ။

*** အဘိန္နပဒဝါကျ သိလေသအလင်္ကာ၏ ပုံစံပြ**

**၂၈၉။ အန္ဓတမဟရော ဟာရီ၊သမာရုဠ္ဟော မဟောဒယံ။**
**ရာဇတေ ရံသိမာလီယံ၊ဘဝဝါ တောဒယံ ဇနေ။**
**အဘိန္နပဒဝါကျ သိလေသော။**

၂၈၉။ မဟောဒယံ၊ကြီးစွာသော ဥဒယံတောင်ထိပ်သို့။သမာရုဠ္ဟော၊ကောင်းစွာ တက်ရောက်သော။အန္ဓတမဟရော၊အမှိုက်တိုက်ကို ပယ်ဖျောက်တတ်သော။ဟာရီနှစ်သက် ဖွယ်ရှိသော။ရံသိမာလီ၊အရောင်တည်းဟူသော ပန်းနွယ်ရှိသော။အယံ ဘဝဝါ၊ဤနေမင်း သည်။ဇနေ၊သတ္တဝါအပေါင်းတို့ကို။တောဒယံ၊နိုးကြားစေလျက်။ရာဇတေ၊တင့်တယ်၏။ (ဤကား ဥပမာနဖြစ်သော နေနှင့်သက်ဆိုင်သော အနက်တည်း။)

http://www.dhammadownload.com



မဟောဒယဲ့မြင့်မြတ်သော အရဟတ္တမဂ်ဉာဏ်,သဗ္ဗညုတဉာဏ် တည်းဟူသော ဥဒဉ်းတောင်ထိပ်သို့။ဆမာရုဠ္ဟော်ကောင်းစွာ တက်ရောက်တော်မူသော်။အန္တတမဟရော်အဝိဇ္ဇာတည်းဟူသော အဲမိုက်တိုက်ကို ပယ်ဖျောက်တော်မူတတ်သော်။ဟာရိန္ဒစ်သက်ဖွယ် ရှိတော်မူသော်။ရဲသိမာလီ၊တရားတည်းဟူသော အရောင်ပန်းန္တယ်ရှိတော်မူသော်။အယံ ဘဂဝါ၊ ဤမြတ်စွာဘုရားသည်။ဇနေ၊သတ္တဝါအပေါင်းတို့ကို။တောဓယံ၊ကိလေသာ တည်းဟူသော အိပ်မျော်ခြင်းမှ နိုးစေလျက်။ရာဇတေ၊တင့်တယ်တော် မူပါပေ၏။

အယံ သိလေသော၊ဤသိလေသ အလင်္ကာသည်။အဘိန္နပဒဝါကျ သိလေသော အဘိန္နပဒဝါကျ သိလေသအလင်္ကာမည်၏။(ဤကား ဥပမေယျဖြစ်သော ဘုရားနှင့်သက်ဆိုင်သော အနက်တည်း။)

* **အဘိန္နပဒဝါကျ သိလေသအလင်္ကာ မည်ပုံ ။ ။** မပြားသော ပုဒ်ဝါကျဖြင့် ဥပမာန ဥပမေယျကို ထိစပ်၍ ဆိုခြင်းသည် အဘိန္နပဒဝါကျ သိလေသအလင်္ကာမည်၏။

*** ဘိန္နပဒဝါကျ သိလေသအလင်္ကာ၏ ပုံစံခြ**

၂၉၀။ **သာရဒါ မလကာ ကာသော၊သမာနိတ ပရိက္ခယော၊**
**ကုမုဒါတရသမ္ဘော၊ပီဏောတိ ဇနတံ သုခီ၊**
**ဘိန္နပဒါဝါကျ သိလေသော၊**

၂၉၀။ သာရဒေါ၊တန်ဆောင်မုန်းလ အခါ၌ဖြစ်သော်။အမလကာဘာသော၊ အညစ်အကြေးကင်းသော အရောင်ရှိသော်။သမာနိတ ပရိက္ခယော၊ဆောင်အပ်သော လဆုတ်ပက္ခရှိသော်။ကုမုဒါကရသမ္ဘောဓော၊မုကုဋြာကြာအပေါင်းကို ပွင့်စေတတ်သော်။ သုခီ၊သုတဘုတ်ရှိသော လမင်းသည်။ဇနတံ၊သတ္တဝါအပေါင်းကို။ပီဏောတိ၊နှစ်သက်စေ၏။ (ဤကား ဥပမာန လ,နှင့်ဆိုင်သောအနက်)

သာရဒေါ်၊ကောင်းမြတ်သော နိဗ္ဗာန်ကိုပေးတတ်သော်။အမလကာဘာသော၊လက်ဝါးအပြင်၌ တင်ထားသော ဆီးဖြူအလား ထင်ရှားသော ဥ ယျဓံတရားကို ကောင်းစွာသိခြင်း ရှိသောမူသော်။သမာနိတ ပရိက္ခယော၊ကိလေသာ၏ငြိမ်းခြင်းကို ဆောင်အပ်သော ကိလေသဓာတည်းဟူသော ရန်သူမှ ဆုတ်ယုတ်ခြင်းရှိတော်မူသော်။ကုမုဒါကရ သမ္ဘောဓော၊ မြေအဝန်း၌ တည်သော သတ္တဝါအပေါင်းတို့၏ နှစ်သက်ခြင်းကိုပြုတတ်သော သစ္စာလေးပါးတရားကို သိခြင်းရှိတော်မူသော်။သုခီ၊ကောင်းသော အသိဉာဏ်ရှိတော်မူသော မြတ်စွာဘုရားသည်။ဇနတံ၊သတ္တဝါအပေါင်းကို။ပီဏောတိ၊နှစ်သက်စေတော်မူ၏။

အယံ သိလေသော၊ဤသိလေသအလင်္ကာသည်။ဘိန္နပဒဝါကျ သိလေသော၊ဘိန္နပဒဝါကျ သိလေသ အလင်္ကာမည်၏။(ဤကား ဥပမေယျ ဘုရားနှင့်ဆိုင်သော အနက်)

http://www.dhammadownload.com



* ဘိန္နာဘိန္နပဒဝါကျ သိလေသအလင်္ကာ၏ ပုံစံပြ

၂၉၁။ သမာဟိတတ္တ ဝိနယော၊အဟိနံ မဒ မဒ္ဒနော၊
သုဂတော ဝိသဒံ ပါတု၊ပါဏိနံ သော ဝိနာယကော၊
ဘိန္နာဘိန္နပဒဝါကျ သိလေသော၊

၂၉၁။ သမာဟိတတ္တ ဝိနယော၊ကောင်းစွာထားအပ်သော ခန္ဓာကိုယ်ကို ဆုံးမခြင်း ရှိသော။အဟိနံ မဒ မဒ္ဒနော၊နဂါးမင်းတို့၏ ယစ်မူးတတ်သောမာန်ကို နှိပ်နင်းတတ်သော။ သုဂတော၊သမုဒြာရေကို ခွဲ၍ကောင်းစွာ သွားခြင်းရှိသော။သောဝိနာယကော၊ထိုဌာက်တို့၏ မင်းဖြစ်သော ဂဠုန်မင်းသည်။ဝိသဒံ၊အဆိပ်ကိုပေးတတ်သော။ပါဏိနံ၊နဂါးသတ္တဝါအပေါင်းကို။ပါတု၊စောင့်ရှောက်စေသတည်း။(ဤကား ဥပမာန ဂဠုန်နှင့်ဆိုင်သော အနက်)

သမာဟိတတ္တ ဝိနယော၊ကောင်းစွာထားအပ်သော စိတ်ကို ဆုံးမခြင်းရှိတော်မူသော။ အဟိနမဒ မဒ္ဒနော၊မြတ်သော ပြဟ္မာမင်းစသော သူတို့၏ယစ်မူးသောမာန်ကို နှိပ်နင်းတော်မူတတ်သော။သုဂတော၊ကောင်းစွာ သွားခြင်းရှိတော်မူသော။သောဝိနာယကော၊ထိုဝေနေယျသတ္တဝါတို့ကို ဆုံးမတော်မူတတ်သော မြတ်စွာဘုရားသည်။ဝိသဒံ၊ရဲတင်းသည်ကို ပြု၍။ ပါဏိနံ၊သတ္တဝါအပေါင်းကို။ပါတု၊စောင့်ရှောက်တော်မူစေသတည်း။ အယံ သိလေသော၊ ဤသိလေသအလင်္ကာသည်။ဘိန္နာဘိန္နပဒဝါကျ သိလေသော၊ဘိန္နာဘိန္နပဒဝါကျ သိလေသ အလင်္ကာမည်၏။(ဤကား ဥပမေယျ ဘုရားနှင့်ဆိုင်သော အနက်)

* သိလေသ အလင်္ကာအပြား (၈) ပါးပြ

၂၉၂။ ဝိရုဒ္ဓါဝိရုဒ္ဓါဘိန္နကမ္မာ နိယမဝါ ပရော၊
နိယမက္ကေပ ဝစနော၊အဝိရောဓိ ဝိရောဓျဖိ၊
၂၉၃။ ဩစိတျ သမ္ဘောသကာဒိ၊သိလေသော ပဒဇာဒိဖိ၊
ဧသဲ နိဒဿနေသ္မေဝ၊ဧပမာဝိ ဘဝိဿတိ၊

၂၉၂။ ဝိရုဒ္ဓါဝိရုဒ္ဓါ ဘိန္နကမ္မာအပိ၊ဆန့်ကျင်သော ကြိယာရှိသော ဝိရုဒ္ဓကမ္မသိလေသ,မဆန့်ကျင်သော ကြိယာရှိသော အဝိရုဒ္ဓကမ္မသိလေသ,မကွဲသောကြိယာရှိသော အဘိန္နကမ္မသိလေသတို့လည်းကောင်း။အပရော၊တပါးသော။နိယမဝါအပိ၊ဧဝသဒ္ဒါရှိသော နိယမဝါသိလေသလည်းကောင်း။နိယမက္ကေပ ဝစနောအပိ၊ဧဝသဒ္ဒါပယ်ခြင်းကို ဆိုသော နိယမက္ကေပဝစန သိလေသလည်းကောင်း။အဝိရောဓိအပိ၊ဆန့်ကျင်ခြင်းမရှိသော အဝိရောဓိ သိလေသလည်းကောင်း။ဝိရောဓျဖိ၊ဆန့်ကျင်ခြင်းရှိသော ဝိရောဓိသိလေသလည်းကောင်း။

၂၉၃။ ပဒဇာဒိ၊ပုဒ်ကြောင့်ဖြစ်သော သိလေသအစရှိသော။ဩစိတျသမ္ဘောသကာဒိ သိလေသောပိ၊ဩစိတျသမ္ဘောသကပဒ အစရှိသော သိလေသငါး။ဧသဲ သိလေသာန်၊ထိုသိလေသတို့၏။ရူပ်၊သဘောအဓိပ္ပါယ်သည်။နိဒဿနေသ္မေဝ၊ပြယုဂ်တို့၌သာလျှင်။

http://www.dhammadownload.com



အာဝိ၊ ထင်စွာ။ ဘဝိဿတိ၊ဖြစ်လတ္တံ့။

*** ဝိရူဠှကမ္မ သိလေသ အလင်္ကာ-၏ ပုံစံပြ**

၂၉၄။ **သဝသေ ဝတ္ထယ် လောက်၊အခိလံ် ကလ္လဝိဂ္ဂဟော။**
**ပရာဘဝတိ မာရာရိုဓမ္မရာဇာ ဝိဇမ္ဘတေ။**

၂၉၄။ ကလ္လဝိဂ္ဂဟော၊နှစ်သက်အပ်သော စစ်ထိုးခြင်းရှိသော။မာရာရိုမာရ်နတ်တည်းဟူသောရန်သူကို။အခိလံ၊အလုံးစုံသော။လောက်၊သတ္တလောကကို။သဝသေ၊မိမိအလိုဌ်။ဝတ္ထယ် ဝတ္ထယန္တော၊ဖြစ်စေနိုင်လျက်။ပရာဘဝတိ၊ရှုံးခြင်းသို့ရောက်၏။ကလ္လဝိဂ္ဂဟော၊နှစ်သက်ဖွယ်သောခန္ဓာကိုယ်ရှိတော်မူသော။ဓမ္မရာဇာ၊တရားမင်းဘုရားသည်။အခိလံ၊အလုံးစုံသော။လောက်၊သတ္တလောကကို။သဝသေ၊မိမိအလိုဌ်။ဝတ္ထယ် ဝတ္ထယန္တော၊ဖြစ်စေသည်ဖြစ်၍။ဝိဇမ္ဘတေ၊တင့်တယ် စံပယ်တော်မူ၏။

*** ဝိရူဠှကမ္မ သိလေသ အလင်္ကာ မည်ပုံ ။ ။** ဆန့်ကျင်သော ကြိယာရှိသော သိလေသ အလင်္ကာသည် **ဝိရူဠှကမ္မ သိလေသ အလင်္ကာ** မည်၏။(**ရှင်းလင်းချက်**) သဝသေ ဝတ္ထယ်--စသောပုံစံ၌ "ပရာဘဝတိကြိယာ ဝိဇမ္ဘကေကြိယာ"တို့၏ ဆန့်ကျင်ခြင်းရှိသည်၏ အဖြစ်ကြောင့်ဝင်း။ ကလ္လဝိဂ္ဂဟောပုဒ်၌ အနက်နှစ်ထပ်ပေးရသောကြောင့်ဝင်း **ဝိရူဠှကမ္မ သိလေသ အလင်္ကာ** မည်ပါသည်။

***** မယ်ကညာ ချစ်သမီးကြောင့်၊ သစ်သီးကိုရှာ၊ စိတ်မငြိမ် မယ်ဣတ္တိ မာတုကြောင့် စာရှုမကောင်း --၌ "သစ်သီးကိုရှာ"ဟူသော ကြိယာ "စာရှုမကောင်း"ဟူသော ကြိယာ နှစ်ခုတို့၏ ဆန့်ကျင်ခြင်းရှိသောကြောင့် **ဝိရူဠှကမ္မ သိလေသ အလင်္ကာ** ဖြစ်ပါသည်။

*** အဝိရူဠှကမ္မ သိလေသ အလင်္ကာ၏ ပုံစံပြ**

၂၉၅။ **သဘာဝ မဓုရံ ပုညဝိသေသောဒယ သမ္ဘဝံ။**
**သုဏန္တိ ဝါစံ မုနိနော၊ဇနာ ပဿန္တိ စာမတံ။**

၂၉၅။ ဇနာ၊လူအပေါင်းတို့သည်။သဘာဝ မဓုရံ၊သဘောအားဖြင့် ချိုမြိန်ကောင်းမြတ်သော။ပုညဝိသေသောဒယ သမ္ဘဝံ၊ကောင်းမှုအထူး၏ ပွားလှူးခြင်းကြောင့်ဖြစ်သော။ မုနိနော၊မြတ်စွာဘုရား၏။ဝါစံ၊စကားတော်ကိုလည်း။သုဏန္တိ၊ကြားနာကြကုန်၏။သဘာဝ မဓုရံ၊သဘောအားဖြင့် မွန်မြတ်သော။ပုညဝိသေသောဒယ သမ္ဘဝံ၊ကောင်းမှုအထူး၏ ပွားလှူးခြင်းကြောင့်ဖြစ်သော။အမတံ၊အမြိုက်နိဗ္ဗာန်ကိုလည်း။ပဿန္တိ၊မြင်ကြကုန်၏။

*** အဝိရူဠှကမ္မ သိလေသ အလင်္ကာ မည်ပုံ ။ ။** ဆန့်ကျင်သော ကြိယာမရှိသော သိလေသ အလင်္ကာသည် **အဝိရူဠှကမ္မ သိလေသ အလင်္ကာ** မည်ပါသည်။

**ရှင်းလင်းချက်/** သဘာဝ မဓုရံ--စသောပုံစံ၌ သုဏန္တိကြိယာ ပဿန္တိကြိယာတို့၏ အချင်းချင်း မဆန့်ကျင်သည်၏ အဖြစ်ကြောင့်ဝင်း။ သဘာဝ မဓုရံ- ပုညဝိသေသော

http://www.dhammadownload.com



၁ယ သမ္ဘဝံပုဒ်၌ အနက်နှစ်ထပ်ပေးရသောကြောင့်ဌင်း **အဝိရုဒ္ဓကမ္မ သိလေသ အလင်္ကာ** မည်ပါသည်။

*** အဘိန္ဟကမ္မ သိလေသ အလင်္ကာ၏ ပုံစံပြ**

၂၉၆။ **အန္ဟကာရော ပဟာရာယ၊သဘာဝ မဓုရာယ စ။**
**မနော ပီဏေတိ ဇန္တူနံ၊ဧနော ဝါစာယ ဘာယ စ။**

၂၉၆။ ဧနော၊မြတ်စွာဘုရားသည်။အန္ဟကာရော ပဟာရာယ၊မောဟတုည်းဟူသော အမိုက်အမှောင်ကို ပယ်ဖျောက်တတ်သော။သဘာဝ မဓုရာယ၊သဘောအားဖြင့် ချိုမြိန်ကောင်း မြတ်သော။ဝါစာယစ၊စကားတော်ဖြင့်ဌင်း။အန္ဟကာရာ ပဟာရာယ၊ပကတိအမိုက်အမှောင်ကို ပယ်ဖျောက်နိုင်သော။သဘာဝ မဓုရာယ၊သဘောအားဖြင့် ချိုမြိန်ကောင်း မြတ်သော။ဘာယစ၊ရောင်ခြည်တော်ဖြင့်ဌင်း။ဇန္တူနံ၊သတ္တဝါတို့၏။မနော၊စိတ်နှလုံးကို။ပီဏေတိ၊နှစ်သိမ့်စေနိုင်၏။

*** အဘိန္ဟကမ္မ သိလေသ အလင်္ကာ မည်ပုံ ။ ။** မကွဲသော ကြိယာရှိသော သိလေသအလင်္ကာသည် **အဘိန္ဟကမ္မ သိလေသ အလင်္ကာ** မည်ပါသည်။

**ရှင်းလင်းချက်/** အန္ဟကာရာ--စသောပုံစံ၌ "ဝါစာယ"ဟူသော ကရဏကာရက "ဘာယ"ဟူသော ကရဏကာရက ကွဲပြားသော်လည်း "ပီဏေတိ"ဟူသော ကြိယာ၏ မကွဲသည်၏အဖြစ်ကြောင့်ဌင်း၊ အန္ဟကာရာ ပဟာရာယ သဘာဝမဓုရာယပုဒ်၌ အနက်နှစ်ထပ် ပေးရသောကြောင့်ဌင်း **အဘိန္ဟကမ္မ သိလေသ အလင်္ကာ** မည်ပါသည်။

*** နိယမဝန္ဓ အလင်္ကာ၏ ပုံစံ**

၂၉၇။ **ကေသက္ခီနံဝ ကဏ္ဏတ္ထံ၊ဘမူနံယေဝ ဝင်္ကတာ။**
**ပါဏိပါဒါ ဓရာနံဝ၊မုနိန္ဒဿာ တိရတ္ထတာ။**

၂၉၇။ မုနိန္ဒဿ၊မြတ်စွာဘုရား၏။ကေသက္ခီနံဝ၊ဆံတော်,မျက်လုံးတော်တို့၏၊သာလျှင်။ကဏ္ဏတ္ထံ၊မည်းနက်တော်မူသည်၏အဖြစ်သည်။ဟောတိ၊ဖြစ်၏။"စိတ္တေ၊စိတ်၌။ကဏ္ဏတ္ထံ၊အကုသိုလ်၏အဖြစ်သည်။န ဟောတိ၊မဖြစ်။"ဘမူနံယေဝ၊မျက်ခုံးတော်တို့၏သာလျှင်။ဝင်္ကတာ၊ကောင့်ညွတ်တော်မူသည်၏အဖြစ်သည်။ဟောတိ၊ဖြစ်။အစ္ဆာသယေ၊အလိုတော်၌။ဝင်္ကတာ၊ကောက်ကျစ်စဉ်းလဲသည်၏အဖြစ်သည်။န ဟောတိ၊မဖြစ်။ပါဏိပါဒါ ဓရာနံဝ၊လက်ဘဝါး,ခြေဘဝါး,နှုတ်ခမ်းတော်တို့၏သာလျှင်။အတိရတ္ထတာ၊အလွန်နီမြန်းတော်မူသည်၏အဖြစ်သည်။ဟောတိ၊ဖြစ်၏။"စိတ္တေ၊စိတ်၌။အတိရတ္ထတာ၊အလွန်တပ်မက် ချစ်ခင်သည်၏အဖြစ်သည်။န ဟောတိ၊မဖြစ်။"

*** နိယမဝန္ဓ အလင်္ကာ မည်ပုံ ။ ။** ဓဝ-သဒ္ဒါရှိသော သိလေသအလင်္ကာသည် **နိယမဝန္ဓ အလင်္ကာ** မည်ပါသည်။

http://www.dhammadownload.com



ရှင်းလင်းချက်/ ကေသက္ခီနံဝ--စသောပုံစံ၌ ဧဝ-သဒ္ဒါ ပါသည်၏ အဖြစ်ကြောင့်ဎင်း၊ ကဏ္ဌတ္တဲ့ ဝက်တာ အတိရတ္တတာပုဒ်တို့၌ အနက်နှစ်ထပ် ပေးရသောကြောင့်ဎင်း နိယမဝန္တ အလင်္ကာ မည်ပါသည်။

*** နိယမက္ခေပဝစန သိလေသအလင်္ကာ၏ ပုံစံပြ**

၂၉၈။ **ပါဏိပါဒါ ဧရေသွေဝ၊သာရာဂေါ တဝ ဒိဿတိ။**
**ဒိဿတေ သောဃ မထဝါ၊နာထ သာဓု ဂုဏောသွေပိ။**

၂၉၈။ နာထ။ရှင်တော်ဘုရား။တဝ၊ရှင်တော်ဘုရား၏။ပါဏိပါဒါ ဧရေသွေဝ၊ လက်ဘဝါး,ခြေဘဝါး,နှုတ်ခမ်းတော်တို့၌သာလျှင်။သာရာဂေါ၊အလွန်နီမြန်းသော အဆင်းတော်သည်။ဒိဿတိ၊ထင်၏။"စိတ္တေ၊စိတ်၌။သာရာဂေါ၊ပြင်းစွာတပ်ခြင်းသည်။နဒိဿတိ၊ မထင်။"အထဝါ၊ထိုမှတပါး။သော အယံ ကုသလဿန္ဒော၊ထိုကုသလစွန္ဒသည်။သာဓု ဂုဏော သုအပိ၊သူတော်ကောင်းတို့၏ သိလစသော ဂုဏ်တို့၌လည်း။ဒိဿတိ၊ထင်၏။

*** နိယမက္ခေပဝစန သိလေသအလင်္ကာ မည်ပုံ ။ ။** ဧဝ-သဒ္ဒါကို တားမြစ်သော သဒ္ဒါကို ဆိုအပ်သော သိလေသအလင်္ကာသည် **နိယမက္ခေပဝစန သိလေသအလင်္ကာ** မည်ပါသည်။ (ရှင်းလင်းချက်) ပါဏိပါဒါ--စသော ပုံစံ၌ ဧဝ-သဒ္ဒါကို တားမြစ်သော "အထဝါ"သဒ္ဒါကို ဆိုသောကြောင့်ဎင်း၊ သာရာဂေါပုဒ်၌ အနက်နှစ်ထပ် ပေးရသောကြောင့်ဎင်း **နိယမက္ခေပဝစန သိလေသအလင်္ကာ** မည်ပါသည်။

*** အဝိရောဓိ သိလေသ အလင်္ကာ၏ ပုံစံပြ**

၂၉၉။ **သ လက္ခဏော တိသုဘဂေါ၊တေဇသီ နိယတောဒယော၊**
**လောကေသော ဇိတ သဲတ္ထေသော၊ဝိဘာတိ သမဏိသဲရော၊**

၂၉၉။ သ လက္ခဏော၊ယုန်ရေးတံဆိပ်ရှိသော။အတိသုဘဂေါ၊အလွန်တင့်တယ်သော လမင်းသည်။ဝိဘာတိ၊အထူးအားဖြင့် တင့်တယ်၏။သ လက္ခဏော၊သုံးဆယ့်နှစ်ဖြာ လက္ခဏာကြီးရှိတော်မူသော။အတိသုဘဂေါ၊အလွန်တင့်တယ်တော်မူသော မြတ်စွာဘုရားသည်။ဝိဘာတိ၊အထူးအားဖြင့် တင့်တယ်တော်မူ၏၊တေဇသီ၊ပူသော အရောင်ရှိသော။ နိယတောဒယော၊အမြဲထွက်လေ့ရှိသော နေမင်းသည်။ဝိဘာတိ၊တင့်တယ်၏။တေဇသီ၊ တန်ခိုးရှိတော်မူသော။နိယတောဒယော၊မပြတ် ဖြစ်ပွားသော သဗ္ဗညုတဉာဏ်ရှိတော်မူသော မြတ်စွာဘုရားသည်။ဝိဘာတိ၊တင့်တယ်တော်မူ၏။ဇိတ သဲတ္ထေသော၊အောင်အပ်ပြီးသော နိဝရဏတရားရှိသော။လောကေသော၊လောကကိုအစိုးရတော်မူသော ဗြဟ္မာသည်။ ဝိဘာတိ၊တင့်တယ်တော်မူ၏။ဇိတ သဲတ္ထေသော၊အောင်အပ်ပြီးသော ကိလေသာရှိတော်မူသော။ လောကေသော၊လောကကိုအစိုးရတော်မူသော မြတ်စွာဘုရားသည်။ဝိဘာတိ၊ တင့်တယ်တော်မူ၏။မဏိသဲရော၊ပတ္တမြား ရတနာတို့ကို အစိုးရသော။သသောမဏိ၊ထိုစကြာမင်း၏

http://www.dhammadownload.com



ပတ္တမြား ရတနာသည်။ဝိဘာတိ၊တင့်တယ်၏။သမဏီသဏရော၊ရဟန်းအပေါင်းတို့ကို အစိုး ရတော်မူသော မြတ်စွာဘုရားသည်။ဝိဘာတိ၊ထွန်းလင်းတောက်ပတော်မူ၏။

* **အဝိရောဓိ သိလေသ အလင်္ကာ မည်ပုံ ။ ။** မဆန့်ကျင်သော သိလေသ အလင်္ကာ သည် **အဝိရောဓိ သိလေသ အလင်္ကာ** မည်ပါသည်။

**ရှင်းလင်းချက်/** သဲ လက္ခဏော--စသော ပုံစံ၌ လ, နေ, ဗြဟ္မာ, ပတ္တမြားရတနာကို ဟောသောသဒ္ဒါနှင့် မြတ်စွာဘုရားကို ဟောသောသဒ္ဒါတို့၏ မဆန့်ကျင်သောကြောင့်ဝင်း လနှင့်ဘုရား နေနှင့်ဘုရား ဗြဟ္မာနှင့်ဘုရား ပတ္တမြားနှင့်ဘုရားဟူသော အနက်နှစ်ထပ် ပေးရသောကြောင့်ဝင်း **အဝိရောဓိ သိလေသ အလင်္ကာ** မည်ပါသည်။

*** ဝိရောဓိ သိလေသ အလင်္ကာ၏ ပုံစံပြ**

၃၀၀။ **အ သမောပိ သမော လောကေ၊လောကေသောပိ နရုတ္တမော။**
**သ ဒယော ပျာဒယော ပါပေ၊စိတ္တာယ် မုနိနော ဂတိ။**

၃၀၀။ လောကေ၊လောကဒ္ဒ်။အသမောပိ၊တစုံတယောက်သောသူနှင့်မတူသော မင်းစသည်ဖြစ်ပါလျက်လည်း။သမော၊ထီးဖြူဆောင်းခုံး မင်းတပါးနှင့်တူပြန်၏။အသမောပိ၊ ဗြဟ္မာ,နတ်,လူ တစုံတယောက်သောသူနှင့်မတူသော ဘုရားဖြစ်တော်မူ၍ သာလျှင်။သမော၊ ရှေးဘုရားတို့နှင့်တူတော်မူ၏။လောကေသောပိ၊ဗြဟ္မာဖြစ်ပါလျက်လည်း။နရုတ္တမော၊လူမြတ် ဖြစ်၏။လောကေသောပိ၊လောကကို အစိုးရသော ဘုရားဖြစ်တော်မူ၍ သာလျှင်လည်း။ နရုတ္တမော၊လူမြတ်ဖြစ်တော်မူ၏။သဒ္ဒယောပိ၊ပေးကမ်းတတ်သူ ဖြစ်လျက်လည်း။ပါပေ၊သူ ယုတ်မာ၌။အဒယော၊ပေးကမ်းခြင်းမရှိ။သဒ္ဒယောပိ၊ကရုဏာရှိသော ဘုရားဖြစ်၍ သာလျှင်။ ပါပေ၊မကောင်းမှုအကုသိုလ်၌။အဒယော၊သနားခြင်း ကင်းတော်မူ၏။မုနိနော၊မြတ်စွာဘုရား ၏။အယံဂတိ၊ဤဖြစ်ပုံသည်။စိတ္တာ၊ဆန်းကြယ်လှပါပေ၏။

* **ဝိရောဓိ သိလေသ အလင်္ကာ မည်ပုံ ။ ။** ဆန့်ကျင်ခြင်းရှိသော သိလေသ အလင်္ကာသည် **ဝိရောဓိ သိလေသ အလင်္ကာ** မည်ပါသည်။

**ရှင်းလင်းချက်/** အသမောပိ--စသောပုံစံ၌ တစုံတယောက်သောသူနှင့် မတူသူဖြစ် လျက် တူသောသူရှိပြန်ခြင်း ဗြဟ္မာဖြစ်လျက် မြတ်သောသူဖြစ်ပြန်ခြင်း သနားခြင်းရှိသော သူ ဖြစ်လျက် ယုတ်မာသောသူ၌ သနားခြင်းမှ ကင်းခြင်းများသည် ဆန့်ကျင်ခြင်းရှိသော ကြောင့်ဝင်း၊ အသမ သမ လောကေသ နရုတ္တမ သဒ္ဒယ-အဒယပုဒ်တို့၌ အနက်နှစ်ထပ် ပေးရသောကြောင့်ဝင်း **ဝိရောဓိ သိလေသ အလင်္ကာ** မည်ပါသည်။

*** ဩဓိတျ သမ္မောသကပဒ သိလေသအလင်္ကာ၏ ပုံစံပြ**

၃၀၁။ **သံသာရဒုက္ခော ပဟတာ၊ဝနတာ ဇနတာ တွယိ။**
**သုခ မိစ္ဆိတ မစ္စန္တ်၊အမတန္ဒ ဝိန္ဒတိ။**

http://www.dhammadownload.com



၃၀၁။ အမတန္ဒဒါသုဓာဘုတ်ကိုပေးတတ်သော အရှင်နတ်မင်း။(ဝါ)အမြိုက်နိဗ္ဗာန်ကို ပေးတော်မူတတ်သော မြတ်စွာဘုရား။သံသာရဒုက္ခာ ပဟတာ၊သံသရာဆင်းရဲဖြင့် နှိပ်စက်အပ်သော။ဇနတာ၊လူအပေါင်းသည်။တွယိ၊အရှင်နတ်မင်း၌။(ဝါ)ရှင်တော်ဘုရား၌။ အဝနတာ၊ရိုသေမြတ်နိုး ရှိခိုးသောအားဖြင့် ညွတ်သည်ဖြစ်၍။အစ္ဆန္တံ၊စင်စစ်။ကွန္တိတံ၊အလို ရှိအပ်သော။သုခံ၊ချမ်းသာကို။(ဝါ)နိဗ္ဗာန်ချမ်းသာကို။ဝိန္ဒတိ၊ရ၏။

* ဩဗီတျ သမ္မောသကပဒ သိလေသအလင်္ကာ မည်ပုံ ။ ။ ရှေ့နောက်အားဖြင့် သင့်လျော်သော သိလေသ အလင်္ကာသည် ဩဗီတျ သမ္မောသကပဒ သိလေသအလင်္ကာ မည်ပါသည်။ (ရှင်းလင်းချက်) သုဓာဘုတ်ရှိသော နတ်မင်း အမြိုက်နိဗ္ဗာန်ကို ပေးတော်မူ တတ်သော မြတ်စွာဘုရား၌ ညွတ်သောသူတို့အား အလိုရှိအပ်သော ချမ်းသာကို ခံစားရ ခြင်းသည် ရှေ့နောက်အားဖြင့် သင့်လျော်သောကြောင့်၎င်း၊ အမတန္ဒဒပုဒ် အနက်နှစ်ထပ် ပေးရသောကြောင့်၎င်း ဩဗီတျ သမ္မောသကပဒ သိလေသအလင်္ကာ မည်ပါသည်။

* တုလျယောဂိတာ အလင်္ကာမည်ပုံနှင့် လက္ခဏာပြ

၃၀၂။ ဂုဏယုတ္တေဟိ ဝတ္ထူဟိ၊သမံ ကတွာန ကဿစိ။
သံကိတ္တန် ဘဝတိ ယံ၊သာ မတာ တုလျယောဂိတာ။

၃၀၂။ ဂုဏယုတ္တေဟိ၊ဂုဏ်နှင့် ယှဉ်ကုန်သော။ဝတ္ထူဟိ၊ဝတ္ထုတို့နှင့်။သမံ၊ညီမျှသည် ကို။ကတွာန၊ပြု၍။"ထုတိနိန္ဒတ္ထုံ၊ချီမွမ်းခြင်း,ကဲ့ရဲ့ခြင်း အကျိုးငှာ။"ကဿစိ၊တစုံတယောက် သောသူကို။ယံ သံကိတ္တန်၊အကြောင် ပြောကြားခြင်းသည်။ဘဝတိ၊ဖြစ်၏။သာ သံကိတ္တန ဇာတိ၊ထိုပြောကြားခြင်းကို။တုလျယောဂိတာ၊တုလျယောဂိတာ အလင်္ကာဟူ၍။မတာ၊ သို့အပ်၏။

* တုလျယောဂိတာ အလင်္ကာမည်ပုံ ။ ။ ချီးမွမ်းခြင်း ကဲ့ရဲ့ခြင်းအကျိုးငှာ ဂုဏ် နှင့်ယှဉ်သော ဝတ္ထုနှင့် အတူပြု၍ တစုံတယောက်သောသူကို ချီးမွမ်းခြင်းသည် တုလျ ယောဂိတာ အလင်္ကာ မည်ပါသည်။

* တုလျယောဂိတာ အလင်္ကာ ၂-ပါး ။ ။ ၁။ ထုတိတုလျယောဂိတာ အလင်္ကာ၊ ၂။ နိန္ဒတုလျယောဂိတာ အလင်္ကာတို့ ဖြစ်ပါသည်။

* တုလျယောဂိတာ အလင်္ကာ-၏ ပုံစံပြ

၃၀၃။ သမ္မတ္တ သမ္မဒေါ လောကော၊သမ္မတ္တာလောတ သမ္မဒေါ။
ဥဘောဟိ ရံသိမာလီ စ၊ဘဂဝါစ တမော နုဒေါ။

၃၀၃။ တမောနုဒေါ၊ပကတိသော အမိုက်အမှောင်ကို ပယ်ဖျောက်တတ်သော။ (ဝါ)မောဟတည်းဟူသော အမိုက်အမှောင်ကို ပယ်ဖျောက်တော်မူတတ်သော။ရံသိမာလီစ၊ နေမင်းသည်၎င်း။ဘဂဝါစ၊မြတ်စွာဘုရားသည်၎င်း။ဥဘောဟိ၊နေ,ဘုရားနှစ်ပါးဟို့ကြောင့်။

http://www.dhammadownload.com



လောကော၊သတ္တလောကသည်။သမ္မတ္တ သမ္မဒေါ်၊ရအပ်သော ဝမ်းမြောက်ခြင်းရှိ၏။သမ္မတ္တာ လောက သမ္မဒေါ်၊ရအပ်သော အရောင်အလင်းနှင့် ပြည့်စုံခြင်းရှိ၏။

* **နှမြောသောလင်ကို သစ်စေးပုံးဟု ပြောဆို၏။**

* **နှမြောသော မယားကို ကတ္တရာစေးပုံးဟု ပြောဆို၏။**--ဟူသောစကားများသည် ကပ်စေးခြင်းဂုဏ်နှင့် ယှဉ်သော "သစ်စေးပုံး ကတ္တရာစေးပုံး" နှင့် အတူပြု၍ လင်မယား နှစ်ယောက်ကို ကဲ့ရဲ့ခြင်းကြောင့် နိန္ဒတုလျယောဂိတာ အလင်္ကာ ဖြစ်ပါသည်။

* **သမုဒ် ဗြာဟ္မဏ၊ မင်းမိန်းမဟု၊ အားရဆုံးတိုင်၊ မရှိနိုင်ရိုး၊ ဤလေးမျိုးတွင်။** -- သည် အားရဆုံးတိုင် မရှိနိုင်သော အရာလေးမျိုးကို အတူပြု၍ ဆိုသောကြောင့် တုလျ ယောဂိတာ အလင်္ကာ ဖြစ်ပါသည်။

* ပတ္တမြားငမောက်၊ ငါး ငါးသလောက်။

* ငါးမှာ ငါးသလောက်၊ မယားမှာ ဆံတောက်။

* အသီးတွင် သရက်၊ အရွက်တွင် လဘက်၊ အသားတွင်ဝက်။

* ပြည်တွင် ဗာရာ၊ ပန်းမှာ မုလေး၊ အအေး သီတာ၊ ရေမှာ ဗိုးများ၊ ယောကျ်ားတွင် ပေ, ပရမေ သူရာ၊ မိန်းမမှာကား ကညာဗျိုစင်၊ သီးတွင် သရက်၊ သားတွင် ဝက်ဟူ ဖြစ်မူ ဂဂိ၊ ထူးမြတ်စွာသို့။

* **ရေမရှိကန်၊ ဆန်မဲ့စပါး၊ တရားမဲ့မင်း၊ ခိုးကင်းသည့်မီး၊ ဤလေးသီးကား၊ ချည်းနှီးမျှသာ လူတစီ ကျိုးမရှိဘူး၊**--သည် ရေကန် စပါး မင်း မီး ဤလေးမျိုးတို့ကို ဂုဏ်ရည်တူပြဆိုခြင်းကြောင့် တုလျယောဂိတာအလင်္ကာ ဖြစ်ပါသည်။

* ကုလားနှစ်ယောက် ကွေးကောက်လက်ခြေ၊ မျက်စိစွေစောင်း၊ အကြောင်းယွန်းသွေ၊ ခါးကိုင်း နားထိုင်း၊ ရိုင်းစိုင်းဖြစ်ထွေ၊ ထိုနှစ်ယောက် ခွဲကောက် မပြီးပေ။ (နိန္ဒ တုလျယောဂိတာ အလင်္ကာ ဖြစ်ပါသည်။)

*** နိဒဿန အလင်္ကာ မည်ပုံနှင့် သရုပ်ပြ**

**၃၀၄။ အတ္ထန္တရံ သာဓယတာ၊ကိရိ တံ သဒိသံ ဖလံ၊**
**ဒဿီယတေ အသန္တံ ဝါ၊သန္တံဝါ တံ နိဒဿနံ။**

**၃၀၄။** ယတ္ထ အလင်္ကာရေ၊အကြောင် အလင်္ကာ၌။အတ္ထန္တရံ၊အကျိုးတပါးကို။သာဓယတာ၊ပြီးစေတတ်သော ဝတ္ထုဖြင့်။တံ သဒိသံ၊ထိုအကျိုးနှင့်တူသော။သန္တံဝါ၊အလိုရှိအပ်သည်လည်း ဖြစ်သော။အသန္တံဝါ၊အလိုမရှိအပ်သည်လည်း ဖြစ်သော။ကိရိ၊တစုံတခုသော။ ဖလံ၊အကျိုးကို။ဒဿီယတေ၊ပြအပ်၏။တံ အလင်္ကာရဇာတ်၊ထိုအလင်္ကာသည်။နိဒဿနံ၊ နိဒဿန အလင်္ကာမည်၏။

* **နိဒဿန အလင်္ကာ မည်ပုံ ။ ။** အကျိုးတစ်ပါးကို ပြီးစေတတ်သော ဝတ္ထုဖြင့်

http://www.dhammadownload.com



ထိုအကျိုးနှင့်တူသော တစုံတခုသော အကျိုးကိုပြခြင်းသည် နိဒဿန အလင်္ကာ မည်၏။

* နိဒဿန အလင်္ကာ သရုပ် ။ ။ ၁။ အသန္တဖလ နိဒဿန အလင်္ကာ၊ ၂။ သန္တဖလနိဒဿန အလင်္ကာတို့ ဖြစ်ပါသည်။

*** အသန္တဖလ နိဒဿန အလင်္ကာ၏ ပုံစံပြ**

**၃၀၅။ ဥဒယာ သမဏိန္ဒသ၊ယန္တိ ပါပါ ပရာဘဝံ၊**
**ဓမ္မရာဇ ဝိရူဠှိနံ၊သူစယန္တာ ဒုရန္တတံ၊**

**၃၀၅။** သမဏိန္ဒသ၊ရဟန်းတို့၏ မင်းဖြစ်တော်မူသော မြတ်စွာဘုရား၏။ဥဒယာ၊ ပွင့်တော်မူခြင်းကြောင့်။ပါပါ။မကောင်းမှု အကုသိုလ်တို့သည်။ဓမ္မရာဇ ဝိရူဠှိနံ၊တရားမင်းဘုရားနှင့် ဆန့်ကျင်ဘက်ဖြစ်ကုန်သော သူတို့၏။ဒုရန္တတံ၊ဖောက်ပြန်ပျက်စီးခြင်း ရှိသည်၏ အဖြစ်ကို။သူစယန္တာ၊ပြုကုန်လျက်။ပရာဘဝံ၊ပျက်စီးခြင်းသို့။ယန္တိ၊ရောက်ကုန်၏။

* **အသန္တဖလ နိဒဿန အလင်္ကာမည်ပုံ ။ ။** အလိုမရှိအပ်သော အကျိုးကိုပြခြင်းသည် အသန္တဖလ နိဒဿန အလင်္ကာ မည်ပါသည်။

**ရှင်းလင်းချက်/** ဥဒယာ သမဏိန္ဒသ--စသော ပုံစံ၌ မြတ်စွာဘုရား ပွင့်တော်မူခြင်းသည် မကောင်းမှုတို့၏ ပျက်စီးခြင်းအကျိုး ထိုအကျိုးနှင့်တူသော အလိုမရှိအပ်သော ဘုရားနှင့် ဆန့်ကျင်သောသူတို့၏ ပျက်စီးခြင်းအကျိုးကို ပြတတ်သောကြောင့် အသန္တဖလ နိဒဿန အလင်္ကာ မည်ပါသည်။

*** သန္တဖလ နိဒဿန အလင်္ကာ၏ ပုံစံပြ**

**၃၀၆။ သိရော နိက္ခိတ္တ စရဏော၊ဗ္ဘရိယာနမ္ပဇာနယံ၊**
**ပရမတ္ထတတံ လောကော၊ဝိညာပေတတ္ထနော ဇိနော။**

**၃၀၆။** အယံ ဇိနော၊ဤမြတ်စွာဘုရားသည်။အဗ္ဘရိယာနံ၊အံ့ဩဖွယ် ကောင်းကုန်သော။အမ္မဇာနံ၊ကြာပန်းတို့၏။သိရော နိက္ခိတ္တ စရဏော၊ဦးထိပ်၌ နင်းအပ်သော ခြေတော်အစုံ ရှိတော်မူသည်ဖြစ်၍။လောကော၊သတ္တလောက၌။အတ္တနော၊ကိုယ်တော်၏။ပရမတ္ထတတံ၊ အလွန်အကျူး အထူးအံ့ဩဖွယ်ရှိသည်၏အဖြစ်ကို။ဝိညာပေတိ၊သိစေတော်မူ၏။

* **သန္တဖလ နိဒဿန အလင်္ကာ မည်ပုံ ။ ။** အလိုရှိအပ်သောအကျိုးကို ပြခြင်းသည် သန္တဖလ နိဒဿန အလင်္ကာ မည်ပါသည်။

**ရှင်းလင်းချက်/** သိရော နိက္ခိတ္တ--စသောပုံစံ၌ မြတ်စွာဘုရားသည် အံ့ဩဖွယ်ကောင်းသော ကြာပန်းတို့၏ ထိပ်ထက်၌ ခြေတော်ကိုချခြင်းအကျိုး ထိုအကျိုးနှင့်တူသော အလိုရှိအပ်သော မိမိ၏ အံ့ဩဖွယ်၏အဖြစ်ကို သိစေခြင်းအကျိုးကို ပြတတ်သောကြောင့် သန္တဖလ နိဒဿန အလင်္ကာ မည်ပါသည်။

http://www.dhammadownload.com



*** မဟန္တတ္တ အလင်္ကာ မည်ပုံနှင့် သရုပ်ပြ**

၃၀၇။ **ဝိဘူတိယာ မဟန္တတ္တံ၊အဓိပ္ပါယဿ ဝါ သိယာ။**
**ပရမုက္ကံသတံ ယာတံ၊တံ မဟန္တတ္တ မီရိတံ။**

၃၀၇။ ဝိဘူတိယာ ဝါ၊တန်ခိုးစည်းစိမ်၏ဂုဏ်။အဓိပ္ပါယဿ ဝါ၊အလိုန္ဒလုံးသွင်း၏ ဂုဏ်။ယဲ့ မဟန္တတ္တံ၊အကြင် ကြီးကျယ်ခမ်းနားသည်၏အဖြစ်သည်။ပရမုက္ကံသတံ၊အလွန်အမင်း မြတ်သည်၏အဖြစ်သို့။ယာတံ၊ရောက်သည်။သိယာ၊ဖြစ်ရာ၏။တံ မဟန္တတ္တံ၊ထိုကြီးကျယ် ခမ်းနားသည်၏အဖြစ်ကို။မဟန္တတ္တံ။မဟန္တတ္တ အလင်္ကာဟူ၍။ဤရိတံ၊ဆိုအပ်၏။

*** မဟန္တတ္တ အလင်္ကာ မည်ပုံ ။ ။** တန်ခိုးစည်းစိမ်ချမ်းသာ၏ အလွန်ကြီးကျယ်သည် ၏ အဖြစ်, အလိုဆန္ဒ၏ အလွန်မြတ်သည်၏ အဖြစ်ကို ပြခြင်းသည် **မဟန္တတ္တ အလင်္ကာ** မည်ပါသည်။

*** မဟန္တတ္တ အလင်္ကာ သရုပ် ။ ။** ၁။ ဝိဘူတိ မဟန္တတ္တ အလင်္ကာ၊ ၂။ အဓိပ္ပါယ မဟန္တတ္တ အလင်္ကာတို့ ဖြစ်ပါသည်။

*** ဝိဘူတိ မဟန္တတ္တ အလင်္ကာ၏ ပုံစံပြ**

၃၀၈။ **ကိရိဋ္ဌ ရတနဋ္ဌာယာ၊နုဝိဒ္ဓါတပ ဝါရဏော။**
**ပုရာ ပရံ သိရိ ဝိန္ဒိ၊ဗောဓိသတ္တော ဘိနိက္ခမာ။**

၃၀၈။ ဗောဓိသတ္တော၊ဘုရားအလောင်းတော်သည်။အဘိနိက္ခမာ၊တောထွက်တော်မူသည်မှ။ပုရာ၊ရှေးသိဒ္ဓတ္ထမင်းသား ဖြစ်စဉ်အခါ၌။ကိရိဋ္ဌ ရတနဋ္ဌာယာ နုဝိဒ္ဓါတပ ဝါရဏော၊မကိုဋ်ရတနာရောင်ဖြင့် တပ်ဖွယ်သောထီးဖြူရှိတော်မူသည်ဖြစ်၍။ပရံ၊လွန်ကဲထူးမြတ်သော။သိရိ၊ကြက်သရေကို။ဝိန္ဒိ၊ရတော်မူပြီ။

*** ဝိဘူတိ မဟန္တတ္တ အလင်္ကာ မည်ပုံ ။ ။** တန်ခိုး စည်စိမ်ချမ်းသာ၏ အလွန်ကြီးကျယ်သည်၏ အဖြစ်ကို ပြခြင်းသည် ဝိဘူတိ မဟန္တတ္တ အလင်္ကာ မည်ပါသည်။

**ရှင်းလင်းချက်/ ကိရိဋ္ဌ--**စသော ပုံစံ၌ သိဒ္ဓတ္ထမင်းသား၏ အလွန်ကြီးကျယ်သော တန်ခိုးစည်းစိမ်ကို ပြတတ်သောကြောင့် ဝိဘူတိ မဟန္တတ္တ အလင်္ကာ မည်ပါသည်။

*** အဓိပ္ပါယ မဟန္တတ္တ အလင်္ကာ-၏ ပုံစံပြ**

၃၀၉။ **သတ္တော သမ္မောဓိယံ ဗောဓိ၊သတ္တော သတ္တဟိတာယ သော။**
**ဟိတွာ သွေဟ ရသာ ဗန္ဓု၊မဝိ ရာဟုလ မာတရံ။**

၃၀၉။ သော ဗောဓိသတ္တော၊ထိုဘုရားလောင်းတော်သည်။သွေဟ ရသာ ဗန္ဓု၊ချစ်ခြင်းတည်းဟူသော ရာဂဖြင့် ပြင်းစွာဖွဲ့.အပ်သော။ရာဟုလ မာတရံ အဝိ၊ရာဟုလမယ်တော်ယသော်ဓရာမိဖုရားကိုသော်မှလည်း။ဟိတွာ၊စွန့်တော်မူပြီး၍။သတ္တဟိတာယ၊သတ္တဝါတို့၏ အစီးအပွားအလို့ငှာ။သမ္မောဓိယံ၊သဗ္ဗညုတဉာဏ်တော်၌သာလျှင်။သတ္တော၊ဇြိကပ် တွယ်

http://www.dhammadownload.com



တာ တော်မူ၏။

* **အဓိပ္ပါယ မဟန္တတ္တ အလင်္ကာ မည်ပုံ ။ ။** အလိုဆန္ဒ၏ အလွန်မြတ်သည်၏ အဖြစ်ကို ပြခြင်းသည် အဓိပ္ပါယ မဟန္တတ္တ အလင်္ကာ မည်ပါသည်။

ရှင်းလင်းချက်/ သတ္တော သမ္မောဓိယ --စသော ပုံစံ၌ ဘုရားလောင်း၏ အလွန်ကြီးမြတ်သော အလိုဆန္ဒကို ပြတတ်သောကြောင့် အဓိပ္ပါယ မဟန္တတ္တ အလင်္ကာမည်၏။

* **သဘာဝဝုတ္တိ, အတိသယဝုတ္တိ, မဟန္တတ္တ အလင်္ကာ အထူး ။ ။** သာမညဖြစ်သော သဘောကို တန်ဆာဆင်၍ ဆိုခြင်းသည် သဘာဝဝုတ္တိ အလင်္ကာ မည်၏၊ ထိုထက်လွန်ကဲသော သဘောကို တန်ဆာဆင်၍ ဆိုခြင်းသည် အတိသယဝုတ္တိ အလင်္ကာ မည်၏၊ အလွန်အကျူး အထူးအံ့ဩဘွယ်ကောင်းသော သဘောကို တန်ဆာဆင်၍ ဆိုခြင်းသည် မဟန္တတ္တ အလင်္ကာ မည်ပါသည်။ ဤသို့ ထူးပါသည်။

*** ဝဇ္ဇနာ အလင်္ကာ မည်ပုံနှင့် သရုပ်ပြ**

၃၁၀။ ဂေါပေတွာ ဝဏ္ဏနီယံ ယံ၊ကိဉ္စိ ဒဿီယတေ ပရံ။
အသမံ ဝါ သမံ တဿ၊ယဒိ သာ ဝဇ္ဇနာ မတာ။

၃၁၀။ ယတ္ထ အလင်္ကတိယံ၊အကြင် အလင်္ကာ၌။ဝဏ္ဏနီယံ၊ချီးမွမ်းသင့် ချီးမွမ်းထိုက်သော။ယံကိဉ္စိ၊တစုံတခုသော ဝတ္ထုကို။ဂေါပေတွာ၊ဂုက်၍။တဿ ဝတ္ထုနော၊ထိုဝတ္ထုနှင့်။ သမံ ဝါ၊တူသည်လည်းဖြစ်သော။အသမံ ဝါ၊မတူသည်လည်းဖြစ်သော။ပရံ၊တပါး။သော။ ယံကိဉ္စိ၊တစုံတခုသော ဝတ္ထုကို။ယဒိ ဒဿီယတေ၊အကယ်၍ ပြအပ်သည်ဖြစ်ဘုံ့။သာအလင်္ကတိ၊ထိုအလင်္ကာကို။ဝဇ္ဇနာ၊ဝဇ္ဇနာ အလင်္ကာဟူ၍။မတာ၊သိအပ်၏။

* **ဝဇ္ဇနာ အလင်္ကာ မည်ပုံ ။ ။** ချီးမွမ်းသင့်သော ဝတ္ထုကို ဂုက်၍ ထိုဝတ္ထုနှင့် မတူသည်လည်းဖြစ်, တူသည်လည်းဖြစ်သော တစုံတခုသော ဝတ္ထုကို ချီးမွမ်းခြင်းသည် ဝဇ္ဇနာ အလင်္ကာ မည်ပါသည်။

* **ဝဇ္ဇနာ အလင်္ကာ သရုပ် ။ ။** ၁။ အသမ ဝဇ္ဇနာ အလင်္ကာ၊ ၂။ သမ ဝဇ္ဇနာ အလင်္ကာ တို့ဖြစ်ပါသည်။

*** အသမ ဝဇ္ဇနာ အလင်္ကာ၏ ပုံစံပြ**

၃၁၁။ နု ပုရတော သဟသေသု၊နု ပဠေသုစ တာဒိနော။
မာရော ပရေသု တသေသံ၊သဟသံ ဒဿ ဝဓိတံ။

၃၁၁။ မာရော၊မာရ်နတ်မင်းသည်။တာဒိနော၊တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏။ပုရတော၊ရှေး၌။သဟသေသု၀၊တထောင်သော မြားရှိသောသူသည်လည်း။နု ဟောတိ၊မဖြစ်။ပဠေသု၀၊ငါးစင်းသော မြားရှိသောသူသည်လည်း။နု ဟောတိ၊မဖြစ်။"တဿာပိ၊ထိုသို့ပင် ဖြစ်သော်လည်း။"ပရေသု၊တပါး၊သောသူတို့၌။တဿမာရဿ၊ထို

http://www.dhammadownload.com



မာရ်နတ်မင်း၏။ဧသံကွသူန်၊ထိုမြားတို့၏။ဒသဝဓိတံ၊တဆယ်ဖြင့် မြောက်အပ်သော။ သဟဿံ၊အစင်းတထောင်သည်။ဟောတိ၊ဖြစ်၏။

*** အသမ ဝဠွနာ အလင်္ကာမည်ပုံ ။ ။** ချီးမွမ်းသင့်သောဝတ္ထုကို ဝှက်၍ ထိုဝတ္ထုနှင့် မတူသော တစုံတခုသော်ဝတ္ထုကို ချီးမွမ်းခြင်းသည် **အသမ ဝဠွနာ အလင်္ကာ** မည်ပါသည်။ (ရှင်းလင်းချက်) နပုရတော--စသောပုံစံ၌ ချီးမွမ်းသင့်သော မာရ်နတ်မင်းကို ဝှက်၍ မာရ်နတ်မင်းနှင့်မတူသော မာရ်နတ်မင်း၏ မြားကို ချီးမွမ်းအပ်သောကြောင့် **အသမ ဝဠွနာ အလင်္ကာ** မည်ပါသည်။

*** သမ ဝဠွနာ အလင်္ကာ၏ ပုံစံပြ**

**၃၁၂။ ဝိဝါဒ မနုယုဉ္ဇန္တော၊မုနိန္ဒ ဝဒနိန္ဒုနော။**
**သမ္မုဏ္ဍော စန္ဒိမာ နာယံ၊ဆတ္တ မေတံ မနောဘုနော။**

**၃၁၂။** မုနိန္ဒ ဝဒနိန္ဒုနော၊မြတ်စွာဘုရား၏၊မျက်နှာတော်တည်းဟူသောလဝန်းနှင့်။ ဝိဝါဒ၊ငြင်းခုံခြင်းကို။အနုယုဉ္ဇန္တော၊အားထုတ်သော။သမ္မုဏ္ဍော၊ပြည့်သော။အယံ၊ဤဝတ္ထုသည်။စန္ဒိမာ၊လဝန်းသည်။နု၊မဟုတ်။ဧတံ၊ထိုငြင်းခုံသော ဝတ္ထုသည်။မနောဘုနော၊မာရ်နတ်မင်း၏။ဆတ္တံ၊ထီးဝန်းပေတည်း။

*** သမ ဝဠွနာ အလင်္ကာ မည်ပုံ ။ ။** ချီးမွမ်းသင့်သောဝတ္ထုကို ဝှက်၍ ထိုဝတ္ထုနှင့် တူသော တစုံတခုသော ဝတ္ထုကို ချီးမွမ်းခြင်းသည် **သမ ဝဠွနာ အလင်္ကာ** မည် ပါသည်။

**ရှင်းလင်းချက်/** ဝိဝါဒ မနုယုဉ္ဇန္တော--စသောပုံစံ၌ ချီးမွမ်းသင့်သော လမင်းကို ဝှက် ၍ ထိုလမင်းနှင့်တူသော ကာမုနတ်၏ ထီးဖြူကို ချီးမွမ်းအပ်သောကြောင့် **သမ ဝဠွနာ အလင်္ကာ** မည်ပါသည်။

*** သရူပေါပမာ အလင်္ကာနှင့် သမ ဝဠွနာ အလင်္ကာ အထူး ။ ။** အတူကို ပဓာနထား၍ ဆိုခြင်းသည် သရူပေါပမာ အလင်္ကာ မည်ပါသည်။ ဝှက်၍ ချီးမွမ်းခြင်း ပဓာနထား၍ ဆိုခြင်းသည် **သမ ဝဠွနာ အလင်္ကာ** မည်ပါသည်။ ဤသို့ ထူးပါသည်။

*** အပွကတတ္ထုတိ အလင်္ကာမည်ပုံနှင့် လက္ခဏာပြ**

**၃၁၃။ ပရာနုဝတ္တနာဒီဟိ၊နိဒ္ဒိဋ္ဌေနိဟ ယာ ကတာ။**
**ထုတိရပွကတေ သာယံ၊သိယာ အပွကတတ္ထုတိ။**

**၃၁၃။** ပရာနုဝတ္တနာဒီဟိ၊မင်းစသော သူတပါးတို့၏ အလိုသို့လိုက်ရခြင်း စသည်တို့ကြောင့်။နိဒ္ဒိဋ္ဌေန၊ပြီးငွေ့သောမှုမတ်အစရှိသောသူသည်။အပွကတေ၊မရအပ်သောအရာ၌။(ဝါ)မပြုမလုပ်နိုင်သောအရာ၌။ကွဟ ဝတ္ထုမှိုဏ်တစုံတခုသော ဝတ္ထု၌။ယာ ထုတိ၊အကြောင်ချီးမွမ်းခြင်းကို။ကတာ၊ပြုအပ်၏။သာ အယံ ထုတိ၊ထိုချီးမွမ်းခြင်းသည်။အပွက တတ္ထုတိ၊ အပွကတတ္ထုတိ အလင်္ကာမည်သည်။သိယာ၊ဖြစ်ရာ၏။

http://www.dhammadownload.com



* **အပွကတတ္ထုတိ အလက်ာ မည်ပုံ။။** မပြုလုပ်နိုင်သောအရာ၌ ဆီးမွမ်းခြင်းသည် **အပွကတတ္ထုတိ အလက်ာ** မည်ပါသည်။ (ဤပါထာ၌) သူတစ်ပါးအလိုသို့ လိုက်ခြင်းစသည်တို့ကြောင့် မိမိ၏အဖြစ်၌ ငြိုးငွေ့ခြင်းရှိသောသူသည် မချီးမွမ်းလောက်သော ဝတ္ထုကို ချီးမွမ်းခြင်းသည် **အပွကတတ္ထုတိ အလက်ာ** မည်ပါသည်။

*** အပွကတတ္ထုတိ အလက်ာ၏ ပုံစံပြ**

၃၁၄။ **သုခံ ဇီဝန္တိ ဟရီဏာ၊ဝနေသု ပရသေဝိနော၊**
**အနာယာသော ပလာဘေတိ၊ဇလ ဒဗ္ဗတ္ထံရာဒိဘိ။**

၃၁၄။ အပရ သေဝိနော၊သူတပါး၊ကိုမမှီမူ၍ အသက်မွေးတတ်ကုန်သော။ဟရိဏာ၊သမင်တို့သည်။ဝနေသု၊တောတို့၌။အနာယာသော ပလာဘေတိ၊မပင်မပန်း ရအပ်ကုန်သော။ဇလဒဗ္ဗတ္ထံရာဒိဘိ၊ရေနေဇာမြက်ညွှန့်စသည်တို့ဖြင့်။သုခံ၊ချမ်းသာစွာ။ဇီဝန္တိ၊အသက်ရှင်နေကြကုန်၏။

*** ဧကာဝဋ္ဋိ အလက်ာ မည်ပုံနှင့် လက္ခဏာပြ**

၃၁၅။ **ဥတ္တရံ ဥတ္တရံ ယတ္ထ၊ပုဗ္ဗပုဗ္ဗဝိသေသနံ၊**
**သိယာ ဧကာဝဋ္ဋိ သာယံ၊ဒွိဓာ ဝိဓိ နိသေဓတော။**

၃၁၅။ ယတ္ထ ဝုတ္တိယံ၊အကြင် အလက်ာ၌။ဥတ္တရံ ဥတ္တရံ၊နောက်နောက်သော ပုဒ်သည်။ပုဗ္ဗပုဗ္ဗဝိသေသနံ၊ရှေးရှေးသောပုဒ်၏ ဝိသေသနသည်။ဟောတိ၊ဖြစ်၏။သာအယံ ဝုတ္တိ၊ထိုအလက်ာသည်။ဧကာဝဋ္ဋိ၊ဧကာဝဋ္ဋိအလက်ာမည်သည်။သိယာ၊ဖြစ်၏။အယံ ဧကာဝဋ္ဋိ၊ဤဧကာဝဋ္ဋိအလက်ာသည်။ဝိဓိ နိသေဓတော၊စီရင်ခြင်း၊မြစ်ခြင်းအားဖြင့်။ဒွိဓာ၊ နှစ်ပါးအပြားရှိ၏။

*** ဧကာဝဋ္ဋိ အလက်ာ မည်ပုံ။။** နောက်နောက်သောပုဒ်သည် ရှေးရှေးသောပုဒ်၏ ဝိသေသနဖြစ်ခြင်းသည် **ဧကာဝဋ္ဋိ အလက်ာ** မည်ပါသည်။

*** ဧကာဝဋ္ဋိ အလက်ာ ၂-ပါး။။** ၁။ ဝိဓိ ဧကာဝဋ္ဋိ အလက်ာ၊ ၂။ နိသေဓ ဧကာဝဋ္ဋိ အလက်ာတို့ ဖြစ်ပါသည်။

*** ဝိဓိ ဧကာဝဋ္ဋိ အလက်ာ၏ ပုံစံပြ**

၃၁၆။ **ပါဒါ နခါဋ္ဌိရူဓိရာ၊နခါဋ္ဌိ ရံသိဘာသုရာ။**
**ရံသီ တမော ပဟာနေက၊ရသာ သောဘန္တိ သတ္ထုနော၊**

၃၁၆။ သတ္ထုနော၊မြတ်စွာဘုရား၏။ပါဒါ။ခြေတော်တို့သည်။နခါဋ္ဌိရူဓိရာ၊ခြေသည်းတော်အစဉ်ဖြင့် နှစ်သက်ဖွယ်ရှိကုန်သည်ဖြစ်၍။သောဘန္တိ၊တင့်တယ်ကုန်၏။နခါဋ္ဌိ၊ခြေသည်းတော် အစဉ်တို့သည်။ရံသိဘာသုရာ၊အရောင်တို့ဖြင့် တောက်ပကုန်သည်ဖြစ်၍။သောဘန္တိ၊တင့်တယ်ကုန်၏။ရံသီ၊အရောင်တို့သည်။တမောပဟာနေကရသာ၊အမိုက်အမှောင်ကို ပယ်

http://www.dhammadownload.com



ခြင်းတည်းဟူသော တခုသော ကိစ္စရှိကုန်သည်ဖြစ်၍။သောဘန္တိ၊တင့်တယ်ကုန်၏။

* **ဝိဓိ ဧကာဝဠိ အလင်္ကာ မည်ပုံ ။ ။** နောက်နောက်သောပုဒ်သည် ရှေးရှေးသော ပုဒ်၏ ဝိသေသန အဖြစ်ဖြင့် စီရင်ခြင်းသည် ဝိဓိ ဧကာဝဠိ အလင်္ကာ မည်ပါသည်။

*** နိသေဓ ဧကာဝဠိ အလင်္ကာ၏ ပုံစံပြ**

**၃၁၇။ အသန္တဋ္ဌော ယတိ နေဝ၊သန္တော်သော နာလယာဟတော။**
**နာလယော ယော သ ဇန္တုနံ၊နာနုဿ ဗျသနာဝဟော။**

**၃၁၇။** အသန္တဋ္ဌော၊တဆယ့်နှစ်ပါးသော သန္တောသဖြင့် မရောင့်ရဲသောသူသည်။ ယတိ၊ရဟန်းသည်။နေဝ ဟောတိ၊မဖြစ်။အာလယာဟတော၊အလိုရမှက်ဖြင့် နှိပ်စက်အပ်သူသည်။ သန္တောသော၊ရောင့်ရဲသူမည်သည်။နဟောတိ၊မဖြစ်။ယော သဘာဝေါ၊ အကြင်သဘောတရား သည်။ဇန္တုနံ၊သတ္တဝါတို့၏။အနုဿ ဗျသနာဝဟော၊အဆုံးမရှိသော ပျက်စီးခြင်းကိုဆောက်တတ်သည်။နဟောတိ၊မဖြစ်။သ-သော သဘာဝေါ၊ထိုသဘောတရား သည်။အာလယော၊အာလယမည်သည်။နဟောတိ၊မဖြစ်။

* **နိသေဓ ဧကာဝဠိ အလင်္ကာ မည်ပုံ ။ ။** ပဋိသေဓပုဒ်ပါရှိသော နောက်နောက် သောပုဒ်သည် ရှေးရှေးသောပုဒ်၏ ဝိသေသနဖြစ်ခြင်းသည် နိသေဓ ဧကာဝဠိ အလင်္ကာ မည်ပါသည်။

*** အညမည ဝိဘူသန အလင်္ကာမည်ပုံနှင့် လက္ခဏာပြ**

**၃၁၈။ ယဟိ ဘူသိယ ဘူသတ္ထံ၊အညမညံတု ဝတ္ထုနံ။**
**ဝိနာဝ သဒိသတ္ထံ တံ၊အညမည ဝိဘူသနံ။**

**၃၁၈။** ယဟိ ဝိဘူသနေ၊အကြင် အလင်္ကာ၌။ဝတ္ထုနံ၊ဝတ္ထုတို့၏။သဒိသတ္ထံ၊တူသည်၏အဖြစ်ကို။ဝိနာဝ၊ကြဉ်၍ သာလျှင်။ဝတ္ထုနံ၊ဝတ္ထုတို့၏။အညမညံတု၊အချင်းချင်း။ဘူသိယ ဘူသတ္ထံ၊တန်ဆာဆင်အပ်,တန်ဆာဆင်တတ်သည်၏အဖြစ်သည်။ဟောတိ၊ဖြစ်၏။တံ ဝိဘူသနံ၊ထိုအလင်္ကာသည်။အညမည ဝိဘူသနံ၊အညမညဝိဘူသန အလင်္ကာမည်၏။

* **အညမည ဝိဘူသန အလင်္ကာ မည်ပုံ ။ ။** တစ်ခုနှင့်တစ်ခု မတူသော်လည်း အချင်းချင်း တန်ဆာဆင်အပ်, တန်ဆာဆင်တတ်သည်၏ အဖြစ်သည် အညမည ဝိဘူသန အလင်္ကာ မည်ပါသည်။

*** အညမည ဝိဘူသန အလင်္ကာ၏ ပုံစံပြ**

**၃၁၉။ ဗျာမံသုမဇ္ဈာလံ တေန၊မုနိနာ လောကဗန္ဓုနာ။**
**မဟန္တိ ဝိန္ဒတိ ကန္တိ၊သောဝိ တေနေဝ တာဒိသိ။**

**၃၁၉။** ဗျာမံသုမဇ္ဈာလံ၊အတောင် ၈၀-မျှသော အရပ်သို့ တခဲနက်ထွက်သော ရောင်ခြည်တော်ဝန်းသည်။လောကဗန္ဓုနာ၊လောက၏ အဆွေဖြစ်တော်မူသော။တေနမုနိ

http://www.dhammadownload.com



နာ၊ထိုမြတ်စွာဘုရားကြောင့်။မဟန္တိ၊ကြီးစွာသော။ကန္တိ၊တင့်တယ်ခြင်းကို။ဝိနွတိ၊ရ၏။သောဝိမုနိ၊ ထိုမြတ်စွာဘုရားသည်လည်း။တေနေဝ ဗျာမံသုမဏ္ဍာလေန၊ထိုအတောင် ၈၀-မျှသော အရပ်သို့ တခဲနက်ထွက်သော ရောင်ခြည်တော်ဝန်းကြောင့်သာလျှင်။တာဒိသိ၊ထိုသို့သဘောရှိသော။မဟန္တိ၊ကြီးကျယ်မြင့်မြတ်သော။ကန္တိ၊တင့်တယ်ခြင်းကို။ဝိနွတိ၊ရတော်မူ၏။

* ရေအိုင်သည် ပဒုမ္မာကြာတို့ဖြင့် တင့်တယ်၏။ ပဒုမ္မာကြာတို့သည်လည်း ရေအိုင်ဖြင့်ပင် တင့်တယ်၏။

* စာချဆရာသည် စာသင်သားတို့ဖြင့် ကြီးပွားတင့်တယ်၏၊ စာသင်သားတို့သည်လည်း စာချဆရာဖြင့်ပင် ကြီးပွားတင့်တယ်ကြရပေ၏။

* ကျီးက ဘုတ်ရိုသေ၊ ဘုတ်က ကျီး ရိုသေ။

* ကိုင်းကျွန်းမှိ၊ ကျွန်းကိုင်းမှိ---တို့သည် ဥပမာန ဥပမေယျ မဟုတ်ဘဲ အချင်းချင်း အပြ, ာလှန် တန်ဆာဆင်သောကြောင့် အညမညဝိဘူသန အလင်္ကာ ဖြစ်ပါသည်။

*** သဟဝုတ္တိ အလင်္ကာမည်ပုံနှင့် သရုပ်ပြ**

**၃၂၀။ ကထနံ သဟ ဘာဝဿ၊ကြိယာယစ ဝုဏဿစ။**
**သဟဝုတ္တိတိ ဝိညေယျံ၊တ ဒုဒါဟရဏံ ယထာ။**

၃၂၀။ ကြိယာယစ၊ကြိယာ၏၎င်း။ဝုဏဿစ၊ဝုဏ်၏၎င်း။သဟဘာဝဿ၊တကွဖြစ်သည်၏ အဖြစ်ကို။ကထနံ၊ဆိုခြင်းကို။သဟဝုတ္တိတိ၊သဟဝုတ္တိ အလင်္ကာဟူ၍။ဝိညေယျံ၊ သိအပ်၏။တဒုဒါဟရဏံ၊ထိုသဟဝုတ္တိ အလင်္ကာ၏ ဥဒါဟရဏ်သည်။ယထာဇေဝါဠျာဆိုအပ်လတ္တံ့,သောနည်းဖြင့်။ဟောတိ၊ဖြစ်၏။

* သဟဝုတ္တိ အလင်္ကာ မည်ပုံ ။ ။ ကြိယာအချင်းချင်း ဝုဏ်အချင်းချင်း အတူတကွဖြစ်ခြင်းကို ဆိုခြင်းသည် သဟဝုတ္တိ အလင်္ကာ မည်ပါသည်။

* သဟဝုတ္တိ အလင်္ကာ ၂-ပါး ။ ။၁။ကြိယာ သဟဝုတ္တိ အလင်္ကာ၊ ၂။ ဝုဏ သဟဝုတ္တိ အလင်္ကာတို့ ဖြစ်ပါသည်။

*** ကြိယာ သဟဝုတ္တိ အလင်္ကာ၏ ပုံစံပြ**

**၃၂၁။ ဇလန္တိ စန္ဒရံသီဟိ၊သမံ သတ္တူ နခံသဝေါ။**
**ဝိဇမ္ဘတိ စ စန္ဒေန၊သမံ တံ မုခစန္ဒိမာ။**

၃၂၁။ သတ္တူ၊မြတ်စွာဘုရား၏။နခံသဝေါ၊ခြေသည်းတော်ရောင်တို့သည်။စန္ဒရံသီဟိ၊လရောင်တို့နှင့်။သမံ၊အတူတကွ။ဇလန္တိ၊တောက်ပကုန်၏။တံ၊မုခစန္ဒိမာစ၊ထိုမြတ်စွာဘုရား၏ မျက်နှာတော်တည်းဟူသော လပြည့်ဝန်းသည်လည်း။စန္ဒေန၊လမင်းနှင့်။သမံ၊အတူတကွ။ ဝိဇမ္ဘတိ၊ကွန့်မြူးစံပယ် တင့်တယ်တော်မူ၏။

* ကြိယာ သဟဝုတ္တိ အလင်္ကာ မည်ပုံ ။ ။ ကြိယာ အချင်းချင်း အတူတကွ

http://www.dhammadownload.com



ဖြစ်ခြင်းကို ဆိုခြင်းသည် ကြိယာ သဟဝုတ္တိ အလင်္ကာ မည်ပါသည်။

**ရှင်းလင်းချက်/** ဇလန္ဓိ--စသောပုံစံ၌ ခြေသည်းတော်ရောင်နှင့် လရောင်တို့၏ တောက်ပခြင်းကြိယာ, မျက်နှာတော်နှင့် လမင်းတို့၏ တင့်တယ်ခြင်းကြိယာကို အတူတကွပြု၍ ဆိုခြင်းကြောင့် ကြိယာ သဟဝုတ္တိ အလင်္ကာ မည်ပါသည်။

*** ဝုဏ္ဏ သဟဝုတ္တိ အလင်္ကာ-၏ ပုံစံပြ**

၃၂၂။ **ဇိနောဒယေန မလီနံ၊သဟ ဒုဇ္ဇန စေတသာ။**
**ပါပံ ဒိသာ သုဝိမလာ၊သဟ သဇ္ဇန စေတသာ။**

၃၂၂။ ဇိနောဒယေန၊မြတ်စွာဘုရား၏ ပွင့်ထွန်းတော် မူခြင်းကြောင့်။ပါပံ၊ မကောင်းမှုသည်။ဒုဇ္ဇန စေတသာ၊သူယုတ်မာတို့၏စိတ်နှင့်။သဟ၊တကွ။မလီနံ၊ညစ်နွမ်းဇ၏။ ဇိနောဒယေန၊မြတ်စွာဘုရား၏ ပွင့်ထွန်းတော်မူခြင်းကြောင့်။ဒိသာ၊အရပ်မျက်နှာတို့သည်။ သဇ္ဇန စေတသာ၊သူတော်ကောင်းတို့၏စိတ်နှင့်။သဟ၊တကွ။သုဝိမလာ၊အလွန်သန့်ရှင်းစင် ကြယ်ကုန်၏။

*** ဝုဏ္ဏ သဟဝုတ္တိ အလင်္ကာ မည်ပုံ။။** ဝုဏ်အချင်းချင်း အတူတကွပြု၍ ဆိုခြင်း သည် ဝုဏ္ဏ သဟဝုတ္တိ အလင်္ကာ မည်ပါသည်။ (ရှင်းလင်းချက်) ဇိနောဒယေန--စသော ပုံစံ၌ သူယုတ်မာတို့၏ စိတ်နှင့် မကောင်းမှုအကုသိုလ်တို့၏ ညစ်နွမ်းခြင်းဝုဏ်, သူတော် ကောင်းတို့၏စိတ်နှင့် အရပ်ဆယ်မျက်နှာတို့၏ သန့်ရှင်းခြင်းဝုဏ်ကို အတူပြု၍ ဆိုခြင်း ကြောင့် ဝုဏ္ဏ သဟဝုတ္တိ အလင်္ကာ မည်ပါသည်။

*** ဝိရောဓိတာ အလင်္ကာ မည်ပုံနှင့် လက္ခဏာပြ**

၃၂၃။ **ဝိရောဓီနံ ပဒတ္ထာနံ၊ယတ္ထ သံသဂ္ဂ ဒဿနံ။**
**သမုတ္ထံသာ ဘိဓာနတ္ထံ၊မတာ သာယံ ဝိရောဓိတာ။**

၃၂၃။ ယတ္ထဝုတ္တိယံ၊အကြောင်အလင်္ကာ၌။သမုတ္ထံသာ ဘိဓာနတ္ထံ၊ဆိုးမွမ်းအပ်သော ဝတ္ထု၏ လွန်ကဲသည်၏အဖြစ်ကိုပြခြင်းငှာ။ဝိရောဓီနံ၊ဆန့်ကျင်ခြင်း ရှိကုန်သော။ပဒတ္ထာနံ၊ ပုဒ်နက်တို့၏။(ဝါ)ဇာတ်,ဝုဏ်,ကြိယာတို့၏။သံသဂ္ဂ ဒဿနံ၊နှီးနှောခြင်းကို ပြခြင်းသည်။ ဟောတိ၊ဖြစ်၏။သာ အယံ ဝုတ္တိ၊ထိုအလင်္ကာကို။ဝိရောဓိတာ၊ဝိရောဓိတာ အလင်္ကာဟူ၍။ မတာ၊သိအပ်၏။

*** ဝိရောဓိတာ အလင်္ကာ မည်ပုံ။။** တစုံတခုသော ဝတ္ထု၏ လွန်ကဲသည်၏အဖြစ် ကို ပြခြင်းအကျိုးငှာ ဆန့်ကျင်သောဝတ္ထုတို့ကို ရောနှော၍ ပြခြင်းသည် ဝိရောဓိတာ အလင်္ကာ မည်ပါသည်။ (ရှင်းလင်းပုံ အောက်ဂါထာကြည့်)

*** ဝိရောဓိတာ အလင်္ကာ-၏ ပုံစံပြ**

၃၂၄။ ဝုဏာ သဘာဝ မခုရာ၊အပိ လောကေက ဗန္ဓုနော။

http://www.dhammadownload.com



**သေဝိတာ ပါပသေဝီနံ၊သမ္ပဒူသေန္တိ မာနသံ။**

၃၂၄။ လောကေက ဗန္ဓုနော၊လောက၏ အဆွေတော်ကြီးတဆူတည်းဖြစ်တော်မူသော မြတ်စွာဘုရား၏။သဘာဝ မဓုရာ အပါ၊သဘောအားဖြင့် ကောင်းမြတ်သည်လည်းဖြစ်ကုန်သော။ဂုဏာ၊အရဟံ အစရှိသောဂုဏ်တော်တို့သည်။ပါပသေဝီဟိ၊မကောင်းမှုကို မှီဝဲသောသူတို့သည်။သေဝိတာ၊မှီဝဲအပ်ကုန်သည်ရှိသော်။ပါပသေဝီနံ၊မကောင်းမှုကို မှီဝဲသောသူတို့၏။မာနသံ၊စိတ်ကို။သမ္ပဒူသေန္တိ၊အလွန် ဖျက်ဆီးတတ်ကုန်၏။

* ဝိရောဓိတာ အလင်္ကာ မည်ပုံ ။ ။ ဂုဏာ သဘာဝ မဓုရာ--စသောပုံစံ၌ မြတ်စွာဘုရားဂုဏ်တော်၏ လွန်ကဲသည်၏အဖြစ်ကို ပြခြင်းအကျိုးငှာ ဆန့်ကျင်ဘက်ဖြစ်သော ကောင်းမြတ်သောဂုဏ် ပျက်စီးခြင်းကြိယာတို့ကို ရောနှောလျှဲ ပြခြင်းကြောင့် ဝိရောဓိတာ အလင်္ကာ မည်ပါသည်။

* မယားမမက် အသက်ရှည် မယားမက်တ အသက်သေ---ဟူသော စကားသည် အသက်ရှည်ခြင်းဂုဏ်နှင့် အသက်သေခြင်းကြိယာသည် ဆန့်ကျင်၏၊ ထို့တွင် အသက်ရှည်ခြင်း၏ မယား မမက်ခြင်းဂုဏ် လွန်ကဲသည်ကို ပြခြင်းငှာ ဆန့်ကျင်ဘက်နှစ်ခုကို ရောနှောလျှဲ ပြခြင်းကြောင့် ဝိရောဓိတာ အလင်္ကာ ဖြစ်ပါသည်။

*** ပရိဝုတ္တိ အလင်္ကာ မည်ပုံနှင့် လက္ခဏာပြ**

၃၂၅။ **ယဿ တဿစိ ဒါနေန၊ယဿ ကဿစိ ဝတ္ထုနော။**
**ဝိသိဋ္ဌဿ ယ မာဒါန်၊ပရိဝုတ္တိတိ သာ မတာ။**

၃၂၅။ ယဿကဿစိ၊တစုံတခုသော။ဝတ္ထုနော၊ဝတ္ထုကို။ယဿကဿစိ၊တစုံတယောက် ခံယူတတ်သော ပုဂ္ဂိလ်အား။ဒါနေန၊ပေးခြင်းကြောင့်။ဝိသိဋ္ဌဿ၊ပေးသည်ထက် ထူးကဲလွန်မြတ်သော။ဝတ္ထုနော၊ဝတ္ထုကို။ယံ အာဒါန်၊အကြင်ယူခြင်းသည်။အတ္ထိ၊ရှိ၏။သာ အာဒါန ဇာတိ၊ထိုပေးခြင်း၊ယူခြင်းကို။ပရိဝုတ္တိတိ၊ပရိဝုတ္တိ အလင်္ကာဟူ၍။မတာ၊သိအပ်၏။

* ပရိဝုတ္တိ အလင်္ကာ မည်ပုံ ။ ။ တစုံတခုသော ဝတ္ထုကို ပေး၍ ထူးသောဝတ္ထုကို ယူခြင်းသည် ပရိဝုတ္တိ အလင်္ကာ မည်ပါသည်။ (ရှင်းလင်းပုံ အောက်ဂါထာကြည့်)

* သမီးပေးမှ သားမက်ရ--ဟူသော စကားသည် သမီးကိုပေး၍ သားမက်ကို ယူခြင်းကြောင့် ပရိဝုတ္တိ အလင်္ကာ ဖြစ်ပါသည်။

* ဆန်ပေးမှ သီချင်းဆို--ဟူသော စကားသည် သီချင်းဆို၍ ဆန်ကို ယူခြင်းကြောင့် ပရိဝုတ္တိ အလင်္ကာ ဖြစ်ပါသည်။

* ဗျာပါဆံတစ်ခါ လင်တစ်ရာ--ဟူသော စကားသည် ယောကျ်ားများနှစ်သက်အပ်သော ဗျာပါဆံ, ဆံတောက်ကို တစ်ချက်ခါ၍ လင်တစ်ရာကို ယူခြင်းကြောင့် ပရိဝုတ္တိ အလင်္ကာ ဖြစ်ပါသည်။

http://www.dhammadownload.com



* ရိုက်နှက်ပုတ်ခတ်ခြင်းကို ပေးလျက် သူတစ်ပါးတို့ ကြောမြင့်စွာ စုဆောင်းထားသော ပစ္စည်းဥစ္စာကို ယူလေပြီ။

* ဆွေးမြေ့, ပူပန်မှုသဘောရှိသော ခန္ဓာကိုယ်တည်းဟူသော ပစ္စည်းဖြင့် ဆွေးမြေ့ပူပန်ခြင်း မရှိသော နိဗ္ဗာန်ကို အရယူပြီ။

* ဆန်ပေးမှ ဆီရ။

* ရော့- ပတ္တမြား ရော့- နဂါး။

*** ပရိဝုတ္ထိ အလင်္ကာ-၏ ပုံစံပြ**

**၃၂၆။ ပုရာ ပရေသံ ဒတ္တွာန၊မနုညံ နယနာဒိကံ၊**
**မုနိနာ သမနုပ္ပတ္ထာ၊ဒါနိ သဗ္ဗညုတာ သိရီ၊**

၃၂၆။ မုနိန္ဒ၊ရှင်တော်ဘုရား။မုနိနာ၊ရှင်တော်ဘုရားသည်။ပုရာ၊ရှေးဘဝခါ၌။ပရေသံ၊သူတပါး၊တို့ဘား။မနုညံ၊ခွန်သက်ဖွယ်သော။နယနာဒိကံ၊မျက်လုံးတော်စသောဝတ္ထုကို။ ဒတ္တွာန၊ပေးလှူပြီး၍။ဒါနိ၊ယခုဘဝခါ၌။သဗ္ဗညုတသိရီ၊သဗ္ဗညုတဉာဏ်တော်တည်းဟူသော ကြက်သရေတော်ကို။သမနုပ္ပတ္ထာ၊ကောင်းစွာရတော်မူဘဝ်ပြီ။

*** ပရိဝုတ္ထိ အလင်္ကာ မည်ပုံ ။ ။** ပုရာ ပရေသံ--စသောပုံစံ၌ မျက်လုံးတော်တည်းဟူသော တစုံတခုသော ဝတ္ထုကိုပေး၍ ထူးသော သဗ္ဗညုတဉာဏ်တော်ကို ယူခြင်းကြောင့် ပရိဝုတ္ထိ အလင်္ကာ မည်ပါသည်။

*** ဘမ အလင်္ကာ မည်ပုံနှင့် လက္ခဏာပြ**

**၃၂၇။ ကိဠိ ဗိသွာန ဝိညာတာ၊ပဋိပတ္တိ တံ သမံ၊**
**သံသယာပ ဂတံ ဝတ္ထုံ၊ယတ္ထ သောယံ ဘမော မတော၊**

၃၂၇။ ယတ္ထ အလင်္ကာရေ၊အကြောင် အလင်္ကာ၌။ဝိညာတာ၊သိတတ်သောသူသည် ကိဠိ၊တစုံတခုသော။ဝတ္ထုံ၊ဝတ္ထုကို။ဗိသွာန၊မြင်သောကြောင့်။တံ သမံ၊ထိုမြင်သောဝတ္ထုနှင့် တူသော တပါး၊သောဝတ္ထုကို။သံသယာပဂတံ၊ယုံမှားခြင်း ကင်းသည်ကို။ကတွာ၊ပြု၍။ပဋိပတ္တိ၊သို့၏။သောအယံ အလင်္ကာရော၊ထိုအလင်္ကာကို။ဘမော၊ဘမအလင်္ကာဟူ၍။ မတော၊သိအပ်၏။

*** ဘမ အလင်္ကာ မည်ပုံ ။ ။** တစုံတခုသော ဝတ္ထုကိုမြင်၍ ထိုဝတ္ထုနှင့်တူသော တစုံတခုသော ဝတ္ထုကို မှတ်ထင်ခြင်းသည် ဘမ အလင်္ကာ မည်ပါသည်။

*** ဘမ အလင်္ကာ-၏ ပုံစံပြ**

**၃၂၈။ သမံ ဗိသာသုဇ္ဈလာသု၊ဇိန ပါဒ နခံသုနာ၊**
**ပဿန္တာ အဘိနန္ဒန္တိ၊စန္ဒာတပမနာ ဇနာ၊**

၃၂၈။ ဇိနပါဒ နခံသနာ၊မြတ်စာဘာဂ၏ ခြေသည်းတော်ရောင်ခြည်။သမံ၊အတ

http://www.dhammadownload.com



အမျှ။ဒိသာ၊အရပ်မျက်နှာတို့သည်။ဥဇ္ဈလာသူ၊တောက်ပကုန်သည်ရှိသော်။"တာ ဥဇ္ဈလာဒိသာ၊ထိုတောက်ပသော အရပ်မျက်နှာတို့ကို။"ပဿန္တာ၊မြင်ကြကုန်သော။ဇနာ၊လူတို့သည်။ စန္ဒာတပမနာ၊လရောင်ဟုမှတ်ထင်သောစိတ် ရှိကြကုန်သည်ဖြစ်၍။အဘိနန္ဒန္တိ၊အလွန်ဝမ်းမြောက်ကြကုန်၏။

* သမံ ဒိသာသုဇ္ဈလာသု--စသောပုံစံ၌ ခြေသည်းတော်ကို လ, ရောင်ဟု မှတ်ထင်ခြင်းကြောင့် ဘမ အလင်္ကာ ဖြစ်ပါသည်။

* ဌက်မသိက ဆက်ရက် ချိုးထင်။

* အချက်မသိက သားမက် သွဲ့ဦးထင်။

* အဆက်မသိက လက် အကျိုးထင်။--တို့သည် ဘမ အလင်္ကာ ဖြစ်ပါသည်။

### * ဘာဝ အလင်္ကာ မည်ပုံနှင့် လက္ခဏာပြ

၃၂၉။ **ပဝုစ္စတေ ယံ နာမဒိ၊ကဝိနံ ဘာဝ တောဓနံ။**
**ယေန ကေနစိ ဝဏ္ဏေန၊ကာဂေါနာမာယ မိရိတော။**

၃၂၉။ ကဝိနံ၊ပညာရှိတို့၏။ဘာဝတောဓနံ၊အလိုကိုသိစေတတ်သော။ယံ နာမဒိ၊အကြင် နာမ်ပုဒ် အစရှိသည်ကို။ယေန ကေနစိ ဝဏ္ဏေန၊တစုံတခုသော အခြင်းအရာအားဖြင့်။ပဝုစ္စတေ၊ဆိုအပ်၏။အယံ အလင်္ကာရော၊ဤအလင်္ကာကို။ဘာဝေါနာမ၊ဘာဝအလင်္ကာဟူ၍။ဤရိတော၊ဆိုအပ်၏။

* ဘာဝ အလင်္ကာ မည်ပုံ ။ ။ တစုံတခုသော အခြင်းအရာအားဖြင့် ပညာရှိတို့၏ အလိုကို သိစေတတ်သော နာမ်ပုဒ်, ဝိသေသနပုဒ်, အာချာတ်ပုဒ် စသည်ကို ဆိုခြင်းသည် ဘာဝ အလင်္ကာ မည်ပါသည်။

* ဂါထာစီကုံး အန္ဓန်းအဖွဲ့တို့၏ အသက်သဖွယ်ဖြစ်သော အလင်္ကာ ဘာဝ အလင်္ကာ ဖြစ်ပါသည်။

### * ဘာဝ အလင်္ကာ-၏ ပုံစံပြ

၃၃၀။ **နနု တေယေဝ သန္တာ နော၊သာဝရာ နု ကုလာစလာ။**
**မနမွိ မရိယာဒံ ယေ၊သံဝဋ္ဋေဝိ ဇဟန္တိ နော။**

၃၃၀။ ယေ သမုဒ္ဒါ၊အကြင် သမုဒ္ဒြာတို့သည်။သံဝဋ္ဋေကမ္ဟာပျက်သော အခါ၌။ အတ္တာနော၊မိမိ၏။မရိယာဒံ၊သမုဒ္ဒြာဟူသော အပိုင်းအခြားကို။ဇဟန္တိ၊စွန့်ကုန်၏။တေ သမုဒ္ဒါ၊ ထိုပကတိသော သမုဒ္ဒြာတို့သည်။နော သာဝရာ၊သမုဒ္ဒြာအစစ် မမည်ကုန်။ယေ ပဗ္ဗတာ၊ အကြင် တောင်စဉ်တို့သည်။သံဝဋ္ဋေကမ္ဟာပျက်သော အခါ၌။အတ္တာနော၊မိမိ၏။မရိယာဒံ၊ အပိုင်းအခြားကို။ဇဟန္တိ၊စွန့်ကုန်၏။တေ ပဗ္ဗတာ၊ထိုတောင်စဉ်တို့သည်။နု ကုလာစလာ၊ တောင်စဉ်အစစ် မမည်ကုန်။ယေ သန္တာ၊အကြင် သူတော်ကောင်းတို့သည်။သံဝဋ္ဋေကမ္ဟာ

http://www.dhammadownload.com



ပျက်သော်လည်း။အတ္တနောမိမိ၏။မရိယာဒံ၊သီလစသော အပိုင်းအခြားကို။မနုဿိစဉ်းငယ်မျှလည်း။နော ဇဟန္တိ၊မစွန့်ကြကုန်။တေ ယေဝ သန္တာ၊ထိုသူတော်ကောင်းတို့သည်သာလျှင်။နနု ဧကန္တေန၊စင်စစ်အားဖြင့်။သာဂရာ၊သမုဒ္ဒြာစစ် မည်ကြကုန်၏။ကုလာစလာ၊ တောင်စဉ်အစစ် မည်ကြကုန်၏။

* **နနု တေယေဝ သန္တာနော--**စသောပုံစံ၌ ပကတိသော သမုဒ္ဓရာ တောင်တို့၏ သဘောကို တားမြစ်၍ သူတော်ကောင်းတို့၏ သဘောကို ပြတတ်သောကြောင့် ဘာဝအလင်္ကာ ဖြစ်ပါသည်။

* ကောင်းကင်မှာ ရေဆန်စီးလို့၊ ဖြစ်ကြီးမှာ ကြယ်တွေပေါ်တော့၊ ဆယ်ရွှေလှော်သည် အလှကိုဖြင့်၊ ရေးမပိုင် ကြဲမချပါဘူး၊ ကဲဆဆတိုး။--သည် ချစ်သူတို့၏ အလိုကို သိစေတတ်သောကြောင့် ဘာဝအလင်္ကာ ဖြစ်ပါသည်။

* ကြက်ညိုနောင်ရေမျောလို့၊ မြကျော မင်းဝံတောင်၊ လဲလို့သွေရှောင်၊ အာကာဘောင် ကြယ်ပြောင် မြေလူး၊ အမ မောင် မမှန်ပါဘူး၊ သုံးဘဝကူး။

*** မိဿ အလင်္ကာ မည်ပုံနှင့် သရုပ်ပြ**

**၃၃၁။ အင်္ဂီဘာဝါ သဒိသ၊ဗလ ဘာဝါ စ ဗန္ဓနေ။**
**သံသဂ္ဂေါ လင်္ကတိနံ ယော၊တံ မိဿန္တိ ပဝုစ္စတိ။**

**၃၃၁။** အင်္ဂီဘာဝါစ၊အစိတ်အပေါင်း၏ အဖြစ်,ကျေးလူးပြုတတ် ကျေးလူးပြုအပ်သည်၏ အဖြစ်,ပြီးစေတတ် ပြီးစေအပ်သည်၏ အဖြစ်ဖြင့်ဝင်း။သဒိသဗလဘာဝါစ၊တူမျှသော အားရှိသည်၏အဖြစ်ဖြင့်ဝင်း။ဗန္ဓနေ၊အဖွဲ့၌။အလင်္ကာတိနံ၊အလင်္ကာတို့၏။ယော သံသဂ္ဂေါ၊အကြင် ရောနှောခြင်းသည်။အတ္ထိ၊ရှိ၏။တံ သံသဂ္ဂံ၊ထိုရောနှောခြင်းကို။မိဿန္တိ၊မိဿအလင်္ကာဟူ၍။ပဝုစ္စတိ၊ဆိုအပ်၏။

* **မိဿ အလင်္ကာ မည်ပုံ ။ ။** အလင်္ကာတို့၏ ပြီးစေတတ် ပြီးစေအပ်သည်၏ အဖြစ်ဖြင့်ဝင်း, တူသောအားရှိသည်၏ အဖြစ်ဖြင့်ဝင်း ရောနှောခြင်းသည် **မိဿ အလင်္ကာ** မည်ပါသည်။

* **မိဿ အလင်္ကာ ၂-ပါး ။ ။** ၁။ အင်္ဂီဘာဝမိဿ အလင်္ကာ၊ ၂။ သဒိသဗလ ဘာဝမိဿ အလင်္ကာတို့ ဖြစ်ပါသည်။

*** အင်္ဂီဘာဝမိဿ အလင်္ကာ-၏ ပုံစံပြ**

**၃၃၂။ ပသဏ္ဌ မုနိနော ပါ၊နခ ရံသိ မဟာနဒီ။**
**အဟော ဂါဠှံ နိမုဂ္ဂေါ၊သုခယတေ တေ ဇနေ။**

**၃၃၂။** မုနိနော၊မြတ်စွာဘုရား၏။ပသဏ္ဌာ၊ချီးမွမ်းအပ်သော။ပါ၊နခရံသိ၊ခြေသည်းတော်ရောင်တည်းဟူသော၊မဟာနဒီ၊မြစ်ကြီးသည်။ဂါဠှံ၊လွန်လွန်ကဲကဲ့။နိမုဂ္ဂေါ၊ငုပ်သည်

http://www.dhammadownload.com



လည်း ဖြစ်ကြကုန်သော။တေ ဇနေ၊ထိုသူတော်ကောင်းတို့ကို။သုခယတေဝ၊ချမ်းသာစေသည်သာလျှင်တည်း။အဟော၊အော်.....အံ့ဘွယ်ရှိပါပေစွ။

* **အင်္ဂီဘာဝမိဿ အလင်္ကာ မည်ပုံ ။ ။** အလင်္ကာတို့၏ ပြီးစေတတ် ပြီးစေအပ်သည်၏ အဖြစ်ဖြင့် ရောနှောခြင်းသည် အင်္ဂီဘာဝမိဿ အလင်္ကာ မည်ပါသည်။

**ရှင်းလင်းချက်/** ပသတ္ထ မုနိနော ပါဒ--စသောပုံစံ၌ "နိမုဂ္ဂေ"ဟူသော သမာဓိသဒ္ဒ အလင်္ကာ, "ပါဒ နခ ရံသိ မဟာနဒီ"ဟူသော ရူပကအလင်္ကာတို့၏ ပြီးစေတတ် ပြီးစေအပ်သည်၏ အဖြစ်ဖြင့် ရောနှောခြင်းကြောင့် အင်္ဂီဘာဝမိဿ အလင်္ကာ မည်ပါသည်။

* **သဒိသဗလ ဘာဝမိဿ အလင်္ကာ-၏ ပုံစံပြ**

၃၃၃။ **ဝေသော သဘာဝ မဓုရော၊ရူပ် နေတ္တ ရသာယနံ။**
**မဓူဝ မုနိနော ဝါစာ၊နု သမ္မိဏောတိ တံ ဇနံ။**

၃၃၃။ မုနိနော၊မြတ်စွာဘုရား၏။သဘာဝ မဓုရော၊သဘောအားဖြင့် ကောင်းမြတ်သော။ဝေသော၊အသွင်တော်သည်။က် ဇနံ၊ပြဟ္မာ,နတ်,လူ အဘယ်သူကို။န သမ္မိဏောတိ၊မနှစ်သက်စေနိုင်ဘဲ ရှိပါအုံးနည်း။မုနိနော၊မြတ်စွာဘုရား၏။နေတ္တ ရသာယနံ၊မျက်လုံးတော်၏ ရသာယနဆေးတည်းဟူသော။ရူပ်၊အဆင်းတော်သည်။က် ဇနံ၊ပြဟ္မာ,နတ်,လူ အဘယ်သူကို။န သမ္မိဏောတိ၊မနှစ်သက်စေနိုင်ဘဲ ရှိပါအုံးနည်း။မုနိနော၊မြတ်စွာဘုရား၏။ မဓူဝ၊ပျားရည်ကဲ့သို့ ချိုမြိန်ကောင်းမြတ်သော။ဝါစာ၊စကားတော်သည်။က် ဇနံ၊ပြဟ္မာ,နတ်,လူ အဘယ်သူကို။န သမ္မိဏောတိ၊မနှစ်သက်စေနိုင်ဘဲ ရှိပါအုံးနည်း။

* **သဒိသဗလ ဘာဝမိဿ အလင်္ကာ မည်ပုံ ။ ။** အလင်္ကာတို့၏ တူသောအားရှိသည်၏ အဖြစ်ဖြင့် ရောနှောခြင်းသည် သဒိသဗလ ဘာဝမိဿ အလင်္ကာ မည်ပါသည်။

**ရှင်းလင်းချက်/** ဝေသော သဘာဝ--စသောပုံစံ၌ "ဝေသော သဘာဝ မဓုရော" ဟူသော သမာဓိသဒ္ဒ အလင်္ကာ "ရူပ် နေတ္တ ရသာယနံ"ဟူသော ရူပက အလင်္ကာ "မဓူဝ ဝါစာ"ဟူသော ဥပမာအလင်္ကာတို့၏ အားရှိသည်၏အဖြစ်ဖြင့် ရောနှောခြင်းကြောင့် သဒိသဗလ ဘာဝမိဿ အလင်္ကာ မည်ပါသည်။

* **အာသီ အလင်္ကာ မည်ပုံနှင့် ပုံစံပြ**

၃၃၄။ **အာသီနာမ သိယာထ္ထဿ၊ကွဋ္ဌဿာ သီသနံ် ယထာ။**
**တိလောကေက ဂတိ နာထော၊ပါတု လောက မပါယတော။**

၃၃၄။ ကွဋ္ဌဿ၊အလိုရှိအပ်သော။အထ္ထဿ၊အကျိုးကို။အာသီသနံ်၊တောင့်တခြင်းသည်။အာသီနာမ၊အာသီ အလင်္ကာမည်သည်။သိယာ၊ဖြစ်ရာ၏။"ဥဒါဟရဏံ၊ဥဒါဟရဏ်သည်။"ယထာဇေဝံ၊ဤသို့။ဟောတိ၊ဖြစ်၏။တိလောကေကဂတိ၊လောကသုံးပါးခွဲ့ တပါး၊တည်းသာဖြစ်၍ ပြိုင်ဘက်ကင်းတော်မူသော။နာထော၊မြတ်စွာဘုရားသည်။လောကံ၊ပြဟ္မာ,နတ်,

http://www.dhammadownload.com



လူ သုံးဘုံသူကို။အပါယတော၊အပါယ်ဘေးမှ။ပါတု၊စောင့်ရှောက်တော်မူပါစေသတည်း။

* **အာသီ အလင်္ကာ မည်ပုံ ။ ။** အလိုရှိအပ်သော အကျိုးကို တောင့်တခြင်းသည် အာသီ အလင်္ကာ မည်ပါသည်။

* တိလောကေက ဂတိ နာထော၊ပါတု လောက မပါယတော--ဟူသောပုံစံ၌ အပါယ်မှ စောင့်ရှောက်စေသတည်းဟု အလိုရှိအပ်သောအကျိုးကို တောင့်တခြင်းကြောင့် အာသီ အလင်္ကာ ဖြစ်ပါသည်။

* ယောကျ်ားသမှုတ်၊ ကြဲသည့်နှုတ်ဖြင့်၊ သမ္မုဇ္ဇဆု၊ သဗ္ဗညုကို၊ ယခုကြွေကျ်စွာ၊ သာသနာ၌၊ အခါပတ်ကုံး၊ စည်းစိမ်ကျွံးလျက်၊ နှလုံး နူးစေကုန်သတည်း။--သည် အလိုရှိအပ်သော ဘုရားဆုကို တောင့်တခြင်းကြောင့် အာသီ အလင်္ကာ ဖြစ်ပါသည်။

* ဗုဒ္ဓ သာသနံ စိရံ တိဋ္ဌတု။

* ဗုဒ္ဓ မြတ်စွာ သာသနာ ရောင်ဝါနေသို့ လင်းပါစေ။

* **ဖြစ်ရာဘဝ၊ မြတ်သုခနှင့်၊ ပြည့်ဝရလို၊ တောင်းဆုဆို၏။**--သည် အလိုရှိအပ်သော အကျိုးကို တောင့်တခြင်းကြောင့် အာသီ အလင်္ကာ ဖြစ်ပါသည်။

*,ဖြစ်ရာဘဝ သုခချမ်းသာ ပြည့်လိုပါ၏။

*** ရသိ အလင်္ကာ မည်ပုံနှင့် လက္ခဏာပြ**

၃၃၅။ **ရသပွတိတိ ဇနကံ၊ဇာယတေ ယံ့ ဝိဘူသနံ။**
**ရသဝန္တန္တိ တံ ဥေ ယျံ၊ရသဝန္တ ဝိဓာနတော။**

၃၃၅။ ယံ ဝိဘူသနံ့၊အကြင် အလင်္ကာသည်။ရသပွတိတိ ဇနကံ၊ရသကိုးပါးတွင် တပါးပါးသောရသကို သိစေခြင်းကိုဖြစ်စေတတ်သည်ဖြစ်၍။ဇာယတေ၊ဖြစ်၏။တံဝိဘူသနံ့၊ ထိုအလင်္ကာကို။ရသဝန္တ ဝိဓာနတော၊မိမိ၏ရသကိုးပါးတို့တွင် တပါးပါးသောရသရှိသည်၏ အဖြစ်ကို စီရင်တတ်သောကြောင့်။ရသဝန္တန္တိ၊ရသိ အလင်္ကာဟူ၍။ဥေ ယျံ၊သိအပ်၏။

* **ရသိ အလင်္ကာ မည်ပုံ ။ ။**ရသကိုးပါးတို့တွင် တစ်ပါးပါး ပါရှိသော အလင်္ကာသည် ရသိ အလင်္ကာ မည်ပါသည်။

*** ရသိ အလင်္ကာ -၏ ပုံစံပြ**

၃၃၆။ **ရာဂါ နုတပ္ပါတ သရောဇ မုခံ ဓရာယ၊**
**ပါဒါ တိလောက ဂရုနော မိတ ပန္ဓရာဂါ။**
**အာဒါယ နိစ္စ သရသေန ကရေန ဂါဠှံ၊**
**သဏ္ဌပေယန္တိ သတတာ ဟိတ သမ္ဘမေန။**

၃၃၆။ တိလောက ဂရုနော၊လောကသုံးပါး၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရား၏။အဓိက ပန္ဓရာဂါ၊အလွန်ဖွဲ့နှောင် တပ်မက်စေနိုင်ကုန်သော။ပါဒါ၊ခြေတော်တည်း

http://www.dhammadownload.com



ဟူသော ယောကျ်ားတို့သည်။ရောယ၊မြေကြီးတည်းဟူသော မိန်းမ၏။ရာဂါနတဏှာတ သရောဇ မုခံ၊တပ်မက်ခြင်းဖြင့် ရှေးရှည်တွတ်သော အံ့ဘွယ်ဖြစ်သော ကြာပန်းနှင့်တူသော မျက်နှာကို။နိစ္စ သရသေန၊အမြဲသာယာအပ်သော သဘောရှိသော။သတတာ ဟိတ သမ္ဘမေန၊အမြဲတင်ထားအပ်သော လေးမြတ် ရှိသေခြင်းရှိသော။ကရေန၊လက်ဖြင့်။(ဝါ) ရောင်ခြည်တော်ဖြင့်။ဂါဠှံမြစွာ။အာဒါယ၊ကိုင်၍။(ဝါ)တွေ့ထိ၍၊သဋ္ဌမ္ဘယန္တိ၊နန်းစုပ်ကြကုန်၏။

* စတုတ္ထပိုင်း၏ နိဂုံးပြ

၃၃၇။ ကွစ္စာနုဂါမွ ပုရိမာ စရိယာ နုဘာဝံ၊
သခေ်ပတော နိဂဒိတော ယ မလက်တီနံ။
ဘေဒေါ ပရွပရိ ကဝိဟိ ဝိကပ္ပိယာနံ၊
ကော နာမ ပဿိတု မလံ ခလု တာသ မန္တံ။

၃၃၇။ ကွတိ ကွမိနာ ယထာဝုတ္တ ပကာရေန၊ဤသို့ ဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့်။ပုရိမာ စရိယာ နုဘာဝံ၊ရှေးဆရာမြတ်တို့၏ အစွမ်းသတ္တိကို။အနုဂါမွ၊အမှီသဟဲပြု၍။အလင်္ကတီနံ၊အလင်္ကာတို့၏။အယံ ဘေဒေါ၊ဤသို့ ဆိုအပ်ခဲ့ပြီးသောအပြားကို။ မယာ၊ငါသည်။သခေ်ပတော၊အကျဉ်းအားဖြင့်။နိဂဒိတော၊ဆိုအပ်ပြီ။ဥပရူပရိ၊ကြာမြင့်စွာ သောကာလမှ ယနေ့ကျအောင်။ကဝိဟိ၊ပညာရှိတို့သည်။ဝိကပ္ပိယာနံ၊ကြဲဆအပ်ကုန်သော။ တာသံ အလင်္ကတီနံ၊ထိုအလင်္ကာတို့၏။အန္တံ၊အဆုံးကို။ကော နာမ၊အဘယ်မည်သောသူ သည်။ခလု၊စင်စစ်။ပဿိတုံ၊မြင်ခြင်းငှာ။အလဲ၊စွမ်းနိုင်ပါအံ့နည်း။

## * မြန်လည် ဖြည့်စွက်ချက်များ

မေး။ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ-ပါဠိတော်သည် မည်သည့်ဒေါသတို့မှ လွတ်၍ မည်သည့်ဂုဏ်တို့ ရောက်ပါသနည်း။

ဖြေ။ နမော တဿ ပဏာမသည် သိလွယ်သောကြောင့် ကိလိဋ္ဌဒေါသမှ လွတ်မြောက်ပါသည်၊ အစပ်နီး၍ မရှုပ်ထွေးသောကြောင့် ဗျာကိဏ္ဏဒေါသမှ လွတ်မြောက်ပါသည်၊ ဂုဏ်နှင့် ဂုဏေး လိုက်လျောသောကြောင့် အဓုတ္တဒေါသ, ဟီနတ္တကဒေါသတို့မှ လွတ်ကင်းပါသည်၊ ဟုတ်မှန်သောဂုဏ်ကို ဆိုခြင်းကြောင့် အတိဂုတ္တဒေါသမှ လွတ်ကင်းပါသည်။

သိလွယ်ထင်ရှားသောကြောင့် ပသာဒဂုဏ် မြောက်ပါသည်၊ အရဟတော သမ္မာသမ္ဗုဒ္ဓဿ-ကို ထူးချွန်လွန်ကဲသော ဂုဏ်ဖြင့် ဖွဲ့ဆိုထားသောကြောင့် ဥဒါရတာဂုဏ် မြောက်ပါသည်၊ မှန်ကန်သောဂုဏ်ကို ဆိုခြင်းကြောင့် ကန္တိဂုဏ်မြောက်ပါသည်။

* ဥတ္တံသဝန္တော ယောကောစိ-၌ ဥတ္တံသ-အရ။ ။ . . သ, သိလုတ္တံသ, ပညုတ္တံသ, ဝိရိယုတ္တံသ, သဗ္ဗုတ္တံသ-စသောဂုဏ် လွန်ကဲခြင်းများ ဖြစ်ပါသည်။ (ဂါထာ-၁၀ )

http://www.dhammadownload.com



* **သမာသ ပစ္စယေ ဝါဒိ- (၁၇၇) ၌ ပစ္စယ-အရ ။ ။** ပင်္ဂေယတေ-ပါဠိကိုထောက်၍ အာယပစ္စည်းကိုလည်းကောင်း၊ နိလုပ္ပလဒလိယတိ-ပါဠိကိုထောက်၍ ဣယပစ္စည်းကို လည်းကောင်း ယူရပါမည်။

* လောဘ သူဦး၊ ဒေါသ ဓားပြ၊ မောဟ ဘိန်းရှူ အလားတူ၏။-သည် ကမ အလင်္ကာ ဖြစ်ပါသည်။

* ဓားကို ဖျက်တော့ **ဝါးမျက်**၊ * ရှင်ကို ဖျက်တော့ ဓဇင်၊ * လူကို ဖျက်တော့ အရက်--သည် တုလျဟောဂိတာ အလင်္ကာ ဖြစ်ပါသည်။

* **ဟေတု အလင်္ကာတို့၏ အမည်များ ။ ။** ဇနကဟေတု, ဉာပကဟေတု, ဘာဝကိစ္စကာရကဟေတု, အဘာဝကိစ္စ ကာရကဟေတု, ဘာဝကိစ္စ ဉာပကဟေတု, ယုတ္တကာရီ စိတ္တဟေတု, အယုတ္တကာရီ စိတ္တဟေတု တို့ဖြစ်ပါသည်။

# ၅-ပဉ္စမပရိစ္ဆေဒ
# ရသဘာဝါဝဟောဓ

*** တပျာဆရာ၏ လက္ခဏာပြ**

၃၃၈။ **ပဒိဘာဝနတာ လောကဝေါဟာရ မနုသာရိနာ။**
**တတောစိတျ သမုလ္လာသဝေဒိနာ ကဝိနာ ပရံ။**

၃၃၈။ ပဒိဘာနဝတာ၊ထိုထိုသို့သော အရာအားလျော်စွာ သိတတ်သောပညာရှိသော။လောကဝေါဟာရ မနုသာရိနာ၊လူတို့၏အသုံးန္ဒန်းကို အစဉ်တစိုက်လိုက်နိုင်သော။ တတော၊ထိုသို့ထိုထိုသောအရာ အားလျော်စွာသိတတ်,လူတို့၏အသုံးန္ဒန်းကို အစဉ်တစိုက်လိုက်နိုင်သည်၏အဖြစ်ကြောင့်။ပရံ၊လွန်စွာ။ဩဒိစတျသမုလ္လာသ ဝေဒိနာ၊ဩဒိစတျဂုဏ်၏ ထွန်းလင်းတောက်ပခြင်းကို သိတတ်သော။ကဝိနာ၊ကဗျာတတ်သိ ပညာရှိသည်။

* **ကဗျာဆရာ၏ လက္ခဏာ ၃-ပါး ။ ။** ၁။ အရာဌာနအားလျော်စွာ သိတတ်သော ဉာဏ်ပညာနှင့် ပြည့်စုံခြင်း၊ ၂။ ခေတ်ကာလအားလျော်စွာ လူတို့၏ အသုံးအန္ဒန်းကို နားလည်ခြင်း။ ၃။ အသင့်ယုတ္တိ ရှိ-မရှိကို သိခြင်းတို့ ဖြစ်ပါသည်။

* **ပဒိဘာန-အရ ။ ။** မုချအားဖြင့် ထိုထိုအကြောင်းသို့ ရှေးရှုထင်လာတတ်သော ဉာဏ်အထူးကို ယူရမည်။ ဥပစာအားဖြင့် အဖွဲ့ဝန္ဓကို ယူရပါမည်။

http://www.dhammadownload.com



* ပဌမ ပရိစ္ဆေဒ၌ ဆိုလတ္တံ့သော အနက် ၆/၇-မျိုး

၃၃၉။ ဌာယီ သမ္ဘန္ဓီနော ဘာဝ၊ဝိဘာဝါ သာနုဘာဝကာ။
သမ္ဗဇ္ဈန္တိ နိဗန္ဓာ တေ၊ရသဿာဒါယ သာဓုနံ။

၃၃၉။ နိဗန္ဓာ၊ဖွဲ့နွဲ့စီးကုန်အပ်သော။ဌာယီ သမ္ဘန္ဓီနော၊ဌာယီဘာဝနှင့်စပ်ခြင်းရှိကုန်သော။သာနုဘာဝကာ၊အနုဘာဝနှင့်တကွဖြစ်ကုန်သော။တေ ဘာဝ ဝိဘာဝါ၊ထိုဘာဝ,ဝိဘာဝတို့သည်။(၀ါ)ဗျဘိစာရီဘာဝ,သာတ္တိကာဘာဝ,အာလမ္ဗဏဝိဘာဝ,ဥဒ္ဒိပနဝိဘာဝတို့သည်။(၀ါ)ဌာယီဘာဝ,ဗျဘိစာရီဘာဝ,သာတ္တိကာဘာဝ,အာလမ္ဗဏဝိဘာဝ,ဥဒ္ဒိပနဝိဘာဝတို့သည်။ သာဓူနံ၊စိတ်ကောင်းရှိသော ကြားနာ ဘာသ်ရှူသူတို့၏။ရသဿာဒါယ၊ကဗျာဗန္ဓ၏ အရသာကို ကောင်းစွာခံစားခြင်းငှာ။သမ္ဗဇ္ဈန္တိ၊ဖြစ်ကုန်၏။

* ပဌမ ပရိစ္ဆေဒ၌ ဆိုလတ္တံ့သော အနက် ၆/၇-မျိုး ။ ။ ၁။ဌာယီဘာဝ၊ ၂။ ဗျဘိစာရီဘာဝ၊ ၃။ သာတ္တိကာဘာဝ၊ ၄။ အာလမ္ဗဏဝိဘာဝ၊ ၅။ ဥဒ္ဒိပန ဝိဘာဝ၊ ၆။ အနုဘာဝ၊ ၇။ ရသ-တို့ ဖြစ်ပါသည်။

* ဘာဝပုဒ်၏ ဝစနတ္ထနှင့် အဓိပ္ပါယ်ပြ

၃၄၀။ စိတ္တဝုတ္တိ ဝိသေသာ တု၊ဘာဝယန္တိ ရသေ ယတော။
ရတျာဒယော တတော ဘာဝ၊သဒ္ဒေန ပရိကိတ္တိတာ။

၃၄၀။ တု၊ဘာဝ,ဝိဘာဝ,အနုဘာဝတို့၏အထူးကား။စိတ္တဝုတ္တိဝိသေသာ၊စိတ်၏ဖြစ်ခြင်းအထူး ဖြစ်ကုန်သော။ရတျာဒယော၊ရတိစသော ဌာယီဘာဝ,ဗျဘိစာရီဘာဝ,သာတ္တိကာဘာဝတို့သည်။ယတော၊အကြင်ကြောင့်။ရသေ၊သိဂ်ါရစသော ရသတို့ကို။ဘာဝယန္တိ၊ဖြစ်စေတတ်ကုန်၏။တတော၊ထို့ကြောင့်။ရတျာဒယော၊ရတိစသော ဌာယီဘာဝ, ဗျဘိစာရီဘာဝ,သာတ္တိကာဘာဝတို့ကို။ဘာဝသဒ္ဒေန၊ဘာဝသဒ္ဒါဖြင့်။ပရိကိတ္တိတာ၊ကြားအပ်ကုန်၏။

* ဘာဝ မည်ပုံ ။ ။ စိတ်၏ဖြစ်ခြင်း အထူးသည် ဘာဝ မည်ပါသည်။

* ဘာဝ-အရ ။ ။ မုချအားဖြင့် ဌာယီဘာဝ, ဗျဘိစာရီဘာဝ, သာတ္တိကာဘာဝ-ဟူသော စိတ်ဖြစ်ခြင်း အထူးကို ယူရပါမည်။ ဥပစာ (ဌာနူပစာ) အားဖြင့် ကိုယ်, နှုတ်တို့၏ ဖြစ်ခြင်းအထူးကို ယူရပါမည်။

* ဌာယီဘာဝ၏ ဝစနတ္ထနှင့် အဓိပ္ပါယ်ပြ

၃၄၁။ ဝိရောဓိနာညဘာဝေန၊ယော ဘာဝေါ န တိရောဟိတော။
သိလေန တိဋ္ဌတိစ္စေသော၊ဌာယီဘာဝေါတိ သဒ္ဒိတော။

၃၄၁။ ယော ဘာဝေါ၊အကြင်ဘာဝသည်။ဝိရောဓိနာ၊ဆန့်ကျင်ဘက်ဖြစ်သော။အညဘာဝေန၊တပါးသောဘာဝသည်။နံ တိရောဟိတော၊မဖုံးလွှမ်းအပ်သည်ဖြစ်၍။သိလေန မိမိသဘောအားဖြင့်။တိဋ္ဌတိ၊အမြဲတည်တတ်၏။ဣတိ တသ္မာ၊ထို့ကြောင့်။ဧသော ဘာဝေါ၊

http://www.dhammadownload.com



ထိုဘာဝကို။ ဌာယီဘာဝေါတိ၊ဌာယီဘာဝဟူ၍။သဒ္ဒိတော၊ဆိုအပ်၏။

* ဌာယီဘာဝ မည်ပုံ ။ ။ ဆန့်ကျင်ဘက်ဖြစ်သော တစ်ပါးသော ဘာဝသည် မဖုံးကွယ်အပ်သည်ဖြစ်၍ မိမိသဘောအတိုင်းတည်သော ဘာဝသည် ဌာယီဘာဝ မည်ပါသည်။

*** ဌာယီဘာဝ-၏ သရုပ် (၉) ပါးပြ**

**၃၄၂။ ရတိ ဟာသော၀ သောကော၀၊ကောဓုဿာဟ ဘယမ္မိ၀။**
**ဇိဂုစ္ဆာ ၀ိမှယော ၀ေ၀၊သမော ၀ နဝ ဌာယိနော။**

၃၄၂။ ရတိ၀၊ချစ်ကြိုက်ခြင်း,မွေ့လျော်ခြင်းရတိဌာယီဘာဝငှင်း။ဟာသော၀၊ပြုံးရယ်ခြင်း ဟာသဌာယီဘာဝငှင်း။သောကော၀၊စိုးရိမ်ကြောင့်ကြသနားကြင်နာခြင်း သောကဌာယီဘာဝငှင်း။ကောဓော၀၊အမျက်ထွက်ခြင်း ကောဓဌာယီဘာဝငှင်း။ဥဿာဟ ဘယမ္မိ၀၊ ရဲရင့်ခြင်း,အားထုတ်ခြင်း ဥဿာဟဌာယီဘာဝ,ကြောက်ခြင်း ဘယဌာယီဘာဝငှင်း။ဇိဂုစ္ဆာ၀၊ စက်ဆုပ် ရွံရှာခြင်း ဇိဂုစ္ဆာဌာယီဘာဝငှင်း။၀ိမှယော၀ေ၀၊အံ့သြခြင်း ၀ိမှယဌာယီဘာဝငှင်း။ သမော၀၊ငြိမ်သက် တည်ကြည်ခြင်း သမဌာယီဘာဝငှင်း။ဣတိ၊ဤသို့။ဌာယိနော၊ဌာယီဘာဝတို့သည်။နဝ၊ကိုးပါးတို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။

*** ဣဿဌာယီဘာဝ-ကား။ ။ ။** ရတိ, ဟာသ, ဥဿာဟ, ဝိမှယ, သမအားဖြင့် ၅-ပါး ဖြစ်ပါသည်။ **အနိဋ္ဌ ဌာယီဘာဝ ကား ။** သောက, ကောဓ, ဘယ, ဇိဂုစ္ဆာအားဖြင့် ၄-ပါး ဖြစ်ပါသည်။

*** ဗျဘိစာရီဘာဝ-၏ ဝစနတ္ထနှင့် အဓိပ္ပါယ်ပြ**

**၃၄၃။ တိရောဘာ၀ါဝိဘာ၀ါဒိ၊ဝိသေသေနာဘိမုက္ခတော။**
**ယေ တေ စရန္တိ သိလေန၊တေ ဟောန္တိ ဗျဘိစာရိနော။**

၃၄၃။ ယေ တေ ဘာ၀ါ၊အကြင်ဘာဝတို့သည်။တိရောဘာ၀ါဝိဘာ၀ါဒိ ဝိသေသေန၊ဖုံးလွှမ်းခြင်း,ပေါ်လွင်ထင်ရှားခြင်း အစရှိသော အထူးအားဖြင့်။အဘိမုက္ခတော၊ဌာယီဘာဝသို့ ရှေ့ရှုသည်၏အဖြစ်ဖြင့်။သိလေန၊သဘောအားဖြင့်။စရန္တိ၊ဖြစ်တတ်ကုန်၏။တေ ဘာ၀ါ၊ထိုဘာဝတို့သည်။ဗျဘိစာရိနော၊ဗျဘိစာရီဘာဝတို့ မည်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

*** ဗျဘိစာရီဘာဝ မည်ပုံ ။ ။** ဖုံးလွှမ်းခြင်း, ပေါ်လွင်ခြင်း အစရှိသော အထူးအားဖြင့် အမြဲမတည် ရွေ့ရှားတတ်သော ဘာဝသည် ဗျဘိစာရီဘာဝ မည်ပါသည်။

*** ဗျဘိစာရီဘာဝ ဖြစ်နိုင်သောအခါ ။ ။** ရတိ-စသော ဌာယီဘာဝတို့သည် မတည်မြဲဘဲ ပျောက်ကွယ် ပျက်စီးသွားသောအခါ ဗျဘိစာရီဘာဝ ဖြစ်နိုင်ပါသည်။

*** ဗျဘိစာရီဘာဝ ၃၃-ပါးပြ**

**၃၄၄။ နိဗ္ဗေဒေါ တက္က သင်္ကာ သမ၊ဓိတိ ဇဋ္ဌတာ ဒီနတုဋ္ဌိ လသတ္တိ။**
**ဃ္ဘံ တာသော ဂိလာနုဿုက ဟရိသ၊သတိဿာ ဝိသာဒါ ဗဟိဒ္ဓါ။**

http://www.dhammadownload.com



**စိန္တာ ဂဗ္ဘာ ပမာရော မရိသ မဒၚမေတုမ္ဘာဒ မောဟာ ဝိဘောဓော။**
**နိဒ္ဒါ ဝေဂါ သဝိဠံ မရဏာ၊သစပလံ ဗျာဓိ တေတ္တိသ မေတေ။**
(၂၁-လုံးတွဲ. သဒ္ဒရာ ဂါထာ)

၃၄၄။ နိဗ္ဗေဒေါ်ငြားငွေ့ခြင်း နိဗ္ဗေဒဂင်း။တတ္ထ သက်ဉာ၊ကြံစည်စဉ်းစားခြင်းတတ္ထ, ယုံမှားခြင်း သင်္ကာတို့ဂင်း။သမဓိတိဇဉတာ၊ကိုယ်စိတ်ပင်ပန်းခြင်းသမ,ရောင့်ရဲခြင်း ဓိတိ,အံ့အားသင့် ကြက်သေသေခြင်း ဇဉတာတို့ဂင်း။ဒိနတုဂ္ဂိလ သတ္တ်ား၊ဆင်းရဲခြင်း ဒိနတာ,ကြမ်းကြုတ်ခြင်း ဥဂ္ဂ,ပျင်းရိခြင်း အလသတ္တဂင်း။သုတ္တ်ား၊အိပ်ပျော်ခြင်း သုတ္တဂင်း။တာသော၊ထိတ်လန့်ခြင်း တာသဂင်း။ဂိလာနိ၊အားကုန်ခန်းခြင်း ဂိလာနိဂင်း။ဥသုက ဟရိသ သတိ၊အားထုတ်ခြင်း ဥဿုက,စိတ်ကြည်နွင်လန်းခြင်း ဟရိသ,အောက်မေ့ခြင်း သတိဂင်း။ဣဿာ ဝိသာဒါ ဗဟိဒ္ဓါ၊ငြူစူခြင်း ဣဿာ,အံစွဖ်းကုန်ခြင်း ဝိသာဒ,ဣန္ဒြေဆည်ခြင်း ဟန်ဆောင်ခြင်း အဗဟိဒ္ဓါတို့ဂင်း။စိန္တာဂဗ္ဘာပမာရော၊ကြံမိုင်ခြင်း စိန္တာ,မာန်ယစ်ခြင်း ဂဗ္ဘ,ဘီးလူးဖမ်းခြင်း စသည်ကြောင့် စိတ်ဖောက်ပြန်ခြင်း အပမာရဂင်း။အမရိသ မဒ မတိ၊သည်းခံခြင်း အမရိသ, မူး ယစ်ခြင်း မဒ,ယုံမှားခြင်းသံသယ ကင်းပျောက်ခြင်း မတိတို့ဂင်း။ဥမ္မာဒမောဟာ၊သည်းခြေစသည်ကြောင့် ရူးသွပ်ခြင်း ဥမ္မာဒ,တွေဝေမိန်းမောခြင်း မောဟတို့ဂင်း။ဝိဘောဓော၊အိပ်ရာမှနိုးခြင်း ဝိဘောဓဂင်း။နိဒ္ဒါဝေဂါ၊ငိုက်မျဉ်းခြင်း နိဒ္ဒါ,ဆောဆောလျင်လျင်ပြုခြင်း အာဝေဂတို့ဂင်း။သဝိဠံ၊ရှက်ခြင်းနှင့်တကွဖြစ်သော ပိဋ္ဌဂင်း။မရဏ သ စပလံ၊သေခြင်းမရဏ,လျှပ်ပေါ်လော်လည်းခြင်းနှင့်တကွဖြစ်သော စပလဂင်း။ဗျာဓိ၊ဖျားနာခြင်း ဗျာဓိဂင်း။ဣတ်တိ၊ဤသို့။ ဧတေ ဗျဘိစာရိနော၊ထိုဗျဘိစာရိဘာဝတို့သည်။တေတ္တိသ၊သုံးဆယ့်သုံးပါး အပြားရှိကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

* **တတ္ထနှင့် စိန္တာ အထူး** ။ ။ ယုံမှားသံသယရှိသော်ဂင်း, အကျိုးကို အလိုရှိ၍သော်ဂင်း ကြံစည်ခြင်းသည် တတ္ထမည်၏။ အကျိုးစီးပွား ပျက်ပြားခြင်းကြောင့်ဂင်း, လိုအပ်သည်ကို မရခြင်းကြောင့်ဂင်း ကြံမိုင်ခြင်းသည် စိန္တာ မည်ပါသည်။ ဤသို့ ထူးပါသည်။

* **သမနှင့် ဝိသာဒ အထူး** ။ ။ အလွန်အားထုတ်ခြင်းကြောင့် ကိုယ်စိတ်ပင်ပန်းခြင်းသည် သမမည်ပါသည်။ အားထုတ်သောအမှု ပျက်စီးခြင်းကြောင့် အစွမ်းကုန်ခြင်း စိတ်ပင်ပန်းခြင်းသည် ဝိသာဒ မည်ပါသည်။ ဤသို့ ထူးပါသည်။

* **ဇဋ္ဌတာနှင့် မောဟ အထူး** ။ ။ အလိုမရှိအပ်သော အာရုံနှင့်တွေ့၍ အံ့အားသင့်ခြင်း ကြက်သေသေခြင်း မသိခြင်းသည် ဇဋ္ဌတာ မည်ပါသည်။ မိန်းမောတွေဝေခြင်းသည် မောဟ မည်ပါသည်။

* **ဂိလာနိနှင့် ဗျာဓိ အထူး** ။ ။ အားကုန်ခန်းခြင်းသည် ဂိလာနိ မည်ပါသည်။ သွေး ဥသည်းခြေ-စသည်တို့ကြောင့် ဖျားနာခြင်းသည် ဗျာဓိ မည်ပါသည်။ ဤသို့ ထူးသည်။

http://www.dhammadownload.com



* **အပမာရန္ဒင့် ဥမ္မာဒ အထူး ။ ။** ဘီလူးဖမ်းခြင်း စသည်ကြောင့် ရှုးခြင်းသည် အပမာရ မည်ပါသည်။ သည်းခြေ-စသည်ကြောင့် ရှုးခြင်းသည် ဥမ္မာဒ မည်ပါသည်။

*** သာတ္ထိကာဘာဝ၏ ဝစနတ္ထနှင့် အဓိပ္ပါယ်ပြ**

**၃၄၅။ သမာဟိတတ္တာပ္ပဘဝံ၊သာတ္ထံ တေနော ပဝါဒိတာ။**
**သာတ္ထိကာ ဗျနုဘာဝတ္ထော၊ဝိသုံ ဘာဝါ ဘဝန္တိတေ။**

**၃၄၅။** သမာဟိတတ္တာပ္ပဘဝံ၊တည်ကြည်သော စိတ်ကြောင့်ဖြစ်သောသဘော သည်။သာတ်၊သာတ္တမည်၏။တေနသာတ္တေန၊ထိုတည်ကြည်သော စိတ်ကြောင့်ဖြစ်သော သဘောသည်။ဥပပါဒိတာ၊ဖြစ်စေအပ်သော ထမ္ဘစသည်တို့သည်။သာတ္တိကာ၊သာတ္တိကာ တို့မည်ကုန်၏။တေ သာတ္တိကာ၊ထိုသာတ္တိကာတို့သည်။အနုဘာဝတ္တော၊အနုဘာဝ၏အဖြစ် သည်။သတိပိ၊ဖြစ်သော်လည်း။ဝိသုံဘာဝါ၊အသီးအခြားဘာဝတို့သည်။ဘဝန္တိ၊ဖြစ်ကုန်၏။

*** သာတ္ထိကာဘာဝ မည်ပုံ ။ ။** တည်ကြည်သောစိတ်ကြောင့်ဖြစ်သော ဧကဂ္ဂတာ သည် ဖြစ်စေအပ်သော ထမ္ဘ, ပလယ-စသော ဘာဝသည် **သာတ္ထိကာဘာဝ မည်၏**။

*** သတ္ထ မည်ပုံ ။ ။** တည်ကြည်သောစိတ်သည် "သတ္ထ" မည်ပါသည်။

*** သာတ္ထ မည်ပုံ ။ ။** တည်ကြည်သောစိတ်ကြောင့် ဖြစ်သော ဧကဂ္ဂတာသည် "သာတ္ထ" မည်ပါသည်။

*** သာတ္ထိကာ မည်ပုံ ။ ။** တည်ကြည်သောစိတ်ကြောင့်ဖြစ်သော ဧကဂ္ဂတာသည် ဖြစ်စေအပ်သော ထမ္ဘ, ပလယ-စသော ရှစ်ပါးသည် "သာတ္ထိကာ" မည်ပါသည်။

*** သာတ္ထိကာဘာဝနှင့် အနုဘာဝ အထူး ။ ။** စိတ်၏ဖြစ်ခြင်းအထူးဟု ဆိုရလောက် အောင် ကိုယ်တွင်း၌ဖြစ်သော ခွေးမျက်ရည်စသည်သည် "သာတ္ထိကာဘာဝ" မည်၏။ ကိုယ်မှ အပြင်ထွက်သော ခွေးမျက်ရည် စသည်သည် အနုဘာဝ မည်၏။ဤသို့ ထူးသည်။

*** သာတ္ထိကာဘာဝ အပြား (၈) ပါးပြ**

**၃၄၆။ ထမ္ဘော ပလယ ရောမဟ္ဌာ၊တထာ သေဒသု ဝေထု။**
**ဝေဏ္ဏိယံ ဝိသရတာ၊ဘာဝဋ္ဌေတေ တု သာတ္ထိကာ။**

**၃၄၆။** တု၊သာတ္ထိကာဘာဝမည်ပုံမှတစ်ပါး သာတ္ထိကာဘာဝ၏သရုပ်ကို ဆိုဦးအံ့။ ထမ္ဘော စ၊ကိုယ်,စိတ်တို့၏ မရွေ့ရှားခြင်း,တောင့်တင်းခိုင်မာခြင်း ထမ္ဘဇင်း။ပလယ ရောမဟ္ဌာ စ၊အိပ်မောကျခြင်း တွေဝေမိန်းမောခြင်းပလယ,ကြက်သီးမွေးညင်းထခြင်း ရောမဟ္ဌတို့ဇင်း။ တထာ၊ထိုမှတပါး။သေဒသုဝေထုစ၊ခွေးထွက်ခြင်းသေဒ,မျက်ရည်ယိုခြင်းအသု,တုန်လှုပ် ခြင်း ဝေထုတို့ဇင်း။ဝေဏ္ဏိယံစ၊အဆင်းဖောက်ပြန်ခြင်း,အဆင်းပျက်ခြင်း ဝေဏ္ဏိယဇင်း။ ဝိသရတာစ၊အသံ ဖောက်ပြန်ခြင်း,အသံပျက်ခြင်း ဝိသရတာဇင်း။ဧတေ အဋ္ဌထိုရှစ်ပါးတို့ သည်။သာတ္ထိကာ၊သာတ္ထိကာ မည်ကုန်သော။ဘာဝါ။ဘာဝတို့သည်။ဟောန္တိ၊ဖြစ်ကုန်၏။

http://www.dhammadownload.com



* **ထမ္ဘနှင့် ပလယ အထူး ။ ။** ကိုယ်, စိတ်တို့၏ မလှုပ်ရှားခြင်း, ကြောက်ခြင်း, ချစ်ခြင်း, ရွှင်လန်းခြင်း အနာစသည်ကြောင့် တစုံတခုသော အလုပ်ကို မလုပ်နိုင်ခြင်း, ကြက်သေသေခြင်း, ကိုယ်လက်တောင့်တင်းခြင်းသည် ထမ္ဘ မည်၏။ အိပ်မောကျခြင်း, မိန်းမောတွေဝေခြင်းသည် ပလယ မည်၏။ ဤသို့ ထူးပါသည်။

* **ရောမဉ္စနှင့် ဝေပထု အထူး ။ ။** ကြက်သီးမွေးညင်းထခြင်းသည် ရောမဉ္စ၊ တုန်လှုပ်ခြင်းသည် ဝေပထု။ ဤသို့ ထူးပါသည်။

* **ဝေဇ္ဈယနှင့် ဝိသရတာ အထူး ။ ။** အဆင်းပျက်ခြင်း အဆင်းဖောက်ပြန်ခြင်းသည် ဝေဇ္ဈယ၊ အသံပျက်ခြင်း အသံဖောက်ပြန်ခြင်းသည် ဝိသရတာ။ ဤသို့ ထူးသည်။

* **ရတိ-စသော ဌာယီဘာဝ ၉-ပါးတို့၏ ဗျဘိစာရီဘာဝ ဖြစ်နိုင်ပုံ**

**၃၄၇။ ယဒါ ရတျာဒယောဘာဝါ၊ဒ္ဋိတိ သီလာ နု ဟောန္တိ စေ။**
**တဒါ သဗ္ဗေပိ တေ ဘာဝါ၊ဘဝန္တိ ဗျဘိစာရိနော။**

**၃၄၇။** ယဒါ၊အကြင်အခါ၌။ရတျာဒယော၊ရတိအစရှိကုန်သော။ယေ ဘာဝါ၊အကြင်ဌာယီဘာဝတို့သည်။ဒ္ဋိတိသီလာ၊တည်တံ့သော သဘောရှိကုန်သည်။စေ နု ဟောန္တိ၊ အကယ်၍ မဖြစ်ကုန်။တဒါ၊ထိုအခါ၌။သဗ္ဗေပိ၊အလုံးစုံလည်း ဖြစ်ကုန်သော။တေ ဘာဝါ၊ ထိုဌာယီဘာဝတို့သည်။ဗျဘိစာရိနော၊ဗျဘိစာရီဘာဝတို့သည်။ဘဝန္တိ၊ဖြစ်ကုန်၏။

* **ဝိဘာဝသဒ္ဒါနှင့် ဝိဘာဝ အနုဘာဝ၏ အဓိပ္ပါယ်ပြ**

**၃၄၈။ ဝိဘာဝေါ ကာရဏံ တေသု၊ပဗွတ္တိယုဒ္ဓိပနေ တထာ။**
**ယော သိယာ ဗောဓကော တေသံ၊အနုဘာဝေါ ယ မီရိတော။**

**၃၄၈။** တေသံ ဘာဝါနံ၊ထိုဌာယီ ဘာဝ,ဗျဘိစာရီဘာဝ,သာတ္တိကာဘာဝတို့၏။ ဥပဗွတ္တိယာ၊ဖြစ်စေခြင်း၌။(ဝါ)ဖြစ်စေခြင်း၏။ကာရဏံ၊မူဈဖြစ်သောအကြောင်းသည်။ဝိဘာဝေါ၊အာလမ္ဗဏဝိဘာဝ မည်၏။တေသံ ဘာဝါနံ၊ထိုဌာယီဘာဝ,ဗျဘိစာရီဘာဝ,သာတ္တိကာဘာဝတို့ကို။ဥဒ္ဓိပနေ၊ထင်ရှားစေခြင်း,ပွားစေခြင်း၌။(ဝါ)ထင်ရှားစေခြင်း,ပွားစေခြင်း၏။ကာရဏံ၊အခြံအရံဖြစ်သော အကြောင်းသည်။ဝိဘာဝေါ၊ဥဒ္ဓိပနဝိဘာဝ မည်၏။တထာ၊ထိုမှတပါး ယော ဘာဝေါ၊အကြင်ဘာဝသည်။တေသံ ဘာဝါနံ၊ထိုဌာယီဘာဝ,ဗျဘိစာရီဘာဝ, သာတ္တိကာဘာဝတို့ကို။ဗောဓကော၊သိစေတတ်သည်။သိယာ၊ဖြစ်ရာ၏။အယံ ဘာဝေါ၊ဤဘာဝကို။ အနုဘာဝေါ၊အနုဘာဝဟူ၍။ဤရိတော၊မိန့်ဆိုအပ်၏။

* **ဝိဘာဝ ၂-ပါး ။ ။** ၁။ အာလမ္ဗဏဝိဘာဝ၊ ၂။ ဥဒ္ဓိပနဝိဘာဝတို့ ဖြစ်ပါသည်။

* **အာလမ္ဗဏဝိဘာဝ မည်ပုံ ။ ။** ဌာယီဘာဝ, ဗျဘိစာရီဘာဝ, သာတ္တိကာဘာဝတို့ကို ဖြစ်စေခြင်း၌ မူဈဖြစ်သောအကြောင်းသည် အာလမ္ဗဏဝိဘာဝ မည်ပါသည်။

* **ဥဒ္ဓိပန ဝိဘာဝ မည်ပုံ ။ ။** ဌာယီဘာဝ, ဗျဘိစာရီဘာဝ, သာတ္တိကာဘာဝတို့

http://www.dhammadownload.com



ကို ပွားစေခြင်း၌ အခြံအရံဖြစ်သော အကြောင်းသည် ဥဒ္ဓိပန ဝိဘာဝ မည်ပါသည်။

* **အနုဘာဝ မည်ပုံ။ ။** ဌာယီဘာဝ, ဗျဘိစာရီဘာဝ, သာတ္တိကာဘာဝတို့ကြောင့် ဖြစ်သော အကျိုးသည် အနုဘာဝ မည်ပါသည်။

**မေး။** ဘာဝသုံးပါးတို့၏ အကြောင်းဘာဝနှင့် အကျိုးဘာဝတို့ကို အဓိပ္ပါယ်နှင့်တကွ ရှင်းလင်း ဖြေဆိုခဲ့ပါ။

**ဖြေ။** **အကြောင်း ဘာဝ-ကား။ ။** ဌာယီဘာဝ, ဗျဘိစာရီဘာဝ, သာတ္တိကာဘာဝ သုံးပါးတို့ကို တိုက်ရိုက်ဖြစ်ပေါ် စေတတ်သော အကြောင်းသည် အာရမ္မဏဝိဘာဝ။

အခြံအရံ အကြောင်းသည် ဥဒ္ဓိပနဝိဘာဝ။

**အကျိုး ဘာဝ-ကား။ ။** ထိုဘာဝသုံးမျိုးကို သိစေတတ်သော အကျိုးသည် အနုဘာဝ

*** အဖွဲ့.ပန္နဒ္ဓ ဝိဘာဝ အနုဘာဝတို့ကို ထည့်၍ ဖွင့်ဆိုအပ်ပုံပြ**

**၃၄၉။ နေကဟေတုံ မနော ဝုတ္တိ၊ဝိသေသဒ္ဓ ဝိဘာဝိတုံ။**
**ဘာဝံ ဝိဘာဝါနုဘာဝါ၊ဝဏ္ဏိယာ ပန္နနေ ဖုဠံ။**

**၃၄၉။** နေကဟေတုံ၌၊များသောအကြောင်းရှိသည်လည်းဖြစ်သော။မနောဝုတ္တိ ဝိသေသဒ္ဓ၊စိတ်ဖြစ်ခြင်း၏ အထူးလည်းဖြစ်သော။ဘာဝံ၊ဌာယီဘာဝ,ဗျဘိစာရီဘာဝ,သာတ္တိကာဘာဝကို။ဝိဘာဝိတုံ၊ထင်ရှားပြခြင်းငှာ။ဝိဘာဝါ နုဘာဝါ၊ဝိဘာဝ အနုဘာဝတို့ကို။ ပန္နနေ၊ အဖွဲ့အနွဲ့၌။ဖုဠံ၊ထင်စွာပြု၍။ဝဏ္ဏိယာ၊ဖွင့်အပ်ကုန်၏။

*** ဝိဘာဝ အနုဘာဝတို့ကို အဖွဲ့.ပန္နဒ္ဓ ဖွင့်ဆိုရကျိုး။ ။** များသောအကြောင်းရှိသော စိတ်ဖြစ်ခြင်းအထူးဖြစ်သော ဌာယီဘာဝ, ဗျဘိစာရီဘာဝ, သာတ္တိကာဘာဝတို့ကို ထင်ရှားစေခြင်း အကျိုးရှိပါသည်။

*** အဖွဲ့.ပန္နဒ္ဓ ဌာယီဘာဝ, ဗျဘိစာရီဘာဝ, သာတ္တိကာဘာဝတို့ကို ထည့်၍ ဖွင့်ဆိုအပ်ပုံပြ**

**၃၅၀။ သ ဝိဘာဝါနုဘာဝေဟိ၊ဘာဝါ တေတေ ယထာရဟံ။**
**ဝဏ္ဏနီယာ ယထောစိတ္တံ၊လောကရွပါ နုဂါမိနာ။**

**၃၅၀။** လောကရွပါ နုဂါမိနာ၊လောကသဘောကိုအစဉ်လိုက်လေ့ရှိသော ပညာရှိသည်။တေတေဘာဝါ၊ထိုထိုဌာယီဘာဝ,ဗျဘိစာရီဘာဝ,သာတ္တိကာ ဘာဝတို့ကို။ယထောစိတ္တံ၊ဩစိတျဂုဏ်အားလျော်စွာ။သဝိဘာဝါ နုဘာဝေဟိ၊ဝိဘာဝတို့နှင့်တကွ ဖြစ်ကုန်သော အနုဘာဝတို့ဖြင့်။ယထာရဟံ၊ထိုက်သည်အားလျော်စွာ။ဝဏ္ဏနီယာ၊ဖွင့်ဆိုအပ်ကုန်၏။

*** စိတ်၌ဖြစ်သော သာတ္တိကာဘာဝတို့၏ ဖွဲ့.ဆိုပုံပြ**

**၃၅၁။ စိတ္တဝုတ္တိ ဝိသေသတ္တာ၊မာနသာ သာတ္တိကာ်တော။**
**ဗဟိ နိဿဋ္ဌ သေဒါဒိ၊အနုဘာဝေဟိ ဝဏ္ဏိယာ။**

http://www.dhammadownload.com



၃၅၁။ စိတ္တဝုတ္တိ ဝိသေသတ္ထာ၊စိတ်ဖြစ်ခြင်း၏ အထူးရှိသော သာတ္တိကာဘာဝတို့ ၏အဖြစ်ကြောင့်။မာနသာ၊စိတ်၌ ဖြစ်ကုန်သော။သာတ္တိကာ၊သာတ္တိကာဘာဝတို့ကို။အင် တော၊ကိုယ်အင်္ဂါအစိတ်အပိုင်းမှ။ဗဟိ နိဿဋ္ဌ သေဒါဒိ အနုဘာဝေဟိ၊အပသို့ ထွက်သော ချွေးစသော အနုဘာဝတို့ဖြင့်။ဝဏ္ဏိယာ၊ဖွင့်ဆိုအပ်ကုန်၏။

* ရသ-၏ အဓိပ္ပါယ်ပြ

၃၅၂။ သာမာဇိကာန မာနန္ဒော၊ယော ဗန္ဓတ္ထာ နုသာရိနံ။
ရသီယတီတိ တည္ဟိ၊ရသောနာမ ယ မိရိတော။

၃၅၂။ ဗန္ဓတ္ထာနုသာရိနံ၊အဖွဲ့အနွဲ့၏ အနက်အဓိပ္ပါယ်ကို အစဉ်လျှောက်၍ အောက်မေ့နိုင်ကုန်သော။သာမာဇိကာနံ၊သဘင်၌ယှဉ်သော စိတ်ရင်းကောင်းသော သူတို့၏။ (ဝါ)ပွဲကြည့်သောသူတို့၏။ယော အာနန္ဒော၊အကြင်နှစ်သိမ့်ဖွယ် သဘောကို။ရသီယတိ၊ သာယာအပ်၏။ကွတိ၊ထို့ကြောင့်။အယံ အာနန္ဒော၊ဤနှစ်သိမ့်ခြင်းကို။တည္ဟိ၊ထိုရသကို သိသော ပညာရှိတို့သည်။ရသောနာမ၊ရသမည်၏၊ဟူ၍။ဤရိတော၊ဆိုအပ်၏။

* ရသ မည်ပုံ ။ ။ အဖွဲ့ဗန္ဓ၏ အနက်အဓိပ္ပါယ်သို့ အစဉ်လိုက်၍ အောက်မေ့နိုင် ကုန်သော အဘိဇ္ဈာကင်း ဣသာရှင်းသည့် ပညာရှင်တို့ နှစ်သက်သာယာအပ်သော ဌာယီ ဘာဝသည် "ရသ" မည်ပါသည်။

* ရသ-အရ ။ ။ မုချအားဖြင့် သိဂ်ါရ-စသော ရသကိုးပါးကို ယူရမည်။ ဥပစာ (ဖလူပစာ) အားဖြင့် ဌာယီဘာဝ ကိုးပါးကို ယူရပါမည်။ (တနည်း) ရသကိုပြုတတ်သော သိဒ္ဓင်းကို မုချအားဖြင့် ယူရပါမည်။ သိဂ်ါရ-စသော ရသကိုးပါးကို ဖလူပစာအားဖြင့် ယူရပါမည်။

* ဌာယီဘာဝ၏ ရသ မည်ပုံပြ

၃၅၃။ သဝိဘာဝါ နုဘာဝေဟိ၊သာတ္တိကာ ဗျဘိစာရိဘိ။
အဿာဒိယတ္တ မာနိယ၊မာနော ဌာယေဝ သော ရသော။

၃၅၃။ သဝိဘာဝါ နုဘာဝေဟိ၊ဝိဘာဝ အနုဘာဝတို့နှင့်တကွ ဖြစ်ကုန်သော။ သာတ္တိကာ ဗျဘိစာရိဘိ၊သာတ္တိကာဘာဝ,ဗျဘိစာရိဘာဝတို့ဖြင့်။ကဝိဟိ၊ကဗျာမြင်သိ ပညာ ရှိတို့သည်။အဿာဒိယတ္တံ၊သာယာအပ်သော ရသ၏အဖြစ်သို့။အာနိယမာနော၊ဆောင်အပ် သော။သော ဌာယေဝ၊ထိုဌာယီဘာဝသည်သာလျှင်။ရသော၊ရသမည်၏။ကွတိ၊ဤသို့။ ဝေဒိတဗ္ဗော၊သိအပ်၏။

* ရသ အပြား ၉- ပါးပြ

၃၅၄။ သိဂ်ါရ ဟဿ ကရုဏာ၊ရုဒ္ဓ ဝီရ ဘယာနကာ။
ဗီဘစ္ဆဿုတ သန္တာစ၊ရသာ ဌာယီန နုက္ကမာ။

http://www.dhammadownload.com



၃၅၄။ သိဂ်ိရ ဟသ ကရ္ဏာ၊မိန်းမ,ယောက်ျားတို့၏ချစ်ကြြက်ခြင်း သိဂ်ိရ ရသ,ပြုံးရယ်ခြင်း ဟသရသ,ဝိုးရိမ်ကြောင့်ကြသနားခြင်း ကရုဏာရသတို့ဝင်း။ရုဒ္ဓ ဝိရ ဘယာနက၊ကြမ်းကြုတ်ခြင်း ရုဒ္ဓရသ,ရဲရင့်ခြင်း အားထုတ်ခြင်း ဝီရရသ,ကြောက်ရွံ့ခြင်း ဘယာနကရသတို့ဝင်း။ဝိဘစ္ဆတ္ထ သန္တာ၊စက်ဆုပ်ရွံ့ရှာခြင်း ဝိဘစ္ဆရသ,အံ့သြခြင်း အဗ္ဘုတ ရသ,ငြိမ်သက်တည်ကြည်ခြင်း သန္တရသတို့ဝင်း။ကျက်,ကျ်သို့။ရသာ၊ရသတို့သည်။ဌာယီနှံ၊ ရတိစသော ဌာယီဘာဝတို့၏။အနုက္ကမာ၊အစဉ်အားဖြင့်။နဝ၊ကိုးပါးတို့သည်။ဟောန္တိ၊ကုန်၏။

* **ဏှ ရသ-ကား** ။ သိဂ်ိရ ရသ, ဟသ ရသ, ဝီရရသ, အဗ္ဘုတရသ, သန္တရသတို့ ဖြစ်ပါသည်။

* **အနိဋ္ဌ ရသ-ကား** ။ ကရုဏာရသ, ရုဒ္ဓရသ, ဘယာနကရသ, ဝိဘစ္ဆရသတို့ ဖြစ် ပါသည်။

* **သိဂ်ိရ ရသ-အရ** ။ ပီတိကို ယူရမည်။ * **ဟသ ရသ-အရ** ။ သောမနဿ ဝေဒနာကို ယူရမည်။ * **ကရုဏာ ရသ-အရ** ။ ဒေါမနဿဝေဒနာကို ယူရမည်။

* **ရုဒ္ဓရသ-အရ** ။ ကြမ်းတမ်းသော အခြင်းအရာအားဖြင့် ဖြစ်သော ဒေါသကို ယူ ရမည်။ * **ဝီရ ရသ-အရ** ။ ဝီရိယကို ယူရမည်။ * **ဘယာနကရသ-အရ** ။ ဆုတ်နစ် သော အခြင်းအရာအားဖြင့် ဖြစ်သော ဒေါသကို ယူရပါမည်။

* **ဝိဘစ္ဆရသ-အရ** ။ စက်ဆုပ် ရွံရှာသော အခြင်းအရာအားဖြင့် ဖြစ်သော ဒေါသ၊ (တနည်း) ထိတ်လန့်ဖြီးငွေ့သော အခြင်းအရာအားဖြင့် ဖြစ်သော ဩတ္တပ္ပကို ယူရမည်။ * **အဗ္ဘုတရသ-အရ** ။ အံ့သြသော အခြင်းအရာအားဖြင့်ဖြစ်သော ဆန္ဒကို ယူရမည်။

* **သန္တရသ-အရ** ။ ငြိမ်းအေးသော အခြင်းအရာအားဖြင့်ဖြစ်သော ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိတို့ကို ယူရပါမည်။

*** ဌာယီဘာဝ ၉-ပါး နှင့် ရသ ၉-ပါး တွဲစပ်ပုံ**

၁။ ရတိ ဌာယီဘာဝနှင့် သိဂ်ိရရဒ်သ၊ ၂။ ဟာသဌာယီဘာဝနှင့် ဟသရသ၊ ၃။ သောက ဌာယီဘာဝနှင့် ကရုဏာရသ၊ ၄။ ကောဓ ဌာယီဘာဝနှင့် ရုဒ္ဓရသ၊ ၅။ ဥဿဟ ဌာယီဘာဝ နှင့် ဝီရရသ၊ ၆။ ဘယ ဌာယီဘာဝနှင့် ဘယာနကရသ၊ ၇။ ဇုဂုစ္ဆာ ဌာယီဘာဝနှင့် ဝိဘစ္ဆ ရသ၊ ၈။ ဝိမှယ ဌာယီဘာဝနှင့် အဗ္ဘုတရသ၊ ၉။ သမ ဌာယီဘာဝနှင့် သန္တရသ။

*** ရသ ၉-မျိုးနှင့် တရားကိုယ် တွဲစပ်ပုံ**

(၁) သိဂ်ိရရသ- ပီတိ၊ (၂) ဟသရသ- မုဒိတာ, သောမနဿဝေဒနာ၊ (၃) ကရု ဏာ ရသ- ဒေါမနဿဝေဒနာ၊ (၄) ရုဒ္ဓရသ- ဒေါသ၊ (၅) ဝီရရသ- ဝီရိယ၊ (၆) ဘယာ နက ရသ- ဒေါသ၊ (၇) ဝိဘစ္ဆရသ- ဒေါသ, ဩတ္တပ္ပ၊ (၈) အဗ္ဘုတရသ- ဆန္ဒ, ပီတိ သောမနဿ၊ (၉) သန္တရသ- ပဿဒ္ဓိ, သမာဓိ။

http://www.dhammadownload.com



*** ဒုက္ခသဘော၌ ကရဏာရသဖြစ်ပုံ**

၃၅၅။ ဒုက္ခရူပေ ယ မာနန္ဒော၊ကထံ နု ကရုဏာဒိကေ။
သိယာ သောတူန မာနန္ဒော၊သောကော ဝေဿန္တရသ ဟိ။

၃၅၅။ ဒုက္ခ်ရူပေါဒိုးရိမ်ပင်ပန်း ညိုးနွမ်းဆင်းရဲသောသဘောရှိသော။ကရုဏာဒိကေ၊ကရုဏာအစရှိသော ရသ၌(၀၊)ကရုဏာရသ,ရုဒ္ဓရသ,ဝိဘစ္ဆရသ,ဘယာနကရသ၌။ သောတူနံ်ကြည်ရွှန်းထောင်သော သူတို့၏။အယံအာနန္ဒော၊ဤနှစ်သက်ခြင်း သဘောသည် ကထံနုသိယာ၊အဘယ်သို့ ဖြစ်နိုင်ပါအံ့နည်း။ဟိ၊ဖြစ်နိုင်ပုံကား။ဝေဿန္တရသ၊ဝေဿန္တရာမင်း မြတ်၏။သော်ကော၊သားမယားတို့နှင့် ကွေကွင်းခြင်းကြောင့်ဖြစ်သော စိုးရိမ်ခြင်းသည်။ သောတူနံ်ယခုအခါ ဝေဿန္တရာဇာတ်ကိုကြည့်ရှုနှားထောင်သော သူတို့၏။အာနန္ဒော၊ နှစ်သက်ခြင်း သဘောသည်။သိယာ၊ဖြစ်နိုင်ပေ၏။

*** ဒုက္ခသဘောရှိသော ကရုဏာရသ၌ သာယာအပ်သော သဘောဖြစ်နိုင်ပုံ**

ဝေဿန္တရာမင်းကြီး၏ သားမယားတို့နှင့် ကွေကွင်းရခြင်းကြောင့်ဖြစ်သော ပူဆွေးသောက ကရုဏာရသသည် ဝေဿန္တရာဇာတ်တော်ကို ကြည့်ရှုနှားထောင်သူတို့ သန္တာန်၌ သာယာအပ်သောသဘော ဖြစ်နိုင်ပါသည်။

*** ရတိဌာယီဘာဝ-၏ သဘောနှင့် ဝိဘာဝပြ**

၃၅၆။ ရမ္မ ဒေသ ကလာ ကာလ၊ဝေသာဒိ ပဋိသေဝနာ။
ယုဝါနညောည ရတ္တာနံ်၊ပမာဒေါ ရတိ ရွှတေ။

၃၅၆။ ရမ္မ ဒေသ ကလာ ကာလ ဝေသာဒိ ပဋိသေဝနာ၊မွေ့လျော်ဖွယ်ကောင်းသော ဥယျာဉ်စသော အရပ်ဒေသ,မွေ့လျော်ဖွယ်ကောင်းသော ကခြင်း သီခြင်းစသော ကလာ,မွေ့လျော်ဖွယ်ကောင်းသော သရဒစသော ဥတု,ဆည်းဆာစသော ကာလ,မွေ့လျော်ဖွယ်ကောင်းသောနံ့သာလိမ်းခြင်း အသွင်အပြင်စသည်ကို မှီဝဲရခြင်းကြောင့်။အညောည ရတ္တာနံ်၊အချင်းချင်းတပ်မက်ကြကုန်သော။ယုဝါနံ်၊မိန်းမယျိုး ယောကျ်ားယျိုတို့၏။ပမာဒေါ၊ ရွှင်လန်း ဝမ်းမြောက်ခြင်းကို။ရတိ၊ရတိဌာယီဘာဝဟူ၍။ဥစ္စတေ၊ဆိုအပ်၏။

*** ဝေသာဒိ ပဋိသေဝနာ-၌ အာဒိ-အရ ။ ။** ပြောဆိုခြင်း ဘာသိတ, ပြုံးရွှင်ခြင်း မိတိတ စသည်တို့ကို ယူရပါမည်။

*** ပမာဒေါ ရတိ ရွှတေ-၌ ရတိ-အရ ။ ။** နှစ်သက်တတ်သော ပီတိကို ယူရပါမည်။

**ဝ ဝ ဝ-၏ ဥဒ္ဒိပနဝိ ဝ သရုပ် ။ ။ ရမ္မ, ဒေသ,**

http://www.dhammadownload.com



*** သီဂိရ ရသ၏ အဓိပ္ပါယ်နှင့် သရုပ်ပြ**

**၃၅၃။ ယုတ္တာ ဘာဝါနုဘာဝါ တေ၊နိဗန္ဓာ ပေါသယန္တိ နံ။**
**သောပျာ ယောဂ ဝိပ္ပယောဂ၊သမ္ဘောဂါနံ ဝသာ တိဓာ။**

၃၅၃။ ယုတ္တာ၊ရတိဌာယီဘာဝအား သင့်လျော်သောအားဖြင့်။နိဗန္ဓာ၊ဖွဲ့.ဖွဲ့.စီကုံး အပ်ကုန်သော။တေ ဘာဝါနုဘာဝါ၊ထိုဗျဘိစာရီဘာဝ,သာတ္တိကာဘာဝ,အနုဘာဝတို့သည်။ နံ ရတိ၊ထိုရတိဌာယီဘာဝကို။ပေါသယန္တိ၊တိုးပွားစေကုန်၏။(ဝါ)သီဂိရ ရသအဖြစ်သို့ ရောက်စေကုန်၏။သောပိ သီဂိရော၊ထိုသီဂိရ ရသသည်လည်း။အယောဂ ဝိပ္ပယောဂသမ္ဘောဂါနံ၊ မပေါင်းဆုံမိသေးသော အယောဂ,ကွေကွင်းခြင်း တည်းဟူသော ဝိပ္ပယောဂ,ပေါင်းဆုံမိခြင်း တည်းဟူသော သမ္ဘောဂတို့၏။ဝသာ၊အစွမ်းအားဖြင့်။တိဓာ၊သုံးပါးအပြားရှိ၏။

*** သီဂိရ ရသ မည်ပုံ ။ ။** သင့်လျော်သော ဘာဝ, အနုဘာဝတို့ဖြင့် ဖွဲ့.ဆိုအပ်သော ရတိဌာယီဘာဝသည် သီဂိရ ရသ မည်ပါသည်။

*** သမ္ဘောဂါနံ ဝသာ တိဓာ-၌ တိဓာ- အရ**

*** သီဂိရ ရသ အပြား ၃-ပါး ။ ။** ၁။ ကိုယ်လက်ထိပါးခြင်း မရှိသေးဘဲ ဖြင်ရုံ, စကား ကမ်းလှမ်းရုံမျှလောက်ဖြင့်သာ ချစ်ခင်ခြင်းသည် "အယောဂ သီဂိရ ရသ" မည်၏။ ၂။ ပေါင်းသင်းပြီးမှသော်၎င်း, မပေါင်းသင်းရသေးမီ၎င်း သေကွဲ ရှင်ကွဲ နှစ်မျိုးတွင် တစ်မျိုးမျိုးဖြင့် ကွဲကွာရခြင်းသည် "ဝိပ္ပယောဂ သီဂိရရသ" မည်၏။ ၃။ ကိုယ်လက် ထိပါးခြင်းသို့ ရောက်အောင် ချစ်ခင်ခြင်းသည် "သမ္ဘောဂ သီဂိရ ရသ" မည်ပါသည်။

*** ဟာသဌာယီဘာဝ-မှ ဟဿ ရသ-ဖြစ်ပုံ အဓိပ္ပါယ်ပြ**

**၃၅၈။ ဝိကာရာ ကတိ အာဒီဟိ၊အတ္ထာနော ထ ပရဿ ဝါ။**
**ဟာသော နိဒ္ဒါ သမာလသျ၊မုဒ္ဓာဒီ ဗျဘိစာရိဘိ။**
**ပရိပေါသေ သိယာ ဟဿော၊ဘိယျောတ္တိ ပဘုတိနံ သော။**

၃၅၈။ ဝိကာရာ ကတိ အာဒီဟိ-ဝိကာရအာကတိ အာဒီဟိ၊ဖောက်ပြန်သော ဆဲထုံး ထုံးခြင်း,သွားခြင်း ရပ်ခြင်း,ကခြင်း သီခြင်းစသော အမူအရာတို့ကြောင့်။အတ္တနော ဝါ။မိမိ၏၊ဝင်း။အထ။ထိုမှတပါး။ပရဿဝါ၊သူတပါး၏၊ဝင်း။ဟာသော၊ပြုံးရယ်ခြင်း ဟာသဌာယီဘာဝသည်။နိဒ္ဒါ သမာလသျ မုဒ္ဓာဒီ ဗျဘိစာရိဘိ၊အိပ်ခြင်း,ပင်ပန်းခြင်း,ပျင်းရိခြင်း,တွေဝေခြင်း စသော ဗျဘိစာရီဘာဝတို့ဖြင့်။ပရိပေါသေ၊တိုးပွားခြင်းသည်။သတိ၊ရှိသော်။ဟဿော၊ ဟဿရသသည်။သိယာ၊ဖြစ်ရာ၏။သောဟာသော၊ထိုပြုံးရယ်ခြင်း ဟာသဌာယီဘာဝသည်။

ဝ ... ဖြင့်။ဂ္ဂတိပဘုတိနံ၊မိန်းမစသော သမာဓိနည်း... သတို့...

http://www.dhammadownload.com



အစရှိသည်တို့ဖြင့် မိမိနှင့် သူတစ်ပါးတို့၏ ရယ်ရွှင်ကြင်းသည် "ဟာသဌာယိဘာဝ"မည်၏။

* **ဟာသဌာယိဘာဝ အဖြစ်များသောပုဂ္ဂိုလ် ။ ။** ဘိယျောတ္ထိ ပဘုတိနံသော-ကို ထောက်၍ များသောအားဖြင့် မိန်းမတို့၏ သန္တာန်၌ ဖြစ်ပါသည်။

* **ဝိကာရာကတိအာဒီဟိ-၌ အာကတိ သရုပ် ။ ။** ၁။ အရုပ်အရွယ် အသွင်တို့ဖျင့် မလျော်သော ဆဲထုံးခြင်း, သွားခြင်း, ရပ်ခြင်း-စသော အာကတိ၊ ၂။ နစ္စ, ဂီတ-စသော အာကတိတို့ ဖြစ်ပါသည်။

*** ဟာသရသ၏ သရုပ်နှင့် အဓိပ္ပါယ်ပြ**

**၃၅၉။ သိတ မိဟ ဝိကာသိ နယနံ၊ကိဉ္စာ လက္ခိယဖိဇ္ဇ္ဇ တံ ဟသိတံ။**
**မဓုရဿရံ ဝိဟသိတံ၊အံသ သိရောကမ္မ မုပဟသိတံ။**

**၃၆၀။ အပဟသိတံ သဇလက္ခိ၊ဝိက္ခိတ္တဂီစ ဘဝတိ အတိဟသိတံ။**
**ဒွေဒွေ ကထိတာ စေသံ၊ဇေဋ္ဌေ မဇ္ဈေဓမေ ကမသော။**

**၃၅၉။** ဣဟ ဟာသဝိသယေ၊ဤရယ်ရွှင်သော အရာ၌။ဝိကာသိနယနံ၊ပွင့်သော မျက်လုံးရှိသော ရယ်ခြင်းသည်။(ဝါ)မျက်လုံးပွင့်ရုံ ရယ်ခြင်းသည်။သိတံ၊သိတမည်၏။တု၊ထိုမှ တပါး။ကိဉ္စာလက္ခိယဖိဇ်ဖစ်းငယ်ထင်သော သွားရှိသော။ယံ ဟာသဇာတံ၊အကြောင် ရယ်ခြင်း သည်။အတ္ထိ၊ရှိ၏။တံ ဟာသဇာတံ၊ထိုရယ်ခြင်းသည်။(ဝါ)ထိုစဉ်းငယ် သွားပေါ် ရုံရယ်ခြင်း သည်။ဟသိတံ၊ဟသိတမည်၏။မဓုရဿရံ၊ချိုသာသော အသံရှိသော ရယ်ခြင်းသည်။(ဝါ) ချိုသာသောအသံထွက်အောင်ရယ်ခြင်းသည်။ဝိဟသိတံ၊ဝိဟသိတမည်၏။အံသသိရောကမ္မံ၊ ပခုံး ဦးခေါင်း လှုပ်ခြင်းရှိသော ရယ်ခြင်းသည်။(ဝါ)ပခုံး ဦးခေါင်းလှုပ်အောင်ရယ်ခြင်းသည်။ ဥပဟသိတံ၊ဥပဟသိတမည်၏။

**၃၆၀။** သဇလက္ခိ၊မျက်ရည်နှင့်တကွသော မျက်လုံးရှိသော ရယ်ခြင်းသည်။(ဝါ) မျက်ရည်ထွက်အောင်ရယ်ခြင်းသည်။အပဟသိတံ၊အပဟသိတမည်၏။ဧ၊ထိုမှတပါး။ဝိက္ခိတ္တဂီစ၊ပစ်အပ်သော ကိုယ်ရှိသော ရယ်ခြင်းသည်။(ဝါ)ကိုယ်ကိုပစ်၍ ရယ်ခြင်းသည်။အတိဟသိတံ၊အတိဟသိတမည်သည်။ဘဝတိ၊ဖြစ်၏။ဧသေ ဟာသာနံ၊ထိုရယ်ခြင်းတို့တွင်။ဒွေဒွေ၊နှစ်ပါး နှစ်ပါး၊ကုန်သော။ဟာသာ၊ရယ်ခြင်းတို့ကို။ကမသော၊အစဉ်အားဖြင့်။ဇေဋ္ဌေ၊မြတ်သောသူ ၌ဝင်း။မဇ္ဈေ၊အလတ်ဖြစ်သော သူ၌ဝင်း။အဓမေ၊ယုတ်သောသူ၌ဝင်း။ကထိတာ၊ဆိုအပ် ကုန်၏။

*** ဟသ ရသ- သရုပ် ( ရယ်ခြင်း ၆-မျိုး ) ကို ဖြစ်ရာပုဂ္ဂိုလ်နှင့်တကွ တွဲစပ်ပုံ**

**၁။ သိတ- မျက်စိပွင့်ရုံ ပြုံးရယ်ခြင်း (သူမြတ်ပုဂ္ဂိုလ်)**

**၂။ ဟသိတ- သွားပေါ် ရုံ ပြုံးရယ်ခြင်း (သူမြတ်ပုဂ္ဂိုလ်)**

**၃။ ဝိဟသိတ- အသံညင်းညံး ထွက်ရုံ ပြုံးရယ်ခြင်း (အလတ်စားပုဂ္ဂိုလ်)**

http://www.dhammadownload.com



၄။ ဥပဟာသိတ- ပခုံး ဦးခေါင်းလှုပ်အောင် ပြုံးရယ်ခြင်း (အလတ်စားပုဂ္ဂိုလ်)
၅။ အပဟာသိတ- မျက်ရည်ထွက်အောင် ရယ်ခြင်း (သူယုတ်ပုဂ္ဂိုလ်)
၆။ အတိဟာသိတ- ကိုယ်ခန္ဓာ ပစ်လဲအောင် ရယ်ခြင်း (သူယုတ်ပုဂ္ဂိုလ်)
* သူယုတ် သူမြတ် ဤပုဂ္ဂိုလ်နှစ်ရပ်တို့၏ ပြုံးခွင်ရယ်ပြု ကွာဟမှု
သူယုတ်သည် အပဟာသိတ, အတိဟာသိတ နှစ်မျိုးဖြင့် ရယ်ပါသည်။
သူမြတ်သည် သိတ, ဟာသိတ နှစ်မျိုးဖြင့် ရယ်ပါသည်။
* သောကဌာယီဘာဝမှ ကရုဏာရသ, အနုဘာဝ, ဗျဘိစာရီဘာဝ တို့၏ ဖြစ်ပေါ်လာပုံပြ /ကရုဏာရသမြောက်အောင် ပါဝင်နေဖွဲ့ရမည့် ဌာယီဘာဝ ဗျဘိစာရီဘာဝ အနုဘာဝတို့ကို ဖော်ပြပုံပြ

* ကရုဏာရသ-၏ အဓိပ္ပါယ်ပြ

၃၆၁။ သောကရွပေါ တု ကရုဏော၊နိဋ္ဌပ္ပတ္တိဋ္ဌ နာသတော။
တတ္ထာနုဘာဝါ ရုဒိတ၊ပလယ ထမ္ဘကာဒယော။
ဝိသာဒါ လသျ မရဏ၊စိန္တာဒိ ဗျဘိစာရိနော။

၃၆၁။ တု၊ထို့မှတပါး။နိဋ္ဌပ္ပတ္တိဋ္ဌ နာသတော၊သားသို့နှင့်ကွေကွင်းခြင်း,နေရပ်ကို စွန့်ရခြင်းစသော အလိုမရှိအပ်သော အကျိုးကိုရခြင်း,သီလဥစ္စာစသော အလိုရှိအပ်သော အကျိုး၏ပျက်စီးခြင်းကြောင့်။သောကရွပေါ်၊စိုးရိမ်းခြင်းသဘောရှိသော သောကဌာယီဘာဝသည်။ကရုဏော၊ကရုဏာရသမည်၏။တတ္ထ ကရုဏာရသေ၊ထိုသောကဌာယီဘာဝ ကရုဏာရသ၌။ရုဒိတ ပလယ ထမ္ဘကာဒယော၊ငိုကြွေးခြင်း ရုဒိတ,သညာကင်းပျောက်ခြင်း ပလယ, ကိုယ်,စိတ်,တောင့်တင်းခိုင်မာခြင်း ထမ္ဘစသည်တို့သည်။အနုဘာဝါ၊အနုဘာဝတို့ မည်ကုန်၏။ဝိသာဒါ လသျ မရဏာစိန္တာဒီ၊အစွမ်းကုန်ခမ်းခြင်း ဝိသာဒ,ယျင်းရိခြင်း အာလသျ, သေခြင်း မရဏ,ကြံ့မိုင်ခြင်း စိန္တာစသည်တို့သည်။ဗျဘိစာရီနော၊ဗျဘိစာရိဘာဝတို့မည်ကုန်၏။
* ကရုဏာရသ မည်ပုံ ။ ။ အလိုမရှိအပ်သော အကျိုးကိုရခြင်း, အလိုရှိအပ်သော အကျိုး၏ ပျက်စီးခြင်းကြောင့်ဖြစ်သော သောကဌာယီဘာဝသည် ကရုဏာရသ မည်၏။

* ကောဓဌာယီဘာဝ-မှ ရုဒ္ဓရသ-ဖြစ်ပုံ အဓိပ္ပါယ်ပြ

၃၆၂။ ကောဓော မစ္ဆရိယာဒီဟိ၊ပေါသေ တာသ မဒါဒိဘိ။
နယနာ ရုဏာတာဒိဟိ၊ရုဒ္ဓေါနာမ ရသော ဘဝေ။

၃၆၂။ မစ္ဆရိယာဒီဟိ၊ဝန်တိုခြင်း မစ္ဆရိယစသောဝိဘာဝတို့ဖြင့်ဝင်း။တာသ မဒါဒိဘိ၊ထိတ်လန့်ခြင်း တာသ,မူးယစ်ခြင်း မဒစသော ဗျဘိစာရီဘာဝတို့ဖြင့်ဝင်း။နယနာ ရုဏာတာဒိဟိ၊မျက်လုံးနီခြင်း စသောအနုဘာဝတို့ဖြင့်ဝင်း။ပေါသေ၊တိုးပွားသည်ရှိသော်။ကောဓော အမျက်ထွက်ခြင်း ကောဓဌာယီဘာဝသည်။ရုဒ္ဓေါနာမ ရသော၊ရုဒ္ဓရသမည်သည်။ဘဝေ၊

http://www.dhammadownload.com



ဖြစ်၏။

* **ရုဒ္ဓရသမည်ပုံ ။ ။** ဝန်တိုခြင်း မစ္ဆရိယ-စသော ဝိဘာဝတို့ဖြင့်၎င်း ထိတ်လန့်ခြင်း တာသ, မူးယစ်ခြင်း မဒ-စသော ဗျာဘိစာရီဘာဝတို့ဖြင့်၎င်း မျက်လုံးနီခြင်းစသော အ ဘာဝတို့ဖြင့်၎င်း တိုးပွားခြင်းသို့ ရောက်သော ကောဓဌာယီဘာဝသည် ရုဒ္ဓရသ မည်၏

* **မစ္ဆရိယာဒီဟိ-၌ အာဒိ-အရ ။ ။** အဝိက္ခေပ-မပျံ့လွင့်ခြင်း, ဥဿာဟ-ပြုက်ရ ပြုခြင်း စသည်ဖြစ်ပါသည်။

* **တာသ မဒါဒီဘိ-၌ အာဖိ-အရ ။ ။** ဥဂ္ဂတ-ကြမ်းကြုတ်ခြင်း သမ္ဘမ-အထ မှားခြင်း ချာချာလည်ခြင်း စသည်တို့ကို ယူရပါမည်။

* **နယနာ ရုဏာတာဒီဟိ-၌ အာဒိ-အရ ။ ။** သရဘင်္-အသံပျက်ခြင်း ဩဋ္ဌပီဠန နှုတ်ခမ်းကိုက်ခြင်း စသည်တို့ကို ယူရပါမည်။

*** ဝီရ ရသ-၏ အဓိပ္ပါယ်နှင့် သရုပ်ပြ**

၃၆၃။ **ပတာပ ဝိက္ကမာဒိ၊ကု-ဿာဟော ဝီရောတိ သညီတော။**
**ရဏာ ဒါန ဒယာယောဂါ၊ဝီရောယံ တိဝိဓော ဘဝေ။**
**တေဝါ နုဘာဝါ မိတိမ၊တျာဒယော ဗျဘိစာရိနော။**

၃၆၃။ ပတာပ ဝိက္ကမာဒိ၊ကိ-ကန်ခိုး,လုံ့လစသည်တို့ကြောင့်။ပဝတ္တော၊ဖြစ်သော ဥဿာဟော၊ဥဿာဟဌာယီဘာဝကို။ဝီရောတိ၊ဂီရ ရသဟူ၍။သညီတော၊သိအပ်၏။အ ဝီရော၊ဤဝီရ ရသသည်။ရဏာ ဒါန ဒယာယောဂါ၊စစ်တိုက်ခြင်း,အလှူပေးခြင်း,သနားခြ တို့နှင့် ယှဉ်ခြင်းကြောင့်။တိဝိဓော၊ရုဒ္ဓဝီရ,ဒါနဝီရ,ဒယာဝီရ ဟူ၍ သုံးပါးအပြားရှိသည် ဘဝေ၊ဖြစ်၏ တေဝ ရဏာ ဒါန ဒယာ၊ထိုစစ်တိုက်ခြင်း,အလှူပေးခြင်း,သနားခြင်းတို့သည်သ လျှင်။အနုဘာ ဝါ၊အနုဘာဝတို့ မည်ကုန်၏။ဓိတိ မတျာဒယော၊ရောင့်ရဲခြင်း,သံသ ကင်းပျောက်ခြင်း စသည်တို့သည်။ဗျဘိစာရိနော၊ဗျဘိစာရီဘာဝတို့ မည်ကုန်၏။

* **ဝီရ ရသမည်ပုံ ။ ။** တန်ခိုးလုံ့လ စသည်တို့ကြောင့်ဖြစ်သော ဥဿာဟဌာယီဘာ သည် ဝီရရသ မည်ပါသည်။

* **ဝီရောယံ တိဝိဓော ဘဝေ-၌ တိဝိဓ-အရ**

* **ဝီရရသ အပြားနှင့် အဓိပ္ပါယ် ။ ။** ၁။ စစ်တိုက်ခြင်း- ယုဒ္ဓဝီရရသ၊ ၂။ အလှူ ခြင်း- ဒါနဝီရရသ၊ ၃။ သနားခြင်း- ဒယာဝီရ ရသ။

* **ဓိတိ မတျာဒယော-၌ အာဒိ-အရ ။ ။** ဥဂ္ဂတ-ကြမ်းကြုတ်ခြင်း၊ ဂဗ္ဘ-မာန်မူခြင် စသည်တို့ ဖြစ်ပါသည်။

* **ဥဿာဟနှင့် ဝီရ အထူး ။ ။** ဒုက္ခကို သည်းခံ၍ တက်ကြွကြိုးစားမှု ဝီရိယသဥ ဥဿာဟ၊ တွေ့ကြုံလာသော ဘေးဒုက္ခကြောင့် မကြောက်မရွံ့ ရဲဝံ့သော ဝီရိယသည်

http://www.dhammadownload.com



ဝိရ။ ဤသို့ ထူးပါသည်။

* **သူမြေမှာ ဖြူပြာပွင့်လျှင်ဖြင့်၊ ငါမြေမှာ နီဝါတင့်ရမပေါ့**--သည် အနှိုင်မခံ အရှုံး မပေးလိုသော စိတ်ဓာတ်ဖြင့် ရဲရဲစွာ ကြုံးဝါးပြောဆိုသောကြောင့် ယုဒ္ဓဝိရရသ။

*** ဘယာနက ရသ-၏ အဓိပ္ပါယ်ပြ**

**၃၆၄။ ဝိကာရိသန သတ္တာဒိ၊ဘယုတ္တံသော ဘယာနကော။**
**သေဒါဒယော နုဘာဝေတ္ထ၊တာသာဒိ ဗျဘိစာရီနော။**

**၃၆၄။** ဝိကာရိသန သတ္တာဒိ ဘယုက်ံသော်၊ဖောက်ပြန်သော အသံ,ဖောက်ပြန်သော သတ္တဝါစသည်တို့ကြောင့် လွန်ကဲသောကြောက်ခြင်းသည်။ဘယာနကော၊ဘယာနက ရသမည်၏။ဧတ္ထ ဘယာနကရသေ၊ဤဘယာနကရသ၌။သေဒါဒယော၊ချွေးစသည်တို့သည်။အနုဘာဝေါ၊အနုဘာဝတို့မည်ကုန်၏။တာသာဒီ၊လန့်ခြင်း စသည်တို့သည်။ဗျဘိစာရိနော၊ဗျဘိစာရီဘာဝတို့မည်ကုန်၏။

*** ဘယာနက ရသ မည်ပုံ ။ ။** ဖောက်ပြန်သော အသံ, ဖောက်ပြန်သော သတ္တဝါစသည်တို့ကြောင့်ဖြစ်သော ကြောက်ခြင်း ဘယဌာယီဘာဝသည် ဘယာနကရသ မည်၏။

*** ဝိဘစ္ဆရသ-၏ အဓိပ္ပါယ်ပြ**

**၃၆၅။ ဇိဂုစ္ဆာ ရွဓိရာဒီဟိ၊ပူတျာဒီဟိ ဝိရာ ဝတော။**
**ဝိဘစ္ဆော ခေါဘနုဗ္ဗေဂီ၊ကမေန ကရုဏာယုတော။**
**နာသာ ဝိကုနနာဒီဟိ၊သက်ာဒီဟိသ ပေါသနံ။**

**၃၆၅။** ရုဓိရာဒီဟိ၊သွေးစသည်တို့ကြောင့်ငြင်း။ပူတျာဒီဟိ၊အပုပ်နံ့ စသည်တို့ကြောင့်ငြင်း။ဝိရာဝတော၊တပ်ခြင်းကင်းခြင်းကြောင့်ငြင်း။ပဝတ္တာ၊ဖြစ်သော။ဇိဂုစ္ဆာ၊ဇိဂုစ္ဆာဌာယီဘာဝသည်။ကမေန၊အစဉ်အားဖြင့်။ခေါဘနုဗ္ဗေဂီ၊တုန်လှုပ်ချောက်ချားခြင်း,ထိတ်လန့်ခြင်းရှိသော။ကရုဏာယုတော၊ကရုဏာနှင့်ယှဉ်သော။ဝိဘစ္ဆော၊ဝိဘစ္ဆရသသည်။ဘဝေ၊ဖြစ်၏။နာသာဝိကုနနာဒီဟိ၊နှာခေါင်းရှုံ့ခြင်းစသော အနုဘာဝတို့ဖြင့်ငြင်း။သက်ာဒီဟိ၊ယုံမှားခြင်း သက်ာစသော ဗျဘိစာရီဘာဝတို့ဖြင့်ငြင်း။အသ ဝိဘစ္ဆရသဿ၊ထိုဝိဘစ္ဆရသ၏။ပေါသနံ၊ တိုးပွားခြင်းသည်။ဘဝေ၊ဖြစ်၏။

*** ဝိဘစ္ဆရသ မည်ပုံ ။ ။** သွေး, အပုပ် မနှစ်သက်အပ်သောဝတ္ထု စသော အာလမ္ဗဏ ဝိဘာဝ, သွေး အပုပ် မနှစ်သက်အပ်သော ဝတ္ထု၏ ဖောက်ပြန်သော အမူအရာဟု ဆို အပ်သော ဥဒ္ဓိုပန ဝိဘာဝတို့ကြောင့်ဖြစ်သော စက်ဆုပ်ခွံရှာခြင်း ဇိဂုစ္ဆဌာယီဘာဝသည် ဝိဘစ္ဆရသ မည်ပါသည်။

*** ဇိဂုစ္ဆဌာယီဘာဝ သရူပ် ။ ။** ရုဓိတ-သွေး၊ ပူတိ-အပုပ်နံ့၊ ဝိရာဂ-တပ်ခြင်းကင်းခြင်းတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



* **ဝိဘာဋ္ဌရသ သရူပ် ။ ။** ခေါဘန-တုန်လှုပ်ချောက်ချားခြင်း၊ ဥဒ္ဓေဂိ-ထိတ်လန့်ခြင်း၊ ကရုဏာယုတ-ကရုဏာနှင့်ယှဉ်ခြင်းတို့ ဖြစ်ပါသည်။

* **ဇိဂုစ္ဆာ ရူဓိရာဒီဟိ-၌ အာဒိ-အရ ။ ။** အန္တရဂဏ-အူသိမ် စသည်ဖြစ်ပါသည်။

* **ပူတျာဒီဟိ-၌ အာဒိ-အရ ။ ။** ကိမိ-ပိုးလောက် စသည်ဖြစ်ပါသည်။

* **နာသာဝိတုနနာဒီဟိ-၌ အာဒိ-အရ ။ ။** မုခဝိဒဟန-မျက်နှာပိတ်ခြင်း, မျက်နှာလွဲခြင်း စသည်ဖြစ်ပါသည်။

* **သင်္ဘာဒီဟိ-၌ အာဒိ-အရ ။ ။** အာဝေဂ-အဆောတလျင်ပြုခြင်း စသည်ရ၏။

* **ကမေန ကရုဏာယုတော-၌ ကမေန-အရ စဉ်ပုံ (ကမ အဓိပ္ပါယ်)**

ရူဓိရ-စသည်ကြောင့် ဇိဂုစ္ဆာဖြစ်လျှင် ခေါဘန ဝိဘာဋ္ဌရသဖြစ်၏၊ ပူတိ-စသည်ကြောင့် ဇိဂုစ္ဆာဖြစ်လျှင် ဥဒ္ဓေဂိ ဝိဘာဋ္ဌရသ ဖြစ်၏။ ဝိရာဂကြောင့် ဇိဂုစ္ဆာဖြစ်လျှင် ကရုဏာယုတ ဝိဘာဋ္ဌရသ ဖြစ်၏၊ (ဤသို့ ဖြစ်သည်ကို ကမေန-ဟု ဆိုသည်။)

*** ဝိမှယဌာယီဘာဝ-မှ အဋ္ဌတရသ-ဖြစ်ပုံ အဓိပ္ပါယ်ပြ**

၃၆၆။ **အတီလောတ ပဒတ္ထေဟိ၊ဝိမှယော ယံ ရသောဒ္ဓုတော။**
**တဿာနုဘာဝါ သေဒဿု၊သာဓုဝါဒါဒယော သိယုံ။**
**တာသာ ဝေဂ ဓိတိပဥ်ာ၊ဟောန္တေတ္ထ ဗျဘိစာရိနော။**

၃၆၆။ အတီလောက ပဒတ္ထေဟိ။လောကကိုလွန်၍ဖြစ်သော ပုဒ်,နက်တို့ကြောင့်။ ပဝတ္တော၊ဖြစ်သော။အယံဝိမှယော၊ဤဝိမှယဌာယီဘာဝသည်။အဋ္ဌတောရသော၊အဋ္ဌတရသမည်သည်။သိယာ၊ဖြစ်ရာ၏။သေဒဿု သာဓုဝါဒါဒယော၊ချွေးထွက်ခြင်း,မျက်ရည်ယိုခြင်း,သာဓုခေါ်ခြင်းစသည်တို့သည်။တဿ အဋ္ဌတ ရသဿ၊ထိုအဋ္ဌတရသ၏။အနုဘာဝါ၊ အနုဘာဝတို့မည်ကုန်သည်။သိယုံ၊ဖြစ်ရာ၏။ဇတ္ထ အဋ္ဌတရသေ၊ဤအဋ္ဌတရသ၌။တာသာ ဝေဂဓိတိပဥ်ာ၊ထိတ်လန့်ခြင်း ဆောဆောလျင်လျင် ပြုခြင်း,ရောင့်ရဲခြင်း,အသိဉာဏ်ပညာတို့သည်။ဗျဘိစာရိနော၊ဗျဘိစာရီဘာဝတို့မည်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။

* **အဋ္ဌတရသ မည်ပုံ ။ ။** လောကကို လွန်သော ပုဒ်, အနက်, ဝတ္ထုဟု ဆိုအပ်သော အာလမ္ဗဏဝိဘာဝ လောကကိုလွန်သော ပုဒ်, အနက်, ဝတ္ထု၏ ဂုဏ်ဟုဆိုအပ်သော ဥဒ္ဒိပနဝိဘာဝတို့ကြောင့်ဖြစ်သော အံ့ဩြခြင်း ဝိမှယဌာယီဘာဝသည် အဋ္ဌတရသ မည်၏။

*** သမဌာယီဘာဝ-မှ သန္တရသ-ဖြစ်ပုံ အဓိပ္ပါယ်ပြ**

၃၆၇။ **ဌာယီဘာဝေါ သမော မေတ္တာ၊ဒယာ မောဒါဒိ သမ္ဘဝေါ။**
**ဘာဝါဒိဟိ တဒုတ္တံသော၊သန္တော သန္တ နိသေဝိတော။**

၃၆၇။မေတ္တာ ဒယာ မောဒါဒိ သမ္ဘဝေါ၊မေတ္တာ,ကရုဏာ,မုဒိတာတို့ကြောင့်ဖြစ်သော။ သမော၊သမမည်သော။ဌာယီဘာဝေါ၊ဌာယီဘာဝသည်။ဟောတိ၊ဖြစ်၏။ဘာဝါဒိဟိ၊ဘာဝ

http://www.dhammadownload.com



စသည်တို့ကြောင့်။(ဝါ)ဘာဝ,ဝိဘာဝ,အနုဘာဝတို့ကြောင့်။တဒုက္ကံသော၊ထိုသမဌာယီဘာဝ၏ လွန်ကဲတိုးပွားခြင်းရှိသော ရာသသည်။သန္ဓနိသေဝိတော၊သူတော်ကောင်းတို့လည်းမှီဝဲအပ်သော်။သန္တော၊သန္ဓရသမည်သည်။ဟောတိ၊ဖြစ်၏။

* **သန္ဓရသ မည်ပုံ ။ ။** မေတ္တာ, ကရုဏာ, မုဒိတာ-စသော ကမ္မဋ္ဌာန်း ၄၀-တို့ကြောင့် ဖြစ်သော ဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားခြင်းရှိသော သူတော်ကောင်းတို့သည် မှီဝဲအပ်သော သမဌာယီဘာဝသည် သန္ဓရသ မည်ပါသည်။

## ပဉ္စမပရိစ္ဆေဒ ရသ ဘာဝါဝဟောဓပြီး၏။

### * ဘာဝ, ဝိဘာဝ, အနုဘာဝ ဆုတ်ပုံမျှား

မေး။ ကြောက်လန့်ဖွယ်ရာ နေ့သားဖွဲ့ဆိုထားသော ကဗျာလင်္ကာမျိုးကို ဖတ်ရှုနေသူ၏ သန္ဓာန်၌ ပြင်းထန်စွာ ကြောက်လန့်ခြင်း ဖြစ်နေရာဝယ် (က) ဘာဝ (ခ) ရသ (ဂ) ဝိဘာဝ (ဃ) အနုဘာဝ (င) ဗျဘိစာရီဘာဝတို့ကို စုံလင်စွာ ထုတ်ပြပါ။

ဖြေ။ (က) ကြောက်လန့်သော အခြင်းအရာအားဖြင့်ဖြစ်သော ဒေါသပြဌာန်းသော စိတ္တုပ္ပါဒ်သည် ဘယဌာယီဘာဝ (ခ) ဘယာနက ရသ (ဂ) ကြောက်လန့်ဖွယ်ရာ အကြောင်း အရာသည် ဥဒ္ဒီပန ဝိဘာဝ၊ (ဃ) ချွေးထွက်ခြင်း စသည်သည် အနုဘာဝ (င) ထိတ်လန့်ခြင်းသည် ဗျဘိစာရီဘာဝ။

**နေဝါဟ မတ္တာန မနုတ္ထုန္နာမိ၊ န ပုတ္တဒါရံ န ဓနံ န ရဋ္ဌံ။**
**သတဉ္စ ဓမ္မော ပုရာဏော စရိတော၊ တံ သတံရံ ဗြဟ္မဏာသာနုတပ္ပေ။--၌**

၁။ သုတသောမမင်း၏ စိုးရိမ်ပူပန်ခြင်းသည် သောကဌာယီဘာဝ ကရုဏာရသ၊ ၂။ နန္ဒပုဏ္ဏားသည် အာလမ္ဗဏဝိဘာဝ၊ ၃။ နန္ဒပုဏ္ဏားနှင့် အိမ်နီးချင်းခြင်းသည် ဥဒ္ဒီပန ဝိဘာဝ၊ ၄။ သုတသောမမင်း၏ ဤဂါထာကို ရွတ်ဆိုခြင်း နှုတ်အမူအရာသည် အနုဘာဝ။

**နာ ဟိ နူနာယံ သာ ခုဒ္ဓာ၊ လာဘီ ဇီဒ္ဓါယ ဆေဒနံ။**
**သုနီသေတေန သတ္ထေန၊ ဖဝံ ဒုဇ္ဇာသိတံ ဘဏ္ဍီ။--၌**

(ချစ်ကြိုက်ပါသော၊လာခါပြောလည်း၊ သဘောယုတ်မာ၊မိခုဒ္ဓာ၏၊လျှာဖျားကစ၊ သက်မြဲစား၊ ကျေးဇူးရာလည်း၊လာဘမသေ၊ မရလေခဲ့)--၌

၁။ ပဘာဝတိ၏ စိတ်ဆိုးခြင်း အမျက်ထွက်ခြင်းသည် ကောဓဌာယီဘာဝ, ရုဒ္ဓရသ၊ ၂။ ခုဒ္ဓာနှင့် ကုသမင်းသည် အာလမ္ဗဏဝိဘာဝ၊ ၃။ ခုဒ္ဓာ-က ကုသကို ချစ်ရမည်ဟု

http://www.dhammadownload.com



ပြောဆိုခြင်း အမူအရာ, တံခါးပိတ်ခြင်းစသော အမူအရာသည် ဥဒ္ဓိပနဝိဘာဝ၊ ၄။ လျှာကို ဓားဖြင့် မဖြတ်လိုက်ရလေဟု ပြောဆိုသော နှုတ်အမူအရာ မျက်လုံးနီခြင်းသည် အနုဘာဝ

**ကိ မေ ဇကေန တိဏ္ဍေန၊ ပုရိသေန ထာမဒဿိနာ။**
**သဗ္ဗညုတံ ပါပုဏိတ္ထာ၊ သန္တာရေသံ သ ဒေဝကံ။---၌**

၁။ ဘုရားလောင်း၏ သနားခြင်းနှင့်ယှဉ်သော ဓရင့်သော ဝီရိယသည် ဥဿာဟ ဌာယီဘာဝ, ဒယာဝီရရသ၊ ၂။ နတ်,လူအပေါင်းသည် အာလမ္ဗဏ ဝိဘာဝ၊ ၃။ နတ်လူ အပေါင်း၏ ဆင်းရဲခြင်း အမူအရာသည် ဥဒ္ဓိပန ဝိဘာဝ၊ ၄။ သနားကြင်နာခြင်း ဘုရား အဖြစ်သို့ ရောက်ခြင်းသည် အနုဘာဝ။

* အားအစွမ်းကိုမြင်သော ငါယောကျ်ားသည် တစ်ယောက်တည်း နိဗ္ဗာန်ကူးသဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ဘုရားအဖြစ်သို့ ရောက်၍ နတ်နှင့်တကွသော လူအပေါင်းကို ကယ်တင်အံ့---၌

၁။ ကယ်တင်လိုသော အခြင်းအရာအားဖြင့်ဖြစ်သော ဆန္ဒ (ကရုဏာ) ပြဌာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိ ဌာယီဘာဝ, ဓမ္မသိဂ်ရရသ၊ (တစ်နည်း) ကယ်တင်ခြင်း အခြင်း အရာအားဖြင့်ဖြစ်သော ဝီရိယပြဌာန်းသော စိတ္တုပ္ပါဒ်သည် ဥဿာဟ ဌာယီဘာဝ, ဝီရရသ၊ ၂။ သတ္တဝါအပေါင်းသည် အာရမ္မဏဝိဘာဝ၊ ၃။ သတ္တဝါတို့၏ သံသရာ၌ နစ်မွန်း နေကြခြင်း အားအစွမ်းရှိသော ယောကျ်းမြတ်ဖြစ်ခြင်း စသည်တို့သည် ဥဒ္ဓိပန ဝိဘာဝ၊ ၄။ ပါရမီဖြည့်ကျင့်ခြင်း, ဘုရားဖြစ်ခြင်း, သတ္တဝါတို့ကို နိဗ္ဗာန်သို့ ကူးမြောက်စေခြင်း စသည်တို့သည် အနုဘာဝ။

* သစ်ပင်တောတောင် လျှိုမြောင် တောင်ခေါင်း ခိုအောင်းမိုကျ ကျင့်ဓုရကို နွေ့ည ကြိုးပမ်း မြတ်ရဟန်း---၌ ၁။ ရဟန်း၏ သန္တာန်၌ဖြစ်သော ဝီရိယပြဌာန်းသော စိတ္တုပ္ပါဒ် သည် ဥဿာဟ ဌာယီဘာဝ, ဝီရရသ၊ (တစ်နည်း) သမာဓိပြဌာန်းသော စိတ္တုပ္ပါဒ်သည် သမ ဌာယီဘာဝ, သန္တရသ။ ၂။ အကျင့်ဓုရသည် (၀ါ) ကမ္မဋ္ဌာန်းအာရုံသည် အာရမ္မဏ ဝိဘာဝ၊ ၃။ သစ်ပင်တောတောင် သျှိုမြောင် တောင်ခေါင်းစသည်သည် ဥဒ္ဓိပနဝိဘာဝ၊ ၄။ ဈာန်မဂ်ဖိုလ်ရခြင်း စသည်သည် အနုဘာဝ။

**သီဟော သီဟနာဒေန၊ ဒဒ္ဒရံ အဘိနဒတိ။**
**သုတ္တာ သီဟာသ နိဂ္ဂေါသံ၊ သီဟိလော ဒဒ္ဒရေ ဝသံ။**
**ဘီတော သန္တာသ မပါဒိ၊ ဟဒယဥ္စသ အဖလိ။**

၁။ မြေခွေး၏ ကြောက်ခြင်းသည် ဘယဌာယီဘာဝ, ဘယာနကရသ၊ ၂။ ခြင်္သေ့သည် အာရမ္မဏဝိဘာဝ၊ ၃။ ခြင်္သေ့၏ ဟောက်သံသည် ဥဒ္ဓိပန ဝိဘာဝ၊ ၄။ ချွေးထွက်ခြင်း မျက်ရည်ယိုခြင်း နှလုံးကွဲခြင်းသည် အနုဘာဝ။

http://www.dhammadownload.com



**အသုစိ ပူတိ လောမောသိ၊ ဒုဂ္ဂန္ဓော ဝါယိ သုကရ။**
**သစေ ယုဇ္ဈိတု ကာမောသိ၊ ဇယံ သမ္မ ဒဒါမိ တေ။--၌**

၁။ ခြင်္သေ့မင်း၏ စက်ဆုပ်ခံရှာခြင်းသည် ဇိဂုစ္ဆာဌာယိဘာဝ, ဝိဘာဌရသ၊ ၂။ မစင်ဖြင့် လိမ်းကျံသော တောဝက်သည် အာလမ္ဗဏဝိဘာဝ၊ ၃။ မကောင်းသောအနံ့သည် ဥဒ္ဓိပန ဝိဘာဝ၊ ၄။ နှာခေါင်းရှုံ့ခြင်း ဝက်ကို အနိုင်ပေး၍ ဖဲသွားခြင်းသည် အနုဘာဝ။

**အစ္ဆေရံ ဝတ လောကသ္မိ၊ အဿုတံ လောမ ဟံသနံ။**
**ဝေဿန္တရဿ တေဇေန၊ သယမေဝေါနတာ ဒုမာ။--၌**

၁။ မဒ္ဒီမိဖုရား၏ အံ့ဩခြင်းသည် ဝိမှယဌာယိဘာဝ, အဿုတရသ၊ ၂။ သစ်ပင်သည် အာလမ္ဗဏ ဝိဘာဝ၊ ၃။ သစ်ပင်၏ အလိုလို ကိုင်းညွတ်လာခြင်းဂုဏ်သည် ဥဒ္ဓိပနဝိဘာဝ သာဓုခေါ်ခြင်း ကြက်သီးထခြင်း စသည်သည် အနုဘာဝ။

ပုရာ ပရေသံ ဒတ္တာန၊ မနုညံ နယနာဒိကံ။
မုနိနာ သမနုပ္ပတ္တာ၊ ဒါနိ သတ္တညုတာသိရီ။--၌ ၁။ ဘုရာလောင်း၏သန္တာန်၌ ပေးလှူခြင်း၌ ရဲရင့်သောအခြင်းအရာအားဖြင့် ဖြစ်သော ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဥဿဟဌာယိဘာဝ, ဒါနဝီရရသ၊ ၂။ တစ်ပါးသောသူ အလှူခံပုဂ္ဂိုလ်တို့သည် အာရမ္မဏ ဝိဘာဝ၊ ၃။ နှစ်သက်ဖွယ်ရာ မျက်လုံးစသည့် လှူဖွယ်ဝတ္ထုတို့သည် ဥဒ္ဓိပနဝိဘာဝ၊ ၄။ သတ္တညုတဉာဏ်ရရှိခြင်း ဘုရားဖြစ်တော်မူခြင်း-စသော အကျိုးအဆက်ဆက်သည် အနုဘာဝ မည်၏။

**တတ္ထ ပဓာနံ ပဒဟိ၊ နိသဇ္ဇ ဌာန စက်မံ။**
**အဇ္ဈဂ္ဂရမှိ သတ္ထာဟေ၊ အဘိညာဗလ ပါပုဏိ။--၌**

၁။ သုမေဓာရှင်ရသေ့၏ တည်ကြည်သော အပွနာသမာဓိသည် သမဋ္ဌာယိဘာဝ, သန္တရသ၊ ၂။ သုမေဓာရှင်ရသေ့ ခဲလုံးသွင်းအပ်သော ကမ္မဋ္ဌာန်းသည် အာလမ္ဗဏဝိဘာဝ၊ ၃။ စိတ်ကြည်နူးဖွယ်ကောင်းသော ကျောင်းသစ်မိုး စိမ်းစိုသော တော တောင် စသည်သည် ဥဒ္ဓိပန ဝိဘာဝ၊ ၄။ အဘိညာဉ်ကို ရခြင်းသည် အနုဘာဝ။

*** နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ--၌**

၁။ ရှိခိုးသောပုဂ္ဂိုလ်၏ သန္တာန်၌ သဒ္ဓါပဏာမစေတနာပြဋ္ဌာန်းသော မဟာကုသိုလ်စိတ္တုပ္ပါဒ်သည် ဓမ္မရတိ ဌာယိဘာဝ, ဓမ္မသိဂါရရသ၊ ၂။ မြတ်စွာဘုရား၏ ရူပကာယတော်သည် အာရမ္မဏဝိဘာဝ၊ ၃။ အရဟံ-စသော ဂုဏ်တော်များသည် ဥဒ္ဓိပန ဝိဘာဝ၊ ၄။ ရှိခိုးခြင်းကြောင့် ရရှိအပ်သော နတ်ရွာ သုဂတိနှင့် နိဗ္ဗာန်တိုင်အောင်သော အကျိုး အဆက်ဆက်တို့သည် အနုဘာဝ။

*** ဗုဒ္ဓံ ဗုဒ္ဓဂုဏံ အဟံ ဝန္ဒာမိ--၌** ၁။ မြတ်စွာဘုရားကို ရှိခိုးသောပုဂ္ဂိုလ်၏ သန္တာန်

http://www.dhammadownload.com



၌ သဒ္ဓါပဏာမစေတနာပြဌာန်းသော မဟာကုသိုလ်စိတ္တုပ္ပါဒ်သည် ဓမ္မရတိ ဌာယီဘာဝ ဓမ္မသိဂ်ိရရသ၊ ၂။ မြတ်စွာဘုရားသည် အာရမ္မဏဝိဘာဝ၊ ၃။ မြတ်စွာဘုရား၏ ဂုဏ်တော်များသည် ဥဒ္ဒိပနဝိဘာဝ၊ ၄။ အန္တရာယ်ကင်းခြင်း နိဗ္ဗာန်တိုင်အောင်သော အကျိုး အဆက်ဆက်သည် အနုဘာဝ မည်၏။

* ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ---ဝယ် "ဂစ္ဆာမိ"ကို ကိုယ်ပြု၍--- ၁။ ဘုရားရှင်ကို ဆည်းကပ်သောသူ၏ သန္တာန်၌ သဒ္ဓါ ပီတိပြဌာန်းသော မဟာကုသိုလ်စိတ္တုပ္ပါဒ်သည် ဓမ္မရတိ ဌာယီဘာဝ, ဓမ္မသိဂ်ိရရသ၊ ၂။ ဘုရားရှင်သည် အာရမ္မဏဝိဘာဝ၊ ၃။ ဘုရားရှင်၏ ဂုဏ်တော်တို့သည် ဥဒ္ဒိပနဝိဘာဝ၊ ၄။ ဘုရားရှင်ကို ဆည်းကပ်ခြင်းကြောင့် ရရှိအပ်သော ကောင်းကျိုးအဆက်ဆက်တို့သည် အနုဘာဝ။

* သတ္ထေ ဘာယန္တိ မစ္စုနော--၌ ၁။ သတ္တဝါတို့၏ သန္တာန်၌ ဆုပ်နစ်သည့် ဒေါသပြဌာန်းသော စိတ္တုပ္ပါဒ်သည် ဘယဌာယီဘာဝ, ဘယာနကရသ၊ ၂။ သေခြင်းတရားသည် အာရမ္မဏဝိဘာဝ၊ ၃။ သေခြင်းတရား၏ ကြောက်မက်ဖွယ်ရာ အခြင်းအရာတို့သည် ဥဒ္ဒိပန ဝိဘာဝ၊ ၄။ ကိုယ်တုန်လှုပ်ခြင်း ဆွေးထွက်ခြင်း အဆင်းဖောက်ပြန်ခြင်း အသံဖောက်ပြန်ခြင်း စသည်တို့သည် အနုဘာဝ မည်၏။

* ညမောင်မောင်တွင်၊ အကြင်ယောကျ်ား၊ နိုးတကြားဖြင့်၊ နွားဟုမှတ်ပြီး၊ ကျားကို စီးသော်၊ နေမီးလင်းဘိ၊ ကျားမှန်းသိက၊ မခို့စိတ်မှာ၊ ထွက်ပြေးရာဝယ်---၌ ၁။ ယောကျ်ား၏ သန္တာန်၌ ကြောက်ရွံ့သော အခြင်းအရာအားဖြင့်ဖြစ်သော ဒေါသပြဌာန်းသော စိတ္တုပ္ပါဒ်သည် ဘယဌာယီဘာဝ, ဘယာနကရသ၊ ၂။ ကျားသည် အာရမ္မဏဝိဘာဝ၊ ၃။ ကျား၏ ကြောက်မက်ဖွယ်အခြင်းအရာများသည် ဥဒ္ဒိပနဝိဘာဝ၊ ၄။ ထွက်ပြေးခြင်း စသည်သည် အနုဘာဝ။

စိရပ္ပဝါသီ ပုရိသံ၊ ဒုရတော သောတ္ထိ မာဂတံ။
ဉာတိမိတ္တာ သုဟဇ္ဇာစ၊ အဘိနန္ဒန္တိ အာဂတံ--၌

၁။ အဘိနန္ဒန္တိ-၌ နန္ဒဓာတ်အရ ပီတိသောမနဿပြဌာန်းသော စိတ္တုပ္ပါဒ်သည် ရတိ ဌာယီဘာဝ, သိဂ်ိရရသ၊ ၂။ အဝေးမှပြန် လာသော ယောကျ်ားသည် အာရမ္မဏဝိဘာဝ၊ ၃။ ကြာမြင့်စွာ ကွဲကွာနေခြင်း ချမ်းသာစွာ ပြန်လာခြင်းသည် ဥဒ္ဒိပန ဝိဘာဝ၊ ၄။ပွေ့ဖက်ခြင်း စကားပြောခြင်း စသည်သည် အနုဘာဝ မည်၏။

ဒုနော်ပါ ကာမစဏ္ဍာလော၊ သော မံ သဒယနိဒ္ဓယော။
ဤဒိသံ ဗျာသနာပန္နံ၊ သုခိပိကိမုပေက္ခသေ--၌ ၁။ ကာမဂုဏ်ဒွန်းစဏ္ဍား ဖျက်ဆီးခံရသော အမျိုးသမီး၏ သန္တာန်၌ ချစ်ခင်နှစ်သက်သော အခြင်းအရာအားဖြင့်ဖြစ်သော တဏှာပြဌာန်းသော စိတ္တုပ္ပါဒ်သည် ကာမရတိဌာယီဘာဝ, ဝိယောဂါသိဂ်ိရရသ၊ ၂။ ချစ်

http://www.dhammadownload.com



လင်သည် အာရမ္မဏာဝိဘာဝ၊ ၃။ ချစ်လင်၏ အသစ်ပေါင်းသင်း ချမ်းသာခြင်းသို့ ရောက်နေခြင်းသည် ဥဒ္ဓိပနဝိဘာဝ။ ၄။ ဤကဲ့သို့ ပျက်စီးခြင်းသို့ ရောက်နေသော ကျွန်တော်မကို အဘယ့်ကြောင့် လျစ်လျူရှုရသနည်း-ဟု ပြောဆိုမြည်တမ်းခြင်းသည် အနုဘာဝ။

* ဘင်ပုပ်မစင်၊ ပက်ပင်းမြင်သော်၊ လူရှင်များစွာ၊ စက်ဆုပ်ရာသို့---၌ ၁။ လူရှင်များစွာ၏ သန္တာန်၌ဖြစ်သော စက်ဆုပ်သောအခြင်းအရာအားဖြင့်ဖြစ်သော ဒေါသပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဇဂုစ္ဆဌာယီဘာဝ, ဒီဘစ္ဆရသ၊ ၂။ ဘင်ပုပ်မစင်သည် အာရမ္မဏာဝိဘာဝ၊ ၃။ စက်ဆုပ်ဖွယ်အခြင်းအရာသည် ဥဒ္ဓိပနဝိဘာဝ၊ ၄။ နှာခေါင်းရှုံ့ခြင်း စသည်တို့သည် အနုဘာဝ မည်၏။ (ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားသောအခါ ထိုဇဂုစ္ဆဌာယီဘာဝသည်ပင် ဒီဘစ္ဆရသ ဖြစ်ပါသည်။)

* ဝင့်ဝါ ကွန္ဒိ၊ ပဋိဟာရိယ၊ ပြဿသမှု၊ အစုစုကို၊ သုံးလှုံ့ဆရာ၊ ငါမြတ်စွာသည်၊ ခွဲရှာ စက်ဆုပ်လှသတည်း။--၌ ၁။ မြတ်စွာဘုရားသန္တာန်၌ဖြစ်သော စက်ဆုပ်ခွဲရှာသော အခြင်းအရာအားဖြင့်ဖြစ်သော ဩဇဋ္ဌာပနပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဇဂုစ္ဆဌာယီဘာဝ၊ ၂။ ဝင့်ဝါကွန္ဒိ ပဋိဟာရိယ-သည် အာရမ္မဏာဝိဘာဝ၊ ၃။ ပြဿသမှုသည် ဥဒ္ဓိပနဝိဘာဝ၊ ၄။ ဘုရားရှင်ကဲ့ရဲ့ခြင်း သိက္ခာပုဒ်ပညတ်ခြင်း စသည်သည် အနုဘာဝ။(ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားသောအခါ ထိုဇဂုစ္ဆဌာယီဘာဝ သည်ပင် ဒီဘစ္ဆရသ ဖြစ်ပါသည်။)

* ယမင်းပုံလို၊ ပဘာပျို၊ သင့်ကိုလွန်စွာ၊ ချစ်အာသာကြောင့်၊ ပြည်ရွာတိုင်းခွင်၊ ငါစွန့်ချင်သည်၊ မင်းပင် မလုပ်လိုတော့ပြီ။----၌ ၁။ ချစ်ခင်နှစ်သက်ခြင်းဟူသော တဏှာပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ကာမရတိဌာယီဘာဝ, ကာမသိဂ်ါရရသ၊ ၂။ ပဘာပျိုသည် အာရမ္မဏာဝိဘာဝ၊ ၃။ ယင်းပဘာပျို၏ ယမင်းပုံလို လှုပခြင်းသည် ဥဒ္ဓိပနဝိဘာဝ၊ ၄။ ပြည်ရွာတိုင်းခွင်ကို စွန့်လိုခြင်း မင်းမလုပ်လိုတော့ခြင်း စသည်တို့သည် အနုဘာဝ။

* ယော ပန ဘိက္ခဝေ ကုပိတော အနတ္တမနော ပဟာရံ ဒဒေယျ ပါစိတ္တိယံ။---

၌ ၁။ စိတ်ဆိုးသော အခြင်းအရာအားဖြင့်ဖြစ်သော တက်ကြွသော ဒေါသပြဋ္ဌာန်း ဒေါသမူစိတ္တုပ္ပါဒ်သည် ကောဓဌာယီဘာဝ, ရုဒ္ဓရသ။ ၂။ ရဟန်းသည် အာရမ္မဏာဝိဘာဝ၊ ၃။ ရဟန်း၏ အမျက်ထွက်ဖွယ် အမူအရာသည် ဥဒ္ဓိပန ဝိဘာဝ၊ ၄။ ပုတ်ခတ်ခြင်း ပါစိတ်အာပတ်သင့်ခြင်း စသည်တို့သည် အနုဘာဝ။

* ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ--၌ ၁။ ပဌမဈာန်ဝင်းစားသူသန္တာန်၌ဖြစ်သော ဧကဂ္ဂတာပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် သမဌာယီဘာဝ, သန္တရသ။ ၂။ ပထဝီကသိုဏ်းစသော အာရုံသည် အာရမ္မဏာဝိဘာဝ။ ၃။ လျောက်ပတ်သောကျောင်း, သင်္ကန်း စသည်သည် ဥဒ္ဓိပနဝိဘာဝ၊ ၄။ ပထမဈာန်ဝင်စားခြင်း ဒုတိယဈာန်စသည်ရခြင်း ပြဟ္ဘာဘုံ၌ဖြစ်ရခြင်း စသည်သည် အနုဘာဝ။

http://www.dhammadownload.com



*** ယော ပန ဘိက္ခု သဗ္ဗံ့စ္စ ပါဏံ ဇီဝိတာ ဝေါရောပေယျ၊ ပါစိတ္တိယံ--၌ ဝေါရောပေယျ-ကို ကိုယ်ပြု၍--**

ဝေါရောပေယျ-အရ သတ္တဝါအသက်ကို သတ်သောရဟန်း၏ သန္ဓာန်၌ စိတ်ဆိုးသော အခြင်းအရာအားဖြင့်ဖြစ်သော ဒေါသပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ကောဓဌာယီဘာဝ၊ ရုဒ္ဓရသ။ သတ္တဝါ၏ ဇီဝိတိန္ဒြေသည် အာရမ္မဏဝိဘာဝ။ သတ္တဝါ၏ သတ်စရာကောင်းလောက်သော အခြင်းအရာနှင့် ရဟန်း၏သန္ဓာန်၌ မကင်းသေးသော ရာဂ-စသည်တို့သည် ဥဒ္ဓီပနဝိဘာဝ၊ ပါစိတ်အာပတ်သင့်ခြင်း စသောအကျိုးအဆက်ဆက်သည် အနုဘာဝ။

**နှ ဟိ ဓမ္မော အဓမ္မောစ၊ ဥဘော သမဝိပါကိနော။**

**အဓမ္မော နိရယံ နေတိ၊ ဓမ္မော ပါပေတိ သုဂ္ဂတိ**--ဝယ် အဓမ္မော နိရယံ နေတိ-ကို ရှု၍--- အဓမ္မော-အရ တပ်မက်သောအခြင်းအရာအားဖြင့် ဖြစ်သော တဏှာ လောဘပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ကာမရတိဌာယီဘာဝ၊ ကာမသိဂ်ိရ ရသ။ တဏှာ ရာဂဖြစ်သော အာရုံသည် အာရမ္မဏဝိဘာဝ။ ယောနိသော မနသိကာရ စသည်သည် ဥဒ္ဓီပနဝိဘာဝ။အပါယ်ငရဲရောက်ခြင်း စသည်သည် အနုဘာဝ။

(တစ်နည်း) အဓမ္မော-အရ စိတ်ဆိုးသောအခြင်းအရာအားဖြင့် ဖြစ်သော ဒေါသပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ကောဓဌာယီဘာဝ၊ ရုဒ္ဓရသ။ ဒေါသဖြစ်စရာအာရုံသည် အာရမ္မဏဝိဘာဝ။ အယောနိသော မနသိကာရ စသည်သည် ဥဒ္ဓီပနဝိဘာဝ။ အပါယ်ငရဲရောက်ခြင်း စသည်သည် အနုဘာဝ။

*** ပါဏော နု ဇာန္တုဝော-၌ နု ဟန္တုဝော-အရ ပါဏာတိပါတမှကြဉ်သော ဝိရတိပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယီဘာဝ၊ ဓမ္မသိဂ်ိရ ရသ။ သတ္တဝါပညတ်သည် အာရမ္မဏဝိဘာဝ၊ သတ္တဝါ၏ သနားဖွယ်ရာ အခြင်းအရာသည် ဥဒ္ဓီပနဝိဘာဝ။ သူတစ်ပါးအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းကြောင့် အသက်ရှည်ခြင်း အပါယ်မှ လွတ်ခြင်း စသော အကျိုးအဆက်ဆက်သည် အနုဘာဝမည်၏။**

*** ယော ပန ဘိက္ခု အဒိန္နာဒါယီ ဟောတိ-၌ အဒိန္နဒါယီကို ကိုယ်ပြု၍--**

သူတစ်ပါးပစ္စည်းကို ခိုးယူလိုသော လောဘပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် ကာမရတိဌာယီဘာဝ၊ ကာမသိဂ်ိရ ရသ။ သူတစ်ပါးပစ္စည်းသည် အာရမ္မဏဝိဘာဝ။ အယောနိသော မနသိကာရသည် ဥဒ္ဓီပနဝိဘာဝ။ ခိုးယူခြင်း သိမ်းထားခြင်း စသည်သည် အနုဘာဝ။

**နမတ္ထု ဇနသန္ထာန၊ တမသန္ထာန ဘေဒီနော။**

**ဓမ္မဇ္ဇလန္တ ရူစိနော၊ မုနိန္ဒောဒါတ ရောစိနော**--၌-- ပဏာမစေတနာပြဋ္ဌာန်းသော မဟာကုသိုလ်ဉာဏသမ္မယုတ် စိတ္တုပ္ပါဒ်သည် ဓမ္မရတိ ဌာယီဘာဝ၊ ဓမ္မသိဂ်ိရ ရသ။ ဘုရားရှင်သည် အာရမ္မဏဝိဘာဝ၊ ဘုရားဂုဏ်တော်များသည် ဥဒ္ဓီပနဝိဘာဝ၊ အန္တရာယ်

http://www.dhammadownload.com



ကင်းခြင်း ကျမ်းပြီးခြင်း စသည်သည် အနုဘာဝ။

*** တောကျောင်းရိပ်သာ၊ လေးဖြာပြဟ္မ၊ ဝိဟာရကို၊ နိစ္စပွားတတ်၊ သူတော်မြတ်-**

၁။ ပြဟ္မဝိဟာရလေးပါးကို နိစ္စပွားသော အခြင်းအရာအားဖြင့်ဖြစ်သော မေတ္တာ-စသော အပွမညာပြဌာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယီဘာဝ, ဓမ္မသိဂ်ါရ ရသ၊ (တစ်နည်း- သမဌာယီဘာဝ သန္တရသ) ၂။ အတိုင်းမသိသော သတ္တဝါပညတ်သည် အာရမ္မဏဝိဘာဝ၊ ၃။ တောကျောင်းရိပ်သာ ဆိတ်ငြိမ်ရာသည် ဥဒ္ဒီပနဝိဘာဝ၊ ၄။ ပြဟ္မဝိဟာရစျာန်ရရှိခြင်း ပြဟ္မဘုံဘုံ၌ဖြစ်ခြင်းစသော အကျိုးအဆက်ဆက်သည် အနုဘာဝ။

**ယောစ ပုဒ္ဓဉ္စ ဓမ္မဉ္စ၊ သံဃဉ္စ သရဏံ ဂတော။**

**စတ္တာရိ အရိယသစ္စာနိ၊ သမ္မပ္ပညာယ ပဿတိ--၌**

၁။ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သော ပုဂ္ဂိုလ်၏ သစ္စာလေးပါးကို ကောင်းစွာသိသော အခြင်းအရာအားဖြင့်ဖြစ်သော ဉာဏ်ပြဌာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယီဘာဝ, ဓမ္မသိဂ်ါရ ရသ၊ ၂။ သစ္စာလေးပါးသည် အာရမ္မဏဝိဘာဝ၊ ၃။ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်းစသည်သည် ဥဒ္ဒီပန ဝိဘာဝ၊ ၄။ သစ္စာလေးပါးကို သိခြင်း အပါယ်ဘေးမှလွတ်ခြင်းစသည်သည် အနုဘာဝ။

**မုနိန္ဒ ဝဒနမ္ဘောဇ၊ ဂဗ္ဘသမ္ဘဝ သုန္ဒရီ၊**

**သရဏံ ပါဏိနံ ဝါဏီ၊ မယ့် ဝိဏယတံ မနံ--၌**

၁။ ကျမ်းပြုဆရာသန္တာန်၌ဖြစ်သော နှစ်သက်ဝမ်းမြောက်သော ဝိတိသောမနဿ ပြဌာန်းသော စိတ္တုပ္ပါဒ်သည် ဓမ္မရတိဌာယီဘာဝ၊ ၂။ ဘုရားနှင့် တရားတော်သည် အာရမ္မဏဝိဘာဝ၊ ၃။ ဘုရားဂုဏ်, တရားဂုဏ်များသည် ဥဒ္ဒီပနဝိဘာဝ၊ ၄။ အန္တရာယ်ကင်းခြင်း ကျမ်းပြီးခြင်းစသည်သည် အနုဘာဝ၊ ၅။ ဖော်ပြအပ်သော ဓမ္မရတိဌာယီဘာဝသည်ပင် ဝိဘာဝ, အနုဘာဝတို့ဖြင့် တိုးပွားသောအခါ ဓမ္မသိဂ်ါရ ရသ ဖြစ်ပါသည်။

*** သဒ္ဓသုခုမာလတာဂုဏ်မြောက်ရန် စီကုံးရေးသားနည်း ။ ။** နူးညံ့သော အက္ခရာများ၍ ကြွမ်းတမ်းသော (ဓနိတ) အက္ခရာနည်းပါးခြင်း၊ ၂။ အရွတ်ခက်သော ပုဒ်, ဗျည်း မပါခြင်း။

**ဘာဝါလင်္ကာရ ထုတ်ပုံ ပြီး၏။**

**အလင်္ကာ ပါဠို နိဿယ အဓိပ္ပါယ် ပြီး၏။**

http://www.dhammadownload.com



## ဆန်း ဘာသာအတွက် မေးခွန်းများ ရှင်းလင်းပုံ

*** တစ်ဝိုက်းတည်းဖြင့်သာ ဂါထာဖြစ်အောင် ဖွဲ့စီပြထားသောဂါထာ** - ၁၂-လုံးဖွဲ့ တောင်္ဂကဂါထာနှင့် ဘုဇင်္ဂပွယာတဂါထာ။ (နောက်ပိုင်း ဇယား-ဂါထာ ၇၆/၈၀-ကြည့်)

*** ဘ-ဝိုက်းသုံးခု ဂရုနှစ်ခု ရှိသောဂါထာ** - ("အက္ခရာသုံးခု တစ်ဝိုက်းပြုလော" ဟူသော စကားနှင့်အညီ ဝိုက်းတစ်ဝိုက်းကို အက္ခရာသုံးလုံးကျဖြင့် ရေတွက်လိုက်လျှင် ဘ-ဝိုက်းသုံးခု အတွက် ၉-လုံး၊ ဂရုနှစ်ခုအတွက် ၂-လုံး ပေါင်းလိုက်သော် (၁၁)လုံးဖြစ်၏။ ၁၁-လုံးဖွဲ့ဂါထာများထဲမှ ဘ-ဝိုက်းသုံးခု (၂၁၀-ဘ၊ ၂၁၁-ဘ၊ ၂၁၁-ဘ) ဂရုနှစ်ခု (၂-၂) ပါသော ဂါထာကို ရှာဖွေကြည့်လျှင်) ဒေါဓကဂါထာ (၆၇)ကို တွေ့ရလိမ့်မည်။ ထို့ကြောင့် ဘ-ဝိုက်းသုံးခု ဂရုနှစ်ခုရှိသော ဂါထာ-ဟူသော အမေးကို ဒေါဓကဂါထာ-ဟုဖြေရမည်။ (နောက်ပိုင်းဇယား- ၆၇ ကြည့်)

*** တ-ဝိုက်းနှစ်ခု ဇ-ဝိုက်း ရ-ဝိုက်းရှိသောဂါထာ** - (၁၂-လုံးဖွဲ့) ဣန္ဒဝံသဂါထာ ဖြစ်သည်။ (နောက်ပိုင်းဇယား-ဂါထာ-၇၅၊ ကြည့်)

*** ယော သဒ္ဓသဏ္ဌာကုသလော ကုသလော နိယတ္ထာ**-ဟူသော ဂါထာနှင့်အညီ ဖွဲ့စီထားသော ဆန်းသုတ် (ဝါ) ဂါထာအမည် ဆန်းအမည်) (၂၂၁ (တ) ၂၁၁ (ဘ) ၁၂၁ (ဇ) ၁၂၁ (ဇ) ၂-၂-အားဖြင့် ၁၄-လုံးဖွဲ့ဖြစ်၍ ၁၄-လုံးဖွဲ့များထဲမှ ယင်းဝိုက်းနှင့် ကိုက်ညီနေသော ဂါထာကို ရှာကြည့်လျှင် -ဝသန္တတိလကဂါထာ၊ သက္ကရီဆန်းဖြစ်ပါသည်။ (နောက်ပိုင်းဇယား- ဂါထာ-၉၂-ကြည့်ပါ။ဤ၌ ဏ္ဍာ-ကို ပါဒန္တ ဂရုယူပါ။)

**အဆုံး၌ ဂရုတစ်လုံးပါလျှက် လဟုများစွာပါသောဂါထာများ** - သသိလကာဂါထာနှင့် မဏိဂုဏနိကရဂါထာတို့ဖြင့်သည်။ (နောက်ပိုင်းဇယား-ဂါထာ ၉၃/၉၄ ကြည့်)

*** ၁၅-လုံးဖွဲ့၌ ဂရုတစ်လုံးသာ ပါသည့်ဂါထာများ** - (၉၃/၉၄)

*** လေးပါဒလုံးတွင် ၆-လုံး၊ ၄-လုံး၊ ၇-လုံးမြောက်၌ ယတိရှိ၍ နှ, သ, မ, ရ, သ-ဝိုက်း လဟု ဂရုပါဝင်သောဂါထာ** - (ဂိုက်း ၅-ဂိုက်းနှင့် လဟု ဂရု - အားဖြင့် ၁၇-လုံး ရှိရကား ၁၇-လုံးဖွဲ့ဂါထာများထဲမှ ယင်းဝိုက်းနှင့် ကိုက်ညီသော ဂါထာကို ရှာဖွေကြည့်လျှင် ) ဟရိဏီဂါထာ ဖြစ်သည်။

*** ဥဒ္ဓလာဂါထာ၌ ရ-ဝိုက်းအစား နှ-ဝိုက်း လဟု ဂရု ထည့်သွင်း၍ စီကုံးထားသော ဂါထာ** - ပဟရဏကလိင်္ဂဂါထာ (၉၁) ဖြစ်ပါသည်။

**ရှင်းလင်းချက်/** ဥဒ္ဓလာဂါထာ၏ လက္ခဏာကား -၁၁၁ (နှ) ၁၁၁ (နှ) ၂၁၁ (ဘ) ၂၁၂ (ရ) ဖြစ်ရကား ရ-ဝိုက်းနေရာတွင် ၁၁၁ (နှ) ၁-၂ ထည့်သွင်းလိုက်ပါက ၁၁၁ (နှ) ၁၁၁ (နှ) ၂၁၁ (ဘ) ၁၁၁ (နှ) ၁-၂ ဖြစ်နေ၍ ၁၄-လုံးဖွဲ့ ဂါထာများထဲမှ

http://www.dhammadownload.com



ယင်းဂိုဏ်း နှင့် ကိုက်ညီသောဂါထာကို ရွာဖွေကြည့်ပါက ပဟာရဏာကလိကာဂါထာနှင့် ညီနေသည်ကို တွေ့ရလိမ့်မည်။ (နောက်ပိုင်းဇယား- ဂါထာ -၉၁ ကြည့်)

*** ဝိသမပါဒ၌ ဒုတဝိလမ္ဗိတဂါထာတွင် အစတစ်လုံးကို ဖြုတ်၍ သမပါဒ၌ ဒုတ ဝိလမ္ဗိတဂါထာအတိုင်း ဖွဲ့စီကုံးသောဂါထာ** ။ ဟရိဏ္ဏပ္လုတာဂါထာ(၁၁၄) ဖြစ်သည်။

**ရှင်းလင်းချက်/** ဒုတဝိလမ္ဗိတဂါထာကား- ၁၁၁ (နှ) ၂၁၁ (ဘ) ၂၁၁ (ဘ) ၂၁၂ (ရ) ဖြစ်၍ အစတစ်လုံး ၁-ကိုဖြုတ်လိုက်ပါက (၁၁၂ (သ) ၁၁၂ (သ) ၁၁၂ (သ) ၁-၂-သာ ရှိတော့ရကား ဟရိဏ္ဏပ္လုတာဂါထာ၏ ဝိသမပါဒနှင့် ညီသွားသောကြောင့် ဟရိဏ္ဏပ္လုတာ ဂါထာ-ဟု ဖြေရသည်။

*** ဝိသမပါဒ၌ ဘ-ဂိုဏ်းသုံးခု ဂရုနှစ်ခု၊ သမပါဒ၌ နှ-ဂိုဏ်း ဇ-ဂိုဏ်းနှစ်ခု ယ-ဂိုဏ်း ရှိသောဂါထာ** ။ (နောက်ပိုင်းဇယား -ဂါထာ၊၁၀၈) ဒုတမဏ္ဍဂါထာဖြစ်သည်။

*** ဝိသမပါဒ၌ သ-ဂိုဏ်းသုံးခု ဂရုတစ်လုံးနှင့်ယှဉ်၍ သမပါဒ၌ ဘ-ဂိုဏ်းသုံးခု ဂရု နှစ်လုံးယှဉ်ပြီး နေသားစီတုံးသည့်ဂါထာ** ။ (နောက်ပိုင်းဇယား-ဂါထာ -၁၀၉၊) ဝေဂဝတီ ဂါထာ ဖြစ်ပါသည်။

*** ဝိယ်ဝဒါဂါထာကို လေးပါဒလုံး၌ နှ-ဂိုဏ်းကိုဖြုတ်၍ တ-ဂိုဏ်းဖြင့် အစားထိုး စီကုံးထားသောဂါထာ** ။ လလိတာဂါထာ ဖြစ်သည်။

**ရှင်းလင်းချက်/** ဝိယ်ဝဒါဂါထာကား- နှ-ဘ-ဇ-ရ ဖြစ်၍ ယင်းမှ နှ-ဂိုဏ်းနေရာတွင် တ-ဂိုဏ်း အစားထိုးထည့်လိုက်ပါက (တ-ဘ-ဇ-ရ) ဖြစ်ရကား လလိတာဂါထာ၏ လက္ခဏာနှင့် ညီသွားသောကြောင့် လလိတာဂါထာ-ဟု ဖြေရသည်။

*** တောဋကဂါထာ၏ လက္ခဏာဝယ် ဒုတိယဂိုဏ်းဌာနှ၌ လက်ရှိဂိုဏ်းကိုဖြုတ်၍ ယင်းဂိုဏ်း၏ကိုယ်စား ယင်းဂိုဏ်းဌာနှ၌ပင် ဇ-ဂိုဏ်းတစ်ဂိုဏ်းကို အစားထိုးကာ စီကုံး လိုက်ပါက ဖြစ်လာနိုင်သည့် ဂါထာ** ။ (တောဋကဂါထာ၏ လက္ခဏာကား - သ-သ-သ- သ-ဖြစ်၏၊ ဒုကိယဂိုဏ်းဌာနှ၌ သ-ဂိုဏ်းကိုဖြုတ်ချ၍ ယင်းဂိုဏ်း၏ကိုယ်စား ယင်းဌာန ၌ပင် ဇ-ဂိုဏ်းတစ်ဂိုဏ်းကို အစားထိုးကာ စီကုံးလိုက်ပါက (သ-ဇ-သ-သ) ဖြစ်၍ ပမိ တက္ခရာဂါထာ ဖြစ်သည်။ (နောက်ပိုင်းဇယား- ဂါထာ ၈၃-ကြည့်။)

ဤ မေးခွန်းမျှလောက် လေ့လာကြည့်လိုက်လျှင် "ဆန်း ဘာသာ" အတွက် မေးခွန်းများကို အခက်အခဲ မရှိ ဖြေဆိုနိုင်လောက်ပါပြီ။ ကြိုးစား၍ လေ့လာနိုင်ကြပါစေ။

http://www.dhammadownload.com



# ဆန်း, ပါဠိ, နိဿယ အဓိပ္ပာယ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁။သညာပရိဘာသာနိဒ္ဒေသ-ပထမ ပရိစ္ဆေဒ
## ရတနတ္တယပဏာမ

၁။ နမတ္ထု ဇန သန္တာန၊တမသန္တာန ဘေဒိနော၊
ဓမ္မဂ္ဂလန္တ ရုစိနော၊မုနိန္ဒော ဒါတရောစိနော။

၁။ ဇနသန္တာန တမသန္တာန ဘေဒိနော၊သတ္တဝါတို့၏သန္တာန်၌ကိန်းသောမောဟ၏အစဉ်ကိုအလေ့အားဖြင့်ဖျက်ဆီးတော်မူထသော။ဓမ္မဂ္ဂလန္တ ရုစိနော၊ဆယ်ပါးသောတရားတည်းဟူသောထွန်းပသောရောင်ခြည်ရှိတော်မူထသော၊မုနိန္ဒော ဒါတရောစိနော၊ဘုရားတည်းဟူသောဖြူစင်သောရောင်ခြည်ရှိသော သိကြားမင်းမမင်းအား။မမငါ၏။နမော၊ရှိခိုးခြင်းသည်။အတ္ထု၊ဖြစ်စေသတည်း။

* ဤဂါထာကို ဆန်းစစ်၍ ဂါထာအမည် ဆန်းအမည်ပေးပုံ

နမတ္ထု-စသော ဂါထာသည် ၁။ ပါဒတိုင်း အကွာရာ ၈-လုံးစီရှိခြင်း၊ ၂။အစတစ်လုံးနောင် သဂိဏ်း, နဂိဏ်း မရှိခြင်း၊ ၃။ ပထမပါဒ အစလေးလုံးနောင် ယဂိဏ်းရှိခြင်း၊ ၄။ တတိယပါဒ အစလေးလုံးနောင် န-ဂိဏ်းရှိခြင်း၊ ၅။ သမပါဒ အစလေးလုံးနောင် ဇ-ဂိဏ်း ရှိခြင်းတို့ကြောင့် တတိယ န-ကာရ ဝိပုလာဂါထာ၊ အနုဋ္ဌုဘဆန်း ဖြစ်ပါသည်။

* မုနိန္ဒော-၌ မုနိ-အရ ။ ။ အာဂါရမုနိ, အနာဂါရမုနိ, သေက္ခမုနိ, အသေက္ခမုနိ ပစ္စေကမုနိတို့ကို ယူရပါမည်။

* ဂ္ဂန္ဓ-အရ ။ ။ မုနိမုနိကို ယူရပါမည်။

* ဝုတ္တောဒယ မည်ပုံ ။ ။ ဂါထာတို့၏ ဖြစ်ပေါ်ရာဖြစ်သောကြောင့် "ဝုတ္တောဒယ" မည်ပါသည်။

* ဆန်းမည်ပုံ ။ ။ အကွာရာအတိုင်းအရှည်တို့၌ တွေ့ဝေခြင်းကို ဖြတ်တောက်ကြောင်း ဖြစ်သောကြောင့် "ဆန်း" မည်ပါသည်။

### နိဓိတ္တ (ဆန်းကျမ်းသစ်ကို ရေးသားရကြောင်းပြ)

၂။ ပိဂ်လာစရိယာဒီဟိ၊ဆန္ဒံယ မုဒိတံ ပုရာ။
သုဒ္ဓမာဂဓိကာနံ တံ၊နံသာဧတေ ယထိစ္ဆိတံ။

၂။ ပိဂ်လာစရိယာဒီဟိ၊ပိဂ်လဆရာအစရှိသောဆန်းဆရာတို့သည်။ပုရာ၊ရှေးအခါ၌။

http://www.dhammadownload.com



ယဲ့ဆန္ဒ၊အကြင်ပိဂ်လစသောဆန်းကျမ်းကို။ဥဒိတ၊ဆိုအပ်ပြီ။တဲ့ဆန္ဒ၊ထိုပိဂ်လစသော ဆန်းကျမ်းဟောင်းသည်။သုဒ္ဓမာဂဓိကာနံ၊သက်သက်သော မာဂဓဘာသာကိုသာ တတ်ကုန် သောစာသင်သားတို့အား။ဣဿိတံ၊အလိုရှိအပ်သော သင်ခြင်းဆောင်ခြင်းစသောအကျိုးကို။ ယသ္မာ၊အကြင်ကြောင့်။နသာဓေတိ၊မပြီးစေနိုင်။

* **ဆန်းကျမ်းဟောင်းများရှိပါလျက် ဝုတ္တောဒယဆန်းကျမ်းသစ်ကို ရေးသားရ ကြောင်း ။ ။** ဆန်းကျမ်းဟောင်းများသည် သက္ကတဘာသာဖြင့် ရေးသားထားသည်ဖြစ် ၍ သုဒ္ဓမာဂဓီပုဂ္ဂိုလ်တို့၏ လိုအပ်သောအကျိုးကို မပြီးစေနိုင်သောကြောင့် ဝုတ္တောဒယ ဆန်းကျမ်းသစ်ကို ရေးသားရပါသည်။

* **ပိဂ်လာစရိယာဒီဟိ-၌ အာဒိ-အရ ။ ။** ယဝဒေဝ, သုရာမ, ကာလိဒါသ, ဗျတ္တ, ဂုတ္တ, သေတဝ, မဏ္ဍာဗျ ဆရာတို့ကို ယူရပါမည်။

* **ယတိန္တိတံ-၌ ယတော-အရ ။ ။** ဒုဝ္ဝိညေယျ မလိနသဘောကို ယူရပါမည်။

* **ဣန္တိတံ-အရ ။ ။** သင်ခြင်း ဆောင်ခြင်း-စသော အကျိုးကို ယူရပါမည်။

(တနည်း) မတ္တာဝုတ္တိ ဝဏ္ဏဝုတ္တိတို့ကို သိခြင်းအကျိုးကို ယူရပါမည်။

**ဝန္ဆပရိမာဏ (ဝုတ္တောဒယဆန်းကျမ်း၏ ဂုဏ်အင်္ဂါများ)**

၃။ **တတော မာဂဓဘာသာယ၊မတ္တာဝဏ္ဏဝိဘေဒနံ။**
**လက္ခ္မ လက္ခဏ သံယုတ္တံ၊ပသန္နတ္ထ ပဒက္ကမံ။**

၃။ တတော တသ္မာ၊ထိုသို့မပြီးစေနိုင်သောကြောင့်။အဟံ၊ငါသည်။မာဂဓဘာသာ ယ၊မာဂဓတိုင်း၌ဖြစ်သောဘာသာဖြင့်။မတ္တာဝဏ္ဏဝိဘေဒနံ၊အရိယာ-စသောမတြာ,တနု မဏ္ဍာ-စသော ဝဏ္ဏတို့၏အပြားရှိသော။လက္ခ္မ လက္ခဏ သံယုတ္တံ၊မှတ်အပ်သောဥဒါဟရုဏ် မှတ်ကြောင်းသုတ်နှင့်ယှဉ်သော။ပသန္နတ္ထ ပဒက္ကမံ၊သန့်ရှင်းကြည်လင်စင်ကြယ်သောအနက် အစဉ်,သန့်ရှင်းကြည်လင်စင်ကြယ်သောပုဒ်အစဉ်ရှိသော။

* **ဝုတ္တောဒယဆန်းကျမ်း၏ ဂုဏ်အင်္ဂါများ ။ ။** ၁။ မတ္တာဝဏ္ဏ ဝိဘေဒန- အရိယာ စသော မတြာ, တနုမဏ္ဍာ-စသော ဝဏ္ဏအပြားရှိခြင်း၊ ၂။ လက္ခ္မ လက္ခဏသံယုတ္တ- မှတ် အပ်သော ဥဒါဟရုဏ် မှတ်ကြောင်းသုတ်နှင့်ယှဉ်ခြင်း၊ ၃။ ပသန္နတ္ထ ပဒက္ကမ- ကြည်လင် သန့်ရှင်းသော အနက်, ပုဒ်အစဉ်ရှိခြင်း၊ ၄။ လောကိယဿ္ဒန္ဒ နိဿိတ- လောကဉ် ထင်ရှား သော ပိဂ်လ-စသော ကျမ်းဆရာတို့၏ အလိုကိုမှီခြင်းတို့ ဖြစ်ပါသည်။

* **မတ္တာဝဏ္ဏဝိဘေဒနံ၌ မတ္တာ-အရ ။ ။** အရိယာ-စသော မတ္တာဝုတ္တိကို ယူရ မည်။ (အပိုင်းအားဖြင့် ဒုတိယပိုင်း ဖြစ်သည်)

* **ဝဏ္ဏ-အရ ။ ။** တနုမဏ္ဍာ-စသော ဝဏ္ဏဝုတ္တိကို ယူရပါမည်။ (အပိုင်းအားဖြင့် တတိယ, စတုတ္ထ, ပဉ္စမပိုင်းတို့ ဖြစ်သည်။)

http://www.dhammadownload.com



* **လက္ခဏသံယုတ္တ-၌ ။ ။** ဆန်းဥပဒေနှင့်အညီ ရေးသားဖေါ်ပြအပ်သော ဆဋ္ဌောဒီ လဟုဇော၀ါ-စသော ဥဒါဟရုဏ် ပုံစံ ပြယုဂ်သည် "**လက္ခဏ**" မည်၏။

ဆန်းဥပဒေကို ဖော်ပြသော ဆဋ္ဌောဒီ-စသောသုတ်သည် "**လက္ခဏ**" မည်၏။

* **လက္ခဏသံယုတ္တ-ဟူသော စကား၏ အဓိပ္ပါယ် ။ ။** တျာစေ တနုမဏ္ဍာ-ဟူသော စကားသည် တနုမဏ္ဍာဂါထာ၏ ပုံစံ (လက္ခဏ)လည်း ဟုတ်၏။သုတ်(လက္ခဏာ)လည်းဟုတ်၏၊ ဤသို့ သုတ်သည်ပင် ပုံစံ, ပုံစံသည်ပင် သုတ်ဖြစ်ခြင်းသည် "လက္ခဏ လက္ခဏာ သံယုတ္တ" မည်ပါသည်။

* **ပသန္နတ္ထ ပဒတ္ထမ မည်ပုံ ။ ။** သန့်ရှင်းကြည်လင် စင်ကြယ်သော လက္ခဏ လက္ခဏာ အနက်အစဉ်သည် "ပသန္နတ္ထ ပဒတ္ထမ" မည်ပါသည်။

* **ပသန္န ပဒတ္ထမ မည်ပုံ ။ ။** လက္ခဏ လက္ခဏာ ပုဒ်အစဉ်သည် "ပသန္န ပဒတ္ထမ" မည်ပါသည်။

* **လက္ခဏ်နှင့် လက္ခဏာ အထူး ။ ။** အရိယာ-စသော မတ္တာ၀ုတ္တိ, တနုမဏ္ဍာ-စသော ၀ဏ္ဏ၀ုတ္တိတို့သည် လက္ခဏ်၏၊ ထိုမတ္တာ၀ဏ္ဏတို့၏ ဂရု လဟုအက္ခရာတို့ကို မှတ်ခြင်းသည် လက္ခဏာ မည်၏။ ဤသို့ ထူးပါသည်။

## အဘိဓာနာဒိ (အဘိဓာန-စသည်ပြု)

၄။ ဣဒံ ဝုတ္တောဒယံ နာမ၊လောကိယဆန္ဒနိဿိတံ။
အာရဘိဿ မဟံ ဒါနိ၊တေသံ သုခဝိဝုဒ္ဓိယာ။

၄။ လောကိယဆန္ဒနိဿိတံ၊လောကဉ်ထင်ရှားသောပိဂ်လဆရာ-စသောဆန်းဆရာတို့၏အလိုဉ်မှီသော။ဝုတ္တောဒယံ နာမ၊ဂါထာတို့၏ဖြစ်ရာဖြစ်ခြင်းကြောင့် ဝုတ္တောဒယအမည်ရှိသော။ဣဒံ ဆန္ဒံ၊ဤဆန်းကျမ်းကို။ဣဒါနိ။ယခုအခါ၌။တေသံ သုဒ္ဓမာဂဓိကာနံ၊ထိုသက်သက်သောမာဂဓဘာသာကိုသာတတ်ကုန်သောစာသင်သားတို့အား။သုခဝိဝုဒ္ဓိယာ၊ချမ်းသာစွာသိစေခြင်းငှာ။အဟံ၊ငါသည်။အာရဘိဿ၊စီရင်နေသားအားထုတ်ပေအံ့။

* **လောကိယဆန္ဒနိဿိတံ-ဖြင့် ပြဆိုအပ်သော အဓိပ္ပါယ် ။ ။** လောကိယဆန္ဒနိဿိတံ ဖြင့် လောကိယဆန်း, ဝေဒိကဆန်းဟု နှစ်မျိုးရှိရာတွင် ဤဝုတ္တောဒယဆန်းကျမ်းသည် လောကိယဆန်းကိုသာ မှီသည်၊ ဝေဒိကဆန်းကို မမှီ-ဟု ပြပါသည်။

* **လောကိယဆန္ဒနိဿိတံ-၌ နစ်စေအပ်သော (ဝါ) အလိုမရှိအပ်သောဆန်း**

လောကိယဆန္ဒနိဿိတံ-ဖြင့် ဝေဒိကဆန်းကို နစ်စေပါသည်။ အကြောင်းကား။ ကောင်းကင်၌ သွားခြင်း-စသော အကြောင်းအရာကို ပြတတ်သဖြင့် ဂါထာစီကုံးရန်းဖွဲ့မှု-စသော အစီအရင်အား ကျေးဇူးမများသောကြောင့် ဝေဒိကဆန်းကို နစ်စေပါသည်။

* **လောကိယဆန်းကိုသာ မှီရခြင်းအကြောင်း ။ ။** လောကိယဆန်းသည် ကဗျာ

http://www.dhammadownload.com



လက်ာ၏ အခြေခံဖြစ်သောကြောင့် လောကိယဆန်းကိုသာ မှီပါသည်။

* ဝေဒိကဆန်းနှင့် လောကိယဆန်း အထူး ။ ။ ဝေဒိကဆန်းသည် အတတ်၏အစွမ်းဖြင့် ကောင်းကင်၌သွားခြင်း စသည်တို့ကို ဆိုပါသည်၊ လောကိယဆန်းသည် နက္ခတ္တဝါဒ စသည်တို့ကို ဆိုပါသည်။ ဤသို့ ထူးပါသည်။

**ဂိုဏ်းအမည် (၈)မျိုးနှင့် ဂရု လဟုပြဂါထာ**

**၅။ သဗ္ဗ ဇ္ဈ ဖွာ ဒိဂလဟူ၊ဘျာ မဇ္ဈန္တဂရု ဇသာ၊**
**မဇ္ဈန္တလာ ရတေ တေဋ္ဌ၊ဂဏာ ဂေါ ဂရု လောလဟု။**

**၅။** သဗ္ဗ ဇ္ဈ ။ အလုံးစုံဂရုလဟုရှိသောဂိုဏ်းတို့သည်။ ဖွာ၊ မဂိုဏ်းနဂိုဏ်းမည်ကုန်၏။ အာဒိဂလဟူ၊ အစဉ်ဂရုလဟုရှိသောဂိုဏ်းတို့သည်။ ဘျာ၊ ဘဂိုဏ်းယဂိုဏ်းမည်ကုန်၏။ မဇ္ဈန္တဂရု၊ အလယ်အဆုံးတို့၌ဂရုရှိသောဂိုဏ်းတို့သည်။ ဇသာ၊ ဇဂိုဏ်းသဂိုဏ်းမည်ကုန်၏။ မဇ္ဈန္တလာ၊ အလယ်အဆုံးတို့၌ လဟုရှိသောဂိုဏ်းတို့သည်။ ရတေ၊ ရဂိုဏ်းတဂိုဏ်းမည်ကုန်၏။ ဧတေဂဏာ၊ ထိုဂိုဏ်းတို့သည်။ အဋ္ဌဂြန်စ်ပါးတို့သည်။ ဘဝန်္တိဖြစ်ကုန်၏။ ဂရု၊ ဂရုသည်။ ဂေါ၊ ဂမည်၏။ လဟု၊ လဟုသည်။ လော၊ လမည်၏။

*** ဂိုဏ်း (၈) မျိုး ။ ။**

၁။ အလုံးစုံ ဂရုရှိသော ဂိုဏ်းသည် "မ-ဂိုဏ်း" မည်၏။ (၂ ၂ ၂)
၂။ အလုံးစုံ လဟုရှိသောဂိုဏ်းသည် "န-ဂိုဏ်း" မည်၏။ (၁ ၁ ၁)
၃။ အစဉ် ဂရုရှိသောဂိုဏ်းသည် "ဘ-ဂိုဏ်း" မည်၏။ (၂ ၁ ၁)
၄။ အစဉ် လဟုရှိသောဂိုဏ်းသည် "ယ-ဂိုဏ်း" မည်၏။ (၁ ၂ ၂)
၅။ အလယ် ၌ ဂရုရှိသောဂိုဏ်းသည် "ဇ-ဂိုဏ်း" မည်၏။ (၁ ၂ ၁)
၆။ အဆုံး၌ ဂရုရှိသော ဂိုဏ်းသည် "သ- ဂိုဏ်း" မည်၏။ (၁ ၁ ၂)
၇။ အလယ်၌ လဟုရှိသော ဂိုဏ်းသည် "ရ-ဂိုဏ်း" မည်၏။ (၂ ၁ ၂)
၈။ အဆုံး ၌ လဟုရှိသော ဂိုဏ်းသည် "တ-ဂိုဏ်း" မည်၏။ (၂ ၂ ၁)

*** ဆောင် ။** မတ် ဘုံ ဇေ၊ (၂၂၂) နှ သိ ဘ၊ (၁၁၁) ဘူ လ မိ၊ (၂၁၁) ယ တိမ် သတ်၊ (၁၂၂) ဇ နေ ပု၊ (၁၂၁) သု လိ သွား၊ (၁၁၂) ရာ မီ ကြတ်၊ (၂၁၂) တတ် အာ သ။ (၂၂၁)

*** လ္ဟဂ္ဂဂိုဏ်းတို့၌ ဂရု လဟု နေပုံ ။ ။** ၁။ မ-ဂိုဏ်း ။ ၂၂၂ ၂။ နှ-ဂိုဏ်း။ ၁၁၁၊ ၃။ ဘ-ဂိုဏ်း ။ ၂၁၁။ ၄။ ယ-ဂိုဏ်း ။ ၁၂၂။ (သာဓက) သဗ္ဗ ဇ္ဈ ဖွာ ဒိဂလဟူဘျာ။

*** အနိဋ္ဌဂိုဏ်းတို့၌ ဂရု လဟု နေပုံ ။ ။** ၁။ ဇ-ဂိုဏ်း။ ၁၂၁၊ ၂။ သ-ဂိုဏ်း။ ၁၁၂ ၃။ ရ-ဂိုဏ်း။ ၂၁၂ ၄။ တ-ဂိုဏ်း ။ ၂၁၁။(သာဓက)မဇ္ဈန္တဂရု ဇသာ မဇ္ဈန္တလာ ရတေ။

*** ပတ္ထာရ အစဉ်အားဖြင့် ဂိုဏ်းစဉ်ကို မပြရခြင်းအကျိုး။** ဂိုဏ်းကို ယှဉ်

http://www.dhammadownload.com



စပ်ခြင်းငှာငင်း, ကျမ်းဂန်ပေါ်ပါးစေခြင်းငှာငင်း, စာရေးဆရာအလိုအားဖြင့် ဂိုဏ်းကို အားထုတ်ခြင်းအကျိုးငှာငင်း ပတ္တာရအစဉ်အားဖြင့် ဂိုဏ်းစဉ်ကို မပြဘဲ (မ-န-ဘ-ယ-ဇ-သ-ရ-တ-ဟု) စဉ်သည်။

*** ဆန်းဂိုဏ်းဖွဲ့စည်းပုံ**

*** ဂိုဏ်းမပြည့်က ဆုံးဝဏ္ဏ ဂ-လ အတိုင်းပွား ။ ။** ဝဏ္ဏဝုတ္တိဆန်း၌ အက္ခရာသုံးလုံးကို တစ်ဂိုဏ်းပြုရမည်ဖြစ်သောကြောင့် "ဗုဒ္ဓေါ"ကဲ့သို့ နှစ်လုံးသာရှိက အဆုံး "ဒ္ဓေါ" ကို ဗုဒ္ဓေါ-ဓော (၂၂၂) ဟု ဖွဲ့ရသည်။(၀ါ) ပွားရသည်။

*** တစ်လုံးရှိမူ ထိုနည်းတူ ပွားယူသုံးလုံးထား ။ ။** အက္ခရာတစ်လုံးထဲရှိရာ၌ ထို တစ်လုံးကို သုံးလုံးပွား၍ ဖွဲ့ရမည်။ ပုံစံ- ဂေါ-ကို ဂေါ ဂေါ ဂေါ-ဟု ပွား၍ ဂိုဏ်းဖွဲ့ပါ။

*** အက္ခရာသုံးခု တစ်ဂိုဏ်းပြုလော ။ ။** "သဗ္ဗညူ"တို့ကဲ့သို့ သုံးလုံးရှိပါက (၂၂၂) ဟု တစ်ဂိုဏ်းပြုလုပ်ပါ။

*** စတုဠဝယ် အဆုံးပယ်မှ ။ ။** "တဇၨာဂတော"ကဲ့သို့ လေးလုံးဖြစ်လျှင်- အဆုံး "တော"ကို ပယ်၍ "တထာဂ" (၁၂၁) ဟု တစ်ဂိုဏ်းပြုလုပ်ပါ။

*** အစ အဆုံး မသုံးပဉ္စ ။ ။** "သမ္မာသမ္ဗုဒ္ဓေါ"ကဲ့သို့ ငါးလုံးဖြစ်လျှင်- အစ "သမ်" နှင့် အဆုံး "ဓော"ကို ပယ်ပြီး "မာသမ်ဗုဒ်" (၂၂၂) ဟု တစ်ဂိုဏ်းပြုပါ။

*** နှစ်ဂိုဏ်းဆတည်း ။ ။** "ဘဂဝတာမဗ္ဘေ"ကဲ့သို့ ခြောက်လုံးဖြစ်လျှင်- "ဘဝဝ" (၁၁၁) "တာဓမ္မော" (၂၂၂) ဟု နှစ်ဂိုဏ်းပြုပါ။

*** သတ္တ-အဋ္ဌ စသည်တို့မှာ ဥ၌နည်းသာ မှတ်ပါ နှစ်လုံးထား ။ ။** အနုတ္တရော ပုရိသ-ကဲ့သို့ (၇)လုံးဖြစ်လျှင်- အဆုံးလုံး "သ"ကိုပယ်၍ အနုတ္တ (၁၂၁)၊ ရောပုရိ (၂၁၁) ဟု နှစ်ဂိုဏ်းပြုပါ။

ဝိဇ္ဇာစရဏသမ္ပန္နော-ကဲ့သို့ (၈)လုံးဖြစ်လျှင်- အစတစ်လုံး ဝိဇ်နှင့် အဆုံးတစ်လုံး "နော"ကို ပယ်၍ "ဇာစရ" (၂၁၁) "ဏသမ္ပန်" (၁၂၂) ဟု နှစ်ဂိုဏ်းပြုလုပ်ပါ။

*** ဝဏ္ဏဝုတ္တိဂိုဏ်းသညာကို ရှေးဦးစွာ ဆိုရခြင်းအကြောင်း ။ ။** ဝဏ္ဏဝုတ္တိဂါထာမျိုးသည် ဂိုဏ်းရှစ်ဂိုဏ်းလုံးနှင့် ဆက်ဆံ၍ သာမညဖြစ်သောကြောင့် ရှေးဦးစွာ ဆိုသည်။

*** မတ္တာဝုတ္တိဂိုဏ်းကို နောက်ထား၍ ဆိုရကြောင်း ။ ။** မတ္တာဝုတ္တိဂါထာမျိုးသည် ဂိုဏ်းရှစ်ဂိုဏ်းလုံးနှင့်မဆက်ဆံ၊ ဘ,ဇ,သ,မ,န-ဟူသော ဝိသေသငါးဂိုဏ်းနှင့် များသောအားဖြင့် ဆက်ဆံသောကြောင့် မတ္တာဝုတ္တိဂိုဏ်းကို နောက်ဆုံးထား၍ ဆိုရပါသည်။

*** မတ္တာဝုတ္တိဂါထာမျိုး၌ ပြဆိုအပ်သောဂိုဏ်း ။ ။** ဘ-ဂိုဏ်း, ဇ-ဂိုဏ်း, သ-ဂိုဏ်း မ-ဂိုဏ်း, န-ဂိုဏ်းတို့ ဖြစ်ပါသည်။

http://www.dhammadownload.com



(မကြာဆန်း) ဂဏနိယမ

၆။ ဘဇသာ သဗ္ဗဂလဟူ၊ပဠိ မေ သဏ္ဌိတာ ဂဏာ။
အရိယာ ဒိမှိ ဝိညေယျာ၊ဂဏော ဣဓ စတုက္ကလော။

၆။ ဘဇသာ၊ဘဂိုဏ်းဇဂိုဏ်းဂရုတို့သည်လည်းကောင်း။သဗ္ဗဂလဟူ၊အလုံးစုံသော ဂရုရှိသောမဂိုဏ်း အလုံးစုံလဟုရှိသောနဂိုဏ်းတို့သည်လည်းကောင်း။ပဠ၊ငါးပါးကုန်သော။ ဣဓမေ၊ဤဂိုဏ်းတို့ကို။အရိယာ ဒိမှိ၊အရိယာ-စသောမတ္တာဝုတ္တိဂါထာမျိုး၌။သဏ္ဌိတာဂဏာ၊ ကောင်းစွာတည်ကုန်၏ဟူ၍။ယေဘုယျေန၊များသောအားဖြင့်။ဝိညေယျာ၊သိအပ်ကုန်၏။ ဣဓ၊ဤအရိယာ-စသောမတ္တာဝုတ္တိဂါထာမျိုး၌။ဂဏော၊ဂိုဏ်းသည်။ယေဘုယျေန၊များသော အားဖြင့်။စတုက္ကလော၊လေးမကြာရှိ၏။

* **ဤဂါထာကို ဂိုဏ်း ဂရု လဟု လတ္ထဏာစစ်ပုံ ။ ။** ဤဂါထာသည် ၁။ ပါဒတိုင်း အက္ခရာရှစ်လုံးစီရှိခြင်း၊ ၂။ အစတစ်လုံးနှောင် သ-နှ ဂိုဏ်းမရှိခြင်း၊ ၃။ ပဌမပါဒ အစ လေးလုံးနှောင် နှ-ဂိုဏ်းရှိခြင်း၊ ၄။ တတိယပါဒ အစလေးလုံးနှောင် ယ-ဂိုဏ်းရှိခြင်း၊ ၅။ သမပါဒ အစလေးလုံးနှောင် ဇ-ဂိုဏ်းရှိခြင်းတို့ကြောင့် ပထမ နကာရဝိပုလာဂါထာ။

* **ဘဇသာ-စသောဂါထာဖြင့် သိစေအပ်သော သညာနှင့် အနက် ။ ။** ဘဇသာ-စသောဂါထာဖြင့် ဂဏသညာကို ပြပါသည်။

အရိယာ-စသော မတ္တာဝုတ္တိမျိုး၌ ဘ ဇ သ မ န-ဟူသော ငါးဂိုဏ်းကို အသုံးပြုရမည်၊ ဂိုဏ်းတစ်ခုမှာ ၄-မကြာရှိ၏ဟူသော အနက်ကို ပြပါသည်။

* **ဘဇသာ (ပ) ဝိညေယျာ-ဟူသောစကား မုဒျ မှတ်သင့်/ မမှတ်သင့်**

ဝေတာလီဂါထာ၌ ရ-ဂိုဏ်း၊ ဩပစ္ဆန္ဒသကဂါထာ၌ ရ-ဂိုဏ်း ယ-ဂိုဏ်းတို့ကိုလည်း အသုံးပြုသေးသောကြောင့် ဘဇသာ(ပ) ဝိညေယျာဟူသောစကား မုဒျ မမှတ်သင့်ပါ။ ယေဘုယျ-ဟု မှတ်ရပါမည်။

* **အရိယာ ဒိမှိ ဝိညေယျာ-၌ အရိယာဒိမှိဝယ် အာဒိ-အရ ။ ။** ဂီတိမျိုးဂါထာ၊ ဝေတာလီမျိုးဂါထာ၊မတ္တာသမကမျိုးဂါထာတို့ကို ယူရပါမည်။

* **ဂဏော ဣဓ စတုက္ကလော-၌ ဣဓ-အရ ယူရမည့် ဝါထာအမျိုးအစား**

မတ္တာဝုတ္တိဂါထာမျိုးအာလုံးကို ယူရပါမည်။ (၁။ အရိယာမျိုး ဂါထာ၊ ၂။ ဂီတိမျိုး ဂါထာ၊ ၃။ ဝေတာလီမျိုး ဂါထာ၊ ၄။မတ္တာသမကမျိုး ဂါထာများ ဖြစ်ပါသည်။)

* **ထို ဂါထာမျိုးရှိ ပထမဆုံးဂါထာကား-** ဆဒ္ဒေဒိလ လဟုဇော ဝါ-စသော ဂါထာ ဖြစ်ပါသည်။

* **ဂဏော ဣဓ စတုက္ကလော-ဟူသောစကား မုဒျလော/ ဥပစာလော**

ဝေတာလီမျိုးဂါထာတို့၏ လေးမကြာပိုလွန်သော ရ-ဂိုဏ်း ယ-ဂိုဏ်းတို့ကို သုံးစွဲ

http://www.dhammadownload.com



ထားပုံကို တွေ့ဖြင်ရသောကြောင့် "ဥပစာ"စကား ဖြစ်ပါသည်။

*** ဝဏ္ဏော ဣဓ စတုက္ထလော-ဟူသောစကားကို မုချ မှတ်သင့် / မမှတ်သင့်**

ဩပစ္ဆန္နသက် ရယာ ယဒန္တေ-ကို ထောက်၍ ဝေတာလီမျိုး ဩပစ္ဆန္နသကဂါထာ စသည်၌ ငါးမကြာရှိသော ရ-ဂိုဏ်း ယ-ဂိုဏ်းတို့ကို သုံးထားခြင်းကြောင့် မုချ မမှတ်သင့်ပါ။ (ယေဘုယျ-ဟုမှတ်ပါ)

**ဝရ့,လဟုယူပုံ (ဝရ -လဟုသရုပ်ပြ)**

၇။ **သံယောဂါဒိ စ ဒီယောစ၊နိဂ္ဂဟီတ ပရော စ, ယော။**
**ဝရ့ဝကော်ာ ပါဒန္တော ဝါ၊ရဿော ညော မတ္ထိကော လုဒ့။**

၇။ သံယောဂါဒိစ၊သံယုဂ်၏အစဖြစ်သော။ယော အက္ခရောစ၊အကြင်အက္ခရာသည် လည်းကောင်း။ဒီယောစ၊ဒီယဖြစ်သော။ယော အက္ခရောစ၊အကြင်အက္ခရာသည်၎င်း။နိဂ္ဂဟီတ ပရော၊နိဂ္ဂဟီတ်နောက်ရှိသော။ယော အက္ခရောစ၊အကြင်အက္ခရာသည်၎င်း။ဝါ၊အချို့, သဖြင့်။ပါဒန္တော၊ပါဒ၏အဆုံးဖြစ်သော။ယော အက္ခရောစ၊အကြင်အက္ခရာသည်၎င်း။အတ္ထိ၊ ရှိ၏။သောသဒ္ဒေါ၊ထိုအလုံးစုံသည်။ဂရု၊ဂရု၏။ဝကော်ာ၊ပတ္ထာရအရေးအားဖြင့်ကောက်၏။ အညော၊ဆိုအပ်ပြီးသော သံယောဂစသည်တို့မှတပါးကုန်သော။မတ္ထိကော၊တမကြာရှိသော ရဿော၊ရဿအက္ခရာသည်။လော၊လဟု၏။ဥဒ့ပတ္ထာရအရေးအားဖြင့်ဖြောင့်၏။

*** ဆန်းကျမ်း၌ ပြဆိုအပ်သော ဝရ့အမျိုးအစား ။ ။** ၁။ နိဂ္ဂဟိတ်နှောင်းသော ဝရ့၊ ၂။ သံယုဂ်နှောင်းသောဝရ့၊ ၃။ ဒီဃဝရ့၊ ၄။ ပါဒန္တဝရ့တို့ ဖြစ်ပါသည်။

*** ဆန်းကျမ်းလာ ဝရ့ သရုပ် ။ ။** ၁။ သံယောဂါဒိဝရ့ (ပုံစံ) အတ္တ, စိတ္တ, မုဒ္ဒ-စသည်၊ ၂။ ဒီဃဝရ့ (ပုံစံ) အာ, ဤ, ဦ, ဧ, ဩ, ကာ, ကီ, ကူ, ကေ, ကော။ ၃။ နိဂ္ဂဟိတ ပရဂဂရ့ (ပုံစံ) အံ, ကြံ, ဉံ, ကံ, ကီ, ကုံ။ ၄။ပါဒန္တဝရ့ (ပုံစံ) မုခစပလာနာမ သာ ဘဝတိ စသည်တို့ ဖြစ်ပါသည်။

*** ဝရ့ ၄-မျိုး အဓိပ္ပါယ် ။ ။** ၁။ သံယောဂါဒိဝရ့- သံယုဂ်အက္ခရာ၏ အစဉ်တည် နေသော အက္ခရာသည် "သံယောဂါဒိဝရ့" မည်၏။

၂။ ဒီဃဝရ့- အာ, ဤ, ဦ, ဧ, ဩ-ဟူသော ဒီဃသရ ငါးလုံးနှင့်တကွ ယင်းဒီဃငါးလုံး နှင့် တွဲဖက်နေသော ဗျည်းများသည် "ဒီဃဝရ့" မည်ပါသည်။

၃။ နိဂ္ဂဟိတပရဂဂရ့- နောက်၌ နိဂ္ဂဟိတ်ရှိသော ဗျည်းအက္ခရာများသည် "နိဂ္ဂဟိတ ပရဂဂရ့" မည်ပါသည်။(တနည်း) အံ,ကြံ,ဉံ, ကံ,ကီ,ကုံ-စသော နိဂ္ဂဟိတ်နှောင်းသော (ဝါ) နိဂ္ဂဟိတ်ပါသော ဝရ့သည် "နိဂ္ဂဟိတပရဂဂရ့" မည်ပါသည်။

၄။ ပါဒန္တဝရ့ - ဂါထာပါဒ၏ အဆုံးအက္ခရာသည် "ပါဒန္တဝရ့" မည်ပါသည်။

*** ပါဒန္တဝရ့ အမြဲ မရသင့်သော ဂါထာများ ။ ။** အစလဓိတိဂါထာ၊သမာနိကာ

http://www.dhammadownload.com



ဂါထာ၊ ဥဒ္ဒာသက ဂါထာ၊ ဝုတ္တ ဂါထာတို့ ဖြစ်ပါသည်။

* **ပါဒန္တလဟု-ကို ာဟု-အတိုင်းပင် ယူရသော ဂါထာများ ။ ။** အစလဓိတိ-ဂါထာ၊သမာနိကာ ဂါထာ၊ ဥဒ္ဒာသက ဂါထာ၊ ဝုတ္တ ဂါထာတို့ ဖြစ်ပါသည်။

* **လဟု မည်ပုံ ။ ။** သံယောဂါဒိအက္ခရာ, ဒိယ, နိဂ္ဂဟီတပရ, ပါဒန္တဂရူ အက္ခရာတို့မှ တစ်ပါးသော တစ်မကြာရှိသော ရဿ သရတို့သည် လဟု မည်ပါသည်။

*** ဂရု-ဟု မယူရဘဲ လဟု- ယူရမည်ဟု ညွှန်ပြပုံပြ**

**၈။ ပရေ ပါဒါဒိ သံယောဂေ၊ယော ပုဗ္ဗော ဂရုကက္ခရော။**
**လဟုသ ကွစိ ဝိညေယ္ယာ၊တဒုဒါဟရဏံ ယထာ။**

**၈။** ပရေ၊နှောင်းသော။ပါဒါဒိ သံယောဂေ၊ပါဒ၏အစဖြစ်သော သံယုဂ်ကြောင့်။ ပုဗ္ဗော၊ရှေးဖြစ်သော။ယော ဂရုကက္ခရော၊အကြင် ဂရုဖြစ်သောအက္ခရာသည်။အတ္ထိ၊ရှိ၏။ သောဂရုကက္ခရော၊ထိုဂရုဖြစ်သော အက္ခရာကို။ကွစိ၊အချို့သော ဥဒါဟရဏ်၌။လဟု၊လဟုဟူ၍။ဝိညေယျော၊သိအပ်၏။တဒုဒါဟရဏံ၊ထိုဂရုဖြစ်လျှက် လဟုကဲ့သို့မှတ်အပ်သောဥဒါဟရဏ်သည်။ယထာ၊အဘယ်နည်း။ဒဿနေစွာဒိ၊ဒဿနအစရှိသည်တည်း။

*** ပရေ ပါဒါဒိ သံယောဂေ အဓိပ္ပါယ် ။ ။** ဒဿနရသာ နုဘဝနေ၊ နိဗဒ္ဓဂေဓာဇိနဿ ယံ ဇနတာ။ ဝိမှယဇနီ သညတာ၊ ကြိယာနုံ နာနုရဉ္ဇယတိ-ဟူသောပါဠိ၌ သညတကြိယာဝယ် ကြိ-ဟူသော ပါဒါဒိသံယုဂ်ကြောင့် တ-အက္ခရာသည် သံယောဂါဒိဂရု ဖြစ်သော်လည်း ၎င်းကို လဟု-ဟု ယူရပါမည်။

*** သံယောဂါဒိဂရု၏ အနိစ္စဖြစ်ပုံ ပုံစံပြ**

*** ဂရု ဖြစ်လျက် လဟုကဲ့သို့ မှတ်အပ်သော ဥဒါဟရဏ်ပြ**

*** ဂရုအဂ်ီဂြိဳဥ္ဇတ်ပါလျက် ဂရု မယူရဘဲ လဟု-ယူရမည်ဟု ထုတ်ပြသော ပုံစံ**

**၉။ ဒဿနရသာ နုဘဝနေ၊နိဗဒ္ဓဂေဓာ ဇိနဿ ယံ ဇနတာ။**
**ဝိမှယဇနီ သညတာ၊ကြိယာနုံ ကံ နာနုရဉ္ဇယတိ။**

**၉။** အယံ ဇနတာ၊ဤနတ်လူအပေါင်းသည်။ဇိနဿ၊မြတ်စွာဘုရား၏။ဒဿနရသာ နုဘဝနေ၊ဖူးမျှော်ခြင်း၌အရသာကို အဖန်တလဲလဲခံစားခြင်း၌။နိဗဒ္ဓဂေဓာ၊အစဉ်မပြတ်ဖြစ်တတ်သောကပ်ငြိခြင်း သဘောရှိသည်။ဘဝတိ၊ဖြစ်၏။ဇိနဿ၊မြတ်စွာဘုရား၏။ဝိမှယဇနီ၊ အံ့ဖွယ်သရဲမဖြစ်ဘူးမြဲဖြစ်သော။သညတာ၊ကောင်းစွာစောင့်စည်းတော်မူအပ်သော။ကြိယာ၊ ကိုယ်အမူရာနှုတ်အမူအရာတော်သည်။ကံဇနတံ၊အဘယ်မည်သော နတ်လူအပေါင်းကို။ နာနုရဉ္ဇယတိ နု၊ကိုယ်တော်၌တပ်ခြင်းကိုမပြုပဲရှိပါအုံနည်း။အနုရဉ္ဇယတိဇဝ၊ကိုယ်တော်၌တပ်ခြင်းကိုပြုသည်သာလျှင်တည်း။

* လဟု-ဖြစ်လျက် ဂရုကဲ့သို့ မှတ်ရသော ဌာန ။ ။ သံယုဂ်နှောင်းသောဌာန။ ၂။

http://www.dhammadownload.com



နိဂ္ဂဟိတ်နှောင်းသော ဌာန၊ ၃။ ပါဒန္တဂရု လိုအပ်ရာဌာနတို့ ဖြစ်ပါသည်။

* **ဂရု ဖြစ်လျက် လဟု မှတ်ရသောဌာန ။ ။** ပါဒါဒိသံယုဂ်၏ ရှေ့၌ရှိသော ဂရု အက္ခရာ ဖြစ်ပါသည်။

* **ဂရုဖြစ်လျက် လဟုကဲ့သို့ မှတ်ရခြင်းအကြောင်း ။ ။** ဒဿနရသာ-စသော ဤဂါထာ၌ တတိယပါဒအဆုံး "သညတ"သည် ကြိသံယုဂ်နှောင်းသော်လည်း ပါဒ-အစ သံယုဂ်ဖြစ်သောကြောင့် တ-ကို တက်-ဟု ဂရုမံယူရ၊ ဓ-ဟု လဟုသာ မှတ်ယူရမည်။

* **သံယုဂ်နှောင်းတိုင်း (သံယုဂ်ရှိတိုင်း) ပုဗ္ဗအက္ခရာကို "ဝရွအက္ခရာ"ဟု မမှတ်သင့်ခြင်းအကြောင်း ။ ။** ဝိမှယဇနီ သညစာ ကြိယာ-စသည်၌ ကြိ-ဟူသော သံယုဂ်နှောင်းသော်လည်း ပါဒ-အစ သံယုဂ်ဖြစ်သောကြောင့် စာ-ကို ဂရု အက္ခရာဟု မမှတ်သင့်ပါ။

**(သင်္ကေတသဒ္ဒါ-စသည်ပြု) လောကသင်္ကေတပါဒယတိ**

၁၀။ **ဝိညေယျော လောကတော သညာ၊သမုဒ္ဒေါ သုရသာဒီနံ။**
**ပါဒေါ ဧေ ယျော စတုတ္ထွံသော၊ပဒဿွေဒေါ ယတိ ဘဝေ။**

၁၀။ သမုဒ္ဒေါ သုရသာဒီနံ၊သမုဒ္ဒဥသုရသ်အစရှိကုန်သောသဒ္ဒါတို့၏။သညာ၊လေးခု ငါးခုခြောက်ခုအစရှိသော သင်္ကေတပညတ်အမှတ်သညာကို။လောကတော၊လောက ဝေါဟာရ အားဖြင့်။ဝိညေယျော၊သိအပ်၏။စတုတ္ထွံသော၊ဂါထာ၏လေးဘို့တဘို့ကို။ပါဒေါ၊ ပါဒမည်၏ဟူ၍။ဧေ ယျော၊သိအပ်၏။ပဒဿွေဒေါ၊ပုဒ်တို့ကိုဖြတ်ခြင်းသည်။ယတိ၊ယတိမည် သည်။ဘဝေ၊ ဖြစ်၏။

* **ပါဒေါ ဧေ ယျော စတုတ္ထွံသော-ဟူသော စကားကို မုချယူသင့်/မယူသင့်**

ဒဏ္ဍကာ စဏ္ဍဝုဋ္ဌာဒိ-စသော ဂါထာနံပါတ် ၁၄-ကိုထောက်၍ ပါဒေါ ဧေ ယျော စတုတ္ထွံသော-ဟူသောစကားကို မုချ မယူသင့်ပါ။

* **ပါဒေါ ဧေ ယျော စတုတ္ထွံသော-အရ ဂါထာတိုင်း လေးပါဒ-ဟု မမှတ်သင့်ပုံ**

ပါဒေါ ဧေ ယျော စတုတ္ထွံသော-ဟု ဆိုသော်လည်း ဂါထာတိုင်း လေးပါဒဟုသာ မမှတ်ရပါ။ ပါဒေဟိ ဆဟိ တီဟိ တု-ဟူသော ဆိုလတ္တံ့စကားရပ်ကို ထောက်၍ ခြောက် ပါဒရှိသောဂါထာ၊ သုံးပါဒရှိသောဂါထာတို့လည်း ရှိနိုင်ပါသေးသည်။

* **သမုဒ္ဒ-သဒ္ဒါကို လေးခုသဒ္ဒါဟော ယူရခြင်းအကြောင်း ။ ။** သမုဒ္ဒရာလေးစင်း ရှိသောကြောင့် သမုဒ္ဒ-သဒ္ဒါကို လေးခုသဒ္ဒါဟော ယူရပါသည်။

* **ဥသု-သဒ္ဒါကို ငါးခုသဒ္ဒါဟောယူရခြင်းအကြောင်း ။ ။** မာရ်နတ်မင်း၌ မြား ငါးစင်းရှိသောကြောင့် ဥသု-သဒ္ဒါကို ငါးခုသဒ္ဒါဟော ယူရပါသည်။

* **ရသ-သဒ္ဒါကို ၆-ခု သဒ္ဒါဟော ယူရခြင်းအကြောင်း ။ ။** အရသာ ၆-ပါးရှိသော

http://www.dhammadownload.com



ကြောင့် ရသ-သဒ္ဒါကို ၆-ခု သန္ဓာဟော ယူရပါသည်။

**မေး။** သမုဒ္ဒေသုရသာဒိနံ-၌ သမုဒ္ဒ, ဥသု, ရသ-သဒ္ဒါတို့သည် အဘယ်သဒ္ဒါများ ဖြစ်ကြသည်ကို ရှင်းလင်းချက်နှင့်တကွ ဖြေဆိုပါ။

**ဖြေ။** သမုဒ္ဒ-သဒ္ဒါသည် သမုဒ္ဒရာလေးစင်းရှိသောကြောင့် လေးခုဟော သင်္ကေတ သန္ဓာသဒ္ဒါဖြစ်ပါသည်။ဥသု-သဒ္ဒါသည် မာရ်နတ်မင်း၏ မြားငါးစင်းရှိသောကြောင့် ငါးခုဟော သင်္ကေတသန္ဓာသဒ္ဒါ ဖြစ်ပါသည်။ ရသ-သဒ္ဒါသည် အရသာ ၆-ပါးရှိသောကြောင့် ခြောက်ခုဟော သင်္ကေတသန္ဓာသဒ္ဒါ ဖြစ်ပါသည်။

* **အက္ကဝ, အမ္ဗုဓိ, သိန္ဓု, ဇလဓိ- သဒ္ဒါတို့သည်** ။ မြင့်မိုရ်တောင်ဖြင့် ပိုင်းခြားအပ်သော အရှေ့ အနောက် တောင် မြောက်အားဖြင့် သမုဒ္ဒရာလေးစင်းရှိသောကြောင့် (၄)ခုဟော သင်္ကေတသန္ဓာ ဖြစ်ပါသည်။

**မေး ။** အမ္ဗုဓိသေဟိ-ကို အနက်ပေး၍ ပေးသည့်အနက် မှန်-မမှန်ကို ဆန်းကျမ်းအကိုးပြ၍ ဖြေဆိုပါ။

**ဖြေ ။** အမ္ဗုဓိသေဟိ-လေးခုဟောသော သ-ဂိုဏ်းတို့နှင့်။ အမ္ဗုဓိ-ကို လေးခု-ဟု အနက်ပေးခြင်းသည် မှန်ပါသည်။ (ဆန်းကျမ်းအကိုး) ဝိညေယျာ လောကတော သညာ၊ သမုဒ္ဒေါ သုရသာဒိနံ။-ကိုထောက်၍ အမ္ဗုဓိသဒ္ဒါသည် လောကသင်္ကေတသန္ဓာဖြစ်၍ သမုဒ္ဒရာလေးစင်းရှိခြင်းကြောင့် ၄-ခုအနက်ကို ဟောပါသည်။

* **ဝေဒ-သဒ္ဒါသည်** ။ ဂ္ဂရုဗေဒင်, ယဇုဗေဒင်, သာမဗေဒင်, အာထဗ္ဗဏဗေဒင် အားဖြင့် ဗေဒင်လေးပုံရှိသောကြောင့် (၄)ခုဟော သင်္ကေတသန္ဓာဖြစ်ပါသည်။

* **ယုဂ-သဒ္ဒါသည်** ။ သစ္စယုဂ်, တြေတယုဂ်, ဒွါပရယုဂ်, ကလိယုဂ်အားဖြင့် ယုဂ်လေးပါးကို ဟောသောကြောင့် (၄)ခုဟော သင်္ကေတသန္ဓာဖြစ်ပါသည်။

* **အက္ခ-သဒ္ဒါသည်** ။ လောကုတ္တရာဂ္ဂန္ဗြေသည် သဒ္ဓိန္ဗြေ, ဝိရိယိန္ဗြေ, သတိန္ဗြေ, သမာဓိန္ဗြေ, ပညိန္ဗြေအားဖြင့် ငါးပါးရှိသောကြောင့် (၅)ခုဟော သင်္ကေတသန္ဓာဖြစ်ပါသည်။

* **ဥတု-သဒ္ဒါသည်** ။ ဟေမန္တ, သိသိရ-စသော ဥတုခြောက်မျိုးရှိသောကြောင့် (၆)ခုဟော သင်္ကေတသန္ဓာဖြစ်ပါသည်။

* **အဿ, ဟယ-သဒ္ဒါတို့သည်** ။ မြင်းဌ ခြေလေးချောင်း နားရွက်နှစ်ခု အမြီးတစ်ခု ဟူဆိုအပ်သော ထင်ရှားသောအင်္ဂါခုနစ်ခုရှိသောကြောင့် (၇)ခုဟော သင်္ကေတသန္ဓာဖြစ်ပါသည်။ * **ဂ္ဂသိ, မုနိ-သဒ္ဒါတို့သည်** ။ ဝိပဿီ-အစရှိသော ဘုရားတို့၏ ဂေါတမဘုရား ရှင်နှင့်တကွ ခုနစ်ဆူရှိသောကြောင့် (၇)ခုဟော သင်္ကေတသန္ဓာဖြစ်ပါသည်။

* **ဝသု, ဘောဝ-သဒ္ဒါတို့သည်** ။ ရွှေ, ငွေ-စသော အဝိညာဏကရတနာခုနစ်ပါးနှင့် သဝိညာဏက ရတနာတစ်ပါးအားဖြင့် ရှစ်ပါးရှိသောကြောင့် (၈)ခုဟော သင်္ကေတ

http://www.dhammadownload.com



သခ်ၤာျဖစ္ပါသည္။

* ဂဟ-သဒ္ဒါသည် - ဂြိုဟ်ကိုးလုံးရှိသောကြောင့် (၉)ခုဟော သင်္ကေတသင်္ခါ ဖြစ်ပါသည်။

* ဟရ-သဒ္ဒါသည် - ရုဒ္ဓနတ်ကိုဟော်၏၊ ရုဒ္ဓနတ်သည် အဇေတပါဒနတ်-စသောအား ဖြင့် (၁၁)မျိုးရှိသောကြောင့် (၁၁)ခုဟော သင်္ကေတသင်္ခါဖြစ်ပါသည်။

* အက္ခ-သဒ္ဒါသည် - နေဟူသောအနက်ကိုဟော်၏၊ နေ၌ ကလာ (၁၂)မျိုးရှိသော ကြောင့် (၁၂)ခုဟော သင်္ကေတသင်္ခါဖြစ်ပါသည်။

* ယတိ မည်ပုံ ။ ။ မရွတ် မဖတ် စဉ်းငယ်ရပ်နားခြင်းသည် "ယတိ" မည်ပါသည်။

* ယတိ ၂-မျိုး ။ ။ ပါဒန္တယတိ၊ ပါဒမဇ္ဈယတိအားဖြင့် ၂-မျိုးရှိပါသည်။ (တနည်း) ပါဒန္တယတိ၊ ဝုတ္တမုယတိ၊ ပါဒမဇ္ဈယတိအားဖြင့် ၃-ပါး ရှိပါသည်။

* **ပါဒမဇ္ဈယတိ (လေးပါဒလုံး၏ အလယ်တည့်တည့်၌ ယတိပြတ်) ဂါထာများ**

၁။ သာလိနီ၊ ၂။ ဝါတောမ္မိ၊ ၃။ ပဒု၊ ၄။ ဝေဿဒေဝီ၊ ၅။ ပဟာသိနီ၊ ၆။ ရုစိရာ၊ ၇။ အပရာဇိတာ၊ ၈။ပဟရဏကလိတာ၊ ၉။မဏိဝုဏ္ဏကိရဏ၊ ၁၀၊ မာလိနီ၊ ၁၁။ သိခရဏီ၊ ၁၂။ဟရဏီ၊ ၁၃။ မန္ဒက္ကန္တာ၊ ၁၄။ ကုသုမိတလတာ ဝေလ္လိတာ၊ ၁၅။မေယျဝိပ္ပဝုဋ္ဌိတာ၊ ၁၆။ သဒ္ဒူလဝိက္ကီဠိတာ၊ ၁၇။ သဒ္ဓရာ၊ ၁၈။ ဘဒ္ဒကဂါထာ။

* **ပါဒမဇ္ဈယတိ (အလယ်တည့်တည့်၌ ယတိတစ်ချက်ပြတ်) ဂါထာများ**

၁။ သာလိနီ၊ ၂။ ဝါတောမ္မိ၊ ၃။ ပဒု၊ ၄။ ဝေဿဒေဝီ၊ ၅။ ပဟာသိနီ၊ ၆။ ရုစိရာ၊ ၇။ အပရာဇိတာ၊ ၈။ပဟရဏကလိတာ၊ ၉။မဏိဝုဏ္ဏကိရဏ၊ ၁၀၊ မာလိနီ၊ ၁၁။ သိခရဏီ၊ ၁၂။ သဒ္ဒူလဝိက္ကီဠိတာ၊ ၁၃။ ဘဒ္ဒကဂါထာတို့ ဖြစ်ပါသည်။

* **ပါဒမဇ္ဈယတိ (အလယ်တည့်တည့်၌ ယတိနှစ်ချက်ပြတ်) ဂါထာများ**

၁။ ဟရိဏီ၊ ၂။ မန္ဒက္ကန္တာ၊ ၃။ ကုသုမိတလတာ ဝေလ္လိတာ၊ ၄။ မေယျဝိပ္ပဝုဋ္ဌိတာ၊ ၅။ သဒ္ဓရာဂါထာတို့ ဖြစ်ပါသည်။

* **ဒုတိယပိုင်းလာ ဂါထာများကို ပါဒန္တယတိ၊ ပါဒမဇ္ဈယတိ-ခွဲပုံ**

ဒုတိယပိုင်းလာ ၂၈-ဂါထာတို့တွင် ပဌမမေ့-စသော ဒုတိယဂါထာသင့် ပဌမဒုလေ-စသော ပထမဂီတိ ဂါထာတို့သည် ပါဒမဇ္ဈယတိ ဖြစ်ပါသည်။ ကြွင်း ၂၆-ပါးသော ဂါထာ တို့သည် ပါဒန္တယတိ-သာ ဖြစ်ပါသည်။

* **တတိယပိုင်းလာ ဂါထာများကို ပါဒန္တယတိ၊ ပါဒမဇ္ဈယတိ-ခွဲပုံ**

တတိယပိုင်းလာ ဂါထာ ၆၁-တို့တွင် ၁။ သာလိနီ၊ ၂။ ဝါတောမ္မိ၊ ၃။ ပဒု၊ ၄။ ဝေဿဒေဝီ၊ ၅။ ပဟာသိနီ၊ ၆။ ရုစိရာ၊ ၇။ အပရာဇိတာ၊ ၈။မဏိဝုဏ္ဏကိရဏ၊ ၉၊ မာလိနီ၊ ၁၀။ သိခရဏီ၊ ၁၁။ဟရဏီ၊ ၁၂။ မန္ဒက္ကန္တာ၊ ၁၃။ ကုသုမိတလတာ ဝေလ္လိတာ၊ ၁၄။

http://www.dhammadownload.com



မေယဝိဖွဇ္ဇိတာ၊ ၁၅။ သဒ္ဒူလဝိက္ကိဠိတာ၊ ၁၆။ သဒ္ဓရာ၊ ၁၇။ ဘဒ္ဒကဂါထာတို့၌ ပါဒန္တယတိ ပါဒမဇ္ဈယတိ ၂-မျိုးဖြစ်ကောင်းပါသည်။ကြွင်း ၄၄- ဂါထာတို့၌ ပါဒန္တယတိသာ ဖြစ်ပါသည်။

အဒ္ဓသမဝုတ္တိ ၁၁-ဂါထာ၊ ဝိသမဝုတ္တိ ၈-ဂါထာတို့၌ ပါဒန္တယတိသာ ဖြစ်သည်။

## ဂါထာ (၃) မျိုး (သမဂါထာ-၏ လက္ခဏာပြု)

၁၁။ **သမ မမုသမံ ဝုတ္တံ၊ဝိသမံ စာပရံ တိဓာ။**
**သမာ လက္ခဏတော ပါဒါ၊စတ္တာရော ယဿ တံ သမံ။**

၁၁။ ဝုတ္တံ၊ဂါထာသည်။သမံစ၊သမဂါထာငင်း။အမုသမံစ၊အမုသမဂါထာငင်း။အပရံ၊ သမ အမုသမမှ တပါဒေသော။ဝိသမံစ၊ဝိသမဂါထာငင်း။ကြွတိ၊ကျဉ်သို့။တိဓာ၊သုံးပါးအပြားရှိ၏။ တေ သုဝုတ္တေသု၊ထိုသုံးပါးသောဂါထာတို့တွင်။ယဿ ဝုတ္တဿ၊အကြောင်းဂါထာ၏။စတ္တာရော၊ လေးပါးကုန်သော။ပါဒါ၊ပါဒတို့သည်။လက္ခဏတော၊ဂိုဏ်းဂရုလဟုအက္ခရာဟုဆိုအပ်သော မှတ်ကြောင်းအားဖြင့်။သမာ၊တူကုန်၏။တံဝုတ္တံ၊ထိုဂါထာသည်။သမံ၊သမဂါထာမည်၏။

* **ဝိသမံ စာပရံ တိဓာ-၌ တိဓာသဒ္ဒပ် ။ ။** ၁။ **သမဂါထာ** ။ လေးပါဒလုံး ဂိုဏ်း ဂရု, လဟု လက္ခဏာအားဖြင့် တူမျှသောဂါထာသည် "သမဂါထာ" မည်ပါသည်။

၂။ **အဒ္ဓသမဂါထာ** ။ လေးပါဒလုံးတို့တွင် ပထမပါဒနှင့် တတိယပါဒ၊ဒုတိယနှင့် စတုတ္ထပါဒတို့ ဂိုဏ်း, ဂရု, လဟု လက္ခဏာအားဖြင့် တူမျှသော ဂါထာသည် "အမုသမ ဂါထာ" မည်ပါသည်။ (သာဓက) ဂါထာ-၁၂။

၃။ **ဝိသမဂါထာ** ။ လေးပါးဒလုံး ဂိုဏ်း, ဂရု, လဟု လက္ခဏာမတူသော ဂါထာသည် "ဝိသမဂါထာ" မည်ပါသည်။ (သာဓက) ဂါထာ-၁၂။

* **သမ-ဂါထာများ ။ ။** ဝဏ္ဏဝုတ္တိဂါထာမျိုး၌ တနုမဇ္ဈာ-စသော တတိယပိုင်းလာ (၆၁) ဂါထာနှင့် အပရန္တိကာ၊စာရုဟာသိနီ ၂-ဂါထာ၊ မတ္တာသမက (၅) ဂါထာ။

* **အမုသမ-ဂါထာများ ။ ။** ဥပစိတြ-စသော စတုတ္ထပိုင်းလာ (၁၁) ဂါထာ၊ ဂီတိ၊ ဥပဂီတိ၊အရိယာဂီတိ-အားဖြင့် ဂီတိ ၃-ဂါထာ၊ အပရန္တိကာ၊ စာရုဟာသိနီ-မှ တစ်ပါး ဝေတာလီ (၇) ဂါထာတို့ ဖြစ်ပါသည်။

* **ဝိသမ-ဂါထာများ ။ ။** ဝတ္တ-စသော ပဉ္စမပိုင်းလာ ၁၀-ဂါထာ၊ မတ္တာဝုတ္တိမျိုး၌ အရိယာ ၉-ဂါထာ၊ ဥဂ္ဂီတိဂါထာ တို့ဖြစ်ပါသည်။

### * အမုသမ- ဝိသမ ဂါထာ-၏ သဘော အဓိပ္ပါယ် လက္ခဏာပြု

၁၂။ **ယဿန္တိမေန ဒုတိယော၊တတိယေနာ ဒိမော သမော။**
**တဒမုသမ မည် တူ၊ဘိန္နလက္ခဏပါဒိကံ။**

၁၂။ ယဿ ဝုတ္တဿ၊အကြောင်းဂါထာ၏။အန္တိမေန၊အဆုံးဖြစ်သော စတုတ္ထပါဒနှင့်။ ဒုတိယော၊ဒုတိယပါဒသည်။သမော၊တူ၏။တတိယေနာ၊တတိယပါဒနှင့်။အာဒိမော၊ ပထမ

http://www.dhammadownload.com



ပါဒသည်။သမော၊တူ၏။တံဝုတ္တံ၊ထိုဂါထာသည်။အမုသမံ၊အမုသမဂါထာမည်၏။တု၊ သမဂါထာ အမုသမဂါထာတို့မှတပါး၊ ဝိသမဂါထာကိုဆိုဦး၊အုံ။အည်၊သမဂါထာ အမုသမဂါထာတို့မှတပါးသော ဝိသမဂါထာသည်။ဘိန္နလက္ခဏာပါဒိက်၊ပြားသောလက္ခဏာ ရှိသော ပါဒတို့နှင့်ယှဉ်၏။

## ဆန်းအပြား (၂၆) ပါး

၁၃။ ပါဒံမေ ကက္ခရာ.ရဿ၊ယာဝ ဆဋ္ဌိတက္ခရာ။
ဘဝေ ပါဒေဟိ တံဆန္ဒံ၊နာနာ နာမော ဒိတံ တတော။

၁၃။ ဧကက္ခရံ၊တလုံးသောအက္ခရာရှိသော။ပါဒံ၊ပါဒကို။အာရဿ၊အစပြု၍။ယာဝ၊ အကြင် မျှလောက်။ဆဋ္ဌိသတက္ခရာ၊ခြောက်ရာခြောက်ဆယ်ခြောက်လုံးသော အက္ခရာရှိသောပါဒတို့သည်။ သန္တိ၊ရှိကုန်၏။တာဝ၊ထိုမျှလောက်။ပဝတ္တေဟိ၊ဖြစ်ကုန်သော။ပါဒေဟိ၊ပါဒတို့ဖြင့်။ယံဆန္ဒံ၊ အကြင်ဆန်းကျမ်းသည်။ယတော ယသ္မာ၊အကြင်ကြောင့်။ဘဝေ၊ဖြစ်၏။တတော၊ထို့ကြောင့်။ တံဆန္ဒံ၊ ထိုဆန်းကျမ်းကို။နာနာ နာမောဒိတံ၊အထူးထူးသောအမည်တို့ဖြင့် ဆိုအပ်၏။

* **ဆန်း အပြား ၂၆-ပါး** ။ ။ (အက္ခရာတစ်လုံးဖွဲ့) ဥတ္တာဆန်း၊ (နှစ်လုံးဖွဲ့) အစ္ဆိ ဥတ္တာဆန်း၊ (သုံးလုံးဖွဲ့) မဇ္ဈာဆန်း၊ (လေးလုံးဖွဲ့) ပတိဋ္ဌာဆန်း၊ (ငါးလုံးဖွဲ့) သုပတိဋ္ဌာဆန်း၊ ၆။ ဂါယတ္တိဆန်း၊ ၇။ ဥဏှိဆန်း၊ ၈။အနုဋ္ဌုဘဆန်း၊ ၉။ဗြဟတီဆန်း၊ ၁၀။ ပန္တိဆန်း၊ ၁၁။ တုဋ္ဌုဘဆန်း၊ ၁၂။ ဇဂတီဆန်း၊ ၁၃။ အတိဇဂတီဆန်း၊ ၁၄။ သက္ကရီဆန်း၊ ၁၅။အတိသက္ကရီဆန်း၊ ၁၆။ အဋ္ဌိဆန်း၊ ၁၇။ အတိအဋ္ဌိဆန်း၊ ၁၈။ ထုတိဆန်း၊ ၁၉၊ အတိထုတိဆန်း၊ ၂၀။ ကတိဆန်း၊ ၂၁။ ပကတိဆန်း၊ ၂၂။ အာကတိဆန်း၊ ၂၃။ ဝိကတိဆန်း၊ ၂၄။ သံကတိဆန်း၊ ၂၅။ အဘိက္ကတိဆန်း၊ ၂၆။ ဥက္ကတိဆန်း။

## ပါဒအပြားအားဖြင့် ဂါထာအပြားကိုပြခြင်း

၁၄။ ဒက္ခကာ စက္ခုဝုဋ္ဌာဒီ၊ပါဒေဟိ ဆဟိ တီဟိ တု။
ဂါထာတိစ ပရတ္ထေ ဝံ၊ဆန္ဒောသညာ ပကာသိတာ။

၁၄။ ဒက္ခကာ စက္ခုဝုဋ္ဌာဒီ၊ဒက္ခကဂါထာစက္ခုဝုဋ္ဌိဂါထာအစရှိသော။ဂါထာတိစ၊ဂါထာဟူ၍ ၎င်း။ဆဟိ၊ခြောက်ပါးကုန်သော။ပါဒေဟိ၊ပါဒတို့နှင့်။ယုတ္တာ၊ယှဉ်ကုန်သော။ဂါထာတိစ၊ဂါထာဟူ၍ ၎င်း။တု၊ခြောက်ဂါထာတို့နှင့်ယှဉ်သော ဂါထာမှတပါး သုံးပါဒတို့နှင့်ယှဉ်သောဂါထာကို ဆိုဦးအုံ။တီဟိ၊သုံးပါးကုန်သော။ပါဒေဟိ၊ပါဒတို့နှင့်။ယုတ္တာ၊ယှဉ်ကုန်သော။ဂါထာတိစ၊ဂါထာဟူ၍ ၎င်း။ဧဝံ၊ဤသို့။ပရတ္ထ၊တပါးသောကျမ်း၌။ဆန္ဒောသညာ၊ ဆန်း၏အမည်ကို။ပကာသိတာ၊ပြအပ်၏။

http://www.dhammadownload.com



**၁၅။ အနန္တရောဒိတံ စ ညေ၊မေတံ သာမညေ နာမတော။**
**ဂါထာဣဿေဝ နိဒ္ဒိဋ္ဌံ၊မုနိနာ့ဝစနေ ပန။**

၁၅။ ပန၊ဆန်း၏လက္ခဏာကိုမလွန်းကြောင့်သည်မှတပါး လွန်းကြောင့်သည်ကိုဆိုဦးအံ့။ မုနိနာ့ဝစနေ၊မြတ်စွာဘုရားပါဠိတော်၌။အနန္တရောဒိတံ၊အခြားမဲ့၌ဆိုအပ်သော။ဧတဉ္စ၊ထို ဒဏ္ဍက စဏ္ဍာဝဂ္ဂိအစရှိသောဂါထာကိုငင်း။အညဉ္စ၊ဒဏ္ဍကစဏ္ဍာဝဂ္ဂိအစရှိသောဂါထာမှတပါး သော အရိယာအစရှိသောဂါထာကိုငင်း။(ဝါ)ဝဏ္ဏာဝုတ္တိဂါထာမှတပါး မတ္တာဝုတ္တိဂါထာကို ငင်း။ဇတံ၊ဤဆိုအပ်သောအလုံးစုံကို။သာမညနာမတော၊သာမညအမည်အားဖြင့်။ဂါထာ ဣစ္စေဝ၊ဂါထာဟူ၍သာလျှင်။နိဒ္ဒိဋ္ဌံ၊ညွှန်ပြအပ်၏။

*** ဝိသေသအမည်ရသော ဂါထာအမည် ဆန်းအမည်ကို ပြပါမည်ဟု ပဋိညာဉ်ပြု**

**၁၆။ ဝိသေသနာမတော ကိဠိ၊ဂဟေတွာ သတ္ထထော စိတံ။**
**ဒဿယိဿာမ ဟံ တေတ္ထ၊နာမာနာ ဝိဘဝိဿရေ။**

၁၆။ အဟံ၊ငါသည်။ဝိသေသနာမတော၊အရိယာစသော,တနုမဇ္ဈာ-စသော ဝတ္တု-စသော,ထူးသောအမည်အားဖြင့်။သတ္ထထော၊ခပ်သိမ်းသောအပြားအားဖြင့်။ဥစိတံ၊စိရင် အပ်သော။ကိဠိ၊ဝိုးစဉ်းသော တစိတ်တဒေသ ဂါထာအမည် ဆန်းအမည်ကို။ဂဟေတွာ၊ယူ၍။ ဒဿယိဿာမိ၊ပြပေအံ့။ဧတ္ထ၊ဤဝုတ္တောဒယမည်သောကျမ်း၌။တေ နာမာနိ၊ထိုဂါထာ အမည် ဆန်းအမည်တို့သည်။ပရတော၊နောက်မှ။အာဝိ၊ထင်စွာ။ဘဝိဿရေ၊ဖြစ်ကုန်လတ္တံ့။

**ဣတိ ဝုတ္တောဒယ ဆန္ဒသိ သညာပရိဘာသာ**
**နိဒ္ဒေသောနာမ ပဌမော ပရိစ္ဆေဒေါ။**

ဝုတ္တောဒယော၊ဂါထာတို့၏ဖြစ်ရာဖြစ်ခြင်းကြောင့် ဝုတ္တောဒယအမည်ရှိသော။ ဆန္ဒသိ၊ဆန်းကျမ်း၌။သညာပရိဘာသာ နိဒ္ဒေသောနာမ၊မဂိုဏ်းအစရှိသောအမည် သညာ ကေကျရပါဒအစရှိသောပရိဘာသာကိုညွှန်ရာညွှန်ကြောင်းမည်သော။ပဌမော၊ ရှေးဦးစွာ သော။ပရိစ္ဆေဒေါ၊အပိုင်းအခြားသည်။ဣတိ၊ပြီးပြီ။

*** သညာပရိဘာသာ နိဒ္ဒေသောနာမ-၌ သညာ-အရ ။ ။** မ-ဂိုဏ်း နှ-ဂိုဏ်း-စသော အမည်သညာကို ယူရပါမည်။

*** ပရိဘာသာ-အရ ။ ။** ဧကကျရပါဒ အစရှိသော ပရိဘာသာကို ယူရပါမည်။

*** ဆန်းနှင့် ဂါထာ အထူး ။ ။** အကျရာအတိုင်းအရှည်တို့၌ တွေဝေမှုကို ဖြတ်ကြောင်းဖြစ်သော ဂါယတ္တိ-စသည်သည် "ဆန်း" မည်၏။ ထင်ရှားသော အသံဖြင့် (ဝါ) ရှည်လျားသောအသံဖြင့် ရွတ်ဆိုအပ်သော ၄-ပါဒ, ၆-ပါဒ-စသည် ရှိသောစကား သည် "ဂါထာ" မည်၏။ ဤသို့ ထူးပါသည်။

ပထမပိုင်း ပြီး၏။

http://www.dhammadownload.com



## ၂။မတ္ထာဝုတ္တိနိဒ္ဒေသ ဒုတိယပရိစ္ဆေဒ
## အရိယာ (၉)မျိုးနှင့်ဆက်ဆံသောဂိုဏ်းမှတ်ပုံ
## ယတိမရှိသော အရိယာသာမည ဂါထာ
## ဂဏနိယမ အရိယာဂါထာ

**၁၇။ ဆဒ္ဒော ဒီလလဟု ဇော၀ါ၀ယုတညေ ဆဠင်္ဂာ နု ဇော ဝိသမေ။**
**အရိယာ နှ မေ လော၊ဆဒ္ဒော နွေ ဂေါ ဂဏာ. ဆ ညေ။**

**၁၇။** ယသဂါထာယ၊အကြင်ဂါထာအား။ပဌမဒွေ၊နှေးထက်၀က်၌။ဆဒ္ဒော၊ခြောက်ခုတို့၏ပြည့်ကြောင်းဖြစ်သောဂိုဏ်းသည်။အဓိလလဟု၊အလုံးစုံလဟုရှိသော နဂိုဏ်းသည်ငင်း။ ဇော၀ါ၊ဇဂိုဏ်းသည်ငင်း။စောဘ၀တိ၊အကယ်၍ဖြစ်ငြားအံ့။အညေ၊ဆဠင်္ဂဂိုဏ်းမှတပါးကုန်သော။ဆဠင်္ဂာ၊ခြောက်ဂိုဏ်းတို့သည်။၀ယုတာ၊ပါဒန္တဂရုနှင့်ယှဉ်ကုန်သည်။စောဘ၀ဿ်အကယ်၍ ဖြစ်ကုန်ငြားအံ့။ဝိသမေ၊ဗိသမဟုဆိုအပ်သောပထမ,တတိယ,ပဉ္စမ,သတ္တမဂိုဏ်းအရာ၌။ ဇော၊ ဇဂိုဏ်းသည်။စေနဘ၀တိ၊အကယ်၍မဖြစ်ငြားအံ့။အန္တမေ၊နောက်ထက်၀က်၌။ဆဒ္ဒော၊ ခြောက်ခုတို့၏ပြည့်ကြောင်းဖြစ်သောဂိုဏ်းသည်။လော၊လဟုသည်။စောဘ၀တိ၊အကယ်၍ ဖြစ်ငြားအံ့။အန္တေ၊နောက်ထက်၀က်၏အဆုံး၌။ဂေါ၊ဂရုသည်။စောဘ၀တိ၊အကယ်၍ဖြစ်ငြားအံ့။ အညေ၊ဆဠင်္ဂလဟုအန္တဂရုမှတပါးကုန်သော။ဆ ဂဏာ၊ခြောက်ဂိုဏ်းတို့သည်။စောဘ၀ဿ်၊ အကယ်၍ ဖြစ်ကုန်ငြားအံ့။အယံဂါထာ၊ဤဂါထာသည်။အရိယာ၊**အရိယာဂါထာ**မည်၏။

* **ဆဒ္ဒောဒီလ-စသောဂါထာဖြင့် ပြဆိုအပ်သော အဓိပ္ပါယ် ။ ။** ဆဒ္ဒောဒီလ-စသော ဂါထာဖြင့် အရိယာဂါထာအားလုံး၏ ဂိုဏ်း ဂရု လဟု နေဟန်လက္ခဏာကိုငင်း အရိယာဂါထာတည်းဟူသော လက္ခဏာကိုငင်း ပြပါသည်။

* **ဆဒ္ဒောဒီလ လဟုဇော၀ါဖြင့် ပြဆိုအပ်သော အဓိပ္ပါယ် ။ ။** ဆဒ္ဒောဒီလ လဟု ဇော၀ါဖြင့် အရိယာဂါထာ၏ ပဌမမှ၌ ဆဠင်္ဂဂိုဏ်းသည် နှ-ဂိုဏ်း သို့မဟုတ် ဇ-ဂိုဏ်းတစ်ခုခုသာ ဖြစ်ရမည်၊ မ-သ-ဘ-ဂိုဏ်းများ မဖြစ်စေရဟု ပြပါသည်။

* **ဂယုတညေ ဆဠင်္ဂာ-ဖြင့် ပြဆိုအပ်သော အဓိပ္ပါယ် ။ ။** ဂယုတညေ ဆဠင်္ဂာ ဖြင့် ဆဠင်္ဂဂိုဏ်းမှတစ်ပါး ၆-ဂိုဏ်းရှိရမည်ကိုငင်း၊ အဆုံး၌ ဂရုတစ်လုံးရှိရမည်ကိုငင်း ပြသည်

* **နဇော ဝိသမေဖြင့် ပြဆိုအပ်သော အဓိပ္ပါယ် ။ ။** နဇော ဝိသမေဖြင့် ပုဗ္ဗမှ အပရမှ နှစ်ပါးလုံး၏ ပဌမ တတိယ ပဉ္စမ သတ္တမ-ဟူသော ဝိသမဂိုဏ်းဌာနတို့၌ ဇ-ဂိုဏ်း မဖြစ်စေရ၊ မ-သ-ဘ-န-လေးဂိုဏ်းသာ ဖြစ်စေရမည်၊ ဒုတိယ စတုတ္ထ-ဟူသော သမဂိုဏ်းဌာန၌ မ-သ-ဇ-ဘ-န- ငါးဂိုဏ်းဖြစ်နိုင်သည်ဟု ပြသည်။

* **အန္တမေလော ဆဒ္ဒော-ဖြင့် ပြဆိုအပ်သော အဓိပ္ပါယ် ။ ။** အန္တမေလော ဆဒ္ဒော

http://www.dhammadownload.com



ဖြင့် အရိယာဂါထာ၏ အပရဖုဋ္ဌ ဆဋ္ဌဂိုဏ်းသည် လဟုတစ်လုံးသာဖြစ်ရမည်၊ ဂရုမဖြစ်စေရ၊ မ-သ-ဇ-ဘ-န-ဂိုဏ်းများလည်း မဖြစ်စေရဟု ပြသည်။

* **အန္တေဂေါဖြင့် ပြဆိုအပ်သော အဓိပ္ပါယ်** ။ ။ အန္တေဂေါဖြင့် အရိယာဂါထာ၏ အဆုံး၌ ဂရုဖြစ်ရမည်ဟု ပြပါသည်။ (လဟုရှိခဲ့သော် ပါဒန္တဂရု အဖြစ်ဖြင့် ယူရမည်။)

* **ဂဏ္ဌည-ဖြင့် ပြဆိုအပ်သော အဓိပ္ပါယ်** ။ ။ ဂဏ္ဌည-ဖြင့် ဆဋ္ဌလဟု အန္တဂရုမှတစ်ပါး ၆-ဂိုဏ်းရှိရမည်ဟု ပြပါသည်။

* **ဤဂါထာ၏ လက္ခဏာ** ။ ။ (၁) ပုဗ္ဗမု ဆဋ္ဌဌာနဒ္ဒ် နှ-ဂိုဏ်း, ဇဂိုဏ်းတို့တွင် တစ်ဂိုဏ်းဂိုဏ်းရှိခြင်း၊ (၂) ဆဋ္ဌဂိုဏ်းမှတစ်ပါး ခြောက်ဂိုဏ်းရှိခြင်း၊ (၃) ပါဒန္တဂရုနှင့် ယှဉ်ခြင်းအားဖြင့် ပုဗ္ဗမုဒ္ဒ် လက္ခဏာသုံးပါး၊ (၄) အပရဖု ဆဋ္ဌဌာနဒ္ဒ် လဟုရှိခြင်း၊ (၅) အဆုံး၌ ဂရုရှိခြင်း၊ (၆) ဆဋ္ဌလဟု အန္တဂရုမှတစ်ပါး ခြောက်ဂိုဏ်းရှိခြင်းအားဖြင့် အပရဖုဋ္ဌ် လက္ခဏာသုံးပါး၊ (၇) ပုဗ္ဗမု အပရဖု ဝိသမဂိုဏ်းအရာ၌ ဇဂိုဏ်း မရှိခြင်း။

* **အရိယာ-စသော မတ္တာဝုတ္တိလာ ဂါထာမျိုး၌ လေးမတြာ တစ်ဂိုဏ်းဖွဲ့ရခြင်း အကြောင်း** ။ ။ လေးမတြာသည် ဂရု လဟုတို့နှင့် သမဖြစ်၍ ဂိုဏ်းဖွဲ့လောက်သော မတြာသဒ္ဒါတို့တွင် အစဆုံး မတြာသဒ္ဒါဖြစ်သောကြောင့် လေးမတြာကို တစ်ဂိုဏ်းဖွဲ့ရပါသည်။

* **ဂယုတည-၌ အည-အရ** ။ ။ မ,န,မ,သ,မ,ဘ-ဟူသော ၆-ဂိုဏ်းကို ယူရမည်။

* **အညအပါဒါန်-အရ** ။ ။ ဆဋ္ဌဖြစ်သော ဇ-ဂိုဏ်းကို ယူရပါမည်။

**ဂဏ္ဌဆည-၌ အည-အရ** ။ ။ သ,မ,မ,မ,မ,မ-ဟူသော ၆-ဂိုဏ်းကို ယူရပါမည်။

* **အညအပါဒါန်-အရ** ။ ။ ဆဋ္ဌလဟု, ပါဒန္တဂရုတို့ကို ယူရပါမည်။

* **မတ္တာဝုတ္တိဂါထာမျိုးနှင့် ဝဏ္ဏဝုတ္တိဂါထာမျိုးတို့၌ ဂိုဏ်းအသုံးပြုခြင်း တူ/မတူ** ။ ။ မတ္တာဝုတ္တိဂါထာမျိုး၌ ဘ, ဇ,သ, သဗ္ဗဂရု (မ) သဗ္ဗလဟု (နှ) ဂိုဏ်းဟူသော လေးမတြာ ၅-ဂိုဏ်းကို အသုံးပြုသည်၊ လေးမတြာဂိုဏ်းကို မူတည်၍ ဂိုဏ်းဖွဲ့ပါသည်။

ဝဏ္ဏဝုတ္တိဂါထာမျိုး၌ အက္ခရာသုံးလုံးကို တစ်ဂိုဏ်းဖွဲ့ပါသည်၊ မ, နှ, ဘ, ယ, သ, ဇ, ရ, တ-ဟူသော ၈-ဂိုဏ်းကို အသုံးပြုပါသည်။ ထို့ကြောင့် ၎ဘူပါ။

* **မတ္တာဝုတ္တိဂါထာမျိုးနှင့် ဝဏ္ဏဝုတ္တိဂါထာမျိုးတို့၌ ဂိုဏ်းဖွဲ့ပုံစနစ်**

မတ္တာဝုတ္တိဂါထာမျိုး၌ လေးမတြာကို တစ်ဂိုဏ်းဖွဲ့ပါသည်။

ဝဏ္ဏဝုတ္တိဂါထာမျိုး၌ အက္ခရာသုံးလုံးကို တစ်ဂိုဏ်းဖွဲ့သည်။

* **မတ္တာဝုတ္တိဂါထာမျိုး၌ ပြဆိုအပ်သောဂိုဏ်း** ။ ။ ဘ, ဇ, သ, မ, နှ-ဂိုဏ်းတို့ ဖြစ်ပါသည်။

* မတ္တာဝုတ္တိဂါထာမျိုး၌ **(က) ယေဘုယျ ရနိုင်သောဂိုဏ်း** ။ ဘ, ဇ, သ, သဗ္ဗလဟု

http://www.dhammadownload.com



သဗ္ဗဂရုအားဖြင့် ၅-ဂိုဏ်းဖြစ်ပါသည်။

(ခ) အပွက ရနိုင်သောဂိုဏ်း ။ ရ-ဂိုဏ်း, ယ-ဂိုဏ်းအားဖြင့် ၂-ဂိုဏ်းဖြစ်ပါသည်။

(ဂ) အနဝသေသ ရနိုင်သောဂိုဏ်း ။ အထက်ပါ ၇-ဂိုဏ်း ဖြစ်ပါသည်။

*** အရိယာ-စသော မတ္ထာဝုတ္ထိဂါထာမျိုး၌ မရနိုင်သော ဆန်းဂိုဏ်း**

ယ-ဂိုဏ်း, ရ-ဂိုဏ်း, တဂိုဏ်းတို့ ဖြစ်ပါသည်။ (အထောက်) ဂါထာ-၆ ကိုထောက်။

*** ယတိမရှိသော အရိယာသာမညဂါထာ၌ ဆဋ္ဌမ္ပတ္တြင်းသော သမဌာန၊ ဝိသမ ဌာနတို့၌ ရှိသင့်သောဂိုဏ်းများ ။ ။** သမဌာန-၌ မ-သ-ဇ-ဘ-န-ဂိုဏ်း။

ဝိသမဌာန-၌ မ-သ-ဘ-န-ဂိုဏ်းတို့ ဖြစ်ပါသည်။

*** ဤဂါထာ၌ ရှိသော မတြာအရေအတွက် ။ ။** ပုဗ္ဗမုခ်၌ ၄-မတြာပြည့် ၇-ဂိုဏ်းနှင့် ပါဒန္တဂရုတို့ ရှိသောကြောင့် မတြာ (၃၀)။ အပရမုခ်၌ ၄-မတြာပြည့် ၆-ဂိုဏ်းနှင့် ဆဋ္ဌလဟု အန္တဂရုတို့ ရှိသောကြောင့် မတြာ (၂၇) ပေါင်း (၅၇) မတြာ ဖြစ်ပါသည်။

*** ဂဏနိယမ အရိယာဂါထာနှင့် မတြာညီမျှသော ဂါထာ ။ ။** ဥဂ္ဂိတိဂါထာ။

## ယတိနိယမ (အရိယာမျိုးအားလုံးနှင့် သက်ဆိုင်သော ယတိပြတ်ပုံပြ)

### ယတိရှိသော အရိယာဂါထာ

### အရိယာ (၉) မျိုးနှင့်ဆက်ဆံသော ယတိမှတ်ပုံ

**၁၈။ ပဌမမေ့ ဆဋ္ဌော စေ၊သဗ္ဗလ ဟေတ္ထာ ဒီလဟုနိ ဘဝတိ ယတိ။**
**တပ္ပရကော နွေပိ သစေ၊စရိမေပိ ဘဝတိ စတုတ္ထော နွေ။**

**၁၈။** ယသဂါထာယ၊အကြင်ဂါထာအား။ပဌမမေ့၊ရှေးထက်ဝက်၌။ဆဋ္ဌော၊ခြောက်ခု တို့၏ပြည့်ကြောင်းဖြစ်သောဂိုဏ်းသည်။သဗ္ဗလဟု၊အလုံးစုံလဟုရှိသောနဂိုဏ်းသည်။စေဘဝတိ၊အကယ်၍ဖြစ်ငြားအံ့။စတုတ္ထ၊ဤဆဋ္ဌဂိုဏ်း၌။အာဒီလဟုနိ၊အစလဟု၌။ယတိ၊ယတိ သည်။ ဘဝတိ၊ဖြစ်၏။သ-သော၊ထိုဆဋ္ဌဂိုဏ်းသည်။တပ္ပရကော၊ထိုနဂိုဏ်းနောက်ရှိသည်။စေဘဝတိ၊ အကယ်၍ဖြစ်ငြားအံ့။အန္တေပိ၊ဆဋ္ဌဂိုဏ်း၏အဆုံး၌လည်း။ယတိ၊ယတိသည်။ဘဝတိ၊ဖြစ်၏။ စရိမေပိ၊နောက်ထက်ဝက်၌လည်း။စတုတ္ထော၊လေးခုတို့၏ပြည့် ကြောင်းဖြစ်သောဂိုဏ်း သည်။တပ္ပရကော၊ထိုနဂိုဏ်းနောက်ရှိသည်။စေဘဝတိ၊အကယ်၍ ဖြစ်ငြားအံ့။အန္တေ၊ စတုတ္ထ ဂိုဏ်း၏အဆုံး၌။ယတိ၊ယတိသည်။ဘဝတိ၊ဖြစ်၏။အယံ ဂါထာ၊ဤဂါထာသည်။အရိယာ၊ အရိယာဂါထာမည်၏။

*** ပဌမမေ့ ဆဋ္ဌော စေ၊သဗ္ဗလ တေတ္ထာ ဒီလဟုနိ ဘဝတိ ယတိ-**ဖြင့် ပြဆိုအပ် **သော အဓိပ္ပါယ် ။ ။ ပဌမမေ့ ဆဋ္ဌော စေ၊သဗ္ဗလ ဟေတ္ထာ ဒီလဟုနိ ဘဝတိ ယတိ-**

http://www.dhammadownload.com



ဖြင့် အရိယာဂါထာ၏ ပုဗ္ဗမု ဆဋ္ဌဂိုဏ်းဌာနဌ် ဇ-ဂိုဏ်း နှ-ဂိုဏ်း နှစ်မျိုးဖြစ်နိုင်သည်၊ ထို တွင် နှ-ဂိုဏ်းဖြစ်အံ့- ဆဋ္ဌဂိုဏ်း၏ အစလဟုဌ် ယတိဖြတ်ရမည်ဟု ပြပါသည်။

* **တပ္ပရကော ဿေပိ သစေ-ဖြင့် ပြဆိုအပ်သော အဓိပ္ပါယ် ။ ။** တပ္ပရကော ဿေပိ သစေ-ဖြင့် သတ္တမဂိုဏ်းနေရာဌ် မ-သ-ဘ-နှ- လေးဂိုဏ်းဖြစ်နိုင်သည်တွင် နှ-ဂိုဏ်း ဖြစ်အံ့- ဆဋ္ဌဂိုဏ်း၏အဆုံးဌ် ယတိဖြတ်ရမည်ဟု ပြပါသည်။

* **ပဌမမေ့ ဆဋ္ဌော စေ၊သပ္ပလ ဟေတ္ထာ ဒီလဟုနိ ဘဝတိ ယတိ။တပ္ပရကော ဿေပိ သစေ- ဖြင့် ပြဆိုအပ်သော အဓိပ္ပါယ် ။ ။** အရိယာဂါထာ၏ ပုဗ္ဗမုဌ် (၁) ဆဋ္ဌ ဂိုဏ်း သတ္တမဂိုဏ်း နှစ်ဂိုဏ်းလုံး နှ-ဂိုဏ်းဖြစ်အံ့- ဆဋ္ဌဂိုဏ်း၏အစဌ် ယတိတစ်ချက်၊ ဆဋ္ဌဂိုဏ်း၏အဆုံးဌ် ယတိတစ်ချက် ပေါင်း ယတိနှစ်ချက်ဖြတ်ရမည်၊ (၂) ဆဋ္ဌဂိုဏ်းသာ နှ-ဂိုဏ်းဖြစ်၍ သတ္တမဂိုဏ်းသည် နှ-ဂိုဏ်းမဖြစ်ခဲ့သော် ဆဋ္ဌဂိုဏ်း၏ အစလဟုဌ်သာ ယတိ ဖြတ်ရမည်။ (၃) သတ္တမဂိုဏ်းသာ နှ-ဂိုဏ်းဖြစ်၍ ဆဋ္ဌဂိုဏ်းသည် နှ-ဂိုဏ်းမဖြစ်ခဲ့ သော် ဆဋ္ဌဂိုဏ်း၏အဆုံးဌ်သာ ယတိဖြတ်ရမည်ဟု ပြသည်။

* **စရိမေပိ ဘဝတိ စတုတ္ထော နွေ-ဖြင့် ပြဆိုအပ်သော အဓိပ္ပါယ် ။ ။** အရိယာဂါထာ၏ အပရဌ္ဌ ပဌမဂိုဏ်းနေရာဌ် မ-သ-ဘ-နှ လေးဂိုဏ်းဖြစ်နိုင်သည်တွင် နှ-ဂိုဏ်း ဖြစ်အံ့- စတုတ္ထဂိုဏ်း၏အဆုံးဌ် ယတိဖြတ်ရမည်ဟု ပြပါသည်။

* **ပဌမမေ့-စသော ဂါထာ၏ လက္ခဏာ ။ ။** ၁။ ပုဗ္ဗဌ္ဌ် နှ-ဂိုဏ်းရှိသည်ဖြစ်အံ့၊ ဆဋ္ဌဂိုဏ်း၏ အစလဟုဌ် ယတိပြတ်ခြင်း၊ ၂။ ထိုဆဋ္ဌဂိုဏ်းနောင် နှ-ဂိုဏ်းနှောင်းသည် ဖြစ်အံ့၊ ဆဋ္ဌဂိုဏ်းအဆုံးဌ် ယတိပြတ်ခြင်း၊ ၃။ အပရဌ္ဌ် စတုတ္ထဂိုဏ်းနောင် နှ-ဂိုဏ်း နှောင်းသည်ဖြစ်အံ့၊ စတုတ္ထဂိုဏ်းအဆုံးဌ် ယတိပြတ်ခြင်းတို့ ဖြစ်ပါသည်။

(တနည်း) ပုဗ္ဗမုဌ် ၁။ ဆဋ္ဌဂိုဏ်းသည် သပ္ပလဟု နှ-ဂိုဏ်း (သို့မဟုတ်) ဇ-ဂိုဏ်း ဖြစ်ရခြင်း၊ ၂။ အဆုံးဌ် ဂရုတစ်လုံးရှိရခြင်း၊ ၃။ အခြား ၆-ဂိုဏ်းရှိရခြင်း၊ ၄။ ဝိသမဂိုဏ်း ဌာနဌ် ဇ-ဂိုဏ်းမရှိရခြင်း၊ ၅။ ဆဋ္ဌဂိုဏ်းသည် သပ္ပလဟု နှ-ဂိုဏ်းဖြစ်အံ့- ဆဋ္ဌဂိုဏ်း၏ အစ.လဟုဌ် ယတိပြတ်ခြင်း၊ ၆။ သတ္တမဂိုဏ်းသည် သပ္ပလဟု နှ-ဂိုဏ်းဖြစ်အံ့- ဆဋ္ဌဂိုဏ်း အဆုံးဌ် ယတိပြတ်ရခြင်း၊ အပရဏ္ဍ-ဌ် ၁။ ဆဋ္ဌဂိုဏ်းသည် လဟုဝ-လုံးဖြစ်ရခြင်း၊ ၂။ အဆုံးဌ် ဂရု ၁-လုံးရှိရခြင်း၊ ၃။ အခြား ၆-ဂိုဏ်းရှိရခြင်း၊ ၄။ ဝိသမဂိုဏ်းဌာနဌ် ဇ-ဂိုဏ်း မရှိရခြင်း၊ ၅။ ပဌမဂိုဏ်းသည် သပ္ပလဟု နှ-ဂိုဏ်းဖြစ်အံ့- စတုတ္ထဂိုဏ်းအဆုံးဌ် ယတိ ပြတ်ရခြင်းတို့ ဖြစ်ပါသည်။

* **ဤဂါထာဌ် ယတိပြတ်သော အကျရာများ ။ ။** ပုဗ္ဗမုဌ် ဒိနှင့် နိ၊ အပရဏ္ဍဌ် မေ တို့ ဖြစ်ပါသည်။

* **လဟု ၃-ချက်ဖြင့် ဖွဲ့ဆိုသော် ဂါထာ ။** ယတိနိယမ အရိယာ ဂါထာ ဖြစ်သည်။

http://www.dhammadownload.com



*** ယတိမရှိ-မရှိသော အရိယာသာမညဂါထာ ၂-ခု၏ တူပုံ/ထူးပုံ**

